www.burmeseclassic.com

ဘဏ်ဝင်းစာပေ

# မင်းသိခ

## ဆားပုလင်းနှင်းမောင်နှင့် မိုးပေါ်မှာကြယ်တစ်လုံး



BURMESE CLASSIC

www.burmeseclassic.com


www.burmeseclassic.com

# မင်းသိင်္ခ

# သားပုပင်းနှင်းမောင်

နှင့်

# မိုးပေါ်မှ ကြယ်တစ်လုံး




BURMESE CLASSIC

ပြည်လုံးကျွတ် ဖြန့်ချိရေး

ဘဏ်ဝင်းစာပေ
အမှတ် ၂၇၊ သဝိတာလမ်း
ကျောက်မြောင်း။
ဖုန်း- ၅၄၃၀၀၈

www.burmeseclassic.com

www.burmeseclassic.com



၂။

စာမူခွင့်ပြုချက်အမှတ် (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၇)

၂၀၀၄

အုပ်ရေ

၁၀၀၀-အုပ်

တန်ဖိုး

သုံးဆယ်ကျပ်တစ်

မျက်နှာဖုံးပန်းချီ

ကောင်းစံ

စီစဉ်သူ

မဌေးဌေးမော်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ

ဒေါ်ရွှေရွှေမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇ (က)၊ သုခဝတီလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ
ဦးစိုးမြင့် (၀၅၆၃၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၅၃)၊ ၁၁၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## မှန်အိမ်နီသရဲ

တစ်နေ့သ၌ "တဲဝိုင်းကြီး" ဟု ဆိုသည့် မီးရထားဘူတာရုံတွင် ရှုပိုင်ကြီးသည် တစ်ယောက်တည်း မြည်တွန်တောက်တီးလျက် အလုပ်ရှုပ်နေလေ၏။

" ဒီ ဘူတာရုံရင်လဲ မီးလောင်မှ၊ ဒီဘူတာက အလံချိုး တေိုးဆိုတဲ့ အကောင် ရင်လဲ ရထားအကြိတ်ခံပြီး သေမှ၊ ဒါမှမဟုတ် ငါရင်လဲ အိုင်ယာလန် ထီပေါက်မှ အေးမှာပါ" ဟု ပြောဆိုရင်း ရှုပိုင်ကြီးသည် မီးရထားကို အချက်ပြသော မှန်အိမ်အနီ ကြီးကို ရေနံဆီထည့်၍နေလေ၏။

ထိုသို့ရေနံဆီထည့်၍ နေစဉ်၌ပင် လူတစ်ယောက်သည် လက်မှတ်ဝယ်သော အပေါက်မှ ရှုပိုင်ကြီးအား ငုံ့ကြည့်ပြီးလျှင် . . .

"ရှုပိုင်ကြီး အကြွေတစ်ကျပ်ဖိုးပေးစမ်းပါ" ဟု လှမ်း၍အော်လိုက်လေ၏။

"ဟေ့ကောင်၊ ငါ ဒီမှာလာနေတာ မင်းတို့ကို အကြွေအမ်းပေးဖို့လာနေတာ မဟုတ်ဘူးကွ၊ ရထားလက်မှတ်ဝယ်ရင်တော့ အကြွေမပါရင် အမ်းပေးရမှာပေါ့ကွာ၊ မင်းတို့ရွာထဲမှာ ကျပ်ပြားမသုံးနိုင်တိုင်း အကြွေလာလဲတာကိုတော့ လဲမပေးနိုင်ဘူး" ဟု ရှုပိုင်ကြီးက ပြန်၍ အော်ငေါက်လိုက်လေ၏။

" မလုပ်ပါနဲ့ ရှုပိုင်ကြီးရယ်၊ တဲအံပြန် ဟင်းချက်စရာကလေး ဝယ်သွားချင်လို့ပါ၊ ဈေးဆိုင်မှာကလဲ ကျပ်ပြားမအမ်းနိုင်ဘူးဗျ" ဟု အကြွေလာ၍အမ်းသူက တောင်းပန်



www.burmeseclassic.com

 www.burmeseclassic.com

လိုက်ရာ ရှုပိုင်ကြီးသည် မှန်အိမ်နှင့်ရေနံဆီပုလင်းကို ချထားခဲ့ပြီးနောက် လက်မှတ်ရောင်းသော အပေါက်ဆီသို့ ထော့နင်းထော့နင်းဖြင့် လျှောက်သွားပြီးလျှင် ထိုသူ့ထံမှ ငွေဒင်္ဂါးတစ်ပြားကိုယူ၍ အကြွေအမ်းပေးလိုက်လေ၏။ အကြွေလာရောက်အမ်းသူလည်း ၎င်းအလိုရှိသည်ကို ရရှိသွားသဖြင့် ကျေနပ်သွားလေ၏။ ထို့ကြောင့် အကြွေများကို အိတ်ထဲသို့ထည့်ရင်း . . .

"ဒီမှာရှုပိုင်ကြီး၊ ဟောဒီမတ်စေ့လေးကို ပြန်လဲပေးပါဦး' ဟုပြောလိုက်လေ၏။

"ဘာဖြစ်လို့တုံးကွ" ဟု ရှုပိုင်ကြီးက ပြန်၍မေးလိုက်လေ၏။

"ဒီမတ်စေ့က ခေါင်းတစ်ဘက် ပန်းတစ်ဘက် ဖြစ်နေတယ်ဗျ" ဟု ဆိုကာ အကြွေအမ်းသူသည် မတ်စေ့တစ်စေ့ကို ရှုပိုင်ကြီးရှိရာသို့ အပေါက်မှနေ၍ တွန်းပေးလိုက်လေ၏။ ရှုပိုင်ကြီးလည်း 'မှန်းစမ်း' ဟုဆိုကာ မတ်စေ့ကိုကောက်ယူကြည့်ရှုလေ၏။ ဟိုဘက် ဒီဘက် လှည့်၍ကြည့်ရှုပြီးနောက် . . .

"နင့်အမေကလွှား၊ ပိုက်ဆံဟာ ခေါင်းတစ်ဘက် ပန်းတစ်ဘက်ချည်းပဲပေါ့ကွ" ဟု ဆိုကာ ထိုသူ၏မတ်စေ့ကို လက်မှတ်ရောင်းသောအပေါက်မှ လွှင့်ပစ်လိုက်လေ၏။

မတ်စေ့ကလေးသည် 'ချွင်' ခနဲ မြည်ကာ သံတလင်းပေါ်တွင် လိမ့်၍သွားလေ၏။ ပိုက်ဆံအကြွေအမ်းသူသည် သူ၏မတ်စေ့လေးကို ပြေး၍ကောက်ရင်း 'တဟားဟား' ရယ်မောလေ၏။

ထို့နောက် ,ထွက်ခွာသွားလေတော့၏။ ရှုပိုင်ကြီးသည် ရေနံဆီပုလင်းနှင့် မှန်အိမ်ဆီသို့ တရွေ့ရွေ့ထော့နင်းထော့နင့်ဖြင့် ပြန်၍လျှောက်လာရင်း . . .

"ဘယ်လိုကောင်စားမျိုးတွေမှန်း မသိပါဘူး၊ အလုပ်များပြီဆိုရင် အကြွေလာအမ်းကြပြီ။ ပြီးတော့လဲ နောက်တီးနောက်တောက်နဲ့၊ ဒီရွာက ကောင်တွေရင်လဲ ထောင်ကျမှ၊ ဒီဘူတာရုံရင်လဲမီးလောင်မှ၊ ငါရင်လဲရွှေထုပ်ကြီးကိုကောက်ရမှ ဒီဒုက္ခက အေးမှပဲ" ဟု ရေရွတ်လိုက်လေ၏။

ရှုပိုင်ကြီးသည် ထိုသို့ရေရွတ်ပြီးနောက် မှန်အိမ်ကို ရေနံဆီထည့်နေလေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် လက်မှတ်ရောင်းသော အပေါက်သို့ ရောက်ရှိလာပြီးလျှင် . . .

"ရှုပိုင်ကြီး" ဟု ကျယ်လောင်စွာ ခေါ်လိုက်လေ၏။

"ဘာတုံး" ဟု ရှုပိုင်ကြီးက ပြန်၍မေးလေ၏။

"ဘယ်နှနာရီ ထိုးပြီလဲဗျ" ဟု ထိုသူက မေးလေ၏။


www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့ ရွာတစ်ရွာလုံးမှာ နာရီကလေးတစ်လုံးတောင်မှမရှိတာ အံ့ပါရဲ့ကွာ၊ တစ်ရွာလုံးက ငါ့ဆီမှာပဲ နာရီလာလာမေးကြတယ်၊ နာရီမရှိတာလဲ ငါက အပြစ်မတင်ပါဘူး။ မင်းတို့က နာရီလာပြီး မေးရအောင် နာရီနဲ့ကိုက်ပြီး လုပ်ရတဲ့အလုပ်များ မင်းတို့မှာ ရှိလို့လားကွာ၊ ခက်တယ်၊ သိပ်ကိုခက်တယ်" ဟု ရုံပိုင်ကြီးက ညည်းညူလိုက်လေ၏။

"ပြောစမ်းပါ ရုံပိုင်ကြီးရယ်၊ ခင်ဗျားနာရီကြီးရဲ့ နံပါတ်တွေကလဲ ဘုန်းကြီးကျောင်းက ကနုတ်တွေလို တုတ်ချောင်းတွေနဲ့ဆိုတော့ ကျုပ်မကြည့်တတ်လို့ပါဗျ" ဟု နာရီမေးသူက ဆိုလေ၏။

"ခွေးမျိုး၊ ကနုတ်လို တုတ်ချောင်းတွေမဟုတ်ဘူးကွ။ ရောမဂဏန်းခေါ်တယ်၊ ခြောက်နာရီခွဲပြီ၊ သွားတော့၊ တစ်ရွာလုံးကိုပြောလိုက်၊ နောက်ထပ်လာပြီး မေးနေကြဦးမယ်" ဟု ရုံပိုင်ကြီးက ပြောလေ၏။

"ခြောက်နာရီခွဲပြီဆိုတော့ ဒီတစ်ခါလာမှာ စာပို့ရထားကြီးပေါ့နော်" ဟု နာရီမေးသူက အထွန့်တက်လိုက်လေ၏။

"ဟေ့ကောင် ခြောက်နာရီခွဲတာဟာ ခြောက်နာရီခွဲတာပဲ၊ စာပို့ရထားကြီးနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒီရထားကြီးလာမှာမို့ ခြောက်နာရီခွဲတာမဟုတ်ဘူး၊ သွားတော့ကွာ၊ မင်းတို့ရွာက သူကြီးကိုပြောလိုက်၊ ရွာထဲမှာပိုက်ဆံလိုက်စုပြီး နာရီတစ်လုံး ဝယ်ပါလို့" ဟု ရုံပိုင်ကြီးက ပြောလိုက်လေ၏။

"အခု လာပြီးမေးတာလဲ သူကြီးကမေးခိုင်းလို့ လာပြီးမေးတာဗျ" ဟု ထိုသူက ပြောလေ၏။

"အင်း . . . သူကြီးကလဲ မယားငယ်တော့ ထပ်ပြီးယူနိုင်တယ်၊ စားပွဲတင်နာရီကလေးတစ်လုံးတော့ မဝယ်နိုင်ဘူးလားကွာ၊ ခက်ပါတယ်၊ မင်းတို့ရွာရင်လဲ မီးလောင်မှ ငါ့တိုင်ကပ်နာရီကြီးရင်လဲ သံပတ်ပြတ်မှ၊ ငါရင်လဲ စိန်ထုပ်ကြီးကို ခလုတ်တိုက်မိမှ ဒီဒုက္ခက ဧအေးမှာပဲ" ဟု ရုံပိုင်ကြီးက ညည်းတွားလိုက်ပြီးလျှင် မှန်အိမ်ကို မီးညှိလိုက်လေ၏။ နာရီမေးသူလည်း ရုံပိုင်ကြီးအား . . .

" သွားမယ် ကတ်သတ်ကြီးရေ" ဟု နောက်ပြောင်ကာ ထွက်သွားလေတော့၏။

ထိုအချိန်၌မှာပင် မိုးသည်တဖွဲဖွဲရွာချလေတော့၏။ အမှောင်ထုသည်လည်း သွမ်းလျက်ရှိပြီဖြစ်၏။ ရုံပိုင်ကြီးသည် မှန်အိမ်မီးစာကို မြှင့်လိုက်သဖြင့် ၎င်း၏


www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်နီကလေးသည် ပို၍ လင်းသွားလေ၏။ ရုံပိုင်ကြီးသည် မှန်အိမ်နီကလေးကို စားပွဲပေါ်တင်ရန်အတွက် ကိုင်းမှ ကိုင်လိုက်လေ၏။

ထိုအချိန်မှာပင် ဓာတ်စုံတစ်ယောက်သည် ၎င်း၏အခန်းတွင်းသို့ ဝင်၍လာရင်း "ရုံပိုင်ကြီး" ဟု ခေါ်လိုက်လေ၏။

"လာပြန်ပြီတစ်ယောက်၊ အကြွေအမ်းဖို့လား၊ နာရီမေးဖို့လား၊ ခဏနေဦး၊ ဒီမှန်အိမ်က လမ်းမှာချိတ်ဖို့ ထွန်းတာ၊ ငါ့အခန်းမှာထွန်းဖို့ ရိုးရိုးမှန်အိမ်ကို ရေနံဆီ ထည့်ရဦးမယ်၊ အဲဒီအလုပ်ပြီးမှပဲ မင်းကိစ္စကိုစဉ်းစားမယ်"ဟု ရုံပိုင်ကြီးက ထိုသူအား မကြည့်ဘဲ ပြောလိုက်လေ၏။

"ဒီမှာ ရုံပိုင်ကြီး၊ ကျုပ် မစောင့်နိုင်ဘူးဗျ" ဟု ထိုသူက ပြောလိုက်ပြန်လေ၏။

"မစောင့်နိုင်ရင် ပြန်ပေါ့ငါ့လူရာ၊ ငါက မင်းတို့အလုပ်ကို လုပ်ပေးရအောင် မင်းတို့က ငါ့တို့လခပေးထားတာမဟုတ်ဘူး၊ တောသားတွေ အတော့်ကိုလူဝါးဝပါလား၊ မင်းတို့ရင်လဲသေမှ ဒီဘူတာရုံလဲ မီးလောင်မှ၊ ဒါမှမဟုတ်ရင် ငါရင်လဲ ရတနာပုံဆိုက်မှ ဒီဒုက္ခက ငြိမ်းမယ်ထင်တယ်ဟေ့" ဟု ရုံပိုင်ကြီးက ညည်းညူလိုက်လေ၏။ ထိုအခါ အပြင်မှ ဝင်လာသူက . . .

"စိတ်ချပါရုံပိုင်ကြီးရယ်၊ ဟောဒီဘူတာရုံကြီးလဲမီးလောင်ရပါစေမယ်၊ ခင်ဗျားလဲ သေရပါစေမယ်၊ ကျုပ်လဲ ရတနာပုံဆိုက်ရပါစေမယ်၊ ဟားဟား ဒီမှာကြည့်စမ်းပါဦး" ဟုပြောလိုက်သဖြင့် ရုံပိုင်ကြီးလည်း ထိုသူကို လှမ်း၍ကြည့်လိုက်ရာ မျက်နှာတစ်ခြမ်းကို အဝတ်စည်းလျက် သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ မိမိအား သေနတ်ဖြင့် ချိန်ထားသော လူတစ်ယောက်ကို တွေ့ရလေတော့၏။

"ဒါက ဘာလဲ" ဟု ရုံပိုင်ကြီးက မေးလိုက်လေ၏။

"ဓားပြလေဗျာ၊ ပေးစမ်းပါ မီးခံသေတ္တာသော့" ဟု ဓားပြက ပြောလေ၏။

ရုံပိုင်ကြီးသည် ခါးကြားတွင်ချိတ်ထားသော မီးခံသေတ္တာသော့တွဲကို ဖြုတ်၍ ရှေ့သို့တိုး၍လာလေ၏။

"ရှေ့မတိုးပါနဲ့၊ ရုံပိုင်ကြီးရဲ့ခြေထောက်တစ်ဘက်ကလဲမကောင်းဘူး မဟုတ် လား၊ အားနာစရာကြီးဗျာ၊ အဲဒီကပဲ ပစ်ပေးလိုက်ပါ" ဟု ဓားပြက ပြောလျှင် ရုံပိုင်ကြီးလည်း သော့တွဲကို ပစ်ပေးလိုက်လေ၏။ ထို့နောက် မီးခံသေတ္တာသော့ပေါက် အတွင်း သော့ကို ထိုးသွင်း၍ "ချောက်" ခနဲ လှည့်လိုက်ပြီးလျှင် မီးခံသေတ္တာ

www.burmeseclassic.com

ဆွဲ၍ဖွင့်လိုက်လေတော့၏။ ဓားပြသည် မီးခံသေတ္တာကို ဆွဲ၍ဖွင့်လိုက်လေတော့၏။ ဓားပြသည် မီးခံသေတ္တာအတွင်းသို့ လှမ်း၍ကြည့်ပြီးနောက် ဦးခေါင်းကို အသာအယာ ခါလိုက်လေ၏။ ထိုအခါ ရှုပိုင်ကြီးက . . .

"ဓားပြကြီးရယ်၊ ခုနစ်ရက်လုံးလုံး လက်မှတ်ရောင်းရတာ ဆယ့်နှစ်ကျပ်ခွဲပဲ ရတယ်ဗျာ၊ ဒီကြားထဲ ခင်ဗျားက မျက်နှာအဝတ်ကြီးစည်း၊ ဦးထုပ်ကြီးဆောင်းပြီး ကျပ်ကိုဓားပြလာပြီးတိုက်ရသေးတယ်၊ အားနာလိုက်တာဓားပြကြီးရယ်၊ ဆယ့်နှစ်ကျပ်ခွဲတန် ဓားပြဖြစ်သွားရတာကို စိတ်မကောင်းပါဘူး" ဟု ပြောလိုက်လေ၏။

ဓားပြသည် ရှုပိုင်ကြီးအား တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ဦးထုပ်ကို ချွတ်လိုက်လေ၏။ မျက်နှာတွင်စည်းထားသောအဝတ်ကို ဖြုတ်လိုက်လေ၏။ ထို့နောက် မီးခံသေတ္တာအတွင်းမှ ငါးကျပ်တန်တစ်ရွက်ကို ဆွဲယူလိုက်လေ၏။ ပြီးလျှင် အိတ်တွင်ပါသော ဆေးရွက်ကြီးအမှုန့်ဘူးကိုထုတ်ကာ ငါးကျပ်တန်ပေါ်၌ အရှည်လိုက်ကလေး ဖြူး၍ လက်တစ်ဘက်နှင့် ကျွမ်းကျင်စွာ လိပ်လိုက်ရာ "ပွတ်ချွန်း" ဟု ခေါ်သည့် စက္ကူဆေးလိပ်ကလေးတစ်လိပ် ဖြစ်၍သွားလေ၏။ ဓားပြသည် ပွတ်ချွန်းဆေးလိပ် ကလေးအား နှုတ်ခမ်း၌ တေ့၍ထားလိုက်လေ၏။

ထို့နောက် ကျပ်တန်တစ်ရွက်ကိုယူ၍ အရှည်လိုက်ခေါက်ပြန်လေ၏။ ပြီးလျှင် မှန်အိမ်ကိုဆွဲယူကာ မှန်အိမ်ပြောင်းတင်သောခလုတ်ကို လက်ဖြင့်ဖိလိုက်ရာ မှန်အိမ်ပြောင်းသည် အပေါ်သို့ကြွ၍သွားလေ၏။ ထိုအခါ၌ ကျပ်တန်နှင့် မီးတို့လိုက်လေ၏။ မီးစွဲလျှင် ပွတ်ချွန်းဆေးလိပ်ကို မီးတို့လေ၏။ ထို့နောက် အနည်းငယ် ရှိုက်ဖွာပြီးလျှင် မီးခိုးများကို မျက်နှာကြက်ဆီကိုဆွဲယူပြီး စာအုပ်ကြီးတစ်အုပ်ကို လှန်လိုက်လေ၏။ ထို စာအုပ်ကြီး၌ကား လက်မှတ်များရောင်းချထားသောစာရင်းများ ပါလေ၏။ ဓားပြသည် စာရွက်များကို တစ်ရွက်ပြီး တစ်ရွက်လှန်၍ ငွေစာရင်းကို ကျွမ်းကျင်စွာ ပေါင်း၍ ကြည့်နေ၏။ ထိုသို့ပေါင်းရင်း တစ်နေရာသို့အရောက်၌ အပေါင်းမှားသဖြင့် ငွေနှစ်ပြား ကွာ၍နေကြောင်းတွေ့လျှင် အနီးရှိ နီပြာခဲတံကြီးကိုယူ၍ ထိုဂဏန်းကို ဝိုင်းလိုက်ရင်း ရှုပိုင်ကြီးဘက်သို့လှည့်ကာ . . .

"အောက်တိုဘာလ လက်ကျန်စာရင်း ပေါင်းထားတာ မှားနေတယ်၊ ငွေနှစ်ပြား ကွာနေတယ်" ဟု ပြောလိုက်လေ၏။

"ကျေးဇူးပါပဲ ဓားပြကြီးရယ်၊ မကြာမကြာလာပြီး စာရင်းစစ်ပေးစမ်းပါဗျာ" ဟု ရှုပိုင်ကြီးက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

မားပြသည် စာရင်းစာအုပ်ကို ဆက်၍စစ်ဆေးရင်း . . .

"ခင်ဗျားဘူတာ အရောင်းကျနေတာ ငါးလရှိပြီပဲ၊ အဲဒါဘာဖြစ်လို့လဲ' ဟု မားပြကြီးက မေးလိုက်လေ၏။

"ဒီလိုပါ မားပြကြီးရယ်၊ ရွာထဲက ငပွားတို့လူစုက မော်တော်ကားအစုတ်ကလေး တစ်စင်းစုဝယ်ပြီး ဘတ်စ်ကားပြေးကြတယ်လေဗျာ၊ အဲဒါကြောင့် အရောင်းကျတာပါ" ဟု အထက်အရာရှိကို အစီအရင်ခံသည့် လေသံမျိုးဖြင့် ရှုပိုင်ကြီးကပြောလိုက်လေ၏။

ထိုအချိန်မှာပင် စားပွဲပေါ်မှ ကြေးနန်းအချက်ပြ ခလုတ်ကလေးသည် တဒေါက်ဒေါက်မြည်၍လာလေ၏။ ထို့ကြောင့် ရှုပိုင်ကြီးက -

" ဟိုဘက်ဘူတာက လှမ်းပြီးဆက်သွယ်နေပြီ" ဟု ပြောလိုက်ရာ မားပြသည် ထိုခလုတ်ကလေးပေါ်၌ လက်ကိုတင်၍ ကြေးနန်းပြန်၍ ရိုက်လိုက်လေတော့၏။ ရှုပိုင်ကြီးသည် မားပြကို သဘောကျ၍သွားလေတော့၏။

"ကျုပ်နေရာမှာ အလုပ်ဝင်ပါဗျာ၊ ခင်ဗျား အကုန်တတ်တာပဲ၊ ကျုပ်အလုပ်ထွက်ပေးပါ့မယ်" ဟု ပြောလိုက်လေ၏။

"ကျုပ်က အနည်းဆုံး မင်းကြီးနေရာလောက်မရရင် ဘယ်အလုပ်မျိုးမှ မလုပ်နိုင်ဘူးဗျ" ဟု မားပြက ပြန်ပြောလိုက်လေ၏။

"မားပြကြီးရယ်၊ စာပို့ရထားလာတော့မယ်၊ အလံချိုးမယ့်ငတိုးဆိုတဲ့ကောင်လဲ မရှိဘူး၊ ကျုပ်ပဲသွားပြီး အလံချိုးရမယ်ဟု ရှုပိုင်ကြီးက ပြောလိုက်ရာ မားပြက -

"ကျုပ်ချိုးခဲ့ပြီးပါပြီ၊ မပူပါနဲ့ ရှုပိုင်ကြီး" ဟု ပြောဆိုကာ စာရင်းစာအုပ်ကို ဆက်လက်၍ ကြည့်နေလေ၏။ ထိုအချိန်၌ပင် စာပို့ရထားကြီးသည် ဘူတာရှေ့မှ ပြင်းထန်စွာ ခုတ်မောင်းသွား၏။ မိုးမှာလည်း ကောင်းစွာစိတ်၍သွားပြီဖြစ်၏။

"နေစမ်းပါဦး မားပြကြီး၊ ဘာများအလိုရှိပါသေးသလဲ" ဟု ရှုပိုင်ကြီးက မေးလိုက်လေ၏။

မားပြသည် ပွတ်ချွန်းဆေးလိပ်ကို အခန်းထောင့်ဆီသို့လွှင့်ပစ်လိုက်ပြီးနောက် အိတ်ကတ်အတွင်းမှ မာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


"ဟောဒီ ဓာတ်ပုံထဲကလူကို သိတယ်မဟုတ်လား" ဟု မေးလိုက်လေ၏။

ရှုပိုင်ကြီးလည်း ဓာတ်ပုံကိုငုံ့၍ကြည့်လိုက်ပြီးလျှင် ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်ပြီး . . .

"ကျုပ်တစ်သက်မှာ တစ်ခါမှ မတွေ့ဘူးတဲ့လူကို လာပြတာပဲ " ဟု ပြောလိုက်လေသတည်း။

* * *

စာပို့ရထားကြီး ဖြတ်သွားပြီး မကြာမီ၌ပင် ဘူတာရုံကလေးအတွင်းမှ သေနတ်သံများ ကြားရပြီးလျှင် ဘူတာရုံကလေး တစ်ခုလုံး မီးလောင်သွားလေတော့၏။ ရွာသူရွာသားများက လာရောက်ငြိမ်းသတ်သော်လည်း မမီလိုက်တော့ပေ။

ဘူတာအတွင်း၌မူ ရုပ်ဖမ်း၍မရအောင် မီးလောင်ကျွမ်းနေသော အလောင်းတစ်လောင်းကို တွေ့ရလေ၏။ ထိုအလောင်းသည် မှန်အိမ်ကိုင်းမှ လက်တစ်ဘက်နှင့် ဆုပ်ကိုင်ထားလေ၏။ ဤသည်ကိုအကြောင်းပြု၍ "ရှုပိုင်ကြီး"၏ အလောင်းဟု ဆုံးဖြတ်ကြလေ၏။

သက်ဆိုင်ရာမှ လာရောက်ကြည့်ရှု စစ်ဆေးပြီးလျှင် မီးလောင်မှုကို ပုလိပ်ဘက်သို့ လွှဲအပ်လိုက်လေ၏။ ဘူတာရုံကလေးကိုမူ "လူစီးနည်းသည်" ဟူသော အချက်တစ်ချက်တည်းနှင့်ပင် အပြီးအပိုင် ဖျက်သိမ်းလိုက်လေတော့၏။

ဤသည်မှာ မထင်မရှား တောဘူတာကလေးတစ်ရုံ ဖျက်သိမ်းပစ်လိုက်ခြင်းနှင့် ရှုပိုင်တစ်ဦး သေဆုံးသွားရခြင်း အကြောင်းပေတည်း။

* * *

အခြားသော အကြောင်းတစ်ခုမှာ ရွာသားများသည် ညအချိန်မတော်သံလမ်းမှ ဖြတ်၍ ပြန်လာလျှင် ဘူတာရုံဟောင်းကလေး နေရာ၌ မီးအိမ်နီကလေးကိုကိုင်၍ ရထားကို မီးပြရန်စောင့်နေသောရှုပိုင်ကြီးကို အဝေးမှ တွေ့မြင်ကြရသည်ဆို၏။

ထိုအခါ ရွာသားများသည် "ရှုပိုင်ကြီးသရဲ" ဟု အော်ကာ ပြေးကြရလုန်၏။


www.burmeseclassic.com

www.burmeseclassic.com


တစ်ခါသော် သတ္တိကောင်းသောရွာသားနှစ်ဦး အနီးသို့ ချဉ်းကပ်သွားရာ "ရုံပိုင်ကြီးသရဲ" မဟုတ်ဘဲ အမျိုးသမီးတစ်ဦးသည် မီးအိမ်နီကလေးကို ဆွဲကာ တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေကြောင်း တွေ့ရလေ၏။ သို့ရာတွင် ၎င်းတို့နှစ်ဦး အနီးသို့ရောက်လာသောအခါ၌ မီးအိမ်နီကလေးကို မီးငြိမ်းပစ်ပြီးလျှင် မှောင်ရိပ်ထဲသို့ တိုးဝင်၍ ရှောင်တိမ်းပျောက်ကွယ်သွားလေတော့၏။

ထို့ကြောင့် ရွာသူရွာသားများသည် ညအခါတွင် လူများများစားစား အဖော်မပါဘဲ ဘူတာရုံကလေးရှိခဲ့ဖူးသောနေရာမှ ဖြတ်သန်းသွားလာခြင်းမပြုရုံမက ထိုရွာကလေးတွင် အခါတိုင်း ပြောနေကျ တစ္ဆေပုံပြင်စာရင်း၌ ဘူတာရုံသရဲ ဟူ၍လည်းကောင်း၊ ရုံပိုင်ကြီးသရဲ ဟူ၍လည်းကောင်း၊ မှန်အိမ်နီသရဲမ ဟူ၍လည်းကောင်း သုံးမည်ရသော တစ္ဆေပုံပြင်တစ်ပုဒ် စာရင်းတိုး၍သွားလေတော့သတည်း။

◈◈◈◈◈


www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်ပုံဆရာတစ္ဆေ

တစ်နေ့သ၌ ဆိပ်ကမ်းမြို့ကလေးတစ်မြို့ရှိ "ရှုတိုင်းယဉ်" ဟု အမည်ပေးထားသော ဓာတ်ပုံဆိုင်ကလေးတစ်ဆိုင်၌ အသက်(၄၀)ကျော်အရွယ် ဓာတ်ပုံဆရာကြီးတစ်ဦးသည် သူ၏ သုံးချောင်းထောက်ကင်မရာကြီးကို နေရာရွှေ့ရင်း ဓာတ်ပုံရိုက်ခံမည့် မိန်းမတစ်ဦးအား ချိန်ရွယ်၍နေလေ၏။ ဓာတ်ပုံရိုက်ခံမည့် မိန်းမသည် လွန်စွာခါးတုတ်သူဖြစ်၏။ ထိုခါးတုတ်သောမိန်းမသည် သူ၏ခါးကြီးဓာတ်ပုံထဲတွင်ပါမည်ကို စိုးရိမ်နေလေ၏။ ထို့ကြောင့် ကင်မရာကိုရွှေ့၍နေသော ဓာတ်ပုံဆရာကြီးအား -

"ဆရာကြီးရယ်၊ ကျွန်မပုံကိုရိုက်တဲ့အခါ အပေါ်ပိုင်းရယ်၊ ခြေထောက်ပိုင်းရယ်ပဲပါအောင် ရိုက်ပေးပါ၊ ခါးပိုင်းလုံးဝမပါပါစေနဲ့" ဟု လှမ်း၍ပြောလိုက်ရာ ဓာတ်ပုံဆရာကြီးသည် လွန်စွာစိတ်ဆိုး၍ သွားပြီးလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com

"ခါးပိုင်းမပါချင်ရင် ကိုယ်တစ်ပိုင်းပုံရိုက်ပေါ့ဗျ၊ ခင်ဗျားဟာက အပေါ်ပိုင်းလဲပါချင်တယ်၊ ခြေထောက်ပိုင်းလဲ ပါချင်တယ်။ ခါးပိုင်းကျမှ မပါနဲ့ဆိုလို့ ကျုပ်က ဘယ့်နှယ်လုပ်ပြီးရိုက်ရမှာတုံး၊ ခက်ပါတယ်၊ သိပ်ကိုခက်ပါတယ်။ ဒီမြို့ကမိန်းမတွေလဲ ယောကျ်ားမြန်မြန်ရမှ၊ ဒါမှမဟုတ် ငါ့ဓာတ်ပုံဆိုင်ရင်လဲ ပြုတ်မှ၊ ငါရင်လဲ ဆန်စက်သူဌေးသမီးနဲ့ အိမ်ထောင်ကျမှ အေးမှာပါ" ဟု ညည်းတွားလိုက်လေ၏။

ထိုအခါ ဓာတ်ပုံရိုက်ခံမည့် ခါးတုတ်သောမိန်းမကြီးက "မလုပ်ပါနဲ့ ဆရာကြီးရယ်၊ ဒီဓာတ်ပုံကိုပြပြီး မြို့ကမုဆိုးဖိုတစ်ယောက်နဲ့ စေ့စပ်ကြောင်းလမ်းမလို့ရှင့်၊ လှလှလေးရိုက်ပေးစမ်းပါရှင်ရယ်၊ ကုသိုလ်ရပါတယ်"ဟု ပြောလိုက်ရာ ဓာတ်ပုံဆရာကြီးသည် ခေါင်းကိုကုတ်၍ အကြံထုတ်ကာ ၎င်း၏ဆိုင်ရှေ့တွင်ရှိသော ပန်းအိုးကြီးတစ်လုံးကို မ,၍ယူလာလေ၏။ ပြီးလျှင် ထိုပန်းအိုးကြီးအား ထိုမိန်းမ၏ရှေ့၌ ချလိုက်လေ၏။

"ခြေထောက်ကလေး ဆင်းထိုင်ပြီး၊ ဒီပန်းအိုးကြီးကိုဖက်ထား၊ မျက်နှာကလေးကိုတော့ ပန်းတွေနဲ့ မကွယ်အောင် နည်းနည်းကလေးလွှဲထား၊ ခင်ဗျားရဲ့ခါးကြီးကိုတော့ ဒီပန်းအိုးနဲ့ ကွယ်ထားလိုက်ပြီ။ မြို့ကမုဆိုးဖိုကြီး လုံးဝမသိနိုင်တော့ဘူး၊ တကယ်ရသွားတော့လဲ ခါးတုတ်တာတွေ ဘာတွေမသိတော့ပါဘူးဗျာ၊ ယောကျ်ားတွေဟာ မျက်စိဖွင့်ပြီး မိန်းမတွေကို ရွေးချယ်နေလို့ပါ၊ မျက်စိမှိတ်ပြီးရွေးချယ်မယ်ဆိုရင်တော့ အားလုံးအတူတူကြီးပါပဲဗျ" ဟု ပြောဆိုကာ ဓာတ်ပုံဆရာကြီးသည် သူ၏သုံးချောင်းထောက်ကင်မရာပေါ်တွင် တင်ထားသည့် အဝတ်နက်ကြီးကို ခြုံလိုက်ပြီးနောက် . . .

"ရိုက်မယ်၊ ပြုံးပြုံးကလေး၊ ပြုံးပြုံးကလေးဆိုတာ သွားတွေဖြီးခိုင်းတာ မဟုတ်ဘူး၊ ပြုံးရုံကလေးပြုံးခိုင်းတာ၊ အင်း ဟုတ်ပြီ" ဟု ဆိုကာ ကင်မရာတွင် တွဲလောင်းချထားသော ရော်ဘာဘုလုံးကလေးကို လက်ဖြင့်ညှစ်လိုက်သည်ဖြစ်ရာ ကင်မရာ၏ "ရှပ်တာတံခါး" သည် ချောက်ခနဲ ပိတ်သွားလေတော့၏။

"ကဲ. . . ပြီးပြီ၊ ဒီဓာတ်ပုံကိုမြင်ရင် မုဆိုးဖိုကြီးတင်မကဘူး၊ မုဆိုးမျိုးဆက်တစ်မျိုးဆက်လုံးက ခင်ဗျားကို သဘောကျသွားမယ်၊ သန်ဘက်ခါမှ ဓာတ်ပုံကိုလာယူ၊ ငွေကိုတော့ အကျေပေးသွား" ဟု ဓာတ်ပုံဆရာက ပြောလိုက်ရာ ခါးတုတ်သောမိန်းမသည် လွန်စွာသဘောကျသွားသည် ဖြစ်ရာ . . .

"ရပါတယ်ရှင်" ဟု ပြောဆို၍ ဈေးခြင်းတောင်းအတွင်းမှ သတင်းစာ...ဟောင်းဖြင့် ထုပ်ထားသော ငွေအကြွေများကို ဓာတ်ပုံဆရာကြီးရှေ့၌ ဝေါခနဲသွန်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


"လုပ်ပြီ၊ အကြွေတွေချည်းပါပဲလား" ဟု ဓာတ်ပုံဆရာကြီးက ပြောလိုက်ရာ ခါးတုတ်သော မိန်းမက -

"အိမ်ရှေ့က မန်ကျည်းရွက်နုတွေခူးရောင်းရင်း စုထားတဲ့ ပိုက်ဆံတွေပါ၊ သုံးနှစ်ရှိပြီ" ဟု ပြောဆိုကာ ဆိုင်အတွင်းမှ ထွက်သွားလေတော့၏။

ဓာတ်ပုံဆရာကြီးလည်း . . . ဓာတ်ပုံများကူးရန်အတွက် အမှောင်ခန်းထဲတွင် အသုံးပြုရန် မီးအိမ်နီကလေးကို ထွန်းညှိပြီးလျှင် ဆေးများ ဖျော်စပ်နေစဉ်၌ပင် တစ်စုံတစ်ယောက်သည် ဆိုင်ထဲသို့ဝင်လာပြန်လေ၏။

"ဓာတ်ပုံရိုက်မယ် ဆရာ" ဟု ဝင်လာသူက ပြောလိုက်လေ၏။

"ရပါတယ်၊ ဟိုခုံမှာ ထိုင်ပါ" ဟု ဓာတ်ပုံဆရာကြီးက ညွှန်ပြလိုက်လေ၏။ ထိုသို့ညွှန်ပြရင်း ဓာတ်ပုံဆရာကြီးသည် ထိုသူ၏ မျက်နှာကိုကြည့်လိုက်ရာ လွန်စွာ သွားခေါသူ ဖြစ်ကြောင်း တွေ့ရလေတော့၏။ ထိုသူသည် ခုံ၌ထိုင်ရင်း ဓာတ်ပုံ ဆရာကြီးအား -

"ဒီမှာ ဆရာကြီး၊ တဆိတ်လောက် ကျုပ်ပုံကို လှအောင်ရိုက်ပေးစမ်းပါဗျ၊ ဓာတ်ပုံထဲမှာ သွားခေါတာ မပါချင်ဘူးဗျာ၊ အဲဒါ ခင်ဗျားပညာနဲ့ကြည့်ပြီးလုပ်ပေးစမ်းပါ၊ စပယ်ရှယ် ဘောက်ဆူးပေးပါ့မယ်" ဟု ပြောလိုက်လေ၏။

"ခက်တယ် ကိုယ့်လူရယ်၊ ကိုယ့်လူရဲ့သွားဟာ နည်းနည်းပါးပါး ခေါတာ မဟုတ်ဘူး၊ တံခါးကဲလားကို တုတ်ထောက်ထားသလို ငေါ်ထွက်နေတဲ့ သွားကြီးကို ဓာတ်ပုံထဲမှာ ကျုပ်က ဘယ်လိုလုပ်ပြီးဖျောက်ပစ်ရမှာတုံး၊ သိပ်ကိုခက်တယ်၊ ကိုယ့်လူတို့ မြို့ရင်လဲ တစ်မြို့လုံး မြစ်ရေစားပြီး ပါသွားမှ၊ ဒါမှမဟုတ် ကျုပ်ဓာတ်ပုံဆိုင်ရင်လဲ ပြုတ်မှ၊ အဲဒီလို မဟုတ်ရင်လဲ ကျုပ်ရင်လဲ ဝေလမင်းသားနေရာကိုရမှ ဒီဒုက္ခက အေးလိမ့်မယ်ထင်တယ်" ဟု ဓာတ်ပုံဆရာကြီးက ညည်းတွားလိုက်လေ၏။ ထိုအခါ ကိုပေါက်ခေါက -

"မလုပ်ပါနဲ့ ဆရာရယ် . . . ဒီဓာတ်ပုံပြပြီး မိန်းမစပ်ရမှာဗျ၊ မိန်းမကလဲ နှယ်နှယ်ရရက မဟုတ်ဘူး၊ ဆွေကြီးမျိုးကြီးထဲကဆိုပဲ၊ သူကြီးယောက်ဖ သူငယ်ချင်းရဲ့ တူမဗျ" ဟု ပြောလိုက်လေ၏။

ဓာတ်ပုံဆရာကြီးလည်း ခေါင်းကိုတွင်တွင်ကုတ်၍ အကြံထုတ်ပြီးလျှင် ပန်းအိုး အတွင်းမှ ပန်းတစ်ပွင့်ကို အရိုးပါအောင်ခူးယူပြီး ကိုပေါက်ခေါလက်သို့ လှမ်း၍ပေးရင်း-


www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာကိုယ့်လူ၊ ကိုယ့်လူရဲ့ပါးစပ်ကို ဒီပန်းပွင့်နဲ့ကွယ်ပြီးကိုင်ထား၊ ပန်းပွင့်ကို နမ်းနေတဲ့ပုံမျိုးပေါ့" ဟု ပြောလိုက်ရာ ကိုပေါက်ခေါလည်း ဓာတ်ပုံဆရာပြောသည့်အတိုင်း ကိုင်လိုက်လေ၏။ ထိုအခါ ဓာတ်ပုံဆရာကြီးက -

"အဲ အဲ ဟုတ်ပြီ၊ ကိုယ့်လူရဲ့ တံခါးကဲလားကြီးတွေ၊ အဲ အဲယောင်လို့ သွားကြီးတွေ လုံးဝမပေါ်တော့ဘူး၊ ဒီဓာတ်ပုံကိုတွေ့ရင် သူကြီးရဲ့ယောက်ဖ သူငယ်ချင်းရဲ့ တူမတောင်မကဘူး၊ သူကြီးယောက္ခမကြီးကပါ ကြိုက်ချင်ကြိုက်လာမှာ" ဟု ပြောဆိုကာ ဓာတ်ပုံဆရာကြီးသည် အဝတ်နက်ကြီးကိုခြုံ၍ ရာဘာဖုလုံးကို ညှစ်ပြန်လေ၏။ ထိုသို့ညှစ်ပြီးနောက် . . .

"ကဲ ကိုယ့်လူ သန်ဘက်ခါမှ လာရွေးချည်၊ ငွေကိုတော့ အကျေပေးခဲ့" ဟု ဓာတ်ပုံဆရာကြီးက ပြောရာ ကိုပေါက်ခေါက -

"ရပါတယ် ဆရာသမားရယ်၊ ငွေရေးကြေးရေးက အကြောင်းမဟုတ်ပါဘူး၊ ပုံကောင်းဖို့က အရေးကြီးပါတယ်" ဟု ဆိုကာ ဓာတ်ပုံဖိုးငွေကို ပေးချေကာ ထွက်သွားလေ၏။

ဓာတ်ပုံဆရာကြီးလည်း မှောင်ခန်းထဲသို့ ဝင်မည်ဟုကြံရွယ်ကာ ဖျော်လက်စ ဓာတ်ပုံဆေးများကို ဆက်၍ဖျော်ရင်း ငြိမ်းသွားသော မီးအိမ်နီကလေးကို မီးထွန်းပြန်လေ၏။ ထိုအချိန်၌မှာပင် တစ်စုံတစ်ယောက်သည် ဆိုင်အတွင်းသို့ ဝင်လာလေ၏။ ထိုသူသည် ဆိုင်အတွင်းသို့ ဝင်လာရင်း . . .

"ဓာတ်ပုံဆရာကြီး " ဟု လှမ်း၍အော်လိုက်လေ၏။ ဓာတ်ပုံဆရာကြီးလည်း ဆေးဖျော်ရင်း ထိုသူကို မော့၍မကြည့်ဘဲ . . .

"သတို့သားလောင်းတစ်ယောက် လာပြန်ပြီနဲ့တူတယ်" ဟု ပြောလိုက်ရာ-

"သတို့သားလောင်း မဟုတ်ဘူး ကိုယ့်လူရေ၊ သေမင်းက ဓာတ်ပုံလှလှတစ်ပုံ ရိုက်ချင်တယ်၊ ဓာတ်ပုံဆရာတစ်ယောက် အမြန်ဆုံး ခေါ်ပေးပါဆိုလို့ ကျုပ်မှာ ပင်ပင်ပန်းပန်းနဲ့ ခင်ဗျားကိုရှာပြီး လာရတယ်ဗျာ" ဟု ထိုသူကပြောလိုက်ရာ ဓာတ်ပုံဆရာကြီးသည် ထိုသူအား မော့၍ကြည့်လိုက်မိလေတော့၏။

ထိုသူသည် မျက်နှာတစ်ခြမ်းကို အဝတ်စီး၍ထား၏။ သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍ထား၏။ သေနတ်ဖြင့် ဓာတ်ပုံဆရာကြီးအား ချိန်၍ထားသေး၏။ ဓာတ်ပုံဆရာကြီးသည် ထိုသူကိုကြည့်၍ သဘောကျသွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဒီပုံအတိုင်းဓာတ်ပုံရိုက်ချင်လို့လား၊ ခင်ဗျားကြည့်ရတာ ဘိုင်စကုတ်မင်းသားလုပ်ချင်ပုံရတယ်၊ လာလာ ဟိုခုံပေါ်မှာ ထိုင်" ဟု ဓာတ်ပုံဆရာကြီးက ကင်မရာရှေ့တွင်ရှိသော ခုံကိုညွှန်ပြလိုက်လေ၏။

"ဒီမှာ ဓာတ်ပုံဆရာကြီး၊ သေမင်းကို ရယ်စရာလုပ်မနေနဲ့၊ ကျုပ်က ခင်ဗျားဆီကို ဓာတ်ပုံရိုက်ခံဖို့ လာနေတယ်မျှားအောက်မေ့လို့လား၊ ခင်ဗျားကိုသတ်မလို့လာတာ" ဟု ထိုသူက ပြောလိုက်လေ၏။

"သတ်ချင်လဲ သတ်ပေါ့ဗျာ၊ မျက်နှာမှာ စည်းထားတဲ့ အဝတ်ကြီးကိုတော့ ဖြုတ်စမ်းပါဦး၊ ကိုယ့်ကိုလာသတ်တာ ဘယ်သူဘယ်ဝါဆိုတာတော့ သိပြီးသွားစမ်းပါရစေဗျာ" ဓာတ်ပုံဆရာက ပြောရင်း ဖျော်လက်စဓာတ်ပုံဆေးများကို ဆက်လက်၍ဖျော်နေလေတော့၏။

မျက်နှာကိုအဝတ်စည်း၍လာသူလည်း အဝတ်ကိုဖြေလိုက်လေ၏။ ထိုအချိန်၌မှာပင် အပြင်မှ လူတစ်ယောက်ဝင်လာသဖြင့် ဓာတ်ပုံဆရာက . . .

"ဟိုမှာ လူလာနေပြီ" ဟု ပြောလိုက်ရာ ထိုသူက -

"ကိုယ့်လူဒီမှာပဲနေ၊ ငြိမ်ငြိမ်မနေရင်တော့ လှမ်းပြီးပစ်လိုက်မယ်" ဟု ဆိုကာ ဆိုင်အပြင်သို့ ခေါင်းပြူလိုက်လေ၏။

အပြင်မှ လူကလည်း အတွင်းခန်းအထိ ဝင်လာပြီးလျှင်

"ဓာတ်ပုံရိုက်ချင်လို့ပါဗျာ" ဟု ပြောလေ၏။

"ဝင်ခဲ့ပါ၊ ဝင်ခဲ့ပါ" ဟု သေနတ်သမားက ပြန်ပြောလေ၏။

ဓာတ်ပုံအရိုက်ခံမည့်လူလည်း ဝင်၍လာလေတော့၏။ "ဟိုခုံပေါ်မှာ ထိုင်ပါ" ဟု သေနတ်သမားက ပြောလိုက်လေ၏။

ဓာတ်ပုံ အရိုက်ခံမည့်လူလည်း ခုံပေါ်၌ထိုင်ရင်း . . .

"လှလှကလေး ရိုက်စမ်းပါဗျာ" ဟု ပြောရာ သေနတ်သမားသည် ထိုသူအား သေချာစွာ ကြည့်လိုက်လေ၏။ ထိုသူ၏ မျက်လုံးတစ်လုံးသည် သိသိသာသာကြီး စွေ၍နေကြောင်းကို သတိပြုမိလေတော့၏။

"ရပါတယ် ကိုယ့်လူရယ်၊ ဟောဒီလို ဘေးစောင်းကလေးထိုင်ပြီး ကင်မရာဘက်ကို ကြည့်လိုက်၊ အဲဒီပုံအတိုင်းရိုက်ပေးလိုက်ရင် ကိုယ့်လူမျက်စိစွေတယ်ဆိုတာကို ဓာတ်ပုံထဲမှာမပေါ်တော့ဘူး၊ မျက်နက်ကလေးထောင့်ကပ်ပြီး ကြည့်နေသလို ဖြစ်သွားလိမ့်မယ်" ဟု သေနတ်သမားက ပြောလိုက်လေ၏။

www.burmeseclassic.com

ထိုအခါ ခါတ်ပုံအရိုက်ခံမည့်သူလည်း သေနတ်သမားပြောသည့်အတိုင်း ထိုင်၍ ကင်မရာကို ခပ်စွေစွေကလေးကြည့်လေ၏။ သေနတ်သမားလည်း ကင်မရာအတွင်းမှ မှန်ချပ်ကိုထုတ်၍ လှည့်ပြီးလျှင် အဝတ်နက်ကြီးကိုခြုံကာ "ရိုက်မယ်" ဟု ပြော၍ ရော်ဘာဖုလုံးကလေးကို "ချောက်" ခနဲ နှိပ်လိုက်လေတော့၏။ ထို့နောက် သေနတ်သမားသည် အဝတ်နက်ကြီးအတွင်းမှ ထွက်လာပြီးလျှင် . . .

"သန်ဘက်ခါရမယ်၊ ငွေတော့ အကျေပေးသွားပါ" ဟု ပြောလိုက်ရာ ခါတ်ပုံလာ၍ ရိုက်သူလည်း ကျသင့်ငွေကို ချေ၍ ထွက်သွားလေတော့၏။

ထိုအခါ ခါတ်ပုံဆရာကြီးက . . .

"ခင်ဗျား ဒီဆိုင်မှာ အလုပ်လုပ်ပါလား၊ ဘာဖြစ်လို့ ခါးပြလုပ်နေတာလဲ၊ ခင်ဗျားဟာ ခါတ်ပုံကောင်းကောင်းရိုက်တတ်တဲ့လူပဲ" ဟု ပြောလိုက်လေ၏။

"ကျုပ်က ခါတ်ပုံရိုက်တတ်ပေမယ့် ခါတ်ပုံမကူးတတ်ဘူးဗျ၊ ကျုပ် ဒီကိုလာတာလဲ ခါတ်ပုံကလေးတစ်ပုံကူးချင်လို့ လာခဲ့တာပဲ၊ ဟောဒီ ခါတ်ပုံကလေးကူးပေးစမ်းပါ" ဟုဆိုကာ သေနတ်သမားသည် သူ၏ အကျီအိတ်အတွင်းမှ ခါတ်ပုံတစ်ပုံကို ထုတ်၍ ခါတ်ပုံဆရာကြီးအား ပြလိုက်လေ၏။ ခါတ်ပုံဆရာကြီးသည် ထိုခါတ်ပုံကို ကြည့်ပြီးလျှင် . . .

"ဒါလောက်ရှေးကျတဲ့ ခါတ်ပုံမျိုး ကျုပ်တစ်သက်မှာ မတွေ့ဖူးပေါင်ဗျာ" ဟု ပြောလိုက်ရာ သေနတ်သမားသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေတော့၏။

* * *

များမကြာမီ၌ပင် ထိုခါတ်ပုံဆိုင်ကလေးအတွင်းမှ သေနတ်သံများ ထွက်ပေါ် လာပြီးလျှင် ခါတ်ပုံဆိုင်ကလေးသည် မီးလောင်သွားလေတော့၏။ အနီးအနားမှ လာရောက်ငြိမ်းသတ်သော်လည်း မရလိုက်တော့ပေ။ ပုလိပ်ဘက်မှ လာရောက် စစ်ဆေးသောအခါ၌မူ မီးလောင်ကျွမ်း၍ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ခါတ်ပုံဆရာကြီး၏အလောင်းနှင့် ခါတ်ပုံဆိုင်၏အပြင်ဘက်သို့ လွင့်စဉ်ထွက်ကျ ပျက်စီးနေသော သုံးချောင်းထောက်ကင်မရာကြီးတစ်လုံးကိုသာ တွေ့ရလေတော့၏



www.burmeseclassic.com

www.burmeseclassic.com


ဤကား တောမြို့ကလေးတစ်မြို့မှ ဓာတ်ပုံဆိုင်ကလေး မီးလောင်ကျွမ်း၍ ပျက်စီးဆုံးပါး သွားရပုံနှင့် ဓာတ်ပုံဆရာကြီးတဦး သေဆုံးသွားရပုံ အကြောင်းပေတည်း။

* * *

ညအခါများတွင် ထိုဓာတ်ပုံဆိုင်အနီးသို့ ရောက်ရှိလာသူအချို့သည် မှန်အိမ်အနီကလေးကိုကိုင်၍ ဓာတ်ပုံကူးရန် ပြင်ဆင်နေသော ဓာတ်ပုံဆရာကြီးကို တွေ့ရသည်ဆို၏။ အနီးသို့ ချဉ်းကပ်သွားသောအခါ၌မူ မီးအိမ်နီရော၊ ဓာတ်ပုံဆရာကြီးပါ ပျောက်၍ သွားသည်ဟုဆို၏။ ထို့ကြောင့် ထိုမြို့သူ မြို့သားများသည် အတာလ ညအခါတွင် ထိုဓာတ်ပုံဆိုင်ကလေးအနီးမှ ဖြတ်သန်းသွားလာခြင်း မပြုဝံ့ကြရုံမျှမက ထိုမြို့တွင် အခါတိုင်းပြောနေကျတစ္ဆေပုံပြင်စာရင်း၌ မီးအိမ်နီတစ္ဆေဟူ၍ လည်းကောင်း၊ ဓာတ်ပုံဆရာကြီးတစ္ဆေ ဟူ၍လည်းကောင်း တစ္ဆေပုံပြင်တစ်ပုဒ်တိုး၍ သွားလေတော့သတည်း။




www.burmeseclassic.com

www.burmeseclassic.com



## သွားစိုက်ဆရာတစ္ဆေ

တနေ့သ၌ ရန်ကုန်မြို့၏အစွန်ပိုင်းတွင် ဖွင့်လှစ်ထားသော "ကျင်ဝမ်" ဆိုသည့် သွားစိုက်ဆိုင်၌ သွားစိုက်ဆရာတစ်ဦးသည် သွားစိုက်ရာ၌ အသုံးပြုသော ကိရိယာများကို ပြင်ဆင်၍နေလေ၏။

ထိုအချိန်၌ တောမှတက်လာသော ကျေးတောသားတစ်ဦးသည် ဆိုင်အတွင်းသို့ ဝင်လာပြီးလျှင် ၎င်း၏အထုပ်အပိုးများကို စားပွဲပေါ်၌ချလျက် သွားစိုက်ရာ၌ အသုံးပြုသော ဆုံလည်ကုလားထိုင်ပေါ်သို့ အကျအနထိတက်၍ ထိုင်လေ၏။

ထိုအခါ သွားစိုက်ဆရာသည် ဆုံလည်ကုလားထိုင် အနီးသို့ သွားကာ သွားကြည့်ရန်အတွက် ဆုံလည်ကုလားထိုင်ပေါ်တည့်တည့်မှ မီးကိုဖွင့်လိုက်ပြီးလျှင်

"ပါးစပ်ဟ" ဟု ပြောလိုက်လေရာ ကျေးတောသားလည်း ပါးစပ်ကိုဟ၍ ပြလေ၏။

ဉာဏ်ဝင်းစာပေ
www.burmeseclassic.com

www.burmeseclassic.com


"သွားတွေ ကောင်းနေသားပဲ၊ ဘာလုပ်မလို့လဲ" ဟု သွားစိုက်ဆရာက မေးလိုက်ရာ ကျေးတောသားက . . .

"သွားမစိုက်ချင်ပါဘူး၊ ဆံပင်ညှပ်မလို့ပါ၊ လဆန်း ၃ ရက်နေ့မှာ သူကြီးသမီးနဲ့ မင်္ဂလာဆောင်မယ် ထောင်ကဲ့ရဲ့" ဟု ပြောလေ၏။

ထိုအခါ သွားစိုက်ဆရာ "ကျင်ဝမ်" သည် လွန်စွာဒေါသထွက်ပြီးလျှင် . . .

"ဒါ ဆံပင်ညှပ်တဲ့နေရာ မဟုတ်ဘူး၊ သွားစိုက်တဲ့နေရာ" ဟု အော်ပြောလိုက်မှပင် ကျေးတောသားသည် ဆုံလည်ကုလားထိုင်ပေါ်မှ ကပျာကယာဆင်းပြီးလျှင် -

"စိတ်မဆိုးပါနဲ့ ပေါက်ဖော်ကြီးရယ်၊ ကျုပ်က ဟောဒီကုလားထိုင်ကြီးကို မြင်တာနဲ့ ဆံပင်ညှပ်ဆိုင်မှတ်လို့ပါ သွားမယ်" ဟု ဆိုကာ ထွက်သွားလေတော့၏။

"သိပ်ခက်တယ်၊ မင်းတို့ တောသားတွေ ခဏခဏလာပြီး ဒုက္ခရှာတယ်၊ မင်းတို့ရှင်လဲ သေမှ၊ ငါ့ဆိုင်ရှင်လဲ မီးလောင်မှ၊ ဒါမှမဟုတ် ငါရှင်လဲ သိန်းထီပေါက်မှ ကောင်းမယ်" ဟု သွားစိုက်ဆရာ ကျင်ဝမ်က ညည်းတွားလိုက်လေတော့၏။

ထို့နောက် သွားစိုက်ဆရာသည် ၎င်း၏ပစ္စည်းကိရိယာများကို ဆက်လက်၍ ပြင်ဆင်နေလေ၏။

ထိုအချိန်၌ လူကြီးတစ်ယောက်သည် ဆိုင်အတွင်းသို့ ဝင်လာပြီးလျှင် -

"သွားစိုက်တဲ့လူ" ဟု ခေါ်လိုက်လေ၏။

"ဘာကိစ္စလဲ" ဟု သွားစိုက်ဆရာက ပြန်၍ မေးလိုက်လေ၏။

ထိုအခါလူကြီးက သူ၏ပါးစပ်ကြီးကိုဟပြလိုက်လေ၏။ သူ၏ပါးစပ်တွင်း၌ကား သွားဟူ၍ တစ်ချောင်းမှ မရှိသည်ကို တွေ့ရသဖြင့်

"အံပုံ လုပ်မလို့လား" ဟု သွားစိုက်ဆရာက မေးလိုက်လေ၏။

"အဲ . . . ဒီအံပုံအကြောင်းပြောမလို့ပဲ၊ အသက်ကြီးမှ ကံပေါ်တယ်ဆိုတာ ကျုပ်လိုလူပဲဗျ၊ ရှေ့အပတ်ထဲမှာ မင်္ဂလာဆောင်ရမယ်၊ ကောင်မလေးက မုဆိုးမသာ ဆိုရတယ်၊ တော်ရှာပါတယ်ဗျာ" ဟု လူကြီးက ပြောလေ၏။

"အင်းလေ၊ အံပုံလုပ်မလို့လား" ဟု သွားစိုက်ဆရာက မေးလေ၏။

"အံပုံမလုပ်ချင်ဘူး၊ ကျုပ်ကသွားမရှိဘဲ သွားဖုံးနဲ့ကြိတ်ပြီး စားရ သောက်ရ တာကို ပိုပြီးခံတွင်းတွေ့တယ်ဗျ၊ ဒါပေမဲ့ မင်္ဂလာဆောင်မှာတော့ သွားမရှိလို့မဖြစ်ပေဘူး၊ ဒါကြောင့် ကျုပ်နဲ့တော်တဲ့ အံပုံတစ်ခုလောက် ခဏငှားချင်လို့ပါ" ဟု လူကြီးက ပြောလိုက်ရာ သွားစိုက်ဆရာသည် ခေါင်းကို တွင်တွင်ယမ်းလိုက်၍ . . .

www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုငှားပြီးတတ်လို့ရတာမျိုးမဟုတ်ဘူး၊ စေတနာရှိရင် မိန်းမကို ငှားလို့ရချင် ရမယ်၊ သွားအတုက ငှားလို့မရဘူးဗျ" ဟု အော်ပြောလိုက်ရာ လူကြီးလည်း "ငှားလို့ မရရင်လဲ ဒီအတိုင်းမင်္ဂလာဆောင်ရုံပေါ့ ကိုယ့်လူရယ်၊ မိန်းမယူတဲ့ကိစ္စမှာ သွားက အရေးမကြီးပါဘူး" ဟုပြောဆို၍ ထွက်သွားလေတော့၏။ ထိုအခါ သွားစိုက်ဆရာလည်း

"ခက်တယ်၊ ခက်တယ်၊ ဘယ်လိုလူစားတွေလဲ မသိဘူး၊ သူတို့ရင်လဲသေမှ၊ ငါ့ဆိုင်ရင်လဲ မီးလောင်မှ၊ ငါရင်လဲ ပြည်ကြီးပြန်မှ နေအေးမယ်ထင်တယ်" ဟု ညည်းတွား လိုက်လေတော့၏။

ထို့နောက် သွားစိုက်ဆရာသည် ၎င်း၏ ပစ္စည်းကိရိယာများကို ပြင်ဆင်၍ နေလေ၏။ ထိုအချိန်မှာပင် လူတစ်ယောက်သည် ဆိုင်အတွင်းသို့ ဝင်လာပြီးလျှင် -

"သွားဆရာ" ဟု ကျယ်လောင်စွာခေါ်လိုက်လေ၏။ သွားစိုက်ဆရာသည်လည်း ထိုသူကိုလှမ်းကြည့်လိုက်ရာ မျက်နှာကို မျက်လုံးပေါ်ရုံကလေးချန်၍ အဝတ်စီးထား ပြီးလျှင် သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍ထားသည်ကို တွေ့ရလေတော့၏။

"ဘာဖြစ်လို့လဲ၊ သွားကိုက်လို့လား၊ အညှော်မိမှာစိုးလို့နှာခေါင်းကို အဝတ်စီး ထားတာလား၊ ဒီမှာအညှော်မရှိပါဘူး၊ အဝတ်ကိုဖြုတ်လိုက်ပါ" ဟု သွားစိုက်ဆရာက ပြောလိုက်လေ၏။

ထိုအခါ မျက်နှာကိုအဝတ်စီး၍လာသူက သူ၏အင်္ကျီအောက်မှ ခြောက်လုံးပြူး ကိုထုတ်၍ သွားစိုက်ဆရာအား ချိန်ရွယ်ထားလိုက်လေတော့၏။

"ဒါကဘာလဲ" ဟု သွားစိုက်ဆရာက မေးလိုက်လေ၏။

"သေမင်းက သူ့ပါးစပ်ထဲကသွားတွေ သွားပိုးစားနေလို့တဲ့၊ သွားစိုက်ဆရာ တစ်ယောက် အမြန်ဆုံးပို့ပေးပါဆိုလို့ ကျုပ်က ကိုယ့်လူကိုလာပြီးခေါ်တာ" ဟု သေနတ် သမားက ပြောလိုက်လေတော့၏။

ထိုအချိန်၌ပင် သွားစိုက်ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်လာလေ၏။ ထို့ကြောင့် သေနတ်သမားက သွားစိုက်ဆရာအား . . .

"ဒီမှာ ကိုယ့်လူ၊ ငြိမ်ငြိမ်ကလေးနေ၊ ကျုပ်ဟာကျုပ်ကြည့်လုပ်မယ်၊ အူကြောင် ကြောင် လုပ်မယ်မကြံနဲ့၊ ပစ်သတ်လိုက်မယ်" ဟု ပြောဆိုကာ ဆိုင်အတွင်းဝင်လာသူ ဘက်သို့ လှည့်ပြီးလျှင် . . .

"ဘာကိစ္စလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ အပြင်မှ ဝင်လာသူက -


www.burmeseclassic.com

www.burmeseclassic.com


သွားကိုက်လို့ပါ ဆရာရယ်၊ သွားကလဲ မကောင်းပါဘူး၊ အဲဒါကြောင့် နုတ်ပစ်ချင်ပါတယ်" ဟု ပြောလေ၏။ ထိုအခါ သေနတ်သမားသည် ထိုသူအား -

"ဟိုခုံပေါ်မှာထိုင်" ဟု ပြောလိုက်လေ၏။

ထိုသူလည်း ခုံပေါ်၌ ထိုင်လေ၏။

"ပါးစပ်ဟ" ဟု သေနတ်သမားက ပြောလိုက်လျှင် ထိုသူသည် ပါးစပ်ဟလေ၏။ သေနတ်သမားသည် ထိုသူ၏ပါးစပ်အတွင်းသို့ နီကယ်ပြားအဝိုင်းကလေးပါသော အတံကလေးတစ်ခုကို ထိုးသွင်းပြီးလျှင် ကိုက်နေသည်ဆိုသည့်သွားကို ကြည့်လေ၏။ သွား၏အရိပ်သည် ထိုနီကယ်ပြားကလေး၌ ကောင်းစွာမြင်ရလေ၏။

"နုတ်ပစ်မှကောင်းမှာပဲ" ဟု ဆိုကာ ထုံဆေးပုလင်းကိုယူ၍ ဆေးထိုးပြွန်ဖြင့် ထုံဆေးများကို စုပ်ယူလိုက်လေ၏။ ပြီးလျှင် ထိုသူ၏ သွားဖုံးပေါ်သို့ ထုံဆေးများ ထိုးသွင်းလိုက်လေ၏။ ထို့နောက် သွားနုတ်သောညှပ်ဖြင့် ထိုသွားကို ညှပ်ယူကာ ထွေးခံအတွင်းသို့ "ဂျောက်ခနဲ" ပစ်ထည့်လိုက်လေ၏။ ပြီးလျှင် သေနတ်သမားသည် ဂွမ်းစတစ်စကိုယူ၍ ဆေးမှုန့်အနည်းငယ်ကိုတို့ကာ နုတ်ပစ်လိုက်သောနေရာ၌ ထည့်ပေးရင်း . . .

"ဒါကိုငုံထား" ဟု ပြောဆိုကာ ဆေးဘူးအတွင်းမှ အဖြူရောင်ဆေးပြားကလေး (၆) ပြားကို စက္ကူဖြင့်ထုတ်၍ -

"သိပ်ပြီးနာလာရင် နှစ်ပြားသောက်၊ ထမင်းမစားနဲ့၊ ဆန်ပြုတ်ကလေး ဘာလေးပဲသောက်နေ၊ ဖျားချင်သလိုလိုဖြစ်လာလိမ့်မယ်၊ ဘာမှမကြောက်နဲ့၊ တစ်နာရီခြား တစ်ခါ နှစ်ပြားစီသောက်သွား" ဟု ပြောလိုက်လေ၏။ ထိုအခါ သွားနုတ်ခံသူက

"ဘယ်လောက်ပေးရမလဲဆရာ" ဟု မေးရာ . . .

"သုံးကျပ်ပေးရမယ်" ဟု သေနတ်သမားကပြောဆိုသဖြင့် ထိုသူက ငွေသုံးကျပ်ကို ပေးပြီးလျှင် ထွက်သွားလေ၏။

သေနတ်သမားလည်း ငွေသုံးကျပ်ကိုယူပြီးလျှင် ဆွဲအံအတွင်းသို့ ထည့်လိုက်လေ၏။ သေနတ်သမား၏ကျွမ်းကျင်စွာလုပ်ကိုင်နေပုံကိုကြည့်ရင်း သွားစိုက်ဆရာက-

"ခင်ဗျား ကောင်းကောင်းတတ်တာပဲ၊ သွားစိုက်ဆိုင် တစ်ဆိုင်လောက် ခွင့်ပါလား" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် သွားစိုက်ဆိုင် မဖွင့်ချင်ပါဘူး၊ ကျုပ် ဒီကိုလာခဲ့တာ ဟောဒီ ဓာတ်ပုံကလေးအကြောင်းသိချင်လို့ပဲ" ဟု ဆိုကာ သေနတ်သမားသည် ၎င်း၏ ကုတ်အင်္ကျီအတွင်းမှ ဓာတ်ပုံတစ်ပုံထုတ်၍ သွားစိုက်ဆရာအား ပြလိုက်လေ၏။ သွားစိုက်ဆရာလည်း ထိုဓာတ်ပုံကိုကြည့်ပြီးလျှင် . . .

ကျုပ် မသိဘူး၊ ဒီဓာတ်ပုံနဲ့ ကျုပ်နဲ့လဲ ဘယ်လိုမှမပတ်သက်ဘူး" ဟု ပြောလိုက်ရာ သေနတ်သမားသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့၏။

* * *

များမကြာမီအတွင်း၌ပင် ထိုသွားစိုက်ဆိုင်ကလေးအတွင်း၌ သေနတ်သံများ ထွက်ပေါ်လာလေ၏။ ထို့နောက် ဆိုင်တစ်ခုလုံးကို မီးစွဲလောင်သွားလေတော့၏။ အနီးအနားမှ လာရောက်ငြိမ်းသတ်သော်လည်း မမီလိုက်တော့ပေ။ သို့ရာတွင် ရုပ်ဖမ်း၍ မရအောင် မီးကျွမ်းနေသော သွားစိုက်ဆရာ၏အလောင်းကိုမူ ဆိုင်အတွင်း၌ တွေ့ရလေတော့၏။

ဤသည်ကား ရန်ကုန်မြို့စွန် တစ်နေရာရှိ မထင်ရှားသော 'ကျင်ဝမ်' ဆိုသည့် သွားစိုက်ဆိုင်ကလေးတစ်ဆိုင် မီးလောင်ကျွမ်းခဲ့ရပုံနှင့် သွားစိုက်ဆရာ ကျင်ဝမ် ဆိုသူ တစ်ဦး မီးလောင်သေဆုံးသွားခဲ့ရပုံ အကြောင်းပေတည်း။

* * *

ထို့နောက်တွင်ကား ထိုအနီးအနားတစ်ဝိုက်တွင်ရှိသောလူများသည် ညအခါ များ၌ သွားစိုက်ဆိုင်အနီးမှ ဖြတ်သန်းသွားလာကြရသောအခါတွင် မီးလောင်မြေ၌ တကုန်းကုန်းနှင့် အလုပ်ရှုပ်နေသော သွားစိုက်ဆရာကိုတွေ့ရသည်ဆို၏။ ထို့ကြောင့် ကြောက်လန့်ကာ ထိုနေရာမှ ဖြတ်သန်းသွားလာကြခြင်း မပြုဝံ့ကြတော့ပေ။

ထိုအနီးအနားတစ်ဝိုက်တွင် နေထိုင်ကြကုန်သော သူတို့၏ ပြောနေကျ တစ္ဆေပုံပြင်စာရင်း၌လည်း မီးလောင်၍သေဆုံးသွားသော သွားစိုက်ဆရာတစ္ဆေပုံပြင် တစ်ပုဒ်တိုး၍ လာလေတော့သတည်း။

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com



# နယ်ပြောင်းခံရပြီ

မြန်မာစကားတွင် . . . “စူဠလိပ်ကို ရေထဲလွှတ်သည် ဟူ၍လည်းကောင်း”၊ “ကွမ်းသီးကြိုက် တောင်ငူပို့ ဟူ၍လည်းကောင်း”၊ တစ်စုံတစ်ယောက်သောသူသည် ရောက်ရှိသွားသောနေရာ၌ အံဝင်ခွင်ကျ ဖြစ်သွားပုံကို တင်စားပြောဆိုလေ့ရှိကြ၏။

ထိုစကားပုံသည် ယခုအခါ၌ ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နှင့် တိုက်ရိုက်ကြီးသက်ဆိုင်နေသကဲ့သို့ ရှိလေတော့၏။ အဘယ့်ကြောင့်ဆိုမူ ဆားပုလင်းနှင်းမောင်သည် ၎င်းစုံစမ်းထောက်လှမ်းနေသော အမှုတစ်ခု၌ အမှုနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော မျက်နှာဖြူလူမျိုး ယစ်မျိုးအရာရှိတစ်ဦးက ဝင်ရောက်၍ သြဇာပေးသဖြင့် ထိုမျက်နှာဖြူအရာရှိ၏ မေးရိုးပါးချိတ်ကို လက်သီးဖြင့် “ခွပ်” ခနဲ ထိုးမိသည်ဖြစ်ရာ နာရီပိုင်းအတွင်း၌ပင် ဆားပုလင်းနှင်းမောင်အား အင်းစိန်စီအိုင်ဒီမှနေ၍ မုံရွာဂါတ်ဆီသို့ ပြောင်းရွှေ့ရန် အမိန့်စာထွက်လာသောကြောင့် ဖြစ်၏။

ဆားပုလင်းနှင်းမောင်သည် ထိုအမိန့်စာကိုယူ၍ ဖတ်ကြည့်ပြီးလျှင် ပြုံးလိုက်လေတော့၏။

“နေရာကျတာပဲဗျို့၊ ကျုပ်လဲ လယ်တီဆရာတော်ဘုရားကြီးကို မဖူးရတာကြာပြီဗျာ၊ အခုတော့ ဆရာတော်ဘုရားကြီးကို နေ့စဉ်ဖူးခွင့်ရပြီဗျ၊ မျက်နှာဖြူ ယစ်မျိုးအရာရှိရဲ့ကျေးဇူးပဲဗျို့” ဟု ကျွန်ုပ်အား လှမ်း၍ ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာမူ ဆားပုလင်းနှင်းမောင်နှင့် ခွဲခွာရမည်ဖြစ်သဖြင့် ဝမ်းနည်းသကဲ့သို့ ရှိနေလေ၏။ ဆားပုလင်းနှင်းမောင်မှာမူ တော်ရုံကိစ္စလောက်နှင့် အလွယ်တကူ ဝမ်းနည်းတတ်သော လူမျိုးမဟုတ်ရကား ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောပင် ရှိလေ၏။ ၎င်းအား အပြစ်ရှိသဖြင့် နယ်သို့ပို့လိုက်ခြင်းကိုပင် အကောင်းဘက်ကတွေး၍ ပျော်ရွှင်နိုင်လေ၏။

ကျွန်ုပ်မှာမူကား "ဆားပုလင်းနှင်းမောင် မရှိရင်တော့ ဒုက္ခပါပဲ" ဟု စိတ်၌ တွေးရင်း ၎င်းအား . . .

"ခင်ဗျား ဘယ်တော့သွားမတုန်း" ဟု မေးလိုက်မိလေ၏။

"အခုပဲသွားမယ်လေ အိုင်ပီ" ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ဖြေလေ၏။

"ပစ္စည်းတွေ ဘာတွေမယူတော့ဘူးလား အိုင်ဆေး" ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်မိလေ၏။

ထိုအခါ ဆားပုလင်း နှင်းမောင်က -

"စုံထောက်တစ်ယောက် နယ်ပြောင်းတဲ့ကိစ္စမှာ အရေးကြီးဆုံးပါဖို့ပစ္စည်းက ဒါပဲ မဟုတ်လားဗျ" ဟု ဆိုကာ ကုတ်အင်္ကျီအောက်တွင် ဝှက်၍လွယ်ထားသော ခြောက်လုံးပြူးကို ကျွန်ုပ်အားမြင်စေရန်အတွက် ကုတ်အင်္ကျီကိုလှစ်၍ပြလိုက်လေ၏။

"အဝတ်အစားတွေ ပြောတာလေဗျာ" ဟု ကျွန်ုပ်က စိတ်မရှည်သောလေသံဖြင့် ပြန်၍ ပြောလိုက်လေ၏။

"ဟိုရောက်တော့မှ ယောလုံချည်နှစ်ထည်လောက် ထပ်ပြီး ဝယ်မယ်ဗျာ၊ ဖျင်ကြမ်းအင်္ကျီ နှစ်ထည်လောက် ထပ်ပြီးချုပ်မယ်ဗျာ၊ ဒီအပြင်ဘာများလိုသေးလို့လဲ" ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောဆိုကာ ကုတ်အင်္ကျီအိတ်အတွင်းမှ ဂလေစီရာ ရေခဲတောင်တံဆိပ် စီးကရက်ကိုထုတ်ယူ၍ နှုတ်ခမ်းဖျား၌တေ့ပြီးလျှင် ကုလားအုတ် တံဆိပ် စီးကရက်ကုမ္ပဏီမှ ကြော်ငြာအဖြစ် ထုတ်လုပ်သော ကုလားအုတ်တံဆိပ် ကြေးမီးခြစ်ကို "ထောက်" ခနဲ ဖွင့်၍ မီးခြစ်ကာ စီးကရက်၌ တို့လိုက်လေ၏။

ပြီးလျှင် စီးကရက်ကို ဖွာ၍ မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက်လေ၏။

ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်အား ခြေဆုံးခေါင်းဆုံးကြည့်လိုက်မိလေ၏။ အနက်ရောင် ကျားပါးစပ်ဖိနပ်ကိုစီးထား၏။ ယောလုံချည်အနက်ကို ဝတ်ဆင်ထား၏။


www.burmeseclassic.com

www.burmeseclassic.com 

ကာကီရောင် ရှပ်အကျႌကို အောက်၌ခံ၍ နက်ပြာရောင် ကုတ်အကျႌ ဖားဖားကြီးကို အပေါ်၊ မှဝတ်ထားလေ၏။ သက္ကလတ်ဦးထုပ် အညိုရောင်ကို ခပ်ငိုက်ငိုက်ဆောင်း၍ ထား၏။

ၚင်းသည် အရပ်အားဖြင့် ငါးပေဆယ်လက်မခန့်ရှိပေရာ မြန်မာလူမျိုးထဲတွင် အရပ်မြင့်သူစာရင်း၌ ထိပ်ဆုံးတန်း၌ ပါဝင်ခွင့်ရလေတော့၏။ ၚင်း၏ကိုယ်လုံးမှာ အလေးမသမားများကဲ့သို့ ကြည့်မကောင်း ရှုမကောင်းဖွယ်ရာ ကြွက်သားကြီးများ ဖုထစ်နေခြင်းလည်းမရှိ။ မည်သည့် ကိုယ်ကာယလေ့ကျင့်ခန်းကိုမျှ မလုပ်သဖြင့် ပိန်စောက်စောက်ကြီးဖြစ်နေသောလူမျိုးနှင့်လည်းမတူ။ ဘားကျွမ်းကစားခြင်း၊ လက်ဝှေ့ ထိုးခြင်း၊ ဗန်တိုဗန်ရှည်များ လေ့ကျင့်ခြင်းတို့ကြောင့် ဖြောင့်စင်းတောင့်တင်း၍ လွန်စွာ အချိုးကျသော ကိုယ်လုံးကိုယ်ပေါက်ကို ရရှိထားပေ၏။

ဆားပုလင်းနှင်းမောင်သည် ကိုယ်လုံးကိုယ်ပေါက် တစ်ခုတည်း၌သာလျှင် ကြည့်၍ကောင်းသည်မဟုတ်။ ၚင်း၏ မျက်နှာသွင်ပြင်မှာလည်း တစ်ခါမြင်လိုက်ရုံဖြင့် မြင်ရသူအဖို့ မကျေနပ်သေးဘဲ နှစ်ခါထပ်၍ကြည့်ရလောက်အောင် ထူးခြားမှုရှိလေ၏။

ကျွန်ုပ်ဆိုလိုသော ထူးခြားချက်မှာ ချောခြင်း လှခြင်းကို မဆိုလို။ ထူးခြား ပေါ်လွင်ခြင်းကိုသာ ဆိုလိုပေ၏။

ထိုအချိန်၌မှာပင် တစ်ဘက်သောရုံးခန်းမှ လက်ဝါးကိုကိုကြီးဟူ၍ ပုလိပ် လောက၌နာမည်ကြီးသော အိုင်ပီ ဦးကိုကိုကြီးသည် ကျွန်ုပ်တို့ရှိရာသို့ ရောက်ရှိ လာပြီးလျှင် . . .

"အိုင်ဆေး ကိုနှင်းမောင်ရယ်၊ အခုလိုဗြုန်းစားကြီးသွားမယ်ဆိုတော့ ခက်တာ ပေါ့ဗျာ၊ ဟိုရောက်ရင် ကျုပ်ရဲ့မိတ်ဆွေတွေရှိပါတယ်၊ သူ့နာမည်က ဗျာ၊ ပါးစပ်ဖျား တင်ပါ၊ နေပါဦး၊ ဘယ်သူတဲ့၊ မေ့နေလိုက်တာဗျာ၊ ဘုရားကြီးလမ်းမှာ နေတာပါ၊ ကုန်စုံဆိုင်ကြီးရှိတယ်ဗျာ၊ တရုတ်လူမျိုးပါပဲ၊ အင်း . . . အရေးထဲကျရင် မေ့ပြီဗျာ" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"မုံရွာဘုရားကြီးလမ်းက တရုတ်လူမျိုး ကုန်သည်ထဲကဆိုရင် ဂင်မိုးချမ်းရယ်၊ ဟိန်းဟိုးရယ်လို့ ကုန်စုံတိုက်ကြီးနှစ်တိုက် ရှိတယ်ဗျာ၊ ပြီးတော့ ဂျင်ချမ်းဆိုတာက ကိုယ်စားလှယ်ကြီးဗျ၊ မြန်မာထဲက ကိုတင်အောင် ညီအစ်ကိုတစ်စု၊ သံထည်ပစ္စည်းနဲ့ စာအုပ်တိုက်ရှိတယ်ဗျာ" ဟု ပြန်၍ပြောလိုက်ရာ လက်ဝါးဦးကိုကိုကြီးက . . .


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ ဟုတ်ပြီ၊ ဂင်မိုးချမ်း ကုန်စုံတိုက်ကို ပြောမလို့ပါဗျာ၊ အင်း ပြီးတော့ ကျောက်ကာလမ်းဘက်မှာလဲ ကျုပ်အသိတွေ တော်တော်များများရှိတယ်ဗျာ၊ သူတို့ဆီကို မိတ်ဆက်စာရေးပေးလိုက်တာ၊ ပြီးတော့ ကုန်သည်ကြီးလင်မယားလဲ ကျုပ်အသိပါပဲ၊ နာမည်မေ့နေပြန်ပြီ" ဟု ပြောပြန်လေ၏။

"ကျောက်ကာလမ်းက ဒေါ်မြရီ၊ နယ်သားပျံဆေးလိပ်တိုက်လား၊ ကုန်သည် လင်မယား ဆိုတာက ကိုအုံးဆင့်တို့ လင်မယားကို ပြောတာလား" ဟု ဆားပုလင်း နှင်းမောင်က ပြန်၍မေးလိုက်ပြန်ရာ လက်ဝါးဦးကိုကိုကြီးက . . .

"အစစ်ပေါ့ဗျာ၊ ပြီးတော့ ကျုပ်အသိမော်တော်ဝပ်ရှော့တစ်ခုလဲ ရှိသေးတယ်ဗျ၊ အဲဒါက အလုံလမ်းဘက်မှာ၊ နာမည်တော့ မေ့နေပြီဗျာ" ဟု ပြောပြန်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"အလုံလမ်းက မော်တော်ဝပ်ရှော့ဆိုတာ ကိုဘိုထွန်း မစံရဲ့ မော်တော်ဝပ်ရှော့ ကို ပြောတာလား" ဟု မေးပြန်လေ၏။

ဦးကိုကိုကြီးသည် အလျှော့မပေးသေးဘဲ . . .

"ကန်တော်ကြီးလမ်းဘက်မှာလဲ ကျုပ်နဲ့သိတဲ့ ပွဲရုံနှစ်ရုံရှိတယ်ဗျို့၊ အင်း ဒါပေမဲ့ နာမည်တွေ မေ့နေတယ်ဗျ" ဟု ပြောပြန်လေ၏။

"ကန်တော်ကြီးလမ်းက ပွဲရုံဆိုတော့ ကိုဘထူးရဲ့ ခေတ်မီပွဲရုံနဲ့ ကိုထွန်းရင်ရဲ့ လူထုပွဲရုံကို ပြောတာများလားဗျာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ပြန်ရာ ဦးကိုကိုကြီးက ခေါင်းကိုကုတ်၍ . . .

"ဟုတ်ပါတယ်ဗျာ . . . မိတ်ဆက်စာလဲ ရေးမပေးတော့ပါဘူး။ ခင်ဗျားက အကုန်သိနေတာပဲဥစ္စာ၊ အင်း ခင်ဗျားဦးနှောက်ကလဲ ဘယ်လိုဦးနှောက်မျိုးလဲဗျာ၊ မှတ်မိလိုက်တာလွန်ပါရော၊ ဖိုတိုဂရပ်ဖစ်ဘရိမ်းဆိုတာ ဒါမျိုးများလားဗျာ" ဦးကိုကိုကြီး က ပြောလိုက်လေတော့၏။

ထို့နောက် များမကြာမီအချိန်အတွင်း၌ပင် ကျွန်ုပ်နှင့် လက်ဝါးဦးကိုကိုကြီး တို့သည် ကားတစ်စီးကိုထုတ်၍ ဆားပုလင်းနှင်းမောင်အား ကွမ်းခြံဘူတာကြီးသို့ လိုက်၍ပို့လိုက်လေတော့၏။ ဘူတာသို့ရောက်လျှင် ရထားထွက်ရန်အချိန်စောသေး သဖြင့် ပလက်ဖောင်းပေါ်၌ပင် ကျွန်ုပ်တို့သုံးဦးသည် မတ်တတ်ရပ်လျက် ရှေ့ကိုတတ် ရာရာ စကားများကို ပြောဆိုနေကြလေ၏။

www.burmeseclassic.com

ထိုသို့စကားပြောနေစဉ်အတွင်း၌ ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်နှင့် ပတ်သက်သော အကြောင်းအရာများကို "တရစပ်" စဉ်းစားနေမိလေတော့၏။

အမှန်စင်စစ်အားဖြင့်"ဆားပုလင်း"ဆိုသည်မှာ အင်္ဂလိပ်စကား (Surveilance) ဆားဗီးလင့် သံသယရှိခြင်းခံရသောပုဂ္ဂိုလ်များကို အနီးကပ်စောင့်ကြည့်ခြင်းဟူသော စကားမှ အသံချင်းဖလှယ်၍ ကျွန်ုပ်တို့မြန်မာများသည် အင်္ဂလိပ်စကားအချို့ကို မွေးစားခဲ့ကြ၏။ ထိုသို့မွေးစားရာ၌လည်း အချို့သောစကားလုံးများကို တိုက်ရိုက်မွေးစားခဲ့၏။ မော်တော်ကား၊ ရေဒီယို၊ ဝိုင်ယာလက်၊ ဒါရိုက်တာ စသည်များစွာမှာ တိုက်ရိုက်မွေးစားခဲ့သော စကားလုံးများဖြစ်၏။

ထိုသို့မဟုတ်ဘဲ အင်္ဂလိပ်စကားကို မြန်မာအသံပြုကာ မွေးစားခဲ့သော စကားများလည်းရှိပေသေး၏။ ဆာမွန်ကို သာမန်စာ ဟူ၍လည်းကောင်း၊ ရီဂျစ်စတာကို ရေစစ္စလီဟူ၍ လည်းကောင်း၊ ပူလိစ်ကို ပုလိပ်ဟူ၍ လည်းကောင်း၊ ဘင့်ကို ဘဏ်ဟူ၍ လည်းကောင်း မြန်မာသံနှင့်ညှိကာ မွေးစားခဲ့လေ၏။ ထိုသို့ အသံချင်းညှိ၍ မွေးစားခဲ့သော စကားလုံးများအနက်က ကျွန်ုပ်တို့ပုလိပ်ဘက်တွင်အသုံးပြုသည့် "ဆာဗီးလင့်" ဟူသောစကားလုံးသည် အင်္ဂလိပ်စာမတတ်သောမြန်မာတို့၏ပါးစပ်တွင် "ဆားပုလင်း" ဟူ၍ ဖြစ်သွားလေတော့၏။ ထိုသို့ဖြစ်သွားရုံမျှမက မူရင်းဖြစ်သော ဆားဗီးလင့် သည်ပင် တိမ်မြုပ်၍ ဆားပုလင်းဟူသောဝေါဟာရက အမြစ်တွယ် ရေပန်းစားသွားလေတော့၏။

ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေကြီး (Surveilance) ကိုနှင်းမောင်သည်ပင် မြန်မာပြည်ပုလိပ်အဖွဲ့၌လည်းကောင်း၊ ပုလိပ်အဖွဲ့နှင့် တိုက်ရိုက်ပတ်သက်နေရသော ဒုစရိုက်သမားတို့၏လောက၌လည်းကောင်း "ဆားပုလင်းနှင်းမောင်" ဟူ၍ ကျော်ကြား လာခဲ့ရလေတော့၏။

အမှန်စင်စစ်အားဖြင့် ဆားပုလင်းဟူသော ရာထူးမှာ ပုလိပ်ဘက်၌ ပြောပလောက်သော ရာထူးမျိုး မဟုတ်ပေ။ သို့ရာတွင် ဆားပုလင်းနှင်းမောင်မှာကား ပြောပလောက်သူဖြစ်ရုံသာမက စာတစ်စောင် ပေတစ်ဖွဲ့နှင့်ပင် မှတ်တမ်းတင်ထားထိုက်သည်ဟု ယူဆသည့်အလျောက် ကျွန်ုပ်သည် ၎င်းနှင့်ပတ်သက်သော အကြောင်းအရာများကို မှတ်သားထားလေ့ရှိ၏။ ၎င်းလိုက်ခဲ့သောအမှုများနှင့် ၎င်း၏စွန့်စားခန်းများ တို့လည်း ကျွန်ုပ်၏ကိုယ်ပိုင်မှတ်တမ်း၌ ရေးမှတ်ထားသည်ချည်းဖြစ်၏။ အဘယ်ကြောင့် ရေးမှတ်ရသနည်းဆိုမူ နောင်တစ်ချိန် ကျွန်ုပ်ပင်စင်ယူသော ကာလ၌ ဆားပုလင်း



www.burmeseclassic.com

နှင်းမောင်အကြောင်းကို အများပြည်သူ သိရှိရန်အတွက် ကျွန်ုပ်အနေနှင့် စာအုပ်စာတမ်းများ ပြုစုရေးသားမည်ဟု ကြံရွယ်ထားသောကြောင့် ဖြစ်၏။

အမှန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ထက် ရာထူးအားဖြင့် လွန်စွာ ကြီးမားပေသည်။ သို့ရာတွင် ဆားပုလင်းနှင်းမောင်မှာမူ အရည်အချင်းအားဖြင့် ကျွန်ုပ်ထက် လွန်စွာကြီးမားကြောင်းကိုလည်း ကျွန်ုပ်အနေနှင့် ဝန်ခံရပေသည်။

ကျွန်ုပ်၏အိမ်၌ မှန်ပေါင်တပ်၍ချိတ်ထားသော အမှုထမ်းကောင်းလက်မှတ်များ၊ ရှိုးပြလိုသောသဘောနှင့် ချိတ်ဆွဲထားသည့် ဆုရငွေဓားများမှာ ကျွန်ုပ်၏အစွမ်းအစကြောင့် မဟုတ်ဘဲ ကိုနှင်းမောင်၏အစွမ်းကြောင့်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်အနေနှင့် ဝန်ခံရန် အသင့်ရှိပြန်၏။

ကိုနှင်းမောင်၌ ထူးခြားသော စိတ်နေသဘာဝများရှိသည့်အနက် မနာလိုခြင်းကင်းသော စိတ်နေသဘာဝတစ်ခုသည်လည်း ချီးမွမ်းစရာ ကောင်းလှတော့၏။ အထက်ကဆိုခဲ့သော အမှုထမ်းကောင်း လက်မှတ်များ၊ ငွေဓားဆုများသည် သူ၏ကြိုးပမ်းမှုကြောင့် ကျွန်ုပ်ရရှိခဲ့ခြင်းဖြစ်ကြောင်းကို သူလည်း ကောင်းစွာသိပေ၏။ သို့ရာတွင် အများသူငါကဲ့သို့ "လုပ်တော့ ငါကလုပ်ပြီး အကျိုးရှိတော့ သူ့မှာ အကျိုးရှိနေတာပဲ၊ ဘာဖြစ်လို့ လုပ်ရမလဲ" ဟူသော စိတ်ထားမျိုးလည်းမရှိ "သူ ရထားတဲ့ဆုတွေ၊ အမှုထမ်းကောင်းလက်မှတ်တွေဟာ သူ့အစွမ်း မဟုတ်ပါဘူးဗျာ၊ ကျုပ်ကြောင့်ရတာတွေ့ပါ။ ဘယ်အမှုတုန်းက ကျုပ်လိုက်ပေးခဲ့တာပဲ၊ ခင်ဗျားတို့လဲ အသိသားမဟုတ်လား" ဟူ၍ ကျွန်ုပ်၏ကွယ်ရာ၌လည်း အသားမယူ၊ ကျွန်ုပ်၏ရှေ့တွင်လည်း ထိုကိစ္စကို အကြောင်းပြု၍ အခွင့်အရေးမတောင်းရုံမျှမက ၎င်းကြောင့်ရရှိခဲ့သော ဆုဓားများနှင့် အမှုထမ်းကောင်းလက်မှတ်များကို စိတ်မျှပင် ဝင်စားခြင်း မရှိသည်ကို တွေ့ရလေတော့၏။

တစ်ခါက ကျွန်ုပ်သည် ကိုနှင်းမောင်အား အောက်ပါအတိုင်း မေးဖူးလေ၏။

"အိုင်ဆေး ကိုနှင်းမောင်၊ ကျုပ်နဲ့ ခင်ဗျားနဲ့ တွဲလာတဲ့ တစ်လျှောက်လုံးမှာ ခင်ဗျားကြောင့်အမှုတွေပေါ်လာခဲ့တယ်။ ရာထူးတက်တော့ ကျုပ်က တက်ခဲ့တယ်၊ ဆုတွေရတော့ ကျုပ်က ရခဲ့တယ်၊ ခင်ဗျားမှာတော့ ဒိုရင်း ဒိုရင်းပဲ၊ ကျုပ်မှာတော့

www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျားကို အကြောင်းပြုပြီး အကျိုးရှိပါ့ဗျာ၊ အဲဒီတော့ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုများ ခံစားရသလဲ၊ အမှန်အတိုင်းပြောစမ်းပါဗျာ"

ထိုအခါ ကိုနှင်းမောင်သည် ၎င်း၏ထုံးစံအတိုင်း မခို့တရို့ကလေး ပြုံးလိုက်ပြီးလျှင် . . .

"အိုင်ပီ မှားနေပြီ၊ ခင်ဗျား ရာထူးတက်တာတွေ၊ အမှုထမ်းကောင်း လက်မှတ်တွေ၊ ငွေဆုတွေ ရတာဟာ ကျုပ်ကြောင့်လို့ ထင်နေရှာကိုး၊ လုံးလုံးမဟုတ်ဘူးဗျ၊ ခင်ဗျားဟာ ခင်ဗျား ရတာတွေချည်းပဲလို့မှတ်" ဟု ပြောလေ၏။

"ဘယ်ဟုတ်မလဲ ကိုနှင်းမောင်ရယ်၊ မြိုင်ရာဇာတာတေအမှုမှာ ကျုပ်ရာထူးတက်ခဲ့တာ ခင်ဗျားလဲ အသိသားပဲ၊ အဲဒီအမှုတုန်းက ကျုပ်က ဘာများလုပ်တတ်လို့လဲဗျာ၊ ခင်ဗျားပဲ အစအဆုံး အမှုကိုဖော်ခဲ့တာမဟုတ်လား၊ ရာထူးတက်တော့သာ ကျုပ်က တက်ခဲ့တာပဲ" ဟု ကျွန်ုပ်က ပြောလျှင် ကိုနှင်းမောင်က ပြုံး၍ . . .

"အိုင်ပီ၊ ဒီအသက်အရွယ်အထိ အုန်းပင်တစ်ပင်လောက်များစိုက်ဖူးသလား၊ စိုက်ဖူးမယ် မထင်ပါဘူး" ဟု ပြောလိုက်လေ၏။

"မစိုက်ဖူးပေါင်ဗျာ၊ အဲဒါ ဘာဖြစ်သလဲ" ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်ရာ ကိုနှင်းမောင်က . . .

"မစိုက်ဖူးပေမယ့် အုန်းသီးတော့ စားဖူးမှာပေါ့နော်" ဟု ပြန်၍ မေးလိုက်လေ၏။

"စားဖူးတာပေါ့ ကိုနှင်းမောင်ရယ်၊ ကျုပ်က အုန်းသီး သိပ်ပြီးကြိုက်တယ်ဗျ" ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုနှင်းမောင်က . . .

"အိုင်ပီ စားခဲ့ဖူးတဲ့ အုန်းသီးတွေကို စိုက်ပျိုးခဲ့တဲ့ အုန်းပင်စိုက်သမားက ငါကတော့ အုန်းပင်စိုက်ရတယ်၊ ငါ အုန်းပင်စိုက်နေတုန်းက ပေါက်ပြားကလေးတောင်ကူပြီး ကိုင်ပေးဖော်မရတဲ့ စီအိုင်ဒီက ပုလိပ်အင်စပိတ်တော်ကြီး ဦးအောင်သင်းဟာ ငါစိုက်ခဲ့တဲ့အုန်းပင်က အုန်းသီးတွေကို တဝတပြစားနေပြီလို့ မကျေမနပ်များ ဖြစ်မယ် ထင်လို့လား" ဟု ကျွန်ုပ်အား မေးလိုက်၏။

"ကတ်သီး ကတ်သတ်ဗျာ" ဟု ကျွန်ုပ်က ပြန်၍ပြောရာ ကိုနှင်းမောင်က . . .

"အဲဒီလိုပဲ အိုင်ပီ၊ ကတ်သီးကတ်သတ်ဗျာ၊ ခင်ဗျားကသိုလ် ခင်ဗျား ရတာတွေပါ အိုင်ပီ၊ ကျုပ်တော်လို့ ရတယ်ဆိုရင်တောင်မှ ဒီလိုတော်တဲ့လူကို ရထားဖို့ ခင်ဗျားမှာ


www.burmeseclassic.com

ကုသိုလ်ရှိတယ်လို့မှတ်ပါ၊ ကျုပ်ကတော့ အုန်းပင်စိုက်တဲ့လူလိုပါ၊ စိုက်နေရရင် ကျေနပ်ပါတယ်ဗျာ၊ ကျုပ်ကုသိုလ်ကလဲ စိုက်နေရရင် ကျေနပ်နိုင်အောင်ကို ကျုပ်ရဲ့ စိတ်နှလုံးက ပါလာပါတယ်၊ ဒီအတွက်တော့ သံသယမရှိပါနဲ့ အိုင်ပီ" ဟု ပြောဆိုရယ်မောလေတော့၏။

အင်္ဂလိပ်စကား၌ စိတ်ထားကြီးမြင့်သူကို အိုးလ်မော်ရယ်လတီ 'မြင့်မြတ်သောစိတ်ထား' ဟု တင်စားပြောဆိုလေ့ရှိကြသည်ကို ၎င်းတို့၏ ဝတ္ထုဘုတ်အုပ်များ၌ မကြာခဏ ဖတ်ရှုမိဖူးပေ၏။ ၎င်းတို့ပြောဆိုလိုသည့် "မြင့်မြတ်သောစိတ်ထား" ဆိုသည်မှာ ယခင်က သဘောမပေါက်သော်လည်း ကိုနှင်းမောင်နှင့် တွေ့သောအခါ၌မူ ကိုနှင်းမောင်၏ စိတ်ထားမျိုးကိုဆိုလိုကြောင်း ကျွန်ုပ်အနေနှင့် သဘောပေါက်မိလေတော့၏။

ကိုနှင်းမောင်သည် လူတော်တစ်ဦးဖြစ်ကြောင်းကို ကျွန်ုပ်သည် ကောင်းစွာနားလည်လေ၏။ သို့ရာတွင် ကိုနှင်းမောင် မည်မျှတော်ကြောင်း၊ ကိုနှင်းမောင် မည်မျှအရည်အချင်းရှိကြောင်းကိုမူ ကျွန်ုပ်သည် စာအုပ်တစ်အုပ်တည်းဖြင့် ပြည့်စုံအောင် ဖော်ပြနိုင်မည် မဟုတ်ပေ။

လူတော်ဟု ဆိုသူများကို ကျွန်ုပ်တွေ့ဖူးပါ၏။ အချို့သည် စိတ်ထားဘက်၌ ရာနှုန်းပြည့်မျှ နီးပါးတော်၏။ သို့ရာတွင် အခြားသောတတ်ကျွမ်းမှု လေ့လာမှုများ၌ အားနည်းနေပြန်၏။ အချို့မှာ လက်တွေ့လုပ်ကိုင်ခြင်း၌ များစွာတော်၏။ တတ်ကျွမ်း၏၊ လေ့လာမှုလည်း အားကောင်း၏။ သို့ရာတွင် စိတ်ထားဘက်၌မူ ပေမမီ၊ ဒေါက်မမီ ဖြစ်နေပြန်၏။ ကိုနှင်းမောင်ကား ထိုသို့မဟုတ်၊ စွယ်စုံဘက်စုံ တော်သူဖြစ်၏၊ အကြွမ်းရောအနုပါရ၏။ ဦးနှောက်အလုပ်၌တော်သကဲ့သို့ ကိုယ်ကာယနှင့်ဆိုင်သည့် တိုက်ခြင်း၊ ခိုက်ခြင်းအလုပ်မျိုး၌လည်း ၎င်းကိုမီသောသူကို ပုလိပ်ဘက်၌ ယခုစာကိုရေးနေသည့်အချိန်အထိ ကျွန်ုပ်အနေနှင့် မတွေ့ဖူးပေ။

ကျွန်ုပ်သည် ဤသို့လျှင် ကျွန်ုပ်၏မိတ်ဆွေကြီး ကိုနှင်းမောင်ခေါ် စုံထောက်ကြီးဆားပုလင်းနှင်းမောင်၏ အကြောင်းအရာများကို ပြန်ပြောင်းတွေးတော၍ သတိရနေစဉ်ပင် မီးရထားကြီးသည် ထွက်ခွာရန်အတွက် အချက်ပြလေတော့၏။ ဂါတ်ဗိုလ်ကလည်း လိပ်၍ကိုင်ထားသောအလံစိမ်းကိုဖြန့်၍ ခေါင်းတွဲကို ပြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


"ကဲ သွားမယ်ဗျာ" ဟု ဆားပုလင်းနှင်းမောင်က ကျွန်ုပ်နှင့် ဦးကိုကိုကြီးအား နှုတ်ဆက်လိုက်လေ၏။

ထိုအချိန်၌မှာပင် . . .

"ဘယ်ကိုသွားမှာလဲ ဆရာကိုနှင်းမောင်ရဲ့၊ သွားလို့မရသေးဘူး၊ မင်းကြီးက ပြန်လာခဲ့ပါ တဲ့၊ ဟောဒီမှာ စာပေးလိုက်တယ်" ဟုဆိုကာ ကျွန်ုပ်တို့ စီအိုင်ဒီရုံးမှ ပြာတာကလေး မောင်ညိုသည် ဆားပုလင်းနှင်းမောင်အား စာတစ်စောင်ထုတ်၍ ပေးလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"နေစမ်းပါဦး မောင်ညိုရ၊ မင်းက ဘယ်ကနေဘယ်လိုရောက်လာတာတုံး" ဟု မေးလိုက်ရာ မောင်ညိုက . . .

"ပဲခူးမှာ လူသတ်မှုဖြစ်လို့တဲ့ ဆရာရဲ့၊ အဲဒါ ကျွန်တော့်ကို လွှတ်လိုက်တာ၊ ဆားပုလင်းနှင်းမောင် ဘူတာရုံမှာရှိမယ်၊ သူ့ကိုအဲဒီစာပြပြီး ပြန်ခေါ်ခဲ့ပါလို့ မင်းကြီးက ခိုင်းလိုက်တာ၊ ကျွန်တော်လဲ မီရာကားနဲ့ အမြန်ဆုံးလိုက်လာရတာ" ဟု ဆိုကာ မောင်ညိုသည် ၎င်း၏အိတ်အတွင်းမှ စက္ကူဖြင့်ထုပ်ထားသော ကွမ်းယာတစ်ယာကို တစ်မြုံ့မြုံ့ဝါး၍ နေလေတော့၏။

ဆားပုလင်းနှင်းမောင်သည် မောင်ညိုပေးသောစာကို ဖတ်ပြီးနောက် ကျွန်ုပ်အား ထိုစာကိုပေးလိုက်၏။ ကျွန်ုပ်လည်း ၎င်းပေးသောစာကို ယူ၍ ဖတ်ကြည့်ရာ အင်္ဂလိပ်စာဖြင့်ရေးထားသော အောက်ပါ အဓိပ္ပာယ်ရသောစာကို တွေ့ရလေတော့၏။

*ဆားပုလင်း နှင်းမောင် . . .*

ခရီးဆက်ပြီး မသွားပါနှင့်ဦး၊ ပဲခူးမှာ အလွန်စိတ်ညစ်စရာ ကောင်းတဲ့ လူသတ်မှုကြီး ဖြစ်ပွားတယ်လို့ ပဲခူးဂါတ်က စီအိုင်ဒီကို အကြောင်းကြားတယ်၊ ဒီလိုအမှုမျိုးမှာ ဆားပုလင်းနှင်းမောင်မရှိရင် စီအိုင်ဒီအတွက် လွန်စွာအခက်အခဲတွေရှိဖို့ရှိတယ်၊ ဒါကြောင့် စာရရချင်း ပြန်လာပါ။

မစ္စတာ ကရစ်ပင်
စုံထောက်မင်းကြီး
အင်းစိန် စီအိုင်ဒီ

ဘုကျော်ဝင်းစာပေ
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အထက်ပါစာကိုဖတ်ပြီးသည့်နောက် ဦးကိုကိုကြီးအား ပေးလိုက်ပြန်၏။ ဦးကိုကိုကြီးလည်း ထိုစာကိုဖတ်နေပြန်လေ၏။

ထိုအချိန်၌မှာပင် စာပို့ရထားသည် "တရှူးရှူးတရဲရဲ" အော်မြည်လျက် မောင်းနှင်ထွက်သွားပြီ ဖြစ်လေတော့၏။

ဦးကိုကိုကြီးသည် စာကိုဖတ်ပြီးနောက် ၎င်း၏ကျယ်ပြန့်သော ပါးစပ်ကြီးကို ဖြကာ တဟားဟား ရယ်မောလေ၏။ ထိုသို့ ရယ်မောပြီးလျှင် . . .

"အိုင်ဆေး ကိုနှင်းမောင်၊ ခင်ဗျားမရှိရင် မဖြစ်ပါဘူးဗျာ၊ ဒါပေမဲ့ အထက်အရာရှိမျက်နှာဖြူတွေက နားမလည်ဘူးဗျ၊ မစ္စတာ ကရစ်ပင် တစ်ယောက်ပဲ ခင်ဗျားအကြောင်း ကောင်းကောင်းသိတယ်၊ ဘာပဲဖြစ်ဖြစ်လေ အမိန့်ထုတ်ပြီး နယ်ပို့မယ့် အမှုထမ်းတစ်ယောက်ကို မျက်နှာဖြူမင်းကြီး ပြန်ပြီးခေါ်ရတယ်ဆိုတာတော့ မြန်မာတစ်ယောက် အနေနဲ့ရော၊ ဆားပုလင်းနှင်းမောင်ရဲ့ မိတ်ဆွေတစ်ယောက် အနေနဲ့ရော ကျုပ်ဖြင့်ဂုဏ်ယူတယ်ဗျာ၊ ကဲလာ သွားကြစို့၊ စုံထောက်မင်းကြီး မစ္စတာကရစ်ပင် မျှော်နေရော့မယ်၊ လူပြက်တွေ ပြောသလိုပေါ့ဗျာ၊ တောင့်တတုန်းခါ ပေါ်ထွက်လာသတ္တဝါမလေ့ စိတ်ချမ်းမြေ့တဲ့ ဟဲဟဲဟဲ၊ ခင်ဗျားမျက်နှာကို မြင်လိုက်ရင်တော့ ဒီငနဲကြီးဟာ မျက်နှာကြီး ရွှတ်တွပြီး ကျုပ်တို့ကို ဆူတော့ ကြိမ်းတော့မှာပဲဗျ" ဟု ပြောဆိုကာ ၎င်းက ရှေ့မှနေ၍ ဘူတာအတွင်းမှ ထွက်လေ၏။

ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်လည်း စကားတပြောပြောနှင့် ဦးကိုကိုကြီး နောက်သို့ လိုက်ပါသွားကြလေတော့၏။

မော်တော်ကားဆီသို့ ရောက်သောအခါ၌ ဦးကိုကိုကြီးက ကားကို မောင်းလေ၏။ ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်လည်း ကားပေါ်သို့ တက်ကြလေ၏။

ထိုအခါ ကျွန်ုပ်သည် ပြာတာကလေး မောင်ညိုကို မတွေ့သဖြင့် . . .

"ဒီမှာ ဦးကိုကိုကြီး ခဏနေဦးဗျ၊ မောင်ညိုမလာသေးဘူး" ဟု ပြောလိုက်ရ ဦးကိုကိုကြီးသည် ကားကို မောင်းမည်ပြုပြီးနောက် မမောင်းသေးဘဲ ရပ်၍ စောင့်နေရလေ၏။

အချိန်အနည်းငယ် ကြာသောအခါ၌ မောင်ညို ရောက်၍လာလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .


www.burmeseclassic.com

www.burmeseclassic.com


"မင်းက ဘယ်သွားနေတာတုံး ဟကောင်ရ၊ လူကြီးတွေက မင်းကိုစောင့်နေရတယ်" ဟု ကြိမ်းလိုက်ရာ မောင်ညိုက . . .

"ဒီလိုပါ ဆရာ ဦးကိုကိုကြီးရယ်၊ ဆေးလိပ်သွားဝယ်တာပါ၊ ဆေးလိပ်ဝယ်ပြီးတော့ တစ်ခါ အပေါ့သွားချင်တာနဲ့ အပေါ့သွားတာပါ။ အပေါ့သွားပြီးတော့တစ်ခါ ကွမ်းယာဝယ်ဖို့ သတိရတာနဲ့ ကွမ်းယာကလေး ဝင်ပြီးဝယ်တာပါ" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"တော်ကွာ၊ လူကြည့်တော့ လက်တောက်လောက်ရှိသေးတယ်၊ ဆေးလိပ်သောက်ရတာနဲ့၊ ကွမ်းစားရတာနဲ့၊ အရေးထဲ သေးကလဲ ပေါက်ချင်သေးတယ် မဟုတ်လား" ဟု ပြောဆိုကာ ကားကို 'ဝီး' ခနဲ မောင်းထွက်လေတော့၏။

"အပေါ့သွားတာကတော့ ဒီလိုပါ ဆရာရယ်၊ ဥတုဘောဇနကျမ်းထဲမှာ ပါတဲ့အတိုင်း ဆီးကောင်းအောင်ဆိုပြီး ကျွန်တော်က ဟိုအရွက်ဒီအရွက်တွေ ပြုတ်ပြီး သောက်တယ်ခင်ဗျ" ဟု မောင်ညိုက ကွမ်းတံတွေးကို 'ပြစ်' ခနဲထွေးရင်း စကားဆက်လိုက်ရာ . . .

"နားမလည် ပါးမလည်နဲ့ ဟိုးဆေးကျမ်းကလေးဖတ်၊ ဟိုဆေးမြီးတိုကလေးမှတ်နဲ့၊ ဟိုဟာပြုတ်သောက်၊ ဟိုဟာထောင်းစားနဲ့ သေနေလိမ့်မယ်၊ မင်းနဲ့ ဥတုဘောဇနကျမ်းနဲ့ ဘာဆိုင်လို့တုံး၊ ဒီကျမ်းက ပညာရှိရေးခဲ့တာကွ၊ မင်းလို နကန်းတစ်လုံးမတတ်တဲ့ကောင်၊ ဖတ်လို့ ဘာနားလည်မှာတုံး" ဟု ဦးကိုကိုကြီးက ပြောလိုက်လေတော့၏။

"နေပါဦး ဆရာဦးကိုကိုကြီးရယ်၊ ဗျည်းသုံးဆယ့်သုံးလုံးထဲမှာ နငယ်နဲ့ ဏကြီးပဲ ပါပါတယ်ဗျာ၊ နကန်းရယ်လို့ မပါပါဘူး၊ အဲဒါကလေး နည်းနည်း ရှင်းစမ်းပါဦး" ဟု မောင်ညိုက ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ခွေးမျိုး၊ ငါ့ကိုစိတ်ညစ်အောင် မလုပ်နဲ့၊ ငါ့ကို ဒီလိုကတ်သီးကတ်သတ်တွေ မေးလို့ရတဲ့ကောင် မဟုတ်ဘူး၊ မေးရင်လဲ ငါက မဖြေတတ်ဘူးကွ၊ နားရင်းပဲအုတ်တတ်တယ်" ဟု ပြောဆိုကာ ဦးကိုကိုကြီးသည် တဟားဟားရယ်မောလေတော့၏။

ထိုအခါ ပြာတာမောင်ညိုလည်း ရယ်မောလေတော့၏။ ထိုအချိန်၌ အတွေးတစ်ခု ပေါ်လာလေ၏။ လူကြီးသူမများသည် ငယ်စဉ်၌ ကျွန်ုပ်တို့အား စာကြိုးစားရန် ပြောခဲ့၏။ အကယ်၍ မကြိုးစားပါက နကန်းတစ်လုံးမျှ မတတ်သောအဖြစ်သို့ ရောက်သွားမည် ဖြစ်ကြောင်းလည်း ဆိုဆုံးမခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ကျွန်ုပ်သည် နကန်းဆိုသည့် စာလုံးကို မစဉ်းစားခဲ့ဖူးပါ။ ပြာတာမောင်ညို ပြောသည်မှာ မှန်၏။ မြန်မာဗျည်း သုံးဆယ့်သုံးလုံးထဲတွင် နငယ်နှင့် ဏကြီး သာလျှင်ရှိ၏။ နကန်းဟူ၍ မပါ။

ထိုသို့ဖြစ်ပါလျက် ရှေးလူကြီး သူမတို့သည် နငယ်မတတ်သည့် အကောင်ဟူ၍လည်း မပြော၊ ဏကြီးမတတ်သည့် အကောင်ဟူ၍လည်း မဆို၊ အဘယ့်ကြောင့် နကန်းမတတ်သည့် အကောင်ဟူ၍ ပြောဆိုကြပါသနည်း။

ထို့ကြောင့် 'န' ၌ 'နကောင်း' 'နကန်း' ဟူ၍ ရှိပါသလောဟူ၍ တွေးတော စဉ်းစားနေမိလေတော့၏။ ထိုအခါ ကျွန်ုပ်၏ဘေးတွင် ရေခဲတောင်တံဆိပ်စီးကရက်ကို နှုတ်ခမ်းဖျား၌တေ့ရင်း မျက်တောင်ကလေးများကို စင်းကာအတွေးနယ်ချဲ့၍ လိုက်ပါ လာသော ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်က . . .

"ဘယ်လိုလဲ အိုင်ပီ၊ မောင်ညိုပြောတဲ့ နကန်းကို စဉ်းစားနေတာလား" ဟု ကျွန်ုပ်အား ရုတ်တရက် မေးလိုက်ရာ ကျွန်ုပ်လည်း လန့်ဖျပ်၍ . . .

"ဟုတ်ပါရဲ့ဗျာ၊ ဒီကောင်မေးတာ အဓိပ္ပာယ်ရှိတယ်ဗျ၊ နကန်းဆိုတာ ဘယ်ဟာ ကို ခေါ်တာတုံး" ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်လေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒီလို အိုင်ပီရဲ့၊ နငယ်ဟာ သူ့ချည်းသက်သက် ရေးရတဲ့ စာလုံးမျိုးရယ် တခြားစာလုံးနဲ့ပေါင်းပြီးမှ ရေးရတာမျိုးရယ် ရှိတယ်မဟုတ်လား၊ ဥပမာဗျာ "နမော" ဆိုပါတော့ ရှိခိုးခြင်းဆိုတဲ့ စာလုံးမှာ သူဟာ သူ့ဟာသူသက်သက် နငယ်အဖြစ် ရေးရတယ်၊ သူ့ဘေးက မောက သတ်သတ်ရေးရတယ်၊ ဒါပေမဲ့ 'နတ္ထိ' ဆိုတဲ့ စာလုံး ဆိုပါတော့ဗျာ၊ အဲဒီစာလုံးက 'န+အတ္ထိ' ဆိုတဲ့ စာလုံးနှစ်လုံးကိုပေါင်းပြီးရေးထားတာ အဲဒါကြောင့် နတ္ထိ လို့ ဖတ်ရတာ၊ အဲဒီမှာ 'အတ္ထိ' ဆိုတာကိုဖယ်လိုက်ရင် နငယ်ချည်း သက်သက် ဘာမှအဓိပ္ပာယ်မရတော့ဘူး၊ အဲ့ဒါကို 'နကန်း' လို့ခေါ်တာ၊ ဒါက ကျုပ်ထင် သဘောပေါက်သလောက် ရှင်းပြရတာပါ၊ စာတတ်ပေတတ် ဘုန်းကြီးရဟန်းတွေနဲ့ တွေ့တဲ့အခါ မေးကြည့်ပေါ့ဗျာ၊ ပိုပြီးတော့ပြည့်ပြည့်စုံစုံနားလည်ရတာပေါ့" ဟု ရှင်းပြ လိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက ပြာတာ့မောင်ညိုအား . . .

"ဟော့ကောင် မောင်ညို၊ 'နကန်း' အကြောင်း ရှင်းပြီလား" ဟု မေးလိုက်ရာ ပြာတာမောင်ညိုက . . .


www.burmeseclassic.com

www.burmeseclassic.com


"ဆရာကိုနှင်းမောင်ကိုတော့ မပြောနဲ့ဗျာ၊ သူက ဘာမဆိုသိတဲ့လူပဲ" ဟု ပြန်၍ ပြောလိုက်လေတော့၏။

ထို့နောက် ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် လာခဲ့ကြရာ များမကြာမီ၌ပင် စီအိုင်ဒီသို့ ရောက်ရှိခဲ့ကြလေတော့၏။

စီအိုင်ဒီသို့ ရောက်သောအခါ၌ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ ရုံခန်းအတွင်းသို့ ဝင်ကြလေ၏။ မစ္စတာကရစ်ပင်သည် ကျွန်ုပ်နှင့် ဦးကိုကိုကြီးကို မြင်တွေ့သောအခါ၌ ဆူပူကြိမ်းမောင်းမည်ကဲ့သို့ လုပ်သေး၏။

သို့ရာတွင် ဆားပုလင်းနှင်းမောင်ကိုပါ မြင်တွေ့လိုက်သောကြောင့် . . .

"ဂွတ်ဒ်မောနင်း ဆားပုလင်းနှင်းမောင်၊ မုံရွာကို မသွားပါနဲ့ဦး၊ ပဲခူးမှာ လူသတ်မှုတစ်ခုဖြစ်တယ်လို့ အကြောင်းကြားတယ်၊ ဖြစ်တဲ့နေရာက ဟောဒီမှာပဲ" ဟု ဆိုကာ မြေပုံကြမ်းတစ်ချပ်ကို ထုတ်ပေးလေ၏။

ထို့နောက် မစ္စတာကရစ်ပင်ကပင် . . .

"တောင်ကုန်းပေါ်က အိမ်လို့ဆိုတယ်၊ အဲဒီကိုသွားပြီး လူသတ်တရားခံကို ဖမ်းစားပေးပါဦး" ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်တို့လည်း စုံထောက်မင်းကြီးအား ဆလံပေးကာ ရုံးခန်းအတွင်းမှ ထွက်ခဲ့လေတော့၏။ ဆားပုလင်းနှင်းမောင်ကမူ စုံထောက်မင်းကြီးအား . . .

"လူသတ်တရားခံကို ဖမ်းဖို့မခက်ပါဘူး၊ ဆေတန်နတ်သားကိုယ်တိုင်လာပြီး သတ်ရင်တောင် အဲဒီဆေတန်နတ်သားကို ကျုပ် လက်ထိပ်ခတ်ပေးနိုင်ပါတယ်" ဟု ပြောလိုက်ရာ စုံထောက်မင်းကြီးက . . .

"ကျွန်ုပ် ယုံပါတယ်၊ ဒါကြောင့်လဲ ဆားပုလင်းနှင်းမောင်ကို အချိန်မီပြန်ပြီး ခေါ်ရတာပေါ့၊ ပဲခူးမှာ လူသတ်မှုကျူးလွန်ပြီး ပျောက်ကွယ်သွားတဲ့ ဆေတန်ကို လက်ထိပ်ခတ်ပြီး ပို့ပေးစမ်းပါဦးလို့ ပြောပါရစေ" ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်သည် မော်တော်ကားကို မောင်း၏။ ကျွန်ုပ်၏ နံဘေး၌ ဆားပုလင်းနှင်းမောင်ပါ ထိုင်၏။ ကျွန်ုပ်နောက်၌မူ ဦးကိုကိုကြီးပါ၍လာလေ၏။

ကျွန်ုပ်တို့ မော်တော်ကားကလေးသည် တစ်နာရီကျော်ကျော် အတွင်း၌ပင် ပဲခူးမြို့သို့ ရောက်ရှိခဲ့လေတော့၏။ ပဲခူးသို့ ရောက်သောအခါ၌ မစ္စတာကရစ်ပင် ပေးဆွဲပေးလိုက်သောမြေပုံကြမ်းကိုထုတ်ကြည့်၍ ဆက်လက်မောင်းနှင်ခဲ့ရာ များမကြာမီ အချိန်၌ပင် တောင်ကုန်းကလေးတစ်ခုသို့ ရောက်ရှိခဲ့လေ၏။

www.burmeseclassic.com

 www.burmeseclassic.com

ထိုတောင်ကုန်းကလေး အပေါ်၌ကား အခင်းဖြစ်ပွားသော အိမ်ကြီးကို လှမ်းမျှော်တွေ့ရှိရလေတော့၏။ ကျွန်ုပ်တို့သည် မော်တော်ကားကို တောင်ကုန်းအောက်တွင် ထားခဲ့ပြီးနောက် တောင်ကုန်းကလေးပေါ်သို့ ခြေကျင်တက်ကြလေ၏။

တောင်ကုန်းကလေးပေါ်သို့ရောက်လျှင် ခြံဝင်းတံခါးစေ့ထားသည်ကို တွေ့ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုဝင်းတံခါးကိုတွန်းဖွင့်ရင်း တံခါးကိုလက်ဖြင့်ခေါက်ကြည့်ကာ ခြံဝင်းအုတ်နံရံကို မော့ကြည့်လေ၏။

ထို့နောက် ခြံဝင်း၏ဘေးဘက်တွင်ကာထားသော ပျဉ်ထောင်အကာများကို ကြည့်ရှုပြန်၏။ ထိုအချိန်၌ပင် လွန်စွာကြုံလှီသော ခွေးဝဲစားကလေးတစ်ကောင်သည် ပြေး၍ထွက်လာပြီးလျှင် ဆားပုလင်းနှင်းမောင်အား 'တဝုတ်ဝုတ်' နှင့် ဟောင်လေတော့၏။

သို့ရာတွင် ဆားပုလင်းနှင်းမောင်သည် ခွေးနောက်သို့ အတင်းပြေးလိုက်ကာ ရိုက်မည်ကဲ့သို့ လုပ်လေ၏။ ခွေးကလေးလည်း ခြံကြီး၏နောက်ဘက်ဆီသို့ပြေးလေ၏။

ဆားပုလင်းနှင်းမောင်လည်း ဆက်၍လိုက်လေ၏။ ထိုအခါခွေးကလေးသည် ပျဉ်ထောင်ခြံစည်းရိုး၏အောက်ရှိ ခွေးတိုးပေါက်မှ ငုပ်လျှိုးကာ ခြံအပြင်ဘက်သို့ ထွက်ပြေးသွားလေတော့၏။

ထိုအဖြစ်ကိုကြည့်ကာ ဦးကိုကိုကြီးက . . .

"ခွေးဝဲစားကလေးကတော့ ထင့်မှာပဲဗျ၊ ကြောက်ပါတယ်ဆိုနေမှပဲ ဒီလူကြီး၏ ဒီလောက်တောင် ငါ့ကိုနှိပ်စက်ချင်ရတာလဲလို့" ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သုံးဦးသည် အိမ်ကြီး၏ အောက်ထပ်ဆီသို့ ဝင်ကြလေ၏။ အောက်ထပ်တွင် ပုလိပ်ကလေးတစ်ဦး နံပါတ်တုတ်ကိုင်၍ မတ်တတ်ရပ်နေသည်ကို တွေ့ရလေ၏။

ထိုပုလိပ်ကလေးသည် ကျွန်ုပ်အား ဆလံပေးလေ၏။

ထိုအချိန်မှာပင် ပဲခူးဂါတ်မှ ဌာနာအုပ်ကြီးတစ်ဦး အိမ်အတွင်းမှထွက်လာကာ ကျွန်ုပ်တို့အား နှုတ်ဆက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"ရာဇဝတ်အုပ်ကြီး၊ ဟောဒါ . . . ကျုပ်တို့စီအိုင်ဒီရဲ့ သူရဲကောင်း ဆားပုလင်း နှင်းမောင်ပဲ" ဟု မိတ်ဆက်ပေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ရာဇဝတ်အုပ်ကြီးက . . .

"ကိုနှင်းမောင်ကို မမြင်ဖူးပေမယ့် နာမည်ကိုကြားဖူးနေတာတော့ ကြာပါပြီဗျာ၊ ဒီတစ်ပွဲမှာတော့ ကိုနှင်းမောင်ရဲ့ ပညာစွမ်းကို ကြည့်ခွင့်ရတော့မှာပဲ" ဟု မခိုးမခန့် လေသံဖြင့် ပြောလိုက်လေ၏။ ဆားပုလင်းနှင်းမောင်ကမူ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ပြုံးရုံသာလျှင် ပြုံးလိုက်လေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အပေါ်ထပ်ဆီသို့တက်သော လှေကားဆီသို့သွားကာ အပေါ်သို့တက်လေ၏။ ကျွန်ုပ်တို့လည်း လိုက်၍တက်ကြရလေ၏။

လှေကားထစ်သို့ ရောက်လာသောအခါ၌ ကျွန်ုပ်သည် ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်မိလေ၏။ အဘယ်ကြောင့်ဆိုမူ လှေကားပေါ်၌ကား လည်ပင်းတွင် ကြိုးတန်းလန်းဖြင့် လျှာထွက်ကာ မျက်လုံးများ အဆမတန်ပြူး၍ သေဆုံးနေသော ကြောက်မက်ဖွယ်ရာ အလောင်းကြီးတစ်လောင်းကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

ဆားပုလင်းနှင်းမောင်သည် ထိုအလောင်းကြီးကိုကျော်၍ အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။ အိမ်ပေါ်ထပ်၌ကား ကျွန်ုပ်တို့ စီအိုင်ဒီမှ စုံထောက် ကိုအောင်မြင့်၊ စုံထောက် ကိုစိန်လှ၊ စုံထောက် ကိုတင်ဝင်း စသည့်သူများကို တွေ့ရလေတော့၏။

ထိုသူတို့သည် တစ်စုံတစ်ခုကို ဝိုင်းအုံကြည့်ရှု နေကြလေ၏။

ထို့ကြောင့် ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ၎င်းတို့ကြည့်ရှုနေသောအရာကို ဝင်ရောက်ကြည့်ရှုလိုက်ရာ ကြမ်းပေါ်တွင် လဲကျသေဆုံးနေသော မိန်းမတစ်ဦး၏ အလောင်းဖြစ်ကြောင်း သိရလေ၏။

ကိုယ်လုံးကိုယ်ပေါက် လွန်စွာမှလှပသော မိန်းမတစ်ဦး ဖြစ်လေ၏။ ၎င်း၏ မျက်လုံးများမှာ ပြူးကျယ်၍ နေပြီးလျှင် ပါးစပ်မှာလည်း ဟ၍နေ၏။ ၎င်း၏နှုတ်ခမ်းပေါ်မှ မေးစေ့တိုင်အောင် သွေးများစီးကျနေ၏။ အမှန်အားဖြင့် ထိုမိန်းမသည် မျက်လုံးမျက်ဖန် လွန်စွာကောင်း၏။ နှာတံပေါ်၏။ အသက်ရှင်လျက်ရှိပါမူ ဖိုသတ္တဝါတို့အဖို့ စိတ်ဝင်စားဖွယ်ရာ ရုပ်ရည်မျိုးဖြစ်၏။

စုံထောက် ကိုအောင်မြင့်သည် ကျွန်ုပ်တို့ကိုတွေ့လျှင် . . .

"ဘာဖြစ်လို့လိုက်လာကြတာတုံးဗျာ၊ ဒီအမှုလောက်ကို စီအိုင်ဒီကလူစုံတက်စေလိုက်ဖို့မလိုပါဘူး၊ ဟဲ ဟဲ ဟဲ၊ မှုံရွာကိုပြောင်းရမယ့် ဆားပုလင်းနှင်းမောင်ကိုတော့ ခင်ဗျားတို့က ခေါ်ခဲ့ကြသေးသကိုး၊ ဒီလောက်လဲ မလိုပါဘူးဗျာ၊ ဒီမှာလဲ အမှုက

www.burmeseclassic.com


စဉ်းစားလို့ ရတန်သလောက် ရနေပြီပဲ” ဟု ဆီး၍ ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

“နေစမ်းပါဦး ရွှေသွား ကိုအောင်မြင့်ရဲ့ ခင်ဗျားကလဲ တွေ့တာနဲ့ ခနိုးခနဲ့ ပြောဖို့လောက်ပဲ စဉ်းစားနေတာကိုး၊ အတော်ကလေး အလုပ်လုပ်ပြီးကြပြီလား” ဟု မေးလိုက်လေ၏။

ထိုအခါ စုံထောက်ကိုအောင်မြင့်ကမဖြေဘဲ ကိုတင်ဝင်းက ကြားမှနေဝင်၍-

“ဘာအလုပ်လုပ်ဖို့ ရှိလို့တုံးဗျ၊ ဟောဟိုလှေကားမှာ ကြိုးတန်းလန်းနဲ့ သေနေတာက ဟောဒီမိန်းမရဲ့ယောကျ်ား ဦးခင်ဦးတဲ့ ဆန်စက်သူဌေးတစ်ယောက်ပဲ၊ ဟောဒီမှာ သေနေတာက သူ့မိန်းမ မစန်းအေး တဲ့၊ သူတို့လင်မယားနှစ်ယောက်ပဲ နေကြတာ၊ မနက်ကျမှ ထမင်းချက်တဲ့ကုလားတစ်ယောက်လာပြီး ထမင်းချက်ပေးတယ်၊ ပြီးတော့ ညကျပြန်သွားတယ်၊ ဒီကနေ့မနက် ထမင်းချက်ကုလားက အိမ်ကိုလာတယ်၊ သူတို့ကို နှိုးတယ်၊ နှိုးလို့မရတာနဲ့ စောင့်နေတယ်၊ ၈ နာရီလောက်အထိ မနိုးကြတာနဲ့ မီးဖိုပြတင်းပေါက်ကနေ ဝင်တယ်၊ အဲဒီ ပြတင်းပေါက်က ကန့်လန့်တစ်ခု ပြုတ်နေတယ်၊ ကန့်လန့်တစ်ခုပဲ ရှိတယ်၊ အဲဒါကို သိထားလေတော့ ပြတင်းပေါက်တံခါးကို ဖွင့်လို့ ရတာပေါ့၊ အဲဒီကနေပြီးတော့ဝင်လာပြီး သူတို့ကိုလဲနှိုးမယ်လို့ အပေါ်လဲတက်လာရော သူတို့နှစ်ယောက်သေနေတာကိုတွေ့လို့ အဲဒီကုလားက ဂါတ်ကိုပြေးလာပြီး တိုင်တာ။ ကျုပ်တို့ကတော့ ထုံးစံအတိုင်းပဲ လာတိုင်တဲ့ကုလားကို ဖမ်းထားဖို့ အကြောင်းကြားလိုက်ပြီ၊ ဂါတ်က ဟောဒီရာဇဝတ်အုပ်ကြီးတို့ကလဲ လျင်တယ်၊ ကျုပ်တို့မပြောခင်ကတည်းက ဖမ်းနှင့်ထားပြီးပြီ၊ တကယ်ကလဲ ဘာမှစဉ်းစားစရာ မရှိပါဘူး၊ ဒီကုလားပဲ သတ်တာနေမှာပဲ” ဟု ပြောလိုက်လေ၏။

“ဘာဖြစ်လို့ သတ်တာတုံး” ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။ ထိုအခါ စုံထောက် ကိုစိန်လှက . . .

“ဟောဒီမိန်းမရဲ့အလောင်းမှာ ကြည့်စမ်းပါဦး ဦးကိုကိုကြီး၊ အဖိုးတန် စိန်ရွှေ လက်ဝတ်ရတနာတွေ အပြည့်ပဲ၊ ပစ္စည်းလိုချင်လို့ သတ်တာဆိုရင် ဒါတွေ ဘယ်ရှိနိုင်ပါ့မတုံး” ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

“ကဲပါ ဘာဖြစ်လို့သတ်တာလဲ ပြောစမ်းပါ” ဟု စိတ်မရှည်သောလေသံဖြင့် မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား အတော်ညံ့သေးတာပဲ၊ မုဒိမ်းမှုဗျ၊ ကုလားဟာ အစကတော့ ရိုးရိုးသားသား၊ အိမ်ရှင်လင်မယားကိုနှိုးမယ်ဆိုပြီး တက်လာတာ၊ အပေါ်လဲရောက်ရော စိတ်ပြောင်းစရာတွေတွေ့လို့ စိတ်ပြောင်းပြီး၊ ယောက်ျားလုပ်သူကို ကြိုးနဲ့တုပ်ပြီး ကြိုးဆွဲချသတ်လိုက်မယ်၊ နောက်ပြီး လည်ပင်းညှစ်ပြီး သတ်ပစ်လိုက်တယ်ပေါ့ဗျာ၊ ကျုပ်ပြောတာ ဟုတ်တယ် မဟုတ်ဘူးဆိုတာက ဟောဒီအမျိုးသမီးရဲ့ လုံချည်ကို သက်ဆိုင်ရာမှ စစ်ဆေးကြည့်ရင် အဖြေပေါ်ပါလိမ့်မယ်" ဟု ကိုစိန်လှက ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ်စီးကရက်ကိုသောက်၍ မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်ကာ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေလေ၏။

ထို့နောက် အနည်းငယ် လျှောက်သွားပြီးလျှင် ကြမ်းပြင်ပေါ်၌ အားလျားမှောက်လျက် အိတ်အတွင်းမှမှန်ဘီလူးကိုထုတ်ကာ ကြမ်းပြင်ကို မှန်ဘီလူးဖြင့်ကြည့်နေလေ၏။ ဤသို့ကြည့်ရင်း တဖြည်းဖြည်းနှင့် ဗီရိုကြီးတစ်လုံး၏အနီးသို့ ရောက်သွားလေ၏။

ထို့နောက် ဗီရိုကိုဖွင့်လိုက်လေ၏။ ဗီရိုမှာ လူတစ်ရပ်ကျော်ကျော်ခန့်မြင့်ပြီးလျှင် အတွင်း၌ အဆင့်များမရှိဘဲ ပြုလုပ်ထားသော ဗီရိုမျိုးဖြစ်၏။ ဗီရိုအတွင်း၌လည်း ပစ္စည်းဟူ၍ တစ်စုံတစ်ရာမရှိပေ။

ဆားပုလင်းနှင်းမောင်သည် ဗီရိုအနီးမှ ထခွာပြီးလျှင် နံရံကိုကြည့်ပြန်၏။ နံရံ၏ တစ်နေရာသို့ ရောက်သောအခါ၌ ကသိုဏ်းရှုသကဲ့သို့ စိုက်၍ကြည့်နေလေ၏။

ထို့နောက် မျောက်တစ်ကောင်၏လျင်မြန်ခြင်းမျိုးဖြင့် ထိုနံရံမှနေ၍ ထုပ်တန်းတစ်ခုပေါ်သို့တက်သွားပြီးလျှင် ထုပ်တန်းတစ်လျှောက်လုံးအား မှန်ဘီလူးဖြင့် ကြည့်နေလေ၏။ စုံထောက် ကိုအောင်မြင့်တို့သည် ဆားပုလင်းနှင်းမောင်ပြုလုပ်ပုံကိုကြည့်ကာ တစ်ဦးကိုတစ်ဦး ပြုံးပြကြလေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ထုပ်တန်းပေါ်မှဆင်းကာ လှေကားပေါ်မှအလောင်းကိုကျော်၍ မီးဖိုဘက်ဆီသို့ သွားလေ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ၎င်း၏နောက်သို့ လိုက်၍ သွားကြလေ၏။ မီးဖိုအတွင်းသို့ ရောက်သောအခါ၌ အိုးခွက်များကို ဆားပုလင်းနှင်းမောင်က သေချာစွာ ကြည့်ပြန်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



ဆန်အိုးမှ ဆန်အချို့ ကြမ်းပြင်ပေါ်သို့ ဖိတ်ကျနေသည်ကို တွေ့ရလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် ဗီရိုကိုဖွင့်ကာ အတွင်းမှထမင်းဟင်းလျာများကို ကြည့်ရှုလေ၏။ မီးဖိုအတွင်း၌လည်း နိုင်ငံခြားအရက်ပုလင်းအလွတ် အမြောက်အမြား ကို တွေ့ရလေ၏။

ဆားပုလင်းနှင်းမောင်သည် မီးဖိုအတွင်း၌ဤသို့ကြည့်ရှုပြီးနောက် မီးဖိုပြတင်း ပေါက် တစ်ပေါက်ကိုကြည့်ရှုရာ တံခါး 'ချက်' တစ်ခု ပြုတ်နေသည်ကို တွေ့ရလေ၏။ ပြုတ်နေသော 'ချက်' မှာ အပေါ်ဘက်မှ 'ချက်' ဖြစ်၏။ အောက်ဘက် 'ချက်' မှာမူ အကောင်းပကတိအတိုင်း ရှိလေ၏။

ဆားပုလင်းနှင်းမောင်သည် အပြင်ဘက်သို့ထွက်ကာ ပြတင်းပေါက်တံခါးရွက် ကို လက်ဖြင့်ဆွဲလိုက်၏။ 'ချက်' ပြုတ်နေသောကြောင့် တံခါးရွက်အပေါ်ပိုင်းသည် အနည်းငယ်ဟ၍သွားလေ၏။ ထိုအခါ လက်ကိုထိုးသွင်း၍ အောက် 'ချက်'ကို နှိုက်ကြည့် ပြန်ရာ ၎င်း၏လက်က ကြီးနေသဖြင့် နှိုက်မရဘဲ ရှိလေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် အတွင်းဘက်သို့ ပြန်လာပြီးလျှင် . . .

"ထမင်းချက်ကုလားဟာ အတော်ကိုလူကောင်သေးတာပဲ" ဟု ပြောလိုက် လေ၏။ ပြီးလျှင် ၎င်းသည်အိမ်ပေါ်ထပ်သို့ပြန်၍တက်သွားသည်ဖြစ်ရာ ကျွန်ုပ်တို့သည် နောက်မှလိုက်၍တက်ကြရလေ၏။ အပေါ်ထပ်သို့ရောက်သောအခါ၌ မိန်းမအလောင်း အနီးသို့သွားကာ ဆားပုလင်းနှင်းမောင်သည် မျက်နှာကို အနီးကပ် ကြည့်ရှုလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က . . .

"ဟောဒီက အမျိုးသမီးကိုလဲ လည်ပင်းမှာ ကြိုးကွင်းစွပ်ပြီး ဆွဲကြိုးချသလို လုပ်ပြီး သတ်လိုက်တာဗျ၊ လည်ပင်းညှစ်ပြီး သတ်လိုက်တာ မဟုတ်ဘူး၊ ဒါပေ လှေကားပေါ်မှာသေနေတဲ့ အလောင်းလိုတော့ လည်ပင်းမှာ ကြိုးကွင်းတန်းလန်း ဖြစ်မနေဘူး၊ ဧကန္တတော့ လည်ပင်းကကြိုးကိုဖြုတ်ယူသွားတယ်နဲ့တူတယ်၊ တစ်ခုတော ရှိတယ်၊ လူသတ်သမားဟာ တစ်ယောက်တည်းမဖြစ်နိုင်ဘူး၊ တစ်ယောက်တည်းနဲ့တေ ဟောဒီနှစ်ယောက်စလုံးကို ကြိုးဆွဲချသလိုလုပ်ပြီး မသတ်နိုင်ဘူး၊ ကဲပါလေ ဒါတွေ ထားလိုက်ပါဦး၊ ရန်ကုန်မပြန်ခင် ပဲခူးဂါတ်ကိုဝင်ပြီး ဂါတ်မှာဖမ်းထားတဲ့ ထမင်းချက် တွေ့ချင်သေးတယ်" ဟု ပြောဆိုကာ အောက်ထပ်သို့ ဆင်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်လည်း ၎င်း၏နောက်မှလိုက်၍ဆင်း၏။ ဦးကိုကိုကြီးကမူ ဆင်းခါနီး၌ စုံထောက် ကိုအောင်မြင့်၊ ကိုစိန်လှ၊ ကိုတင်ဝင်းတို့အား . . .

"ဟုတ်တာလဲ မဟုတ်ဘဲ၊ အချိန်ကုန် ခံမနေကြပါနဲ့ဗျာ၊ ရန်ကုန်ကို ပြန်ကြပါတော့၊ ခင်ဗျားတို့ စဉ်းစားနေလို့လဲ အမှုက ပေါ်မှာမှမဟုတ်ဘဲ၊ စိတ်မဆိုးနဲ့နော်၊ ကျုပ်က အမှန်အတိုင်းပြောတာ၊ ဟဲ ဟဲ ဟဲ၊ ဟန်လုပ်ရတာ ပင်ပန်းပါတယ် ကိုယ့်လူတို့ရာ" ဟု ပြောဆိုကာ အောက်သို့ဆင်းခဲ့လေ၏။

စုံထောက် သုံးဦးသားသည် ဦးကိုကိုကြီးအား ဒေါပွ၍ ကျန်ရစ်ခဲ့ကြလေတော့၏။




www.burmeseclassic.com

www.burmeseclassic.com



# ငုပ်ကောင်တစ်ဦး

ကားကို ဆားပုလင်း နှင်းမောင်ကိုယ်တိုင် မောင်း၏။ ပဲခူးဂါတ်ရှေ့သို့ ရောက်သောအခါ၌ ကားကိုရပ်ပြီးလျှင် ဂါတ်အတွင်းသို့ ဝင်လေ၏။ ထို့နောက် ဂါတ်စာရေးကို ပြောကာ ဆန်စက်ပိုင်ရှင် ဦးခင်ဦးအိမ်မှ ထမင်းချက်ကုလားကို အချုပ်ခန်းအတွင်းမှ ထုတ်ခိုင်းလိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်နှင့် ထမင်းချက်ကုလားတို့သည် အောက်ပါအတိုင်း အမေးအဖြေ ပြုလုပ်ကြလေ၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကုလားလို့ပဲ ခေါ်ပါတယ် ဆပ်"

"ဒီအိမ်မှာ အလုပ်လုပ်တာ ကြာပြီလား"

"မကြာသေးပါဘူး ဆပ်၊ တစ်လလောက်ပဲ ရှိပါသေးတယ်"

"ဒီအိမ်မှာ မင်းက ဘာလုပ်ရတာလဲ"

"ကျွန်တော်က ထမင်းချက်ပါ"

"မင်းက ထမင်းချက်သာ ဆိုတယ်၊ အမှန်ကတော့ ဟင်းပဲချက်ရတာ ဟုတ်တယ် မဟုတ်လား၊ ထမင်းကို သူဌေးကတော်ပဲ ချက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆပ်"

www.burmeseclassic.com

www.burmeseclassic.com 

"အဲ့ဒီအိမ်ကို မနက် ဘယ်အချိန်မှာလာပြီး၊ ဘယ်အချိန်မှာ ပြန်ရသလဲ"

"မနက် (၆) နာရီအရောက် လာရပါတယ်၊ ည (၆) နာရီမှာ ပြန်ရပါတယ်"

"မနက် (၆) နာရီလာတဲ့အခါမှာ ပြတင်းပေါက်တံခါးတွေကို လက်နဲ့နှိုက်ဖွင့်ပြီး အထဲကို ဝင်တယ်၊ မီးဖိုထဲကကြောင်အိမ်ပေါ်မှာ သူဌေးကတော်က ချက်ရမယ့်ဟင်းနဲ့ ပိုက်ဆံကို တင်ထားလေ့ရှိတယ်၊ မင်းက အဲဒါကိုယူပြီး ဈေးသွားရတယ်၊ မင်း ဈေးက ပြန်လာတဲ့အခါမှာ သူဌေးလင်မယားက နိုးနေပြီ၊ မင်းက ဈေးမသွားခင်ကတည်းက သူတို့နိုးရင်စားဖို့သောက်ဖို့ ကော်ဖီတွေ၊ ကြက်ဥကြော်တွေ အဆင်သင့်လုပ်ပစ်ခဲ့လေ့ ရှိတယ်မဟုတ်လား"

"မှန်ပါတယ် ဆပ်"

"ကောင်းပြီ၊ မီးဖိုခန်းကနေ အိမ်ထဲကိုဝင်တဲ့တံခါးဟာ အမြဲတမ်းပိတ်ထားတယ် မဟုတ်လား၊ ဘာဖြစ်လို့ ဒီမနက်မှ ပွင့်နေရတာလဲ"

"တံခါးက အမြဲတမ်းပိတ်ရမှာပါပဲ၊ ဒါပေမဲ့ သူဌေးက ညဆိုရင် အရက်သောက် တယ်၊ အရက်နဲ့မြီးတဲ့ ပစ္စည်းကုန်ရင် မီးဖိုထဲကို သူကိုယ်တိုင်လာတယ်၊ ပြီးရင် အပေါ်ကိုပြန်တက်သွားတယ်၊ အဲ့ဒီအခါမှာ အဲ့ဒီတံခါးကိုပိတ်ဖို့ အမြဲတမ်းမေ့တယ်၊ သူဌေးကတော်က သူဌေးကို အမြဲတမ်းဆူတယ်၊ မနေ့ညကလဲ သူဟာ ဒီလိုပဲမေ့ခဲ့မှာပဲ"

"ကောင်းပြီ၊ သူဌေးနာမည် ဘယ်လိုခေါ်သလဲ"

"ဦးခင်ဦး လို့ ခေါ်ပါတယ်"

"သူဌေးကတော် နာမည်ရော"

"ဒေါ်စိန်အေး လို့ ခေါ်ပါတယ်"

"သူဌေးရဲ့စက် ဘယ်မှာလဲ"

"မြို့အဲပြင်မှာပါ၊ ရန်မျိုးအောင်စက်လို့ ခေါ်ပါတယ်"

"မင်းမှာ သားသမီး ဘယ်နှစ်ယောက်ရှိသလဲ"

"ခြောက်ယောက်ရှိပါတယ် ဆပ်"

"ကောင်းပြီ၊ မင်းကို ငါ အာမခံပြီး လွှတ်ပေးလိုက်မယ်၊ ဒီမြို့ကဘယ်မှမသွားနဲ့ ကြားလား" ဟု ဆိုကာ ထိုထမင်းချက်ကုလားအား လွှတ်ပေးရန်အတွက် ဌာနာအုပ်ကြီး အား စာတစ်စောင်ရေးပြီးလျှင် ဂါတ်စာရေးကို ပေးခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းချက်ကုလားလည်း ဆားပုလင်းနှင်းမောင်အား အကြိမ်ပေါင်းများစွာ ဆလံပေးလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ထမင်းချက်ကုလား၏လက်ကို ဆွဲယူ၍ သူ၏လက်နှင့်ယှဉ်၍ပြလိုက်ရာ ကုလား၏လက်သည် အဆမတန်သေးကွေး သော လက်ကလေးဖြစ်ကြောင်း တွေ့ရလေ၏။

"ဟုတ်ပါရဲ့ဗျာ၊ ဒီကောင်ဟာ တော်တော့်ကို လူကောင်သေးတဲ့ကောင်ပဲ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေတော့၏။

"ဩော် . . . ဒီလိုလား၊ အဲဒါတော့ ကျုပ် ဉာဏ်မမီဘူးဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေတော့၏။

"ဒါတော့ ခင်ဗျား ဟိုရာဇဝတ်အုပ်ကြီးကို စောင်းပြီးပြောတာပါ" ဟု ကျွန်ုပ်က ဝင်၍ ထောက်လိုက်ရာ ဦးကိုကိုကြီးက . . .

"စောင်းပြီး ပြောတာ မဟုတ်ဘူးဗျ၊ တည့်တည့်ပြောတာ၊ သူက ဒီနေရာမှာ တော့ ဉာဏ်မမီဘူးလေး ဘာလေးနဲ့၊ ဘယ်နေရာမှာများဉာဏ်မီမှာမို့တုံး" ဟု ပြောလိုက် လေတော့၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် အသတ်ခံရသည့်သူဌေးဦးခင်ဦး ပိုင်ဆိုင်သော ရန်မျိုးအောင်ဆန်စက်ကို ရောက်ရှိလာခဲ့တော့၏။ စက်ပိတ်ထားသဖြင့် အလုပ်သမား များကို မတွေ့ရပေ။ ဒရဝမ်ကြီးတစ်ဦးသာလျှင် ရှိလေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုဒရမ်ဝမ်ကြီးထံသို့ သွားပြီးလျှင် . . .

"ကျွန်တော်တို့က စုံထောက်ဘက်ကပါ ဦးလေး . . . သူဌေး ဦးခင်ဦးနဲ့ သူဌေးကတော် ဒေါ်စန်းအေးတို့ အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး သိချင်တာလေးရှိလို့ မေးပါရစေ" ဟု ပြောလိုက်ရာ ဒရဝမ်အဘိုးကြီးက . . .

"မ - မ - မလုပ်ပါနဲ့ မောင်ရယ်၊ ဒီအမှုနဲ့ကျုပ်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကျုပ်ဟာ လူတစ်ယောက်ကို သတ်ဖို့မပြောနဲ့ ကြွက်တောင် ကြီးရင် မသတ်ဝံ့လို့ ထောင်ချောက်နဲ့ ဖမ်းပြီး လွှတ်ပစ်တဲ့လူစားပါ၊ ဟောဟိုမှာ မြင်လား၊ ကြွက်ထောင်ချောက်တွေ" ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောလိုက်လေ၏။


www.burmeseclassic.com

"ဦးလေးကို သတ်တယ်လို့ မပြောပါဘူး၊ စက်သူဌေး ဦးခင်ဦးအကြောင်း နည်းနည်းပါးပါးသိချင်လို့ လာပြီးမေးတာပါ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်မှပင် ဒရဝမ်အဘိုးကြီးလည်း စိတ်သက်သာရာရသွားပြီးလျှင် . . .

"ဪ . . . ဒီလိုလား၊ မေးပါ မေးပါ၊ ကျုပ်သိသမျှ ဖြေပါ့မယ်၊ ကျုပ်က ဒီစက်မှာလုပ်တာကြာပါပြီ၊ အခု ကျုပ်တို့သူဌေးမောင်ခင်ဦး ဒီစက်မှာ စာရေးမဖြစ်ခင်ကတည်းက ကျုပ်ဟာ ဒီမှာဒရဝမ်လုပ်နေတာပါ" ဟု အဘိုးကြီးက ပြောလိုက်လေ၏။

"ဪ . . . သူဌေးဦးခင်ဦးက အလျင်တုန်းက ဒီစက်က စာရေးလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဟုတ်ပါတယ် စာရေးပါ၊ နောက်တော့ သူဌေးကြီး ဦးမြူက စာရေးကလေး မောင်ခင်ဦးကို ရိုးသားတာနဲ့ သူ့သမီးနဲ့ပေးစားလိုက်တာ၊ ပြီးတော့ သူလဲ ရဟန်းပြုပြီး တောထွက်သွားရှာတယ်" ဟု ဒရဝမ်အဘိုးကြီးက ပြောလေ၏။

"ဪ ဒီလိုဆိုတော့ သူဌေးကတော် ဒေါ်စန်းအေးဘက်က ချမ်းသာတာကိုး၊ ဒေါ်စန်းအေးရဲ့ အဖေလား၊ ရဟန်းဝတ်ပြီး တောထွက်သွားတယ်ဆိုတဲ့ သူဌေးကြီး ဦးမြူဆိုတာ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"မဟုတ်ဘူး ဆရာလေးရဲ့ ဒေါ်စန်းအေးက ဒုတိယမိန်းမ၊ မောင်ခင်ဦးအိမ်မှာ ခိုင်းထားတဲ့ မိန်းမ၊ ပထမမိန်းမ သေလို့ အိမ်မှာခိုင်းထားတဲ့မိန်းမကို ကောက်ပြီး ယူလိုက်တာ" ဟု ဒရဝမ်အဘိုးကြီးက ပြောလေ၏။

"ဪ . . . ဒီလိုလား၊ ကိုခင်ဦးရဲ့ ပထမမိန်းမကမှ သူဌေးကြီးဦးမြူရဲ့သမီး ပေါ့နော်" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"မှန်ပါတယ် ဆရာလေး" ဟု ဒရဝမ်ကြီးက ပြောလေ၏။

"ကိုခင်ဦးရဲ့ သေသွားတဲ့ပထမမိန်းမက နာမည်ဘယ်လိုခေါ်သတုံး၊ သေတာ ဘယ်လောက်ကြာပြီလဲ၊ ဘာရောဂါနဲ့သေတာလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ပထမမိန်းမနာမည်က မမယ်ဇယ်လို့ခေါ်ပါတယ်။ သေတာခြောက်လလောက် ရှိပါသေးတယ်၊ နယ်လှည့် ဘုရားဖူးရင်း ကားနဲ့တောင်ပေါ်က ကျပြီး သေတာပါ၊ တောင်ကြီးဘက်မှာ ဖြစ်တယ်လို့ ဆိုတာပဲ" ဟု ဒရဝမ်အဘိုးကြီးက ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

"ဩော် တောင်ကြီးကအဆင်း ကျွားတွင်းကွေ့နားမှာတစ်ချက်၊ ပစောက်ကွေ့နားမှာတစ်ချက်၊ ကရင်မရေထွက်နေရာမှာတစ်ချက်၊ ထုံးဘိုရောက်ခါနီးမှာ တစ်ချက်၊ မကြာခဏ ကားတွေချောက်ထဲကျလေ့ရှိတယ်၊ ထားပါတော့လေ၊ တစ်ပင်လဲလို့ တစ်ပင်ထူတာပဲ၊ သူဌေး ဦးခင်ဦးကို အပြစ်တင်ဖို့ မလိုပါဘူး၊ ဒါနဲ့ နေပါဦး ဦးလေးရယ်၊ ခင်ဗျားတို့ သူဌေးမှာ ငြိုးသူရန်ဘက်များ ရှိလေရော့သလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဒီလိုတော့ မကြားမိပါဘူး၊ သူ့ဟာသူအရက်သောက်နေတာပဲ၊ တခြားလူကိုလဲ ရန်လုပ်တယ်မရှိပါဘူး" ဟု ဒရဝမ်အဘိုးကြီးက ပြောလိုက်လေ၏။

"ဩော် . . . အရေးကြီးတဲ့ မေးခွန်းတစ်ခု မေးရဦးမယ်၊ သူဌေးဦးမြူဆိုတာ ရဟန်းဝတ်ပြီး တောထွက်သွားတယ်ဆိုတာ ကြာပြီလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ကြာပါပြီ ဆရာလေးရယ် ကြာပါပြီ၊ သူ့သမီး မမယ်ဇယ်ကို စက်စာရေး မောင်ခင်ဦးနဲ့ မင်္ဂလာဆောင်ပေးပြီး နောက်တစ်နေ့မှာ ရဟန်းဝတ်တာပဲ၊ အဲ့ဒီကတည်းကိုက တောထွက်သွားတော့တာပဲ" ဟု ဒရဝမ်အဘိုးကြီးက ပြန်၍ဖြေလေ၏။

"ဦးမြူ တောထွက်ပြီးမှ ဦးလေးတို့နဲ့ ပြန်ပြီးတွေ့သေးသလား၊ သူ့သမီးတွေ၊ သူ့သမက်တွေနဲ့ရော ပြန်ပြီးတွေ့တယ်လို့ ကြားဖူးသလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ကျုပ်တို့နဲ့တော့ မတွေ့ဖူးပါဘူး၊ သူ့သမီးတွေ၊ သူ့သမက်တွေနဲ့ ပြန်ပြီး တွေ့တယ်လို့လဲ မကြားမိပါဘူး" ဟု ဒရဝမ်အဘိုးကြီးက ပြောရာ ဆားပုလင်းနှင်းမောင်က . . .

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်၊ ဦးလေးအတွက် ဟောဒီငွေကလေးကို ကွမ်းဖိုးဆေးဖိုးအတွက် ယူပါ" ဟု ပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် အိတ်အတွင်းမှ ငွေငါးကျပ်တန်တစ်ရွက်ကို ထုတ်၍ ဒရဝမ်အဘိုးကြီးအား ပေးလိုက်လေတော့၏။

ထို့နောက် ရန်မျိုးအောင်ဆန်စက်မှ ပြန်ခဲ့ကြလေတော့၏။ ဆားပုလင်းနှင်းမောင်သည် ကားကို ကျင်လည်စွာ မောင်းနေ၏။ ရေခဲတောင်စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ညှိ၍သောက်နေ၏။ ကျွန်ုပ်တို့နှင့်လည်းစကားမပြော၊ ငြိမ်ချက်သား ကောင်းနေလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် လှည်းကူးမြို့ကိုကျော်လွန်ခဲ့ပြီဖြစ်၏။ ဆားပုလင်းနှင်းမောင်ကား စီးကရက်ကိုသောက်ရင်း မော်တော်ကားကို အရှိန်ပြင်းစွာ မောင်းမြဲမောင်းနေလေ၏။ ကျွန်ုပ်တို့၏ ကားကလေးသည် ထောက်ကြံ့သို့ပင် ရောက်ရှိခဲ့ပြီဖြစ်၏။ ထိုအခါ စုံထောက် ဦးကိုကိုကြီးက . . .,

"အိုင်ဆေး ကိုနှင်းမောင်၊ လုပ်စမ်းပါဦးဗျ၊ ကျွန်ုပ်တို့ကို ပြောပြစမ်းပါဦး" ဟု မေးလိုက်ရာ ဆားပုလင်း နှင်းမောင်က . . .

"ဒီဇာတ်လမ်းမှာ အရေးကြီးတဲ့ဇာတ်ကောင်တစ်ကောင်ဟာ သဘာဝအတိုင်း မဟုတ်ဘဲ ငှက်ကောင်ဖြစ်ပြီးပျောက်သွားတယ်။ အဲ့ဒါ ဘယ်သူလဲဆိုတော့ တောထွက်သွားတယ်ဆိုတဲ့ ဦးမြူပဲ။ အဲ့ဒီ ဦးမြူဆိုတာ အခုအသတ်ခံရတဲ့ စက်သူဌေး ဦးခင်ဦးရဲ့ ယောက္ခမလေ၊ ဒီအမှုကို ချက်ချင်းမပြောနိုင်သေးဘူး၊ အတော့်ကို နက်နဲတဲ့အမှုပဲ" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဒါလောက်တော့ ကျုပ်အနေနဲ့ ဉာဏ်မမီတော့ဘူးဗျာ" ဟု ပြောကာ အသံဩကြီးဖြင့် တဟည်းဟည်း တဟားဟား ရယ်မောလိုက်လေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com



## ပဲခူးက လူသတ်မှုနှင့်ပတ်သက်၍
## ဆားပုလင်းနှင်းမောင် ရှင်းပြပုံ

ရန်ကုန်သို့ ရောက်ရှိပြီးနောက် . . . ကျွန်ုပ်တို့သုံးဦးသည် ရေတာရှည်လမ်း တရုတ်ထမင်းဆိုင်၌ အတူတကွ ထမင်းစားဖြစ်ကြလေ၏။

ကိုနှင်းမောင်သည် အစိမ်းကြော်၊ တောက်တောက်ကြော်၊ ချိုချဉ်ကြော် ကုန်းဘောင်ကြီးကြော်၊ ဘဲကင်၊ ဆယ့်နှစ်မျိုးဟင်းချို စသည်များကို စေ့စပ်သေချာစွာ မှာကြားလေ၏။

များမကြာမီ၌မှာပင် ကိုနှင်းမောင်မှာသောဟင်းများရောက်ရှိလာလေတော့၏ ထိုအခါ ကိုနှင်းမောင်က ဆားငန်သီးဖြင့်ပေါင်းသော ငါးပေါင်းဟင်းတစ်ခွက် မှာပြ လေ၏။

ထို့ကြောင့် ဦးကိုကိုကြီးက . . .

"အိုင်ဆေး မှာလှချည်လားဗျ၊ စားမှာက သုံးယောက်တည်းရယ်၊ ကုန်ပါ့မလား ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


"တရုတ်ဆိုင်မှာထမင်းစားတဲ့အခါမှာ ကုန်အောင်စားမယ် ဆိုတဲ့ စိတ်ကူးမျိုး မထားနဲ့ဗျ၊ ကောင်းနိုးရာရာကလေးတွေကို စားနိုင်သလောက် ရွေးပြီး စားမယ်လို့ပဲ စိတ်ကူးထား" ဟု ဆိုကာ ဘဲခြေထောက်တစ်ပွဲနှင့် ဘဲကြွပ်ကြော်တစ်ပွဲထပ်၍မှာပြန်၏။

များမကြာမီမှာပင် ထပ်၍မှာသောဟင်းများ ရောက်ရှိလာပြန်၏။ ထိုအခါ၌ ကျွန်ုပ်တို့လည်း စတင်၍ စားသောက်ကြလေတော့၏။

"အမှုတစ်ခုကိုတွေ့လို့ စဉ်းစားတဲ့အခါမှာ တရုတ်ဆိုင်မှာ ထမင်းစားသလိုပဲ စုံနေအောင်မှာရတယ်၊ ဒါပေမဲ့ အကုန်မစားနဲ့၊ စားနိုင်သလောက် ကောင်းနိုးရာရာကလေးတွေ ရွေးပြီးစားရတယ်၊ ပဲခူးအမှုဆိုပါတော့ဗျာ၊ အစအဆုံး တစ်ထိုင်တည်းမှာ အမှုကြီးပြီးသွားတဲ့အထိ စဉ်းစားလို့မရဘူး။ အချက်အလက်တွေ၊ သဲလွန်စတွေကတော့ ရနိုင်သလောက်ရအောင်ရှာပြီး တွေ့တဲ့သဲလွန်စတိုင်းကို အမှုထဲမှာထည့်ပြီး စဉ်းစားရတာမျိုးမဟုတ်ဘူး၊ မလိုအပ်တာတွေကို ချန်ထားရတယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ကျုပ်အနေနဲ့ပြောရရင် မစဉ်းစားဘဲ ချန်ထားတာလဲ မရှိဘူး၊ စဉ်းစားလို့ရတာလဲ မရှိသေးဘူး၊ လုပ်စမ်းပါဦး" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

"ဒီလိုဗျ၊ လှေကားမှာ လည်ပင်းကြိုးတန်းလန်းနဲ့ သေနေတာက စက်သူဌေး ကိုခင်ဦး၊ ကြမ်းပြင်ပေါ်မှာ သေနေတာက ကိုခင်ဦးရဲ့ မိန်းမ မစန်းအေး မဟုတ်လား၊ အသက်တွေက ဒီလောက်ကြီး မကြီးလှသေးဘူး၊ ဒါပေမဲ့ သူတို့ရဲ့ဂုဏ်ကိုလိုက်ပြီး ဦးတွေ တပ်ပြီး ခေါ်နေရတာမဟုတ်လား" ဟု ကိုနှင်းမောင်က ပြောလိုက်လေ၏။

"အင်း ဆိုစမ်းပါဦး အိုင်ဆေးရဲ့" ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

"အဲဒီလင်မယားနှစ်ယောက်ဟာ ကြိုးဆွဲချခံရပြီး သေတာချင်းတူကြပေမယ့် သေပုံသေနည်းက တစ်မျိုးစီနော်၊ မစန်းအေးကတော့ ကြမ်းပြင်မှာလဲပြီး သေနေတယ်၊ ဒါပေမဲ့ လည်ပင်းမှာတော့ ကြိုးတန်းလန်းဖြစ်မနေဘူး၊ အဲဒီအချက်က ဒီလောက် အရေးမကြီးပါဘူး၊ တစ်ခုရှိတာက ကိုခင်ဦးရဲ့လည်ပင်းက ကြိုးစဟာ လှေကားနဲ့ ငြိနေတယ်၊ ကိုခင်ဦးဟာ လှေကားမှာ တန်းလန်းကြီး ဆွဲကြိုးချသလို သေနေတယ်၊ သူ့ကိုယ်မှာလဲ ကြိုးတွေတုပ်ထားတယ်၊ ဒါက ဘာကိုပြသလဲဆိုရင်" ဟု ကိုနှင်းမောင်က ပြောလိုက်လေ၏။

"ဒီအထိ ဉာဏ်မမီပါဘူးဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

"လူသတ်သမားက သတ်တာမဟုတ်ဘူးဗျ၊ သူဘာသာသေတာ၊ လှေကားဆီကို ဖင်ရွှေ့ဖင်ရွှေ့သွားထားတဲ့အတွက် စွတ်ကြောင်းကြီးကိုတွေ့ရတယ်၊ ဒီအတိုင်းကြည့်ရင် မတွေ့ရဘူး၊ ကြမ်းပြင်မှာ ဝမ်းလျားမှောက်ပြီး ကပ်ကြည့်မှ နေရောင်မှာ လက်နေတဲ့ စွတ်ကြောင်းကြီးကို တွေ့ရတာ၊ အစက သူ့ကိုလဲ အခန်းထဲမှာ ကြိုးတုပ်ထားတာဗျ၊ သူက ဖင်ရွှေ့ဖင်ရွှေ့နဲ့ထွက်ပြေးပြီး လှေကားပေါ်ကချော်အကျ၊ လည်ပင်းမှာ ချည်ထားတဲ့ ကြိုးက တင်းပြီး ကြိုးပေးခံရသလို ဖြစ်သွားတာ၊ ကိုခင်ဦးဟာ အခန်းထဲကနေ ဘာဖြစ်လို့ ဒီလို ဖင်ရွှေ့ ဖင်ရွှေ့နဲ့ ပြေးရတာလဲ ဆိုတာကို စဉ်းစားရတော့မယ်" ဆားပုလင်းနှင်းမောင်က ပြောလိုက်ပြီးလျှင် ဟင်းချိုကိုခပ်၍သောက်လေ၏။

"ဒီအထိ ဉာဏ်မမီပါဘူးဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

"ကိုခင်ဦးထွက်ပြေးတာက ဒီလိုဗျ၊ သူဟာ ကြိုးနဲ့ အတုပ်ခံထားရတဲ့အတွက် ပြေးရင် မလွတ်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ အလွန့်အလွန်ကို ကြောက်စိတ်ဝင်လာလေတော့ မလွတ်မှန်းသိလျက်နဲ့ ပြေးရရှာတာ၊ ဘာဖြစ်လို့ ဒီလောက်ကြောက်သလဲ ဆိုတော့ သူ့မိန်းမ မစန်းအေးဟာ သူ့မျက်စိအောက်မှာတင် အသက်ထွက်သွားပြီကိုး၊ ဒီတော့ သူလဲ ကြောက်ရှာလွန်းလို့ပြေးရတာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ဒီအထိတော့ ဉာဏ်မမီပါဘူးဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

"ကဲ . . . မစန်းအေး သေပုံကို ကြည့်ရအောင်၊ ကျုပ် သေသေချာချာ ကြည့်တော့ မစန်းအေးရဲ့လည်ပင်းမှာ ကြိုးရာတွေတွေ့တယ်၊ ဒီတော့ လူသတ်သမားဟာ မစန်းအေးနဲ့ ကိုခင်ဦးတို့ကို လည်ပင်းမှာကြိုးကွင်းစွပ်ပြီး သူသိချင်တာကို မေးလိမ့်မယ်၊ အဲ့ဒီအခါမှာ သူသိချင်တာကို သိသွားလို့ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် မစန်းအေးက ပြန်ခုခံလို့ပဲဖြစ်ဖြစ် ကြိုးစကိုတစ်အားဆောင့်ဆွဲလိုက်လိမ့်မယ်၊ ဒါကြောင့် ကိုခင်ဦးဟာ ကြောက်လန့်တကြားနဲ့ ဖင်တရွတ်တိုက်ပြီး ထွက်ပြေးတာပေါ့၊ ပြီးတော့ မစန်းအေးရဲ့ လည်ပင်းက ကြိုးကိုတော့ လူသတ်သမားက ဖြုတ်ယူသွားတယ်၊ ဒါပေမဲ့ ဒီအချက်ကလဲ အမှုနဲ့ သိပ်မဆိုင်ပါဘူး၊ ကျုပ်တို့ စဉ်းစာရခက်အောင် ဒါမှမဟုတ် လင်မယားချင်း အကြောင်းတစ်ခုခုကြောင့် ရန်ဖြစ်ပြီး သတ်ကြတယ်လို့ ထင်အောင် လုပ်တာပါဗျာ၊ တစ်ခုရှိတာက အရက်ပုလင်းနှစ်လုံးကို တွေ့တယ်မဟုတ်လား၊ တစ်လုံးက သောက်လက်စပဲရှိသေးတယ်၊ တစ်လုံးကတော့ မသောက်ရသေးဘူး၊ အဲဒီမသောက်ရသေးတဲ့


www.burmeseclassic.com

အရက်ထဲမှာ အဆိပ်ခတ်ထားတယ်ဗျ၊ အဲဒီအချက်ကတော့ စဉ်းစားစရာပဲ၊ မစန်းအေးက မောင်ခင်ဦးကို သွေးအေးအေးနဲ့ အဆိပ်ခတ်ပြီး လုပ်ကြံမယ်လို့ အစီအစဉ်ရှိတုန်းမှာ လူသတ်သမားက ဖြန်းစားကြီး မထင်မှတ်ဘဲ ရောက်လာတာ ဖြစ်ရမယ်" ဟု ဆားပုလင်းနှင်းမောင် ပြောလိုက်လေရာက ဦးကိုကိုကြီးက . . .

"ကျုပ်တို့ဖြင့် ဒီအရက်ပုလင်းကို သတိမထားမိပါဘူးဗျာ၊ ဟိုလူတွေလဲ သတိမထားမိကြဘူးဗျ၊ ဒီလူတွေ အဲဒီအရက်ပုလင်းအကြောင်းကို ဘာမှထည့်မပြောဘူး" ဟု ပြန်၍ ပြောလေ၏။

"ဒါကြောင့် အဲဒီအရက်ပုလင်းနှစ်လုံးကို ကျုပ်လွယ်အိတ်ထဲ ထည့်ယူလာတာကို ဘယ်သူမှ မမြင်လိုက်တာကိုးဗျ၊ ဒီလူတွေက သေနေတဲ့အလောင်းကိုပဲ မြင်တယ်၊ အလောင်းရဲ့ ပတ်ဝန်းကျင်ကို မမြင်ကြဘူး" ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ပြီးတော့ လူသတ်သမားဟာ နှစ်ယောက်ဗျ၊ နှစ်ယောက်ဖြစ်ကြောင်း ဘယ်လိုထင်ရှားသလဲဆိုတော့ ကြမ်းပြင်ကို ဝမ်းလျားမှောက်ပြီး ကြည့်တဲ့အခါမှာ အဲဒီအချက်ဟာ အတော့်ကို ထင်ရှားတယ်၊ အခန်းရဲ့ အပြင်ဘက် မတ်ရပ်ဗီရိုကြီးရှေ့နားမှာ ကြမ်းပြင်ဟာ ပြောင်နေတယ်၊ လူနှစ်ယောက် တုံးလုံးလဲပြီး နပန်းသတ်ထားတဲ့ လက္ခဏာပဲ၊ ခြေရာတစ်ခုက အခန်းထဲက ပြေးထွက်လာတယ်၊ ပြေးထွက်လာတဲ့လူကို ဗီရိုနားက တစ်စုံတစ်ယောက်ကဖမ်းပြီးသတ်တဲ့သဘောပဲ၊ အဲဒီတော့ ကျုပ်က စဉ်းစားတယ်၊ ပုန်းနေတဲ့လူဟာ ဗီရိုနားမှာ ပုန်းနေတာထက် ဗီရိုထဲမှာ ဝင်ပြီး ပုန်းတာက ပိုပြီးနေရာကျလိမ့်မယ်ဆိုပြီး ဗီရိုကိုဖွင့်ကြည့်တော့ ဗီရိုအောက်ခင်း ဖုန်တွေပေါ်မှာ ခြေစုံရပ်ထားတဲ့ ခြေရာကို တွေ့ရတော့တာပဲ၊ ခြေရာက မိန်းမခြေရာဖြစ်နေတယ်၊ အဲဒီတော့ မစန်းအေးက အိပ်ခန်းထဲက ပြေးထွက်လာတာကို ဗီရိုထဲမှာ ပုန်းနေတဲ့ မိန်းမကထွက်ပြီးသတ်တာဖြစ်မယ်၊ အဲဒီတော့ မစန်းအေးဟာ ဘာဖြစ်လို့ အိပ်ခန်းထဲက ထွက်ပြေးလာရသလဲ၊ အဲ့ဒါ စဉ်းစားစရာပဲ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"ကျုပ်ကတော့ ဉာဏ်မမီတော့ဘူးဗျာ၊ စဉ်းလဲမစဉ်းစားတော့ဘူး၊ အိုင်ဆေး စဉ်းစားတာပဲ ကျုပ်တို့ကို ပြောပြပါတော့ဗျာ" ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အခန်းထဲက ပြေးထွက်လာရတယ်ဆိုကတည်းက အခန်းထဲမှာ အန္တရာယ်ရှိလို့ပေါ့ဗျာ၊ အခန်းထဲမှာ အန္တရာယ်ရှိတယ် ဆိုတာကလဲ လောလောဆယ် အခန်းထဲမှာ သူ့ယောက်ျား ကိုခင်ဦး ရှိရမှာ၊ အဲဒီတော့ အခန်းထဲကို သူတို့ကြောက်လောက်တဲ့ အန္တရာယ်တစ်ခု (သို့မဟုတ်) အန္တရာယ်ပေးနိုင်တဲ့ လူတစ်ယောက် ရုတ်ခြည်းဝင်ရောက်လာတယ်ဆိုတာ သေချာတာပေါ့၊ ဒါဖြင့်ရင်လဲ အဲဒီသူက ဘယ်သူဖြစ်နိုင်သလဲ၊ ဗီရိုထဲက ထွက်လာတဲ့မိန်းမနဲ့ အဖော် ပါလာတဲ့တစ်ယောက် ဖြစ်ရမယ်ပေါ့၊ အဲဒီ အဖော်ပါလာတဲ့ တစ်ယောက်ဆိုတာကလည်းပဲ အိပ်ခန်းထဲမှာရှိတဲ့ ကိုခင်ဦးနဲ့ ရင်ဆိုင်ရမှာဆိုတော့ မိန်းမတစ်ယောက်တော့မဖြစ်နိုင်ဘူး၊ ယောက်ျားတစ်ယောက်ပဲ ဖြစ်ရမယ်၊ ကိုခင်ဦး ခြေရာမဟုတ်တဲ့ တခြားယောက်ျားခြေရာကိုလဲ နံရံနားမှာကျုပ်တွေ့ရတယ်ဗျ၊ အဲဒီ ခြေရာဟာ နံရံဘက်ကိုဦးတည်သွားနေတဲ့လက္ခဏာကိုတွေ့ရတယ်၊ ဒီတော့ ဒီလူက နံရံဘက်ကိုသွားပြီး ဘာလုပ်မှာလဲ၊ တခြားလုပ်စရာမရှိဘူး၊ အခန်းအပြင်ဘက်က ထုပ်တန်းပေါ်ကို တက်ဖို့ပဲ ရှိတော့တယ်၊ အဲဒါ ဟုတ်မဟုတ် သေချာအောင် ဆိုပြီး ထုပ်တန်းပေါ်ကို ကျုပ်တက်ကြည့်ခဲ့တယ်လေဗျာ၊ ကျုပ်ထင်တဲ့အတိုင်းပါပဲ ထုပ်တန်းပေါ်က ဖုန်တွေထဲမှာ ယောက်ျားကြီးတစ်ယောက်ခြေရာကို တွေ့ရတယ်၊ ဒီနေရာမှာ စဉ်းစားစရာတစ်ချက်ရှိတယ်။ ယောက်ျားကြီးက ထုပ်တန်းပေါ် ပြေးတက်သွားတယ်၊ မိန်းမက ဗီရိုထဲဝင်နေတယ်၊ သူတို့ဘာလုပ်ကြတာတုံး" ဟု ဆားပုလင်းနှင်းမောင်က ပြော၍ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိကာ ရှိုက်ဖွာလိုက်လေ၏။

"ပြောပြီးပါပကောလား ကိုနှင်းမောင်ရယ်၊ ကျုပ်တို့ ဉာဏ်မမီပါဘူး၊ ခင်ဗျားပဲ ပြောပါတော့" ဟု ဦးကိုကိုကြီးက ပြောလိုက်လေတော့၏။

"ဒီလိုဖြစ်လိမ့်မယ်ဗျ၊ အဲဒီမိန်းမနဲ့ ယောက်ျားဟာ အိမ်ရှင်ဖြစ်တဲ့ ကိုခင်ဦးနဲ့ မစန်းအေးတို့ မရှိတဲ့အချိန်မှာ အိမ်ထဲကိုရောက်နှင့်နေကြတာ၊ ကိုခင်ဦးနဲ့ မစန်းအေးတို့လဲ ပြန်လာရော သူတို့နှစ်ယောက်ဟာ ပုန်းမိပုန်းရာ ဝင်ပြီးပုန်းရတာ၊ ပြီးတော့မှ ထုပ်တန်းပေါ်ကလူက အိပ်ခန်းထဲဆင်းပြီး ရန်မူတာဗျ၊ အဲဒီအခါမှာ မစန်းအေးက အိပ်ခန်းထဲက ထွက်ပြေးတာ၊ အဲ့ဒီလိုထွက်အပြေးမှာ ဗီရိုထဲမှာ ပုန်းနေတဲ့ မိန်းမက မစန်းအေးကို ထွက်ပြီး ဖက်သတ်တာဗျ၊ နောက်ဆုံးမှာ မစန်းအေးနဲ့ ကိုခင်ဦးဟာ ဟိုနှစ်ယောက်ကိုအရှုံးပေးလိုက်ရတယ်၊ အဲဒီတော့ဟိုနှစ်ယောက်မှာလက်နက်ကောင်း ပါလိမ့်မယ်ထင်တယ်၊ မစန်းအေးတို့၊ ကိုခင်ဦးတို့ဝတ်ထားတဲ့ အဝတ်အစားတွေကလဲ


www.burmeseclassic.com

www.burmeseclassic.com


အိမ်မှာနေတဲ့ အဝတ်အစားတွေ မဟုတ်ဘူးဗျ၊ သစ်သစ်လွင်လွင်တွေ ဖြစ်နေတယ်၊ အဲ့ဒီညက ပဲခူးမှာ မင်းသားအောင်ဘညိုရဲ့ပွဲရှိတယ်ဗျ၊ သူတို့နှစ်ယောက် ပွဲသွားကြည့်ပြီး နှစ်ပါးသွားအပြီးမှာ ပြန်လာတာ ဖြစ်လိမ့်မယ်၊ ဒါတွေထားပါတော့ဗျာ၊ ဒီအိမ်ထဲကို ဘယ်လိုဝင်တယ်ဆိုတာသိရအောင် အောက်ကိုဆင်းပြီး တံခါးတွေကို စစ်ကြည့်တဲ့အခါ မီးဖိုတံခါးချက်တစ်ခု ပြုတ်နေတာ တွေ့ရတယ်၊ အဲဒီတံခါးပေါက်က နေပြီးတော့ သူတို့အိမ်ကထမင်းချက်ကလဲ မနက်ဆိုရင်ဝင်လေ့ရှိတယ်၊ မီးဖိုထဲမှာဝင်ပြီးကြည့်တော့ သံချက်မှာ ချိတ်ထားတဲ့ စာရွက်ကလေး သုံးလေးရွက်ကို ကျုပ် သတိပြုမိတယ်၊ အဲဒီစာရွက်မှာက မိန်းမလက်ရေးဗျ၊ မစန်းအေးလက်ရေးနဲ့တူပါတယ်၊ ထမင်းချက်ကို ရေးပေးထားတဲ့စာတွေ၊ ကြက်တစ်ကောင်လုံး ရိုစ်လုပ်ပါ၊ မနေ့ကချက်တဲ့ဟင်း သိပ်ပြီး ငန်တယ်၊ ဒီနေ့ချဉ်ချဉ်စပ်စပ်စားချင်တယ်၊ အလျင်တစ်ခါချက်တဲ့ ငါးသလောက်မျိုး ချက်ပါဦး၊ ဟိုတစ်နေ့က ချက်တဲ့ ဆိတ်သားနှပ်မျိုး ညနေစားချင်တယ်၊ ငရုတ်သီးလျှော့ပါ ဆိုတဲ့ စာမျိုးတွေဗျ၊ အမိပ္ပာယ်ကတော့ ညကတည်းကရေးပြီး ထမင်းချက်ကိုမှာတဲ့ စာမျိုးပေါ့ဗျာ၊ အဲဒါလဲ ကျုပ်က ဖြုတ်ပြီးကြည့်တာမဟုတ်ပါဘူး၊ မျက်လုံးနဲ့ အမှတ်တမဲ့ ကြည့်လိုက်တာပါ။ အဲဒီနေရာမှာလဲ စဉ်းစားစရာတစ်ချက် ရှိပြန်တယ်၊ မစန်းအေးဟာ ထမင်းချက်ကုလားချက်တဲ့ဟင်းတွေအပေါ်မှာ ပေါ့သလေး၊ ငန်သလေး၊ စပ်သလေးနဲ့ အပြစ်တင်ထားတာကို တွေ့ရတယ်၊ ဒါပေမဲ့ ထမင်းကိုတော့ ပျော့တယ် မာတယ်လို့ အပြစ်တင်တာ မတွေ့ရပြန်ဘူး၊ ဒါက ဘာကို ဖော်ပြနေသလဲဆိုရင် ထမင်းချက် ကုလားက ဟင်းကိုသာ ချက်ပေးရတာဗျ၊ ထမင်းကိုတော့ မစန်းအေး ကိုယ်တိုင် ချက်ပေးရတာဗျ၊ ထမင်းဟာ သာမန်ကြည့်ရင် အမှုအတွက် အရေးမကြီးဘူးဆိုပေမယ့် တကယ်ကျတော့ ဒီအချက်ဟာ အမှုအတွက် သိပ်ကိုအရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်နေတယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောရာ ဦးကိုကိုကြီးက . . .

"ဘယ်လိုအရေးကြီးတာလဲဗျာ၊ ဉာဏ်မမီလို့ ပြောစမ်းပါဦး" ဟု ပြောလိုက်လေ၏။

"ဒီလိုလေဗျာ၊ ကျုပ်တို့ မီးဖိုထဲဝင်ကြည့်တော့ ဆန်အိုးထဲကဆန်တွေ ကြမ်းပြင်ပေါ်ကို ဖိတ်ကျနေတာ တွေ့တယ်မဟုတ်လား၊ အဲဒါ တခြားဟုတ်ရောလားဗျာ၊ လူသတ်သမားဟာ ကိုခင်ဦးနဲ့ မစန်းအေးတို့ကို အကျပ်ကိုင်ပြီး သူ လိုချင်တာကို


www.burmeseclassic.com

www.burmeseclassic.com

မေးလိမ့်မယ်ဗျ၊ အဲ့ဒီပစ္စည်းက ဆန်အိုးထဲမှာ ဝှက်ထားတာကို မေးလိမ့်မယ်၊ အဲဒါကို နောက်ဆုံးမှာ ကိုခင်ဦးနဲ့ မစန်းအေးတို့က အထူးသဖြင့် ကိုခင်ဦးပေါ့ဗျာ၊ သူက ဖွင့်ပြောလိုက်လိမ့်မယ်၊ လူသတ်သမားဟာ အဲ့ဒီတော့ ဆန်အိုးထဲကပစ္စည်းကို နှိုက်ယူခဲ့တာဗျ၊ အဲဒီမှာ ဆန်တွေဖိတ်နေတာ၊ ဒီဆန်ဟာ ဖိတ်စရာအကြောင်းကို မရှိဘူး" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ရေတာရှည်လမ်း ခေါက်ဆွဲဆိုင်မှ ဆားပုလင်းနှင်းမောင်နေထိုင်ရာ ၂၉၅ ဘိုးလိမ်းလမ်းသို့ သွားခဲ့ကြပြီးလျှင် ထိုနေရာ၌ပင် ညနေနေဝင်သည်အထိ အေးဆေးစွာ စကားပြောနေကြလေတော့၏။




www.burmeseclassic.com

www.burmeseclassic.com




# ကြို့ကုန်းဘက် လူသတ်မှု

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး မှားမကြာမီ၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင့်မောင်၏အိမ်သို့ သွားရောက်လည်ပတ်ကြလေ၏။

ကျွန်ုပ်တို့အား ဆားပုလင်းနှင့်မောင်က တယောထိုးပြလေ၏။ ထို့နောက် ဦးကိုကိုကြီးက ပူဆာသဖြင့် သီချင်းပါ ဆိုရရှာလေ၏။ ဤသို့လျှင် ကျွန်ုပ်တို့သည် စိတ်လွတ်လက်လွတ် အနားယူနေကြစဉ် ကျွန်ုပ်၏ စီအိုင်ဒီရုံးမှ ပြာတာကလေး မောင်ညိုသည် ရောက်ရှိလာပြီးလျှင် စာတစ်စောင်ပေးလေ၏။ စာမှာ ကျွန်ုပ်တို့၏ ထောက်မင်းကြီး မစ္စတာကရစ်ပင်၏ စာပင်ဖြစ်လေ၏။ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထား၏။ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**ဆားပုလင်းနှင့်မောင် ...**

ကြို့ကုန်းဘက်မှာ အလွန်တရာ စိတ်ညစ်စရာကောင်းတဲ့ လူသတ်မှုကြီးတစ်မှု ဖြစ်ပြန်ပြီ။ ဂါတ်ကလဲ စီအိုင်ဒီကို အကူအညီ တောင်းထားတယ်။ ကျွန်ုပ်ကလဲ ဆားပုလင်းနှင့်မောင်ကို အကူအညီတောင်းရမှာပဲ။

ဒီစာရရချင်း ကြို့ကုန်းကို လိုက်သွားပါ။

အခင်းဖြစ်ပွားတဲ့ခြံက "မစ်ဒ်နိုက်စတား ဗီလာ" လို့ ခေါ်တယ်။

မစ္စတာ ကရစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့လည်း ထိုစာကိုဖတ်ပြီးနောက် ကြို့ကုန်းသို့လိုက်ခဲ့ကြလေတော့၏။ ကျွန်ုပ်က ကားကိုမောင်း၏။ ရွှေဂုံတိုင်ဘက်မှဖြတ်ကာ ဟံသာဝတီအဝိုင်းဘက်သို့ ဖြတ်၍ မောင်း၏။ ထိုမှတစ်ဖန် ပြည်လမ်းအတိုင်း ကြို့ကုန်းဘက်ဆီသို့ ဦးတည်၍ မောင်းနှင်ခဲ့လေ၏။

ကျွန်ုပ်တို့၏ မော်တော်ကားသည် ကမာရွတ်အဝိုင်းကြီးသို့ အရောက်တွင် စက်ပျက်ကာ ထိုး၍ရပ်သွားလေတော့၏။ ဆားပုလင်းနှင်းမောင်သည် ကားပေါ်မှ ဆင်းပြီးလျှင် စက်အဖုံးကိုဖွင့်၍ ပြင်လေ၏။

ထို့နောက် "မောင်းတော့" ဟု ဆိုကာ ကားပေါ်တက်လာလေ၏။ ကျွန်ုပ်သည် စက်နှိုး၍မောင်းကြည့်ရာ ကောင်းစွာမောင်း၍ ရလေတော့၏။

ဆားပုလင်း နှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ ရှိုက်ဖွာရင်း စဉ်းစား၍ လိုက်ပါလာခဲ့လေ၏။

ထိုအခါ ကျွန်ုပ်က ဆားပုလင်း နှင်းမောင်အား . . .

"အိုင်ဆေး၊ အခု ကျုပ်တို့ သွားကြည့်မယ့် လူသတ်မှုဆိုတာက အတော့်ကို ရှုပ်ထွေးမယ့်အမှုဖြစ်လိမ့်မယ်ဗျ၊ မစ္စတာကရစ်ပင်ရဲ့စာထဲမှာ အလွန်တရာစိတ်ညစ်စရာ ကောင်းတဲ့အမှုလို့ ရေးထားတယ်မဟုတ်လား" ဟု မေးလိုက်သော်လည်း ဆားပုလင်း နှင်းမောင်သည် တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမပြုဘဲ ငြိမ်၍နေလေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"လူသတ်မှုဆိုတော့ အမှုကြီးပဲ၊ မစ္စတာကရစ်ပင်ကိုယ်တိုင်က အလွန်တရာ စိတ်ညစ်စရာကောင်းတဲ့ အမှုလို့ ဆိုကတည်းက အတော့်ကိုရှုပ်မယ့် အမှုပေါ့၊ ဂါတ်က ပုလိပ်တွေကလဲ သူတို့မတတ်နိုင်လို့ စီအိုင်ဒီကို အပ်တာပေါ့ဗျာ၊ ဒီအမှုဟာ အတော့်ကို ခက်မယ့်အမှုပါ၊ မဟုတ်ဘူးလား ကိုနှင်းမောင်" ဟု ပြောပြန်လေ၏။ သို့ရာတွင် ဆားပုလင်း နှင်းမောင်က တစ်စုံတစ်ရာ ပြန်လည် ပြောဆိုခြင်းမပြုဘဲ ငြိမ်မြဲငြိမ်၍ နေလေ၏။

"ကြို့ကုန်းဘက်ကဆိုတော့ ခြံဝင်းကျယ်ကြီးတွေနဲ့ နေကြတာဗျ၊ တစ်အိမ်မှာ လူသတ်မှုဖြစ်လို့လဲ ကစ်အိမ်က သိကြမှာမဟုတ်ဘူး၊ အဲဒီတော့ မေးဖို့စမ်းဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com


အတော့်ကို ခက်လိမ့်မယ်ဗျ။ ခက်လို့လဲ ဂါတ်ကပုလိပ်တွေက ကျုပ်တို့ စီအိုင်ဒီကို အကူအညီတောင်းတာပေါ့ မဟုတ်ဘူးလား ကိုနှင်းမောင်" ဟု ကျွန်ုပ်က ပြောလိုက်ပြန်လေ၏။

သို့ရာတွင် ဆားပုလင်းနှင်းမောင်ကမူ ငြိမ်ချက်သားကောင်းလျက် ရှိလေ၏။ သူ၏ထင်မြင်ချက်ကို တစ်လုံးတစ်ပါဒမျှပင် ပြောဆိုခြင်းမပြုဘဲ စီးကရက်ကိုသာလျှင် မဲ၍ဖွာနေလေတော့၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"ဒီလူသတ်မှုမှာ ဂါတ်ကဆရာတွေကဒီအတိုင်းနေကြမှာမဟုတ်ဘူး၊ သူတို့နည်း သူတို့ဟန်နဲ့ ကြိုးစားကြည့်ကြဦးမှာ၊ ကြိုးစားကြည့်လို့မရတဲ့အဆုံးမှာမှ စီအိုင်ဒီကို အကြောင်းကြားတာ ဖြစ်မယ်ဗျ၊ ဒါကြောင့် ဒီအမှုဟာ အတော့်ကိုခက်တဲ့အမှု ဖြစ်လိမ့်မယ်၊ ကျုပ်ပြောတာ ဟုတ်တယ်မဟုတ်လား ကိုနှင်းမောင်၊ ပြောစမ်းပါဦးဗျာ" ဟု အတိအလင်း တောင်းဆိုလေတော့၏။ ထိုအခါ ဆားပုလင်း နှင်းမောင်သည် စီးကရက်တိုကလေးကို ပစ်လိုက်ပြီးနောက် . . .

"ကျုပ် ပုံပြင်ကလေးတစ်ပုံ ပြောပြမယ်" ဟု ဆိုလေ၏။

"ပုံမပြောပါနဲ့ အိုင်ဆေးရယ်၊ အမှုအကြောင်း ကျုပ်တို့ ပြောတာတွေဟာ ဟုတ်မဟုတ် ပြောစမ်းပါဗျာ" ဟု ဦးကိုကိုကြီးက ပူဆာလေ၏။

"ကျုပ်ပြောမယ့်ပုံကို နားထောင်ပြီးရင် ခင်ဗျားတို့ နားလည်သွားမှာပါ" ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ဒီလိုဆိုလဲလုပ်ဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် စီးကရက် အသစ်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက် . . .

"ဟိုး ရှေးရှေးတုန်းက ရှင်ဘုရင်ကြီးတစ်ပါး ရှိတယ်၊ သူ့မှာ အလွန်တရာ ဉာဏ်ပညာထက်မြက်တဲ့ ပညာရှိအမတ်ကြီးလည်း ရှိတယ်၊ တစ်နေ့မှာ ရှင်ဘုရင်က ပညာရှိအမတ်ကြီးကို ဘာမေးသလဲဆိုတော့ 'ဒီမှာအမတ်ကြီး၊ လောကမှာ လူတွေဟာ အယ်သူဟာဖြင့် သိမ်ပြီးညံ့တာပဲ၊ 'လူနုံလူအ' တစ်ယောက်ပဲ။ ဒါလောက်နုံတဲ့ ဒါလောက် အ, တဲ့ လူကိုဖြင့် မတွေ့ဖူးပါဘူး လို့ ပြောဆိုလေ့ရှိတာကို မကြာခဏ ကျုပ်အနေနဲ့

www.burmeseclassic.com

ကြားရဖူးပါတယ်။ ဒါပေမဲ့ သူတို့ပြောတဲ့ 'လူနုံ လူအ' ဆိုတာကိုတော့ ကျုပ်အနေနဲ့ တစ်ခါမျှ မတွေ့ဖူးပါဘူး၊ အဲဒါကြောင့် 'လူနုံ လူအ' ဆိုတာ ဘယ်လိုလူစားမျိုးကို ခေါ်သလဲဆိုတာ ကျုပ် သဲသဲကွဲကွဲသိချင်တယ်' လို့ ရှင်ဘုရင်ကြီးက မေးတာကိုး" ဟု ဆားပုလင်းနှင်းမောင်က သူ၏ပုံပြင်ကို အစပျိုးလိုက်လေတော့၏။

"ဆက်စမ်းပါဦး ကိုနှင်းမောင်ရဲ့၊ ခင်ဗျားပုံကလဲ စကတည်းက ယဉ်သကို ဆိုတာမျိုးပါလား" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို ဖွာလိုက်ပြီးနောက် . . .

"အဲဒီတော့ "ပညာရှိအမတ်ကြီးက" အသင်မင်းကြီး၊ မကြာမီကာလအတွင်း မှာပဲ 'လူနုံ လူအ' တစ်ယောက်ကို ကျွန်တော်မျိုး ပြသပါ့မယ်" လို့ ရှင်ဘုရင်ကြီးကို ကတိပေးလိုက်တယ်။ အဲဒီလိုကတိပေးပြီး ရက်အနည်းငယ်အတွင်းမှာပဲ ရှင်ဘုရင်နဲ့ ပညာရှိအမတ်ကြီးဟာ ရိုင်းစွန်ပြည်ဖျားကို "စနည်းနာ" ထွက်ဖို့ အကြောင်းပေါ်လာ တာနဲ့ ဆင်းရဲသားအသွင်ဖန်တီးပြီး နှစ်ယောက်သား ခရီးထွက်ခဲ့ရတယ်ဆိုပဲ၊ အဲဒီလို ခရီးထွက်လာတဲ့အခါမှာ အမတ်ကြီးက သူအင်မတန်ချစ်တဲ့ခွေးကလေးကိုပါ ခေါ်လာ ခဲ့တယ်ဆိုပဲ" ဟု ပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်လေတော့၏။ ထို့နောက် အောက်ပါအတိုင်း ဆက်လက်၍ ပြောပြန် လေ၏။

"အဲဒီလို ခရီးထွက်လာခဲ့ကြတာ တောစပ်တစ်ခုကို ရောက်ခဲ့ကြတယ်။ အဲဒီ တောစပ်ရဲ့ လမ်းနံဘေးမှာ ခရီးသည်တစ်ဦးဟာ သူ့ရဲ့ထမင်းထုပ်ကလေးကို ဖြေပြီး စားနေတာကို ရှင်ဘုရင်ရောအမတ်ကြီးပါ တွေ့ကြရတယ်။ အမတ်ကြီးရဲ့ခွေးကလေး ဆိုရင် အဲဒီခရီးသည်ဆီကို တစ်ခါတည်းပြေးသွားတော့တာပဲ၊ ခရီးသည်ကလဲ သူ့အနား ရောက်လာတဲ့ ခွေးကလေးကို သူ စားမယ့်ထမင်းဟင်းတွေထဲက တချို့တစ်ဝက်ကို ချပြီးကျွေးတယ်၊ အမတ်ကြီးနဲ့ ရှင်ဘုရင်လဲ အဲဒီခရီးသည်အနားကို လျှောက်သွား ကြတယ်။ ခရီးသည်ကလဲ သူတို့နှစ်ဦးကိုမော့ကြည့်ပြီး ရိုးရိုးဆင်းရဲသားခရီးသည်တွေလို့ ထင်တာပေါ့ဗျာ၊ အဲဒီတော့ ခရီးသည်က ရှင်ဘုရင်နဲ့ အမတ်ကြီးကို . . .

"မိတ်ဆွေတို့ ထမင်းစားကြပါဦးလား" လို့ ဖော်ဖော်ရွေရွေနဲ့ ရဲရဲတင်းတင်း နှုတ်ဆက်လိုက်တယ်၊ အဲဒီအခါမှာ ပညာရှိအမတ်ကြီးက . . .


www.burmeseclassic.com

www.burmeseclassic.com


"စားပါဗျာ၊ ကျုပ်တို့ အခုပဲ စားခဲ့ကြပြီးပါပြီ၊ ဩော် . . . ဒါနဲ့ မိတ်ဆွေကို မမြင်တာကြာပြီ၊ ဘယ်များရောက်နေသလဲ" လို့ မေးလိုက်တယ်။ အဲဒီအခါမှာ ခရီးသည်က . . .

"မမြင်တာကြာဆို ဒီလိုပါဗျာ၊ ကျွန်တော်က တစ်မြို့တစ်ရွာကိုထွက်ပြီး စီးပွားရှာနေတာ နှစ်နှစ်လောက်ရှိပါပြီ" လို့ ပြန်ပြီး ဖြေရှာတယ်။ အဲ့ဒီအခါမှာ ပညာရှိအမတ်ကြီးက . . .

"ခင်ဗျားအိမ်က ခွေးကလေးဟာ ဟောဒီကကျုပ်ရဲ့ခွေးကလေးနဲ့ အလွန်တူတာပဲနော်" လို့ မေးလိုက်တယ်။ ခရီးသည်ကလည်း . . .

"ဟုတ်တာပေါ့ဗျာ၊ သိပ်ကိုတူတာပဲ၊ မိတ်ဆွေကြီးက ကျုပ်ကိုသာ သိတာမဟုတ်ဘူး၊ ကျုပ်ရဲ့ခွေးကလေးကိုပါ သိတာကိုး" လို့ အားရဝမ်းသာ ပြန်ပြီးပြောလိုက်တယ်တဲ့။"

အဲဒီတော့ ပညာရှိအမတ်ကြီးက . . .

"ခင်ဗျားခွေးကလေးတင် ဘယ်ကမလဲ၊ ခင်ဗျား တစ်အိမ်လုံးကို ကျုပ်က သိတာပေါ့" လို့ ပြောလိုက်ပြန်တယ်၊ အဲဒီလို အမတ်ကြီးနဲ့ ခရီးသည်တို့ အချီအချ ပြောနေတာကို ရှင်ဘုရင်ကြီးက ဘာတစ်ခွန်းမှမပြောဘဲ နားထောင်နေတာကိုး၊ အဲဒီမှာ ခရီးသည်က အမတ်ကြီးကို . . .

"ဒီမှာ မိတ်ဆွေကြီးရယ်၊ ကျုပ်ရဲ့ခွေးကလေး ကျုပ်အိမ်မှာ ရှိသေးရဲ့လား" လို့ မေးလိုက်တယ်၊ အမတ်ကြီးကလည်း . . .

"စိတ်မကောင်းပါဘူး၊ ခင်ဗျား အိမ်က ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ခင်ဗျားရဲ့ခွေးကလေး သေသွားရှာတယ်၊ သေရတဲ့အကြောင်းကတော့ ခင်ဗျားအိမ်က မြည်းကလေးသေလို့ ခွေးကလေးဟာ မြည်းသားတွေကို တစ်ဝတပြဲစားပြီး စားပိုးနင့်လို့ သေတာဗျ" လို့ ပြောလိုက်တယ်ဆိုရင်ပဲ ခရီးသည်ဟာ ပါးစပ်ထဲ သွင်းတော့မယ့် ထမင်းလုတ်ကို မသွင်းဖြစ်တော့ဘဲ ငိုင်ကျသွားတာပေါ့၊ ပြီးတော့ . . .

"မြည်းကလေးပါ သေရှာပြီကိုး" လို့ ညည်းလိုက်တယ်။ အမတ်ကြီးက အဲဒီအချိန်မှာ . . .

"မြည်းကလေးဟာ ခင်ဗျားသားကလေးသေပြီး မကြာခင်မှာပဲ အစာကျွေးမယ့်လူ မရှိလို့ အစာငတ်ပြီး သေရှာတာဗျ" လို့ ပြောလိုက်ပြန်ရော၊ ခရီးသည်ရဲ့ လက်ထဲက ထမင်းလုတ်ဟာ ဘုတ်ခနဲ ပြုတ်ကျသွားတယ်။



www.burmeseclassic.com

"သားကလေးပါ သေရှာပြီကိုး" လို့လဲ ညည်းညူလိုက်တယ်၊ အဲဒီအခါမှာ အမတ်ကြီးက . . .

"သားကလေးဘာကြောင့် သေသလဲဆိုတော့ ခင်ဗျားမိန်းမသေပြီး မကြာခင်မှာပဲ ရင်ကွဲနာကျပြီးသေတာဗျို့" လို့ ပြောလိုက်ပြန်တယ်၊ အဲဒီအခါမှာ ခရီးသည်ဟာ ငိုတော့တာပဲ။

"မိန်းမပါ သေရှာပြီးကိုး" လို့လဲ ပြောပြီး တဟည်းဟည်း ငိုတော့တာပဲဗျို့၊ အဲဒီတော့မှ ပညာရှိအမတ်ကြီးက ခရီးသည်ကို . . .

"ဒီမှာ မိတ်ဆွေ၊ ကျုပ်ကို ခင်ဗျား သိသလားလို့ မေးလိုက်တယ်" အဲဒီတော့ ခရီးသည်က "ဟင့်အင်း မသိပါဘူး၊ ဒါနဲ့ ခင်ဗျားဟာ ကျုပ်အသိမိတ်ဆွေထဲက မဟုတ်ဘူးလား၊ ကျုပ်အကြောင်းတွေကို ခရေစေ့တွင်းကျ သိနေပါလား" လို့ ပြန်ပြီး မေးလိုက်တယ်။

"မဟုတ်ဘူး၊ ခင်ဗျားက ကျုပ်ခွေးကလေးကို အစာကျွေးတာ မြင်တာနဲ့ ခင်ဗျားဟာ ခွေးချစ်တတ်သူဆိုတာ ကျုပ်သိတယ်၊ အဲဒီအချက်ကိုယူပြီး ခင်ဗျားမှာခွေးရှိတယ်လို့ ပြောတာ၊ အိုဗျာ ကျုပ်ဟာ မဟုတ်မဟတ်လိမ်ညာပြီး ပြောတာပါ။ စိတ်မညစ်ပါနဲ့ ခင်ဗျားထမင်း ခင်ဗျားစားပါတော့" လို့ အမတ်ကြီးက ခရီးသည်ကို နှစ်သိမ့်လိုက်ပြီး ရှင်ဘုရင်ဘက်ကို လှည့်လိုက်တယ်။ ပြီးတော့ . . .

"အရှင်မင်းကြီး၊ အရှင်မင်းကြီး မြင်ဖူးချင်ပါတယ်ဆိုတဲ့ 'လူနုံလူအ' ဆိုတာ ဒီလိုလူမျိုးကို ခေါ်တာပါ၊ ကိုယ်တိုင်မမြင်ရသေးတဲ့ကိစ္စကို ကိုယ်မသိတဲ့ လူတစ်ယောက်က ပြောတဲ့စကားနဲ့ ယုံကြည်တတ်သူဖြစ်ပါတယ်။ လောကမှာ ဒီလိုလူမျိုးကို 'လူနုံလူအ' စာရင်းမှာ ထည့်ရပါလိမ့်မယ်" လို့ ပြောလိုက်တယ်၊ အခုလဲ ကျုပ်တို့ မမြင်ရသေးတဲ့ ဌာနက လူတွေက မစ္စတာကရစ်ပင်ကို လူသတ်မှုအကြောင်း တိုင်ကြား အကူအညီ တောင်းရုံရှိသေးတယ်ဗျ၊ ဒီလူတွေကိုလဲ မတွေ့ရသေးဘူး၊ လူသတ်မှုဖြစ်ပွားတဲ့နေရာကိုလဲ မရောက်သေးဘူး၊ အဲဒီတော့မမြင်ရသေးတဲ့ကိစ္စကို မတွေ့ဖူးတဲ့လူက ပြောတာ ကျုပ်တို့ လျှောက်ပြီးစဉ်းစားနေမယ်ဆိုရင် ကျုပ်တို့ဟာ စောစောကခရီးသည်စာရင်းမှာ ဝင်သွားလိမ့်မယ်" ဟု ဆားပုလင်းနှင်းမောင်က သူ၏ပုံပြင်ကို နိဂုံးချုပ်လိုက်လေ ဦးကိုကိုကြီးသည် သူ၏ လက်ဝါးကြီးနှစ်ဘက်ကို ပွတ်ရင်း . . .

"ဟား ဟား ဟား ဦးအောင်သင်းရေ၊ ကျုပ်တို့နှစ်ယောက်တော့ 'လူနုံလူအ' ဖြစ်သွားပြီဗျို့၊ ကိုနှင်းမောင်က သာသာကလေးနဲ့ ဆော်တာကိုးဗျာ၊ ခင်ဗျားလုပ်ပုံက



www.burmeseclassic.com

www.burmeseclassic.com


ဘာနဲ့တူသလဲဆိုတော့ သံတုတ်နဲ့ရိုက်တာမျိုးမဟုတ်ဘူး၊ လက်သန်းလုံးလောက်ရှိတဲ့ ထားဝယ်ကြိမ်လုံးကလေးကို ရေဆွတ်ပြီး ရိုက်တာနဲ့ တူတယ်ဗျာ၊ တစိမ့်စိမ့် နာစရာကောင်းလိုက်တာဗျာ၊ သံတုတ်နဲ့ရိုက်တာမျိုးကတော့ တစ်ချက်တည်း မှောက်သွားတာဆိုတော့ နာတဲ့အရသာ သိပ်ပြီးမသိရဘူးပေါ့ဗျာ၊ ဟား ဟား ဟား ပညာရှိပါပေတယ်" ဟု ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ဦးကိုကိုကြီး၏စကားကြောင့် ရယ်မောရသေးတော့၏။ ကျွန်ုပ်သည် ထိုသို့ ရယ်မောပြီးနောက် ကားကို အရှိန်မြှင့်၍ မောင်းနှင်ရလေတော့၏။ များမကြာမီ၌ပင် ကျွန်ုပ်တို့သည် ကြို့ကုန်းရပ်ကွက်ရှိ "မစ်ဒ်နိုက်စတားဗွီလာ" ဆိုသည့် စာတန်းကလေးချိတ်ဆွဲထားသည့် ခြံဝင်းဆီသို့ ရောက်ရှိခဲ့လေတော့၏။

ကျွန်ုပ်တို့၏ကားကလေးသည် ခြံဝင်းရှေ့၌ ရပ်လိုက်လေ၏။ ထိုအခါ ခြံဝင်းရှေ့တွင် ရပ်၍နေသော ပုလိပ်ကလေးက ကျွန်ုပ်တို့အား ဆလံပေးလိုက်လေ၏။ ကျွန်ုပ်တို့လည်း ကျောက်ပြားများ စီခင်းထားသော လမ်းကလေးအတိုင်း အိမ်ကြီးဆီသို့ ဝင်သွားကြလေ၏။ အိမ်ကြီးမှာ ရှေးဟောင်းနှစ်ထပ်အိမ်ကြီးဖြစ်၏။ အိမ်ဝတွင် ကျွန်ုပ်တို့၏ စီအိုင်ဒီမှ ရွှေသွားကိုအောင်မြင့်ဆိုသည့်သူက ကျွန်ုပ်တို့အား ဆီးကြို နှုတ်ဆက်နေလေ၏။ ၎င်းကိုအောင်မြင့်သည် ဦးကိုကိုကြီးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် . . .

"ဘယ်လိုလဲ ဦးကိုကိုကြီးရဲ့၊ လူသတ်မှုဆိုတာနဲ့ ဆားပုလင်းနှင်းမောင်ကို မှီခိုမလွှတ်တော့ဘူးလား" ဟု ဆီး၍ပြောလိုက်လေ၏။

"မစ္စတာ ကရစ်ပင်က ခေါ်ထားဦးဆိုလို့ ခေါ်ရတာပါဗျာ၊ ကျုပ်သဘောအတိုင်းဆိုရင်တော့ ဆားပုလင်းနှင်းမောင်ကို ခေါ်ထားဖို့မလိုပါဘူး၊ နဂိုကတည်းကကို ဘယ်ကိုမှ မပို့တော့ဘူး၊ ကျုပ်အနားမှာပဲ ထားချင်တာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

ကျွန်ုပ်တို့လည်း အိမ်အတွင်းသို့ ဝင်လိုက်လေ၏။ ကျွန်ုပ်တို့နှင့်အတူ ရွှေသွားကိုအောင်မြင့်ပါ လိုက်၍ ဝင်လာလေ၏။

အိမ်အတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကြမ်းပြင်ပေါ်တွင် ပက်လက်ဆန့်ဆန့်ကြီးသေ၍နေသော အသက် ၄၀ အရွယ်ရှိ လူတစ်ယောက်၏ အလောင်းတစ်လောင်းနှင့် ထိုအလောင်း၏ ပတ်ပတ်လည်တွင် အသုဘကမ္ဘာ့ဌာန်းရှုနေသည့် အလား အလောင်းကြီးကို ငေးမောကြည့်ရှုနေသည့် ဂါတ်ထဲမှ ပုလိပ်အရာရှိနှစ်ဦး၊

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့စီအိုင်ဒီမှ စုံထောက်ကိုစိန်လှ၊ စုံထောက်ကိုတင်ဝင်းနှင့် ဘိလပ်ပြန် ဆရာစိန်တို့ကို တွေ့ရလေတော့၏။

ထို့ကြောင့် ဦးကိုကိုကြီးက . . .

"ဘယ်လိုလဲ ကိုယ့်လူတို့၊ အသုဘကမ္မဋ္ဌာန်းပေါက်ကြပြီလား" ဟု မေးလိုက်လေ၏။ ထိုအခါ အလောင်းကြီး၏ ပတ်ပတ်လည်တွင်ရှိကြကုန်သော လူတို့က . . .

"ခင်ဗျားလဲ ကျုပ်တို့လိုပဲ ကမ္မဋ္ဌာန်းရှုဖို့ လာတာ မဟုတ်လား" ဟု ပြန်၍ပြောလေ၏။

"ကမ္မဋ္ဌာန်းရှုဖို့လာတာမဟုတ်ဘူး၊ ဒီလူသတ်မှုရဲ့ တရားခံကို ဖော်ထုတ်မလို့လာတာ" ဟု ဦးကိုကိုကြီးက အတည်ပေါက်နှင့် ပြောလိုက်လေ၏။

စုံထောက် ကိုတင်ဝင်းသည် ဦးကိုကိုကြီးအား မော့ကြည့်လိုက်ပြီးလျှင် . . .

"လူသတ်မှု တရားခံကို ခင်ဗျားက ဖော်ထုတ်မှာလား ဦးကိုကိုကြီး" ဟု မေးလိုက်လေ၏။

"ကျုပ် ဖော်ထုတ်မယ်ပြောတာ မဟုတ်ပါဘူးဗျ၊ ဆားပုလင်းနှင်းမောင် ပါလာတယ်" ဟု ပြောလိုက်သဖြင့် စုံထောက်များသည် . . .

"ဘယ်မှာလဲ" ဟု မေးကြကုန်၏။ ထိုအခါကျမှပင် ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်ကို လှည့်၍ကြည့်လိုက်ရာ ကျွန်ုပ်တို့နှင့် အတူဝင်လာသော ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်တို့နှင့်အတူမရှိကြောင်း သိရလေတော့၏။ ဝင်ပေါက်အနီး လက်ဝဲဘက်တွင် အပေါ်ထပ်သို့တက်သည့်လှေကားကြီးရှိသည်ကို သတိပြုမိသောကြောင့် ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်တို့နှင့်အတူဝင်လာသော်လည်း အခန်းတွင်းသို့ ဆက်၍မဝင်ဘဲ ထိုလှေကားမှနေ၍ အိမ်အပေါ်ထပ်သို့တက်၍ သွားခြင်းဖြစ်မည်ဟု ကျွန်ုပ်အနေနှင့်သာ တွေးထင်မိပေ၏။

စုံထောက်ကိုစိန်လှသည် အလောင်းကြီး၏နံဘေးမှ ထလာပြီးလျှင် ဦးကိုကိုကြီး၏ ပခုံးကို လှမ်း၍ပုတ်ရင်း . . .

"ဒီမှာ ဦးကိုကိုကြီး . . . နေရာတကာ သူတစ်ပါးကို အားမကိုးစမ်းပါနဲ့ဗျာ၊ ကိုယ့်ဘာသာကိုယ်ပဲ ကြိုးစားကြည့်ပါဦး" ဟု ပြောလေ၏။

"ခင်ဗျားပြောတာမှန်ပါတယ် ကိုစိန်လှ၊ တခြားကိစ္စတွေမှာတော့ ကိုယ့်ဘာသာကိုယ် ကြိုးစားတာ အကောင်းဆုံးပါပဲ၊ အမှုလိုက်တဲ့ ကိစ္စရယ်၊ ဆေးပင်ညှပ်တဲ့


www.burmeseclassic.com

www.burmeseclassic.com


တိစ္ဆရယ်တော့ ကျုပ်ဟာကျုပ် ဘယ်တော့မှ မလုပ်ဘူး၊ သူတစ်ပါးကိုအားကိုးတာချည်းပဲ၊ တရားခံမပေါ်တဲ့အမှုဆိုရင် ဆားပုလင်းနှင်းမောင်ကို အားကိုးရမယ်၊ ဆံပင်ရှည်လာလို့ ဆံပင်ညှပ်ချင်ရင် ဆံပင်ညှပ်ဆရာကို အားကိုးရမယ်၊ ဒီမှာကိုစိန်လှ ခင်ဗျားခေါင်းက ဆံပင်ကို ခင်ဗျားကိုယ်တိုင် ညှပ်သလား၊ ဆံပင်ညှပ်ဆရာ ညှပ်ပေးတာ မဟုတ်လား၊ ကိုယ့်ကိုကိုယ် အားကိုးမယ်ဆိုပြီး ဆံပင်ညှပ်ဆိုင်မသွားဘဲ ခင်ဗျားခေါင်းကို ခင်ဗျား ညှပ်မနဲ့နော်၊ ပုံမကျ ပန်းမကျနဲ့ . . . ကြွက်ကိုက်ကြီးဖြစ်သွားလိမ့်မယ် ဟဲ ဟဲ ဟဲ၊ သဘောပေါက်စမ်းပါ ကိုယ့်လူရာ၊ သဘောပေါက်ရင် သက်သာတယ် ကိုယ့်လူရဲ့" ဟု ဦးကိုကိုကြီးက ပြော၍ စုံထောက် ကိုစိန်လှ၏ ပခုံးကို လက်ဖြင့်ပုတ်လိုက်လေ၏။

ထိုအခါ စုံထောက် ကိုတင်ဝင်းသည် ထလာပြန်၍ . . .

"ကဲ . . . ဦးကိုကိုကြီးတို့က ဆားပုလင်းနှင်းမောင်ကို သိပ်ပြီးအားကိုးတာကိုး၊ ဆားပုလင်းနှင်းမောင်လဲ လူပါပဲဗျာ" ဟု ပြောပြန်လေ၏။

"မှန်ပါ့ဗျာ လူအစစ်ပါ၊ ကျုပ်ကလဲ နတ်ပါလို့ မပြောပါဘူး၊ ဒါပေမဲ့ အမှုမှန်နဲ့ တရားခံအမှန်ကို ဖော်ထုတ်တဲ့နေရာမှာတော့ ဆားပုလင်းနှင်းမောင်လို လူမျိုး ကျုပ်တို့ မြန်မာပြည်ပုလိပ်အဖွဲ့ တစ်ခုလုံးမှာကို မရှိဖူးသေးဘူးဗျ၊ ကျုပ် ပြောရဲပါတယ်ဗျာ၊ ဟောဒီအမှုမှာ ဆားပုလင်းနှင်းမောင် ဝင်ပြီးလိုက်ရင် အမှုလဲ အမြန်ဆုံးပေါ်မယ် သက်လဲ သက်သာမယ်၊ သူမပါဘဲ ကျုပ်တို့ဟာကျုပ်တို့ အလုပ်လုပ်ရရင်တော့ ကျုပ်တို့ ခင်ဗျားတို့ဟာ ဘာမျှားတတ်လို့တုံးဗျာ၊ ထင်တဲ့လူတွေကို ဖမ်းသွားပြီး ရိုက်နှက်ကြတဲ့ အလုပ်ကလွဲပြီး ပညာသားပါပါ အမှုလိုက်တတ်တဲ့ စုံထောက်ရယ်လို့ ဘယ်သူများ ရှိလို့တုံး၊ ကိုယ့်ကိုကိုယ် အထင်မကြီးစမ်းပါနဲ့ ကိုတင်ဝင်းရာ၊ မင်္ဂလာဆောင်ထားတာလဲ မကြာသေးဘူး မဟုတ်လား၊ တခြားကိစ္စတွေမှာ အပင်ပန်းမခံချင်စမ်းပါနဲ့ လိမ္မာစမ်းပါ" ဟု ဦးကိုကိုကြီးက ပြောဆိုရယ်မော၍ စုံထောက်ကိုတင်ဝင်း၏ပခုံးကို သူ၏လက်ဝါးကြီး ဖြင့် ပုတ်လိုက်လေ၏။ ထို့နောက် ရွှေသွားကိုအောင်မြင့်ဘက်သို့ လှည့်ကာ . . .

"ဒီမှာ ရွှေသွား၊ ခင်ဗျားကရော ဘာများပြောချင်သေးလဲ အေးအေးဆေးဆေး နေစမ်းပါဗျာ၊ ဆားပုလင်းနှင်းမောင် သူ့ဟာသူကြည့်ပြီး လုပ်သွားပါလိမ့်မယ်၊ ဘေးကနေ အသာကလေး ဆေးလိပ်သောက်ရင်း သူလုပ်တာကိုင်တာကိုကြည့်ပြီး ပညာယူနေ၊ ဒီထက်ပိုပြီး ဘာမှဝင်မလုပ်နဲ့၊ လကုန်ရင် လခရလိမ့်မယ်၊ ခင်ဗျားတို့ဝင်ပြီး လုပ်ခါမှ အမှုက ရှုပ်သထက် ရှုပ်ကုန်ရော . . . ပြီးတော့လဲ ဘာမှလဲ ဟုတ်တာမဟုတ်ဘူး၊


www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အရည်အချင်းကိုယ်သိစမ်းပါဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ရွှေသွား ကိုအောင်မြင့်က . . .

"ဒီမှာ ဦးကိုကိုကြီး" ဟု ခေါ်လိုက်လေ၏။

"ဆိုစမ်းပါဦး ကိုရွှေသွားရဲ့" ဟု ဦးကိုကိုကြီးက ပြန်၍ပြောလေ၏။

"လူဆိုတာ အမြဲတိုးတက်နေရမယ်ဗျ၊ တခြားလူတော့ မပြောတတ်ဘူး၊ ကျုပ်ကတော့ အမြဲကို တိုးတက်နေတာပဲ၊ မယုံရင် ဟောဒီမှာကြည့်၊ ဒီလူသတ်မှုနဲ့ ပတ်သက်လို့ ကျုပ်စဉ်းစားထားတာတွေ ခင်ဗျားကို ရှင်းပြမယ်၊ ယုတ္တိရှိမရှိ ခင်ဗျားဟာ ခင်ဗျား စဉ်းစားပေါ့" ဟု ဆိုကာ အလောင်းကြီးဆီသို့ ဦးကိုကိုကြီး၏ လက်ကိုဆွဲ၍ ခေါ်သွားလေ၏။

"ကြည့်ပါမယ်ဗျာ ကြည့်ပါမယ်" ဟု ဆိုကာ ဦးကိုကိုကြီးလည်း လိုက်ပါ သွားရလေ၏။

ရွှေသွား ကိုအောင်မြင့်သည် အလောင်းကြီးကို ညွှန်ပြ၍ . . .

"ဟောဒီ သေဆုံးတဲ့လူဟာ မနေ့ညက အသတ်ခံရတယ် ဆိုတာကိုတော့ လူတိုင်းပြောနိုင်ပါတယ်၊ ဘယ်အချိန် ဘယ်နာရီမှာ အသတ်ခံရတယ် ဆိုတာကို အတိအကျ ပြောနိုင်တဲ့လူဆိုလို့ ကျုပ်တစ်ယောက်တည်း ရှိလိမ့်မယ်ထင်တယ်" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"အလဲ့ကွယ်၊ ကျုပ်တူကြီး တယ်တော်နေပါလား၊ ဆိုစမ်းပါဦး" ဟု ပြောလိုက် လေ၏။

"မနေ့ည ၁၂ နာရီ ၂၄ မိနစ်တိတိမှာ အသတ်ခံရတာဗျ" ဟု ရွှေသွား ကိုအောင်မြင့်က ပြောလိုက်လေ၏။

"အတိအကျပါပဲလား၊ နည်းနည်းလဲရှင်းစမ်းပါဦး ရွှေသွားရဲ့" ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

"ဒီလူ အသတ်ခံရတဲ့အခါမှာ ကြမ်းပြင်ပေါ်ကို လဲကျသွားတယ်ဗျာ၊ အဲဒီအခါ သူ့လက်မှာ ပတ်ထားတဲ့ နာရီဟာ စက်ရပ်သွားတယ်၊ အဲဒီနာရီကို ကြည့်လိုက်တော့ ၁၂ နာရီ ၂၄ မိနစ်တိတိဗျ" ဟု ရွှေသွား ကိုအောင်မြင့်က ဆိုသဖြင့် ဦးကိုကိုကြီးလည်း နာရီကို ငုံ့ကြည့်ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါ့ဗျာ၊ နာရီလက်တံ အတိုက (၁၂) မှာ၊ နာရီလက်တံ အရှည်က ...ါတ် (၅) မရောက်ခင် တစ်မိနစ်အလို၊ တော်ပါပေတယ် ကိုအောင်မြင့်၊ စောစောက ...ပ်ပြောခဲ့တဲ့စကားကို ပြန်ပြီးရုပ်သိမ်းပါတယ်၊ ကြိုးစားပါ၊ ကြိုးစားပါ၊ တက်လမ်းတွေ ...များကြီးရှိပါတယ်" ဟု အတည်ပေါက်နှင့် ချီးမွမ်းလိုက်လေ၏။

ထိုအခါ စုံထောက် ကိုစိန်လှလည်း၊ ကိုအောင်မြင့်ကိုအားကျမခံသဘောဖြင့်

"ဒီမှာ ဦးကိုကိုကြီး၊ ဟောဒီမှာ သေတဲ့လူဟာ ပိုးမွှားရှာဖွေရှာန်တွေရဲ့အကြောင်း ...ီ လေ့လာနေတဲ့လူကြီးဗျ၊ ဟောဟိုတန်းပေါ်မှာ ဆေးရည်စိမ်ထားတဲ့ ပုလင်းတွေကို ...ည့်စမ်းပါ၊ ကင်းမြီးကောက်တွေ၊ ကင်းခြေများတွေ၊ တောက်တဲ့အနက်တွေ၊ မြွေတွေ ...ီ တွေ့တယ် မဟုတ်လား" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက. . .

"ဟုတ်ပါ့ ကိုစိန်လှရယ်၊ ခင်ဗျားလဲ အတော်ဖြစ်နေမှကိုး၊ ဆိုစမ်းပါဦး၊ ...စမ်းပါဦး" ဟု အားပေးလိုက်လေ၏။

"ဟောဒီ သေတဲ့လူဟာ လောကဓာတ်ဆရာကြီးတစ်ဦးဆိုတာတော့ ဘယ်သူမှ ...ငြင်းနိုင်ဘူး၊ ပြီးတော့ ဒီလူဟာ မြန်မာလူမျိုး မဟုတ်ဘူးဗျ၊ တရုတ်လူမျိုးဖြစ်တယ်၊ ...သူသေရတာဟာ အလွန်ကြောက်စရာ၊ လန့်စရာကိုတွေ့ပြီး ပက်လက်လန်လဲကျ ...သေဆုံးသွားတာဗျ၊ သူ့မှာ ဒဏ်ရာရယ်လို့ မရှိဘူး၊ မျက်လုံးကြီးပြူးပြီး သေနေပုံဟာ ...ပ်ပြောတဲ့အချက်ကို ထောက်ခံနေပါတယ်ဗျာ" ဟု ကိုစိန်လှက ပြောလိုက်လေ၏။

"ခင်ဗျားမဆိုးဘူးဗျ၊ ကျုပ်တို့စုံထောက်လောကမှာ နာမည်တစ်လုံးရလာမယ့် ...ပါဗျာ၊ ကြိုးစားစမ်းပါ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

ထိုအခါ ကိုတင်ဝင်းဆိုသူလည်း အားကျမခံသဘောနှင့် . . .

"သေတဲ့လူဟာ မသေခင်ကလေးမှာ စာရေးသေးတယ် ခင်ဗျ၊ သူ့ရဲ့ဖောင်တိန် ...ာ မင်ယိုတဲ့ဖောင်တိန် ဖြစ်တယ်၊ ဒါကြောင့် သူ့ရဲ့လက်ခလယ်နဲ့ လက်ညှိုးထိပ်မှာ ...တွေစွန်းနေတာပေါ့၊ ဒီတော့ ဘာဖြစ်နိုင်သလဲဆိုရင် ဒီလူဟာ တစ်စုံတစ်ယောက်က ...ကျပ်ကိုင်ပြီး လက်မှတ်ထိုးခိုင်းတာကို ထိုးပေးလိုက်ရတဲ့ သဘောမျိုးပဲ" ဟု ပြောလိုက် ... ဦးကိုကိုကြီးက . . .

"မြင်တတ်ပါပေ့ဗျာ၊ ကိုတင်ဝင်းလဲ အတော်ကလေးဟုတ်နေပြီပဲ၊ ကြိုးစား ...ဗျာ၊ ခင်ဗျားလဲ အသက်ငယ်သေးတာ၊ စိန့်စိန့်နားချည်းပဲ ကပ်မနေနဲ့၊ ရှုံးလဲ မှန်မှန် ...တ် ကိုယ့်လူရာ" ဟု ပြောလိုက်ရာ ကျွန်ုပ်တို့သည် ဝါးခနဲ ရယ်မောလိုက်ကြ ...သတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကျွန်ုပ်သည် အခန်းပတ်ပတ်လည်သို့ လှည့်လည်ကြည့်ရှုလေ၏ နံရံကပ်စာအုပ်ဗီရိုကြီးများနှင့် စာအုပ်စင်ကြီးများကို တွေ့ရလေ၏။ ထိုစာအုပ်ဗီရိုကြီးများနှင့် စာအုပ်စင်မြင့်၌လည်း လွန်စွာထူသော စာအုပ်ကြီးများနှင့် ပြည့်နှက်လျက်ရှိလေ၏။

ကျွန်ုပ်သည် အခန်းတွင်း လှည့်လည်ကြည့်ရှုရင်း အပေါ်ထပ်သို့ တက်သောလှေကားကိုတွေ့သဖြင့် ထိုလှေကားမှနေ၍ အပေါ်ထပ်သို့ တက်သွားမိလေ၏။

အပေါ်ထပ်၌ကား အခန်းဟူ၍ ဖွဲ့ထားခြင်းမရှိပဲ တောက်လျှောက် ဖွင့်ထားသော 'ဟော' ခန်း အကျယ်ကြီးကို တွေ့ရလေ၏။ ထိုအခန်းကျယ်ကြီး၏ တစ်ခုသောနံရံကြီးကို နက်ပြာရောင်သဘော်ဆေးဖြင့်သုတ်ထားပြီးလျှင်၊ ၎င်းအပေါ်၌ ကောင်းကင်တွင် ထွန်းလင်းတောက်ပသော ကြယ်တာရာများ၏ပုံကို အသေးစိတ်ရေးထားလေ၏။ ထိုကြယ်တာရာတို့၏ အောက်တွင်လည်း ကြယ်တာရာ၏အမည်နှင့် ထိုကြယ်တာရာ၏ အကြောင်းတို့ကို ဖော်ပြထားလေ၏။

ကျွန်ုပ်သည် နံရံအနီးသို့ ကပ်သွားပြီးလျှင် သေးငယ်သော ကြယ်ကလေးတစ်လုံးကို ကြည့်ရှုမိလေ၏။ ထိုကြယ်ကလေးအောက်တွင် စာအချို့ ရေးသားထားသဖြင့် ဖတ်ကြည့်မိလေတော့၏။

## ဟာရဲလ်ဂြိုဟ်

ဤဂြိုဟ်ကို အက်ဖ်ဒဗလျူ ဟာရှဲလ် ဆိုသူ နက္ခတ်ဆရာ တစ်ဦးသည် (၁၈၇၁-၃-၁၃) ရက်နေ့တွင် တွေ့ရှိခဲ့သည်။ တတိယမြောက် ဂျော့ဘုရင် ကိုယ်တိုင် ဝင်ဆာရဲတိုက် တောင်ပေါ်မှ မှန်ပြောင်းဖြင့် ကြည့်ရှုခဲ့လေ ကောင်းစွာမြင်ရလေသည်။ ထို့ကြောင့် တွေ့ရှိသူ နက္ခတ်ဆရာ အက်ဖ်ဒဗ ဟာရှဲလ်အား နိုက်ဘွဲ့ထူးကို ချီးမြှင့်ခဲ့လေ၏။ ထိုဂြိုဟ်၏ အခြားအမည် ယူရေးနပ်စ်ဟူ၍ ဖြစ်၏။

ထိုဂြိုဟ်သည် နေမင်းမှ မိုင် သန်းပေါင်း (၁၈၀၀) ခန့်ဝေးသည်။ ၎င်း အချင်းသည် မိုင်ပေါင်း ၃၄၂၁၇သန်းရှိ၏။ ကျွန်ုပ်တို့နေထိုင်သော အပ်ဒ် ခေါ် ကမ္ဘာကြီးထက် အဆပေါင်းခြောက်ဆယ် ပို၍ကြီးပြီးလျှင် တစ်ဆယ့် ပို၍လေး၏။ ထိုဂြိုဟ်တွင် ကျွန်ုပ်တို့ကမ္ဘာကဲ့သို့ လတစ်စင်းသည်း မဟု


www.burmeseclassic.com

လေးစင်းရှိ၏။ ထိုဟာရဲလ်ဂြိုဟ်ကြီးသည် နေကို တစ်ပတ်ပတ်မိရန်အတွက် ၈၅ နှစ်ခန့် အချိန်ယူရလေ၏။ ၎င်း၏အရောင်မှာ အစိမ်းရင့်ရောင်ရှိ၏။ ကျွန်ုပ်တို့အသုံးပြုသော ၁၂ ရာသီခွင်တွင် ပြောင်းပြန်သွားသော ဂြိုဟ်ကြီးလည်း ဖြစ်၏။

အကယ်၍ ဟာရှဲလ်ဂြိုဟ်၌ လူသတ္တဝါရှိခဲ့လျှင် ထိုသူတို့အဖို့ အနောက်မှ နေထွက်၍ အရှေ့မှ နေဝင်ခြင်းကို တွေ့ရပေလိမ့်မည်။

ဤဂြိုဟ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ကမ္ဘာဂြိုဟ်မှ ဗေဒင်ဆရာအချို့သည် ဗေဒင်ဟောခြင်း၌ ထည့်သွင်းအသုံးပြုလေ၏။ ဥပမာ လဂ်၏ (၇) တန့်၌ ဟာရှဲဂြိုဟ်ရှိ၍ ထိုဂြိုဟ်ကို အခြားသောဂြိုဟ်တစ်လုံးလုံးက မကောင်းသော အမြင်နှင့်မြင်ခဲ့ပါလျှင်၊ ထိုဇာတာရှင်သည် အိမ်ထောင်ကျပြီးနောက် ကြွေးရှင်တို့က နားပူနားဆာ လာ၍လုပ်ကြသောကြောင့် အိမ်ထောင်သုခကို ကောင်းစွာ မခံစားရဘဲ ကြွေးဝိုင်းနေရခြင်းဖြင့်သာလျှင် နှမြောစရာကောင်းသောအချိန်များ ကုန်စေအံ့။

ကျွန်ုပ်သည် ထိုစာကို ဖတ်ပြီးနောက် ပြုံးမိလေ၏။ ထို့နောက် ကျွန်ုပ်တို့ အိုင်ဒီရုံးမှစာရေးကြီးကိုဖိုးထောင်၏မျက်နှာကိုလည်း ပြေး၍မြင်ယောင်မိလေတော့၏။

ထိုစာရေးကြီးသည် မင်္ဂလာဆောင်ပြီးလျှင်ပြီးချင်း လက်ဖွဲ့ရရှိသောငွေများမှ ကြွေးဆပ်ပါမည်ဟုကတိပေးကာ ကြွေးယူ၍ မင်္ဂလာဆောင်၏။ သို့ရာတွင် ၎င်းမျှော်လင့်ထားသည့်အတိုင်း လက်ဖွဲ့ငွေများမရသဖြင့် ကြွေးမဆပ်နိုင်ဘဲ ရှိလေ၏။ ကြွေးရှင်များမှာလည်း မင်္ဂလာဆောင်၍ ပြီးလျှင်ပြီးချင်း ရောက်ရှိလာကြမည်ဖြစ်ရာ ၎င်းသည် မင်္ဂလာဆောင်၌ သတို့သမီး သတို့သား ပွဲထုတ်ပြီးသည့်အချိန်မှစ၍ တစ်ချိုးတည်း သစ်လေတော့၏။ တစ်လခန့်ကြာမှ ငွေအချို့ရှာဖွေရရှိသဖြင့် အိမ်သို့ပြန်ရဲလေတော့၏။ မင်္ဂလာဆောင်ပြီး သတို့သမီးနှင့် စက်ရာခန်းသို့ မဝင်ရဘဲ ကြွေးပူ၍ ရှောင်တိမ်းထွက်ပြေးခဲ့ရသော စာရေးကြီးအား ဟာရှဲလ်ဂြိုဟ်ကြီးသည် ကောင်းစွာ နှိပ်စက်ထားပေသိမ့်မည်ဟု တွေးမိလေတော့၏။

ထို့နောက် ကျွန်ုပ်သည် နံရံမှခွာ၍ လျှောက်ကြည့်ရာ တစ်နေရာတွင် အမိုးမှ နေရောင်ခြည်တန်းတစ်ခုသည် စားပွဲခုံပေါ်သို့ထိုး၍နေသဖြင့် ထိုစားပွဲဆီသို့ လျှောက်၍သွားရာ စားပွဲပေါ်၌ စက်နာရီတစ်လုံး၊ ရှေးမြန်မာမင်း လက်ထက်လေ့ာက်က



www.burmeseclassic.com

www.burmeseclassic.com

အသုံးပြုသော ရေနာရီတစ်လုံး၊ ရှေးခေတ် အီဂျစ်လူမျိုးများ အသုံးပြုသော သဲနာရီ
တစ်လုံးနှင့် နေနာရီတစ်ခုကို တွေ့ရလေ၏။ နေနာရီဆိုသည်မှာ ဖျဉ်ချပ်ပေါ်တွင် နာရီ
နံပါတ်များရေး၍ ထားလေ၏။ အလယ်၌ တုတ်ချောင်းကလေး စိုက်၍ ထား၏။
ထိုတုတ်ချောင်းကလေးသည် နေရောင်ကြောင့် အရိပ်ဖြစ်ပေါ်၏။ ထိုအရိပ်သည်
နာရီနံပါတ်များပေါ်သို့ ကျရောက်ညွှန်ပြလေ၏။ ကျွန်ုပ်သည် နေနာရီကို ကြည့်လိုက်ရာ
နံနက် ၁၁နာရီ တိတိကို ညွှန်ပြနေသည်ကိုတွေ့ရသဖြင့် စက်နာရီကိုကြည့်လိုက်ရာ
စက်နာရီမှာလည်း ၁၁ နာရီတိတိ ထိုးနေကြောင်း တွေ့ရလေတော့၏။

ထို့ကြောင့် ကျွန်ုပ်၏စိတ်တွင် "နေနာရီကလည်း စက်နာရီလို အားကိုးရတာ
ပါပဲလား" ဟု အောက်မေ့မိလေတော့၏။

ထို့နောက် နေရောင်ခြည်ကျသော အပေါက်ကို မော့၍ကြည့်ပြီးလျှင် "အင်
တစ်ခုတော့ရှိတယ်၊ နေရောင်မရှိတဲ့ညအခါဆိုရင်တော့ ဒီနာရီဟာ ဘာမှအသုံးဝင်မှာ
မဟုတ်ဘူး၊ ညပါသုံးလို့ရရင်တော့ သိပ်ကိုကောင်းမှာပဲ" ဟု စိတ်ထဲ၌ တွေးမိသည်
အချိန်မှာပင် ဆားပုလင်းနှင်းမောင်၏အသံသည် ကျွန်ုပ်၏နောက်ဘက်ဆီမှ ထွက်ပေါ်
လာလေ၏။

"မဖြစ်နိုင်တာဘဲ အိုင်ပီရယ်၊ နေနာရီဆိုတာ နေရှိမှ အသုံးပြုလို့ရမှာပေါ့ဗျာ
ညဘက်မှာ ဘယ်လိုမှ သုံးလို့မရဘူး၊ ပြီးတော့ မိုးတွင်းအခါ နေမသာဘဲ မိုးတွေရွာနေ
မိုးတွေအုံ့နေတဲ့အခါမျိုးမှာလဲ သူ့ကိုသုံးလို့မရဘူး၊ ဒါကြောင့် ရေနာရီတို့၊ သဲနာရီတို့
စက်နာရီတို့ ပေါ်လာရပြန်တာပေါ့" ဟု ပြောလိုက်လေတော့၏။

ကျွန်ုပ်သည် လွန်စွာ အံ့အားသင့်၍ သွားလေတော့၏။

"ဒီနာရီဟာ ညဘက်ဆိုရင် ဘာမှအသုံးဝင်မှာမဟုတ်ဘူး" ဟု ကျွန်ုပ်၏စိတ်၌
တွေးထင်ခြင်းသာလျှင်ဖြစ်၏။ ဤသည်ကိုပင် ဆားပုလင်းနှင်းမောင်သည် သိ၍နေ၏။
ထို့ကြောင့် . . .

"ဘယ်လိုလဲ အိုင်ဆေး၊ ပရစိတ္တ ဝိဇာနာယ အဘိညာဉ်ဆိုတာများလားဗျာ
သူတစ်ပါးရဲ့ စိတ်အကြံကိုတောင် သိနေမှကိုး" ဟု ပြောလိုက်မိလေတော့၏။

"အဘိညာဉ်ထိအောင် မစဉ်းစားပါနဲ့ဗျာ၊ ကျုပ် မရပါဘူး၊ နောင်တစ်
စီအိုင်ဒီက အနားယူပြီးရင်တော့ ဟိမဝန္တာမှာ သွားပြီး ကျင့်မယ်လို့တော့ စိတ်
ထားပါတယ်၊ အဲဒီအခါမှာတော့ အိုင်ပီပြောတဲ့ အဘိညာဉ်ဆိုတာ ရချင်လဲရမယ်


www.burmeseclassic.com

www.burmeseclassic.com


အခုဟာကတော့ စိတ်ကိုရုပ်မှာကြည့်ပြီး အကဲခတ်တာပါဗျာ၊ ခင်ဗျားဟာ ပထမ နေနာရီကိုကြည့်လိုက်တယ်၊ ပြီးတော့ စက်နာရီကို ကြည့်လိုက်ပြန်တယ်၊ အချိန်ကိုက်နေတာကို တွေ့ရတော့ နေနာရီကို စိတ်ထဲက ချီးမွမ်းလိုက်တယ်၊ နေနာရီဟာလဲ စက်နာရီလိုပဲ အားကိုးလောက်ပါလားလို့ တွေးမိပြီး၊ ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်တယ်၊ ပြီး နေနာရီပေါ်ကိုကျနေတဲ့အလင်းရောင်ကို မော့ပြီးကြည့်လိုက်ပြန်တယ်၊ အဲဒီအခါမှာ နေရောင်ရှိတဲ့ အချိန်တော့ ဟုတ်တာပေါ့၊ နေရောင်မရှိတဲ့ ညအခါဆိုရင် နေနာရီဟာ လုံး၀ အသုံး၀င်တော့မှာ မဟုတ်ဘူးလို့ တွေးမိပြန်တယ်၊ အဲဒီအခါမှာ ခေါင်းကိုဖြည်းဖြည်းကလေး ခါလိုက်တယ်လေဗျာ" ဟု ဆားပုလင်း နှင်းမောင်က ရှင်းပြလိုက်ရာ ကျွန်ုပ်သည် ၎င်း၏ဉာဏ်သွားပုံ အကဲခတ်ကောင်းပုံတို့ကို ချီးမွမ်းရပြန်လေ၏။ ထို့နောက် ကျွန်ုပ်က ဉာဏ်စမ်းလိုသေးသည့်သဘောနှင့် ကြယ်တာရာများရေးထားသည့် နံရံဘက်သို့ လှည့်၍ တစ်စုံတစ်ခုမေးမည် ဟု ပါးစပ်ပြင်လိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ဘာလဲ အိုင်စီ၊ ဟိုနံရံက ကြယ်တာရာတွေကြည့်ပြီး ဘယ်လိုစိတ်ကူးမျိုးပေါ်ခဲ့တယ်ဆိုတာ ကျုပ်ကိုမေးမလို့လား၊ မမေးနဲ့ အိုင်စီ၊ ဟာရှယ်ဗြိုဟ်အောက်ကစာကို ဖတ်ပြီးပြီးချင်း ခင်ဗျားဟာ ရုံးစာရေးကြီး ကိုဖိုးထောင်ကို ပြေးပြီး သတိရလို့ ပြုံးမိသေးတယ် မဟုတ်လား" ဟု ကြိုတင်၍ ပြောလိုက်လေတော့၏။

"နိုင်ငံခြားမှာ ခေတ်စားနေတဲ့ 'ကလဲဗိုရင့်' ခေါ်တဲ့ 'စိတ်မျက်စိ' ပညာရှင်မျိုးတောင် ခင်ဗျားရဲ့ 'အတွေးမျက်စိ' ကို မီမှာ မဟုတ်ဘူး" ဟု ကျွန်ုပ်က ပြောမိလေတော့၏။

"အတွေးမျက်စိ မဟုတ်ဘူး၊ ဉာဏ်မျက်စိ၊ ဉာဏစက္ခုဗျ၊ ဉာဏစက္ခု ဘယ်အချိန်မှာ ပွင့်သလဲဆိုရင် ကြောင်းကျိုးဆက်စပ်ယူတဲ့အချိန်မှာ ပွင့်တာပေါ့ဗျာ၊ ကြောင်းကျိုးဆက်စပ်ယူတတ်ခြင်းဟာ ဘယ်အချိန် ဖြစ်တတ်သလဲဆိုရင် အကြောင်းချည်း သတ်သတ်၊ အကျိုးချည်းသတ်သတ် မစဉ်းစားဘဲ အဲဒီနှစ်ခုကို ကျကျနနအောင်သွယ်လုပ်ပြီး ပေးစားတတ်တဲ့ခါမျိုးမှာ ဖြစ်ပေါ်တတ်တာပေါ့ဗျာ၊ အကျိုးတရားတစ်ခုတွေ့တာနဲ့ သူနဲ့ပေးစားနိုင်မယ့်အကြောင်းတရားကို ရှာဖွေနိုင်ရမယ်၊ ရှာဖွေပြီးရင် ပထမစေ့စပ်ကြောင်းလမ်းရမယ်၊ အဲဒီမှာတစ်ဘက်ဘက်က ငြင်းမယ်ဆိုရင် ခွာပေတော့ မင်္ဂလာဆောင်လို့မရတော့ဘူး၊ နှစ်ဘက်စလုံးက သဘောတူရင်တော့ အဲ့ဒီအကြောင်းတရားနဲ့ အကျိုးတရားကို မြန်မြန်ပေးစားလိုက်ပေတော့၊ အဲဒီမှာ သူတို့က သားသမီးတွေ

www.burmeseclassic.com

မွေးပေးလိမ့်မယ်၊ အဲဒီလိုမွေးပေးတဲ့သားသမီးတွေဟာ ကျုပ်တို့ လိုချင်တဲ့ အဖြေဆိုတဲ့ သားသမီးတွေပဲ" ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် . . .

"လာဗျာ၊ အောက်ထပ်ကိုဆင်းကြဦးစို့၊ အပေါ်ထပ်ကတော့ လုံလောက်ပါပြီ" ဟု ပြောဆိုကာ လှေကားမှဆင်း၍သွားသဖြင့် ကျွန်ုပ်လည်း နောက်မှလိုက်၍ ဆင်းခဲ့လေ၏။

အောက်ထပ်တွင်ကား ဂါတ်တဲမှ ဌာနာအုပ်နှစ်ဦး၊ ကျွန်ုပ်တို့ စီအိုင်ဒီမှ စုံထောက်ကြီးလေးဦးတို့သည် လူသေအလောင်းကြီးကို ဝိုင်းပတ်၍ထိုင်ကာ ငြင်းခုံပြောဆိုနေကြလေ၏။ ကျွန်ုပ်တို့ဆင်းလာသည်ကိုမြင်လျှင် ဦးကိုကိုကြီးက . . .

"ဦးအောင်သင်းရေ၊ အခုလို ကျုပ်တို့ခြောက်ယောက် အလောင်းကြီးဘေးမှာ ဝိုင်းထိုင်ပြီး ငြင်းခုံနေကြတာ ဘာနဲ့တူသလဲဗျာ" ဟု မေးလိုက်လေ၏။

ကျွန်ုပ်က . . .

"ဘာနဲ့တူတယ်လို့ မပြောတတ်ပေါင်ဗျာ" ဟု ပြန်၍ ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"အဖေကြီးသေတာကို အမွေခွဲမလို့ ရောက်နေတဲ့ သားခြောက်ယောက်နဲ့ မတူဘူးလားဗျာ၊ ကျုပ်က ဒီအထဲမှာ အကြီးဆုံးသားကြီး ဩရသ၊ ကိုတင်ဝင်းက ဒီအထဲမှာ သားအထွေးဆုံးပေါ့ဗျာ" ဟု ပြောလိုက်ရာ "ဝါးခနဲ" သံပြိုင်ရယ်မောကြလေ၏။ ထိုအခါ ဘီလပ်ပြန် ဆရာစိန်က . . .

"အဖေသေတာ အမွေခွဲဖို့ ရောက်နေတဲ့ သားတွေနဲ့ ဒါလောက်မတူဘူးဗျ၊ လူသားစားတဲ့ လူရိုင်းတွေ အလောင်းကြီးကိုဖဲ့ပြီး စားမလို့ ဝိုင်းအုံကြည့်နေတာနဲ့ တူတယ်ဗျ၊ ခင်ဗျားက လူရိုင်းကြီးနဲ့ ပိုလို့တောင်တူသေးတယ်" ဟု ပြောလိုက်ရာ ထပ်မံ၍ ရယ်ရပြန်သေးတော့၏။

ထို့နောက် ဂါတ်တဲမှ ဌာနာအုပ်နှစ်ဦးသည် ဆားပုလင်းနှင်းမောင်ထံသို့ ထလာပြီးလျှင် ဆားပုလင်းနှင်းမောင်နှင့် မိတ်ဆက်လေ၏။

"ကျွန်တော်က ဌာနာအုပ် မောင်အေးသောင်းပါ၊ ဟောဒါက ဌာနာအုပ် မောင်မောင်လှတဲ့၊ ကျွန်တော်တို့အနေနဲ့လဲ ဒီအမှုကို ရပါအောင် ဖော်နိုင်ပါတယ်၊ ဒီထက်မကတဲ့ အမှုတွေလဲ ကျွန်တော်တို့နည်း ကျွန်တော်တို့ဟန်နဲ့ ဖော်ခဲ့ကြတာပဲ၊


www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ဒီတစ်ခါတော့ စီအိုင်ဒီကဆရာတွေ လုပ်ပုံကိုင်ပုံဟာ ကျွန်တော်နဲ့ဘာမျှ ထူးသလဲလို့ သိချင်လို့ ဟောဒီကိုမောင်မောင်လှက စီအိုင်ဒီကိုအကြောင်းကြားစမ်းပါ၊ ကြားစမ်းပါ၊ တဖွဖွပြောလွန်းလို့ အကြောင်းကြားလိုက်တာပါ၊ ဟောဒီစီအိုင်ဒီက ဆရာတွေ စဉ်းစားပုံ၊ ထင်မြင်ချက်ပေးပုံတွေကိုလဲကြားရပါပြီ၊ ကျွန်တော်တို့ ဘာမျှ မထူးပါဘူး၊ အသတ်ခံရတဲ့လူရဲ့နာရီကို စဉ်းစားတာလဲ ကျွန်တော်တို့နဲ့ တစ်ထပ်တည်း တူပါတယ်၊ လည်ပင်းညှစ်ပြီးအသတ်ခံရတယ်ဆိုတာဟာလဲ ကျွန်တော်တို့နဲ့ ခပ်ဆင်ဆင် တူပါတယ်၊ ကြောက်စရာလန့်စရာကို မြင်လို့ လန့်ပြီးလဲသွားတယ်ဆိုတာလဲ ကျွန်တော်တို့နဲ့ တူတာပါပဲ" ဟု ကိုအေးသောင်းက ရှည်လျားစွာ ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"အတော်ကလေး၊ အလုပ်လုပ်ပြီးကြမှကိုး၊ ဌာနာအုပ်ကြီးပြောတာမှန်ပါတယ်၊ စီအိုင်ဒီက လူတွေဟာလဲ ခင်ဗျားတို့နဲ့ ဘာမှပိုပြီးမထူးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့လဲ လူတွေပဲဗျာ၊ မိုးပေါ်က ကျလာတာတွေမှ မဟုတ်ဘဲ၊ လူတွေဟာ လူတွေလိုပဲ စဉ်းစားကြပေမပေါ့၊ နေစမ်းပါဦး၊ တစ်ဆိတ်လောက် အလောင်းကို ကြည့်ပါရစေဦး" ဟု ပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် ဦးကိုကိုကြီးအနီးမှဝင်ကာ အလောင်း၏ နံဘေး၌ ဒူးထောက်၍ ထိုင်လိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"အမွေတောင်းမယ့်သားတစ်ယောက်တိုးလာပြန်ပြီ၊ သူကအဝေးရောက်နေလို့ သူ့ကို သံကြိုးရိုက်ပြီးခေါ်ရတာ၊ အခုမှ ရောက်လာရှာတယ်" ဟု နောက်လိုက်ရာ ကျွန်ုပ်တို့လည်း ရယ်မောကြရပြန်လေ၏။

ဆားပုလင်းနှင်းမောင်သည် အလောင်းကြီးကို သေချာစွာကြည့်လိုက်လေ၏။ ကျွန်ုပ်လည်း ယခုအခါမှပင် အလောင်း၏မျက်နှာကို ဂရုစိုက်ကြည့်မိလေ၏။

တရုတ်လူမျိုးတစ်ဦးဖြစ်ကြောင်းထင်ရှားလှပေ၏။ သေဆုံးသူ၏မျက်နှာသည် ဓာတ်ပုံရိုက်ခါနီး၌ ဓာတ်ပုံဆရာက "ပြုံးပြုံးကလေးနေနော်" ဟု သတိပေးသဖြင့် ပြုံးပြနေသော အမူအရာမျိုးနှင့် တူလေ၏။ ညီညာဖြူဖွေးလှသော သွားများပေါ်၍ နေလေ၏။ မျက်လုံးသာ မပြူးပါလျှင် ဓာတ်ပုံအရိုက်ခံရန် အကောင်းဆုံးအပြုံးဟု ဆိုရပေမည်။ ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်အား အောက်ပါအတိုင်း ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အသတ်ခံရတဲ့လူဟာ ပြုံးကျနပ်နပ်ကြီးကို အသတ်ခံရတဲ့လူဗျာ၊ ပြုံးနေပုံဟာ ကျေနပ်နေကြောင်း ဖော်ပြနေတာပဲ"

ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဦးကိုကိုကြီး ပြောသလို အသတ်ခံရမယ့်ကိစ္စမှာတောင် ဒါလောက် ကျေကျေနပ်နပ်ကြီး ပြုံးနေရင် မင်္ဂလာဆောင်တဲ့ အချိန်တုန်းက ဘယ်လိုများ ပြုံးပါ့မလဲ၊ ဒီထက်ပိုပြီးပြုံးစရာလဲတတ်နိုင်မယ်မထင်တော့ပါဘူး၊ လောကမှာ ပြုံးပြုံးကလေးသေဖို့ဆိုတာ မလွယ်ဘူးဗျ၊ ရှေးက တေးထပ်တစ်ခုမေ့နေပြီထင်တယ်၊ 'မချိလို့ သွားဖြဲတာကို ရယ်သလားလို့ မေးကြတယ်' ဆိုတဲ့ တေးထပ်လေဗျာ၊ အခုလဲ 'ဒီအတိုင်းပဲဗျ၊ ပြုံးပြနေတာ မဟုတ်ဘူး၊ မချိမဆံ့ ဝေဒနာခံစားရလွန်းလို့ အကြောတွေ တစ်အားရုန်းလာပြီး သွားချင်းကြိတ်ပြီးပါးစပ်ပြဲသွားတာ၊ ခင်ဗျားတို့ကို ပြုံးပြနေတာ မဟုတ်ဘူး" ဟု ပြောဆိုကာ မျက်နှာသစ်သော ကြွေဇလုံအနီးသို့ လျှောက်သွားပြီးလျှင် ကြွေဇလုံအနီးရှိ ခွက်ထဲတွင် စိုက်ထားသော ဘီးတစ်ချောင်းကိုယူ၍ အလောင်းဆီသို့ ပြန်လာကာ အလောင်း၏ ဦးခေါင်းမှ ဆံပင်များကို ဘီးဖြင့်ဖြီးပေးလေတော့၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"တရားနဲ့ဖြေပါ ကိုနှင်းမောင်ရယ်၊ သေပြီးမှတော့ အလှပြင်ပေးမနေပါနဲ့ဗျာ၊ ခေါင်းပဲဖြီးပေးပေး၊ မျက်နှာကိုပေါင်ဒါပဲရိုက်ပေးပေး၊ မထူးတော့ပါဘူး" ဟုပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် လူသေ၏ ဦးခေါင်းအား ဘီးဖြင့် ဖြီးလိုက်ရာ ဘီးသည် ငယ်ထိပ်သို့အရောက်တွင် တန့်ရပ်၍သွားသဖြင့် ဆံပင်ကို လက်ဖြင့် ဖြဲရှာလေတော့၏။

"ဘယ်လိုလဲ အိုင်ဆေး၊ သန်းရှာပေးမလို့လား" ဟု ဦးကိုကိုကြီးက နောက်လိုက်လေ၏။

ကျွန်ုပ်တို့သည် ဦးကိုကိုကြီး၏စကားကြောင့် ရယ်မည်လုပ်ပြီးခါမှ မရယ်ဖြစ်ဘဲ ရှိကြလေ၏။

အဘယ့်ကြောင့်ဆိုသော် ဆားပုလင်းနှင်းမောင်သည် လူသေ၏ဆံပင်အတွင်းမှ ဦးခေါင်းခွံအရိုးတိုင်အောင် စူးဝင်နေသော ဆူးတစ်ချောင်းကို နုတ်ယူလိုက်သောကြောင့် ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


"ဒီဆူးကြောင့် သေတာဗျ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"ဆူးစူးလို့ သေတဲ့မသာဆိုလို့ ဒီတစ်ခါပဲ မြင်ဖူးပါတယ်ဗျာ" ဟု ပြောလေ၏။

"ရိုးရိုးဆူးမဟုတ်ဘူးဗျ၊ အဆိပ်ဆူး" ဟု ဆားပုလင်းနှင်းမောင်က ပြောဆို၍ ၎င်း၏အိတ်ကပ်တွင်ပါသော သံဘူးကလေးအတွင်းသို့ ထိုဆူးကလေးကိုထည့်၍ သံဘူးအား ကျွန်ုပ်ကို လှမ်း၍ ပေးလိုက်လေတော့၏။

ကျွန်ုပ်လည်း ၎င်းသံဘူးကလေးကို သိမ်းဆည်းထားလိုက်လေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် အလောင်းကြီး၏အနီးမှ ထခဲ့ပြီးလျှင် အခန်း၏ ပတ်ပတ်လည်သို့ လျှောက်၍ကြည့်ရာ အလယ်တွင် စားပွဲတစ်လုံးထား၍ စားပွဲ၏ ဘိုဘက်ဒီဘက်တွင် ကုလားထိုင်တစ်လုံးစီ ချထားသည်ကို တွေ့ရလေ၏။ ထိုစားပွဲပေါ်၌ကား စာအုပ်အချို့နှင့် စာရေးစက္ကူများ၊ ခဲတံများကို တွေ့ရလေ၏။ တစ်ခုသော ကုလားထိုင်နှင့်နီးသည့် အခန်းထောင့်ချိုးနံရံ၌မူ လမ်းလျှောက်ရာတွင် အသုံးပြုသော တုတ်ကောက်တစ်ချောင်းကို တွေ့ရလေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုတုတ်ကောက်ကိုကောက်ယူ၍ ကုလားထိုင်၌ ထိုင်၍ထိုင်ကာ တုတ်ကောက်အား စောစောက အခန်းထောင့်နေရာ၌ ထိုင်လျက် အနေအထားမှ လှမ်း၍ ထောင်ကြည့်လိုက်လေ၏။

ဤသည်ကို ကျွန်ုပ် ကောင်းစွာရိပ်စားမိပါသည်။ ထိုကုလားထိုင်မှ ထိုင်လျက် တုတ်ကောက်ကို နံရံ၌ထောင်၍ ရမရ သိရှိနိုင်ရန် စမ်းသပ်လိုက်ခြင်း ဖြစ်ပေသည်။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် တုတ်ကောက်ကို ပြန်၍ယူကာ သေချာစွာ ကြည့်ရှုလေ၏။ တုတ်ကောက်၏ လက်ကိုင်ကိုကြည့်ရှုလေ၏။ စိန်ဝယ်မည့်သူသည် ၎င်းလျှင် သူဝယ်ယူမည့်စိန်အား အနာအဆာပါခြင်းရှိမရှိကြည့်ရှုရာ၌ ဆားပုလင်းနှင်းမောင် ယခုတုတ်ကောက်ကိုကြည့်သကဲ့သို့ စေ့စပ်သေချာခြင်း၌ လည်းကောင်း၊ အချိန်ယူခြင်း၌ လည်းကောင်း မီလိမ့်မည် မဟုတ်ပေ။

၎င်းသည် တုတ်ကောက်ကို ဖင်ပြန်ခေါင်းပြန် ကြည့်ရှုလေ၏။ တုတ်ကောက်၏ လက်ကိုင်ကို ကြည့်ရှုလေ၏။ တုတ်ကောက်၏ထိပ်တွင်တပ်ထားသော "အခွေး" ခေါ် ကြေးကွင်းအား ကြည့်ရှုပြန်၏။ ထို့နောက် မောင်းချဓားကိုထုတ်၍ ကြေးကွင်းရှိ အညစ်အကြေးများကိုကော်၍ စက္ကူပေါ်သို့ချကာ ကြည့်ရှုလေ၏။ ထို့နောက် လက်ကိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com


တုတ်တံ ဆက်၍ထားသောနေရာကို ကြည့်ရှုပြန်၏။ မှောင်းချမှားဖြင့် ကော်၍ကြည့်ပြန်၏။ ပြီးလျှင် လက်ကိုင်နှင့် တုတ်အဆက်တွင် ကွပ်ထားသော သတ္တုကွင်းကို ဓားဖြင့်ခြစ်၍ကြည့်၏။ ထိုကွင်းအနီး အသားတွင်မြှုပ်၍ ရိုက်ထားသော (K.W) ဆိုသည့် သတ္တုစာလုံးကို အနည်းငယ်ကော်၍ ကြည့်ပြန်၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ဇင်းအလွန်ကြိုက်သော ဂလေဇီယာ ရေခဲတောင်တံဆိပ် စီးကရက်ကိုထုတ်၍ မီးညှိဖွာရှိုက်ရင်း ကျေနပ်စွာပြုံးလိုက်ပြီးလျှင်-

"တော်တော်ကောင်းတဲ့ အမှုကလေးပဲဗျ၊ ဒီမိုးတွင်းအတွက်အပျင်းပြေစရာကလေးတစ်ခုပါပဲ၊ လူသတ်သမားဟာ ဉာဏ်မသေးလှဘူးဗျ၊ ကြောက်ဖို့လဲ သိပ်ပြီးကောင်းတယ်" ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ စုံထောက် ကိုစိန်လှ၊ ကိုအောင်မြင့်၊ ကိုတင်ဝင်းနှင့် ဌာနာအုပ် မောင်မောင်လှတို့သည် လူသတ်မှုအကြောင်းကို ထင်မြင်ချက်များ ပွက်လောရိုက်အောင် ပြောဆိုနေကြပြန်၏။

ဆားပုလင်းနှင်းမောင်သည် ကုလားထိုင်တွင်ထိုင်၍နေရာမှ တစ်စုံတစ်ခုကို သတိရသည့်အလား "ဖြုတ်ခနဲ" ထ၍ ဖိနပ်စင်သို့သွားပြီးလျှင် ဖိနပ်များကို လှန်၍ကြည့်လေ၏။ ထိုသို့ကြည့်ပြီးနောက် အလောင်းအနီးသို့ ပြန်၍လာကာ စီးကရက်သောက်ရင်း စဉ်းစားနေပြန်၏။ ထိုအချိန်၌ စုံထောက် ကိုတင်ဝင်းက . . .

"ကျုပ်ကတော့ အရပ်လူကြီးအိမ်ကို ပထမဆုံး ဒီအိမ်မှာ လူသေကြောင်းလာပြီးတိုင်တဲ့ နွားနို့ကုလားကို ဖမ်းရမှာပဲ၊ အမှုဆိုတာ ချည်မျှင်ရှင်းသလိုပဲ၊ ရထဲ့အမျှင်ကစပြီး ရှင်းရမယ်" ဟု ပြောလိုက်ရာ ဌာနာအုပ် မောင်မောင်လှက . . .

"မှန်ပါတယ် ဦးတင်ဝင်း၊ အဲဒါထုံးစံပါပဲ၊ ကျွန်တော်တို့ နွားနို့ကုလားကို ဖမ်းထားပြီးပါပြီ" ဟု ထောက်ခံလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"နေပါဦး ဌာနာအုပ် ဦးမောင်မောင်လှရဲ့၊ လူသတ်သမား ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ထားစမ်းပါဦး၊ သေတဲ့လူက နာမည်ဘယ်သူ၊ အလုပ်အကိုင်ကဘာလုပ်တယ်ဆိုတာ မေးစမ်းပြီး အမှုဖွင့်ပြီးပြီလား" ဟု မေးလိုက်လေ၏။ ထိုအခါ ဌာနာအုပ် ဦးမောင်မောင်လှက . . .

"ဒီလိုရှိတယ်ခင်ဗျ၊ ဒီအသတ်ခံရတဲ့လူဟာ ဒီအိမ်ကြီးမှာနေတာတော့ (၃)နှစ်လောက်ရှိပါပြီ၊ ဒါပေမဲ့ စပြီးပြောင်းလာတုန်းကလဲ ညဘက်ကြီးပြောင်းလာတာ၊ ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com


သူ့အလုပ်နဲ့သူ ရှုပ်နေတာ၊ လောကဓာတ်ဆရာကြီးမဟုတ်လားဗျာ၊ ပြီးတော့ နယ်ကိုလဲ မကြာခဏ ခရီးထွက်တယ်လို့ အိမ်နီးနားချင်းတွေက ပြောတယ်၊ တစ်ခါတလေ ထွက်ရင်လဲ တစ်လလောက်ကြာတယ်၊ အဲဒီလို ခရီးထွက်ပြီဆိုရင် ညအခါမှာ သူ့အိမ်ကြီးက မှောင်မည်းနေတာပဲ၊ သူပြန်ရောက်လာမှပဲ မီးတွေဘာတွေ လင်းတော့တယ်၊ နွားနို့ပို့တဲ့ကုလားကိုမေးတော့လဲ သူ့ကိုတစ်ခါလှမ်းခေါ်ပြီး ဟိုအပေါက်ကလေးက စကားပြောတယ်တဲ့၊ မျက်နှာကိုမမြင်ရဘူးတဲ့၊ ပြောတဲ့စကားကလဲ နွားနို့ နေ့တိုင်းလာပို့၊ ပိုက်ဆံ ဒီမှာတင်ထားမယ်၊ သူ ခရီးသွားရင် ဒီတံခါးလေးပိတ်ထားမယ်၊ ပို့စရာမလိုဘူး၊ သူပြန်လာရင်ပြန်ပို့တဲ့၊ အဲဒါပဲပြောတာတဲ့၊ သတင်းစာပို့တဲ့ကောင်ကိုလဲ ခေါ်ပြီးစစ်ပြီးပြီ၊ သူလဲ အဲဒီအတိုင်းပဲပြောတယ်၊ မြင်ဖူးတာမဟုတ်ဘူး" ဟု ပြောလေ၏။

ထိုအခါ ဦးကိုကိုကြီးက. . .

"မီတာဖတ်တဲ့စာရေးကို မေးပြီးပြီလား" ဟု မေးလိုက်လေ၏။

"မေးပြီးပြီဗျ၊ သူလဲ ဒီအတိုင်းပဲ၊ မီတာစာရွက်ကို ဒီအပေါက်ကလေးထဲက ထိုးပေးရတယ်၊ သူ့ကို ဒီအိမ်ရှင်က မင်းပဲမီတာဆောင်ပေးပါကွာ၊ မုန့်ဖိုး ပဲဖိုးလေး ပေးပြီးခိုင်းတယ်၊ သူကလဲ အမြဲမီတာဆောင်ပေးရတယ်၊ သူလဲ အိမ်ရှင်ကိုမြင်ဖူးတာ မဟုတ်ဘူး၊ သူ့ဆီကတောင် လိုရမယ်ရ မီတာစာရွက်တစ်စောင် ယူထားလိုက်သေးတယ်၊ ဟောဒီမှာ ကြည့်" ဟု ဆိုကာ ဌာနာအုပ် မောင်မောင်လှသည် မီတာစာရွက်ကိုထုတ်ပြလေ၏။ ထိုအခါ ဦးကိုကိုကြီးက မီတာစာရွက်ကို ဆွဲယူကြည့်ရှုလေ၏။ ကျွန်ုပ်လဲ ထိုမီတာစာရွက်ကို ဦးကိုကိုကြီး၏ပခုံးပေါ်မှကျော်၍ ကြည့်မိလေ၏။ ဦးကိုကိုကြီးသည် မီတာစာရွက်ကို ပြန်ပေးရင်း . . .

"ဒီမှာတော့ နာမည်က ဦးမြသာ ဆိုပါလား" ဟု ပြောလိုက်ရာ ဌာနာအုပ် မောင်မောင်လှက . . .

"မှန်ပါတယ်၊ ဦးမြသာ အသတ်ခံရကြောင်း ဂါတ်မှာ အမှုဖွင့်ထားပါတယ်၊ နွားနို့လာပို့တဲ့ကုလားကတော့ ခါတိုင်း အပေါက်မှာတင်ထားနေကျပိုက်ဆံကို မတွေ့လို့ တံခါးကို တွန်းကြည့်တဲ့အခါ တံခါးပွင့်သွားပါတယ်တဲ့၊ အဲဒီလိုပွင့်သွားတယ်ဆိုရင်ပဲ ဟောဒီအလောင်းကြီးကို အပြင်ကနေ လှမ်းပြီးမြင်ရပါတယ်တဲ့၊ အဲ့ဒါနဲ့ သူလဲ ချက်ချင်း ဂါတ်ကိုပြေးပြီး လာရောက်တိုင်တန်းတာပါတဲ့၊ ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်ကတော့ အဲ့ဒီ

ဉာဏ်ဝင်းစာပေ
www.burmeseclassic.com

www.burmeseclassic.com

"ဒူးဝါးလား" ကို အချုပ်ထဲ ဖမ်းထည့်လိုက်တာပဲ" ဟု ဂုဏ်ယူသော လေသံဖြင့် ပြောလိုက်လေ၏။

"ဘယ်ဟုတ်မလဲ ကိုမောင်မောင်လှရယ်၊ နောက်နောင်ကို လူတွေဟာ အကြောင်းရှိလို့မှ ဂါတ်ကိုလာပြီး မတိုင်ရဲဘဲ ဖြစ်ကုန်ပါဦးမယ်" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

"အဲဒါတော့ မတတ်နိုင်ဘူးဗျ၊ ကျုပ်တို့ အမြဲလုပ်နေတဲ့ လုပ်ထုံးလုပ်နည်းပဲ၊ တရားခံပေါ်ဖို့သာ အရေးကြီးတာပါဗျာ" ဟု ဦးမောင်မောင်လှက ပြောလိုက်လေ၏။

ထိုအချိန်၌ ကိုအောင်မြင့်က . . .

"ကျုပ်ကတော့ သတင်းစာပို့တဲ့လူကိုပါ ဖမ်းစေချင်တယ်" ဟု ပြောလိုက်လေ၏။

"ဖမ်းသင့်ရင်တော့ ဖမ်းပေါ့ဗျာ၊ ကျုပ် အခုပြောနေတာကလဲ မဖမ်းရဘူးလို့ ပြောနေတာ မဟုတ်ပါဘူး၊ မဖမ်းသင့်တဲ့ လူကို ဖမ်းမိမှာစိုးလို့ ပြောတာပါ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။ ထိုအချိန်၌ပင် စုံထောက် ကိုစိန်လှကပါ . . .

"ဖြစ်နိုင်တဲ့လူ၊ သိနိုင်တဲ့လူကိုဖမ်းထားတာဟာမမှားဘူး ဦးကိုကိုကြီး၊ ဖမ်းရုံတင်မကဘူး၊ နည်းနည်းပါးပါးတောင် ဌာနမှာ အလုပ်လုပ်ဖို့ လိုချင်လိုလိမ့်မယ်" ဟု ပြောလိုက်လေ၏။

"ဟောဒီမှာ သေနေတဲ့လူဟာ ဒီအိမ်ရှင်မဟုတ်ဘူး၊ သူဟာ မြေနီကုန်း ဒါမှမဟုတ် . . . သင်္ကန်းကျွန်းဘက်မှာနေတဲ့ သွားစိုက်ဆရာဖြစ်တယ်၊ သူ့နာမည်ကို အနီးစပ်ဆုံး စဉ်းစားလို့ရတာတော့ "ကျင်ဝိန်" ဒါမှမဟုတ် "ကျင်ဝမ်" ဖြစ်လိမ့်မယ်၊ သူဟာ ဒီအိမ်မှာနေတဲ့လူမဟုတ်ဘူး၊ မနေ့ညကမှရောက်လာပြီး ဒီမှာအသတ်ခံသွားရတာ၊ သူ့ကိုသတ်သွားတဲ့လူဟာ ဒီမှာနေတဲ့ အိမ်ရှင်ပဲ၊ အဲဒီလူဟာ အရပ် ငါးပေ ဆယ်လက်မလောက် မြင့်လိမ့်မယ်၊ အသတ်ခံရတဲ့လူက သတ်တဲ့လူဆီမှာ ပစ္စည်းတစ်ခု လာတောင်းတာ ဖြစ်လိမ့်မယ်၊ သတ်တဲ့လူဟာ ဒီမှာနေတဲ့ အိမ်ရှင်ပဲ၊ ဟောဒီ သန်းခေါင်ကြယ်အိမ်ကြီးရဲ့အိမ်ရှင်ပဲ၊ စာအုပ်စင်မှာရှိတဲ့ စာအုပ်အချို့ရဲ့ အတွင်းဘက်မှာ ကေဘီ လို့ ထိုးထားတဲ့ လက်မှတ်တိုကို တွေ့ရတယ်၊ ဒီလူဟာ မျက်မှန်နဲ့ ဖြစ်ရင် ဖြစ်လိမ့်မယ်၊ သူဟာ ပင်လယ်သမုဒ္ဒရာထဲက ကျွန်းတွေပေါ်မှာ အချိန်အတော်ကြာကြာ နေဖူးတဲ့လူဖြစ်လိမ့်မယ်၊တချို့နေရာမှာစာအုပ်ရဲ့အဖြူသားရေခံပေါ်မှာ မစ္စတာဂျစ်(ပ်)လို့


www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်ထိုးထားတာကို တွေ့ရပြန်တယ်၊ ခွန်အားဗလနဲ့ ပြည့်စုံတယ်၊ သူနဲ့အတူ ဒီအိမ်ထဲမှာ တခြားလူတစ်ယောက်လဲ ရှိလမ့်ဦးမယ် " ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ၊ စုံထောက် ကိုအောင်မြင့်က "ထင်ကြေးတွေမဟုတ်လား" ဟု မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ကျုပ်ရဲ့ ထင်ကြေး ဆိုတာက ခင်ဗျားတို့ကိုယ်တိုင် ပြေးပြီးကြည့်တာထက် သေချာလိမ့်မယ်ထင်တယ်ကိုအောင်မြင့်" ဟုပြောဆိုပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်ကာ-

"ကဲ အိုင်ပီရေ့ ဟောဟို တုတ်ကောက်လေး ယူခဲ့စမ်းပါဗျာ" ဟု ဆိုသဖြင့် ကျွန်ုပ်လဲ စောစောက ဆားပုလင်းနှင်းမောင်ကြည့်သော တုတ်ကောက်ကို သတင်းစာစက္ကူဖြင့်ဟောင်းဖတ်၍ ယူလာခဲ့လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်၊ ဦးကိုကိုကြီးနှင့် ကျွန်ုပ်တို့သည် တတွဲထွက်လာခဲ့လေ၏။

ဌာနာအုပ် နှစ်ဦးသည် ဌာနာသို့ စက်ဘီးများနှင့်ပြန်သွားကြလေ၏။ ကိုစိန်လှ၊ ကိုတင်ဝင်း၊ ကိုအောင်မြင့်၊ ဘိလပ်ပြန်ဆရာစိန်တို့သာလျှင် လူသေအလောင်းကြီးကို ဆက်လက်၍ အသုဘကမ္မဋ္ဌာန်းရှုရန် ကျန်ရစ်ခဲ့ကြလေ၏။

ကျွန်ုပ်သည် ကားကို စက်နှိုးပြီးနောက် . . .

"ဘယ်ကို မောင်းရမလဲ အိုင်ဆေး" ဟု ဆားပုလင်းနှင်းမောင်ကို မေးရာ ဆားပုလင်းနှင်းမောင်က . . .

"ကျုပ်အခန်းကို မောင်းပါ အိုင်ပီ" ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင် နေထိုင်ရာ (၂၉၅) ဘိုးလိမ်းလမ်းဆီသို့ မော်တော်ကားကိုမောင်းနှင်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ဒါလောက်လဲ အထင်မကြီးနဲ့ဦးလေ

ကျွန်ုပ်တို့သည် ဆားပုလင်းနှင်းမောင်၏အိမ်သို့ ရောက်ရှိခဲ့ကြလေတော့၏။ အိမ်သို့ရောက်လျှင်ရောက်ချင်း ဆားပုလင်းနှင်းမောင်သည် ၎င်း၏တပည့် ကုလားကလေး မူတူးကို လက်ဖက်ရည်များ မှာယူခိုင်းလိုက်လေ၏။

မူတူးလည်း အားရဝမ်းသာ ပြေးသွားလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က "ဟေ့ ချွတ်ကရား၊ ချင်းနီထိုးရား" ဟု လက်ဖက်ရည်၌ သကြားလျှော့၍ထည့်ရန် မှာလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"ချင်းနီထိုးရား မလုပ်ပါနဲ့ဗျာ၊ ချိုချိုသောက်ချင်ပါတယ်" ဟု ပြောလိုက်လေ၏။

"အိမ်မှာ သကြားရှိပါတယ် ဦးကိုကိုကြီးရဲ့၊ ချိုချိုကြိုက်တော့လဲ သကြားထပ်ပြီး ထည့်သောက်တာပေါ့" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ကျွန်ုပ်မှာမူ လက်ဖက်ရည်ကိစ္စ၌ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ ဆေးတံကိုထုတ်ကာ ဆေးဖြည့်၍ ဆေးတစ်ဆုံနှင့် မှိန်း၍နေလေ၏။

www.burmeseclassic.com

ဆားပုလင်းနှင်းမောင်လည်း စီးကရက်ဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို နှိုက်ထုတ်ကာ စီးကရက်ဘူးပေါ်၌ တဒေါက်ဒေါက် ခေါက်၍နေလေ၏။ ထိုအခါ ဦးကိုကိုကြီးက ဆားပုလင်းနှင်းမောင်အား . . .

"အိုင်ဆေး၊ ဒီအတိုင်းဆို လူသတ်မှုက ပေါ်ပြီပေါ့နော်" ဟု မေးလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ပြုံး၍ . . .

"ကျုပ်ကို ဒီလောက်ပဲ အထင်မကြီးနဲ့ဦးလေ ဦးတို့ကိုကြီးရဲ့ အလုပ် လုပ်စရာတွေ အများကြီး ကျန်ပါသေးတယ်" ဟု ပြန်၍ပြောလိုက်လေ၏။

"ဒါနဲ့ ခင်ဗျားက သေတဲ့လူဟာ မြေနီးကုန်းနဲ့ သယ်န်းကျွန်းဘက်မှာနေတဲ့ သွားစိုက်ဆရာ ကျင်စိန်၊ သို့မဟုတ် ကျင်ဝမ်ဖြစ်တယ်၊ သတ်တာဟာ အဆိပ်နဲ့သတ်တာ၊ သတ်တဲ့လူသတ်သမားဟာ မျက်မှန်အထူကြီးတပ်ထားတယ်၊ သူ့နာမည်က ကိုကြာပွတ် ဖြစ်တယ်၊ အရပ်မြင့်မြင့်၊ ခွန်အားဗလကောင်းကောင်း လူတစ်ယောက်လဲ ဖြစ်တယ်လို့ ဟိုငတိတွေကို ပြောခဲ့တယ်မဟုတ်လား" ဟု ဦးကိုကိုကြီးက ပြန်၍ပြောလိုက်လေ၏။

"ဟုတ်တယ်လေဗျာ . . . ဒါပေမဲ့ ဒီအမှုက ဒီလောက်သိရုံနဲ့ မရသေးဘူးဗျ၊ နောက်ထပ်လူသတ်မှုတွေ ဖြစ်ချင်ဖြစ်ကြလိမ့်ဦးမယ် ဦးကိုကိုကြီး" ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောပြီးလျှင် ရေခဲတောင်တံဆိပ်စီးကရက်ကို သူ၏နှုတ်ခမ်း၌တေ့၍ မီးခြစ်ကို "ထောက်" ခနဲ ခြစ်ကာ မီးတို့လိုက်လေ၏။

ထိုအခါ ကျွန်ုပ်လည်း ဆေးတံကို ခေတ္တချ၍ . . .

"နေစမ်းပါဦး အိုင်ဆေးရယ်၊ သေနေတဲ့လူဟာ အိမ်ရှင်မဟုတ်ဘူး ဆိုတာ ခင်ဗျား ဘာကိုကြည့်ပြီး ပြောတာလဲ" ဟု မေးလိုက်မိလေ၏။

"မျက်လှည့်ဆိုတာ လိမ်တယ်ဆိုပေမယ့် အလွန်ကြည့်လို့ကောင်းတဲ့ဟာမျိုးပဲ၊ ဒါပေမဲ့ မျက်လှည့်ဆရာဟာ စေတနာပိုပြီး သူ့ရဲ့လိမ်နည်းကို ပရိသတ်ကို ရှင်းပြလိုက်ရင်တော့ ကြည့်ရတာ အရသာမရှိတော့ဘူးဗျ၊ ပေါ့ရွှတ်ရွှတ်ကြီး ဖြစ်သွားရော၊ ဒီကိစ္စမှာလဲ ဒီလိုပဲ၊ သေနေတဲ့အလောင်းကြီးကို အားလုံးမြင်ကြတာပဲ၊ သေတဲ့လူဟာ ဒီအိမ်ရဲ့ ပိုင်ရှင်ပဲလို့လဲ အားလုံးထင်နေကြတာ၊ ဒါပေမဲ့ ကျုပ်က ဒီလူဟာ အိမ်ရှင်မဟုတ်ဘူးလို့ ပြောခဲ့တယ်၊ အဲဒီအခါမှာ အိုင်ပီတို့ဟာ တအံ့တသြ ဖြစ်နေကြတယ်၊ ဘယ်လိုများ သိပါလိမ့်နဲ့ စဉ်းစားလို့ မရနိုင်အောင် ရှိနေကြတယ်၊ ဒါပေမဲ့ ဘာကြောင့် သိတယ်ဆိုတဲ့ အချက်ကို ကျုပ်က အခုပြောပြလိုက်ရင် အားလုံးအရသာ ပျက်ကုန်



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်၊ တခြားဟုတ်ရိုးလား . . . အိုင်ပီရယ်၊ ကုလားထိုင်နားက နံရံမှာတွေ့တဲ့ လမ်းလျှောက်တုတ်ကောက်ပေါ့ဗျာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးသည် အခင်းဖြစ်ပွားရာ "သန်းခေါင်ကြယ်ရိပ်သာ" အိမ်ကြီး ဆီမှယူလာသော တုတ်ကောက်ကို ဆွဲယူကြည့်ရှုပြီးလျှင် ခေါင်းကို ခါယမ်းလျက် . . .

"တုတ်ကောက်က တုတ်ကောက်ပဲဗျာ၊ ဘယ်လိုများ ထူးခြားလို့တုံး ကိုနှင်းမောင် ရယ်" ဟုပြောလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကိုပြာခြွေရင်း . . .

"ကျုပ် ပြောဖူးတယ် မဟုတ်လား၊ အကျိုးတရားကိုတွေ့ရင် သူနဲ့အတွဲညီမယ့် အကြောင်းတရားကို ရှာပြီး ဆက်စပ်ကြည့်ဖို့ ဆိုတာလေ၊ ဟောဒီ လမ်းလျှောက်တဲ့ တုတ်ကောက်ကိုတွေ့တော့ လမ်းလျှောက်တဲ့နေရာမှာ မပါမဖြစ်တဲ့ ဖိနပ်နဲ့ ဆက်စပ် ကြည့်တာပေါ့ဗျ၊ အိုင်ပီရော ဦးကိုကိုကြီးရော ဟောဒီတုတ်ကောက်ကို ကြည့်ကြစမ်းပါ၊ ထိပ်ဖျားမှာတပ်ထားတဲ့ ကြေးကွင်းကလေးဟာ တစ်ခြမ်းစားပြီး ပွန်းနေတာကိုတွေ့တယ် မဟုတ်လား၊ ဒီတုတ်ကောက်ပိုင်ရှင်ဟာ အတော့်ကိုလမ်းလျှောက်ထားတဲ့ လက္ခဏာပဲ၊ ဒါပေမဲ့ ဖိနပ်စင်က ဖိနပ်တွေကို သွားပြီးကြည့်တဲ့အခါကျတော့ အိမ်ရှင်ဟာ အတော့်ကို လမ်းလျှောက်နည်းတဲ့ လက္ခဏာကို တွေ့တယ်၊ ဒီထက်ပိုပြီး သေချာတာကတော့ ကြေးကွင်းကလေးထဲမှာကပ်နေတဲ့မြေကြီးကို ဓားနဲ့ခြစ်ပြီး ထုတ်ကြည့်တယ်၊ အထဲက မြေနီမှုန့်တွေထွက်လာတယ်၊ မြေနီကလဲ တခြားမြေနီမျိုးမဟုတ်ဘူး၊ ရန်ကုန်မြို့မှာဆိုရင် ဒီမြေကြီးအရောင်မျိုးဟာ မြေနီကုန်းနဲ့ သယ်န်းကျွန်းဘက်မှာပဲ ရှိတယ်၊ အိမ်ရှင်ရဲ့ ဖိနပ်စင်မှာရှိတဲ့ ဖိနပ်တွေကို ကြည့်တဲ့အခါမှာ ဖိနပ်ခွာမှာကပ်နေတဲ့ မြေကြီးအရောင် ဟာ ဒီအရောင်နဲ့တူတာ လုံးဝမတွေ့ခဲ့ရဘူး၊ အဲဒီတော့ တုတ်ကောက်ဟာ အိမ်ရှင်ရဲ့ တုတ်ကောက်ထိပ်မှာ တွေ့တဲ့ မြေကြီးနဲ့ တစ်ထေရာတည်း တူတယ်၊ ဒါကြောင့် ဒီတုတ်ကောက်ဟာ အိမ်ရှင်ရဲ့ တုတ်ကောက် လုံးဝမဖြစ်နိုင်ဘူး၊ ဧည့်သည်ရဲ့ တုတ်ကောက်ဖြစ်လိမ့်မယ်၊ သေနေတာဟာလဲ အိမ်ရှင်မဖြစ်နိုင်ဘူး၊ ဧည့်သည်ပဲ ဖြစ်လိမ့်မယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် ဦးကိုကိုကြီးက . . .

"ဧည့်သည်ကလဲဗျာ၊ ဖိနပ်ကို အိမ်ရှေ့မှာမချွတ်ဘဲ ဘာဖြစ်လို့ အိမ်ဘေးမှာ သွားပြီး ချွတ်ထားရတာတုံး" ဟု မေးလိုက်လေ၏။

"ဒီအချက်ဟာ အရေးကြီးတဲ့ အချက်ပေါ့ ဦးကိုကိုကြီးရဲ့၊ ဧည့်သည်ဟာ အိမ်ရှင်က ကျေကျေနပ်နပ်ဖိတ်မန္တကပြုလို့ လာတဲ့ ဧည့်သည်မျိုး မဟုတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com


ဆင်ရှားတာပေါ့ဗျာ၊ ဒီလူဟာ သူ့ဖိနပ်ချွတ်ထားတဲ့ နေရာကနေ အိမ်ရဲ့အပေါ်ထပ် လသာဆောင်ကို တွယ်ပြီးတက်ခဲ့တဲ့ လက္ခဏာပဲ” ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

“လသာဆောင်ကို တွယ်ပြီး တက်တာတော့ ဟုတ်ပါပြီ၊ အဲဒီလိုအခါမျိုး မှာတောင် အဲဒီလူဟာ တုတ်ကောက်ကို မထားခဲ့ဘူးဆိုတာ စဉ်းစားစရာပဲ” ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က . . .

“ဒီလောက်တောင် တုတ်ကောက်ကို စွဲစွဲလမ်းလမ်းဖြစ်နေတဲ့ လူဆိုတာ ဘယ်လိုလူမျိုး ဖြစ်မှာတုံး၊ တုတ်ကောက်ဆိုတဲ့ ပစ္စည်းဟာ ဘာကိစ္စမှာ သုံးတာတုံး၊ လမ်းလျှောက်တဲ့ကိစ္စမှာ သုံးတာမဟုတ်လား၊ အဲဒီလို လမ်းလျှောက်တဲ့ကိစ္စမှာ တုတ်ကောက်မပါရင် မဖြစ်ကိုမဖြစ်တဲ့လူဆိုတာ ဘယ်လိုလူမျိုးဖြစ်သတုံး” ဟု ပြောလိုက်လေ၏။

“တုတ်ကောက်မပါဘဲ လမ်းလျှောက်လို့ မဖြစ်တဲ့ လူဆိုတာ ခြေထောက် တစ်ဘက်မသန်တဲ့လူ ဖြစ်မှာပေါ့” ဟု ကျွန်ုပ်က ပြန်၍ဖြေလိုက်လျှင် ဆားပုလင်း နှင်းမောင်က . . .

“အစစ်ပေါ့ဗျာ၊ ဒီလူဟာ ခြေထောက်တစ်ဘက်မသန်တာတော့ မဟုတ်ဘူးဗျ၊ တစ်ဘက်ဟာ အခြားတစ်ဘက်ထက် တစ်လက်မလောက် နိမ့်နေတယ်၊ ခင်ဗျားတို့ သေသေချာချာ မကြည့်လို့ပါ၊ ကြည့်ရင်တွေ့ပါတယ်” ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

“ဒီလို ကိုနှင်းမောင်က ရှင်းပြလိုက်တော့လဲ ကျုပ်ခေါင်းထဲမှာရှင်းသွားတာပဲဗျို့၊ နို့မဟုတ်ရင်တော့လား ကျုပ်ခေါင်းထဲမှာ သပ္ပတ်အူနဲ့ စာပေါင်းသိုက် နှစ်ခုပေါင်းပြီး ဆည့်ထားသလိုပါပဲဗျာ” ဟု ပြောလိုက်ရာ ကျွန်ုပ်နှင့်ဆားပုလင်းနှင်းမောင်တို့ ရယ်မော ကြရလေတော့၏။

ထို့နောက် ကျွန်ုပ်က . . .

“ဒီအိမ်မှာနေတဲ့လူဟာ လူသတ်သမား ဖြစ်တယ်ဆိုတာတော့ ရှင်းပါပြီ၊ မျက်မှန် အထူကြီး တပ်ထားတယ်လို့ ခင်ဗျားဘာကြောင့် ပြောနိုင်တာလဲ အိုင်ဆေးရဲ့” ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .


www.burmeseclassic.com

 www.burmeseclassic.com

"နံရံမှာကပ်ပြီး ထောင်ထားတဲ့ စာအုပ်စင်ကြီးတွေ၊ ဗီရိုကြီးတွေနဲ့အပြည့် ထည့်ထားတဲ့ စာအုပ်ကြီးတွေက အောက်ထပ်မှာရော အပေါ်ထပ်မှာရော ပြည့်နေ တာပဲ၊ ဒီလောက်စာဖတ်တဲ့လူဟာ မျက်စိမှုန်ရောပေါ့ဗျာ၊ မှုန်တာမှ နည်းနည်းကလေး မှုန်တာမဟုတ်ဘူး၊ အတော့်ကိုမှုန်လိမ့်မယ်ဗျို့၊ အဲဒီတော့ မျက်မှန်အထူကြီးတပ်ထား ဖြစ်လိမ့်မယ်၊ ဒီအချက်ကို သဘောတူရဲ့လား" ဟု ပြန်၍ ပြောလိုက်လေ၏။

"အရပ် ထောင်ထောင်မောင်းမောင်း ခွန်အားဗလကောင်းကောင်း ဆိုတဲ့ အချက်ကရောဗျာ" ဟု ဦးကိုကိုကြီးက ဝင်၍ မေးပြန်လေ၏။

"အပေါ်ထပ်ကို ကျုပ်တက်ပြီး လှေ့လာတုန်းက ကြယ်တာရာပုံတွေရေးထားတဲ့ အခန်းကနေပြီး လသာဆောင်ကိုတက်တဲ့ တံခါးပေါက်တစ်ခုကို တွေ့တယ်ဗျ၊ အဲဒီ တံခါးပေါက်ဟာ ပွင့်နေတယ်၊ ဒီတံခါးလုပ်ထားပုံကလဲ အဆန်းဗျ၊ ဖွင့်ချင်တဲ့အခါမှာ အပေါ်ကိုတွန်းတင်ပြီး ကန့်လန့်ထိုးထားရတယ်၊ တိုးကြောင်ကလေး လော်ကယ်ရထား တွဲတွေမှာ တပ်ထားတဲ့ တံခါးမျိုးပေါ့ဗျာ၊ ပိတ်ချင်တဲ့အခါမှာတော့ ကန့်လန့်ကိုဖြုတ်ပြီး တံခါးအောက်ကို ဆွဲချရတယ်၊ တံခါးကြီးကလဲ ပျဉ်းကတိုးသားနဲ့ လုပ်ထားတာ လေးလိုက်တာ လွန်ပါရောဗျာ၊ ခွန်အားဗလမရှိတဲ့လူဆိုရင် ဒီတံခါးကိုနှစ်ရက်ထက်ပိုပြီး အသုံးပြုမှာမဟုတ်ဘူး၊ ဒါကြောင့် ဒီလူဟာ ဗလကောင်းကောင်းလို့ပြောတာ၊ ပြီးတော့ တံခါးကို ကျုပ် လှမ်းပြီးကိုင်ကြည့်သေးတယ်၊ ကျုပ်တောင်ခြေဖျားနည်းနည်းထောက်မှ အဲဒီချက်ကို မီတယ်ဗျ၊ ကျုပ်အရပ်က ငါးပေဆယ်လက်မဆိုရင် ဒီလူဟာ ခြောက်ပေ လောက် ရှိလိမ့်မယ်၊ ဒီအချက်ဟာ ထောင်ထောင်မောင်းမောင်းဆိုတဲ့အချက်ကို ဖော်ပြ တာဗ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"အခုလို ကိုနှင်းမောင် ရှင်းပြလိုက်တော့လဲ ကျုပ်ခေါင်းထဲမှာ ရှင်းသွားတော့ တာပဲဗျာ၊ နို့မဟုတ်ရင်တော့လား၊ ကျုပ်ရဲ့ခေါင်းထဲမှာ သပွတ်အူရယ်၊ စာပေါင်းသိုက် ရယ်၊ ဆံပင်ခြည်ထွေးရယ် ရောပြီးထည့်ထားတဲ့ အတိုင်းပါပဲဗျာ" ဟု ပြောဆို၍ တဟားဟား ရယ်မောလေတော့၏။ ကျွန်ုပ်တို့လည်း ၎င်းနှင့်အတူ ရယ်မောရလေ တော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က . . .

"ကျုပ်ဟာ အဲဒီတံခါးပေါက်ကနေပြီး လသာဆောင်ကို တက်သွားတယ်ဗျ၊ အဲဒီလသာဆောင်ကနေ အောက်ကိုငုံ့ကြည့်လိုက်တော့ . . . ဖိနပ်တရံကိုတွေ့ရတယ်


www.burmeseclassic.com

www.burmeseclassic.com


အဲဒီလိုတွေ့ရတယ်ဆိုရင်ပဲ ဒီလူဟာ ဒီကနေ တွယ်တက်လာတာ ဖြစ်မှာပဲလို့ စဉ်းစားမိတယ်၊ ဒါပေမဲ့ အတော်ကလေး မြင့်တယ်ဗျ၊ တော်ရုံ ကျွမ်းကျင်တဲ့လူဆိုရင်တော့ အပေါ်ရောက်အောင် လသာဆောင်ကနေပြီး ဖိနပ်ရှိတဲ့နေရာအထိ ကျုပ်က တွယ်ပြီး ဆင်းကြည့်တယ်၊ အဲဒီကနေပြန်ပြီးတက်ကြည့်တယ်၊ အတော်ကလေး ခက်ခက်ခဲခဲ တက်ရတယ်၊ အဲဒီတော့ သေတဲ့လူဟာ အိမ်ရှင်ကို သတ်ဖို့ဆိုပြီး အဲဒီကနေ တွယ်တက် လာတာကတော့ အမှန်ပဲ၊ ဒီမှာ စဉ်းစားစရာတစ်ချက်ရှိနေတယ်၊ သူသတ်ရမယ့်လူဟာ ဗလကောင်းကောင်း အရပ်ထောင်ထောင်မောင်းမောင်း ဆိုတာ သိပါလျက်နဲ့ ခြေထောက်တစ်ဘက် ထော့နင်းထော့နင်းသွားနေရတဲ့ လူဖလံကလေးက အိမ်ထဲကို မရမကဝင်လာတယ်ဆိုတဲ့အချက်ပဲ၊ သူဟာ ဘယ်နည်းနဲ့မှထောင်ထောင်မောင်းမောင်း လူကြီးကို သတ်ပုတ်နိုင်မှာမဟုတ်ဘူး၊ ဒါကို ရဲရဲဝံ့ဝံ့ကြီး ဝင်လာတယ်ဆိုတာ ဘာကို ဖော်ပြနေသလဲဆိုတော့ ထောင်ထောင်မောင်းမောင်လူကြီးကို နိုင်တဲ့ လက်နက်က သူ့မှာ ပါလာတယ်ဆိုတာ ထင်ရှားတာပေါ့" ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက . . .

"ဒီတုတ်ကောက်ကို ပြောတာလား" ဟု မေးလိုက်လေ၏။

"ဒီတုတ်ကောက်လောက်နဲ့ဘယ်ရလိမ့်မလဲ ဦးကိုကိုကြီးရယ်၊ ခြောက်လုံးပြူး တစ်လက်လောက်တော့ပါလိမ့်မယ်ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ဆေးထံမှ မီးကျွမ်းသော ဆေးစာများကို ခေါက်ချရင်း . . .

"သတ်မယ့်ဟာပဲဗျာ၊ ဘာကြောင့်များခက်ခက်ခဲခဲအိမ်ထဲကို ဝင်နေတာတုံး၊ မြို့ထဲကဆင်းတဲ့အချိန်ကိုချောင်းပြီး သေနတ်နဲ့ပစ်ရင် ပြီးတဲ့ဥစ္စာ" ဟု ပြောလိုက်ရာ ဆားပုလင်းပုလင်းနှင်းမောင်က . . .

"သတ်ရုံသက်သက်ဆိုရင် အိုင်ပီပြောသလိုဖြစ်နိုင်တာပေါ့ဗျာ၊ ဒါပေမဲ့ ဒီလူဟာ သတ်ရုံသက်သက်လာတာမဟုတ်ဘူးဗျ၊ တခြားအပေးအယူကိစ္စတစ်ခုရှိနေလိမ့်မယ်၊ အဲဒါကြောင့် အိုင်ပီပြောသလို တစ်နေရာရာကနေချောင်းပြီး သေနတ်နဲ့ချိန်ရမယ်၊ သူလိုချင်တာကို တောင်းရမယ် ဟု ပြောလိုက်လေသည်။

ထိုအခါ ဦးကိုကိုကြီးက . . .

"ကဲဗျာ၊ အိမ်ထဲကိုလဲရောက်ပြီ၊ သေနတ်နဲ့လဲ ချိန်ထားပြီ၊ ဘယ့်နှယ်ကြောင့် သူက သေသွားရတာတုံး" ဟု မေးလိုက်လေ၏။


www.burmeseclassic.com

 www.burmeseclassic.com

"မှန်တာပေါ့ ဦးကိုကိုကြီးရယ်၊ သိပ်ပြီးမေးသင့်တဲ့မေးခွန်းပေါ့၊ ဒီလိုဗျ၊ ဒီလူက အိမ်ထဲကိုရောက်အောင်ဝင်လာပြီး သူသတ်ရမယ့်လူကို အပေါ်ထပ်မှာ ရှာကြည့်တယ်၊ အပေါ်ထပ်မှာ မတွေ့တဲ့အခါမှာ အောက်ထပ်ကို ဆင်းလာတယ်၊ အောက်ထပ်ထဲ ရောက်ရော၊ ဟိုလူကို သူက သေနတ်နဲ့ချိန်ပြီး အကျပ်ကိုင်တော့တာပဲ၊ အဲဒီအခါမှာ သူ့ရဲ့ ငယ်ထိပ်တည့်တည့်ကို အဆိပ်မြားတစ်စင်းက လာပြီးမှန်တာဗျ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးရော ကျွန်ုပ်ပါ ထိတ်ထိတ်ပျာပျာ ဖြစ်လျက် -

"နေပါဦး၊ သေနတ်နဲ့ အချိန်ထားခံရတဲ့လူက သူ့ငယ်ထိပ်ကို ဘယ်လိုလုပ်ပြီး အဆိပ်မြားနဲ့ ပစ်လိုက်နိုင်တာတုံးဗျ" ဟု မေးလိုက်ကြလေ၏။

"သေနတ်နဲ့ အချိန်ခံထားရတဲ့သူက ဘယ်လိုလုပ်ပြီး မြားနဲ့ပစ်နိုင်မှာတုန်းဗျာ၊ တခြားတစ်ယောက်က ဝင်ပြီးပစ်ပေးမှ ဖြစ်တော့မှာပေါ့၊ မြားမှန်တဲ့ နေရာကလဲ ငယ်ထိပ်မှာဆိုတော့ ပစ်တဲ့လူဟာ အပေါ်ကနေ ပစ်တာဖြစ်လိမ့်မယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ဘယ်လိုများ ဒီအချက်ကို ခင်ဗျားက သိတာလဲဗျာ" ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

"သေနေတာက ဒဏ်ရာမရှိဘဲ သွားကြီးဖြဲပြီး သေနေပုံကို မြင်ကတည်းက 'အဆိပ်' ဆိုတာ ကျုပ်သိပါတယ်ဗျာ၊ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးမှ ဒီလူကို အဆိပ်တိုက်ပြီး သတ်တာ မဖြစ်နိုင်ဘူး၊ အဆိပ်ပါတဲ့မြားနဲ့ပစ်တာဖြစ်မယ်လို့ တွေးမိတယ်၊ အဆိပ်မြား ဟာလဲ ကြီးရင် မြင်ရမှာပေါ့ဗျာ၊ မြားကို မမြင်ရကတည်းက အလွန်သေးတဲ့မြား ဖြစ်ရမယ်၊ အလွန်သေးတဲ့မြားဆိုတာ တခြားနည်းနဲ့ပစ်လို့မရဘူးဗျ၊ ပြောင်းနဲ့မှုတ်တာမျိုး ဖြစ်လိမ့်မယ်လို့ စဉ်းမိတယ်၊ တခြားနေရာမှာ မြားကို ကြည့်လို့မမြင်တာနဲ့ ဆံပင်ထဲမှာ ရှိမှာပဲဆိုပြီး ဘီးနဲ့ဖြီးကြည့်တာ၊ ကဲ . . . အိုင်ပီ ကျုပ်ပေးလိုက်တဲ့မြားကလေးပြစမ်းပါဦး" ဟု ဆားပုလင်းနှင်းမောင်ကပြောသဖြင့် ကျွန်ုပ်သည် သံဘူးကလေး၌ထည့်၍သိမ်းဆည်း ထားသော မြားကလေးကို ထုတ်၍ပေးလိုက်လေ၏။

"သေးသေးကလေးပါလား၊ ဒါလေးနဲ့ကို လူတစ်ယောက် သေတော့တာကိုး" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။



www.burmeseclassic.com

"ဒီမြားမျိုးက ဖင်မှာ ငှက်မွေးတို့ ငှက်တောင်တို့ တပ်ထားရတယ်ဗျ၊ ဒါမှ လေနဲ့ မှုတ်လိုက်ရင် မြားကလေးက 'ဝှစ်' ခနဲ ထွက်သွားမှာပေါ့၊ ဒါပေမဲ့ ဒီမှာတော့ ငှက်မွေး မပါဘူး၊ ဖင်ကို နည်းနည်းကလေးဖွထားတာတစ်ခုပဲ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအချိန်မှာပင် ကုလားလေးမူတူး မှာခဲ့သော လက်ဖက်ရည်နှင့် မုန့်များ ရောက်သဖြင့် ကျွန်ုပ်တို့သည် စားသောက်ရင်း အမှုအကြောင်းကို ဆက်လက်၍ ပြောဆိုကြလေတော့၏။

ကျွန်ုပ်သည် လက်ဖက်ရည်ကို မော့ချပြီးနောက် ပါးစပ်ကို လက်သုတ်ပဝါနှင့် သုတ်ရင်း ဆားပုလင်းနှင်းမောင်အား . . .

"အိုင်ဆေး၊ သေတဲ့လူက သွားစိုက်ဆရာလို့ ခင်ဗျားပြောခဲ့တာ ရှိသေးတယ်" ဟု မေးလိုက်လေ၏။

ဆားပုလင်းနှင်းမောင်လည်း လက်ဖက်ရည်ပန်းကန်ကို အောက်သို့ချရင်း . . .

"ဒါကဒီလို၊ ဟောဒီမှာကြည့်စမ်းပါ" ဟုဆိုကာ တုတ်ကောက်၏လက်ကိုင်နှင့် တုတ်တံဆက်ထားသော နေရာဆက်ကြောင်းကြားကလေးအတွင်းသို့ မောင်းချဓား ဦးချွန်ဖြင့် ခြစ်လိုက်ရာ ဖြူဖြူအမှုန့်အနည်းငယ်ကျ၍ လာလေ၏။

ထို့နောက် တုတ်ကောက်ထိပ်ရှိ ကြေးကွင်းအထက်နားရှိ တုတ်နှင့်ကြေးကွင်း ထိစပ်နေသောနေရာကိုလည်း မောင်းချဓားဖြင့် ခြစ်ချ၍ ပြပြန်၏။ အထက်ကအတိုင်း ဖြူဖြူအမှုန့်များ ကျလာပြန်၏။

"ကျောက်မှုန့်တွေပဲ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

"မှန်ပါတယ် ဦးကိုကိုကြီး၊ ဒီလို ကျောက်မှုန့်မျိုးကို ဘယ်နေရာမှာ ခင်ဗျား တွေ့ဖူးသလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဆေးရုံမှာတွေ့ဖူးတယ်ဗျ၊ ခြေကျိုးလက်ကျိုးတွေကို ပတ်တီးစီးပြီးအပေါ်က အုံပေးတာလေဗျာ၊ P.O.P ကိုင်တယ်လို့ ခေါ်တယ်မဟုတ်လား" ဟု ဦးကိုကိုကြီးက ပြန်၍ပြောလေ၏။

"မှန်ပါတယ်၊ ဆေးရုံမှာသုံးတဲ့ P.O.P ပါပဲ၊ "ပလာစတာအောဖ်ပဲရစ်" လို့ခေါ်တဲ့ ကျောက်မှုန့်ပါပဲ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် ဦးကိုကိုကြီးက . . .

"ဒါဖြင့်ရင် သေတဲ့လူဟာ ဆေးရုံနဲ့ပတ်သက်တဲ့လူပေါ့" ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆေးခွံနဲ့ ပတ်သက်တယ်လို့ ယူလိုက်ရင် 'အတွေးရထားကြီး' လမ်းချော်သွားလိမ့်မယ်၊ ဆေးခွံက ပစ္စည်းတစ်ခုနဲ့ ပတ်သက်တယ်လို့ပဲ ထားလိုက်ပါ၊ ဟောဒီသတ်ကိုင်နဲ့ တုတ်နဲ့ဆက်ထားတဲ့နေရာမှာရှိတဲ့ကွင်းကလေးရယ်၊ ဟောဒီသစ်သားမှာ ထွင်းပြီး ထည့်ထားတဲ့ K.W ဆိုတဲ့ စာလုံးကလေးရယ်ဟာ ဘာနဲ့လုပ်ထားတာလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးသဖြင့် ကျွန်ုပ်လည်း တုတ်ကောက်ကို ဆွဲယူ၍ ကြည့်ပြီးလျှင် . . .

"ဒန်အိုးဒန်ခွက်လုပ်တဲ့ ဒန်စဖြစ်မယ်ဗျ . . ." ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"မဟုတ်ဘူး၊ ဒန်စဆိုရင် ဒါလောက်မပြောင်ဘူး၊ ပြီးတော့ မယုံရင် ဟောဟိုပေါ်မှာ ပြဒါးထည့်ထားတဲ့ပုလင်းရှိတယ်၊ ပြဒါးနဲ့ပွတ်ကြည့်ပါ၊ ဒန်သာဆိုရင် ပြဒါးကို စားပစ်လိမ့်မယ်" ဟု ပြောသဖြင့် ဦးကိုကိုကြီးက ပြဒါးကိုယူ၍ ထိုအရာများပေါ်သို့ တို့၍ကြည့်ရာ မည်သို့မျှ ထူးခြားခြင်း မရှိသည်ကို တွေ့ရလေတော့၏။ ထို့ကြောင့် ဦးကိုကိုကြီးက . . .

"ငွေလဲ မဖြစ်နိုင်ဘူး၊ အို . . . သိပြီ၊ သိပြီ၊ ပလက်တီနမ်ဖြစ်လိမ့်မယ်" ဟု ပြောလိုက်လေ၏။

"ဟုတ်တယ် ဦးကိုကိုကြီး၊ ပလက်တီနမ်ပါပဲ၊ ပလက်တီနမ်ဆိုတာ ရွှေဖြူပေါ့ဗျ၊ ဥရောပတိုက်သူတွေတော့ နှစ်သက်ကြပါပေတယ်၊ ကျုပ်တို့ မြန်မာအမျိုးသမီးတွေကတော့ သဘောမကျကြပါဘူး၊ ကဲလေ ထားပါတော့၊ ပလက်တီနမ်ကို ဘယ်လုပ်ငန်းမှာ သုံးတာတွေ့ဖူးသလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ကျုပ်တွေ့ဖူးတာတော့ သွားတုလုပ်တဲ့နေရာမှာ အသုံးဆုံးပေါ့ဗျာ၊ စောစောက တုတ်ကောက်မှာတွေ့ရတဲ့ ပလာစတာကျောက်မှုန့်တွေက အံပုံလောင်းတဲ့အခါမှာ သုံးတာဗျ၊ ဒါကြောင့် တုတ်ကောက်ပိုင်ရှင်ဟာ သွားစိုက်ဆရာ ဖြစ်လိမ့်မယ် လို့ ကျုပ်ပြောတာ" ဟု ရှင်းပြလိုက်လေ၏။

"အခုလို ကိုနှင်းမောင်က ရှင်းပြတော့လဲ ကျုပ်ခေါင်းထဲမှာ သပွတ်အူရှယ်စာပေါင်းသိုက်ရယ်၊ ဆံပင်ချည်ထွေးရယ်၊ ဟောဒီတုတ်ကောက်ကြီးရယ် ခွေးလုံးရစ်ပတ်ကြီး ဖြစ်နေတော့တာပဲဗျို့" ဟု ဦးကိုကိုကြီးက ပြောဆိုရယ်မောလိုက်လေ၏။

www.burmeseclassic.com


"သွားစိုက်ဆရာဟာ သူ့ရဲ့တုတ်ကောက်အဆက် နေရာကို ခိုင်အောင်ဆိုပြီး ပလာစတာကျောက်မှုန့် ဖျော်ထားတာတွေကို လက်ကိုင်နဲ့ တုတ်နဲ့ စွပ်ခါနီးမှာ သုတ်ခဲ့တယ်၊ ကြေးကွင်းစွပ်တဲ့အခါမှာလည်း ကျောက်မှုန့်တွေ အသုံးပြုခဲ့သေးတာပေါ့၊ ပြီးတော့ အနားမှာ အလွယ်တွေ့တဲ့ ပလက်တီနမ်စကလေးကို ကွင်းကလေးလုပ်ပြီး လက်ကိုင်ရဲ့ တုတ်နဲ့ ဆက်တဲ့နေရာမှာပတ်မယ်ဗျာ၊ ပြီးတော့ K.W ဆိုတဲ့ စာလုံးကလေး ထိုးထားရရင် ကောင်းမလားပဲ ဆိုပြီး ပလက်တီနမ်စကို စာလုံးပုံကလေးဖြတ်ပြီး သစ်သားထဲမှာ မြှုပ်လိုက်တယ်ဗျာ၊ အဲ့ဒီလို အမှတ်မထင် လုပ်ခဲ့တာကလေးတွေဟာ သူ့အကြောင်းကို ခရေစေ့တွင်းကျ ပြောပြနေသလို ဖြစ်ကုန်တော့တာပေါ့" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"အဲဒီစကားက ခင်ဗျားအဖို့တော့မှန်တယ်၊ ကျုပ်တို့အဖို့တော့ ဒီတုတ်ကောက် အပြင် သူပိုင်တဲ့ တခြားပစ္စည်းတစ်ဒါဇင်လောက်ချထားလဲ သူ့အကြောင်းကို မပြောနိုင် ပါဘူး၊ သိလဲ မသိပါဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်ကလည်း . . .

"အိုင်ဆေး ကိုနှင်းမောင်၊ သေတဲ့လူကိုလဲ သိပြီဗျာ၊ သတ်တဲ့လူကိုလဲ သိပြီဗျာ၊ ဒါတောင် အမှုက မပြီးသေးဘူး ဆိုတာ ဘယ်လိုကြောင့်တုံးဗျ" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ကျုပ်တို့ဟာ တရားခံကို သိသေးတာဗျ၊ မိသေးတာ မဟုတ်ဘူး၊ အဲဒီလို မမိခင်မှာကိုပဲ ဒီတရားခံတွေဟာ လူသတ်မှုကို ထပ်ပြီး ကျူးလွန်ချင် ကျူးလွန်ကြဦးမှာ" ဟု ပြောလေ၏။

ထိုအချိန်မှာပင် အိမ်ရှေ့သို့ မော်တော်ကားတစ်စီး လာ၍ရပ်ပြီးလျှင် ရွှေသွား ကိုအောင်မြင့် ဆင်းလာလေ၏။ ၎င်းရွှေသွား ကိုအောင်မြင့်သည် ပြုံးပြုံးပြက်ပြက် နိုင်လှသော ၎င်း၏သွားများကို ပေါ်အောင် ပါးစပ်ကိုဖြဲလျက် . . .

"ဒီမှာ ဆားပုလင်းနှင်းမောင်၊ ဒီတစ်ခါတော့ ခင်ဗျားထက် ကျုပ်တို့က လက်ဦး သွားပြီဗျို့၊ လူသတ်သမားကို အခုပဲဖမ်းပြီး အချုပ်ထဲထည့်ခဲ့ပြီ" ဟု လှမ်း၍ ပြောလိုက် လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ခင်ဗျားတို့ ဖမ်းခဲ့တဲ့လူဆိုတာ မြင်းလှည်းသမား မဟုတ်လား" ဟု ပြန်၍ မေးလိုက်ရာ ရွှေသွားကိုအောင်မြင့်သည် ဖြဲထားသော ၎င်း၏ပါးစပ်ကို သေတ္တာအဖုံး


www.burmeseclassic.com

www.burmeseclassic.com

ပိတ်လိုက်သကဲ့သို့ 'ခွပ်' ခနဲ ပိတ်လိုက်ပြီးလျှင် ဆားပုလင်းနှင်းမောင်၏ မျက်နှာကို မမြင်ဖူးသူတစ်ဦးကဲ့သို့ ကြောင်တိကြောင်တောင်နှင့် ကြည့်နေလေ၏။

ထို့နောက် . . .

"ဟုတ်ပါတယ်၊ မြင်းလှည်းသမားပါပဲ" ဟု ရွှေသွား ကိုအောင်မြင့်က ပြောလိုက်လျှင် . . .

"တစ်ယောက်တည်းတော့ မဟုတ်နိုင်ဘူး၊ မိန်းမတစ်ယောက်ကိုလဲ ဖမ်းခဲ့သေးတယ် မဟုတ်လား" ဟု ဆားပုလင်းနှင်းမောင်က ထပ်၍မေးလိုက်လေ၏။ ထိုအခါ ရွှေသွားကိုအောင်မြင့်သည် မဖြေချင့် ဖြေချင်ဖြင့် -

"အင်း" ဟု ဖြေဆိုလိုက်လေ၏။ ထို့နောက် အရှက်ပြေသဘောနှင့်

"ဒီမှာ ဆားပုလင်းနှင်းမောင်၊ စဉ်းစားတာချင်း ခင်ဗျားနဲ့ ကျုပ်နဲ့ တူတယ်ထားဦး၊ တရားခံဖမ်းတဲ့နေရာမှာ ကျုပ်က ပိုပြီး လက်မြန်တယ်လို့ ဆိုရမှာပေါ့" ဟု ပြောဆို၍ 'ချာ' ခနဲ လှည့်ကာ ကားပေါ်သို့ ပြန်၍တက်သွားလေတော့၏။

ဆားပုလင်းနှင်းမောင်ကမူ ရွှေသွားကိုအောင်မြင့်တို့၏ ကားထွက်သွားသည်ကို ငေးမောကြည့်ရှုရင်း . . .

"ပုလိပ်အဖွဲ့ထဲမှာ ဒီလိုလူမျိုးတွေ ရောက်နေတာတော့ ပြည်သူလူထုအတွက် ဒုက္ခပါပဲ၊ မဆိုင်တဲ့လူတွေ အတော့်ကိုနစ်နာကုန်ကြတော့မယ်" ဟု စိတ်မချမ်းသာသော လေသံဖြင့် ညည်းညူလိုက်လေတော့၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"ဒီမှာ ကိုနှင်းမောင်ရဲ့ . . . ခင်ဗျား ဟိုလူကိုပြောလိုက်တာကတော့ တန်းခနဲနေတာပဲ၊ ခင်ဗျားတို့ ဖမ်းထားတာ မြင်းလှည်းသမားတစ်ယောက် မဟုတ်လား၊ မိန်းမတစ်ယောက်တောင် ပါချင်ပါဦးမယ်ဆိုတာလေ၊ အဲဒါက ဘယ်လိုတုံးဗျ၊ နည်းနည်းရှင်းပြပါဦး" ဟု ပြောလိုက်လေ၏။

"ဒါက ဒီလိုပါဗျာ၊ အခင်းဖြစ်ပွားတဲ့သန်းခေါင်ကြယ်အိမ်ကြီးနားမှာ မြင်းလှည်းလာပြီးရပ်တဲ့ ဘီးရာတစ်ခုတွေ့တယ်ဗျ၊ မြင်းလှည်းပေါ်က ခြံထဲဘက်ကို ဦးတည်ပြီး လျှောက်သွားတဲ့ မိန်းမတစ်ယောက် ခြေရာနဲ့ ယောကျ်ားတစ်ယောက်ရဲ့ ခြေရာတွေ့တယ်၊ ဒါလေးကိုကြည့်ပြီး သူတို့က တရားခံဆိုပြီးဖမ်းလိုက်တာပါဗျာ၊ ခြံထဲဘက် ဝင်မလို့ လုပ်ပြီးမှ ခြေရာနှစ်ခုလုံးဟာ ပြန်လှည့်သွားတယ်ဗျ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .


www.burmeseclassic.com

www.burmeseclassic.com


"အဲ့ဒါက ဘာသဘောတုံးဗျ" ဟု မေးလိုက်ပြန်၏။

"ကျုပ်အထင် ပြောရရင်တော့ ဈေးပေါတဲ့ ဇိမ်မယ်တစ်ဦးနဲ့ မြင်းလှည်းသမား ဖြစ်ပါလိမ့်မယ်ဗျာ၊ ဒီအိမ်ကြီးက လူကလဲ မကြာခဏခရီးထွက်နေတယ် ဆိုတော့ အိမ်ကြီးက အစောင့်မရှိဘဲ လစ်လပ်နေတယ် မဟုတ်လား၊ ဒီလိုလူမျိုးတွေအတွက် နေရာကောင်းပေါ့ဗျာ၊ ဒါပေမဲ့ အိမ်ထဲက လူရိပ်လူယောင်လဲမြင်ရော၊ မဖြစ်ချေဘူးဆိုပြီး သူတို့ဟာသူတို့ ပြန်လှည့်သွားကြတာပါ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်သော အခါ၌ ဦးကိုကိုကြီးက . . .

"ခင်ဗျား ရှင်းပြလိုက်တော့လဲ သူ့ဟာနဲ့သူ ရှင်းသွားတာပဲ၊ ဒါနဲ့ နေပါဦး ခိုင်ဆေးရယ်၊ တရားခံကို ဘယ်တော့ဖမ်းနိုင်မှာတုံး" ဟု မေးလိုက်လေ၏။

"ကျုပ် နက်ဖြန်ကို ခရီးထွက်ဦးမယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောရာ ကျွန်ုပ်က . . .

"ဘယ်ကို သွားဦးမလို့လဲ" ဟု မေးလိုက်လေ၏။

"ရှမ်းပြည်ကို သွားမယ်ဗျာ၊ သိပ်မကြာပါဘူး၊ ဟိုမှာ ကျုပ်ကို နက္ခတ်ပညာ သင်ပေးတဲ့ ကျုပ်ရဲ့ဆရာ ဦးကျော်စိန်ထွန်း ဆိုတာ ကောင်းကောင်းနေမကောင်းရှာဘူး ဘဲဗျ၊ မသွားလို့ မဖြစ်ပေဘူး၊ သိပ်မကြာပါဘူးဗျာ၊ ပြန်လာတာနဲ့ တရားခံတွေကို ကျုပ် ဖမ်းပေးပါ့မယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ဆားပုလင်းနှင်းမောင်
## ခွေးဝဲစားတစ်ကောင် ယူလာခြင်း

ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် စီအိုင်ဒီ၌ အမှုများရှုပ်ထွေ
နေသည့်ကြားကပင် ရှမ်းပြည်သို့အလည်အပတ်သွားလေ၏။ ကျွန်ုပ်နှင့်ဦးကိုကိုကြီးမှာ
"ဆားပုလင်းနှင်းမောင် ဘယ်မှာလဲ" ဟု စုံထောက်မင်းကြီးက မေးမည်ကို တွေး၍
ပူပန်မိလေ၏။ ကျွန်ုပ်တို့အနေနှင့် ပဲခူးနှစ်လောင်းပြိုင်လူသတ်မှုကိုလည်း တရား
မဖော်နိုင်သေး၊ ဒီကြားထဲတွင် ကြို့ကုန်းလူသတ်မှုက ထပ်၍ဖြစ်ပွားပြန်၏။ ထိုကြို့ကုန်း
လူသတ်မှုကိုလည်း မဖော်နိုင်သေးပေ။ ထို့ကြောင့် ကျွန်ုပ်သည် မစ္စတာကာရစ်ပင်
ခေါ်၍ ဆူပူကြိမ်းမောင်းမည်ကို ကြောက်လန့်လျက် ရှိလေတော့၏။

ဆားပုလင်းနှင်းမောင် ထွက်သွားသည်မှာလည်း တစ်ပတ်ခန့်ပင် ရှိပြီဖြစ်ရာ
ပြန်၍ ရောက်မရောက်သိရန်အတွက် ၎င်းနေထိုင်ရာ ၂၉၅ ဘိုးလိန်းလမ်းသို့ မော်တော်ကား
ဖြင့် ထွက်ခဲ့လေ၏။ လမ်းတွင် လက်ကိုလွှဲ၍ ဟန်ပါပါ လမ်းလျှောက်နေသော
ဦးကိုကိုကြီးကို တွေ့သဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com


"ဗျို့ဆရာကြီး၊ ဘာလုပ်နေတာလဲ" ဟု ကျွန်ုပ်က မေးလိုက်ရာ ဇင်းက . . .

"ဂျော်နီဝပ်ကား လုပ်နေတာလေ" ဟု ပြန်၍ပြောလေ၏။

"လာဗျာ၊ ကိုနှင်းမောင် ပြန်ရောက်တယ် မရောက်ဘူး သိရအောင် သူ့အိမ်ကို သွားကြည့်ရအောင်" ဟု ကျွန်ုပ်က ခေါ်လိုက်ရာ ဦးကိုကိုကြီးက . . .

"ကောင်းသားပဲ" ဟု ဆိုကာ ကားပေါ်သို့ တက်လေ၏။

ကျွန်ုပ်လည်း ကားကို အရှိန်ပြင်းစွာမောင်းနှင်ခဲ့သည်ဖြစ်ရာ များမကြာမီ၌ပင် ၂၉၅-ဘိုးလိန်းလမ်းသို့ ရောက်ရှိခဲ့ကြလေတော့၏။ ကျွန်ုပ်တို့လည်း ကားပေါ်မှ ဆင်းခဲ့ကာ ကိုနှင်းမောင်၏ အခန်းသို့ တက်သွားကြရာ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် လွန်စွာပိန်လှီ၍ လွန်စွာမှလည်း မွဲခြောက်ခြောက်နိုင်လှသော ခွေးဝဲစားကလေးတစ်ကောင်ကို ထမင်းကျွေးနေသည်ကို တွေ့ရလေ၏။

"အိုင်ဆေး၊ ဘယ်တုန်းက ပြန်ရောက်သလဲ" ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုနှင်းမောင်က . . .

"အခုကလေးတင်ပဲဗျ၊ ဒီကောင်ဆာနေလို့ ထမင်းဝယ်ပြီး ကျွေးနေရတာ" ဟု ပြန်၍ ဖြေလေ၏။

"ခင်ဗျား မွေးမလို့လား၊ ခင်ဗျားခွေးကလဲ ဝဲစားပါလား၊ မွေးချင်ရင် ခွေးမျိုးကောင်း မွေးစမ်းပါဗျ၊ ကျုပ်ရှာပေးပါ့မယ်၊ ဒီကောင် ဘယ်ကဝယ်လာတာလဲ၊ ဝယ်ဖို့လိုမယ် မထင်ပါဘူးဗျာ၊ ဘယ်က ကောက်လာတာလဲ" ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

"ဟုတ်ပါရဲ့ဗျာ . . . အိုင်ဆေးခွေးက မနိုပ်ပါဘူး၊ လွှတ်လိုက်ပါ၊ ခွေးကောင်းကောင်း တစ်ကောင် ကျုပ်ဝယ်ပေးပါ့မယ်" ဟု ကျွန်ုပ်ကပါ ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"လွှတ်တော့ မလွှတ်ပါရစေနဲ့ဗျာ၊ ကျုပ်မှာ သူ့အတွက် အတော့်ကို အလုပ်ရှုပ်ခဲ့ရတာ၊ သူ့ကိုလိုချင်တာနဲ့ ရထားကို ရန်ကုန်အထိမစီးဘဲ ပဲခူးမှာဆင်းပြီး သူ့ကို ယူခဲ့ရတာဗျ၊ ကျုပ်တစ်ယောက်တည်းဆိုရင် မရသေးဘူး၊ ကျုပ်မိတ်ဆွေ ဆရာဖြေ ဆိုတဲ့လူ ဖမ်းပေးလို့ ရခဲ့တာပါဗျာ" ဟု ပြောလိုက်လေ၏။

"ခင်ဗျားခွေးက အိမ်စောင့် မွေးရအောင်ကလဲ ချည့်နဲ့နဲ့၊ အလှမွေးရအောင် ကလဲ ဝဲစား၊ ဘယ်နေရာမှ အသုံးမကျပါဘူးဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင် အသုံးကျပုံကလေးတွေ့ရပါလိမ့်မယ်ဗျာ" ဟူသော ပြန်၍ပြောလေ၏။

ထိုအခါ ကျွန်ုပ်က . . .

"ဒါတွေထားလိုက်ပါတော့၊ ကြို့ကုန်းလူသတ်မှုကိစ္စ တရားခံဖမ်းဖို့ နီးစပ်ပြီလား" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"အစစ်ပဲ အိုင်ပီရေ၊ ကျုပ်လဲ အဲဒီအမှုတွေကို မေ့နေလိုက်တာ" ဟု ပြောလိုက်လေ၏။

"အောင်မယ်လေးဗျာ၊ အဲဒီအမှုတွေ မေ့နေတယ်ဟုတ်လား၊ ကျုပ်တို့မှာဖြင့် တရားခံမမိသေးလို့ ဘယ်တော့များ မစ္စတာ ကရစ်ပင်က ခေါ်ယူပါ့မလဲဆိုပြီး စိတ်ပူနေရတာ၊ အိပ်လို့တောင် မပျော်ဘူး" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"ဒီလိုလုပ်ဗျာ၊ ကြို့ကုန်းက အခင်းဖြစ်ပွားတဲ့ သန်းခေါင်ကြယ်အိမ်ကြီးကို တစ်ခေါက်လောက်သွားပြီး ကြည့်ချင်သေးတယ်ဗျာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ကြည့်ချင်ရင် လိုက်ပို့မယ်လေဗျာ၊ ကျုပ်တို့မှာ မော်တော်ကားပါသားပဲ" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အေးဗျာ၊ အခုပဲကြည့်ချင်တယ်" ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် တိုင်တွင်ချိတ်ထားသော ကုတ်အင်္ကျီကိုယူ၍ ဝတ်လေ၏။ ထို့နောက် . . .

"လာ. . . သွားကြစို့" ဟုဆိုကာ ကျက်သရေမရှိသော သူ၏ခွေးဝဲစားကို ပွေ့လေတော့၏။

"ခင်ဗျား ခွေးဝဲစားက ဘာလုပ်မလို့လဲ၊ ထားခဲ့စမ်းပါဗျာ" ဟု ဦးကိုကိုကြီးက စိတ်ပျက်သောလေသံဖြင့် ပြောလေ၏။

"ကျုပ်မရှိရင် ဒီကောင်က အော်နေမှာဗျ၊ ကောင်းကောင်းမနေဘူး" ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောကာ အခန်းတံခါးကိုသော့ခတ်၍ ကားပေါ်သို့ တက်လေ၏။ ၎င်း၏ခွေးဝဲစားကြီးလည်း ပါ၍လာခဲ့လေတော့၏။

ထိုခရီး၌မူ ဦးကိုကိုကြီးက မော်တော်ကားကို မောင်းလေ၏။ ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်စီးကရက်နှင့် မှိန်းကာ တစ်စုံတစ်ခုကို စဉ်းစားရင်း လိုက်ပါလာခဲ့လေ၏။ ၎င်း၏ ခွေးဝဲစားကမူ တကိန်ကိန်မြည်၍ နေလေတော့၏။



www.burmeseclassic.com

"ဒီကောင်အသုံးဝင်တဲ့နေရာဆိုတာ ဒီလို တကိန်ကိန်အော်တာကို ပြောတာလား၊ နားပူလိုက်တာဗျာ၊ ကိုနှင်းမောင်တို့လုပ်လိုက်ရင်အဆန်းချည့်ပဲ" ဟု ဦးကိုကိုကြီးက ပြောလေ၏။

ဆားပုလင်းနှင်းမောင်ကမူ တစ်စုံတစ်ရာပြန်လည်ပြောဆိုခြင်းမပြုဘဲ စဉ်းစား၍သာ လိုက်လာခဲ့လေတော့၏။

မျှားမကြာမီ၌ပင် ကျွန်ုပ်တို့၏ ကားကလေးသည် ကြို့ကုန်းအခင်းဖြစ်ပွားရာ အိမ်ကြီးဆီသို့ ရောက်ရှိခဲ့လေတော့၏။

ကျွန်ုပ်တို့လည်း ကားပေါ်မှ ဆင်းကြလေ၏။ ဆားပုလင်းနှင်းမောင်သည် ခွေးဝဲစားကိုပွေ့၍ ဆင်းလာပြီးလျှင် သော့တူဖြင့် ခြံတံခါးကိုဖွင့်ကာ ခွေးကလေးအား လွှတ်လိုက်လေ၏။ ခွေးကလေးသည် အမြီးကလေးနံ့ကာ အိမ်ကြီးသို့ ပြေး၍သွားကာ ဟောင်နေလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ခွေးနောက်သို့ပြေး၍ လိုက်သွားပြီးလျှင် အိမ်တံခါးကိုပါ သော့တူဖြင့်ဖွင့်၍ ပေးလိုက်ပြန်၏။ ခွေးကလေးသည် အားရ ဝမ်းသာပြေး၍ ဝင်သွားပြီးလျှင် ကြမ်းပြင်၌ အနံ့ခံကာ လှေကားပေါ် သို့ ပြေး၍ တက်သွားလေ၏။ ကိုနှင်းမောင်လည်း လိုက်၍တက်သွားလေ၏။ ကိုနှင်းမောင်နောက်မှ ကျွန်ုပ်တို့လည်း လိုက်ပါသွားကြလေ၏။ အပေါ်ထပ်သို့ရောက်သောအခါ၌ ခွေးဝဲစားကလေးသည် ဟိုဒီပြေးလွှား၍ အနံ့ခံပြီးလျှင် ကြမ်းပြင်ကို ကုတ်ခြစ်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ကြမ်းပြင်၌ ခင်းထားသော ကောဇောကို လှန်လိုက်ရာ ကြမ်းပြင်အံဖုံးတံခါးကို တွေ့လေတော့၏။ ထိုအခါ ကိုနှင်းမောင်သည် အံဖုံးကိုဖွင့်လိုက်ရာ အပေါ်ထပ်နှင့် အောက်ထပ်ကြားတွင်ဝှက်၍လုပ်ထားသော ထပ်ခိုးဝှက်ကလေးကို တွေ့ရလေ၏။ ဆင်းရန်လှေကားကလေးလည်းရှိလေ၏။ ခွေးကလေးသည် ထိုလှေကားမှ အထပ်ခိုးဆီသို့ပြေး၍ဆင်းသွားလေ၏။ ကျွန်ုပ်တို့လည်း ၎င်း၏နောက်မှလိုက်၍ ဆင်းကြလေ၏။ ခွေးကလေးသည် အဝတ်တစ်ထည်ကိုနမ်း၍ ဟောင်နေသောကြောင့် ဆားပုလင်းနှင်းမောင်က ထိုအဝတ်ကို ဆွဲယူကြည့်ရှုရာ ထဘီဟောင်းတစ်ထည်ဖြစ်ကြောင်း တွေ့ရလေတော့၏။ ထို့နောက် ကိုနှင်းမောင်သည် ကြမ်းပြင်ပေါ်မှ တစ်စုံတစ်ခုကိုကောက်ယူ၍ ကျွန်ုပ်၏ လက်ဝါးပေါ်သို့တင်ပေးလိုက်သဖြင့် ကြည့်လိုက်ရာ မှတ်ပြောင်းဖြင့် မှုတ်သည်ဆိုသော အဆိပ်ဆူးမြားကလေးတစ်ချောင်းကို တွေ့ရလေ၏။ ထို့နောက် ကိုနှင်းမောင်သည် ပွတ်လုံးတိုင်တွင်စိုက်နေသည့် အဆိပ်ဆူးလေးနှစ်ဆူးကို နုတ်၍ပေးလိုက်ပြန်၏။ ပြီးလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com

လက်တည့်စမ်းထားတာဗျ၊ ဟောဒီမှာ လာကြည့်၊ ဒီအပေါက်ကနေ ပြောင်းနဲ့ မှတ်လိုက်တာ" ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် အထပ်ခိုးမှ အောက်သို့မြင်ရသော နေရာအား ပြလေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ခွေးကလေးကိုပွေ့၍ . . .

"သွားကြစို့" ဟု ဆိုကာ အောက်ထပ်သို့ဆင်းလေ၏။ ကျွန်ုပ်တို့လည်း ၎င်း၏နောက်မှ လိုက်ခဲ့ကြလေ၏။

ထို့နောက် ကိုနှင်းမောင်သည် အိမ်ကြီး၏တံခါးကိုလည်းကောင်း၊ ခြံဝင်းတံခါးကိုလည်းကောင်း ပြန်၍သော့ခတ်ပြီးလျှင် ကားပေါ်သို့တက်ကာ "ကျုပ်မောင်းမယ်" ဟု ဆိုကာ မော်တော်ကားကို မောင်းလေတော့၏။

"ဘယ်ကိုလဲ အိုင်ဆေး၊ ခင်ဗျားအနေနဲ့ ဘယ်လိုသဲလွန်စတွေ ထပ်ပြီးတွေ့ပြန်ပြီလဲ" ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

"အမှုက ပြီးသွားပါပြီ၊ နောက်ဆုံး ဖော်တာကတော့ ဟောဒီ ခွေးဝဲစားပါပဲ" ဟု ကိုနှင်းမောင်က ပြောလေ၏။

"ဒီအထိတော့ ကျုပ်တို့ ဉာဏ်မမီဘူးဗျ၊ ရှင်းပြစမ်းပါဦး" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"ဒီခွေးဝဲစားကလေးကို ခင်ဗျားတို့ မမှတ်မိကြဘူးလား" ဟု ကိုနှင်းမောင်က မေးလိုက်လေ၏။

"ဟင့်အင်း မမှတ်မိပေါင်ဗျာ" ဟု ကျွန်ုပ်က ပြန်၍ဖြေ၏၊ ဦးကိုကိုကြီးကလည်း

"ကျုပ်နဲ့ ကျောင်းနေဘက်မှ မဟုတ်ပဲဗျာ၊ ဘာဖြစ်လို့ ဒီခွေးကိုမှတ်မိရမှာတုံး" ဟု ပြော၏။

"ပဲခူးမှာ လူသတ်မှုဖြစ်တဲ့ အိမ်ဝင်းထဲကို ဝင်သွားတုန်းက ကျုပ်ကိုဟောင်တဲ့ ခွေးဝဲစားကလေးတစ်ကောင်ကိုတော့ ခင်ဗျားတို့မှတ်မိကြဦးမှာပေါ့ဗျာ" ဟု ကိုနှင်းမောင်က ပြောလိုက်မှပင် ကျွန်ုပ်တို့လည်း ထိုခွေးကို မှတ်မိကြလေတော့၏။

"မှတ်မိပြီဗျို့၊ ကောင်းကောင်းမှတ်မိပြီ" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"ခင်ဗျားနဲ့ ကျောင်းနေဘက်ဖြစ်လို့ မှတ်မိတာလား" ဟု ကိုနှင်းမောင်က ပြန်၍ မေးလိုက်လေ၏။


www.burmeseclassic.com

"ဟား ဟား ဟား ကျောင်းနေဘက်ဖြစ်လို့ မှတ်မိတာမဟုတ်ဘူးဗျို့၊ ခင်ဗျားက ဝါးခြမ်းပြားနဲ့ ဒီခွေးကိုလိုက်ရိုက်လို့ မှတ်မိတာ" ဟု ဦးကိုကိုကြီးက ပြန်၍ပြောလေ၏။

"အဲဒီတုန်းက ရိုက်တာဟာ အလကားရိုက်တာမဟုတ်ဘူးဗျ၊ ဒီခွေးကလေး ပြေးစရာမရှိရင် ခြံဝင်းအပြင်ဘက်ကိုထွက်ပြေးမယ်၊ အဲဒီလိုထွက်ပြီးပြေးရင် ခြံဝင်းထဲကို အဝင်အထွက်လုပ်တဲ့ခွေးတိုးပေါက်ကိုသိရမယ်ဆိုပြီး လိုက်ရိုက်တာဗျ" ဟု ကိုနှင်းမောင်က ပြောလေ၏။

"ဒီလိုလား၊ ဒီအထိတော့ ဉာဏ်မမီပါဘူး" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"ခြံထဲကို ကျုပ်တို့ဝင်သွားတော့ ခွေးကလေးက ဟောင်တာကိုးဗျ၊ ဒီတော့ ဒီအိမ်ဟာ ညဘက်ဆိုရင် အပြင်လူကပ်လို့ မလွယ်ဘူးဆိုတာ သတိရမိတယ်၊ အဲဒီတော့ ဒီလိုဟောင်တတ်တဲ့ခွေးရှိပါလျက်နဲ့ အိမ်ထဲကိုရအောင်ဝင်တဲ့လူဆိုတာ ဘယ်သူဖြစ်နိုင်မလဲ၊ ဒီခွေးနဲ့ရင်းနှီးတဲ့ ဒီခွေးကသိနေတဲ့လူပဲ ဖြစ်ရမယ်ဆိုတာ စဉ်းစားမိတယ်၊ ဒါနဲ့ ခွေးကို လိုက်ပြီးရိုက်ရင်း ခြံရဲ့နောက်ပိုင်း ခွေးတိုးပေါက်နားကိုရောက်တော့ အဲဒီမှာ ခြေရာနှစ်မျိုးကိုတွေ့တယ်၊ တစ်မျိုးက မိန်းမတစ်ယောက်ရဲ့ခြေရာ၊ တစ်မျိုးက ယောကျ်ား တစ်ယောက်ရဲ့ခြေရာ မိန်းမက ခွေးတိုးပေါက်ကနေ လျှိုပြီးဝင်လာတဲ့ လက္ခဏာပဲ၊ ယောကျ်ားကတော့ ခြံစည်းရိုးကို ကျော်တက်ခဲ့ဟန် ရှိတယ်၊ အဲဒီကတည်းကိုက လူသတ်သမားဟာ နှစ်ယောက်ဆိုတာ ကျုပ်ရိပ်မိပြီးသားပါဗျာ၊ ပြီးတော့ ကြို့ကုန်းမှာ သတ်တာလဲ ပဲခူးကအဆက်ပဲဗျ၊ ပဲခူးက စက်သူဌေး ကိုခင်ဦးနဲ့ မစန်းအေးကို သတ်သွားတဲ့ နှစ်ယောက်ပဲဗျ" ဟု ကိုနှင်းမောင်က ရှင်းပြလေ၏။

"ဒီလိုဆိုတော့လဲ ခင်ဗျား ခွေးဝဲစားက တယ်ပြီး အသုံးဝင်တာကိုဗျ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေတော့၏။

ထို့နောက် ကိုနှင်းမောင်သည် ကျွန်ုပ်တို့မေးသမျှကိုဖြေရင်း ကားကိုမောင်းခဲ့ရာ ၂၉၅-ဘိုးလိမ်းလမ်းသို့ရောက်လျှင် ခွေးဝဲစားအား အိမ်အတွင်း၌ လွှတ်လိုက်လေတော့၏။

ပြီးလျှင် အံဆွဲအတွင်းမှ ခြောက်လုံးပြူးကိုထုတ်၍ ကျည်ဆန်များကို စစ်ဆေးကာ ခါးကြား၌ ထိုးလိုက်လေတော့၏။

"ဘယ်လိုလဲ အိုင်ဆေး၊ တရားခံမိတော့မှာလား" ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုနှင်းမောင်က . . .



www.burmeseclassic.com

www.burmeseclassic.com


"ခဏကလေး စောင့်ပါ၊ စောင့်ရင်း လက်ဖက်ရည်သောက်ကြတာပေါ့" ဟု ဆိုကာ အနီးရှိ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကိုမှာ၍ ကျွန်ုပ်တို့အား တိုက်ကျွေးလေတော့၏။

ကျွန်ုပ်တို့သည် လက်ဖက်ရည်သောက်ရင်း စကားပြောနေကြလေတော့၏။ ထိုအချိန်၌မှာပင် တောသားကြီးတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာပြီးလျှင် ကိုနှင်းမောင်အား . . .

"ဆရာ ကိုနှင်းမောင်၊ စက်လှေကြီးထွက်တော့မယ်၊ လှေသမားတွေလဲ အသင့်ဖြစ်ပြီ" ဟု ပြောလေတော့၏။ ထိုအခါ ကိုနှင်းမောင်သည် ထိုင်ရာမှဆတ်ခနဲထပြီးလျှင်-

"ကဲ . . . အိုင်ပီတို့၊ သွားကြစို့" ဟု ဆိုလေတော့၏။

ထို့နောက် ကျွန်ုပ်တို့သည် ထိုတောသားကြီး၏နောက်သို့ လိုက်သွားရလေ၏။ ကမ်းနားဆိပ်သို့ ရောက်သောအခါ၌ ကိုနှင်းမောင်သည် မော်တော်ဘုတ်ကလေးတစ်စီးကို ပုတ်ပြတ်ငှားလိုက်လေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် မော်တော်ဘုတ်ဖြင့် ရန်ကုန်မြစ်ကိုဖြတ်ကာ ချောင်းကြိုချောင်းကြားများကို ကွေ့ချီတစ်ခါ ပတ်ချီတစ်လှည့်ဖြင့် ခရီးဆက်ခဲ့ကြရာ နောက်တစ်နေ့နံနက် မိုးလင်းခါနီးတွင် မော်တော်သည် ချောင်းရိုးကလေးတစ်ခုအတွင်းသို့ ဝင်သွားပြီးနောက် ချောင်းကော၍ ရေတိမ်နေသောနေရာအရောက်တွင် ရပ်လိုက်ရလေတော့၏။ အချိန်မှာ နောက်တစ်နေ့ ဝေလီဝေလင်းပင် ရောက်နေပြီဖြစ်၏။

"အောင်မယ်လေးဗျာ၊ မော်တော်စီးနေရတာ မနေ့နေ့လယ်ကတည်းက စီးနေရတာ၊ ခုမှပဲ ဒီနေရာကိုရောက်တော့တယ်၊ လုပ်ပါဦးမိတ်ဆွေကြီးရ" ဟု ကျွန်ုပ်တို့အား လာရောက်ခေါ်သော တောသားကြီးအား မေးလိုက်လေ၏။

"လမ်းမှာက စက်လဲပျက်သေးတယ်ဗျာ၊ ချောင်းမှားပြီး ဝင်သွားတာလဲ ရှိသေးတယ်၊ အချိန်ကိုတော့ မတွက်ပါနဲ့တော့ဗျာ" ဟု တောသားကြီးက ပြောလိုက်လေ၏။

"ထားပါတော့ဗျာ၊ မတွက်နဲ့ဆိုလဲ မတွက်ပါဘူး၊ ညစာလဲခုထိမစားရသေးဘူး နောက်တစ်နေ့တောင် မိုးလင်းနေပြီ။ ကျုပ်ဘယ်လောက် ဆာနေသလဲဆိုရင် နောက်တစ်နာရီအတွင်းမှာ ကျုပ်ပါးစပ်ထဲကို တစ်ခုခုမထည့်ရရင် ကျုပ်ဗိုက်ထဲက အူတွေဟာ ပါးစပ်က ထွက်လာပြီး သူတို့ဘာသာ အစာထွက်ရှာလိမ့်မယ်၊ ဒါနဲ့ နေစမ်းပါဦးဗျ အခုရောက်နေတာ ဘယ်နေရာလဲ ပြောစမ်းပါဦး" ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



"အခုရောက်နေတာ ကညင်ကုန်းလို့ ခေါ်တယ်၊ ပင်လယ်ကမ်းစပ်ပဲ" ဟု တောသားကြီးက ပြောလိုက်လေ၏။

"အိုး . . . ရွာကလေးက သေးသေးလေးနဲ့ စေတီကြီးက ကြီးလှချည့်လားဗျ၊ တော်ရုံတန်ရုံမြို့မှာတောင် ဒါလောက်ကြီးတဲ့စေတီမျိုးမရှိဘူးနော်" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

"ဒီအရပ်သားတွေက ဒီစေတီကြီးကို တောရွှေဆိုဂုံလို့ ခေါ်ကြတယ်ဗျ၊ ရွာကတော့ ကညင်ကုန်းရွာပါ၊ ဟောဟိုမှာတွေ့ရတဲ့ ဘုန်းကြီးကျောင်းဟာ ကညင်ကုန်းဘုန်းကြီးရဲ့ကျောင်းပေါ့၊ ကညင်ကုန်းဘုန်းကြီးဆိုတာ ဗေဒင်အလွန်မှန်တယ်ဗျ" ဟု တောသားကြီးက ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက ဆားပုလင်းနှင်းမောင်အား-

"ကိုနှင်းမောင်ရာ၊ ကျုပ်ကိုဘယ်ကိုခေါ်လာတာလဲဗျာ" ဟု မေးလိုက်လေ၏။

ဆားပုလင်းနှင်းမောင်လည်း မော်တော်ပေါ်မှနေ၍ ချောင်းကမ်းပါးဆီသို့ခုန်၍ တက်လိုက်ပြီဖြစ်၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ချောင်းကမ်းပါးကိုတွယ်၍တက်ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ရွာအနီးသို့ခပ်သုတ်သုတ်ပြေး၍ ကပ်သွားလေ၏။ ရွာအနီးသို့ရောက်လျှင် ခြေတံရှည်အိမ်ကြီးတစ်အိမ်မှ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်သည် ကွင်းဘက်သို့ ဆင်း၍ ပြေးလေတော့၏။ မိန်းမ၏လက်တွင် ခြောက်လုံးပြူးသေနတ်တစ်လက် ကိုင်ထားသည်ကို တွေ့ရလေ၏။

ယောကျ်ား၏လက်ထဲမှာမူ လွန်စွာရှည်လျားသည့် သံတုတ်ကြီးတစ်ချောင်း ကိုင်ထားသည်ကိုတွေ့ရလေ၏။

ကျွန်ုပ်တို့လည်း ၎င်းတို့နောက်မှပြေး၍ လိုက်သွားကြလေ၏။ များမကြာမီ၌ပင် တစ်ဘက်ကမ်းကို မမြင်ရသော ပင်လယ်ကြီးနှင့်တကွ လှိုင်းဖွေးဖွေးကြီးများကို တွေ့ရလေ၏။ ပင်လယ်ကမ်းစပ်၏တစ်နေရာ၌မူ စက်လှေကြီးတစ်စီး ရပ်ထားသည်ကို တွေ့ရလေ၏။ ထိုစက်လှေ၏ နံဘေး၌လည်း "မိုးပေါ်မှာ ကြယ်တစ်လုံး" ဟူသော ဆေးဖြူနှင့်ရေးထားသည့် စာလုံးကြီးများကို တွေ့ရလေတော့၏။

ထွက်ပြေးသွားသော မိန်းမနှင့် ယောကျ်ားတို့သည် ပင်လယ်ကမ်းစပ်တွင် ရပ်ထားသော မော်တော်ဘုတ်ကလေးတစ်စီးပေါ်သို့ ပြေး၍ တက်သွားကြလေ၏။ မလှမ်းမကမ်းသို့ ကျွန်ုပ်တို့ရောက်ရှိသွားသောအခါ၌မူ ထိုမော်တော်ဘုတ်ကလေးသည် ကမ်းမှခွာ၍ထွက်သွားလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ကမ်းစပ်တွင်

www.burmeseclassic.com

www.burmeseclassic.com

ရပ်ထားသော အခြားမော်တော်ဘုတ်ကလေးတစ်စီးဆီသို့ ခြေကုန်သုတ်၍ပြေးသဖြင့် ကျွန်ုပ်တို့လည်း နောက်မှအပြေးလိုက်ခဲ့ရလေ၏။ ဦးကိုကိုကြီးမှာမူ သူ၏ကိုယ်လုံးကြီးကို ကြိုးစား၍သယ်ကာ ပြေးလိုက်ရှာလေ၏။ ကျွန်ုပ်တို့အားလုံး မော်တော်ဘုတ်ပေါ်သို့ ရောက်သွားသောအခါ၌ ဆားပုလင်းနှင်းမောင်သည် မော်တော်ဘုတ်ကို ကိုယ်တိုင်မောင်းနှင်၍ ထွက်ပြေးသွားသော မော်တော်ဘုတ်ဆီသို့ လိုက်လေတော့၏။

ရှေ့မှပြေးသွားသော မော်တော်ဘုတ်မှ ယောက်ျားကြီးသည် သံတုတ်ကြီးကိုကိုင်၍ ကျွန်ုပ်တို့အား အံကြိတ်ကာ လှည့်ကြည့်လေ၏။

"အံမာ ဟိုလူက သံတုတ်ကြီး တကိုင်ကိုင်နဲ့ ကျုပ်တို့ကို အခဲမကျေတဲ့မျက်နှာနဲ့ ကြည့်နေပါလား" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ကျွန်ုပ်က . . .

"သံတုတ်မဟုတ်ဘူးဗျ ပိုက်လုံးကြီး"ဟုပြောရလေ၏။ ထိုအခါကိုနှင်းမောင်က-

"သံတုတ်လဲမဟုတ်ဘူး၊ ပိုက်လုံးလဲမဟုတ်ဘူး၊ အဲဒါ သေမင်းလို့ခေါ်တယ်၊ ကြို့ကုန်းက အိမ်ကြီးထဲမှာ သွားစိုက်ဆရာ တရုတ်သေတာ အဲဒီလက်နက်ပဲ၊ အဲဒါ မှုတ်ပြောင်းခေါ်တယ်၊ ထိလိုက်တာနဲ့ အသက်ထွက်ဖို့သာပြင်ပေတော့" ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့၏ မော်တော်လည်း ၎င်းတို့နှင့် ဝါးတစ်ရိုက်သာသာလောက်ဆီသို့ မီလာပြီဖြစ်၏။ ထိုအခါ အရှေ့မှလူကြီးသည် ကျွန်ုပ်တို့ဘက်သို့လှည့်ကာ ပြောင်းဖြင့်ချိန်၍ မှုတ်လိုက်လေတော့၏။

"ဒိုင်း"

"ဝှူး"

ထိုလူကြီး၏ပြောင်းမှုတ်သံထက် ဆားပုလင်းနှင်းမောင်၏သေနတ်မှ ကျည်ဆန်ထွက်သံသည် စက္ကန့်၏အစိတ်အပိုင်းမျှ စော၍ သွားသည်ဖြစ်ရာ ထိုလူကြီး၏ လက်မောင်းကို ကျည်ဆန်က အလျှင်မှန်၏။ ထို့ကြောင့် ၎င်းမှုတ်ထုတ်လိုက်သောမြားသည် ဆားပုလင်းနှင်းမောင်ကို လွဲချော်သွားလေတော့၏။

ထိုသို့လွဲချော်သော်လည်း ထိုအဆိပ်မြားသည် ဦးကိုကိုကြီး၏နဖူးတည့်တည့်သို့ လာ၍မှန်သည်ဖြစ်ရာ ဦးကိုကိုကြီးသည် -

"သေ" ဟု တစ်လုံးတည်း အော်ပြီးလျှင် လဲကျသွားလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ဆားပုလင်းနှင်းမောင်သည် ၎င်း၏အိတ်အတွင်းမှ ပုလင်းကလေးတစ်လုံးကိုထုတ်၍ ဦးကိုကိုကြီး၏ နဖူးတည့်တည့် မြားစူးနေသောနေရာသို့ ပုလင်းထဲမှ အရည်များကို လောင်းချလိုက်ပြီးလျှင် မြားတံကို 'ဖြုတ်' ခနဲ ဆွဲ၍ နုတ်လိုက်လေတော့၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ကျုပ်မိန်းမကိုသာ ကြည့်ပြီး ပြောလိုက်ကြပေတော့ဗျာ" ဟု မျက်လုံးကလေး တလည်ကလည်ဖြင့် ပြောလိုက်လေ၏။

'ကျုပ်ဆီမှာ . . . ဟောဒီအဆိပ်ဖြေပုလင်းကလေး မပါခဲ့ရင်တော့ ခင်ဗျား ဒီစကားတောင် ပြောချိန်မရဘူး ဦးကိုကိုကြီးရေ့ ခုတော့ ခင်ဗျား မသေတော့ပါဘူး၊ အဆိပ်တွေလဲ ရေဖြစ်သွားပါပြီ" ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်မှပင် ဦးကိုကိုကြီးသည် အားရဝမ်းသာခုန်၍ ထလိုက်လေတော့၏။

ထို့နောက် ကျွန်ုပ်တို့လည်း ရှေ့မှမော်တော်ကို လှမ်း၍ကြည့်လိုက်ရာ ရှေ့မှ မော်တော်သည် တလည်လည်ဖြစ်နေလေ၏။

"ဟိုလူ သေနတ်မှန်သွားတော့ ပဲ့ကို ကောင်းကောင်းမထိန်းနိုင်တော့ဘူး" ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုနှင်းမောင်က . . .

"သတိတော့ထားဗျို့ . . . ဟိုမိန်းမလက်ထဲမှာ သေနတ်ရှိတယ် မဟုတ်လား၊ ပစ်လိမ့်ဦးမယ်" ဟု ပြောလိုက်စဉ်၌ပင် 'ဒိုင်း' ခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရပြီးလျှင် ကျည်ဆန်သည် ကျွန်ုပ်တို့၏ မော်တော်အုမိုးသို့ လာရောက်ထိမှန်လေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ထိုမော်တော်၏ဝမ်းဗိုက်ဆီသို့ သေနတ်ဖြင့် နှစ်ချက် ပစ်ဖောက်လိုက်လေတော့၏။ ကျွန်ုပ်တို့၏ မော်တော်လည်း အနီးသို့ ရောက်ရှိသွားလေ၏။ ထိုအချိန်၌ ထိုမော်တော်မှ ယောကျ်ားကြီးသည် စက္ကူထုပ်ကြီး တစ်ထုပ်ကို ၎င်းမော်တော်တွင် ပါရှိသော ချိန်းဘလောက်ကြီးနှင့် ပူး၍ချည်ကာ ပင်လယ်အတွင်းသို့ ပစ်ချလိုက်လေတော့၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ဟိုမှာ၊ ဟိုမှာ၊ ဟိုလူပစ်ချလိုက်ပြီဗျို့၊ ဘာကြီးလဲမသိဘူး" ဟု အော်ဟစ်လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ပစ်ချသင့်တာ ကြာပါပြီဗျာ၊ ဒါကြီးအတွက် လူတွေသေကြတာ များလှပါပြီ" ဟု ပြောလိုက်ပြီးလျှင် ထိုမော်တော်အား ဦးဖြင့်ခပ်ဖျော့ဖျော့ကလေးဝင်၍ဆောင့်ကာ


www.burmeseclassic.com

www.burmeseclassic.com

ထိုမော်တော်ပေါ်သို့ 'လွှား' ခနဲ ခုန်၍တက်ပြီးလျှင် အမျိုးသမီး၏လက်တွင်းမှ ဒေသနတ်ကို 'ဆတ်' ခနဲ ဆွဲ၍ယူကာ . . .

"မမယ်ဇယ် ငြိမ်ငြိမ်ကလေးထိုင်နေပါ၊ ဒီမှာ ကိုကြာပွတ်၊ အေးအေးဆေးဆေး ဥပဒေနဲ့မျက်နှာချင်းဆိုင်ပါဗျာ၊ ခင်ဗျားပြေးလို့ မလွတ်တော့ပါဘူး၊ ကျုပ် ဆားပုလင်းနှင်းမောင်ပါ" ဟု ပြောလိုက်ရာ ထိုလူကြီးသည် ဆားပုလင်းနှင်းမောင်အား သေသေချာချာကြည့်၍ . . .

"မသိလို့ပါဗျာ၊ ကျုပ်ကို ကျုပ်ဆရာကြီး ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားက မှာဖူးပါတယ်၊ ဆားပုလင်းနှင်းမောင်နဲ့တွေ့ရင် မလွတ်နိုင်ဘူးတဲ့၊ ကြိုက်သလို ပြုပါတော့ဗျာ" ဟု ပြော၍ အဖမ်းခံလေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် မော်တော်နှစ်စင်းအား လက်ခုပ်ကုန်းရွာဘက်သို့ မောင်းနှင်စေပြီးလျှင် ကျွန်ုပ်တို့နှင့်ပါလာခဲ့သော တောသားကြီးအား . . .

"ကဲ ကိုစံဖေရေ နာရီဝက်အတွင်း စားဖို့သောက်ဖို့ကလေးစီမံခဲ့ဦးဗျာ၊ ဒီကနေ ရန်ကုန်ကို တိုက်ရိုက်ပြန်ရမယ်" ဟု ပြောလိုက်ရာ ကိုစံဖေဆိုသော တောသားကြီးသည် စစ်ခရာသံကြားသောစစ်မြင်းကဲ့သို့ မော်တော်ပေါ်မှဆင်းကာ ကဆုန်စိုင်း၍ ပြေးလေတော့၏။ များမကြာမီ၌ပင် ကောက်ညှင်းပေါင်း၊ ငါးကြော် စသည်များကို ခြင်းတောင်းကြီးဖြင့် ထည့်ကာ ယူလာလေ၏။

"အခုနေများ လက်ဖက်ရည်အချိုကလေးသောက်ရရင် ကောင်းမယ်ဗျာ" ဟု ကိုနှင်းမောင်က ပြောလိုက်ရာ တောသားကြီး ကိုစံဖေက . . .

"မပူပါနဲ့ဆရာရယ်၊ တောဆိုပြီး လက်ဖက်ရည်အချိုမရဘူးများမှတ်နေသလား ပါခဲ့ပါရဲ့ဗျာ၊ ဆရာကြိုက်တတ်မှန်းသိလို့ ဘုန်းကြီးကျောင်းကို သွားပြီး စုံစမ်းတော့ မြို့ကလာပြီးလှူထားတဲ့ နို့ဆီ၊ နို့စိမ်း၊ သကြား၊ အချိုခြောက် စုံအောင်ရှိလို့ ဖျော်ခဲ့ပါရဲ့ဗျာ ကျုပ်ဖျော်ရင် ညံ့နေမှာစိုးလို့ မြို့လက်ဖက်ရည်ဆိုင်မှာ အဖျော်သမားလုပ်ခဲ့ဖူးတဲ့ ကပွိုယကို ဖျော်ခိုင်းခဲ့တာပါ" ဟု ပြောလိုက်ရာ ကိုနှင်းမောင်က . . .

"ခင်ဗျားလို အလိုက်သိတဲ့လူမျိုးနဲ့ဆိုရင် အငီစိကို သွားရရင်တောင် ခပ်ပျော်ပျော် သွားဝံ့ပါရဲ့ ကိုစံဖေရယ်" ဟု ပြောလိုက်လေ၏။

ထို့နောက် ကိုစံဖေ မော်တော်မောင်း၏။ ကျွန်ုပ်တို့သည် လက်ဖက်ရည်၊ မုန့်နှင့် ငါးကြော်များကို မြိန်ရှက်စွာစားကြလေတော့၏။

www.burmeseclassic.com


ကျွန်ုပ်တို့ဆိုရာ၌ တရားခံ ကိုကြာပွတ်နှင့် မမယ်ဇယ်တို့ပါ ပါဝင်လေ၏။ ကိုနှင်းမောင်သည် ကိုကြာပွတ်၏လက်မှ ဒဏ်ရာကို ပတ်တီးစည်းပေးလေ၏။ ထိုအခါ ကိုကြာပွတ်က . . .

"ဘယ်လိုများ သဲလွန်စရသလဲ ဆားပုလင်းနှင်းမောင်ရယ်" ဟု မေးလိုက်ရာ ကိုနှင်းမောင်က . . .

"မမယ်ဇယ် မော်တော်ကားနဲ့ ချောက်ထဲကို ကျသွားတယ်ဆိုတဲ့ နေရာကို ကျုပ်ရောက်ခဲ့ပြီးပါပြီ၊ တောင်ကြီးအတက်ကလေ၊ အဲဒီတောင်အောက်ကိုလည်း ကျုပ် ရောက်ခဲ့ပြီးပြီ၊ ခင်ဗျားတို့နေသွားတဲ့ သစ်လုံးအိမ်ကလေးကိုရောက်ခဲ့ပြီးပြီ ကိုကြာပွတ်၊ ခင်ဗျားတို့အဖြစ်ကတော့ ဆန်းပါဇပေတယ်ဗျာ၊ အဲဒီတော့ ကျုပ်က ပြောတာထက် ခင်ဗျားတို့က ဖြောင့်ချက်ပေးရင် ပိုပြီးကောင်းတာပေါ့" ဟု ဆိုလိုက်ရာ တရားခံ ကိုကြာပွတ်က . . .

"ပြောရမှာက အရှည်ကြီးဗျ" ဟု ဆိုကာ ဖြောင့်ချက်ပေးလေတော့၏။ ကျွန်ုပ်လည်း အသင့်ပါလာသောစာရွက်ပိုင်းကလေးနှင့် ကိုကြာပွတ်ပြောပြသည်များကို လည်းကောင်း၊ မမယ်ဇယ်ပြောပြသည်များကိုလည်းကောင်း လိုက်လံ၍ရေးမှတ်ခဲ့၏။

၎င်းတို့ ပြောပြသော အကြောင်းအရာများမှာ လွန်စွာမှပင် စိတ်ဝင်စားဖွယ်ရာ ကောင်းလှတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် အချို့နေရာများ၌ မရေးမိသည်များပင်ရှိ၍ ကိုကြာပွတ်အား ပြန်၍ မေးယူရလေ၏။

ဤသို့နှင့်ပင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသောခရီးကို ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ ပြန်ခဲ့ရလေတော့၏။

ရန်ကုန်သို့ရောက်သောအခါ၌ ကိုနှင်းမောင်သည် တရားခံများအား စုံထောက် မင်းကြီး မစ္စတာကရစ်ပင်ထံသို့အပ်နှံလိုက်ရာ မစ္စတာကရစ်ပင်ကပင် ကိုကြာပွတ်အား

"မောင်မင်း ဘယ်လောက်ပဲ လျှို့ဝှက်ပြီးသတ်သတ်၊ မောင်မင်း မလွတ်နိုင်ဘူး၊ ကျွန်ုပ်တို့စီအိုင်ဒီမှာ ဆားပုလင်းနှင်းမောင်ရှိတယ်" ဟုပြောလိုက်ရာ ဦးကိုကိုကြီးက-

စိတ်ကိုမထိန်းနိုင်တော့ဘဲ တစ်အားကုန် ရယ်ပစ်လိုက်လေတော့သတည်း။

"ဟား . . . ဟား . . . ဟား . . . ဟား"

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com

* ကျွန်ုပ်တို့သည် လူသတ်တရားခံများ ဖြစ်ကြကုန်သော ကိုကြာပွတ်နှင့် မမယ်ဇယ်တို့၏ ထွက်ဆိုချက် အသေးစိတ်ကို ရေးသား မှတ်တမ်းတင်ခဲ့ရပေ၏။

* ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများမှာလည်း လွန်စွာမှ စိတ်ဝင်စားဖွယ်ရာကောင်း၏။ ထို့ထက် ၎င်းတို့၏ နောက်ကြောင်း အဖြစ်အပျက်များက ပို၍ပင် စိတ်ဝင်စားဖွယ်ရာ ကောင်းလှတော့၏။ သင်ခန်းစာ ယူဖွယ်ရာလည်း ကောင်းလှတော့၏။

* ထို့ကြောင့် . . .

တရားခံထွက်ဆိုချက်များကို ရုံးတွင် တင်သွင်းသည့်အတိုင်း မူရင်းအတိုင်း တင်ပြလိုသော်လည်း ရုံးစာရေးနည်းမှာ များများစားစား ဖတ်ရှုရခဲသော အခါမျိုး၌ ဖတ်ရသူအဖို့ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှတော့၏။

* စာဖတ်သူအား တရားခံထွက်ဆိုချက်များကို ဝတ္ထုသဖွယ်ရေးသား၍ တင်ပြလိုက်ရပေတော့သတည်း။ ။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



## သူဌေးကြီး ဦးမြို့ တောထွက်ခန်း

တစ်နေ့သ၌ ဆန်စက်သူဌေးကြီး ဦးမြို့သည် ၎င်း၏ တစ်ဦးတည်းသော သမီးဖြစ်သူ မမယ်ဇယ်ကလေးအား အရေးကြီးသော စကားပြောရန်ရှိသည်ဟုဆိုကာ အနီးသို့ ခေါ်ယူလိုက်လေ၏။

လွန်စွာ လိမ္မာလှသော သမီးကလေး မမယ်ဇယ်ကလည်း . . .

"ဘာလဲအဖေ၊ ဘာပြောစရာရှိလို့လဲ" ဟု တီတီတာတာပြောဆိုကာ ဖခင်၏ အနီး၌ လာ၍ထိုင်လေ၏။

"ဒီလိုသမီးရဲ့၊ အဖေအခုပြောမယ့် စကားဟာ သိပ်အရေးကြီးတယ်သမီး၊ သမီးရဲ့မိခင်ဟာ သမီးကလေးရှစ်နှစ်အရွယ်မှာပဲ ဆုံးပါးသွားရှာတယ် မဟုတ်လား၊ အဲဒီတုန်းကဆိုရင် အဖေ့ကို နောက်အိမ်ထောင်ပြုဖို့ မိတ်ဆွေတွေကရော မကင်းရာ မကောင်းကြောင်းတွေကရော အများကြီးတိုက်တွန်းကြပါတယ်၊ ဒါပေမဲ့ အဖေဟာ နောက်အိမ်ထောင် ဘယ်တော့မှမပြုဘူးလို့ ယတိပြတ်ဆုံးဖြတ်ခဲ့ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ငါ့သမီးကလေးကို သူစိမ်းတရံဆံ လက်ထဲမှာ မကြီးပျင်းစေချင်လို့ပဲ၊ အဖေ ကိုယ်တိုင် မိထွေးလက်ထဲမှာ ကြီးပြင်းခဲ့ရတဲ့ လူတစ်ယောက်ဖြစ်လေတော့ မိထွေး အကြောင်း နောကျေတယ်ဆိုပါတော့ကွယ်၊ အဖေတွေးတာ မှားချင်မှားလိမ့်မယ်ပေါ့၊ ဒီလောကမှာ မိထွေးဆိုရင် မိထွေးတော်ဂေါတမီ တစ်ယောက်ကလွဲပြီး ကျန်တဲ့မိထွေး တွေဟာ ကောင်းမယ်လို့မထင်ဘူးကွယ့်၊ ကောင်းတဲ့မိထွေးလဲ ရှိချင်မှရှိမှာပေါ့ကွယ်၊



www.burmeseclassic.com

အဖေထင်တာကိုပြောတာ၊ကဲပါ . . . ဒါတွေထားလိုက်ပါတော့၊ အဖေဟာ သမီးအမေဆုံးတဲ့အခါမှာ တော်တော့်ကိုဆောက်တည်ရာမရဖြစ်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ သမီးအမေဟာ အတော့်ကိုတော်တဲ့ မိန်းမပဲကွ၊ လင်သားကို ပြုစုတဲ့နေရာမှာရော သားသမီးကိုစောင့်ရှောက်တဲ့ နေရာမှာရော၊ အိမ်ထောင်မှုထိန်းသိမ်းတဲ့ နေရာမှာရော ပေါ့ကွယ်၊ အဖေ့အတွက်တော့ အစားမရနိုင်တဲ့ မိန်းမမျိုးပါပဲ၊ ဒီလိုမိန်းမမျိုး ဆုံးရှုံးရတဲ့ ယောကျ်ားတစ်ယောက်အဖို့ ယူကျုံးမရဖြစ်တာဟာ အဆန်းမဟုတ်ပါဘူး သမီးရယ်၊ အဖေဟာ အတော့်ကိုစိတ်ထိခိုက်ပြီး ဆောက်တည်ရာမရ ဖြစ်ခဲ့ရတယ်၊ အဲဒီအချိန်မှာပဲ အဖေ့အတွက် ကံကောင်းချင်တော့ အဖေတို့ကိုးကွယ်တဲ့ ဗောဓိ ဘုန်းကြီးကျောင်းကို ကျိုက်ထိုဘက်က ဦးပဉ္ဇင်းကလေးတစ်ပါး ရောက်လာတယ်ကွယ့်၊ အဲဒီဦးပဉ္ဇင်းလေးက အဖေ့အဖြစ်ကိုသိရတော့ အတော့်ကို ကရုဏာသက်သွားရှာတယ်၊ ဦးပဉ္ဇင်းလေးရဲ့ ဘွဲ့တော်က ဦးမေဓာ တဲ့၊ အဲဒီဦးဇင်း ဦးမေဓာလေးဟာ အဖေ့ကို တရားတွေဟောခဲ့တယ်၊ တရားတွေ ပြခဲ့တယ်၊ တရားတွေ ထိုင်ခိုင်းခဲ့တယ်၊ အဲဒီကတည်းက အဖေဟာ ဦးဇင်းဟောတဲ့တရားတွေကို သဘောကျပြီး ဦးဇင်းလေးပြတဲ့နည်းအတိုင်း တရားထိုင်ခဲ့ပါတယ်၊ သမီးအမေဆုံးကတည်းက ဆိုတော့ အဖေဟာ နေ့စဉ် ရက်ဆက်မပြတ် တရားထိုင်ခဲ့တာ တစ်ဆယ့်ငါးနှစ်ရှိပြီကွယ့်၊ အဲဒီလို တစ်ဆယ့်ငါးနှစ်ပတ်လုံး မပျက်မကွက် တရားထိုင်လာခဲ့လေတော့ အဖေ့ရဲ့ အသိဉာဏ်တွေ၊ အဖေ့ရဲ့ နှလုံးသားတွေ အဖေ့ရဲ့ အယူအဆတွေ အားလုံးလောက်နီးနီး ပြောင်းလဲသွားပြီကွယ့်၊ အဖေ့ဆရာ ဦးဇင်း ဦးမေဓာလေးဟာ အဖေ့ကိုတစ်နှစ်တိတိတရားဟော၊ တရားပြလုပ်သွားတယ်၊ တနှစ်လဲ ပြည့်ရော သူလဲ ကျောင်းမှာမရှိတော့ဘူး၊ တစ်ခါတည်း တောထွက်သွားတယ် အာဇာနည်ပုဂ္ဂိုလ်ပါပဲ သမီးရယ်၊ သူ ပြောသွားတဲ့ စကားတစ်ခုရှိသေးတယ် သမီး တရားဆိုတာ သူများနာဖို့ ဟောရုံသက်သက်မဟုတ်ဘူး၊ ကိုယ်တိုင်လုပ်ဖို့ကလဲ အရေးကြီးသေးတယ် ဒကာကြီးရဲ့ တဲ့၊ ပြောတဲ့အတိုင်း လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ပဲကွယ် အခု သူဟာ ကျိုက်ထိုနားက တောတစ်ခုမှာ တောရဆောက်တည်နေတယ်လို့ သတင်းကြားရတယ်၊ တွေ့ခဲ့မြင်ခဲ့ရတဲ့သူတွေရဲ့ သတင်းစကားအရဆိုရင်တော့ အဖေ မျှော်လင့်တဲ့အတိုင်း ဦးဇင်းလေးက ဖြစ်သွားရှာပြီပေါ့၊ မျှော်လင့်တဲ့အတိုင်း [illegible] စိတ်ကုန်လာပြီ။ တိုတိုပြောရရင်ကွယ်၊ အဖေ လူ့ဘောင်ကိုစွန့်ခွာပြီး ရဟန်းဝတ်မှ ဦးဇင်းလေးနောက်ကို လိုက်ချင်တယ်၊ အဲ့ဒီလိုများ လိုက်ပြီး ဦးဇင်းလေးဆီမှာ



www.burmeseclassic.com

www.burmeseclassic.com


ဘုရားထုတ်ခွင့်ရမယ်ဆိုရင်တော့ အဖေဟာ လူဖြစ်ရကျိုးနပ်ပြီလို့ ယူဆတယ်၊ အဲ့ဒီလို အဖေ ရဟန်းဝတ်ပြီး လိုက်သွားနိုင်အောင် သမီးကလေးက ပါရမီဖြည့်မှ ဖြစ်မယ်။ အဲဒီတော့ သမီးက ပါရမီဖြည့်နိုင်ပါ့မလား"

ဦးမြူသည် ရှည်လျားစွာ ပြောပြီးနောက် သမီးဖြစ်သူ မမယ်ဇယ်ကလေး၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်လေ၏။ ထိုအခါ သမီးဖြစ်သူ မမယ်ဇယ်ကလေးက-

"အဖေရယ်၊ ဘာဖြစ်လို့ ပါရမီ မဖြည့်နိုင်ရမှာလဲ ဖြည့်နိုင်တာပေါ့" ဟု ချက်လက်စွာ ဖြေလိုက်လေ၏။

"ကောင်းပြီသမီး၊ ဘယ်လို ပါရမီ ဖြည့်ရမယ်ဆိုတာကော သိသလား" ဟု ဦးမြူက ပြန်၍ မေးလိုက်လေ၏။

"ဟင့်အင်း အဖေ၊ အဲ့ဒါတော့ မသိဘူး၊ အဖေပြောပါ၊ အဖေပြောတာကို သမီးအကုန်လုပ်ပါ့မယ်" ဟု မမယ်ဇယ်ကလေးက ပြန်၍ ပြောရှာလေ၏။

"ဒီမှာသမီး၊ အဖေဟာ လူ့ဘောင် လူ့လောကကို စွန့်ခွာသွားတဲ့ အခါမှာ သမီးတစ်ယောက်တည်း ဒီအတိုင်း ထားခဲ့ရမှာ၊ လယ်ယာချောင်းမြောင်းတွေ၊ ဥယျာဉ်ခြံ မြေတွေ၊ အတွင်းပစ္စည်းတွေ၊ ငွေတွေနဲ့ ဆန်စက်ကြီးနှစ်လုံးရယ်နဲ့ သမီးတစ်ယောက် တည်းထားခဲ့လို့သင့်တော်ပါ့မလား၊ 'မောင်တစ်ကျိပ်ပင် ရှိလင့်စကား၊ ခင်ပွန်းယောကျ်ား မရှိပါမူ၊ မိန်းမသည် မတင့်တယ်' လို့ လောကနီတိမှာ ဆိုထားတယ်ကွယ့်၊ သမီးမှာက မောင်တစ်ကျိပ်မပြောနဲ့၊ မောင်တစ်ယောက်တောင် မရှိလေတော့ ပိုလို့တောင်ဆိုးတာ ပေါ့ သမီးလေးရယ်၊ အဲ့ဒီတော့ ဟောဒီ သတင်းကျွတ်မှာ သမီးအိမ်ထောင်ပြုရမယ်" ဟု ဖခင်ဖြစ်သူ ဦးမြူက ပြောလိုက်ရာ မမယ်ဇယ်ကလေးက . . .

'ဟင်' ဟု ရေရွတ်လိုက်လေ၏။

"အိမ်ထောင်ပြုရမယ်ဆိုတာ ဒီလိုပါသမီးရဲ့၊ သမီးအနေနဲ့ မေတ္တာမျှတဲ့လူရှိရင် အဖေ့ကိုဖွင့်ပြောပါ၊ အဖေပေးစားမယ်၊ လွတ်လပ်တဲ့လူဖြစ်ဖို့ရယ်၊ တခြားဘာသာကွဲ မဖြစ်ဖို့ရယ်ပဲ အရေးကြီးတယ်၊ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ၊ အရေးမကြီးပါဘူး၊ သမီးမှာ စီးပွားဥစ္စာအပြည့်အစုံရှိသားပဲ၊ ကဲ သမီး၊ အဲ့ဒါ ပြောပေတော့" ဟု ဖခင်ဖြစ်သူ ဦးမြူက မေးလိုက်လေ၏။

"အဖေရယ်၊ သမီးမှာ မေတ္တာမျှတဲ့လူ မရှိပါဘူး၊ အဲ့ဒါ အမှန်ပါပဲ" ဟု မမယ်ဇယ် ကလေးက ပြန်၍ ဖြေရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပြီ သမီး၊ သမီးပြောပြလို့ သမီးနဲ့ မေတ္တာမျှနေတဲ့သူ မရှိဘူး ဆိုတာ တော့ အဖေသိရပြီ၊ သမီး မေတ္တာမျှချင်တဲ့ သူရော ရှိသေးသလား၊ မရှက်နဲ့ သမီး ရဲရဲသာပြော၊ သမီးတော့ ဘယ်သူ့ရဲ့သားကို စိတ်ထဲက မေတ္တာရှိနေပါတယ်၊ သူက မဆွတ်လို့ သမီးက မညွှတ်ရသေးတာပါ ဆိုတာမျိုးများရှိရင်လဲ အဖေ့ကို ဖွင့်ပြော သမီးရရပါစေ့မယ်၊ အဖေကိုယ်တိုင် သက်ဆိုင်ရာမိဘတွေဆီမှာသွားရောက်တောင်းရ ပေးပါ့မယ်" ဟု ဦးမြူက ပြောပြန်လေ၏။

ထိုအခါ ဖခင်ဖြစ်သူ ဦးမြူက . . .

"ကဲ ကောင်းပြီ၊ ဒီလိုဆိုရင် အဖေသဘောတူတဲ့ လူနဲ့ နေရာချထားပေးမယ် သမီး သဘောတူရဲ့လား" ဟု မေးမြန်းလေ၏။

"အဖေ သင့်တော်တာကို စီမံပါ၊ သမီး မငြင်းပါဘူး" ဟု မမယ်ဇယ်ကလေးက ဖြေလိုက်လေ၏။

"ကောင်းပြီ သမီး၊ ဒီသီတင်းကျွတ်မှာ အပြီးစီမံမယ်၊ တန်ဆောင်မုန်းမှာ အဖေ တောထွက်မယ်၊ ကဲ . . . ငါ့သမီးလုပ်စရာရှိတာ သွားလုပ်ပေတော့" ဟု ဖခင်ဖြစ်သူ ဦးမြူက ပြောလိုက်လျှင် မမယ်ဇယ်ကလေးသည် ဖခင်ဖြစ်သူအနီးမှ ရိုကျိုးစွာထ၍ မီးဖိုဆောင်သို့ ဝင်သွားလေဟော့၏။

၎င်းနောက်ဆုံးစကားမှာ ဖခင်ဖြစ်သူ ဦးမြူက မမယ်ဇယ်ကလေး၏စိတ်ကို စမ်းသပ်လိုက်ခြင်းဖြစ်၏။ အမှန်စင်စစ် ဖခင်ဖြစ်သူက သီတင်းကျွတ်တွင် အိမ်ထောင်ချ ထားပေးမည်။ တန်ဆောင်မုန်းတွင် မိမိတောထွက်တော့မည်ဟု ပြောလိုက်လျှင် သမီးဖြစ်သူသည် "ဘယ့်နှယ်လဲ အဖေ" ဟု မေးရန်ရှိ၏။

ယခုမူ မမယ်ဇယ်ကလေးသည် မည်သူမည်ဝါ ဖြစ်သည်ကိုမျှ မမေးတော့ ဖခင်ပေးစားမည့်သူအား မငြင်းမဆန်ဘဲ ယူရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ထင်ရှား လှပေ၏။

ထို့နောက်တွင်ကား စက်သူဌေးကြီး ဦးမြူသည် သမီးဖြစ်သူ မမယ်ဇယ်အား မကြာခဏဆိုသလို အောက်ပါအတိုင်း သွန်သင်ဆုံးမလေ့ရှိလေ၏။

"ဒီလိုကွယ့် သမီးရဲ့၊ မိန်းမတွေမှာ ဖောက်ပြန်ပျက်စီးနိုင်တဲ့အကြောင်းတရား ဆယ့်သုံးပါးကို ***ဟိတောပဒေသ*** မှာ အတည့်အလင်း ဆိုထားတယ်ကွယ့်၊ အဲဒါတွေ ဘာတွေလဲဆိုတော့ မိခင်နဲ့ မကြီးပြင်းခဲ့ရဘဲ ဖခင်နဲ့သာ ကြီးပြင်းရလို့ အဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com


အကြောင်းတစ်ခုအနေနဲ့ပါတယ်၊ အဲဒါ ပါဠိလိုတော့ 'ပိတုမန္တိရံဝသန' လို့ ခေါ်တယ်ကွယ့်၊ ပြီးတော့ ကိုယ်ပိုင်လွတ်လပ်ခွင့်ရနေတဲ့ မိန်းမမျိုးလဲ ဖောက်ပြန် ပျက်စီးနိုင်တယ်ကွယ့်၊ အဲဒါကို 'သပဌာန' လို့ ခေါ်တယ်၊ ပျော်ပွဲတွေ၊ ကပွဲတွေ၊ အခမ်းအနားတွေမှာ မကြာခဏ ပါဝင်ရင်လဲ မကောင်းပြန်ဘူး သမီးရဲ့၊ 'ယာတြောဿဝ အင်္ဂတိ' လို့ ခေါ်တယ်၊ နောက်တစ်ခုကတော့ ကိုယ့်အိမ်ကိုယ်မနေဘဲ အိမ်တကာ လျှောက်လည်နေရင်လဲ ပျက်စီးတတ်တာပဲ၊ 'အနိယမဝါသ' တဲ့ကွယ့်၊ ယောကျ်ားတွေနဲ့ဝိုင်းဖွဲ့ကာ အသောသောနေပြန်ရင်လဲ 'ပုရိသ သနိမိ ဝေါဠ' တဲ့၊ အဲဒါလဲပျက်စီးတတ်တဲ့သဘောပဲ၊ တစ်မြို့နဲ့တစ်မြို့ ကူးချည်သန်းချည် တစ်ယောက်တည်းသွားလာနေရင်လဲ မကောင်းပြန်ဘူးကွယ့်၊ 'ဝိဒေသဝါသ' လို့ ခေါ်တယ်၊ အကျင့်စာရိတ္တ မကောင်းတဲ့ မိန်းမတွေနဲ့ အတူ တွဲဖက်ပေါင်းဖော်နေရင်လဲပဲ ပျက်စီးနိုင်တာပဲကွယ့်၊ 'သကုသင္ဃသံသဂ္ဂ' လို့ ဆိုတာကွယ့်၊ မကြာခဏ စီးပွားပျက်ရင်လဲပဲ မိန်းမတစ်ယောက်ဟာ ပျက်စီးသွားနိုင်ရှာတာပဲ၊ ဒါကြောင့် ဘယ်လုပ်ငန်းမှ ပျက်စီးမသွားအောင် ဂရုတစိုက်လုပ်ဖို့လိုတယ်ကွယ့်၊ အဲဒါကို 'နိဓာယဝုတ္တိဗျသန' လို့ ခေါ်တယ်၊ ကိုယ်ယူထားတဲ့ယောကျ်ား အဆမတန် အသက်ကြီးနေရင်လဲ ပျက်စီးနိုင်တာပဲ၊ 'ပတိဝုဒ္ဓက' လို့ ခေါ်တယ်ကွယ့်။ နောက်တစ်ခုက ကိုယ့်ယောကျ်ားဟာ တခြားမိန်းမတွေနဲ့ပျော်ပါးနေရင်လဲ ပျက်စီးနိုင်တာပဲ၊ အဲဒါကိုတော့ 'ဣဿိတ' လို့ ခေါ်တယ်၊ ယောကျ်ားနဲ့ အချိန်ကြာမြင့်စွာ ခွဲခွာနေရရင်လဲ ပျက်စီးနိုင်တာပဲကွယ့်၊ 'ပ ဝါသန' လို့ ခေါ်တယ်၊ မိန်းမတန်မယ့် ဘိန်း၊ ဘင်း၊ ကစော်၊ လော့်စာ၊ အရက် တစ်ခုခုစွဲနေရင်လဲ ပျက်စီးနိုင်တာပဲ၊ အဲဒါကို 'ပါန' လို့ ခေါ်တယ်။ နောက်တစ်ခုကတော့ မိန်းမတစ်ယောက်ဟာ တခြားယောကျ်ားတစ်ယောက်နဲ့ ပျော်ပါး ပေါင်းဖော်ရတယ်လို့ မကြာခဏအိပ်မက်မက်ရင်လဲ ပျက်စီးနိုင်တယ်၊ အဲဒါကို 'သုပ္ပ' လို့ခေါ်တယ်၊ ဒါကြောင့် ညအိပ်ခါနီးမှာ ဘုရားဝတ်တက်ခြင်း ပုတီးစိပ်ခြင်း စတဲ့ မနောအာရုံကို ကောင်းစေတဲ့ အလုပ်ကို လုပ်ပြီးမှ အိပ်ရတယ်ကွယ့်၊ အဲဒါတွေကို သမီးကလေးနားလည်ထားပါမှ သမီးရဲ့ အိမ်ထောင်ရေးဟာ မပျက်မစီးမယိုမယွင်း ဖြစ်လိမ့်မယ်"

သူဌေးကြီး ဦးမြူသည် ဟိတောပဒေသကျမ်းကို ကိုးကား၍ သမီးကလေးက မမယ်ဇယ်အား သွန်သင်လေ၏။ မမယ်ဇယ်လည်း ကောင်းစွာ နာယူမှတ်သား၏။ ထို့နောက် တစ်ဖန် ရက်အတန်ကြာသောအခါ၌ ဦးမြူသည် သွန်သင်ခဲ့သော အကြောင်းအရာများကို မှတ်မိခြင်း ရှိမရှိ သမီးကလေးအား စစ်ဆေးပြန်၏။


www.burmeseclassic.com

www.burmeseclassic.com

သမီးကလေး မမယ်ဇယ်က ကောင်းစွာဖြေဆိုနိုင်သောအခါတွင် အောက်ပါ အတိုင်း သွန်သင်ပြန်လေ၏။

"ငါတို့မြတ်စွာဘုရားဟာ **ကောသလ** မင်းကြီးကို မိန်းမမြတ် ဖြစ်နိုင်တဲ့ အကြောင်းတရားလေးပါးကို ဟောကြားခဲ့ဖူးတယ်၊ အဲဒါတွေက ဘာတွေလဲဆိုရင် **'သီလဝတီ'** အကျင့်သီလ ဣန္ဒြေသိက္ခာရှိခြင်း တဲ့၊ **'မေဓာဝိနီ'** အမြော်အမြင် ဆင်ခြင် ဉာဏ်ရှိခြင်း တဲ့ **'သဿုဒေဝါ'** ယောက္ခမကို အိမ်ဦးနတ်ကဲ့သို့ ဆည်းကပ်ခြင်း တဲ့ **'ပတိဗ္ဗတာ'** လင်ကို လွန်စွာယုယမြတ်နိုးခြင်းတဲ့၊ ဒီအချက်လေးချက်ဟာ သမီးလိုက်နာ ရမယ့် အချက်တွေပဲ"

သူဌေးကြီး ဦးမြူသည် အထက်ပါအတိုင်း သွန်သင်ဆုံးမပြီးနောက် ရက်အတန် ကြာလျှင် သမီးကလေး မှတ်မိခြင်းရှိမရှိ ပြန်လည်စစ်မေးပြန်၏။ သမီးလေးက ကောင်းစွာဖြေဆိုနိုင်သောအခါ၌မူ ရှေ့ဆက်၍ မိန်းမနှင့် ပတ်သက်သော မှတ်သား သင့်သည်များကို မှတ်သားခိုင်းပြန်၏။

"မိန်းမတွေမှာ အစားနှစ်ပြန်၊ ဉာဏ်လေးဆ၊ လုံ့လခြောက်ပုံ၊ ကာမဂုဏ်ရှစ် ယောက်ျားထက်ပိုတယ်လို့ **စာဏကျ** ဆရာက ဆိုထားတယ်၊ ဒီလိုမဖြစ်ရအောင် ဂရုစိုက် ပေါ့ကွယ်"

ဦးမြူသည် ဤသို့လျှင် မိန်းမများနှင့်စပ်သမျှကို သမီးကလေး မမယ်ဇယ်အား နေ့စဉ်ရက်ဆက် ဆိုသလို သွန်သင်ခဲ့လေ၏။ သမီးကလေး မမယ်ဇယ်ကလည်း ကောင်းစွာမှတ်သားလိုက်နာလေ၏။

ဤသို့နှင့်ပင် သီတင်းကျွတ်လအနီးသို့ ရောက်ရှိခဲ့လေတော့၏။ ထိုအခါ စက်သူဌေးကြီး ဦးမြူသည် သမီးကလေးအား အနီးသို့ ခေါ်ယူပြန်၍ . . .

"သမီးရေ သမီးနဲ့ နေရာချထားပေးမယ့်သူကို အဖေပြောတော့မယ်၊ သူကတော့ တခြားလူမဟုတ်ဘူးကွယ့်၊ အဖေ့စက်ကြီးမှာ မန်နေဂျာလုပ်နေတဲ့ မောင်ခင်ဦးပဲ ဒီသူငယ်ကို အဖေဟာ ခြောက်နှစ်လောက် လေ့လာအကဲခတ်ပြီးပြီ၊ သုံးလမှာ တစ်ခါလောက်၊ လေးလမှာတစ်ခါလောက် တောကိုပြန်ပြီး၊ သူ့ရဲ့မိခင် မုဆိုးမကြီးကို ငွေပြန်ပြီးပို့တာကလွဲလို့ အသုံးအဖြုန်းအသောက်အစားလဲမရှိဘူးကွယ့်၊ ရိုးလိုက်တာလဲ လွန်ပါရော၊ လူကြီးကို ရိုသေတဲ့နေရာမှာလဲ အဖေတွေ့ဖူးတဲ့လူငယ်ထဲမှာ ပြိုင်စရာ ပါပဲကွယ်" ဟု ပြောလေ၏။


www.burmeseclassic.com

မမယ်ဇယ်ကမူ ကောင်းသည်ဟုလည်းမပြော၊ ဆိုးသည်ဟုလည်းမဆိုဘဲ ငြိမ်၍ နားထောင်နေလေ၏။

"ငါ့သမီး သဘောကျတယ် မဟုတ်လား" ဟု ဖခင်ဖြစ်သူ ဦးမြူက ပြောလိုက်လေ၏။

"သမီး သဘောကျ မကျတာ အရေးမကြီးပါဘူး အဖေရယ်၊ သမီး ပြောပြီးပါရောလား၊ အဖေ့ကို ပါရမီဖြည့်ရမှာဆိုတော့ အဖေသင့်တော်လို့ စီမံတာကို သမီး မငြင်းပါဘူး" ဟု မယ်ဇယ်ကလေးက ပြန်၍ပြောလျှင် ဦးမြူက . . .

"သာဓုကွယ်၊ သာဓု၊ သာဓု" ဟု ကျေနပ် ဝမ်းမြောက်စွာ ပြောလိုက်လေတော့၏။

ဦးမြူသည် သမီးဖြစ်သူထံမှ ကတိစကားကိုကြားရလျှင် ၎င်းစက်မန်နေဂျာဖြစ်သူ မောင်ခင်ဦးအား ခေါ်ယူပြန်လေ၏။ မန်နေဂျာ မောင်ခင်ဦးလည်း ဦးမြူအနားသို့ ရိုကျိုးစွာ လာရောက်လေ၏။

"ထိုင်စမ်းပါဦး မောင်ခင်ဦးရဲ့" ဟု ဦးမြူက ကုလားထိုင်၌ အထိုင်ခိုင်းသည့်တိုင်အောင် မောင်ခင်ဦးက . . .

"ရပါတယ်ခင်ဗျာ၊ မထိုင်ပါရစေနဲ့၊ သူဌေးမင်း အမိန့်ရှိလိုတာကို အမိန့်ရှိပါခင်ဗျာ၊ ကိုယ့်ထက် အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ကြီးတဲ့လူနဲ့ ရင်ပေါင်တန်းပြီး နေထိုင်ဖို့မသင့်ပါဘူး၊ ဒီလိုမနေဖို့ကိုလဲ ကျွန်တော့်ရဲ့ မေမေက ငယ်စဉ်ကပဲ ဆုံးမထားပါတယ်" ဟု ပြော၍ ဦးမြူ၏ရှေ့တွင် ယို့ယို့ကလေး ရပ်မြဲရပ်၍နေလေ၏။ ထိုအခါ ဦးမြူသည် လွန်စွာသဘောကျ၍ . . .

"သာဓုကွယ်၊ သာဓု၊ အခုခေတ် လူငယ်တွေမှာ ဒီလိုဂါရဝတရားမျိုးတွေ ပျောက်ကုန်ပြီကွယ့်၊ မောင်ခင်ဦးရေ တိုတိုပဲ ပြောမယ်ကွယ်" ဟု အစချီကာ ဦးမြူသည် မိမိရဟန်းဝတ်တော့မည်ဖြစ်ကြောင်း၊ သမီးကလေးနှင့် နေရာချထားပေးခဲ့လိုကြောင်း ပြောလေတော့၏။

ထိုအခါ မောင်ခင်ဦးက . . .

"မတော်ပါဘူး ခင်ဗျာ၊ ကျွန်တော်က ဆင်းရဲသားပါ၊ ဦးသမီး မမယ်ဇယ်ကလေးက သူဌေးသမီးပါ၊ ရုပ်ရည်ကလေးကလဲ ချောလိုက်တာမှ ဦးရယ်၊ ကျွန်တော်နဲ့ မထိုက်ပါဘူး၊ မင်းထိုက် စိုးထိုက်ကလေးပါ၊ မင်းထဲ စိုးထဲ သူဌေးထဲက သင့်လျော်ရာကို ရှာပြီး နေရာချပေးပါ၊ ကျွန်တော့်လို ပေမွှားနဲ့ ပေးစားရင် မိန်းကလေးအဖို့ အလွန်ရဲ နစ်နာပါတယ်" ဟု အထိတ်တလန့်အမူအရာနဲ့ ငြင်းဆိုလိုက်ရာ သူဌေးကြီးဦးမြူက-



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင်က ဦးစိတ်ဓာတ်ကို မသိသေးဘဲကိုး၊ ဦးဟာ ပစ္စည်းဥစ္စာနဲ့ ရာထူးဂုဏ်သိန်ကို ဒီလောက်အထင်မကြီးဘူးကွယ့်၊ ရိုးသားမှုကိုပဲ တန်ဖိုးထားတာ၊ ဒီမှာ မောင်ခင်ဦး . . . ရွှေပင်နားတော့ ရွှေကျေး ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား၊ မင်းဟာမင်း ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ၊ သူဌေးသမီးကိုရတော့လဲ သူဌေးဖြစ်ရတာပေါ့ကွ၊ အခုဟာက မမယ်ဇယ်ကလေးဟာ သူဌေးသမီးတောင် မဟုတ်တော့ဘူး၊ ဦးက ပစ္စည်းတွေအားလုံးလွှဲခဲ့ပြီး ရဟန်းဘောင်ကိုသွားတော့မယ်ဆိုတော့ သူကိုယ်တိုင် သူဌေးမလေး ဖြစ်နေပြီကွယ့်၊ ဒီတော့ သူဌေးမနဲ့ အကြောင်းဆက်တော့ မင်းလဲ သူဌေးဖြစ်ရောပေါ့ ငါ့လူရဲ့" ဟု ပြောလိုက်ရာ လွန်စွာရိုးသားသော မောင်ခင်ဦးကလေးက 'ဦးသဘောအတိုင်းသာ စီမံပါတော့ ခင်ဗျာ' ဟု ပြောလိုက်လေတော့၏။

ထိုအချိန်မှစ၍ ဆန်စက်သူဌေးကြီး ဦးမြူသည် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် သမီးကလေး မမယ်ဇယ်အား မိန်းမတို့ သိသင့်သိထိုက်သော အကြောင်းအရာများကို ထပ်မံ၍ အနီးကပ် သွန်သင်ပြန်လေတော့၏။

"သမီးရေ၊ မိန်းမတို့မှာ အပြစ်ခုနစ်ပါးရယ်လို့ရှိတယ်၊ အဲဒါတွေက ဘာတွေလဲဆိုတော့ ဖောက်ပြန်မှားယွင်းတဲ့ အကျင့်ကိုကျင့်ခြင်း '**အသတ**'၊ မစူးစမ်းမဆင်ခြင်ဘဲ ပြုလုပ်တတ်ခြင်း '**သာလသာ**' လို့ ခေါ်တယ်။ လိမ်လည်လှည့်ဖြားကောက်ကျစ်ခြင်း '**မာယာ**' လို့ ခေါ်တယ်။ ဝန်တိုစိတ် များခြင်း '**မစ္ဆရိယ**' လို့ ခေါ်တယ်။ တဏှာရာဂ လောဘရမ္မက်ထူပြောခြင်း '**အတိလုဒ္ဓ**'လို့ခေါ်တယ်။ ခမ်းခမ်းနားနားကြီးကြီးကျယ်ကျယ် လုပ်ရမယ့်ကိစ္စတွေမှာ မလုပ်တတ်ခြင်း '**နိဂ္ဂုဏတ္တံ**'၊ သန့်သန့်ရှင်းရှင်းစင်စင်ကြယ်ကြယ် မရှိခြင်း '**အသောစတ္တံ**' တဲ့"

ထိုအခါ သမီးဖြစ်သူ မမယ်ဇယ်ကလေးက . . .

"ကောင်းပါပြီအဖေ၊ သမီး သေသေချာချာ မှတ်သားထားပါ့မယ်"

"နောက်တစ်ခုက **ကုက္ကုတ္ထိသုတ္တ**ရ ကျမ်းမှာရော၊ **မဟာသုဒဿနသုတ်** မှာရော ဖော်ပြထားတဲ့ မိန်းမတို့ လိုက်နာရမယ့် ကျင့်ဝတ်ငါးပါးရှိတယ်ကွယ့်၊ မိမိလုပ်မယ့် လုပ်ငန်းကိစ္စတွေမှာ လင်ယောကျ်ားနဲ့တိုင်ပင်ပြီး သဘောတူမှ လုပ်ရမယ်၊ လင်အိပ်မှ အိပ်ရမယ်၊ အိပ်ရာဝင်မှာ လင်ယောကျ်ားကို နင်းနှိပ်ပေးခြင်း၊ ဝေယျာဝစ္စ လုပ်ပေးရမယ်၊ လင်ဖြစ်သူအိပ်ရာမှ မထခင် ထရမယ်၊ လင့်ရဲ့ မြတ်နိုး နှစ်သက်မှုကို မှတ်သားပြီး လိုက်နာကျင့်ကြံရမယ်၊ လင်ယောကျ်ားနဲ့ စကားပြောဆိုရာမှာ ရွှင်ပြုံးတဲ့မျက်နှာ


www.burmeseclassic.com

www.burmeseclassic.com


သာယာတဲ့အသံနဲ့ ပြောရမယ်" ဟု ဦးမြူက ပြောပြပြန်ရာ သမီးဖြစ်သူ မမယ်ဇယ်ကလေးက ကောင်းစွာ မှတ်သားရပြန်၏။

ထို့နောက် ဖခင်ဖြစ်သူ ဦးမြူက မယားမြတ်ရှစ်ယောက်အကြောင်းကို ပြောပြပြန်လေ၏။

"လောကီကျမ်းတွေမှာ မယားမြတ်ရှစ်ယောက်ကို ဒီလိုခွဲခြမ်းထားသေးတယ်ကွယ့်၊ လင်ယောကျ်ားကို အစားအသောက်ကျွေးတဲ့အခါမှာ မိခင်ကဲ့သို့ ကျွေးမွေးတဲ့မယား၊ လင်ယောကျ်ားကို ကောင်းစွာ အဝတ်ပြုပြင် ပြင်ဆင်ပေးတတ်တဲ့ မယား၊ ဒါလဲ အရေးကြီးတယ်ကွယ့်၊ တချို့ မိန်းမတွေများ ယောကျ်ားအဝတ်အစားကို ကောင်းကောင်းမွန်မွန်လျှော်ဖွပ်မပေးလို့ သူတို့ယောကျ်ားတွေမှာ ချေးလက်လေးသစ်နဲ့ ဝတ်နေရတာတွေကို တွေ့ဖူးတယ်မဟုတ်လား၊ ပကတိအခါမှာ လင်ယောကျ်ားကို မောင်လို အစ်ကိုလို ရှက်ကြောက်တတ်တဲ့ မယား တဲ့၊ မေထုန်ကိစ္စမှာတော့ လင်၏ မွေ့လျော်ဖွယ်ကို ပြုကျင့်တတ်တဲ့ မယား တဲ့၊ လင်ကို အရှင်သခင်လိုသဘောထားပြီး ကိုယ်ကတော့ ကျွန်သဖွယ် လုပ်ကိုင်ပေးတတ်တဲ့ မယား၊ ကိုယ့်ကိုကိုယ်လဲ လှလှပပ သပ်သပ်ရပ်ရပ်ဖြစ်အောင် ဖြီးလိမ်းပြင်ဆင်တတ်တဲ့ မယားတဲ့၊ လင်ရဲ့အပေါ်မှာ သည်းခံနိုင်တဲ့ မယားတဲ့၊ ပြီးတော့ . . . လင်ယောကျ်ား အတိဒုက္ခရောက်တဲ့အခါမှာ တိုင်ပင်ဖော်ရတဲ့ မယား တဲ့"

ဖခင်ပြောပြီးသည့်အခါ၌ သမီးဖြစ်သူမမယ်ဇယ်ကလေးကလည်း 'ကောင်းပါပြီ အဖေ' ဟု ဆိုကာ လိုက်နာမှတ်သားလေ၏။

"နောက်တစ်ခု ယောကျ်ားဖြစ်သူက မိန်းမဖြစ်သူကို မယားအဖြစ်က ပယ်စွန့်နိုင်တဲ့ အကြောင်းငါးပါးကို ဓမ္မသတ်မှာ ဆိုထားတယ်ကွယ့်၊ ရှစ်နှစ်တိုင်တိုင်ပေါင်းသင်းလို့မှ သားသမီးမရတဲ့မယားကို ပယ်စွန့်နိုင်တယ်၊ ရှစ်ယောက် ဆယ်ယောက်အထိ မွေးသမျှ အားလုံးဟာ သားယောကျ်ားလေးမပါဘဲ သမီးတွေချည်း ဖြစ်နေမယ်ဆိုရင် ကွာစွန့်ချင်လိုက ကွာစွန့်နိုင်တယ်၊ မိန်းမမှာ ကုဋ္ဌနူနာစွဲကပ်လာရင်လဲ ယောကျ်ားက ကွာချင်ရင် ကွာလို့ ရတယ်၊ မျောက်မထားတဲ့မယားကိုလဲ ကွာခွင့်ရှိတယ်ကွယ့်၊ မျိုးရိုးအကျင့်တရားကို ဖောက်ဖျက်မယ်ဆိုရင်လဲ ယောကျ်ားလုပ်သူက ကွာချင်ရင် ကွာခွင့်ရှိတယ်ကွယ့် အဲဒါကိုလဲ သိထားမှဖြစ်မယ်" ဟု ဦးမြူက ပြောပြလေ၏။ ထို့နောက်တွင်လည်း အများသိပြီးဖြစ်သော မယားဝတ် ငါးပါး၊ မယဒေဝလာ မယားအပြား ခုနစ်ပါး


www.burmeseclassic.com

www.burmeseclassic.com


မနုဓမ္မသတ်လာ မယားခိုးမြောက်ကြောင်း ခုနစ်ချက်၊ မိန်းမတို့သာလျှင် ခံစားရသော အဝေဏိကငါးပါး စသော မိန်းမနှင့်ပတ်သက်သည့်အကြောင်းအရာများကို တစ်ခုမကျန် ပြောပြလေ၏။

ဤသို့လျှင် ကျေနပ်လောက်အောင် သွန်သင်ဆုံးမပြီးနောက် သီတင်းဝါလကျွတ်သောအခါတွင် ဦးမြူသည် မောင်ခင်ဦးနှင့် သမီးဖြစ်သူ မမယ်ဇယ်ကလေးအား ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်နှင်းပေးလိုက်လေတော့၏။

ထိုသို့ မင်္ဂလာဆောင်နှင်းသည့်နေ့ ညနေပိုင်းသို့ ရောက်သောအခါ၌ ဦးမြူသည် ဇောမိကျောင်းသို့ သွားရောက်၍ ဆရာတော်ထံ ခွင့်ပန်ပြီးလျှင် ရဟန်းဘောင်သို့ ဝင်လေ၏။ နောက်တစ်နေ့ အရုဏ်တက်တွင်မူ ဆရာတော်အားခွင့်ပန်ပြီး ထိုကျောင်းမှ မည်သည့်အရပ်ဒေသဆီသို့ဟု မဖော်ပြဘဲ ထွက်သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## နှောင့်ယှက်တဲ့သူ တေတေး

ဤနေရာ၌ မောင်ခင်ဦးနှင့် မမယ်ဇယ်တို့၏ မင်္ဂလာဦးညကို ဖော်ပြရန် လိုပေသည်။ ဤသို့ဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ ညစ်ညမ်းသောအရာကို ချဲ့ကားလိုခြင်းကြောင့် မဟုတ်၊ သတို့သားဖြစ်သူ မောင်ခင်ဦး၏ စိတ်နေသဘာဝကို သိစေလိုသောကြောင့်သာ ဖြစ်၏။

မောင်ခင်ဦးသည် မမယ်ဇယ်နှင့် လက်ထပ်ရမည်ဟု သိရသော နေ့မှစ၍ ပျော်တပြုံးပြုံးဖြစ်နေ၏။ ၎င်းနှင့်ရင်းနှီးသော ခပ်ရှုပ်ရှုပ်ခပ်ပွေပွေနိုင်လှသည့် သူငယ်ချင်းများကလည်း အမျိုးမျိုးအဖုံဖုံသော တော်နစ်အားဆေးများကို ဝယ်၍လက်ဆောင်ပေးကြ၏။ အမျိုးမျိုးအဖုံဖုံသော မိန်းမယောက်ျားတို့ သံဝါသပြုနေသည့် ဓာတ်ပုံများကို ရှာဖွေ၍ လက်ဆောင်ပေးကြ၏။ အမျိုးမျိုးသော သံဝါသနည်းစာအုပ်များ၊ ကျမ်းများကို ပေးကြ၏။

မောင်ခင်ဦးကိုယ်တိုင်ကလည်း ထိုစာအုပ်များကို စိတ်ဝင်စားစွာ ဖတ်ရှု၏။ ဓာတ်ပုံများကို ကြည့်ရှု၏။ ကာမဂုဏ်နှင့်စပ်သောအားဆေးများ တော်နစ်များကို စားသုံး၏။ နောက် မင်္ဂလာဦးညသို့ ရောက်ရှိလာမည့်ရက်ကို လက်ချိုး၍ ရေတွက်နေ၏။

ဤသို့နှင့်ပင် မင်္ဂလာဦးညသို့ ရောက်ရှိလာလေတော့၏။ ဧည့်သည်များ ပြန်သွားမည့်အချိန်ကို စိတ်စော၍နေ၏။ ဧည့်သည်များပြန်သွားသည်နှင့်တစ်ပြိုင်နက် အိပ်ခန်းသို့ ဝင်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်ခင်ဦး၏ ဟန်ပန်အမူအရာမှာ လပေါင်းများစွာ မမာမကျန်းဖြစ်နေသော လူမမာ နာလန်ထသည် စားချင်ပါလျက် ရှောင်ကြဉ်ခဲ့ရသောအစာကို ဆေးဆရာက စားနိုင်ပြီဟု ပြောလိုက်သော တစ်ခဏ၌ပင် 'ငါတော့ စားရပြီဟဲ့' ဟု ကြုံးဝါးရင်း သွားရည်တမြားမြားကျလာသော နာလန်ထခါစ လူမမာနှင့်တူ၏။ ငါတော့ တစ်ဝကြီး စားရတော့မယ်ဟဲ့ ဟု အားခဲနေဘိသကဲ့သို့လည်း ရှိလေ၏။

ဤသို့နှင့်ပင် မောင်ခင်ဦးနှင့် မမယ်ဇယ်ရွှေလေးတို့သည် အုံးစက်ရာ ယှဉ်တွဲကြရလေတော့၏။

မောင်ခင်ဦးသည် ခြင်ထောင်အတွင်းမှ ထွက်လာပြီးလျှင် ရေအနည်းငယ် သောက်၏။ ထို့နောက် ဝီစကီပုလင်းကိုဖွင့်ကာ ဖန်ခွက်အတွင်းသို့ လက်နှစ်လုံးခန့် ထည့်၍ ဇိမ်ယူကာမော့နေလေ၏။ ထိုအခါ မမယ်ဇယ်ကလေးက အရက်နံ့ကိုရရှိသဖြင့် မောင်ခင်ဦးအနီးသို့ လာရောက်ကြည့်ရှုကာ . . .

"အရက်တွေပါလား" ဟု အလန့်တကြား ပြောလိုက်လေ၏။ ထို့နောက် မမယ်ဇယ်ကလေးကပင် . . .

"အဖေပြောတော့ ကိုခင်ဦးက အရက်မသောက်တတ်ဘူးဆို" ဟု မေးလိုက်လေ၏။

"ကိုခင်ဦးဟာ အရက်သမားမဟုတ်ပါဘူး မမယ်ဇယ်ရယ်၊ ဒါပေမဲ့ စားကောင်း အိပ်ပျော်အောင်တော့ ကျန်းမာရေးအတွက် နည်းနည်းပါးပါး သောက်ရတယ်ကွယ့်၊ ပြီးတော့ ဝီစကီက သွေးပူတယ်၊ ဉာဏ်ရွှင်တယ်၊ ခွန်အားဖြစ်တယ်ကွယ့်" ဟု မောင်ခင်ဦးက ပြန်၍ပြောပြီးလျှင် မမယ်ဇယ်၏ ခါးကိုလှမ်းဆွဲ၍ အိပ်ရာတွင်းသို့ ဝင်ပြန်လေ၏။

အချိန်အတော်ကြာသောအခါ မောင်ခင်ဦးသည် အိပ်ရာမှထ၍ ဝီစကီ သောက်ပြန်လေ၏။ ထို့နောက် အိပ်ရာသို့ ပြန်၍ ဝင်သွားလေ၏။

နံနက်မိုးလင်းသောအခါ မမယ်ဇယ်ကလေးသည် အိပ်ရာမှထ၍ အိမ်မှုကိစ္စများကို စတင်၍လုပ်လေ၏။ ဘုရားပန်းလဲခြင်း၊ သောက်တော်ရေကပ်ခြင်းကိုလည်း ပြု၏။ ကော်ဖီ၊ မုန့် စသည်တို့ကိုလည်း စီစဉ်လေ၏။

မောင်ခင်ဦးမှာမူ အတော်ကြီးနေမြင့်မှ အိပ်ရာမှနိုးလေ၏။ ထို့နောက် အိမ်သာကို အကြာကြီးတက်၍ မျက်နှာကိုအကြာကြီး သစ်လေ၏။ မျက်နှာသစ်ရာ


www.burmeseclassic.com

၌လည်း မမယ်ဇယ်ကလေးက သွားပွတ်တံ၌သွားတိုက်ဆေးထည့်ကာ မျက်နှာသုတ်ပဝါကလေးနှင့် လာ၍စောင့်ပေးလေ၏။ မောင်ခင်ဦးသည် အိမ်သာတက်သောကိစ္စနှင့် မျက်နှာသစ်သောကိစ္စ၌ တစ်နာရီခန့် အသုံးပြုပြီးလျှင် ကော်ဖီသောက်ရန် စားပွဲထိုင်လေ၏။

ထို့နောက် သတင်းစာကို အကြာကြီးဖတ်လေ၏။ ပြီးလျှင် ပက်လက်ကုလားထိုင်၌ အကြာကြီးထိုင်ကာ အချိန်ဖြုန်းနေလေတော့၏။ မမယ်ဇယ်ကလေးသည် ဈေးသို့သွား၍ ဈေးဝယ်ကာ ပြန်လာပြီး ချက်ပြုတ်ကြော်လှော်လေ၏။ ဆွမ်းခံကြွလာသောသံဃာတော်များအား ဆွမ်းလောင်းလေ၏။ မောင်ခင်ဦးမှာ ပက်လက်ကုလားထိုင်၌ စီးကရက်သောက်ရင်း အချိန်ဖြုန်းနေဆဲ ဖြစ်လေ၏။ ယမန်နေ့ကအထိ အလုပ်ကိုကြိုးစားခဲ့သော မောင်ခင်ဦးသည် ယနေ့မှစ၍ အလုပ်ကိုခေါင်းဟဲမျှ မထည့်တော့ဘဲ ဇိမ်ခတ်၍ နေလေတော့၏။

◈◈◈◈◈

ဤသို့လျှင် နေလာခဲ့ရာ တစ်လခန့်ကြာသောအခါ၌ မောင်ခင်ဦးသည် ပက်လက်ကုလားထိုင်၌ ထုံးစံအတိုင်း 'ဇိမ်ခတ်' ၍နေ၏။ မမယ်ဇယ်ကလေးက ဆွမ်းတော်ကပ်၍နေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သော မိန်းမတစ်ယောက်၏ အသံသည် အိမ်ရှေ့မှ စူးစူးရှားရှားကြီး ပေါ်ထွက်လာလေတော့၏။

"ဩော် . . . ရှင်ကတော့ ဒီမှာလာပြီး သူဌေးသမက် လုပ်နေတယ်ပေါ့၊ ကျုပ်မှာတော့ ကလေးတွေနဲ့ဒုက္ခရောက်လို့၊ အံ့ပါရဲ့ရှင်၊ သူဌေးသမီးကလဲ ဒါလောက်တောင် လင်ရှားရသလား၊ ရှင်လို ကလေးသုံးယောက်နဲ့ မိန်းမကြီးတန်းလန်းနဲ့ လူကိုမှ ယူရသတဲ့လား"

ထိုအခါ မောင်ခင်ဦးက . . .

"ဟေ့ . . . ဟေ့ . . . တိုးတိုးလုပ်ပါကွ၊ အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်" ဟု ဟန့်တားသော်လည်း မိန်းမလုပ်သူက . . .

"တိုးတိုးမလုပ်နိုင်ဘူး ကိုခင်ဦးရဲ့" ဟု အော်ဟစ်ကာ အိမ်ပေါ်သို့ တက်၍လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းမသည် ကလေးတစ်ယောက်ကို ခါးထစ်ခွင်လျက် တစ်ယောက်ကို လက်မှဆွဲထား၏။ ကျန်သော ကလေးအကြီးကလေးမှာမူ မိခင်၏လုံချည်ကို ဆွဲထားလေ၏။

မမယ်ဇယ်ကလေးသည် ဆွမ်းတော်ကပ်ရင်း ထိုအသံကို ကြားရလေ၏။ သို့ရာတွင် ဆက်၍ကပ်မြဲ ကပ်ပြီး နေ၏။ အလုံးစုံပြုဖွယ်ကိစ္စကို ပြီးသောအခါကျမှ သာလျှင် ဘုရားစင်ရှေ့မှထကာ . . .

"ဘာလဲ ကိုခင်ဦး" ဟု မေးလိုက်ရာ အိမ်ရှေ့မှ မိန်းမသည် ထဘီစွန်တောင်ဆွဲ၍ တက်လာပြီးလျှင် . . .

"ဘာမှမဟုတ်ဘူးဟော့ လင်ခိုးမရဲ့၊ ငါ့လင်ကို ငါ လာခေါ်တာ" ဟု ပြောလေတော့၏။

"ဘာဖြစ်တာလဲ၊ ရှင်းရှင်းပြောကြစမ်းပါ" ဟု မမယ်ဇယ်ကလေးက မေးလေ၏။

"ရှင်းရှင်းပြောရမယ် ဟုတ်လား၊ ဟောဒီ ခင်ဦးဟာ ငါ့လင်၊ ဟောဒီမှာ သူ့ကလေးတွေ၊ ညည်းက ရုပ်ကလေးသနားရုပ်ပနဲ့ ငါ့လင်ကို ခိုးထားလို့ ငါ လာခေါ်တာ" ဟု ထိုမိန်းမက ပြောလိုက်ရာ မမယ်ဇယ်ကလေးသည် ပါးစပ်အဟောင်းသားဖြစ်ကာ-

"အို ကျွန်မ မသိရပါဘူးရှင်၊ ဟုတ်လား ကိုခင်ဦး" ဟု မေးရှာလေ၏။

"မဟုတ်ဘဲ၊ လာပါ့မလားဟဲ့၊ ကြောင်တောင်နိူက်မရဲ့" ဟု ခင်ဦးမယားကြီးဆိုသူက ပြောလေ၏။

"တိုးတိုးပြောပါရှင်၊ ကျွန်မ မသိပါဘူး၊ ကိုခင်ဦးဟာ လူပျိုဆိုလို့ ယူမိတာပါ" ဟု မမယ်ဇယ်ကလေးက ငို၍ တောင်းပန်လေ၏။

"သြော် လင်ခိုးတုန်းကမရှက်ဘူး၊ အခုမှရှက်တယ် ဟုတ်လား၊ လာခဲ့ ယုတ်ကောင်ခင်ဦး" ဟု ဆိုကာ ထိုမိန်းမက ခင်ဦး၏ နားရွက်ကို ဆွဲ၍ခေါ်လေ၏။

"ဒီလို အရမ်းမလုပ်ပါနဲ့ မိတိုးရယ်၊ နင် ကျေနပ်အောင် ငါလုပ်ပေးပါ့မယ်" ဟု ခင်ဦးက လေပြည်ကလေးနှင့် ပြောလေ၏။

ထိုအချိန်၌ပင် ခင်ဦး၏ ကလေးများသည် အိမ်ပေါ်၌ ပြေးလွှားခုန်ပေါက်၍ "တို့အဖေကြီးအိမ်က တယ်ကြီးပါလား" ဟု ဆိုကာ ဆော့ကြလေတော့၏။

မမယ်ဇယ်ကလေးမှာမူ ရှက်လွန်း၍ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ငိုယို၍ အိမ်ခန်းအတွင်းသို့ ဝင်ပြေးလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ကလေးတစ်ဦးက . . .

"တို့အမေနိုင်ပြီ၊ တို့အဖေရဲ့ မိန်းမက လင်ခိုးမဖြစ်ပြီး ထွက်ပြေးသွားရပြီ" ဟု အော်ဟစ်ကာ လက်ခုပ်တီးလေ၏။

ထို့နောက် ကလေးနှစ်ဦးသည် မှန်ဗီရိုထဲတွင်ထည့်ထားသော ဖန်ကလပ်များ၊ ဓန်ရေတကောင်းများကို မြင်ရသဖြင့် ဗီရိုကို မရမကဖွင့်ကြရာ ဗီရိုမှန်ကြီးသည် ဝှမ်းခနဲ ကွဲကျသွားလေတော့၏။ ကလေးနှစ်ဦးသည် ဖန်ကလပ်များကို သူ့ထက်ငါလု၍ယူကြရာ ဓန်ထည်ပစ္စည်းများ ကျ၍ကွဲပြန်လေ၏။

မောင်ခင်ဦးကမူ ၎င်း၏မယားကြီး တောသူမ မမိတိုးအား . . .

"မအေ့စမ်းပါနဲ့ မိတိုးရယ်၊ လိမ္မာရင် နင့်ဖို့ချည်းပဲ" ဟု အစချီကာ တိုးတိုး တိုးတိုးဖြင့် ကျိတ်၍ချော့မော့လေ၏။ မိတိုးလည်း ခင်ဦး၏စကားကို တစ်စထက်တစ်စ လက်ခံလိုက်လေတော့၏။ ထိုအခါ ခင်ဦးသည် အိပ်ခန်းအတွင်းသို့ဝင်ကာ ဗီရိုကို ဖွင့်၍ ငွေတစ်ထောင်ထုပ် တစ်ထုပ်ကိုယူ၍ ပြန်ထွက်လာပြီးလျှင် မိတိုးအား ပေးလိုက်လေ၏။

မိတိုးလည်း ဤမျှ များပြားသောငွေကို မကိုင်ဖူးသဖြင့် မိမိလင် သူတစ်ပါး လက်ထဲ ပါသွားသည်ကိုပင် မေ့ကာ ကြည်နူးသွားလေတော့၏။

"ဒါပဲနော်၊ ဒါနဲ့တော့ အပြီးမဟုတ်သေးဘူး၊ ရှင့်ကောင်မကိုလဲ ပြောလိုက်" ဟု ဆိုကာ ကလေးများကိုခေါ်၍ ပြန်သွားလေတော့၏။

ကလေးများသည် ဖန်ကလပ်များကို လက်တစ်ဘက်တွင် တစ်လုံးကျကိုင်၍ မိခင်ထံသို့သွားရင်း ခင်ဦးအား . . .

"ဒါပဲနော်၊ အဖေ ရွာကို ပြန်လာခဲ့ဦး၊ အဖေ့မိန်းမကိုလဲပြောလိုက်၊ ကစားစရာတွေ ဝယ်ထားလိုက်ဦး" ဟု ပြောဆို၍ သွားကြလေ၏။

မိတိုးတို့သားအမိတစ်တွေထွက်သွားလျှင် ခင်ဦးသည် အိမ်ခန်းတွင်းသို့ဝင်လာလေ၏။ မမယ်ဇယ်ကလေးကား အိပ်ရာထက်တွင် ရှိုက်ကြီးတငင်ငိုကြွေးနေရှာလေ၏။ မောင်ခင်ဦးသည် မမယ်ဇယ်ကလေးအနီး၌ထိုင်ကာ မမယ်ဇယ်ကလေး၏ ပခုံးကို အသာအယာကိုင်လျက် . . .

"ပြန်သွားကြပါပြီကွယ်" ဟု ပြောလေ၏။


www.burmeseclassic.com

 www.burmeseclassic.com

"ကျွန်မဟာ ရှင့်ကို လူပျိုမှတ်လို့ယူတာ၊ အဖေကလဲ လူပျိုမှတ်လို့ ပေးစားတာ၊ အခုတော့ ရှင်ဟာ အတော့်ကို အကြံပက်စက်တယ်" ဟု မမယ်ဇယ်ကလေးက ရန်တွေ့လေ၏။

"ချစ်လွန်းလို့ပါ မမယ်ဇယ်ရယ်၊ ကျုပ်လေ . . . သူတို့သားအမိကို ငွေပေးပြီး ပြန်ခိုင်းလိုက်ပါပြီ၊ မပေါင်းနိုင်တော့ဘူးလို့လဲ အတည့်အလင်း ပြောလိုက်ပါပြီ" ဟု ခင်ဦးက ဆိုလေ၏။

"ဒီလိုလုပ်လို့ တော်မလားရှင့်၊ ခမျာမှာ ကလေးသုံးယောက်နဲ့ ဒုက္ခရောက်တော့မှာပေါ့၊ ကျွန်မနဲ့ မပေါင်းပါနဲ့၊ ရှင်လိုက်သွားရင် အကောင်းဆုံးပါပဲ" ဟု မမယ်ဇယ်ကလေးက ပြောလေ၏။

"မနေ့ကပဲ မင်္ဂလာဆောင်တယ်၊ ဒီနေ့ကွဲမယ်ဆိုတော့ မသင့်တော်ပါဘူးကွယ်၊ သူနဲ့ ပြတ်ပြတ်စဲစဲဖြစ်မယ်ကွာ၊ သူတို့ရင်းနှီးစားဖို့ နောက်ထပ်လဲငွေပေးလိုက်ဦးမယ်ကွာ၊ ကိုခင်ဦးမိန်းမက ငွေရရင် ကျေနပ်မယ့်ဟာပါ၊ လူကို သူက မမက်ပါဘူး၊ အခု မတွေ့ဘူးလား၊ ငွေလဲပေးလိုက်ရော အသံတောင်မကြားရဘူး၊ တိတ်တိတ်ကလေး ပြန်သွားလိုက်တာ" ဟု မောင်ခင်ဦးက ပြောလေ၏။

မမယ်ဇယ်ကလေးအဖို့ ယခုမှပင် အခက်တွေ့ရလေတော့၏။ မောင်ခင်ဦးအား ကွာရှင်းရအောင်ကလည်း ပြီးခဲ့သော လကမှပင် လူသိရှင်ကြား မင်္ဂလာဆောင်၍ ယူခဲ့ပြီးဖြစ်၏။ ပတ်ဝန်းကျင်က မည်သို့ပြောမည်နည်း။ မောင်ခင်ဦးနှင့် သဘောတူ၍ ပေးစားခဲ့သော ဖခင်၏ဖခင်မှာလည်း မည်သည့်အရပ်ဒေသဆီသို့ ရောက်နေသည် မသိရ။ မောင်ခင်ဦးအား ဆက်လက်ပေါင်းသင်းရန်မှာလည်း ဖင်း၌သားကြီးမယားကြီး ရှိနေကြောင်း သိရပြီဖြစ်၏။

မမယ်ဇယ်ကလေးသည် မိမိအဖြစ်ကို မိမိတွေးမိတိုင်း ငိုမြဲငို၍နေလေတော့၏။

အနှူးကောင်း အနှပ်ကောင်း မောင်ခင်ဦးက အမျိုးမျိုးအဖုံဖုံသော နည်းဖြင့် ချော့မော့လေ၏။

"မမယ်ဇယ်ရယ်၊ သူ မလာတော့ပါဘူးကွယ်၊ ကိုခင်ဦးက သူ့ကို ငွေကြေး ဘာကလေးထပ်ပြီး ပေးလိုက်ပါဦးမယ်၊ ကိုခင်ဦး ပြောတာကိုယုံပါ၊ တကယ်လို့ကိုခင်ဦး ပြောတဲ့အတိုင်း မဟုတ်ဘဲ မိတိုး ထပ်ပြီးလာရင် ကိုခင်ဦးကို မပေါင်းပါနဲ့ အပြီးအပိုင်



www.burmeseclassic.com

www.burmeseclassic.com


တွာပစ်လိုက်ပါ၊ အခုတော့ ယူတာမှ ဘာမှမကြာသေးဘူး၊ လင်မယား ကွဲတယ်ဆိုရင် ကိုခင်ဦးအပြစ်လို့ ထင်ကြမှာ မဟုတ်ဘူး၊ မမယ်ဇယ်ကိုပဲ ပတ်ဝန်းကျင်က အပြစ်တင်ကြမှာ" ဟု မောင်ခင်ဦးက ပြောလေ၏။

ထို့ကြောင့် မမယ်ဇယ်ကလေး၏ စိတ်၌ 'ဟုတ်ပေသားပဲ၊ မယားကြီးဖြစ်တဲ့ လူလဲ မနစ်နာရအောင်၊ လူမသိ သူမသိကျိတ်ပြီး ငွေပေးလိုက်ရင် အဆင်ပြေသွားမှာပါ" ဟု တွေး၍ ၎င်း၏စိတ်ကို ဖြေရလေတော့၏။

မှန်ပေသည်။ မောင်ခင်ဦး၏ မယားကြီးသည် တော်တော်နှင့် ပေါ်မလာတော့ပေ။ အဘယ်ကြောင့် ပေါ်၍မလာသည်ကို မမယ်ဇယ်ကလေးက မရိပ်မိရှာပေ။ အမှန်မှာ မောင်ခင်ဦးက ၎င်း၏မယားကြီးအား လစဉ် ငွေများပို့ပေးနေ၏။ လက်ဝတ်လက်စားများ ပြုလုပ်၍ ပို့ပေးနေ၏။ မယားကြီးဖြစ်သူမှာ ငွေအမြောက်အမြားနှင့် လက်ဝတ်လက်စားများ ရရှိနေသောကြောင့် မယားငယ်ယူသော ၎င်း၏ယောကျ်ား မောင်ခင်ဦးအပေါ်၌ စိတ်မဆိုးသည့်အပြင် ဤကဲ့သို့ရမည်ဆိုပါက နောက်တစ်ယောက်လောက် ယူပါဦးလား" ဟုပင် တိုက်တွန်းချင်စိတ်များ ဖြစ်ပေါ်၍ နေလေတော့၏။

တောသူမ မိတိုးမှာလည်း ၎င်း၏ရွာ၌ လူချမ်းသာစာရင်းဝင်တစ်ဦး ဖြစ်လာလေတော့၏။ ရွှေငွေ လက်ဝတ်လက်စား အပြည့်ရှိ၏။ အိမ်မှာလည်း သုံးပင်နှစ်ခန်း ပျဉ်ထောင်သွပ်မိုးအိမ်ဖြစ်၍ နေပြီဖြစ်၏။ လှည်းနှင့်နွားနှင့် ပြည့်စုံနေပြီဖြစ်၏။

ဤသို့ ပြည့်စုံနေသည့်အခါ၌ ရွာသို့ရောက်ရှိလာသော ကျောက်ထိုးဆရာနှင့် ကြာဇာတ်လမ်း စလေတော့၏။ ထို့ကြောင့် မိတိုးက မောင်ခင်ဦးထံသို့ မရေးတတ်ရေးတတ်နှင့် အောက်ပါ အတိုင်း စာကိုရေး၍ ပို့လိုက်လေတော့၏။

ခင်ဦး . . .

နင်လဲ ရွာကိုမလာနဲ့တော့၊ နင့်ကောင်မနဲ့ နင် နေပေတော့၊
ငါလဲ . . . လင်ယူတော့မယ်၊ တစ်ယောက်နဲ့ တစ်ယောက်
မနှောင့်ယှက်ကြေး၊ နှောင့်ယှက်တဲ့လူ တေတေး။

မိတိုး


www.burmeseclassic.com

www.burmeseclassic.com

မိတိုး၏စာကို ရလျှင် မောင်ခင်ဦးသည် ပျော်၍နေ၏။ ထိုစာကို မမယ်ဇယ်ကလေးအားလည်း ပြလေ၏။ မမယ်ဇယ်ကလေးသည် စာကိုဖတ်ပြီးနောက် . . .

"နှောင့်ယှက်တဲ့သူ တေတေးဆိုပါလား၊ တေတေးဆိုတာက ဘာလုပ်မယ်လို့ ပြောတာလဲ" ဟု မေးလေ၏။

"ကိုခင်ဦးလဲ မသိပါဘူး မမယ်ဇယ်ရယ်၊ တောမှာတော့ အဲဒီ တေတေးဆိုတာကို ကလေးကတည်းက ပြောခဲ့ဖူးတာပဲ၊ တေတေးဆိုတာ တေတေးပေါ့ကွယ်" ဟု မောင်ခင်ဦးအား ပြော၍ ရယ်လေ၏။ မမယ်ဇယ်ကလေးလည်း ရယ်လေ၏။ မမယ်ဇယ်သည် ယခုမှပင် ရယ်နိုင်ရှာလေတော့၏။

မိတိုးမှာမူ ခင်ဦးက ၎င်းကိုပစ်ထားခဲ့ပြီဖြစ်ကြောင်း တစ်ရွာလုံး၌ 'မောင်းထု' ထားပြီးဖြစ်ရာ ကျောက်ထိုးဆရာနှင့် အတည့်အလင်းယူသည်ကို မည်သူကမျှအပြစ်မတင်တော့ပေ။ သို့ရာတွင် ကျောက်ထိုးဆရာနှင့်ယူပြီး တစ်လခန့်ကြာသောအခါ၌ မိတိုး၏ အိမ်ရှေ့တွင် မိန်းမတစ်ယောက်သည် ကလေးကို ခါးထစ်ခွင်ချီလျက် . . .

"ဟဲ့ လင်ခိုးမ၊ ကျောက်ထိုးဆရာ လခလေးနဲ့ မဝရေစာ စားသောက်နေရတဲ့ ငါတို့သားအမိကို မကြည့်တော့ဘူးလား။ ကြောင်တောင်နှိုက်ရသလား၊ နင်တို့ရွာမှာ ယောကျ်ားရှားသလားဟဲ့၊ ငါ့လင်ကိုခိုးရသလား" ဟု အော်ဟစ်ဆဲဆိုလေ၏။

ထိုအခါ ကျောက်ထိုးဆရာလည်း မယားကြီးအား ချော့မော့ရလေတော့၏။ မိတိုးမှာမူ ရှက်လွန်း၍ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုယိုနေလေတော့၏။ မိတိုး၏ကလေးများကမူ . . .

"အမေရေ၊ အမေ့ယောကျ်ားကြီးက သူ့မိန်းမကို ငွေတွေပေးနေပြီဗျ" ဟု အော်ဟစ်လေ၏။ မှန်ပေသည်။ ကျောက်ထိုးဆရာသည် ၎င်း၏မယားကြီးအား . . .

"မိန်းမရယ် သူက တောမှာနေပေမယ့် လှည်းနဲ့ နွားနဲ့ သွပ်မိုးနဲ့ဟဲ့၊ လိမ္မာစမ်းပါကွယ်၊ နင်လိမ္မာရင် နင့်ဖို့ချည်းပဲ ရော့ရော့" ဟုဆိုကာ ငွေနှစ်ရာကို ကျိတ်၍ ပေးလိုက်လေ၏။

ကျောက်ထိုးဆရာ၏ မယားကြီးလည်း ပြန်သွားလေတော့၏။ ထိုအခါကျမှ ကျောက်ထိုးဆရာသည် မိတိုး၏အနီးသို့လာကာ မိတိုး၏ပခုံးကလေးကို အသာအယာ ကိုင်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"တိတ်ပါအတိုးရယ်၊ သူ မလာတော့ပါဘူးကွယ့်၊ ကျုပ် သူ့ကို ပိုက်ဆံပေးလိုက်ပါပြီ၊ နောက်ကိုလဲ နည်းနည်းပါးပါး ပေးလိုက်ရင် ပြီးသွားမှာပါ၊ သူက သိပ်ပြီး ပိုက်ဆံမက်တာ၊ မြင်တယ်မဟုတ်လား၊ ပိုက်ဆံလဲပေးလိုက်ရော . . . ဆင်းသွားတာ အသံတောင်မှ မကြားရဘူး" ဟု ပြောလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## မစန်းအေး သနားဖွယ်

မောင်ခင်ဦးမှာ အလုပ်ကိုကောင်းစွာမလုပ်ဘဲ သူဌေးကဲ့သို့သာနေထိုင်လေ၏။ ၎င်းလုပ်ခဲ့သော နေရာ၌လည်း မန်နေဂျာတစ်ယောက်ကို အဖိုးနှုန်းချိုသာစွာဖြင့် ရှာဖွေခန့်ထားလေ၏။ ၎င်းကမူ ဝီစကီကလေး တမြမြနှင့်နေလေ၏။

မောင်ခင်ဦး၏ နေ့စဉ်လုပ်ငန်းတာဝန်မှာ "အိပ်စားကာမ" တည်းဟူသော တိရစ္ဆာန်တို့၏ တာဝန်မျိုးသာလျှင် ရှိလေ၏။ ထိုသုံးမျိုးအနက်၌လည်း နောက်ဆုံး အမျိုးကိုသာလျှင် ပို၍ ဦးစားပေးလေ၏။

ရိုးသားသော မမယ်ဇယ်ကလေးမှာမူ အနှောင့်အယှက်ဟူ၍ မရှိတော့ဘဲ လင်တစ်ယောက်ကိုဖြင့် ပိုင်ပိုင်နင်းနင်းရပြီဟဲ့ ဟူ၍ စိတ်ချမ်းသာရလေတော့၏။ မောင်ခင်ဦးက . . .

"မမယ်ဇယ်ရယ်၊ ဆန်စက်ကိစ္စနဲ့ ရန်ကုန်ကို မကြာခဏသွားနေရတာဆိုတော့ မော်တော်ကားလေး တစ်စီးလောက်တော့ ဝယ်မှ ဖြစ်မယ်" ဟု စကားစ,လိုက်ရာ မမယ်ဇယ်ကလေးက . . .

"ကိုခင်ဦး သဘောပဲလေ၊ ဝယ်ချင်ဝယ်ပေါ့" ဟု သဘောတူလိုက်လေ၏။

ထို့ကြောင့် စက်သူဌေးကြီး ဦးမြူလက်ထက်က မော်တော်ကား မသုံးခဲ့သော်လည်း ကြွားဝါတတ်သော သူဌေးသမက် မောင်ခင်ဦး လက်ထက်၌ အော်စတင်ကားလေးတစ်စီး ဝယ်ဖြစ်လေတော့၏။

မော်တော်ကား ဝယ်ပြီးသည့်နေ့မှစ၍ မောင်ခင်ဦးသည် ပဲခူးနှင့်ရန်ကုန်သို့ အိမ်ဦးနှင့် ကြမ်းပြင် ဆိုသကဲ့သို့ ကူးချည်သန်းချည် လုပ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဆန်စက်ပစ္စည်းဝယ်ဖို့ကွယ်၊ မန်နေဂျာကို ခိုင်းလို့မဖြစ်ဘူး၊ ဒီပစ္စည်းမျိုးက ဈေးတင်ပြောလို့ သိနိုင်တဲ့ ပစ္စည်းမျိုးမဟုတ်ဘူး၊ ကိုယ်တိုင်သွားမှ ကောင်းတာ" ဟူ၍လည်းကောင်း . . .

"နိုင်ငံခြားနဲ့ တိုက်ရိုက်ဆက်သွယ်ပြီး ဆန်ရောင်းဖို့ကိစ္စတွေလုပ်နေတယ်ကွ၊ ဒါကြောင့် ရန်ကုန်က ရုံးတွေကို နေ့တိုင်းသွားနေရတာ" ဟူ၍လည်းကောင်း . . .

"ကိုခင်ဦးတို့စက်က ဘွိုင်လာကြီးကို လာပြီးစစ်မယ့်ဘွိုင်လာအင်စပက်တော်ကြီးကို ဟိုတယ်မှာ ထမင်းကျွေးရမယ်ကွ၊ ဆရာကြီးက ဘွိုင်လာမကောင်းဘူးလို့ ဆိုပြီး ဘွိုင်လာအိုးပေါ်မှာ မြေဖြူနဲ့တစ်ချက်ဝိုင်းပြီး စာတစ်ကြောင်း အထက်ကိုရေးလိုက်တာနဲ့ ကိုခင်ဦးတို့စက်ကြီး တစ်ခါတည်း ပိတ်ထားရလိမ့်မယ်" ဟူ၍ လည်းကောင်း၊ အမျိုးမျိုး အဖုံဖုံသော နည်းတို့ဖြင့် လှည့်ဖြားပြောဆိုကာ မောင်ခင်ဦးသည် ရန်ကုန်သို့ နေ့စဉ် သွားလေ၏။ မမယ်ဇယ်ကလေးမှာလည်း မောင်ခင်ဦးပြောသမျှကို အဟုတ်ထင်၍ နေလေတော့၏။

မောင်ခင်ဦးမှာမူ ရန်ကုန်သို့သွား၍ အရက်သောက်၏။ ပြည့်တန်ဆာမများ အိမ်သို့ တစ်အိမ်ပြီးတစ်အိမ် သွားလေ၏။ သွားဖန်များသောကြောင့် အချို့သော ပြည့်တန်ဆာမများနှင့်ပင် ဖောက်သည်ဖြစ်ကာ ရင်းနှီးနေပြီဖြစ်၏။

တစ်ခုသော ညနေဘက်၌ မမယ်ဇယ်ကလေးက ရန်ကုန် ရွှေတိဂုံဘုရားသို့ သွားလိုကြောင်း ပြောသဖြင့် မောင်ခင်ဦး လိုက်၍ပို့ရလေ၏။ မမယ်ဇယ်ကလေးသည် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်သည်ဟူ၍မရှိဘဲ ခပ်ကုပ်ကုပ်နေတတ်သူကလေးဖြစ်ရာ ယခုကဲ့သို့ လင်ယောကျ်ားနှင့် အတူတကွ ခရီးသွားရသောအခါ၌ ပျော်သကဲ့သို့ ရှိလေ၏။

ရွှေတိဂုံဘုရားသို့ရောက်လျှင် ပန်း၊ ရေချမ်း၊ မီးတိုင်များ လှူဒါန်း၍ ပုတီးစိပ်လေ၏။ မောင်ခင်ဦးမှာမူ စီးကရက်ကိုခဲလျက် မလှမ်းမကမ်းမှ စောင့်နေလေ၏။

မမယ်ဇယ်ကလေး ပုတီးစိပ်ပြီးသောအခါ၌ မောင်ခင်ဦးက . . .

"ဘယ်ကိုများ သွားဦးမလဲ မမယ်ဇယ်" ဟု မေးလေ၏။

"မသွားတော့ပါဘူး၊ ကိုခင်ဦးရယ်၊ ပြန်ရင် လမ်းမှာ မှောင်နေလိမ့်မယ်၊ စောစောပဲ ပြန်ကြရအောင်" ဟု ပြောဆိုကာ နှစ်ယောက်သား တောင်ဘက်မုခ်ဦးသို့


www.burmeseclassic.com

www.burmeseclassic.com

လျှောက်လာခဲ့ကြလေ၏။ ထိုသို့လျှောက်လာစဉ် အင်္ဂါထောင့်သို့အရောက်၌ မမယ်ဇယ်ကလေးသည် တစ်စုံတစ်ယောက်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်ကာ . . .

"မစန်းအေး" ဟု ခေါ်လိုက်လေ၏။

"ဟင် မယ်ဇယ်ပါလား" ဟု ထိုမိန်းကလေးက ပြန်၍ပြောကာ မမယ်ဇယ်၏လက်ကို လာ၍ကိုင်လေ၏။

"နေပါဦး သူငယ်ချင်းရယ်၊ မတွေ့ရတာကြာပြီနော်" ဟု မမယ်ဇယ်ကလေးက ပြန်၍ မေးလိုက်လေ၏။

"ညည်း ကိုယ့်အကြောင်း တကယ်မကြားဘူးလား" ဟု မစန်းအေးက မေးလေ၏။

"ဟင့်အင်း၊ မကြားပါဘူး၊ ဘာဖြစ်လို့လဲ၊ ဪ . . . ဒါနဲ့ ဟောဒါ ကိုယ့်ယောက်ျား ကိုခင်ဦးတဲ့၊ ဒီမှာ ကိုခင်ဦး ဟောဒါ ကျွန်မရဲ့သူငယ်ချင်းလေ၊ ဆရာလေးကျောင်းမှာ အတူနေခဲ့ကြတာ၊ သူ့အဖေ ရာဇဝတ်အုပ်ကြီး ရန်ကုန်ကို ပြောင်းရတာနဲ့ ပြောင်းသွားတာ၊ ဟိုတုန်းကဆိုရင် တစ်လကိုတစ်ကြိမ်လောက် သူငယ်ချင်းနှစ်ယောက် တွေ့ကြသေးတယ်။ နောက်တော့ သူ့အဖေ အလုပ်ပြောင်းသွားတာနဲ့ အဆက်ပြတ်သွားကြတာ" ဟု မမယ်ဇယ်ကလေးက မစန်းအေးနှင့် မောင်ခင်ဦးကို မိတ်ဆက်ပေး၏။ ထို့နောက် မမယ်ဇယ်ကလေးကပင် . . .

"ပြောစမ်းပါဦး မစန်းအေးရယ်၊ ဘယ်လိုဖြစ်လို့ အဆက်ပြတ်သွားရတာတုံး" ဟု မေးလေ၏။

"မေမေဆုံးပြီး ဖေဖေလဲနောက်အိမ်ထောင်ပြုတယ်လေကွယ်၊ ဒါက နယ်မှာပါ၊ ကိုယ်လဲ အဒေါ်က ပေးစားလို့ ယောက်ျားယူလိုက်ရတယ်" ဟု မစန်းအေးက ပြောလေ၏။

"မစန်းအေး ယောက်ျားက ဘယ်မှာလဲ" ဟု မမယ်ဇယ်ကလေးက မေးလိုက်လေ၏။

"ပြောမှာပေါ့ကွယ်၊ ကိုယ့်ယောက်ျားက ကိုယ်နဲ့ အိမ်ထောင်ပြုပြီး တစ်လအကြာမှာ ဒမြသတ်လို့ ဆုံးရှာတယ်" ဟု မစန်းအေးက ပြောရာ မမယ်ဇယ်ကလေးက

"အို . . . ဖြစ်ရလေကွယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရရှာတာကိုး" ဟု ပြောရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ယောက်ျားဆုံးပြီးတဲ့နောက်မှာ သူ ကျန်ခဲ့တဲ့ စိန်ထည် ရွှေထည်တွေကို ချပြီး ရောင်းစားရင်းက ကိုယ်လဲ စိန်ပွဲစား ရွှေပွဲစား ဖြစ်လာတော့တာပေါ့ကွယ်" ဟု မစန်းအေးက ပြောလေ၏။

"ဒါပေါ့ သူငယ်ချင်းရယ် . . . ဖြစ်သလိုလုပ်ရတာပေါ့၊ အဲဒီလို စိန်ရွှေပွဲစားလုပ်နေတုံး ကိုယ်ရောင်းပေးမယ်ဆိုပြီး ယူလာတဲ့ ပစ္စည်းထုပ်ကို အလိမ်ခံရရော ဆိုပါတော့ကွယ်၊ လိမ်တဲ့လူက တခြားမဟုတ်ဘူး၊ ကိုယ်နဲ့ယှဉ်မယ့်လူပဲ၊ သူက ကိုယ့်ထက်ငယ်တယ်၊ ကောင်လေးက လူရှုပ်ကလေးမှန်း နောက်မှသိတယ်၊ ဒီတော့ ကိုယ်ကပဲ သူ့လိမ်ဖြစ်ပြီး ထောင်တစ်နှစ် ကျရတော့တာပေါ့ကွယ်၊ ကိုယ်အခုပဲ ထောင်က လွတ်လာတာ၊ ဘယ်သွားလို့ ဘယ်လာရမှန်းမသိတာနဲ့ ဘုရားပေါ် တက်လာတာ" ဟု မစန်းအေးက ပြောလျှင် မမယ်ဇယ်ကလေးသည် သူငယ်ချင်းဖြစ်သူ မစန်းအေးအား လွန်စွာသနား၍ သွားလေတော့၏။

"မစန်းအေးရယ်၊ ဒီလိုဆိုလဲ အိမ်မှာလိုက်ပြီး နေပါလားကွယ်" ဟု မမယ်ဇယ်ကလေးပြောလေ၏။ ထို့နောက် မောင်ခင်ဦး ဘက်သို့လှည့်ကာ . . .

"ကိုခင်ဦးရယ်၊ ကျွန်မသူငယ်ချင်း သနားပါတယ်၊ ခေါ်သွားရအောင်နော်" ဟု ပြောလိုက်လေ၏။ မောင်ခင်ဦးကမူ ခေါင်းမညိတ်ချင် ညိတ်လိုက်ရလေ၏။

ဤသို့နှင့်ပင် မစန်းအေးသည် မမယ်ဇယ်တို့ လင်မယားနှင့်အတူလိုက်ပါခဲ့ရလေတော့၏။ အိမ်သို့ရောက်လျှင် မမယ်ဇယ်က မစန်းအေးနေရန်အတွက် အိပ်ရာခမ်းနား ပြင်ဆင်ပေးလေ၏။ ထိုသို့ပြင်ဆင်နေစဉ်အတွင်း မောင်ခင်ဦးက မမယ်ဇယ်အနီးသို့ ကပ်ကာ . . .

"မမယ်ဇယ်ရယ်၊ လူတွေကိုသိပ်ပြီးယုံတာကိုးကွယ်၊ သူငယ်ချင်းဆိုပေမယ့် သူက ထောင်ကျခဲ့ဖူးတယ် မဟုတ်လား၊ တော်တော်ကြာ လူဆိုးတွေနဲ့ပေါင်းပြီး ကိုခင်ဦးတို့ကို ဒုက္ခပေးသွားရင် ဘယ့်နှယ်လုပ်မလဲ၊ သူ့ကို အိမ်မကြီးထဲမှာ မသိပ်နဲ့၊ နောက်ဖေးက အစေခံတန်းလျားမှာသိပ်၊ နောက်ဖေးက အစေခံတန်းလျားကလဲ ဘယ်သူမှ အိပ်တဲ့လူမှ မရှိဘဲ၊ ကြားလား" ဟု ပြောလေ၏။

"ဒုက္ခရောက်လာလို့ ကိုယ့်ဆီမှာမှီခိုတဲ့ သူငယ်ချင်းကို အစေခံတန်းလျားမှာ သိပ်လို့ တော်ပါ့မလား ကိုခင်ဦးရယ်" ဟု မမယ်ဇယ်ကလေးက ပြောလေ၏။

"မမယ်ဇယ်ရယ် . . . မင်း မသိပါဘူးကွယ်၊ ကျုပ်ပြောသလို လုပ်စမ်းပါ" ဟု မောင်ခင်ဦးက ဇွတ်ပြောလေ၏။ ထိုအခါ၌ မိမိပြုလုပ်လိုသောကိစ္စတွင် လင်ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com

နှင့် တိုင်ပင်၍ လင်ယောကျ်ား၏ သဘောတူညီမှုရမှသာ ပြုလုပ်ရမည်" ဟူသော ဖခင်ကြီး၏ စကားကို ပြန်လည်ကြားယောင်မိသဖြင့် "ကိုခင်ဦးသဘောပဲ" ဟု ပြောဆိုကာ မမယ်ဇယ်ကလေးသည် နောက်ဖေး အစေခံတန်းလျားမှ အခန်းတစ်ခန်းကို ရှင်းလေ၏။ မစန်းအေးကလည်း ကူညီ၍ ရှင်းပေးလေ၏။ ထိုသို့ရှင်းပေးရင်း မမယ်ဇယ်ကလေးက . . .

"မစန်းအေးရယ်၊ အိမ်မကြီးထဲမှာ မသိပ်တာ့ကို စိတ်မဆိုးပါနဲ့နော်၊ ဗေဒင်ဆရာက ညှိသည်လက်မခံရဘူးလို့ ဟောထားတယ်ကွယ်၊ ဒါကြောင့် ဒီနေရာမှာဆိုတော့ အိမ်မကြီးမှာထက် သက်သာမလားဆိုပြီး ထားတာနော်" ဟု မောင်ခင်ဦးကြောင့် မထားရခြင်း ဖြစ်သည်ကို ဖုံးကွယ်၍ ပြောလေ၏။ ထိုအခါ မစန်းအေးကလည်း . . .

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ မယ်ဇယ်ရယ်၊ ကိုယ့်မှာက မယ်ဇယ်တို့နဲ့သာ မတွေ့ရရင် ဇရပ်ပေါ်မှာ အိပ်ရတော့မှာ၊ အခုလိုခေါ်လာတာကို ကျေးဇူးတင်လှပါပြီ၊ နက်ဖြန်ဆိုရင် ဘယ်မှာသွားပြီး ဘယ်လိုစားရမယ်ဆိုတာတောင် မတွေးဝံ့အောင်ဘဲ ကွယ်" ဟု ပြောလေ၏။

"နေစမ်းပါဦး မစန်းအေးရယ်၊ မစန်းအေးရဲ့ယောကျ်ားဆုံးတုန်းက ပစ္စည်းတွေ အတော်ပဲကျန်ခဲ့တယ် မဟုတ်လား" ဟု မမယ်ဇယ်ကလေးက မေးလိုက်လေ၏။

"ကျန်ပြီလားကွယ်၊ ကိုယ့်ယောကျ်ားက စိန်ဘာဘူကုလားလေ၊ အသက်ကြီးပါပြီ၊ ကိုယ်နဲ့ရတော့ သူ့အသက်ဟာ ခြောက်ဆယ်ကျော်နေပြီကွယ့်၊ တိုက်ရော ကားရော၊ စိန်တွေ ရွှေတွေရော ကျန်ခဲ့တယ်ဆိုပါတော့" ဟု မစန်းအေးက ပြောလေ၏။

"အဲဒါတွေ ကုန်အောင် လုပ်ပစ်ရသလားကွယ်" ဟု မမယ်ဇယ်ကလေးက ပြန်၍ မေးလိုက်လေ၏။

"ကိုယ့်ဟာကိုယ်ဆိုရင်တော့ မကုန်ပါဘူးကွယ်၊ ကုန်ရင်တောင်မှလဲ ဒီလောက်တော့ မြန်မြန်ဆန်ဆန် မကုန်ပါဘူး၊ အဘိုးကြီးသေတော့ ကိုယ်က ကောင်လေး တစ်ယောက် ထပ်ပြီးယူတယ်လေကွယ်၊ ကိုယ်ဟာ ကိုယ့်ထက် အဆမတန် အသက်ကြီးတဲ့ အဘိုးကြီးရဲ့မယား ဖြစ်ခဲ့ရလေတော့ ဒီတစ်ခါယူရင် ကိုယ့်ထက် အဆမငယ်တဲ့ ကောင်လေးတစ်ယောက်ကိုယူမယ်လို့ စိတ်ကူးထားတာပေါ့ကွယ်၊ ကိုယ်ထင်ထားတဲ့အတိုင်းပါပဲကွယ်၊ အဲဒီကောင်လေးနဲ့တွေ့တော့တာပဲ၊ ကောင်လေးနာမည်

www.burmeseclassic.com


'ငနော်'တဲ့၊ ကိုယ်က ချစ်စနိုးနဲ့ 'နော်နော်' လို့ခေါ်တယ်၊ ကောင်လေးဟာ အလုပ်အကိုင် မရှိဘူးကွယ့်၊ ကိုယ့်ကိုယူတာဟာ သူ့အဖို့တော့ သုံးမကုန်တဲ့ ရတနာသိုက်ကြီးကို ရသလိုပါပဲကွယ်၊ ကိုယ်ကလဲ လင်ငယ်ငယ်ကလေး ရတယ်ဆိုပြီး ပျော်နေတာပေါ့၊ ကိုယ်တို့အသိုင်းအဝိုင်းမှာက အဲ့ဒီတုန်းက အပြိုင်အဆိုင်ရှိတယ်ကွယ့်၊ ရွှေပြိုင်တယ်၊ စိန်ပြိုင်တယ်၊ တိုက်ပြိုင်တယ်၊ ကားပြိုင်တယ် . . . ပြီးတော့ လင်ငယ်ငယ်လေးချင်း ပြိုင်ကြတယ်၊ ကိုယ့်မိတ်ဆွေ ဆရာဝန်ကတော်ကြီးဆိုရင် . . . သူ့လင် ဆရာဝန်ကြီး ငုတ်တုတ်နဲ့ကို လင်စမောကလေး ပြောင်ယူထားတာကွယ့် . . . " ဟု မစန်းအေးက ပြောလေ၏။

"ရှက်စရာကြီးပါလား သူငယ်ချင်းရယ်" ဟု မမယ်ဇယ်ကလေးက ပြောလေ၏။

"ရှက်စရာအနေနဲ့ ကြည့်ရင်တော့ ရှက်စရာပေါ့ကွယ်၊ ကြည်နူးစရာအနေနဲ့ ကြည့်ရင်တော့ ဟီ ဟီ ဘာပြောကောင်းမလဲ၊ ကောင်လေးက သုံးလိုက် ဖြုန်းလိုက်၊ ကိုယ်က သုံးလိုက် ဖြုန်းလိုက်နဲ့ပေါ့" ဟု မစန်းအေးက ပြောလေ၏။

"ကောင်လေးက ငယ်ငယ်လေးဆိုတော့ မစန်းအေးကို အစ်မလို့ ခေါ်ရတော့မှာပေါ့နော်" ဟု မမယ်ဇယ်ကလေးက မေးလိုက်လေ၏။

"အို . . . မောင်လေးနဲ့ မမခေတ် မဟုတ်တော့ဘူးကွယ့်၊ သူက ကိုယ့်ကို တစ်ခါတလေ အန်တီလို့ခေါ်တယ်၊ တစ်ခါတလေ မာမီလို့တောင်ခေါ်ရတယ်၊ ကိုယ်က မွေးရင် ကိုယ့်သားလောက်ရှိသေးတာပဲ၊ ဟီ . . . ဟီ . . . ပျော်စရာကြီးပါပဲကွယ်၊ ကောင်လေးကလဲ ကိုယ့်လက်ထဲကနေ တခြားကောင်မလေးဆီ ပါပါသွားလို့ ကိုယ့်မှာ ဒိန်းဒလိန်းနတ်ဖမ်းပြီး သူ့ကို လိုက်ရှာရတာ အမောပါပဲ၊ ပြီးတော့ အဲဒီဒုက္ခဟာ ပျော်စရာလဲ ကောင်းပါရဲ့" ဟု မစန်းအေးက ပြောလေ၏။

"ကဲပါ မစန်းအေးရယ်၊ ဒါနဲ့ပဲ ပစ္စည်းတွေကုန်ပါရော ဆိုပါတော့ကွယ်" ဟု မမယ်ဇယ်ကလေးက ပြောလိုက်လေ၏။

"ကုန်တာပေါ့ကွယ်၊ ကုန်လဲကုန်ရော၊ ကောင်လေးလဲ ကိုယ့်ကိုခွာတော့တာပဲ၊ အဲဒီနောက်တော့ ကိုယ်လဲ အကြီးအကျယ် ဒုက္ခရောက်တော့တာပေါ့၊ နောက်ဆုံးအချိ ကောင်လေး ကိုယ့်ကို နှံ့သွားတော့ သူများ ပစ္စည်းတွေပါ ပါသွားတယ်ကွယ့်၊ အဲဒါ ကြောင့် ကိုယ်က ထောင်နန်းစံသွားရတာပေါ့ သူငယ်ချင်းရယ်" ဟု မစန်းအေးက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကဲပါလေ၊ လွန်ခဲ့တာတွေ ထားလိုက်ပါတော့၊ ဒီမှာ ပျော်ပျော်ပါးပါးနေပေါ့ မစန်းအေးရယ်" ဟု မမယ်ဇယ်ကလေးက ပြောလေ၏။

နောက်တစ်နေ့တွင် မစန်းအေးအား မမယ်ဇယ်က အထည်ဆိုင်သို့ ခေါ်သွားပြီးလျှင် မစန်းအေး ကြိုက်နှစ်သက်သော အထည်စများကို ဝယ်၍ပေး၏။ ထို့နောက် စက်ဆိုင်သို့ သွားရောက်ကာ အင်္ကျီများ၊ လုံချည်ကွင်းများ ချုပ်ပေးလေ၏။

ထို့နောက် . . . လေ့ာကက်သီးကလေးနှင့် ရွှေဆွဲကြိုးကလေး တစ်ကုံးကိုလည်းကောင်း၊ နားကပ်ကလေး တစ်ရံကိုလည်းကောင်း ဝယ်၍ ပေးလေ၏။ မစန်းအေးက . . .

"ရွှေတော့ ဝယ်မပေးပါနဲ့ သူငယ်ချင်းရယ်" ဟု ပြောလေ၏။

"မဟုတ်တာဘဲ မစန်းအေးရယ် . . . နားပေါက်ဟောင်းလောင်းကြီးနဲ့ နေလို့ မကောင်းပါဘူး၊ ပြီးတော့ မိန်းမဆိုရင် များများစားစားမဟုတ်တာတောင် ဆွဲကြိုးလေး တစ်ကုံးလောက်တော့ ဆွဲထားသင့်ပါတယ်" ဟု မမယ်ဇယ်က ပြော၍ အတင်းဝယ်ပေးလေ၏။

မစန်းအေးလည်း မမယ်ဇယ်ကို ကူညီ၍ အိမ်မှုကိစ္စများ လုပ်ပေးလေ၏။ ထမင်းချက်ရာ၌လည်း ကူညီလေ၏။ တစ်နေ့သ၌ မောင်ခင်ဦး ထမင်းစားမည်ဟု ဆိုသဖြင့် မမယ်ဇယ်က ထမင်းပွဲ ပြင်ပေးလေ၏။ မစန်းအေးက မြင်းခွာရွက် သုပ်ပေးလေ၏။

မောင်ခင်ဦးသည် ထမင်းဝ၍ ထသွားသည့်တိုင်အောင် မြင်းခွာရွက်သုပ်ကို တို့မျှပင် မတို့ဘဲ ထားခဲ့လေ၏။ ထို့ကြောင့် မောင်ခင်ဦးအား မမယ်ဇယ်က "မြင်းခွာရွက်သုပ် ဘာဖြစ်လို့မစားတာလဲ" ဟု တိုးတိုးကပ်၍ မေးလေတော့၏။

"မစားချင်ပါဘူးကွာ၊ ရွံ့ပါတယ်၊ ထောင်ကျလာတဲ့ ကောင်မရဲ့ လက်ကြီးနဲ့ သုပ်တာကို မသတီပါဘူး၊ နောက်ကို ကိုခင်ဦး ထမင်းစားတဲ့အချိန်မှာ သူ့ကို ခပ်ဝေးဝေးမှာ တစ်ခုခုလုပ်ခိုင်းထားစမ်းပါ၊ ကိုခင်ဦးက မိန်းမတိုင်းကို သတီတာမဟုတ်ဘူးကွယ့်" ဟု မောင်ခင်ဦးက ပြောလေ၏။

ထိုအခါမှစ၍ မမယ်ဇယ်သည် မောင်ခင်ဦး ထမင်းစားသောအခါ၌ မစန်းအေးကို တခြားသောအလုပ်တစ်ခုခုကိုမပြုလုပ်ရန် ဥပါယ်တံမျဉ်နှင့် စေခိုင်းထားတတ်လေတော့၏။

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com



## သနားစဖွယ် မမယ်ဇယ်

ဤသို့နှင့်ပင် မစန်းအေးသည် မမယ်ဇယ်ကလေးတို့၏အိမ်၌ ရောက်ရှိနေသည်မှာ တစ်နှစ်ကျော်ကျော်ခန့်ရှိပြီဖြစ်၏။ ဆန်စက်စာရင်းအင်းများကို ဝိုင်းဝန်းကူညီ၍ လုပ်ပေး၏။ မောင်ခင်ဦးက ဆန်စက်သို့ နေ့စဉ်မသွားသော်လည်း မစန်းအေးက ဆန်စက်သို့သွားရောက်၍ မောင်ခင်ဦး လုပ်ကိုင်ရမည့် အလုပ်တာဝန်များကို လုပ်ပေး၏။ မောင်ခင်ဦးက မန်နေဂျာများကို မှာကြားလိုက်သောစကားများရှိကလည်း သွားရောက်မှာကြားပေးလေ၏။ မန်နေဂျာအပါအဝင် အလုပ်သမားများကောင်းစွာအလုပ်လုပ်ခြင်း ရှိမရှိကိုလည်း မစန်းအေးက သွားရောက်စစ်ဆေးလေ၏။

ထို့နောက် ၎င်းအား ကြည့်၍မရသော မောင်ခင်ဦးကပင် မမယ်ဇယ်အား အောက်ပါအတိုင်း ပြောလေ၏။

"မမယ်ဇယ်ရေ . . . မစန်းအေးက အတော့်ကိုအလုပ်လုပ်တာပဲ၊ သူရှိတော့ ကိုခင်ဦးတောင် စက်ကိုမသွားရတော့ဘူး၊ သူ့ကိုလဲ လခလေး ဘာလေးပေးမှ တော်မယ် ထင်တယ်"

မောင်ခင်ဦး မပြောမီကပင် မမယ်ဇယ်ကလေးက မစန်းအေးအား လစဉ်ပေးသုံးရန်ဟုဆိုကာ ငွေတစ်ရာကျပ်ထုတ်ပေးခဲ့ပြီးဖြစ်ရာ မောင်ခင်ဦးက သဘောတူသောအခါ၌မူ မမယ်ဇယ်ကလေးက လစဉ်ငွေနှစ်ရာ ပေးလေတော့၏။

မစန်းအေးမှာလည်း ထိုအိမ်၌နေရသည်မှာ ပျော်၍လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

လူတို့၏ကံကြမ္မာသည် လွန်စွာဆန်းကြယ်လှဘိ၏။ ကံကြမ္မာကား မျက်လှည့်ဆရာနှင့် တူသည်ဟူ၍ပင် ဆိုကြကုန်၏။ အဘယ်ကြောင့်ဆိုသော် သူသည် အဆန်းတကြယ်များကို ပြုလုပ်တတ်သောကြောင့် ဖြစ်၏။

ဆန်းကြယ်ပုံကား ဤသို့ဖြစ်၏။ တစ်နေ့တွင် မောင်ခင်ဦးက မမယ်ဇယ်အား

"မမယ်ဇယ်ရေ စက်နှစ်လုံးစလုံးကိုရပ်ထားပြီး အကုန်လုံး၊ ဖြုတ်ပြင်ခိုင်းထားတယ်ကွယ့်၊ ပစ္စည်းတွေလဲအသစ်လဲခိုင်းထားတယ်၊ တစ်လလောက်တော့ ကြာလိမ့်မယ်၊ ဒီအတောအတွင်း ကိုခင်ဦးတို့ မြန်မာပြည်အရပ်ရပ် လျှောက်ပြီးလည်ကြရအောင်၊ ဘုရားတွေလဲဖူးရတာပေါ့၊ အိမ်က ကားနဲ့ပဲသွားမယ်၊ ကားကိုသုံးလို့မရတဲ့နေရာတွေကျရင် တစ်နေရာရာမှာအပ်ထားခဲ့ပြီး လူချည်းဆင်းသွားမယ်ကွာ" ဟု ပြောလေ၏။

"ကားသုံးလို့မရတဲ့နေရာဆိုတာ ဘယ်လိုလဲကိုခင်ဦးရဲ့" ဟု မမယ်ဇယ်လေးက မေးလေ၏။

"ဒီလိုလေကွာ၊ အခု ဒီကနေ သွားမယ်ဆိုပါတော့၊ ပြည် ရွှေဆံတော်ကို ဖူးမယ်ဆိုရင် ကားနဲ့တစ်ခါတည်းသွားလို့ရတယ်၊ အဲဒီကနေ မကွေး မြသလွန်ဆိုပါတော့ကွာ သွားလို့ရသေးတယ်၊ မင်းဘူး ရွှေစက်တော်ဆိုရင်တော့ မရတော့ဘူး၊ ဧရာဝတီမြစ်ကြီး ခံနေပြီ၊ အဲဒီမှာ ကားကို မကွေးဘက်မှာထားခဲ့ပြီး လူချည်းကူးသွားမယ်ပေါ့၊ တစ်ခုတော့ ရှိတယ်၊ တချို့နေရာတွေမှာ ကားကို ဖောင်နဲ့တင်ပြီး ကူးလို့ရတာလဲ ရှိပါတယ်၊ ရတော့လဲ ကူးတာပေါ့ကွာ" ဟု မောင်ခင်ဦးက ရှင်းပြလေ၏။

"သွားလေ၊ ကောင်းသားပဲ ကိုခင်ဦးရယ်၊ ဒါပေမဲ့ နှစ်ယောက်တည်းတော့ မလုပ်ပါနဲ့၊ မစန်းအေးလဲ လိုက်ပါစေရှင်" ဟု မမယ်ဇယ်က ပြောလေ၏။

"သိပါတယ်ကွယ်၊ မမယ်ဇယ်သူငယ်ချင်းကို မထားခဲ့ပါဘူး၊ ခေါ်သွားမှာပေါ့၊ သန်ဘက်ခါကို သွားကြရအောင်" ဟု မောင်ခင်ဦးက ပြောလေ၏။

ထိုနေ့၌ပင် မမယ်ဇယ်နှင့် မစန်းအေးတို့သည် လမ်းခရီး၌ စားသောက်ရန်အတွက် ငါးပိကြော်၊ ကြက်သားပြုတ်ကြော် စသည်များ စီမံရလေတော့၏။ ပေါင်မုန့်၊ သရက်သီးသနပ်၊ ထောပတ် အစရှိသော ပစ္စည်းများလည်း ဝယ်ယူကြရလေတော့၏။

အဝတ်အစားများလည်း သိမ်းဆည်းကြလေ၏။ တစ်နေ့လုံးလိုလိုပင် အလုပ်ရှုပ်လျက် ရှိကြလေ၏။ နောက်တစ်နေ့နံနက်၌မူ မောင်ခင်ဦးက ကားကိုမောင်း၏။ မမယ်ဇယ်က ၎င်း၏ဘေး၌ထိုင်၏။ မစန်းအေးကမူ ၎င်းတို့၏နောက်ဘက်ရှိခုံတန်း၌ တစ်ယောက်တည်း ထိုင်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ငင်းတို့သုံးဦးသည် ပျော်ရွှင်စွာ ခရီးထွက်သွားကြလေတော့၏။ လမ်းတွင် တွေ့သော ဘုရားများကို ဝင်ဖူးကြ၏။ နာမည်ကြီး ဘုန်းကြီးကျောင်းများကို ဝင်၍ ဒါန်တော့ကြ၏။ ရေမိုးချိုးကြ၏။ ဈေးများ၌ ပစ္စည်းများဝယ်ကြ၏။ ပြီးလျှင် ခရီးဆက်ကြပြန်၏။

လမ်း၌ မစန်းအေးက အပျင်းပြေရန်ဟု ဆိုကာ သီချင်းဆိုလေတော့၏။ ငင်းဆိုသောသီချင်းမှာ နားထောင်လေ့မရှိသူအဖို့ နားရှက်စရာပင်ကောင်းလှတော့၏။ ညီသို့ပင်ဖြစ်စေ ငင်းတို့သုံးဦးသည် ပျော်ပျော်ရွှင်ရွှင်နှင့်ပင် တစ်မြို့ဝင် တစ်မြို့ထွက် ဆိုသလိုပင် ခရီးထွက်ခဲ့ကြတော့၏။

ရက်အတန်ကြာသောအခါ ငင်းတို့သည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ရောက်ရှိ ခဲ့ကြလေတော့၏။ အင်းလေးဒေသ၌ လည်ပတ်ကြလေ၏။ ပြီးလျှင် တောင်ကြီးသို့ ဆက်ရောက်ကြလေ၏။ တောင်ကြီးမြို့တွင် တစ်နေ့လုံးနေပြီးနောက် ညပိုင်းရောက်မှ ဝင် တောင်အောက်သို့ ပြန်၍ဆင်းရန် စီစဉ်ကြလေ၏။

ငင်းတို့ရောက်ရှိသွားသောအချိန်မှာ တောင်ကြီးမြို့၌ လွန်စွာအေးချမ်းလှသော အချိန်ဖြစ်၏။ ငင်းတို့သည် တောင်ကြီးဈေး၌ ဂွမ်းပုံများနှင့် တခြားပစ္စည်းများ ဝယ်ကြ လေ၏။ ထိုပစ္စည်းများထဲတွင် ရှမ်းလွယ်အိတ်များလည်း ပါ၏။

အနည်းငယ်မိုးချုပ်၍ လကလေးထွက်ပြူစအချိန်၌ ပြန်၍ဆင်းခဲ့ကြလေ၏။

လကလေးသည် မှုန်တိမှုန်မွှားကလေး သာလေ၏။ ဆီးနှင်းများသည် နေရာ အကာ၌ ပိတ်ဆို့၍နေလေ၏။ အရိုးကွဲမတတ် ချမ်းသောလေသည် တဟူးဟူးနှင့် တိုက်ခတ်နေလေ၏။

"ချမ်းလိုက်တာ လွန်ပါရောတော်" ဟု မစန်းအေးက ညည်းလိုက်လေ၏။ ထိုအခါ မမယ်ဇယ်ကလေးက မော်တော်ကားကို ခေတ္တရပ်ခိုင်းပြီးလျှင် ကား၏ နောက်ပိုင်း၌ ထည့်ထားသော အသင့်ချုပ်ပြီးသား ဂွမ်းပုံနှစ်ထည်ကိုထုတ်၍ တစ်ထည် ကို မစန်းအေးအား ခြုံပေးလေ၏။ တစ်ထည်ကိုမူ ငင်းက ခြုံလေ၏။

ထိုအခါ မောင်ခင်ဦးက . . .

"သူငယ်ချင်းနှစ်ယောက် တော်တော့်ကို ဟုတ်တာပဲ၊ ဂွမ်းပုံ တစ်ယောက် တစ်ထည်နဲ့၊ ကျုပ်ကိုတော့ ချမ်းချင်ချမ်းပါစေ ဆိုတဲ့ သဘောလား" ဟု ပြောလေ၏။ ထိုအခါ မမယ်ဇယ်က . . .


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ရပါဘူး ကိုခင်ဦးရယ်၊ ကိုခင်ဦးက လောင်းကုတ်ကြီး ဝတ်ထားတော့ မချမ်းဘူးလားလို့ပါ" ဟု ပြန်၍ ပြောလေ၏။

"ဟုတ်ပါတယ် မမယ်ဇယ်၊ ကျုပ်က မချမ်းပါဘူး၊ အလကားကျီစားတာပါ" ဟု ပြောလိုက်လေတော့၏။

မောင်ခင်ဦးသည် နှင်းမှုန်များကြား၌ မော်တော်ကားကိုကျင်လည်စွာမောင်း လေ၏။

အောက်မှ တက်လာမည့်ကားနှင့် တိုးမိမည် စိုးသောကြောင့် မကြာခဏ ဟွန်းတီး၍ အချက်ပေးလေ၏။ မတ်စောက်သော ကွေ့တစ်ကွေ့သို့ ရောက်သော အခါ၌မူ မောင်ခင်ဦးသည် မော်တော်ကားဟွန်းကို အဆက်မပြတ်တီးလေ၏။

ကား၏ လက်ကိုင်ကိုလည်း ကျင်လည်စွာ ထိန်းလေ၏။ မည်သို့ဖြစ်သည် မသိ။ မော်တော်ကားသည် ဒယီးဒယိုင်နှင့် ဟိုထိုးသည်ထိုး ဖြစ်နေလေ၏။ မမယ်ဇယ် ကလေးက . . .

"ဘရိတ် . . . ဘရိတ် . . ." ဟု သတိပေးလေ၏။

ထိုသို့ သတိပေးနေသည့်ကြားမှပင် မောင်ခင်ဦးသည် ဘရိတ်ကိုမနင်းမိဘဲ လီဗာကိုသာနင်းမိလေ၏။ မော်တော်ကားသည် အရှိန်ပြင်းစွာဖြင့် ကွေ့တိကွေ့ကောက် ထွက်သွားလေ၏။ ထိုအခါ မစန်းအေးက . . .

"လုပ်ပါဦး . . . လုပ်ပါဦး . . ." ဟု အထိတ်တလန့် အော်ဟစ်လေ၏။ ထိုသို့ အော်ဟစ်နေစဉ်အတွင်း၌ပင် မစန်းအေး၏အနီးရှိ တံခါးသည် 'ဂျိုင်း' ခနဲ ပွင့်သွား ပြီးလျှင် မစန်းအေးသည် ဂွမ်းပုံကြီးခြုံလျက်သား ကားပေါ်မှ လမ်းဆီသို့ ထွက်ကျ သွားလေတော့၏။

"အို . . . လုပ်ပါဦး" ဟု မမယ်ဇယ်ကလေးက လှည့်၍ကြည့်ကာ အော်ဟစ် လေ၏။ ထိုအချိန်မှာပင် မောင်ခင်ဦးအနီးရှိ တံခါးသည်လည်း ပွင့်သွားပြီးလျှင် မောင်ခင်ဦးပါ ကားပေါ်မှထွက်ကျသွားလေ၏။ မမယ်ဇယ်ကလေးသည် 'အို . . . လုပ်ကြပါဦး" ဟု အော်ဟစ်ရှာလေ၏။

ဂင်းသည် ထိုထက်ပို၍ မအော်နိုင်ရှာတော့ပေ။ အဘယ်ကြောင့်ဆိုသော် ကားသည် လွန်စွာမြင့်မားသော ချောက်ကြီးထဲသို့ ထိုးကျသွားပြီဖြစ်၏။ မမယ်ဇယ် လည်း ကားနှင့်အတူပါသွားသောကြောင့် ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


မောင်ခင်ဦးသည် လူးလဲ၍ထကာ မော်တော်ကားကျရာဆီသို့ ငုံ့၍ကြည့်လေ၏။ သို့ရာတွင် မြူများဆိုင်းနေသောကြောင့် မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်ရပေ။

ထို့နောက် မောင်ခင်ဦးသည် လမ်းပေါ်တွင်လဲကျနေသော မစန်းအေးအား ပြေး၍ထူလေ၏။

"ဘယ်နာသွားသေးလဲ မစန်းအေး" ဟု မောင်ခင်ဦးက မေးလိုက်လေ၏။ မစန်းအေးက ပြန်၍မဖြေဘဲ . . .

"သူကော" ဟု ပြန်၍မေးလိုက်လေ၏။

"သူ့ကံနဲ့သူ သွားရှာပါပြီကွယ်" ဟု မောင်ခင်ဦးက ပြန်၍ပြောလိုက်လေ၏။ များမကြာမီ၌ပင် တောင်ပေါ်မှကားတစ်စီးကိုတွေ့သဖြင့် ရပ်ခိုင်းပြီးလျှင် မောင်ခင်ဦးနှင့် မစန်းအေးတို့သည် ထိုကားနှင့်ပင် ရွှေညောင်သို့ လိုက်ကြလေ၏။

ရွှေညောင်သို့ရောက်လျှင် ဂါတ်ထဲသို့ဝင်ကာ အဖြစ်အပျက်ကို တိုင်ချက်ဖွင့်လေ၏။ နောက်တစ်နေ့နံနက်မိုးလင်းသောအခါ ပုလိပ်များသည် ချောက်အတွင်းသို့ မမယ်ဇယ်၏အလောင်းကို ရှာဖွေရန် မောင်ခင်ဦးအား ခေါ်လေ၏။

"ကျွန်တော် မလိုက်ပါရစေနဲ့ဗျာ၊ ဒီလောက် ချောက်ကြီးထဲကို ကျသွားတာဆိုတော့ ကျွန်တော့်မိန်းမရဲ့အလောင်းဟာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေမှာပဲ၊ အဲဒါကို မြင်ရရင် ကျွန်တော်ဟာ သွက်သွက်ခါအောင် ရူးသွားနိုင်ပါတယ်။ ကျွန်တော့်ကို သနားကြပါခင်ဗျာ၊ မော်တော်ကားဟာလဲ ဘယ်နည်းနဲ့မှ အကောင်းပကတိရှိတော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် မော်တော်ကားကိုလဲ ကျွန်တော် ပြန်မယူချင်တော့ပါဘူး" ဟု မောင်ခင်ဦးက သနားဖွယ်ရာ ပြောလေ၏။

ထိုအခါ ရာဇဝတ်အုပ်နှင့်ပုလိပ်သားများသည် မောင်ခင်ဦးအား မခေါ်တော့ဘဲ မော်တော်ကားကျရာ ချောက်နက်ကြီးဆီသို့ ဝဝ်းတို့ဘာသာ သွားရောက် ရှာဖွေကြလေ၏။

ချုံတောများကို ရှင်းလင်းရလေ၏။ အတော်အတန်နေမြင့်သောအခါ ပုလိပ်များသည် မောင်ခင်ဦး၏ ကားအပျက်ကို တွေ့ရလေ၏။ ကားမှာ သုံးမရအောင် ပျက်စီးနေပြီဖြစ်၏။ ကားအနီးတွင်လည်း သွေးကွင်းအချို့ကို တွေ့ရလေ၏။

သို့ရာတွင် မမယ်ဇယ်၏အလောင်းကိုမူ မတွေ့ရချေ။ ထို့ကြောင့် ရာဇဝတ်အုပ်က . . .


www.burmeseclassic.com

www.burmeseclassic.com

"ကျားဆွဲသွားတာ ဖြစ်လိမ့်မယ်" ဟု ကောက်ချက်ချကာ ပျက်စီးနေသော သားရေသေတ္တာနှစ်လုံးနှင့် အဝတ်အစားတို့ကိုယူကာ ဂါတ်သို့ပြန်လာခဲ့လေ၏။

မောင်ခင်ဦးက ရာဇဝတ်အုပ်ကို မြင်လျှင် . . .

"ဘယ်လိုလဲခင်ဗျာ . . . ကျွန်တော့်မိန်းမအလောင်း တွေ့ခဲ့ကြရဲ့လား" ဟု မေးလေ၏။

"ခင်ဗျားမိန်းမ သိပ်ကိုကံဆိုးပါတယ်ဗျာ၊ သေပြီးတာတောင် အလောင်းကို ကျားဆွဲခံရသေးတယ်" ဟု ရာဇဝတ်အုပ်က ပြန်၍ပြောလေ၏။

မောင်ခင်ဦးလည်း ငိုလေ၏။ မစန်းအေးမှာ ငိုရင်းပင် တက်၍သွားလေ၏။ ပုလိပ်များက ဝိုင်း၍နှိပ်နယ်ပေးကြရလေ၏။ ထို့နောက် မောင်ခင်ဦးသည် ရာဇဝတ်အုပ် အား ငွေငါးရာပေး၍ . . .

"ရန်ကုန်ရောက်ရင်လဲ ကျွန်တော့်မိန်းမအတွက် ဆွမ်းကျွေးသပိတ်သွတ်လုပ်ဦး မှာပါ၊ ဒီမှာလဲ ရာဇဝတ်အုပ်မင်းက ဦးဆောင်ပြီး ကျွန်တော့်မိန်းမ မမယ်ဇယ်အတွက် သပိတ်သွတ်ပေးပါ" ဟု ပြောလေ၏။

ရာဇဝတ်အုပ်လည်း . . .

"ကောင်းပါပြီဗျာ၊ လုပ်ပေးရတာပေါ့" ဟု ဆိုကာ ငွေငါးရာကို လက်ခံ ထားလိုက်လေ၏။ မောင်ခင်ဦးနှင့် မစန်းအေးတို့မှာမူ ရန်ကုန်သို့ ပြန်ခဲ့ကြလေ၏။

ရာဇဝတ်အုပ်ကြီးသည် မောင်ခင်ဦးပေးသော ငွေငါးရာအနက် တစ်ရာကို ၎င်း၏လက်အောက်ငယ်သားများအား လှူလေ၏။ ကျန်ငွေအနက်မှ သုံးရာ့ငါးဆယ်ကို ၎င်း၏မိန်းမအား လှူလေ၏။

ထိုမှကျန်သောငွေငါးဆယ်ကိုသာ ဆွမ်းချက်၍ ဘုန်းကြီးငါးပါးအား ဆွမ်းကပ် ပြီးလျှင် . . .

"ချောက်ထဲကျလို့သေတဲ့ မမယ်ဇယ်လေးရေ အမျှ . . . အမျှ . . ." ဟု အသံနက်ကြီးဖြင့် အမျှဝေလိုက်လေတော့သတည်း။

◈◈◈◈◈

၁၀

မောင်ခင်ဦးနှင့် မစန်းအေးတို့သည် မီးရထားနှင့် ပြန်လာကြလေ၏။ မောင်ခင်ဦးက မစန်းအေး၏ပခုံးပေါ်၌ သိုးမွေးတဘက်ကလေးကို ခြုံ၍ပေးလိုက် လေသ၏။


www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကိုချမ်းနေသလား အေးရယ်" ဟု မောင်ခင်ဦးက မေးလိုက်လေ၏။ မစန်းအေးသည် မောင်ခင်ဦး၏ရင်ခွင်ကို မှီလိုက်လေ၏။

"မချမ်းပါဘူး ကိုဦးရယ်၊ ကိုဦးရဲ့ရင်ခွင်ဟာ အေးအတွက် နွေးထွေးလှပါတယ်၊ ကိုဦး အေးကို ဘယ်လောက်ချစ်သလဲ ဆိုတာလဲ အေးသိပါတယ်" ဟု မစန်းအေးက ပြန်၍ပြောလိုက်လေ၏။ ၎င်းတို့နှစ်ဦးသည် ကံကြမ္မာအသစ်များကိုဖန်တီးရန်အတွက် ဆုံးဖြတ်သူများ ဖြစ်ကြ၏။

ဤသို့နှင့်ပင် ရန်ကုန်သို့ ရောက်ရှိကြလေတော့၏။ ရန်ကုန်သို့ ရောက်လျှင် မမယ်ဇယ်အတွက် ဆွမ်းကျွေး သပိတ်သွတ်အလုပ်များ လုပ်ကြလေ၏။ မမယ်ဇယ်၏ သတင်းဆိုးကို ကြားရသူအပေါင်းသည် 'စုတ်' တသပ်သပ် ဖြစ်ကြရလေတော့၏။

မောင်ခင်ဦးကိုလည်း တရားနှင့်ဖြေရန်ဖျောင်းဖျကြလေတော့၏။ မောင်ခင်ဦးသည် မည်သည့်အရာနှင့်ဖြေသည်ကို ၎င်းတို့မသိကြပေ။ မောင်ခင်ဦးသည် ညပိုင်းသို့ ရောက်သောအခါ၌ ဝီစကီနှင့် ဝက်အူချောင်းကို ဖိမ်ယူ၍ စားသောက်ရင်း ပြီးခဲ့သော ဓာတ်လမ်းဆိုးများကို ဖြေဖျောက်လေ၏။ ထို့နောက် အိပ်ရာသို့ဝင်လေ၏။ အိပ်ရာ၌ကား မစန်းအေး ရှိနှင့်နေပြီဖြစ်၏။

မောင်ခင်ဦးသည် မမယ်ဇယ်နှင့် မင်္ဂလာဆောင်သည့် မင်္ဂလာဦးညကဲ့သို့ပင် မစန်းအေးနှင့် စတင်အိပ်စက်ရသော ညကလေးကလည်း အရက်ကလေးတမြမြနှင့် ဖိမ်ကျ၍နေလေတော့၏။

တစ်ညလုံးလိုလို မအိပ်ဘဲ ဝီစကီထ၍ မော့လိုက် အိပ်ရာသို့ ဝင်လိုက်နှင့် အုန်းသီးရသော မျောက်ကဲ့သို့ ဖြစ်နေလေ၏။ လူသိရှင်ကြား အတည့်အလင်းယူရန် အချိန်စောသေးသောကြောင့် ဤသို့လျှင် လူမသိသူမသိပေါင်းသင်းနေထိုင်ကြလေ၏။

ဤသို့ ခိုးကြောင်ခိုးဝှက်နေရသည်မှာလည်း တစ်မျိုးတစ်ဖုံအားဖြင့် ပျော်စရာကောင်းလေတော့၏။ ၎င်းတို့စုံတွဲသည် လွန်စွာလိုက်ဖက်၏။ နှစ်ဦးစလုံးသည် ကာမဘီလူးများဖြစ်ကြ၏။ နှစ်ဦးစလုံးသည် ကောက်ကျစ်သောအရာ၌ မြေခွေးပင် ဆလံသကြရ၏။ နှစ်ဦးစလုံးပင် ရက်စက်သောအရာ၌ ပါးကွက်အာဏာသားက အရှုံးပေးလိုက်ရ၏။ နှစ်ဦးစလုံးသည် မကောင်းမှုကို ပြုကျင့်သောအရာ၌ ရဲတင်းကြ၏။

ဤသို့စရိုက်ချင်းတူညီသောကြောင့် ၎င်းတို့စုံတွဲကို အတွဲညီသော စုံတွဲဟု ဆိုနိုင်၏။ သို့ရာတွင် . . . ကံတရားဟူသောအရာက ဆန်းကြယ်လှ၏။ လူသည်



www.burmeseclassic.com

www.burmeseclassic.com

မျက်လှည့်ဆရာကြီးနှင့်တူသည့်အလျောက် မောင်ခင်ဦးနှင့် မစန်းအေးတို့ကိုလည်း မျက်လှည့်ပြရန် စောင့်ဆိုင်းနေ၏။

ထို့ကြောင့် ၎င်း၏မျက်လှည့်ပွဲကို စတင်လေတော့၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး များမကြာမီတစ်နေ့၌ မောင်ခင်ဦးနှင့် မစန်းအေးတို့သည် မမယ်ဇယ်၏ပစ္စည်းအထားအသိုများကိုမနှစ်သက်၍လည်းကောင်း၊ မရှုဆိတ်၍လည်းကောင်း ရွှေ့ပြောင်းကြလေ၏။

ဟိုပစ္စည်းကို သည်ရွှေ့၊ သည်ပစ္စည်းကို ဟိုရွှေ့လုပ်ကြကုန်၏။ အောက်ထပ်တွင်ရှိသော ပစ္စည်းကို အပေါ်ထပ်သို့ ပို့၍ အပေါ်ထပ်တွင်ရှိသော ပစ္စည်းကို အောက်ထပ်သို့ချလေ၏။

ထိုသို့ ပစ္စည်းများကိုရွှေ့ပြောင်းရာတွင် ကျွန်းသေတ္တာကြီးတစ်လုံးကို တွေ့ရလေ၏။ ထိုသေတ္တာကြီးကိုခတ်ထားသော သော့ခလောက်မှာ ဟောင်းနွမ်းနေပြီဖြစ်၏။ သံချေးများပင် ကိုက်၍နေသောကြောင့် သော့ရှိသည့်တိုင်အောင်ပင် ဖွင့်ရန် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် မောင်ခင်ဦးသည် ထိုသော့ခလောက်ကြီးကို စို့ဖြင့်ရိုက်ဖြုတ်၍ ဖွင့်ရလေတော့၏။ သော့ပွင့်သွားသောအခါ၌ သေတ္တာအဖုံးတွင် ကပ်ထားသော ပတ္တာနှင့် မျောက်လက်များမှာ သံချေးကိုက်နေသဖြင့် သံချေးများကွာစေရန် တူဖြင့်ထုရလေ၏။

ထို့နောက် ရေနံဆီများ ဆွတ်ဖျန်းရလေ၏။ အချိန်အတော်ကြာသည်အထိ ပြုလုပ်ပြီးမှပင် အဖုံးကို ဖွင့်နိုင်လေ၏။ အဖုံးပွင့်သွားသောအခါ၌ အတွင်းမှ ရွှေဒင်္ဂါးအချို့၊ ဓားမြှောင် သုံးလက်၊ သွေးစွန်းနေသော အင်္ကျီတစ်ထည်၊ ရင်းတိုက်သားဖြင့် ပြုလုပ်ထားသော တုတ်ကောက်တစ်ချောင်း၊ ဂေါ်ရခါးလူမျိုးများ ကိုင်ဆောင်သည့် ဓားကောက်တစ်လက်၊ အင်္ဂလိပ်ဘင်ခရာတီးဝိုင်းများတွင်အသုံးပြုသည့် ဘေးစောင်းမှုတ်ရသော 'ဖလု' ခေါ် ပလွေရှည်မျောမျောကလေးတစ်ချောင်း၊ သံတံဆိပ်ဝိုင်းတစ်ခုနှင့် စာအုပ်တစ်အုပ်ကို တွေ့ရလေတော့၏။ ထိုအခါ မောင်ခင်ဦးက မစန်းအေး၏ မျက်နှာကိုလှမ်း၍ကြည့်လိုက်လေ၏။ မစန်းအေးကလည်း မောင်ခင်ဦး၏မျက်နှာကို မော့၍ ကြည့်လိုက်လေ၏။ "ဘယ်လိုဟာတွေလဲ" ဟု မျက်လုံးချင်းမေးလိုက်ခြင်းဖြစ်၏။

ထို့နောက် မစန်းအေးက . . .



www.burmeseclassic.com

www.burmeseclassic.com


"ဒီသေတ္တာကြီးဖွင့်လိုက်ကတည်းကိုက အေးရဲ့စိတ်ထဲတစ်မျိုးကြီးပဲ ကိုဦးရယ်" ဟု ပြောလိုက်လေ၏။

"လုံလုံခြုံခြုံသိမ်းထားပုံထောက်တော့ အရေးကြီးတဲ့ပစ္စည်းတွေပဲ ဖြစ်လိမ့်မယ် အေးရဲ့" ဟု မောင်ခင်ဦးက ပြန်၍ ပြောလေ၏။

ထို့နောက် မောင်ခင်ဦးသည် အတွင်းမှစာအုပ်ကိုဆွဲယူလိုက်လေ၏။ စာအုပ်မှာ သားရေဖုံး စာအုပ်အထူကြီးဖြစ်၏။ မစန်းအေးက အနီးတွင်ရှိသော အဝတ်ဖြင့် စာအုပ်ပေါ်တွင်ရှိသော ဖုန်များကို ပွတ်လိုက်လေ၏။

ထို့နောက် စာအုပ်၏အနှောင့် ရွှေရောင်ကွက်များနေရာကို ကြည့်ပြီးလျှင် မောင်ခင်ဦးလက်သို့ စာအုပ်ကို ပြန်၍ပေးရင်း . . .

"ဒီစာအုပ်မျိုးက ရိုးတိုက်မှာ အလျှင်ကရောင်းဖူးတဲ့ မှတ်စုစာအုပ်မျိုးပါ" ဟု ပြောလိုက်လေ၏။

"အင်းလေ . . . အဲဒီတော့ ဘာဖြစ်သတုံးအေးရဲ့" ဟု မောင်ခင်ဦးက မေးလိုက်လေ၏။

"မဟုတ်ပါဘူး ကိုဦးရဲ့ အေးပြောတာ ဒီလိုပါ၊ စက္ကူအလွတ်ပေါ်မှာ မှတ်တမ်း ရေးပြီးနောက်မှ သားရေဖုံးချုပ်တာမျိုး မဟုတ်ဘူး၊ မှတ်တမ်းရေးတဲ့ စာအုပ်ကိုဝယ်ပြီး ရေးတဲ့သဘောလို့ ပြောတာပါ၊ အေးပြောချင်တာကတော့ မှတ်တမ်းရေးတဲ့လူဟာ သူရေးချင်တဲ့ အကြောင်းအရာတွေပေါ် ပေါက်လာတဲ့အခါမှာ မှတ်တမ်းစာအုပ်တစ်အုပ် ဝယ်ပြီး ရေးမှတ်ထားလိုက်တယ်၊ တချို့က စာရေးတာကို ဝါသနာပါလို့မှ အကြောင်း အရာ ထူးထူးခြားခြားရှိရှိ မရှိရှိ မှတ်တမ်းရေးတတ်ကြတယ်လေ၊ ပြီးတော့မှ ရေးပြီးသား မှတ်တမ်းတွေကို သားရေဖုံးချုပ်ပြီး သိမ်းထားတတ်တယ်၊ သူကတော့ ဒီလိုမဟုတ်ဘူး၊ ရေးစရာအကြောင်းပေါ်လာလို့ စာအုပ်သွားဝယ်ပြီး ရေးမှတ်ထားတဲ့သဘောပဲ၊ ကဲပါ လေ ဖတ်ကြည့်ပါဦး" ဟု ပြောလိုက်ရာ မောင်ခင်ဦးလည်း မှတ်တမ်းစာအုပ်ကို ဖွင့်လိုက် လေတော့၏။

ပထမစာမျက်နှာ၌ပင် ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းသော အောက်ပါ စာတန်းကို တွေ့ရလေတော့၏။

**ကျိန်စာသင့်နေသော ကျွန်းအိမ်ကြီးမှတ်တမ်း**

မောင်ခင်ဦးသည် ထိုစာကိုဖတ်ပြီးနောက် မျက်လုံးပြူး၍ သွားလေတော့၏။ ထိုအခါ မစန်းအေးက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ ကိုဦးရဲ့" ဟု အလောသုံးဆယ် မေးလိုက်လေ၏။

"ဒီမှာ ဖတ်ကြည့်ပါဦး အေးရယ်" ဟု မောင်ခင်ဦးက ပြောကာ စာအုပ်ကို မစန်းအေးဘက်သို့ ထိုး၍ ပေးလိုက်လေ၏။ မစန်းအေးလည်း စာကို ဖတ်ကြည့်ပြီးနောက် . . .

"ကြောက်စရာကြီးပါလား၊ လုပ်ကြံရေးထားတာမဟုတ်ဘူး၊ သေတ္တာထဲမှာလဲ သွေးစွန်းတဲ့အကျီတွေ၊ လက်နက်တွေ၊ ရွှေတွေနဲ့ စာစ်ခုခုတော့တစ်ခုခုပါပဲ ကိုဦးရယ် အေးဖြင့် အသည်းတုန်အူတုန် ဖြစ်လိုက်တာ" ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် တစ်ဦးမျက်နှာတစ်ဦး အားကိုးသမှုနှင့် ကြည့်ပြီးနောက် . . .

"သူရေးထားတဲ့စာက ကျွန်းအိမ်မည်းကြီးပဲ၊ ဒီအိမ်က ကျွန်းအိမ်မှမဟုတ်တာ အောက်က အုတ်ပတ်ကား တက်ထားတယ်၊ အပေါ်မှာ ပျဉ်နဲ့ဆောက်ထားတယ် ဘယ်လိုဟာပါလိမ့် အေးရယ်" ဟု မောင်ခင်ဦးက ပြောလိုက်ရာ မစန်းအေးက . . .

"ဘာပဲဖြစ်ဖြစ် ကိုဦးရယ်၊ သူ့မှတ်တမ်းကြီးကို ဆုံးအောင်တော့ ဖတ်ကြည့်ရမှာပဲ၊ ဒါမှလဲ အစိပ္ပာယ်သိတော့မပေါ့" ဟု ပြောလိုက်လေ၏။

"သွားစမ်းပါဦး အေးရယ် ရင်တွေတုန်လိုက်တာ၊ ဝီစကီလေးတစ်ခွက်လောက် သောက်ဦးမယ်" ဟု မောင်ခင်ဦးက ပြောသဖြင့် မစန်းအေးလည်း ဝီစကီပုလင်းနှင့် ဖန်ခွက်ကို ယူ၍လာလေ၏။

မောင်ခင်ဦးသည် ဝီစကီကို ဖန်ခွက်အတွင်း၌ လက်နှစ်လုံးခန့်ထည့်ပြီးနောက် မော့လိုက်လေ၏။

"အခုမှပဲ သွေးပူသွားတော့တယ် အေးရေ" ဟု မောင်ခင်ဦးက ပြောလိုက်လေ၏။ ထိုအခါ မစန်းအေးလည်း ပုလင်းနှင့်ဖန်ခွက်ကို ဆွဲယူပြီးလျှင် ဖန်ခွက်အတွင်းသို့ အရက်အနည်းငယ်လောင်းထည့်၍ မော့ချလိုက်ပြန်လေ၏။

"ဟုတ်ပါ့ကိုဦးရယ် စိတ်ထဲကိုကြည်သွားတာပဲ" ဟု ဆိုကာ လင်မယားနှစ်ဦးသည် တစ်ဦးကိုတစ်ဦးပွေ့ဖက်နမ်းရှုပ်ကြလေ၏။ ထို့နောက် လွန်စွာစိတ်ချောက်ချားဖွယ်ကောင်းသော မှတ်တမ်းစာအုပ်ကြီးကို ပျော်ရွှင်မြူးထူးစွာ ဖတ်ကြလေတော့၏။

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com



# မမယ်ဇယ် ပြန်လာပြီ

ဤနေရာ၌ မမယ်ဇယ်၏ ကံတရားကို ကြားဖြတ်ဖော်ပြရန် လိုပေသည်။

"သေကံမရောက် သက်မပျောက်" ဟူသောစကားသည် မမယ်ဇယ်ကလေး အတွက် သီးသန့်ထားရှိသောစကားဟုပင်ဆိုရမလောက် မမယ်ဇယ်ကလေး၏ကံတရား တား ဆန်းကြယ်လှဘိ၏။

မမယ်ဇယ်သည် လင်ဖြစ်သူ မောင်ခင်ဦး၊ မစန်းအေးတို့နှင့်အတူ လသာသော ညတစ်ညတွင် တောင်ပေါ်လမ်းမှ မော်တော်ကားဖြင့်ပြန်ခဲ့ကြောင်း၊ တောင်၏အဆင်း တစ်နေရာသို့ ရောက်သောအခါ၌ မော်တော်ကားသည် ထိန်း၍ မရနိုင်လောက်အောင် ဟိုထိုးသည်ထိုး၊ ဟိုယမ်းသည်ယမ်းဖြစ်ပြီးလျှင် နောက်ပိုင်းထိုင်ခုံတွင် စီးလာသော မစန်းအေးသည် ကားတံခါးပွင့်၍ လမ်းပေါ်သို့ ပုံလျက်သားကျခဲ့ကြောင်း၊ ထို့နောက် ကားမောင်းသော မောင်ခင်ဦးဘက်မှ မော်တော်ကားတံခါးသည် ရုတ်တရက် ပွင့်သွားပြီးလျှင် မောင်ခင်ဦးပါ ကတ္တရာလမ်းပေါ်သို့ ခွေခွေကလေး ကျခဲ့ကြောင်း၊ မမယ်ဇယ်ကလေး တစ်ဦးတည်းသာလျှင် မော်တော်ကားနှင့်အတူ တောင်အောက် ချောက်တွင်းသို့ ကျသွားကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပေသည်။ ထို့အပြင် မောင်ခင်ဦးသည် ဂါတ်သို့သွားရောက်၍ အမှုဖွင့်ပုံ၊ မော်တော်ကားပျက်နှင့် မမယ်ဇယ်ကလေး၏ အလောင်းကို ပုလိပ်တို့အားရှာခိုင်းပုံ၊ ပုလိပ်တို့က သွားရောက်၍ရှာဖွေရာ၌ မော်တော်ကားပျက်နှင့် သွေးစသွေးနများကိုတွေ့သော်လည်း မမယ်ဇယ်ကလေး၏အလောင်းကို မတွေ့သဖြင့် ကျားဆွဲသွားပြီဟုယူဆပုံ၊ မောင်ခင်ဦးတို့က ပုလိပ်များကို ငွေပေး၍ မမယ်ဇယ်ကလေးအတွက် သပိတ်သွတ်ခိုင်းပုံတို့ကိုပါ အသေးစိတ် ဖော်ပြပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုဖော်ပြရန်ကျန်သည်မှာ မမယ်ဇယ်ကလေးသည် မော်တော်ကားနှင့်အတူ ချောက်တွင်းသို့ ကျသည်ကား မှန်၏။ သို့ရာတွင် ကံတရားဟူသော အရာကား ဆန်းကြယ်၏။ မမယ်ဇယ်ကလေးသည် သေကံမရောက်သေးသဖြင့် မည်သည့်နည်းနှင့်မျှ အသက်ရှင်ရန်လမ်းမရှိသောနေရာ၌ ကြံဖန်၍ အသက်ချမ်းသာရာရပုံကို ဖော်ပြရန် ဖြစ်ပေသည်။

(စာရေးသူ)

မော်တော်ကားသည် မတ်စောက်သော ချောက်ကမ်းပါးကြီး အတွင်းသို့ အရှိန်နှင့်ထိုး၍ ကျသွားလေတော့၏။ မမယ်ဇယ်ကလေးသည် လန့်ဖျပ်၍ သတိလစ်သွားလေတော့၏။ သတိရသောအခါ၌ ၎င်းသည် လွန်စွာမြင့်မားသော တောင်ကြီးပေါ်မှကျခဲ့သည့်အဖြစ်ကို ကောင်းစွာသတိရလေ၏။ တစစီဖြစ်နေသောမော်တော်ကားကိုလည်း တွေ့ရလေ၏။ ညဉ့်မှာအတော်နက်နေပြီဖြစ်ရာ 'လ' သည်လည်း ဦးခေါင်းပေါ် တည့်တည့်ကို ရောက်နေပြီဖြစ်၏။ မမယ်ဇယ်ကလေးသည် မတ်တတ်ရပ်ရန် ကြိုးစားကြည့်လေ၏။ သို့ရာတွင် ခြေထောက်တစ်ချောင်းသည် မထောက်နိုင်ဘဲရှိလေ၏။ တစ်ကိုယ်လုံးမှာလည်း နေရာမလပ်နာကျင်နေ၏။ မမယ်ဇယ်ကလေးသည် မော်တော်ကားနှင့်အတူ မိမိကျခဲ့သော တောင်မြင့်မြင့်ကြီးကို မော့၍ကြည့်ပြီးနောက် မိမိကိုယ်ကိုမိမိ မယုံသကဲ့သို့ဖြစ်နေ၏။

"ဒါလောက်အမြင့်ကြီးက ကားမှောက်ပြီးကျတာ . . . ငါဟာ သေရမှာပေါ့ ဘာဖြစ်လို့ မသေပါလိမ့်၊ သေနေတာဖြစ်မှာပါပဲ၊ လူဟာ သေခြင်းမှာ သေမှန်းမသိဘူးလို့ပြောတာ အခု ငါဖြစ်တာမျိုးနဲ့တူပါရဲ့" ဟု စဉ်းစားနေမိလေ၏။ ထို့နောက် . . .

"သေတာဖြစ်မှာပါပဲ၊ သေမှန်းမသိသေးလို့ နေမှာပါ၊ အင်းလေ ဘာပဲဖြစ်ဖြစ် လူသေဟာ လူသေလိုနေတာပဲ ကောင်းပါတယ်" ဟုဆိုကာ ခေါင်းကိုမြေကြီးနှင့်ကပ်၍ ငြိမ်ငြိမ်ကလေး နေလိုက်လေ၏။

အေးမြသောလေသည် ကွင်းပြင်ကိုဖြတ်၍ တိုက်လိုက်ရာ မမယ်ဇယ်သည် စိမ့်၍ချမ်းလာလေ၏။ ထို့ကြောင့် တစ်ဘက်သို့ အနည်းငယ်လှည့်လိုက်ရာ မခံမရပ်နိုင်အောင် နာကျင်လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


"အို၊ ကျွတ် . . . ကျွတ် . . . ကျွတ် . . . နာလှချည်လား၊ အင်း . . . နာတာတိုလဲ ငါသိတယ်၊ ချမ်းတာကိုလည်း ငါသိနေတာပဲ၊ ဒါဆိုရင် သေတာမဟုတ်နိုင်သေးဘူး" ဟု တွေးမိကာ ၎င်း၏စိတ်သည် တက်ကြွလာလေတော့၏။ ထိုသို့တက်ကြွလာခါမှပင် တောင်ပေါ်၌ ကျ၍ကျန်ခဲ့သော လင်ယောကျ်ားဖြစ်သူ မောင်ခင်ဦးကို အော်၍ ခေါ်ကြည့်လေ၏။

"ကိုခင်ဦး . . . ကိုခင်ဦး . . . "

မမယ်ဇယ်၏ အသံမှာ လွန်စွာတိုးလှ၏။ ဝေဒနာခံစားနေရသောကြောင့် အသံလည်း မထွက်တော့ပေ။ ထိုအခါကျမှပင် ဝမ်းနည်း၍ လာလေတော့၏။

"အင်း . . . ငါ့ကိုတော့ ကိုခင်ဦးနဲ့ မစန်းအေးတို့က သေပြီမှတ်၍ ထားခဲ့ကြတော့မယ်၊ ငါကတော့ မသေဘဲ ဒီချောက်ကြီးထဲမှာ နေခဲ့ရတော့မယ်၊ ဒါလောက်တောကြီးမျက်မည်းထဲမှာဆိုတော့ မြွေတွေ ကျားတွေရှိမှာပဲ" ဟု တွေးမိသည့်တစ်ခဏ၌ မမယ်ဇယ်ကလေးသည် ဆီးကင်းခန့် ဖောခွေးများယိုစိမ့်လာပြီးလျှင် သတိလစ်၍ သွားပြန်၏။ တစ်အောင့်မျှကြာလျှင် လေနုအေးကလေး တိုက်ခတ်လိုက်သောကြောင့် ပြန်လည်၍ သတိရလာပြန်လေတော့၏။

သတိရသောအခါ၌ မမယ်ဇယ်ကလေးသည် ထပ်၍ကြောက်ပြန်၏။ ထိုအချိန်၌မှာပင် တောင်၏အခြားဘက်တွင်ရှိသော ကွင်းပြင်ခပ်လှမ်းလှမ်းဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကိုပင် မမယ်ဇယ်ကလေးသည် ကြောက်ရပြန်လေ၏။

"ဒီလိုအူပုံမျိုးဟာ မကောင်းဆိုးဝါးကိုမြင်လို့ အူတာမျိုး" ဟု တွေးမိလေ၏။ ထို့နောက် . . .

"ခွေးအူတယ် ဆိုကတည်းက ခွေးရှိလို့ အူနိုင်တာပဲ၊ ခွေးဆိုတာကလည်း လူရဲ့အနီးအနားမှာမှ နေလေ့ရှိတာ၊ ဒီတော့ ခွေးအူတဲ့ဘက်ကို တရွေ့ရွေ့ကြိုးစားပြီး သွားမယ်ဆိုရင်တော့ လူနေအိမ်ခြေကိုတွေ့မှာပဲ" ဟုလည်း တွေးမိပြန်သဖြင့် အားတက်သွားပြန်လေ၏။

"အို . . . ကြောက်နေလို့ အလကားပဲ၊ ဒီအတိုင်းနေရင် အအေးမိပြီးလည်း သေနိုင်တယ်၊ ကြောက်ပြီးလည်း သေနိုင်တယ်၊ သေမယ့်အတူတူ မထူးဘူး" ဟု အားတင်းလိုစိတ်များဖြစ်ပေါ်လာကာ မမယ်ဇယ်ကလေးသည် တရွေ့ရွေ့ တရွတ်ဆွဲ၍ တွင်းပြင်ဘက်ဆီသို့ ကြိုးစား၍ သွားလေ၏။ နာကျင်သည်မှာလည်း ဆိုဖွယ်ရာမရှိတော့ပေ။ သို့ရာတွင် နာကျင်သည်ကို ကြိတ်မှိတ်ခံရင်း . . .


www.burmeseclassic.com

"ငါ့ကံနှယ် ဆိုးလှချည်လား" ဟု ညည်းညူရင်း ရွှေ့၍သွားနေရာ များမကြာမီ၌ပင် အကျယ်အားဖြင့် တစ်လံလောက်သာရှိသောရိုးချောင်းကလေးကို တွေ့ရလေ၏။

"ဟောတော့၊ ခက်တော့တာပဲ၊ ကံဆိုးမ သွားရဲ့ မိုးလိုက်လို့ရွာ ဆိုတာမျိုးပါလား၊ တရွတ်ဆွဲပြီးသွားနေရတဲ့အထဲ ချောင်းကြီးက ကန့်လန့်ခံနေတော့ ဘယ်လိုများလုပ်ရမလဲ၊ ကိုခင်ဦးရဲ့ မြင်လှည့်ပါဦး" ဟု အော်၍ငိုလေတော့၏။ ထို့နောက် ဖင်းကျခဲ့သော နေရာကို လှည့်၍ကြည့်လိုက်မိလေ၏။

"အလို၊ ငါ တရွှေ့ရွှေ့နဲ့လာခဲ့တာ အတော်ကလေးရောက်လာမှပဲ၊ ငိုနေလို့လဲ မထူးပါဘူး၊ ဒီချောင်းရိုးကလေးအတိုင်း တရွှေ့ရွှေ့သွားရမှာပဲ" ဟု တွေးရင်း အားတင်းကာ သွားလေ၏။ နာကျင်လွန်းသည့်အခါ၌ နား၍ အနည်းငယ် သက်သာလျှင် တရွှေ့ရွှေ့သွားပြန်၏။

"မသေတာကိုက ငါ ကံကောင်းတာပဲ" ဟုလည်း မိမိကိုယ်ကိုမိမိ အားပေးရင်း တရွှေ့ရွှေ့သွားခဲ့ရာ အဝေးမှ မီးရောင်ကလေးကို လှမ်း၍ မြင်ရလေ၏။

မမယ်ဇယ်ကလေးသည် မီးရောင်ကိုတွေ့လျှင် လွန်စွာအားတက်၍သွားလေတော့၏။

"ဟောဟိုမှာ မီးရောင်တွေ့ပြီ၊ အဲဒီမှာ လူရှိမှာပဲ၊ ငါတော့ အကူအညီရပါပြီ" ဟု လွန်စွာ စိတ်အားထက်သန်စွာဖြင့် ရေရွတ်လိုက်လေ၏။

ထို့ကြောင့် မမယ်ဇယ်ကလေးသည် မီးရောင်ရှိရာသို့ အားခဲ၍ သွားလေ၏။

လမ်းတွင် ဝါးလုံးတစ်ခုကိုတွေ့သဖြင့် ထိုဝါးလုံးကို ကောက်ယူကာ တောင်ဝှေးသဖွယ် အသုံးပြု၍ ကြိုးစားကာ သွားလေ၏။ နာရီဝက်ခန့်ကြာသောအခါ၌ ဥရောပကျေးရွာများတွင် တွေ့ရတတ်သော သစ်အလုံးလိုက် ကာရံထားသည့် သစ်လုံးအိမ်ကလေးတစ်လုံးကို တွေ့ရလေ၏။ အိမ်ထဲမှလည်း ခွေးအူသံကို ကြားရလေ၏။

မမယ်ဇယ်ကလေးသည် အိမ်အနီးသို့ တရွှေ့ရွှေ့ချဉ်းကပ်သွားလေ၏။ အိမ်၏ဝင်းပေါက်သို့ရောက်လျှင် အထဲသို့ လှမ်းမျှော်ကြည့်လိုက်ရာ မီးဖိုအနီး၌ သံကြိုးဖြင့်ချည်ထားသော ခွေးတစ်ကောင်နှင့် မီးလှုံရင်း စာဖတ်နေသည့် လွန်စွာမုတ်ဆိတ်ပါးမြိုင်းမွေး ထူထပ်လှသော အသက်လေးဆယ်နီးပါး အရွယ်ခန့်ရှိ အရုပ်ဆိုးဆိုးယောကျ်ားကြီးတစ်ဦးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com


မမယ်ဇယ်ကလေးသည် လှမ်း၍ အသံပြု၏။ သို့ရာတွင် လည်ချောင်းမှာ ခြောက်ကပ် ဆို့နင့်နေသောကြောင့် အသံမထွက်ပေ။ ထို့ကြောင့် အသံမပြုဘဲ အိမ်ကလေးအတွင်းသို့ ဝင်လေ၏။

ထိုသို့ဝင်လိုက်ရာ ဒယီးဒယိုင်ဖြစ်သွားသောကြောင့် အိမ်ကလေး၏တံခါးပေါင်ကို လှမ်း၍ ကိုင်လိုက်ရလေ၏။ ခွေးသည် မမယ်ဇယ်ကလေးကို တွေ့မြင်သွားလျှင် စားတော့ဝါးတော့မည်ကဲ့သို့ ဟောင်၍ . . . သံကြိုးပြတ်မတတ် ရုန်းလေတော့၏။ အရုပ်ဆိုးဆိုး ယောကျာ်းကြီးမှာမူ မမယ်ဇယ်ကလေးအား လှမ်းမကြည့်ဘဲ ခွေးကို စုပ်သပ်၍ ချော့ရင်း လက်တစ်ဘက်ဖြင့် ခွေး၏ဇက်ကို ပွတ်ပေးလေ၏။

"လာပါစေကွာ၊ မင်းကလဲ ခွေးလို့မပြောရဘူး၊ လူစိမ်းတွေ့ရင် ဟောင်ရမယ် ဆိုတဲ့ ပုံသေနည်းကို မှတ်ထားတာကိုး၊ ဒါကြောင့်လဲ မင်းကို ခွေးလို့ခေါ်ရတာပဲ၊ မင်းတို့ခွေးတွေဟာ ကမ္ဘာဦးကတည်းက လူစိမ်းတွေ့ရင်ဟောင်ရမယ်ဆိုတာ မှတ်ထားလိုက်တာ နည်းနည်းကလေးမှကို မပြောင်းတော့ဘူးကိုး၊ သူ့ခမျာ သနားပါတယ်ကွာ" ဟု ပြောရင်း လက်တစ်ဘက်ဖြင့် ခွေး၏ဇက်ပိုးကို ပွတ်နေသကဲ့သို့ အခြားသော လက်တစ်ဘက်ဖြင့် စာအုပ်ကိုကိုင်ကာ စာကို သံသံမဲမဲကြီး ဖတ်နေလေ၏။

သူ၏ခွေးမှာမူ ဟောင်မြဲဟောင်၍ နေလေ၏။

"လာပါစေကွာ၊ နေရာတကာမှာ ပုံသေကားကျ မှတ်မထားစမ်းပါနဲ့ ဟဲ ဟဲ၊ ဒါကြောင့်မို့လား မဆိုနိုင်ဘူး၊ အင်္ဂလိပ်စကားမှာ တစ်ယူသန် တရားသေ ဖြစ်ခြင်းကို 'ဒေါ့ဂ်မက်တစ်' လို ခွေးကိုပြောတာပဲ၊ မင်းရဲ့အကျင့်တွေကို ဖျောက်လိုက်ပါ၊ ရဲရဲတင်းတင်း ပြောင်းလိုက်စမ်းပါ၊ ရှက်မနေပါနဲ့" ဟု ခွေးကိုပြောရင်း စာကိုဆက်၍ ဖတ်နေလေ၏။

မမယ်ဇယ်ကလေးသည် တရွေ့ရွေ့ဖြင့် အနီးသို့ တိုးသွားလေ၏။ ထိုအခါ ကိုရုပ်ဆိုးကြီးက . . .

"ဟောဟိုမှာ ပက်လက်ကုလားထိုင်ကလေးရှိတယ် မသက်ပြင်း၊ အဲဒါလေးကို ဒီနားဆွဲလာခဲ့၊ ပြီးတော့ အဲဒီပက်လက်ကုလားထိုင်ပေါ်မှာ ခင်ဗျားထိုင်ပြီး မီးပုံဘေးမှာ နွေးနွေးထွေးထွေး အိပ်ပေတော့၊ မနက်ကျမှပဲ ဒဏ်ရာတွေကို ဆေးထည့်ပေးမယ်၊ ဆေးရုံတက်စရာရှိရင်လဲ မနက်ကျမှပဲ ပို့ပေးမယ်" ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

 www.burmeseclassic.com

မမယ်ဇယ်ကလေးသည် . . . ကူညီမည့်လူကို တွေ့ရပြီ ဖြစ်သောကြောင့် တစ်လျှောက်လုံးတင်းလာသည့်စိတ်ကို လျှော့ချလိုက်ရာ နေရာ၌ပင် အရုပ်ကြိုးပြတ်လဲကျ၍ သတိလစ်သွားလေတော့၏။

ထိုအခါကျမှပင် မီးပုံဘေး၌ စာဖတ်နေသော ယောကျ်ားကြီးသည် စာအုပ်ကို ပိတ်လိုက်ပြီးနောက် . . .

"အင်း. . . စိတ်. . . စိတ်. . . စိတ်. . . ၊ တင်းလာတဲ့စိတ်ကို လျှော့ချလိုက်တာကိုး" ဟု တစ်ကိုယ်တည်းရေရွတ်ရင်း ပက်လက်ကုလားထိုင်ကို မီးပုံအနီးသို့ဆွဲယူ၍ မမယ်ဇယ်ကလေးကို ပွေ့ပြီးလျှင် ထိုပက်လက်ကုလားထိုင်ပေါ်သို့ တင်ထားလိုက်လေ၏။ ထို့နောက် ဂွမ်းစောင်ကြီးတစ်ထည်ကို လွှမ်းခြုံပေးထားလိုက်ပြီးလျှင် ၎င်းကမူ စောစောက ဖတ်လက်စ စာအုပ်ကို ဆက်လက်၍ ဖတ်ရှုနေလေတော့၏။

ထိုလူကြီးသည် စာဖတ်ရင်း ၎င်း၏ခွေးကို . . .

"သုနက္ခာရေ ငါတို့ရဲ့ ငြိမ်းချမ်းသာယာတဲ့အိမ်ကလေးကို မိန်းမတစ်ယောက် ရောက်လာပြီဟေ့၊ မကြာခင်မှာ ဒုက္ခတွေ ပေါ်လာတော့မယ်ကွ" ဟု ပြောလိုက်လေ၏။

ထို့နောက် ဆေးတံကို ဆေးဖြည့်၍ မီးညှိကာ ဆေးတံဖွာရင်း ဘီစကွတ်မုန့်ပုံးကိုဖွင့်၍ မုန့်နှစ်ချပ်ကိုယူပြီးလျှင် သူ၏ခွေးကို ကျွေးလိုက်လေ၏။

"စားထား သုနက္ခာရဲ့၊ တို့အိမ်ကလေးမှာ လူတစ်ယောက် တိုးလာပြီကွ၊ အလျင်ကတော့ မင်းနဲ့ငါ နှစ်ဦးတည်းဆိုတော့ ပန်းကန်ပြားက နှစ်ချပ်ပဲလိုတာ၊ အခုတော့ ပန်ကန်ပြားနောက်ထပ်တစ်ချပ် ရှာရဦးမယ်၊ ရေနွေးကြမ်းတို့ ကော်ဖီတို့ သောက်ဖို့ ကလဲ အလျင်က ခွက်နှစ်လုံးဆို လောက်တယ်၊ အခုတော့ နောက်ထပ် ခွက်တစ်လုံး ရှာရဦးမယ်ဟေ့" ဟုလည်း လူကြီးက ပြောနေလေ၏။

သူ၏ခွေးကမူ မုန့်နှစ်ချပ်ကို တကြွပ်ကြွပ်ဖြင့် ဝါးစား၍နေပြီဖြစ်၏။

မမယ်ဇယ်ကလေးမှာမူ တစ်ခဏမျှ မေ့မြော၍သွားသော်လည်း ပြန်လည်သတိရလာလေ၏။ ထိုသို့သတိရလာသည့်အခါ၌ လည်ချောင်းမှာမီးတောက်လုမတတ် ပူပြင်းလှသည်ဖြစ်ရာ . . .

"ရေ. . . ရေ. . ." ဟု ရေကိုတောင်းလေ၏။ ထိုအခါလူကြီးလည်း ဖက်လက်စ စာအုပ်ကိုကိုင်၍ သောက်ရေအိုးမှရေကိုခပ်ပြီးလျှင် မမယ်ဇယ်ကလေးအား ပေးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


မမယ်ဇယ်ကလေးလည်း ရေကို အားရပါးရ သောက်လေ၏။

"အပေါ်က ဂွမ်းစောင်ကြီးကို ဖယ်ပေးပါဦးရှင့်" ဟု မမယ်ဇယ်ကလေးက ပြောသဖြင့် ထိုလူကြီးသည် မမယ်ဇယ်ကလေးအားခြုံပေးထားသောဂွမ်းစောင်ကြီးကို ခွာ၍ ကွပ်ပျစ်ပေါ်သို့ ပစ်တင်လိုက်လေ၏။

ထို့နောက် စာအုပ်ကိုလှန်၍ ဆက်လက်ဖတ်ရှုနေပြန်လေ၏။

ထိုအချိန်၌ မမယ်ဇယ်ကလေးသည် အအေးဒဏ်ကို မခံနိုင်သဖြင့် . . .

"အေးလိုက်တာရှင်၊ ကျွန်မကို စောင်ပေးပါဦး" ဟု စောင်ကို တောင်းလေ၏။

လူကြီးလည်း စာအုပ်ကိုချ၍ စောင်ကိုယူ၍ ခြုံပေးရပြန်၏။ ထို့နောက် မမယ်ဇယ်လေးက . . .

"အမယ်လေး နာလိုက်တာရှင်၊ ကယ်ပါဦး" ဟု အော်၍ ညည်းပြန်လေ၏။ ထို့ကြောင့် လူကြီးသည် ဆေးလုံးကလေးတစ်လုံးကို ထုတ်၍ မမယ်ဇယ်ကလေးအား ပါးစပ်ဟခိုင်းပြီးလျှင် ပါးစပ်တွင်းသို့ထည့်ကာ ကော်ဖီတစ်ခွက်ကို တိုက်လိုက်လေ၏။ မမယ်ဇယ်ကလေးလည်း ထိုဆေးကို မျိုချပြီးနောက် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့၏။

လူကြီးသည် မီးဖိုအနီး၌ထိုင်ကာ ကော်ဖီသောက်လေ၏။ ထိုသို့ ကော်ဖီသောက်ရင်း သူ၏ခွေးဘက်သို့လှည့်ကာ . . .

"ပော့ကောင် သုနက္ခော၊ မြင်ပြီမဟုတ်လား၊ မိန်းမတစ်ယောက်ရောက်လာတာ ငါတို့အဖို့ ဘယ်လောက်အလုပ်ရှုပ်သလဲ၊ ဒါကြောင့်မင်းကို မိန်းမ မယူပါနဲ့လို့ပြောတာ ပေါ့ကွ၊ မင်းဟာလေ တော်သလင်းလ ရောက်ပြီဆိုရင် မိန်းမလိုချင်လို့ ဟိုရှာသွားချင် ဒီတာနဲ့၊ ဒီရှာသွားချင်ရတာနဲ့ ရှာထဲက ကောင်တွေကလဲ သူတို့ဆီက ကောင်မကို လာပြီး နောက်ပိုးရမလားဆိုပြီး မင်းကို ဝိုင်းဆော်ကြတာပဲ မဟုတ်လား၊ ဟား ဟား၊ ဒီတစ်ခုမှာတော့ မင်းတို့ဟာ လူနဲ့အတူဆုံးသတ္တဝါပဲ၊ ဟဲ . . . ဟဲ . . . အိပ်တော့၊ ငါလဲ အိပ်မယ်" ဟု ပြောလိုက်ရာ သူ၏ခွေးလည်း လူစကားနားလည်သည့်အလား ဒီဘေးတွင်ပင် ခွေခွေကလေး အိပ်စက်လေတော့၏။

နံနက်မိုးလင်းသောအခါ၌ မမယ်ဇယ်ကလေးသည် အိပ်ရာမှ နိုးလေ၏။ ထို့ကြောင့် ခြုံထားသော ဂွမ်းစောင်ကို ဖွင့်၍ကြည့်လိုက်ရာ မျက်နှာတည့်တည့် ရှေ့ရာလောက်တွင်ရှိသော သင်ပုန်းပေါ်၌ မြေဖြူဖြင့်ရေထားသောအောက်ပါစာကို တွေ့ရလေ၏။


www.burmeseclassic.com

www.burmeseclassic.com

မသက်ပြင်း . . .

ကိုယ်တွေ လက်တွေ နာနေရင် မထပါနဲ့၊ မင်းအိမ်ကလူတွေကို အကြောင်းကြားပေးဖို့ ကျုပ် အပြင်ကိုသွားပါတယ်၊ ပြီးတော့ အိမ်မှာလဲ ရိက္ခာပြတ်နေပြီဖြစ်လို့ ဈေးဝယ်ရဦးမယ်။

ကိုကြာပွတ်

မမယ်ဇယ်ကလေးသည် ထိုစာကိုဖတ်ပြီးနောက် . . .

"ငါ့ကိုရေးခဲ့တာပဲ၊ ငါ့ကို မသက်ပြင်းလို့ ခေါ်ထားပါလား၊ အင်းလေ ငါ့အသက်က ပြင်းပေတာကိုး၊ ဒါလောက်မြင့်တဲ့ တောင်ကြီးပေါ်က မော်တော်ကားနဲ့ ကျခဲ့တာတောင် မသေဘူးဆိုတာ မသက်ပြင်းလို့ ခေါ်သင့်တာပေါ့၊ အင်း . . . သူ့နာမည်ကလဲ အဆန်းပါလား၊ ဦးကြာပွတ် တဲ့၊ ကြောက်စရာလိုလို ရယ်စရာလိုလိုပါပဲလား ဘာပဲဖြစ်ဖြစ်လေ . . . ငါဟာ အခုနေအခါမှာ မလှုပ်နိုင်လောက်အောင် တစ်ကိုယ်လုံး နာကျင်နေတော့ ဒီကြာပွတ်ကြီးကိုပဲ အားကိုးရမှာပဲ၊ သူပြန်လာမှပဲ ကိုခင်ဦးဆီကို အကြောင်းကြားခိုင်းရမယ်" ဟု တွေးတောနေမိလေ၏။

လူကြီးမှာမူ သူ၏ခွေးကြီးကိုဆွဲ၍ အပြင်သို့ထွက်သွားနေပြီဖြစ်၏။ လူကြီးသည် ချောင်းရိုးကလေးအတိုင်း လျှောက်၍လာရာ တစ်မိုင်ကျော်ကျော်ခန့် လျှောက်မိလျှင် ပုလိပ်များနှင့် တွေ့လေတော့၏။

ထိုအခါ ပုလိပ်တစ်ဦးက . . .

"ဟေ့လူ" ဟု လူကြီးအား လှမ်း၍ ခေါ်လိုက်လေ၏။

"ဘာလဲ၊ ဟေ့ပုလိပ်" ဟု လူကြီးက ပြန်၍ထူးလိုက်လေ၏။

ထိုအခါ ပုလိပ်က . . .

"အူကြောင်ကြောင်မလုပ်နဲ့၊ ကျုပ်တို့က တာဝန်နဲ့လာတာ" ဟု ပြောလေ၏။

"ကျုပ်ကလဲ တာဝန်နဲ့လာတာပဲပေါ့" ဟု လူကြီးက ပြန်၍ ပြောလေ၏။

"ခင်ဗျားက ဘာတာဝန်လဲ" ဟု ပုလိပ်က မေးလေ၏။

"ကိုယ့်လူကလဲ ဘာတာဝန်လဲ" ဟု လူကြီးက ပြန်၍ မေးလေ၏။

"တောင်ပေါ်က ကားမှောက်ပြီးကျသေတဲ့ မိန်းမအလောင်းတစ်လောင်းရှာဖို့ တာဝန်နဲ့ ထွက်လာတာ" ဟု လူကြီးက ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားက ခွေးတာဝန်ပဲ" ဟု ပုလိပ်က ပြောလျှင် လူကြီးက . . .

"ကိုယ့်လူကလဲ မသာတာဝန်ပဲ" ဟု လူကြီးက ပြန်၍ ပြောလေ၏။

"ပြောစမ်းပါဗျာ၊ မိန်းမအလောင်းတစ်လောင်း မတွေ့မိဘူးလား" ဟု ပုလိပ်က မေးလေ၏။

"တကယ်ပါဗျာ၊ အလောင်းတော့ မတွေ့မိတာ အမှန်ပါပဲ" ဟု လူကြီးက ပြန်၍ ပြောလိုက်လျှင် ပုလိပ်လည်း နောက်သို့ ချာခနဲလှည့်ကာ ပြန်သွားလေတော့၏။ ၂၈

လူကြီးသည် ခပ်လှမ်းလှမ်းဆီသို့ လှမ်းမျှော်ကြည့်ရာ . . . တောင်အောက် ပုလိပ်များ စုရုံးစုရုံး လုပ်နေသည်ကို တွေ့ရလေ၏။

လူကြီးသည် ကွင်းပြင်ကိုဖြတ်၍ 'တုံးဘို' ဆိုသော အရပ်ဆီသို့ သွားလေ၏။ ထိုမှတစ်ဖန် ဈေးသို့ သွားလေ၏။ ဈေးရောက်လျှင် ကော်ဖီမှုန့်၊ နို့ဆီ၊ သကြား၊ ဝက်အူချောင်း၊ ငါးသေတ္တာ၊ ငါးခြောက်၊ အာလူး၊ ပေါင်မုန့်၊ သံပန်းကန်ပြားတစ်ချပ်၊ မတ်ခွက်တစ်လုံး စသည်များကို ဝယ်ယူလေ၏။ ထို့နောက် ခေါက်ဆွဲဆိုင်သို့ဝင်ကာ ခေါက်ဆွဲနှင့် အခါးရည်ကို သောက်လေ၏။

ခေါက်ဆွဲဆိုင်၌မူ လူများသည် ညက တောင်ပေါ်မှကျသော မော်တော်ကား အကြောင်းကို ပြောဆိုနေကြလေ၏။ ထိုသူတို့၏ စကား၌ ကျသော ကားပေါ်တွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမနှစ်ယောက်ပါကြောင်း၊ ထိုယောကျ်ားမှာ မယား နှစ်ယောက် ရှိကြောင်း၊ တောင်အောက်သို့ မော်တော်ကားနှင့်အတူကျ၍သေဆုံးသွား သည့် မိန်းမမှာ မယားကြီးဖြစ်ကြောင်း၊ ထိုယောကျ်ားနှင့် မယားငယ်မှာမူ ဂါတ်၌ပင် ရှိသေးကြောင်း စသည်တို့ကို ပြောဆိုလေ၏။

ကိုကြာပွတ်ကြီးသည် ခေါက်ဆွဲစားပြီးနောက် ဂါတ်သို့သွားရောက်၍ လေ့လာ ကြည့်ရှုလေ၏။ ဂါတ်ဝင်းအတွင်း ရာဇဝတ်အုပ်၏အိမ်ရှေ့တွင် နှစ်ယောက်သား ထိုင်ကာ ပြုံးကာရယ်ကာနှင့် စကားပြောနေသည်ကို တွေ့ရလေ၏။ ကိုကြာပွတ်သည် ဂါတ်ဝင်းအတွင်း၌ လှည့်လည်စုံစမ်းလေ၏။ ထို့ကြောင့် ၎င်း၏အိမ်သို့ရောက်ရှိနေသည့် မိန်းကလေး၏အမည်မှာ မမယ်ဇယ်ဖြစ်ကြောင်း၊ ၎င်း၏သူငယ်ချင်းမှာ မစန်းအေး ဆိုသူ ဖြစ်ကြောင်း သိရလေတော့၏။ ထို့ပြင် ရာဇဝတ်အုပ်အိမ်၌ တည်းခိုနေသော မောင်ခင်ဦးနှင့် မစန်းအေးတို့၏ အနေအထိုင်ကိုလည်း သွားရောက်အကဲခတ် ကြည့်ရှု လေ့လာလေ၏။ ပြီးလျှင် ဂါတ်စာရေးထံသို့ အမှတ်တမဲ့ချဉ်းကပ်ကာ မောင်ခင်ဦးတို့၏


www.burmeseclassic.com

www.burmeseclassic.com

လိပ်စာနှင့် အလုပ်အကိုင်ကို မေးမြန်းစုံစမ်းလေ၏။ ပြည့်စုံသည်အထိ လှေ့လာပြီးနောက် ပြန်ခဲ့လေတော့၏။

ပြန်ခဲ့သည့်အခါ၌လည်း မမယ်ဇယ်ကျခဲ့သောနေရာကို သွားရောက်ကြည့်ရှုလေ၏။ ကားပျက်ကိုလည်း တွေ့ခဲ့လေ၏။ မမယ်ဇယ်၏ကိုယ်ခန္ဓာမှ ထွက်ခဲ့သော သွေးကွက်များကိုလည်း မြင်တွေ့ရလေ၏။ ထို့နောက် ဤမျှမြင့်မားသောနေရာမှ ကျခဲ့လျက် မမယ်ဇယ် မသေရသည့်အကြောင်းကိုသိလိုသဖြင့် တောင်ပေါ်သို့ ကားလမ်းတိုင်း တက်၍ ကြည့်ရှုလေ၏။ ထိုသို့ကြည့်ရှုရာတွင် ဝါးပင်များကို တွေ့ရ၏။ ဝါးပင်အဖျားတွင် မမယ်ဇယ်ကလေး၏ အဝတ်စ၊ အဝတ်နများကို တွေ့ရလေ၏။ ထိုအခါ၌ ကိုကြာပွတ်ကြီးသည် အောက်ပါအတိုင်း စဉ်းစားလေ၏။

မမယ်ဇယ်၏ကားသည် ဤနေရာမှ လျှောကျမည်။ ထိုအခါ မမယ်ဇယ်သည် ကားပေါ်မှ ထွက်၍ကျမည်။ ကားက ရှေ့က မမယ်ဇယ်က နောက်က၊ ရှေ့ဆင့်နောက်ဆင့်ကျမည်၊ ရှေ့မှကျသောကားသည် ဝါးပင် ဝါးကိုင်းများကို သပ်၍ ချပေးသကဲ့သို့ ရှိမည်။ မမယ်ဇယ်ကလေးသည် ဝါးပင်အုပ်များပေါ်မှနေ၍ လိမ့်၍လိမ့်၍ ဖြည်းဖြည်းချင်းကျလိမ့်မည်။ အောက်နားသို့ရောက်သောအခါ၌ အလွန်ကောင်းသော ချုံကြီးသည် ပိုက်ကွန်ကြီးသဖွယ် ခံပေးထားလိမ့်မည်။ ဤသို့လျှင် ဝါးပင်များ၊ ချုံများက ဆိုဖာများ၊ ပိုက်ကွန်များသဖွယ် မမယ်ဇယ်ကလေးကျလာသည်ကို ခံ၍ပေးထားသောကြောင့်သာ မမယ်ဇယ်ကလေး မသေခြင်းဖြစ်သည်။

ကိုကြာပွတ်ကြီးသည် ဤသို့စဉ်းစားပြီးနောက် ဝါးပင်၌ငြိနေသော မမယ်ဇယ်ကလေး၏ အဝတ်အစများကိုယူ၍ တောင်အောက်သို့ ဆင်းလာပြီးလျှင် အိမ်သို့ပြန်ခဲ့လေတော့၏။

အိမ်သို့ ရောက်သောအခါ၌ မမယ်ဇယ်ကလေးက ကိုကြာပွတ်ကြီးအား . . .

"ဒီမှာရှင့်၊ ကျွန်မယောကျ်ားကို တွေ့ခဲ့သလား" ဟု မေးလေ၏။

"မတွေ့ခဲ့ဘူး" ဟု ကိုကြာပွတ်ကြီးက လိမ်၍ ပြောလေ၏။

ထို့နောက် ကိုကြာပွတ်ကြီးကပင် . . .

"ဒီလို မိန်းကလေးရဲ့၊ မြန်မြန်နေကောင်းအောင်လုပ်၊ ကျုပ်လဲ ဆေးကုသပေးမယ်၊ လိုအပ်တဲ့ဆေးဝါးလဲ ဝယ်ပေးမယ်၊ နေကောင်းတာနဲ့ ပြန်ပေါ့၊ အခုတော့ လူက လှုပ်တောင်မလှုပ်နိုင်သေးဘူးဆိုတော့ ခရီးက သိပ်ကြမ်းတယ်" ဟု ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဒါလဲ ဘာခက်သလဲကွယ်၊ တစ်ရက် နှစ်ရက် သုံးလေးရက်လောက်ဆိုရင် သွားသွားလာလာ လုပ်လို့ရတာနဲ့ ရထားပေါ် တင်ပေးလိုက်မယ်၊ စာတွေထည့်၊ သံကြိုးတွေရိုက် လုပ်မနေပါနဲ့" ဟု ကိုကြာပွတ်ကြီးက ပြောလေ၏။

ထို့နောက် ရေနွေးအိုးတည်ကာ မမယ်ဇယ်ကလေး၏ ဒဏ်ရာများကို ရေနွေးနှင့် ဆေးကြောပေးလေ၏။ မမြင်အပ်သောနေရာများမှဒဏ်ရာများကို ဆေးထည့်ရန်တိုမူ မမယ်ဇယ်က ငြင်းဆန်လေ၏။

ထိုအခါ ကိုကြာပွတ်ကြီးက . . .

"ခက်တော့တာပဲဗျာ၊ မမြင်ဝံ့ ဆေးသမားတဲ့" ဟု ဆိုကာ အတင်းအဓမ္မ ဆေးထည့်ပေးရလေ၏။ ထိုသို့ ဆေးထည့်ပေးရင်း . . .

"ကျုပ်ကို ယုံစမ်းပါ မိန်းကလေးရဲ့၊ ကျုပ်ဟာ မတရားတာဆိုရင် ဘာမှမလုပ်တဲ့ လူပါ" ဟုလည်း ပြောလိုက်လေ၏။

ကိုကြာပွတ်ကြီးသည် အနာများကိုဆေးကြောခြင်း၊ ဆေးထည့်ခြင်း ပြုလုပ်ပြီးသောအခါ၌ မမယ်ဇယ်ကလေးသောက်ရန်အတွက် ဆန်ပြုတ်ပြုတ်လေ၏။ ဆန်ပြုတ်ကျက်လျှင် မမယ်ဇယ်ကလေးအား ဆန်ပြုတ်တိုက်လေ၏။ ပြီးလျှင် အိပ်စက်ခိုင်းထား၏။

ကိုကြာပွတ်ကြီး၏ခွေးမှာလည်း မမယ်ဇယ်အား ယဉ်ပါးသွားပြီဖြစ်သည့်အလျောက် မမယ်ဇယ်၏အနီး၌ အမြီးကလေးတနန့်နန့်နှင့် လုပ်၍နေလေတော့၏။

ကိုကြာပွတ်ကြီးမှာမူ မမယ်ဇယ်ကလေးအား စောင့်ရှောက်ပေးထားပြီးလျှင် သူနှင့်သူ၏ခွေး စားရန်အတွက် ချက်ပြုတ်လေ၏။

ဤသို့နှင့်ပင် မမယ်ဇယ်ကလေးသည် ကိုကြာပွတ်၏ သစ်လုံးအိမ်ကလေး၌ သူမမာအဖြစ်နှင့် သောင်တင်၍ နေလေတော့၏။

ကိုကြာပွတ်သည် မမယ်ဇယ်ကလေးအား ကောင်းစွာပြုစုလေ၏။ ကိုကြာပွတ်အပြင်သို့ သွားသောအခါ၌လည်း ကိုကြာပွတ်၏ခွေးကလေး သုနက္ခာသည် မမယ်ဇယ်အား ကောင်းစွာစောင့်ရှောက်၏။ မမယ်ဇယ်က လာဟုဆိုလျှင်လာ၏။ လက်ပေးဆိုလျှင် လက်ပေး၏။ သွား ငါ့နားမလာနှင့်ဆိုလျှင် အနားမှခွာ၍သွား၏။ ဤသည်ကိုကြည့်၍ မယ်ဇယ်က . . .


www.burmeseclassic.com

www.burmeseclassic.com


"အင်း . . . ခွေးကလေးက အတော့်ကိုလိမ္မာတာပဲ၊ ဒါကြောင့်လဲ သူ့သခင်ကြီးက သူ့ကို သိပ်ချစ်ရှာတာကိုး" ဟု တွေးမိလေ၏။

မမယ်ဇယ်ကလေးသည် ခွေးကလေးနှင့် စိတ်ပြေလက်ပျောက် ဆော့ခြင်း စကားပြောခြင်း လုပ်နေလေ၏။ ထိုအချိန်၌ပင် ကိုကြာပွတ်ပြန်လာ၏။ ထိုအခါမှပင် ခွေးကလေးသည် ကိုကြာပွတ်ထံသို့ပြေးသွား၍ ဆီးကြိုလေ၏။ ထိုအခါ ကိုကြာပွတ်က

"မင်းကလဲကွာ . . . ငါ ပြန်လာတာတော့ခင် မသိဘူးလား၊ ဒီအိမ်ကို မိန်းမ တစ်ယောက် ရောက်လာမှ မင်းနဲ့ငါနဲ့ စိတ်ဝမ်းကွဲရတယ်ဆိုရင် မကောင်းဘူးကွ" ဟု ပြောလိုက်ရာ မမယ်ဇယ်သည် ထိုစကားကိုလွန်စွာသဘောကျ၍ ပြုံးလိုက်လေတော့၏။

ဤသို့နှင့်ပင် မမယ်ဇယ်ကလေးသည် တစ်နေ့ထက် တစ်နေ့ ကျန်းမာ၍ လာလေတော့၏။ ထိုအခါ ကိုကြာပွတ်က . . .

"ဒီမှာ . . . မသက်ပြင်း၊ မင်း ဒီကိုရောက်တာ ခုနစ်ရက်ပြည့်ပြီ၊ အခု မင်း ကျန်းလဲ ကျန်းမာလာပြီ၊ ဟောဒီမှာ ရထားလက်မှတ်ဝယ်ခဲ့တယ်၊ မနက်အစောကြီး ရထားထွက်လိမ့်မယ်" ဟု ပြောလိုက်လေ၏။

"ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မဇလေ . . . အခုလို ဖြူန်းစားကြီး အိမ်ကို ပြန်ရောက်သွားရင် ကိုခင်ဦးတို့ မစန်းအေးတို့ကတော့ အတော့်ကိုဝမ်းသာကြမှာ" ဟု မမယ်ဇယ်က ပြောလေ၏။

နောက်တစ်နေ့ နံနက်စောစော၌ပင် . . . ကိုကြာပွတ်နှင့် ခွေးကလေးသည် မမယ်ဇယ်ကလေးအား ရွှေညောင်ဘူတာရုံသို့ လိုက်၍ပို့လေ၏။

ကိုကြာပွတ်သည် မမယ်ဇယ် လမ်း၌စားသွားရန်အတွက် စားဖွယ်သောက်ဖွယ် များကို ဝယ်၍ပေးလိုက်လေ၏။ ရထားထွက်သောအခါ၌ မမယ်ဇယ်ကလေးက လက်ပြ၍ နှုတ်ဆက်သကဲ့သို့ ကိုကြာပွတ်ကြီးကလည်း ပြန်လည်၍ လက်ပြလေ၏။ ခွေးကလေးကလည်း ရထားထွက်သွားလျှင် မမယ်ဇယ်အား တဝုတ်ဝုတ်နှင့် ဟောင်၍ နှုတ်ဆက်လေ၏။

မမယ်ဇယ်သည် ခွေးကလေးကိုကြည့်၍ လွန်စွာစိတ်မကောင်းဖြစ်သွားလေ၏။

"ခွေးကလေးရေ၊ မမပြန်လာခဲ့မှာပါကွာ" ဟုလည်း ရထားပေါ်မှ အော်၍ သွားလေတော့၏။

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com



## မှတ်တမ်းကြီး ဖတ်ပြီးသောအခါ

၃

မောင်ခင်ဦးနှင့် မစန်းအေးတို့သည် ကျိန်စာသင့်နေသော ကျွန်းအိမ်ကြီး၏ မှတ်တမ်းကို ပြီးဆုံးသည်အထိ ဖတ်ရှုခဲ့လေ၏။ ထိုသို့ ဖတ်ရှုခဲ့ရာ၌ နေ့အချိန်က ဖတ်ခဲ့သော်လည်း နား၍နား၍ ဖတ်ခဲ့သောကြောင့် ညရှစ်နာရီကျော်မှသာလျှင် မှတ်တမ်းကြီးကို ဖတ်၍ပြီးလေ၏။ ထိုသို့ စိတ်ရှည်လက်ရှည် ဖတ်ရှုကြပြီးနောက် မစန်းအေးက . . .

"ပွတာပဲ ကိုဦးရယ်၊ အခု ဒီမှတ်တမ်းကြီးထဲမှာက ထိတ်လန့်စရာတွေပါတယ် ဆိုပေမယ့် သေသေချာချာ စဉ်းစားလိုက်တော့ အရေးကြီးတဲ့ ရတနာပစ္စည်းတွေ ဝှက်ထားတဲ့နေရာနဲ့ သဲလွန်စကိုရနေပြီပဲ၊ အေးတို့ ကိုဦးတို့ သတိဝီရိယနဲ့ အလုပ်လုပ် လိုက်ရရင် အဲဒီပစ္စည်းတွေကိုရမှာ၊ အဲဒီပစ္စည်းတွေသာရရင်တော့ မြန်မာပြည်မှာ နေဖို့တောင် မကောင်းတော့ဘူး၊ ပြင်သစ်မှာသွားပြီး လင်မယားနှစ်ယောက် ဇိမ်ခံနေရုံပဲ၊ အဲဒါတွေရမယ်ဆိုရင်လဲ အေးနဲ့ကိုဦးဟာ ကမ္ဘာပေါ်မှာချမ်းသာတဲ့သူဌေးကြီးစာရင်းဝင် ဖြစ်သွားမှာ၊ မီလျံနာတောင် ရိုးရိုးမီလျံနာမဟုတ်ဘူး၊ မာလတီ မီလျံနာ ဖြစ်သွားမှာ" ဟု ပြောဆိုကာ မောင်ခင်ဦး၏ပါးကို ဘယ်ပြန်ညာပြန် နမ်းရှုပ်လေတော့၏။ ထိုအခါ မောင်ခင်ဦးက . . .

"အေးပြောတာလဲ မှန်ပါတယ်၊ ဒါပေမဲ့ လွယ်လွယ်ကူကူတော့ရမယ်မထင်ဘူး၊ ဒီမှတ်တမ်းကြီးအရဆိုရင် အန္တရာယ်ကအတော်များတာပဲ၊ သန်းခေါင်ကြယ်အဖွဲ့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

တော်တော်ရက်စက်ပုံရတယ်၊ ဒီမှတ်တမ်းကို ရေးထားခဲ့တဲ့ မမယ်ဇယ်တို့ အဖေ ဦးမြူရဲ့အစ်ကို မောင်ဘိုးထူဟာ သန်းခေါင်းကြယ်လက်ချက်နဲ့ သေခဲ့တာပဲ၊ ဦးမြူတို့ရဲ့ အဖေ ဦးပေတလူနဲ့ သူတို့ရဲ့ဘကြီး ဦးပေတဖြူ ဆိုတာလဲ သန်းခေါင်ကြယ်လက်ချက်နဲ့ သေခဲ့တာပဲ၊ အဲဒီတော့ ကိုဦးတို့ကိုလဲ သန်းခေါင်ကြယ်အဖွဲ့က ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး၊ အဲဒီရန်က သိပ်ပြီးကြီးတယ်၊ ဒီကိစ္စဟာ စဉ်းစဉ်းစားစား လုပ်ရမယ့် ကိစ္စပဲအေးရဲ့" ဟု ပြောလိုက်ရာ မစန်းအေးက နှုတ်ခမ်းစူလျက် . . .

"ကိုဦးက သတ္တိမရှိဘူးလား၊ ရလဲ အတူတူစံမယ်၊ မရလဲ အတူတူခံမယ်၊ ဘာကြောက်စရာရှိလဲ၊ ပြီးတော့ ကိုဦးတစ်ခု စဉ်းစားကြည့်ပါ၊ ဒီမှတ်တမ်းထဲမှာပါတဲ့ သန်းခေါင်ကြယ်အဖွဲ့ဆိုတာကလဲ ကိုဦးယောက္ခမကြီး ဦးမြူလက်ထက်မှာတောင် မဟုတ်ပါဘူး၊ ဦးမြူရဲ့အဖေ ဦးပေတလူတို့လက်ထက်မှာ စ,ခဲ့တယ်ဆိုပေမယ့် တကယ့် လူသတ်မှုတွေ ကျူးလွန်တဲ့အခါမှာ ဦးမြူတို့ အရွယ်ရောက်မှ ကျူးလွန်တာကို တွေ့ရတယ်၊ ဦးမြူရဲ့အစ်ကို ကိုဘိုးထူဆိုတာကို သန်းခေါင်ကြယ်က သတ်သွားတာ မဟုတ်လား" ဟု မောင်ခင်ဦးက ပြောပြန်လေ၏။

ထိုအခါ မစန်းအေးက . . .

"ဒီအဖွဲ့က လူတွေကလဲ အသက်ရှည်လှချည့်လား" ဟု ဆိုလေ၏။

"ဘယ်ဟုတ်မလဲအေးရယ် . . . သန်းခေါင်ကြယ်မှာပါတဲ့လူတွေသေသွားတဲ့ အခါမှာ နောက်ထပ် သန်းခေါင်ကြယ် အဖွဲ့ဝင်အသစ်တွေ မွေးဖွားခဲ့မှာပေါ့၊ မူလ သန်းခေါင်ကြယ်တွေကတော့ ဘယ်ရှိတော့မလဲကွယ်၊ သေကုန်ကြရောပေါ့" ဟု မောင်ခင်ဦးက ပြောလေ၏။

"အို . . . ဘာပဲဖြစ်ဖြစ် အေးတို့နဲ့ထိုက်လို့ အေးတို့ရတာပဲ၊ ဟိုကောင်မတော့ ဒီပစ္စည်းတွေနဲ့ မထိုက်လို့သေရှာပြီ၊ ဟုတ်ပါတယ် . . . မယ်ဇယ်ဆိုတဲ့ ကောင်မဟာ ဒီပစ္စည်းတွေနဲ့ မထိုက်ပါဘူး" ဟု မစန်းအေးက ပြောလိုက်ရာ မောင်ခင်ဦးက . . .

"ဟုတ်ပါရဲ့ . . . အေးရယ် သူနဲ့ မထိုက်ပါဘူး၊ နာမည်ကိုကကြည့်ပါလား မယ်ဇယ်တဲ့၊ တော်တော့်ကို တောဆန်တဲ့ နာမည်၊ ဒီလိုမိန်းမမျိုးနဲ့ ဒီလိုစည်းစိမ်မျိုး ဘယ်လိုမှ မထိုက်တန်ပါဘူး၊ ထိုက်တန်တဲ့သူကတော့ ဟောဒီကအေးပဲ၊ နာမည်ကိုက မစန်းအေးတဲ့ ခေတ်လဲမီတယ် ခေါ်လို့လဲကောင်းတယ်၊ တစ်ခုပဲရှိတယ် ကိုဦးရဲ့ နာမည်တစ်လုံးပါအောင် နာမည်ပြောင်းပေးလိုက်မယ်" ဟု ပြောလိုက်ရာ မစန်းအေးက-


www.burmeseclassic.com

www.burmeseclassic.com 

"ပြောစမ်းပါဦး . . . ဘယ်လိုပြောင်းပေးမှာတုံး" ဟု မေးလေတော့၏။

"ခင်စန်းအေးဆိုရင် မကောင်းဘူးလား" ဟု မောင်ခင်ဦးက မေးလေ၏။

"ဟင့်အင်း ကိုဦးနာမည်နှစ်လုံးက အေးရဲ့ နာမည်ထဲကိုရောက်မှ ပိုပြီးကောင်းမယ်၊ အဲဒီတော့ ခင်စန်းဦးလို့ ပြောင်းမယ်" ဟု မစန်းအေးက ပြောလေ၏။

မလုပ်ပါနဲ့ . . . အေးရယ်၊ ခင်စန်းအေးဆိုရင် တော်လောက်ပါပြီ" ဟု မောင်ခင်ဦးက ပြောပြန်လေ၏။

ထိုအခါ မစန်းအေးက . . .

"ဟင့်အင်း ဟင့်အင်း ကိုဦးဆီက နှစ်လုံးစလုံးလိုချင်တယ်၊ ဒီတော့ဒီလိုလုပ် 'ခင်' ကို တစ်လုံးတည်းတိုးလို့မဖြစ်ဘူး၊ ခင်ခင်စန်းအေးလို့ပြောင်းမယ် ကျေနပ်ရဲ့လား" ဟု ပြောလိုက်ရာ မောင်ခင်ဦးက . . .

"ဒါကတော့ . . . အေးသဘောအတိုင်းပဲ" ဟုဆိုကာ မစန်းအေးအား ရင်ခွင်အတွင်းသို့ ဆွဲ၍ သွင်းလိုက်လေ၏။

ထို့နောက်တွင်ကား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးစလုံးကို ခေတ္တ ထားယီ မေ့ပစ်နိုင်စွမ်းသော အချစ်ကစားပွဲကြီးကို ရွှင်မြူးစွာ ကစားကြလေတော့၏။

၎င်းတို့၏ အချစ်ကစားပွဲကြီးကိုလည်းကောင်း၊ ထိုကစားပွဲကြီးမစမီ အပြန်အလှန် ပြောဆိုနေကြသော စကားများကိုလည်းကောင်း၊ အိမ်အောက်မှနေ၍ ချောင်းမြောင်းကြည့်ရှုနေသူတစ်ဦး ရှိကြောင်းကိုမူ မောင်ခင်ဦးကော မစန်းအေးပါ မသိရှိကြပေ။

ထိုချောင်းမြောင်းကြည့်ရှုနေသူသည် မည်သို့မည်ပုံအိမ်အတွင်းသို့ရောက်လာသည်၊ မည်သူမည်ဝါ ဖြစ်သည်ကိုမူ စာဖတ်သူတို့အား အသိပေးရန် လိုသည့်အလျောက် အောက်ပါအတိုင်း အသိပေး ဖော်ပြလိုက်ရပေသတည်း။

◈◈◈◈◈

မမယ်ဇယ်ကလေးသည် အိမ်အနီးသို့ ရောက်သောအခါ၌ မီးများမှောင်၍ နေပြီဖြစ်၏။ ၎င်းသည် ခြံအနီးသို့ကပ်၍ အိမ်ကိုကြည့်လိုက်ရာ အိမ်၏အောက်ထပ်၌ မီးမှောင်နေသော်လည်း အပေါ်ထပ်တွင်မူ မီးများလင်းနေသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မမယ်ဇယ်သည် ၎င်းအနေနှင့် မသေမပျောက်ဘဲ ပြန်လာသည်ကို ၎င်း၏ ယောက်ျား မောင်ခင်ဦးနှင့် ၎င်း၏သူငယ်ချင်း မစန်းအေးတို့က တွေ့မြင်ရပါ မည်မျှဝမ်းသာကြည်နူးကြမည်ကို တွေး၍ကြည့်ရင်း မျက်ရည်များပင်လည်၍လာ၏။ ထို့ကြောင့် 'ကိုခင်ဦးရေ. . . မစန်းအေးရေ . . .'ဟု အော်ဟစ်၍ခေါ်လိုက်မည် ကြံသော်လည်း ဤကဲ့သို့အော်၍ခေါ်ခြင်းထက် လူကိုယ်တိုင်ဘွားဘွားကြီးတွေ့မြင် ရခြင်းက ပို၍ဝမ်းသာဖွယ် အံ့အားသင့်ဖွယ် ဖြစ်လိမ့်မည်ဟု ယူဆသည့်အလျောက် အော်၍မခေါ်တော့ဘဲ ခြံတွင်းသို့တိတ်တဆိတ်ဝင်လေတော့၏။ ဝင်ပုံမှာ ဤသို့ဖြစ်၏

မမယ်ဇယ်သည် ခြံတံခါးသို့သွား၍တံခါးကိုတွန်းကြည့်ရာ တံခါးသည် အတွင်း ကန့်လန့်ထိုး၍သော့ခတ်ထားကြောင်းတွေ့ရလေ၏။ ထို့ကြောင့် ခြံဝင်းကိုကျော်၍တ ရန်စဉ်းစားသော်လည်း ထိုသို့တက်ရန်မှာ မလွယ်ကူသောကြောင့် အကြံအိုက်လျက် ရှိလေ၏။

ထိုအချိန်၌ တစ်စုံတစ်ခုသည် ၎င်း၏ခြေထောက်ကို လာရောက်ထိသဖြင့် ကြည့်လိုက်ရာ ခြံအနီးအနားတွင်နေသော ခွေးဝဲစားလေးတစ်ကောင် ဖြစ်ကြော သိရလေတော့၏။ မမယ်ဇယ်သည် ထိုခွေးကလေးအား နေ့စဉ်မဟုတ်သော်လည်း ထမင်းဟင်းများ ကျန်သောအခါ၌ မကြာခဏဆိုသလို ထိုခွေးကလေးကို ထမင်းကျ ဟင်းကျန်များ ကျွေးဖူး၏။ ထို့ကြောင့် ခွေးဝဲစားကလေးသည် မမယ်ဇယ်အား ကောင်း သိလေ၏။ သူသည် မမယ်ဇယ်၏ခြေခုံကလေးကိုလျှာဖြင့်လျက်ကာ အမြီးကလေး လှုပ်၍ နှုတ်ဆက်ရှာလေ၏။ ထို့နောက် ခွေးဝဲစားကလေးသည် ခြံဝင်းနံဘေးသို့ပြေး ခြံအောက်နေရာကလေး တစ်နေရာမှ ငုံ့၍ ခြံတွင်းသို့ဝင်ကာ ခြံအတွင်းမှနေ၍ အမြီးကလေးလှုပ်ကာ မမယ်ဇယ်အားကြည့်နေသည်ကို ခပ်လှမ်းလှမ်းရှိ မီးရောင်ကြော မမယ်ဇယ်သည် ကောင်းစွာတွေ့မြင်ရလေ၏။

"ဩော်. . . ခွေးဝဲစားကလေးကလဲ တယ်ပြီးတတ်ပါလား၊ ခြံထဲကိုဝင်ဖို့နေ ကို ငါ့ကိုပြပြီးခေါ်နေတာပဲ" ဟု ရေရွတ်ကာ မမယ်ဇယ်သည် ခွေးတိုးပေါက်မှနေ ငုံ့၍ခြံတွင်းသို့ဝင်လေ၏။ ထို့နောက် အိမ်အောက်ထပ်တံခါးများကိုကြည့်ရှုရာ တံခါး အားလုံး အတွင်းမှချက်ချ၍ ပိတ်ထားကြောင်း တွေ့ရသဖြင့် အကြံအိုက်လျက် ပြတင်းပေါက်တံခါးပေါ်မှ အိမ်မြှောင်တစ်ကောင်က ကျွတ် ကျွတ် ကျွတ် ဟု စုတ် လိုက်သည်ဖြစ်ရာ မမယ်ဇယ်သည် တစ်စုံတစ်ခုကို သတိရ၍သွားလေတော့၏။



www.burmeseclassic.com

"ဩော်. . . ဒီမီးဖိုဘက်ကပြတင်းပေါက်ဟာ မန္စမိုးတွင်းတုန်းက အောက်ဘက်က မင်းတုပ်တစ်ခုကျိုးသွားပြီပဲ၊ အပေါ်က မင်းတုပ်နဲ့ပဲ ပိတ်နေရတာပါလား၊ ဒီပြတင်းပေါက်ကို လက်နဲ့တွန်းပြီး နည်းနည်းဟသွားတဲ့အခါမှာ ငါ့လက်ကလေးနဲ့ အပေါ်မင်းတုပ်ကို ဖြုတ်လိုက်ရင် ရနိုင်တာပဲ" ဟု တွေးကာ တွေးသည့်အတိုင်း ကြည့်ရာ ပြတင်းပေါက်သည် ပွင့်၍သွားလေတော့၏။ ထိုအခါ မမယ်ဇယ်သည် ပြတင်းပေါက်မှ အတွင်းသို့ဝင်ကာ လှေကားပေါ်သို့ တက်လေ၏။ လှေကားအလယ် ဆောက်သို့ ရောက်သောအခါ၌ အပေါ်ထပ်တွင် ၎င်း၏သောက်များ မောင်ခင်ဦးနှင့် မစန်းအေးတို့ အကြည်ဆိုက်၍ စကားပြောနေကြသည်ကို ကြားရသဖြင့် ရှေ့သို့ ဆက်၍မတက်ဘဲ နားထောင်နေရာ ၎င်း၏ဖခင်ကြီး ဦးမြူရေးထားခဲ့သောမှတ်တမ်းကြီး တစ်ခုကို ၎င်းတို့ရှာဖွေဖတ်ရှုခဲ့ကြောင်းလည်း သိရ၏။

ထို့နောက် မောင်ခင်ဦးနှင့် မစန်းအေးတို့ ချစ်ခင်နှီးနှောကြသည်ကိုလည်း နှုတ်စိဖြင့်တပ်အပ်သေချာ မြင်တွေ့ရလေတော့၏။

မမယ်ဇယ်သည် အားရဝမ်းသာပြန်လာရာမှ ဝမ်းနည်းဖွယ်ရာ၊ ဒေါသဖြစ်ဖွယ်ရာကို တွေ့မြင်လိုက်ရသောကြောင့် နှလုံးသွေးရပ်၍လဲကျမသွားရန်ကို သတိအနိုင်နိုင်ဆုပ်၍ ရပ်နေရရှာလေ၏။

မျက်ရည်များသည်တရဟောစီးကျလာ၏။ ထို့နောက်မျက်ရည်များခန်းခြောက်သွား၏။ ရင်တွေသွက်သွက်ခါမျှတုန်၏။ ထို့နောက် ရင်တုန်ရပ်၍သွား၏။ မောလာ၏။ ထို့နောက်အမောရပ်သွား၏။ ထို့နောက်မမယ်ဇယ်သည် ၎င်းကိုယ်တိုင်အသက်ရှင်လျက်ရှိသည်ကို မေ့လျော့သွား၏။ ရှင်လျက်နှင့် သေနေသူပမာ ဖြစ်၍သွား၏။

အမှန်စင်စစ်အားဖြင့် ကားဖြင့်ချောက်ထဲသို့ကျစဉ်က မသေခဲ့သော မမယ်ဇယ်သည် ယခုမှပင် အရှုပ်လတ်လတ် အသက်ထွက်သွားသကဲ့သို့ရှိ၏။ ထို့နောက် စိတ်ဆိုးခြင်း၊ ကြေကွဲခြင်းစသောအခြင်းအရာတို့မဖြစ်တော့ဘဲ မောင်ခင်ဦးနှင့် မစန်းအေးတို့၏ အချစ်ကစားပွဲကြီးကို ၎င်းနှင့်မပတ်သက်သကဲ့သို့ ရဲရဲတင်းတင်းကြီး ကြည့်ပြီးလျှင် တစ်ချက်မဲ့လိုက်လေ၏။

"ငါသေပြီ အောက်မေ့လို့ ဖြစ်နေလိုက်ကြတာ၊ သေပြီပဲ ထားပါဦး၊ ဒီအချိန်အတွင်းမှာတော့ သူတို့နှစ်ယောက်ဟာ ဒါလောက်ထိမဖြစ်သင့်ပါဘူး" ဟူ၍ တွေးတောနေမိလေ၏။

ဘက်ကင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင်အဆုံးသတ်သွားလေ၏။ ထိုအခါ မစန်းအေးက စီးကရက်ဘူး စီးကရက်တစ်လိပ်ကိုထုတ်၍မီးညှိကာ မောင်ခင်ဦး၏ပါးစပ်တွင် တပ်၍ပေးရင်း-

"ကိုဦး . . . အခုမှပဲ အေးတို့ လွတ်လွတ်လပ်လပ် ပျော်ရတော့တယ်နော် ဟိုကောင်မ ရှိတုန်းကဆိုရင် အေးကလဲ ဟိုအစေခံတန်းလျားထဲကနေ ညဆိုရင်စော လိုက်ရတာ၊ ကိုဦးကလဲ ဟိုခွေးကောင်မ မအိပ်သေးတာနဲ့ မလာနိုင်၊ အေးမှာ ငိုလို ရတာ" ဟု ပြောလိုက်ရာ မမယ်ဇယ်သည် အံ့သြ၍ သွားလေ၏။

"ဪ . . . ငါက ငါသေပြီထင်လို့ သူတို့နှစ်ယောက် ဒီလိုဖြစ်ကြတ အောက်မေ့နေတာ၊ လက်စသတ်တော့ သူတို့က ငါရှိကတည်းက တိတ်တိတ်ပုန်းဖြစ် ကြတာကိုး" ဟု အတွေးပေါ်ကာ တစ်ကိုယ်တည်း ခေါင်းတညိတ်ညိတ် လုပ်မိ တော့၏။

ထိုအခါ မောင်ခင်ဦးက . . .

"အေးနဲ့ ဒီလို လွတ်လွတ်လပ်လပ်ပျော်ချင်လို့ ကိုဦးက ဟိုငထူမ၊ ငထိုင်းမ အဆုံးစီရင်ပစ်ခဲ့တာပဲ" ဟု ပြောရာ မစန်းအေးက . . .

"အောင်မာ၊ ဒါကလဲ ဒီက မိအေးက အကြံပေးလို့ပါ၊ နို့မို့ရင် အခုထိ ခိုးကြေ ခိုးဝှက် ဖြစ်နေကြဦးမှာ" ဟု ပြောလိုက်လေ၏။

"ဟုတ်ပါ့ရဲ့ အေးရဲ့အကြံကလဲ ပိုင်ပါ့ဗျာ၊ ကိုဦးလုပ်တာကလဲ ပိရိပါ့၊ အေး ကားပေါ်က အလျှင်ထွက်ကျချင်ယောင်ဆောင်တယ်၊ နောက်မှ ကိုဦးက ကျလိုက်တ ဟို ငထူမကတော့ ကားနဲ့အတူ ချောက်ထဲကို ပို့လိုက်တယ်၊ ဟဲ . . . ဟဲ . . . သေ အလောင်းကို ကျားဆွဲသွားလို့ အလောင်းတောင်ရှာမရတော့ဘူး၊ ဘယ်သူကမှလဲ ကိုဦ အေးကို သင်္ကာမကင်း မဖြစ်တော့ဘူး" ဟု မောင်ခင်ဦးက ပြောပြန်လေ၏။

ထိုအခါ လှေကားမှ ချောင်း၍နားထောင်နေသော မမယ်ဇယ်သည် မျက်ထ ပြူး၍ သွားလေတော့၏။

"ဪ . . . လက်စသတ်တော့ ငါက မတော်တဆဖြစ်တယ် အောက်မေ့ထာ သင်းတို့က ငါ့ကို သေကြောင်းကြံတာကိုး" ဟု မမယ်ဇယ်သည် တွေးရင်း မျက်လုံးပြူ သွားလေ၏။

မောင်ခင်ဦးနှင့် မစန်းအေးတို့သည် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ကြပြီးနော မစန်းအေးက . . .


www.burmeseclassic.com

www.burmeseclassic.com


"မမယ်ဇယ်ဆိုတဲ့ ကောင်မကတော့ သူ့အဖေရေးသွားခဲ့တဲ့ မှတ်တမ်းကြီးကို မတွေ့သွားရရှာဘူး၊ သူနဲ့မထိုက်လို့ပေါ့နော် ကိုဦး၊ ဒီကောင်မဟာ ချမ်းသာဖို့ကံမပါဘူးနဲ့ တူပါရဲ့" ဟု ပြောလိုက်ရာ မောင်ခင်ဦးက . . .

"ဟုတ်တာပေါ့ အေးရယ်" ဟု ပြန်၍ ဖြေလိုက်လေ၏။

မမယ်ဇယ်သည် အထက်ပါစကားကို နားထောင်ရပြီးနောက် စိတ်ထဲတွင် လွန်စွာနာကျည်းသွားလေတော့၏။

"ဩော် . . . သင်းတို့က ငါ့အပေါ်မှာလဲ ရက်စက်ကြသေးတယ်၊ ပြီးတော့ ငါ့ကံပဲ သူဌေးဖြစ်ဖို့ ကံမပါဘူးတဲ့" ဟုတွေးရင်း ၎င်းတို့နှစ်ဦးအပေါ် လွန်စွာနာကျည်း၍ သွားလေ၏။

ထိုအချိန်မှာပင် မောင်ခင်ဦးက . . .

"ဒီငထူမ၊ ငထိုင်းမနဲ့ တစ်သက်လုံး ပေါင်းနေလို့ မဖြစ်ပါဘူး၊ ဒါကြောင့်လဲ သူ့ကို မြန်မြန် ဇာတ်သိမ်းပစ်လိုက်ရတာပဲ" ဟု ပြောဆိုလိုက်ရာ မမယ်ဇယ်၏စိတ်၌ မခံချင်မှုများ ပေါ်၍လာလေတော့၏။

"ဘယ်သူ ထူတယ်၊ ဘယ်သူ ထိုင်းတယ် ဆိုတာ သိကြသေးတာပေါ့" ဟု မမယ်ဇယ်သည် စိတ်ထဲမှ ကြိမ်းဝါး၍ လှေကားမှဆင်းခဲ့ပြီးနောက် ဝင်ခဲ့သော ပြတင်းပေါက်ကိုကျော်ကာ အပြင်သို့ထွက်၍ ခွေးတိုးပေါက်မှတစ်ဆင့် ခြံအပြင်သို့ သွားလေတော့၏။ ထို့နောက် မောင်ခင်ဦးနှင့် မစန်းအေးတို့ ချစ်ခင်နှီးနှော၊နေရာ အခန်း ပြတင်းပေါက်ကို မော့၍ကြည့်ပြီးလျှင် . . .

"ဩော် . . . ငါ့ကို ငထူမ၊ ငထိုင်းမတဲ့၊ သူတို့ကတော့ ကာမဂုဏ်ရေလျှဉ်ကြော မှာမျောနေကြလေတော့ ငါရောက်လာတာတောင်မသိဘူး၊ တကယ်ကျတော့ ဘယ်သူက ထူပြီး၊ ဘယ်သူက ထိုင်းသလဲ၊ သူတို့အကြောင်းတွေ သူတို့အကြံတွေကို ငါအကုန် သိခဲ့ရပြီ၊ ငါ့အကြောင်းကိုတော့ သူတို့ဘာမှ မသိကြဘူး၊ ငါ့ကို သေသွားပြီပဲ မှတ်နေ ကြတာ၊ ငါဟာ မသေသေးဘဲ လူ့ပြည်လူ့လောကမှာရှိနေတယ်ဆိုတာ သူတို့ နည်းနည်း ကလေးမှ မရိပ်မိကြဘူး၊ ဒီတော့ ငါဘာလုပ်ရမလဲ၊ သူတို့ကို လှလှကြီး လက်စားချေမယ်" ဟု စိတ်တွင်းမှ ကြိမ်းဝါးလိုက်လေ၏။ ထိုအချိန်မှာပင် ခွေးဝဲစားကလေးသည်


www.burmeseclassic.com

www.burmeseclassic.com

မမယ်ဇယ်၏ခြေဖမိုးကို လာရောက်နမ်းရှုပ်ကာ အမြီးကလေးလှုပ်၍နှုတ်ဆက်လေ၏။ ထို့ကြောင့် မမယ်ဇယ်က . . .

"ခွေးဝဲစားလောက်တောင် ကျေးဇူးမသိတတ်တဲ့ လူတွေ . . . ခွေးသေဝက်သေ သေရစေမယ်" ဟု စိတ်အတွင်းမှ ကျိတ်၍ ကြိမ်းဝါးကာ ထိုနေရာမှ ထွက်ခဲ့လေတော့၏။

◈◈◈◈◈

**မှတ်ချက်** ။ ။ မမယ်ဇယ် အိမ်သို့ ပြန်၍ ရောက်သောနေ့နှင့် မစန်းအေးတို့ မှတ်တမ်းကြီးတွေ့ရှိ၍ ဖတ်ကြသောနေ့မှာ တစ်နေ့တည်းဖြစ်၏။ မစန်းအေးတို့စုံတွဲ မှတ်တမ်းကြီးကို ဖတ်နေကြစဉ်၌ မမယ်ဇယ် ပြန်၍ ရောက်လာ၏။ ထိုသို့ ရောက်လာပုံ မဖော်ပြသေးဘဲ တောင်ပေါ်မှ ကျသည့် အဖြစ်အပျက်ကို သိရှိစေလိုသဖြင့် အပြည့်အစုံ ဖော်ပြလိုက်ခြင်းကြောင့် အချိန်ကာလ ကွာခြားသွားသည်ဟု မမှတ်စေလို။

(စာရေးသူ)


www.burmeseclassic.com

www.burmeseclassic.com

# ကိုကြာပွတ်ထံ ပြန်သွားခြင်း

မမယ်ဇယ်သည် စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ မကျေနပ်ခြင်း၊ လက်စားချေလိုခြင်း စသော ဝေဒနာကို ခံစားလျက် ခရီးထွက်ခဲ့လေတော့၏။

မီးရထားလက်မှတ်ကိုဝယ်ကာ မီးရထားဖြင့် ရှမ်းပြည်တောင်ပိုင်းသို့ ပြန်ခဲ့လေတော့၏။

သူသည် သူ့အား ကယ်ဆယ်ခဲ့သော ကိုကြာပွတ်ဆိုသည့် လူကြီးနှင့် သူ့အား လွန်စွာချစ်ခင်သော သုံနကျော ဆိုသည့် ခွေးကလေးရှိရာ တောင်ချောက်ကြီးတစ်ခုအတွင်းမှ တဲကလေးဆီသို့ ပြန်လာခဲ့ခြင်းဖြစ်၏။

ထိုနေရာသို့မှ မပြန်လျှင်လည်း ပြန်စရာနေရာ မရှိတော့ပေ။ သူသည် ယခုအခါ၌ အထီးကျန်ဖြစ်နေ၏။ အဖော်မဲ့နေ၏။ သူ့အိမ်အောက်တွင် တွေ့ခဲ့ရသော ခွေးဝဲစားကလေးတစ်ကောင်ထက်ပင် အထီးကျန်ဖြစ်၍နေ၏။ အဖော်မဲ့နေ၏။

ထိုခွေးဝဲစားကလေး၌ကား အခြားသော ခွေးအဖော်များရှိ၏။ သူ့၌ကား အဖော်ဟူ၍ မရှိတော့ပေ။ တစ်ကောင်ကြွက် သက်သက်ပင် ဖြစ်နေလေတော့၏။

ထို့ကြောင့် လွန်စွာ ဘုကျသော၊ လွန်စွာ စကားပြောတိုသော ကိုကြာပွတ်ဆိုသည့် လူကြီးထံသို့ ပြန်လိုသည်ဖြစ်စေ၊ မပြန်လိုသည်ဖြစ်စေ ပြန်ရပေတော့မည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီကိုကြာပွတ်ဆိုတဲ့ လူကြီးဟာ ဆက်ဆံရေး မပြေပြစ်ပေမယ့် စိတ်ကောင်းစေတနာကောင်းတော့ရှိပါတယ်၊ ငါ့ကိုလဲ အကူအညီပေးခဲ့ဘူးပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ဆီကိုပြန်သွားတာ မှန်တယ်" ဟု မမယ်ဇယ်က တွေးမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မမယ်ဇယ်သည် လမ်းတစ်လျှောက်လုံးတွင် ၎င်း၏လင်ယောကျ်ားဖြစ်သူ မောင်ခင်ဦးနှင့် ၎င်း၏သူငယ်ချင်း မစန်းအေးတို့က ၎င်းအပေါ် အသက်ကိုလုပ်ကြံသည် အထိ ရက်စက်ခဲ့ပုံများကို တွေးမိရင်း မျက်လုံးအိမ်မှ မျက်ရည်များသည် ပါးပြင်ပေါ်သို့ တသွင်သွင် စီးကျလေတော့၏။

"ရှေးလူကြီးတွေပြောတဲ့ မင်းလေ့မျှောလဲ မဆယ်နဲ့၊ နားရွက်တိုလဲ မကယ်နဲ့ ဆိုတဲ့ စကားဟာ တယ်လဲမှန်ပါလား။ အခု ကြည့်စမ်း၊ မစန်းအေး ဒုက္ခရောက်နေတာကို ငါက ကယ်ခဲ့မိတဲ့အတွက် ငါ့မှာ အရှင်လတ်လတ်နဲ့ သေစာရင်းထဲ ရောက်နေရပြီကိုး။ ငါ့ကိုသိနေကြတဲ့လူတွေဟာ ငါ သေသွားပြီလို့မှတ်နေကြပြီ၊ ငါဟာ လူ့လောကစာရင်း က ဖျက်ခံလိုက်ရပြီ၊ အသက်ရှင်နေပေမယ့် သေနေတဲ့လူတစ်ယောက်ပါ... သင်းတို့ဟာ ငါ့အပေါ်မှာ ရက်စက်နိုင်ကြပါလား၊ ငါမကျေဘူး၊ သင်းတို့နှစ်ယောက်ကို လှလှကြီး လက်စားချေမယ်" ဟု စိတ်အတွင်းမှ ကြိမ်းဝါးရင်း ပါးပြင်ပေါ်မှ မျက်ရည်ကိုသုတ်ကာ အံကို ကြိတ်လိုက်လေတော့၏။

ဤသို့လျှင် ငိုချည်တစ်လှည့်၊ အံကြိတ်သည်တစ်ခါဖြင့် ရထားပေါ်၌ လိုက်ပါ လာခဲ့ရာ နောက်ဆုံး ခရီးဆုံးဘူတာဖြစ်သော ရွှေညောင်ဘူတာသို့ ရောက်ရှိခဲ့လေ တော့၏။

ထိုအခါမမယ်ဇယ်သည် လှည်းကုံးဖြင့်ကိုကြာပွတ်၏တဲရှိရာ တောင်ကမ်းပါးယံ ချောက်အတွင်းဆီသို့ ခရီးဆက်ခဲ့လေတော့၏။

၎င်းသည် မြေနီလမ်းကလေးတစ်ခုသို့ရောက်သောအခါ လှည်းပေါ်မှဆင်း၍ တောင်အောက်ဆီသို့ ခြေကျင်သွားလေတော့၏။

တောင်အောက်သို့ စတင်ရောက်ရှိသည့်အချိန်၌ နေဝင်သွားပြီဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်၍ နေလေတော့၏။ မမယ်ဇယ်သည် အားငယ် စွာဖြင့် မှောင်ကြီးထဲလျှောက်၍လာခဲ့ရာ အတော်ဝေးဝေးဆီမှ မီးရောင်ကလေးကို လှမ်း၍ မြင်ရလေတော့၏။

ထိုမီးရောင်ကလေးကား ကိုကြာပွတ်၏ သစ်လုံးအိမ်ကလေးမှ မီးရောင် ဖြစ်ကြောင်း မမယ်ဇယ်သည် ကောင်းစွာသိလေ၏။

"ဩော်. . . တောင်ပေါ်က မော်တော်ကားနဲ့ ချောက်ထဲကိုကျခဲ့တဲ့ညက ဒီမီးရောင်ကလေးကိုမှန်းပြီး ငါဟာ ကိုကြာပွတ်ရဲ့ အိမ်ကလေးဆီသို့ သွားခဲ့ရတာပဲ


www.burmeseclassic.com

www.burmeseclassic.com


အာပဲဖြစ်ဖြစ် ဒီမီးရောင်ကလေးဟာ ငါ့ကိုတော့ အတော့်ကို အကျိုးပြုတယ်” ဟု တွေးတောရင်း ချောင်းရိုးကလေးတစ်ခုကို ကျော်ဖြတ်ရပြန်လေ၏။

ထို့နောက် ထိုခွေးကလေးသည် မမယ်ဇယ်၏ ကိုယ်နံ့ကို ရသွားသဖြင့် အဟောင်ရပ်ကာ မမယ်ဇယ်ထံသို့ အားကုန်သွန်၍ ပြေးလာလေ၏။ မမယ်ဇယ်အား တတ်တတ်ရပ်၍ နှုတ်ဆက်လေတော့၏။

မမယ်ဇယ်သည် ခွေးကလေး၏ခေါင်းကို လက်ဖြင့်ပွတ်ပေးရင်း . . .

“ငါ့ကိုကြင်နာလိုက်တဲ့ခွေးကလေးရယ်၊ မင်းဟာလေ ငါ့ယောကျ်ားမောင်ခင်ဦး ဆိုတဲ့ ကောင်ထက်တောင်မှ အကြင်နာတရားကြီးပါလား၊ ငါ့အဖေ ဦးဘိုးမြှုဟာ ငါ့ကို မောင်ခင်ဦးနဲ့ မပေးစားဘဲ မင်းလို ခွေးတစ်ကောင်နဲ့ ပေးစားခဲ့ရင်တောင် ငါဟာ အခုလောက် ဒုက္ခရောက်ဖို့မရှိဘူး၊ မောင်ခင်ဦးဟာ ခွေးထက်တောင် ဆိုးသေးတယ်” ဟု တိုးတိုးကလေးပြောဆိုကာ ငိုကြွေးပြန်လေတော့၏။

ထို့နောက် မမယ်ဇယ်သည် ခွေးကလေးနှင့်အတူ သစ်လုံးအိမ်ကလေး၏ တံခါးဝဆီသို့ ရောက်ရှိသွားလေတော့၏။

ထိုအခါ အိမ်အတွင်းမှ ကိုကြာပွတ်ကြီးက ထမင်းအိုးတည်ရင်း တံခါးပေါက်ဆီသို့ လှည့်၍မျှပင် မကြည့်ဘဲ . . .

“မသက်ပြင်း . . . ပြန်လာပြီကိုး” ဟု ပြောလိုက်လေတော့၏။

မမယ်ဇယ်သည် ၎င်းအား လှည့်၍မျှမကြည့်ဘဲ ဤသို့ပြောလိုက်ခြင်းကြောင့် အနည်းငယ် အံ့သြ၍သွားလေ၏။

“ရှင်က . . . လှည့်တောင်မကြည့်ဘဲ ကျွန်မမှန်း အတပ်သိနေတာကိုး” ဟု မယ်ဇယ်က ပြောလိုက်လေ၏။

“သိတာပေါ့ဗျာ၊ သိတာပေါ့၊ ခွေးကလေးက ဟောင်နေရာကနေ အဟောင်ရပ်သွားတာပဲ၊ ပြီးတော့ ဟောင်တာလဲမဟုတ် ညည်းတာလဲမဟုတ်၊ ‘ကင် ကက်’ ဆိုတဲ့ အသံမျိုးလေး လုပ်နေတယ်လေ၊ အဲဒါ သူ ဝမ်းသာရင်လုပ်တဲ့ အသံမျိုးပဲ၊ ဒီမှာက ကျုပ်အပြင် သူနဲ့ရင်းနှီးတဲ့လူဆိုလို့ တစ်ယောက်မှမရှိဘူးဗျ၊ အဲဒီတော့ မသက်ပြင်းပဲ ဖြစ်ရမှာပေါ့ဗျာ” ဟု ကိုကြာပွတ်ကြီးက ပြောလိုက်ရာ မမယ်ဇယ်က . . .



www.burmeseclassic.com

www.burmeseclassic.com


"ဪ . . . ဒီလိုကိုး"ဟုဆိုကာ အိမ်အတွင်းသို့ဝင်လေ၏။ ထို့နောက် ထိုလူကြီး ထမင်းချက်နေရာသို့ သွားရောက်ကာ ထမင်းအိုးကို ယောက်မဖြင့် မွှေ၍ပေးလေ၏ ထိုသို့မွှေရင်း . . .

"ထမင်းတွေကလဲ များလှချည့်လား" ဟု မေးလေ၏။

"ကျုပ်တစ်ယောက်တည်းအတွက်မှ မဟုတ်ဘဲ၊ မသက်မြင်းပါစားဖို့လေ" ဟု လူကြီးက ပြောလိုက်လေ၏။ ထိုအခါ မမယ်ဇယ်က . . .

"ဒါနဲ့ ရှင် စောစောက ပြောတုန်းက ခွေးကလေးကြောင့် ကျွန်မ ရောက်နေ တာကို သိတယ်ဆို၊ အခုတော့ ဘယ်မှာဟုတ်လို့တုံး၊ ထမင်းတောင်ပိုပြီးချက်ထားတယ် ဆိုတော့ ကျွန်မလာမယ်ဆိုတာ နဂိုကတည်းက သိနေတယ်ပေါ့" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"သိတာပေါ့ . . . မသက်မြင်းရယ်၊ ခင်ဗျားသွားတဲ့ရက်ရယ်၊ ဟိုရောက်မယ့် ရက်ရယ်၊ ဟိုရောက်တာနဲ့ ခင်ဗျားယောကျ်ားနဲ့ တခြားမိန်းမ ပလူးပလဲလုပ်နေတာကို ခင်ဗျားမြင်ခဲ့ရမယ်၊ ပြီးတော့ ခင်ဗျားချက်ချင်းပြန်လာခဲ့ရမယ် ဆိုတာ ကျုပ်က ကြိုပြီး တွက်ထားပြီးသားပဲ" ဟု ကိုကြာပွတ်ကြီးက ပြောလိုက်လေ၏။

"ရှင် အဲဒါတွေ ဘယ်လိုလုပ်ပြီး သိနေတာတုံး" ဟု မမယ်ဇယ်က ပြန်၍ မေးလိုက်လေ၏။

"ခင်ဗျား တောင်ပေါ်က ကားနဲ့ ချောက်ထဲကို ကျလာတယ်ဆိုတာ ကျုပ်က ယုံတာမဟုတ်ဘူး၊ ခင်ဗျားနဲ့အတူ ကားမောင်းတဲ့လူပါ ကျခဲ့ရမှာ၊ အဲဒီလိုမဟုတ် ကတည်းကိုက ခင်ဗျားကို တစ်စုံတစ်ယောက်က သေကြောင်းကြံတယ်လို့ ကျုပ်က ထင်ပြီးသားပဲ၊ ပြီးတော့ ခင်ဗျားကိစ္စအတွက် ဂါတ်ကိုသွားတဲ့အခါမှာ ခင်ဗျားယောကျ်ား မောင်ခင်ဦးနဲ့ မစန်းအေးဆိုတဲ့ မိန်းမကို ကျုပ်တွေ့ခဲ့ပါတယ်၊ သူတို့နေပုံထိုင်ပုံကို ကျုပ်က သိပ်ပြီးမကြိုက်ဘူး၊ အဲဒီကတည်းက ခင်ဗျားကို သူတို့နှစ်ယောက်က လုပ်ကြံ လိုက်ပြီလို့ ကျုပ်နားလည်ခဲ့ပါတယ်"ဟု ကိုကြာပွတ်ကြီးကရှင်းပြရာ မမယ်ဇယ်က . . .

"အဲဒီကတည်းကိုက . . . ရှင်က ကျွန်မတို့ ဘာဖြစ်လို့ မပြောရတာတုံး" ဟု မမယ်ဇယ်က အပြစ်တင်လိုက်လေ၏။

"လင်မယားကိစ္စဆိုတာ ကြားကပြောလို့ ကောင်းတာမျိုးမဟုတ်ဘူး၊ ကိုယ်တိုင် မြင်ရမှ ကောင်းတာ" ဟု ကိုကြာပွတ်ကြီးက ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com 

ထိုအခါ . . . မမယ်ဇယ်သည် ငိုကြွေး၍ ၎င်းကိုယ်တိုင် မြင်ခဲ့ကြားခဲ့ရပုံကို ကိုကြာပွတ်ကြီးအား ပြောပြလေတော့၏။ ကိုကြာပွတ်ကြီးသည် စိတ်ရှည်လက်ရှည် နားထောင်နေလေ၏။ ထိုသို့ နားထောင်ပြီးနောက် ထမင်းစားရန်အတွက် ထမင်းဟင်းများ ခူးခပ်ကာ မမယ်ဇယ်နှင့်အတူ ထမင်းစားကြလေ၏။ ထမင်းစားပြီးသောအခါ၌ . . .

"မမယ်ဇယ် . . . ဘယ်လိုလုပ်ချင်လို့တုံး" ဟု ကိုကြာပွတ်ကြီးက မေးလိုက်သေ၏။

"ကျွန်မကတော့ ကျွန်မကို သေကြောင်းကြံတဲ့ ဒီနှစ်ယောက်ကို အဆုံးစီရင်ချင်တာပဲ" ဟု မမယ်ဇယ်က ပြောလိုက်ရာ ကိုကြာပွတ်ကြီးက . . .

"မှန်တယ်ထင်တာကို လုပ်ဖို့တော့ ကျုပ်လဲ တိုက်တွန်းပါတယ်ဗျာ၊ အတတ်နိုင်ဆုံးလဲ လိုတဲ့အကူအညီကို ပေးပါ့မယ်၊ ဒီလို အကူအညီပေးတာဟာ မမယ်ဇယ်ကို ချစ်လို့လဲ မဟုတ်ဘူး၊ သနားလို့လဲ မဟုတ်ဘူး၊ ကူညီဖို့ လိုအပ်တယ်ထင်လို့ ကူညီတာပဲ၊ ဒါပေမဲ့ ခင်ဗျားကိစ္စ အောင်မြင်သွားတဲ့အခါ ကျုပ်လိုချင်တာ တစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ခင်ဗျားယောက်ျား မောင်ခင်ဦးနဲ့ မစန်းအေးတို့ ဖတ်နေကြတယ်ဆိုတဲ့ ခင်ဗျားအဖေရဲ့ မှတ်တမ်းကြီးပဲ၊ အဲဒါ ကျုပ် စိတ်အဝင်စားဆုံးပဲ၊ အဲဒီအထဲမှာ သန်းခေါင်ကြယ်အဖွဲ့ဆိုတဲ့အကြောင်းလဲ ပါတယ်ဆို" ဟု ကိုကြာပွတ်က မေးလိုက်လေ၏။

ထိုအခါ မမယ်ဇယ်က . . .

"ကျွန်မအဖေ ရေးထားတဲ့ မှတ်တမ်းဟာ ရှင်နဲ့ ဘယ်လိုပတ်သက်လို့ ရှင့်ကို ပေးရမှာတုံး" ဟု ပြန်၍မေးလိုက်လေ၏။

"ဒါကတော့ ကျုပ်လိုချင်တာကို ပြောတာပါ၊ ခင်ဗျားမပေးချင်လဲ နေပေါ့" ဟု ကိုကြာပွတ်ကြီးက ပြောလိုက်လေ၏။

ထို့နောက် ဘီစကွတ်ပုံးကိုဖွင့်ကာ မုန့်နှစ်ချပ်ကိုယူ၍ အနီးရှိ ခွေးကလေးကို ချ၍ကျွေးလိုက်လေ၏။ မမယ်ဇယ်လည်း ခရီးပန်းလာပြီဖြစ်သဖြင့် ကွပ်ပျစ်ကလေးပေါ်၌ ခွေခွေလေးလှဲရင်း အိပ်ပျော်သွားလေတော့သတည်း။

◈◈◈◈◈



www.burmeseclassic.com

www.burmeseclassic.com

မမယ်ဇယ်သည် နောက်တစ်နေ့နံနက် ကိုးနာရီထိုးသည့်အခါကျမှပင် အိပ်ရာနိုးလေတော့၏။ ထိုအခါ၌လည်း မမယ်ဇယ်စားသောက်ရန်အတွက် ကိုကြာပွတ်ကြီးသည် အစားအသောက်များကို စီမံပြီးဖြစ်လေတော့၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် နံနက်စာကို စားသောက်ကြလေတော့၏။ ထိုသို့စားသောက်ရင်း ကိုကြာပွတ်က . . .

"မမယ်ဇယ် ကြားခဲ့ရတယ်ဆိုတဲ့ သူတို့မှတ်တမ်းကြီးအကြောင်းကို ကျုပ်ကို ပြောပြပါဦး" ဟု ဆိုသဖြင့် မမယ်ဇယ်က . . .

"ညက ရှင့်ကိုပြောပြီးပြီပဲ ကိုကြာပွတ်ရဲ့" ဟု မမယ်ဇယ်က ပြန်၍ပြောလိုက်လေ၏။

"ညက ပြောတာတော့ ဟုတ်ပါရဲ့ မသက်ပြင်း အဲ. . . အဲ. . . မမယ်ဇယ်ရယ် ဒါပေမဲ့ ညကပြောတာက မပြည့်စုံပါဘူးဗျာ၊ ပြည့်ပြည့်စုံစုံလေး ပြောစမ်းပါဦး" ဟု ဆိုသဖြင့် မမယ်ဇယ်လည်း ၎င်းကြားခဲ့သမျှသော မှတ်တမ်းကြီးမှ အကြောင်းအရာများကို ပြောပြလေ၏။

ထိုအကြောင်းအရာများထဲတွင် ရတနာပစ္စည်းများအကြောင်းလည်း ပါ၏။ တစ်ဦးကိုတစ်ဦးရက်စက်စွာသတ်ဖြတ်ခြင်းအကြောင်းလည်းပါ၏။ သို့ရာတွင် မမယ်ဇယ်ကိုယ်တိုင်က ထိုမှတ်တမ်းကြီးကို အပြည့်အစုံ ကြားခဲ့ရသည်မဟုတ်၊ အစွန်းအဖျားလောက်သာ ကြားခဲ့ရခြင်းဖြစ်၏။ ထိုအစွန်းအဖျားလောက်ကိုပင် ကိုကြာပွတ်ကြီးသည် လွန်စွာစိတ်ဝင်စား၍နေလေ၏။

ကိုကြာပွတ်သည် မမယ်ဇယ်ပြောပြသော မှတ်တမ်းဆိုသည်ကို နားထောင်ပြီးနောက် ပျော်ရွှင်သကဲ့သို့ ရှိလေ၏။

ထို့နောက် မမယ်ဇယ်အနေနှင့် မောင်ခင်ဦးနှင့် မစန်းအေးတို့အား လက်စားချေလိုက ချေနိုင်ကြောင်း၊ မိမိအနေနှင့် အတတ်နိုင်ဆုံး ကူညီမည်ဖြစ်ကြောင်း ကိုကြာပွတ်ကြီးက တဖွဖွပြောလေတော့၏။

မမယ်ဇယ်ကလည်း မောင်ခင်ဦးနှင့် မစန်းအေးတို့အား လက်စားချေမည်ဖြစ်ကြောင်း ကျိန်တွယ်၍ပြောလေ၏။ ထိုနေ့အဖို့ မမယ်ဇယ်နှင့် ကိုကြာပွတ်တို့သည် မောင်ခင်ဦးနှင့် မစန်းအေးတို့အား မည်သို့မည်ပုံ လက်စားချေရမည်ကို အသေးစိတ် တိုင်ပင်ရင်းနှင့်သာ အချိန်ကုန်ခဲ့လေတော့သတည်း။

◈◈◈◈◈


www.burmeseclassic.com

www.burmeseclassic.com


ဤနေရာ၌ မောင်ခင်ဦးနှင့် မစန်းအေးတို့ဖတ်ခဲ့ကြသော ဦးမြူရေးထားသည့် မှတ်တမ်းကြီးကို ဖော်ပြရန် လိုပေသည်။ ထိုသို့ဖော်ပြရာ၌လည်း အတတ်နိုင်ဆုံး အသေးစိတ်ဖော်ပြရန် လိုသည့်အလျောက် ဖော်ပြလိုက်ရပေတော့သတည်း။

(စာရေးသူ)

www.burmeseclassic.com

# ကျိန်စာသင့်သော အိမ်ကြီး၏ မှတ်တမ်း

ကျွန်ုပ် မောင်မြသည် ဤမှတ်တမ်းကို ဝမ်းနည်းကြေကွဲစွာဖြင့် ရေးသားအပ်ပါပေသည်။ ရေးသားရသောရည်ရွယ်ချက်မှာ ထူးဆန်းအံ့ဩဖွယ်ကောင်းသော လူတို့၏ကြမ္မာအကြောင်းကို မှတ်တမ်းတင်လိုသည်ကလည်းတစ်ကြောင်း၊ အကျဉ်းအကျပ် ဘေးဒုက္ခ တွေ့ကြုံလာရသောအခါ၌ သီလ သမာဓိသာလျှင် မိတ်ဆွေကောင်းသဖွယ် ဖြစ်ကြောင်းတို့ကို နောင်လာနောက်သားတို့ သိစေလိုသည်ကလည်း တစ်ကြောင်းကြောင့် ရေးသားခဲ့ခြင်းဖြစ်ပေသတည်း။

www.burmeseclassic.com


ကျွန်ုပ်၏ဖခင်မှာ စပါးပွဲစားကြီးတစ်ဦး ဖြစ်ပေသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ အစ်ကိုဖြစ်သူ မောင်ဘိုးထူတို့ မမွေးမီကပင် စပါးပွဲစားအလုပ်ကို လုပ်ကိုင်ခဲ့သည်ဆို၏။

ထိုခေတ် ထိုအချိန်က နာမည်ကြီးသော စပါးပွဲစားကြီးဆယ်ဦးအနက် ကျွန်ုပ်ဖခင်ကြီး ဦးပေတလူမှာလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။

ဖခင်ကြီးသည် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ဦးအား မကြာခဏ အောက်ပါအတိုင်း ဆုံးမလေ့ရှိလေ၏။

"ငါ့သားတို့ရာ . . . ပညာကတော့ ခြောက်တန်း ခုနစ်တန်းလောက်ဆိုရင် တော်လောက်ပါပြီ။ အတွက်အချက်ကလေးနိုင်နိုင်နင်းနင်းတတ်ရမယ်။ ပြီးရင် ဆယ်လီကျေရမယ်။ ဒါဆိုရင် ထမင်း မငတ်ပါဘူးကွာ"

ဖခင်ကြီး၏စကား၌ပါသော ဆယ်လီကျေရမည် ဆိုသည်မှာ အောက်သက်ကျေခြင်းကို ဆိုလိုဟန်ရှိ၏။ သို့မဟုတ်နှံ့စပ်ခြင်းကို ဆိုလိုဟန်ရှိ၏။

ထို့ကြောင့် . . . ကျွန်ုပ်တို့ညီအစ်ကိုနှစ်ဦးအား ခုနစ်တန်းအောင်သည့်နှစ်၌ ကျောင်းမှထုတ်၍ ပွဲစားလုပ်ငန်းများ၌ သွတ်သွင်းလေတော့၏။ ကျွန်ုပ်အစ်ကို မောင်ဘိုးထူမှာမူ ပွဲစားပေါက်စဖြစ်ခါစ၌ပင် လူရှုပ်လူပွေပွဲစားကြီးများနှင့် ပေါင်းသင်း၍ 'ကက်' ဆွဲတတ်လာ၏။ ပိုကာပစ်တတ်လာ၏။ အရက်သောက်တတ်လာ၏။ ပြည့်တန်ဆာမအိမ်သို့ သွားတတ်လာ၏။

ထိုအကြောင်းကိုသိသော ကျွန်ုပ်၏ဖခင်ကြီးက 'ငါ့သား မောင်ဘိုးထူကတော့ ဆယ်လီမဟုတ်ဘူး၊ ဆယ့်ငါးလီတောင် ကျေနေပြီပေါ့" ဟု မကြာခဏ ပြောဆိုရလေတော့၏။

ကျွန်ုပ်မှာမူကား စပါးပုံများ၊ တာလီတုတ်များ၊ စပါးစာရင်း၊ ငွေစာရင်းနှင့်သာ အချိန်ကုန်၍ နေရလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်၏ဖခင်ကြီးက . . .

"မောင်ဘိုးမြူရယ် . . . ဒီစပါးရာသီဟာ ဘယ်လိုဖြစ်မှန်း မသိပါဘူးကွယ်၊ နောက်ဆုံးပိတ် တို့ဝယ်တဲ့ စပါးတွေကို ကြည့်စမ်း၊ ငစိန်စပါးကို တင်း လေးငါးရာ

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ထားတယ်ကွ၊ အဲဒါက ထားဦး၊ ရှစ်ဆယ့်ငါးကျပ်ဈေးနဲ့ မီးဒုံးက တင်းငါးရာကွာ ကိုးဆယ့်ငါးကျပ်ဈေးနဲ့ ငကျွဲက တင်းလေးရာကွာ၊ တစ်ရာ့အစိတ်ဈေးနဲ့ ကမာကြည်က တင်းခြောက်ရာကွာ၊ စပါးပုံတွေလဲ ပြန်ရောင်းလိုက်လို့ ကုန်ရော၊ အဖေထုတ်ထားတဲ့ ငွေဟာ သူ့အတိုင်း သူ့အတိုင်းပဲကွ၊ ဘယ်ဈေးနဲ့များ ပြန်ပြီးရောင်းမိမှန်းကို အဖေတော့ မသိပါဘူးကွာ၊ အဲ့ဒီတုန်းက မင်းလဲ မြို့တက်နေလို့ မင်းလဲသိမှာမဟုတ်ဘူး၊ ဘိုးထူကို မေးလဲ အကြောင်းထူးမှာ မဟုတ်ပါဘူးကွာ" ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ဖခင် ပြောသော စပါးဈေးနှုန်းနှင့် စပါးတင်းရေများကို စိတ်တွက်ဖြင့်တွက်ကာ . . .

"အဖေ အားလုံးကို တစ်ရာ့သုံးဆယ်ဈေးနဲ့ ပြန်းရောင်းလိုက်တာပါ" ဟု မဆိုင်းမတွ ပြန်၍ဖြေလိုက်ရာ ဖခင်ကြီးသည် ကျွန်ုပ်ပြောသည်ကို မယုံသဖြင့် စက္ကူကြမ်း၌ ချ၍ တွက်ပြီးလျှင် အဖြေကိုက်သောအခါ၌ . . .

"ငါ့သား မင်းတယ်ဟုတ်နေပါလား၊ စပါးတွက်တောင် အတော့်ကိုကျွမ်းနေပြီ" ဟု ချီးကျူးလေ၏။

ထိုနေ့မှစ၍ ဖခင်ကြီးသည် ကျွန်ုပ်အား ၎င်း၏ လုပ်ငန်းများကို တစ်စတစ်စ လွှဲအပ်လေတော့၏။ ကျွန်ုပ်၏အစ်ကို ကိုဘိုးထူမှာမူ အလုပ်၌ စိတ်ဝင်စားခြင်းမရှိဘဲ ပွဲစားယောင်ယောင် ဟူသော ဂုဏ်ပုဒ်နှင့်သာ ကျေနပ်၍ နေလေတော့၏။

သုံး၍ဖြုန်း၍တုန်လျှင် ကျွန်ုပ်ထံသို့ လက်ဖြန့်ကာ 'ဘိုးမြူရ၊ ပိုက်ဆံပေးစမ်းပါ ကွာ" ဟုသာ တောင်းလေတော့၏။

ကျွန်ုပ်က . . .

"အစ်ကိုကလဲဗျာ၊ ခဏခဏတောင်းနေလို့ ဘယ်ဖြစ်မတုံး၊ အဖေက စာရင်းစစ်ရင် ငွေတွေကွာနေမှာပေါ့" ဟု ပြောရာ မောင်ဘိုးထူက . . .

"ဘိုးမြူရယ်၊ မင်းဟာ အတော့်ကို အ,တဲ့အကောင်ပဲ၊ တို့အဖေ ဦးပေတလူကြီး ရှာဖွေနေတာဟာ ဘယ်သူသုံးဖို့ရှာနေတာတုံးကွ၊ မင်းနဲ့ ငါနဲ့ သုံးဖို့ ရှာနေတာပဲ မဟုတ်လား၊ သူတို့သေသွားရင်လဲ ဒီငွေတွေကို မင်းနဲ့ ငါနဲ့ ခွဲယူပြီး သုံးကြမှာပဲ မဟုတ်လား၊ နောင်ကိုလဲ ငါတို့သုံးရမယ့်ပိုက်ဆံပဲကွာ၊ နှမြောမနေပါနဲ့၊ အခုကတည်းက ကြိုပြီး သုံးနှင့်တာပေါ့" ဟု ဆိုလေတော့၏။

မတတ်သာသည့် အဆုံး၌ ကျွန်ုပ်လည်း ၎င်းအလိုရှိသောငွေကို ထုတ်ပေးရ လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


ဖခင်ကြီးသည် မကြာခဏငွေစာရင်းကို စစ်ဆေး၏။ ငွေစာရင်းကွာကြောင်း တွေ့လျှင် . . .

"ဘိုးထူ ယူသုံးတယ် မဟုတ်လား" ဟု ကျွန်ုပ်ကို မေးလေ၏။ ကျွန်ုပ်ကလည်း ဟုတ်မှန်ကြောင်း ဝန်ခံလိုက်လေ၏။ ထိုအခါ၌ ဖခင်ကြီးသည် ဘိုးထူကို ခေါ်ယူ၍ ဆူပူကြိမ်းမောင်းလေတော့၏။

ကျွန်ုပ်၏ဖခင်သည် မောင်ဘိုးထူကိုသာလျှင် မကြာခဏ ဆူပူနေရလေ၏။ ကျွန်ုပ်မှာမူကား တစ်ကြိမ်တစ်ခါမျှပင် ဆူပူ ကြိမ်းမောင်းခြင်း မခံရပေ။ ကျွန်ုပ်သည် ဖခင်ကြီး၏ အလုပ်ဝတ္တရားများကို ကျွမ်းကျင်နိုင်နင်းစွာ လုပ်ဆောင်ပေးလေ၏။ ထို့ကြောင့် ဖခင်ကြီးသည် ကျွန်ုပ်အား လွန်စွာ အားကိုး၏။ စီးပွားရေးကိစ္စများကို ကျွန်ုပ်နှင့်ပင် တိုင်ပင်လေ၏။ ကျွန်ုပ်တို့မိသားစုသည် အစ်ကိုဖြစ်သူ မောင်ဘိုးထူ အသုံးအဖြုန်းကြီး၍ မကြာခဏ ဖခင်ကြီးက ဆူပူရသည်မှလွဲ၍ အေးအေးချမ်းချမ်း ရှိလေ၏။ စီးပွားလည်း ဒီရေအလားတိုးတက်လာ၏။ ဤသို့နှင့်ပင် ကျွန်ုပ်အသက်နှစ်ဆယ် အရွယ်သို့ ရောက်သောအခါ၌ ကျွန်ုပ်တို့မိသားစုသည် လူချမ်းသာများဖြစ်၍လာလေ တော့သည်။

ထိုသို့ ချမ်းသာလာခြင်းသည်ပင်လျှင် ကျွန်ုပ်တို့မိသားစုအဖို့ ကံဆိုးမိုးမှောင် ကျလာခြင်း၏ အစ ဖြစ်လေတော့၏။

◈◈◈◈◈

တစ်နေ့သ၌ ကျွန်ုပ်၏ဖခင်သည် ရန်ကုန်မြို့ ကင်းဘဲ (လ်) လမ်း၊ ကုန်းမြင့် ကလေးတစ်ခုပေါ်ရှိ ချစ်တီးပိုင်အိမ်တန်းလျားကလေးတစ်လုံးကို ဝယ်ယူရန်အတွက် သွားရောက်ကြည့်ရှုလေ၏။ ကျွန်ုပ်ကိုလည်း ကြည့်ရှုရန် ခေါ်၍ သွားလေ၏။ ချစ်တီး ကုလားကြီးနှင့် ကျွန်ုပ်၏ဖခင်သည် တန်းလျားကလေးအား မလှမ်းမကမ်းမှနေ၍ လှမ်းမျှော်ကြည့်ရှုကာ စကားပြော၍နေကြလေ၏။ ကျွန်ုပ်မှာမူကား ၎င်းတို့နှင့် အတော် လှမ်းသော်နေရာသို့ သွားရောက်၍ ကျောက်တုံးကလေးတစ်တုံးပေါ်တွင် ထိုင်၍ နေလေ၏။ တန်းလျားတွင်နေထိုင်ကြကုန်သောအိမ်ငှားတို့မှာ စိတ်မချမ်းမြေ့သော မျက်နှာများနှင့် ၎င်းတို့၏ အိမ်ပေါက်ဝများမှ ထွက်ပြူကြည့်ရှုနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ လူငယ်တစ်ဦးသည် ထိုတောင်ကုန်းကလေးပေါ်သို့ တက်၍လာလေ၏။ ၎င်းလူငယ်သည် ထိုတန်းလျားတွင် နေထိုင်သူ ဖြစ်ဟန်ရှိ၏။

သူသည် ကျွန်ုပ်အနီးသို့ ရောက်သောအခါ၌ ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် ခပ်လှမ်းလှမ်းတွင် တန်းလျားကိုကြည့်၍ စကားပြောနေသော ကျွန်ုပ်၏ဖခင်နှင့် ချစ်တီးကုလားကို လှမ်း၍ကြည့်ကာ တန်းလျားဆီသို့ လျှောက်သွားလေ၏။ တန်းလျားအနီးသို့ ရောက်သွားသောအခါ၌ တန်းလျားမှလူများသည် ၎င်းလူငယ်အား ဆီးကြို၍ ပြောဆိုကြလေ၏။ ချစ်တီးကုလားနှင့် ကျွန်ုပ်၏ဖခင်ကိုလည်း ညွှန်ပြ၍ လူငယ်အား ပြောပြကြလေ၏။ ၎င်းတို့၏ အမူအရာမှာ လူငယ်အား တိုင်တန်းနေသကဲ့သို့ရှိလေ၏။ ထိုအခါ လူငယ်သည် တစ်စုံတစ်ယောက်အား ရေသောက်လိုကြောင်း ပြောဆိုသဖြင့် မိန်းကလေးတစ်ဦးက သောက်ရေတစ်ခွက်ပြေး၍ခပ်ပြီးလျှင် လူငယ်အား လာရောက်ပေးသည်ကိုလည်း ကျွန်ုပ်သည် မြင်၍နေရလေ၏။ ၎င်းတို့သည် ကျွန်ုပ်၏ ဖခင်နှင့် ချစ်တီးကုလားကို မကျေမနပ်ဖြစ်၍နေကြကြောင်းမှာ ၎င်းတို့၏အမူအရာကို မြင်ရုံနှင့်ပင် သိနိုင်ပေ၏။

ကျွန်ုပ်သည် ၎င်းတို့ပြောဆိုသောစကားများကို မကြားရသော်လည်း လူငယ်အား အဖြစ်အပျက်ကိုပြောပြ၍ အကူအညီတောင်းနေပုံရှိလေ၏။ လူငယ်သည် မိန်းကလေးတစ်ဦး ခပ်ပေးသော သောက်ရေကို သောက်ပြီးလျှင် သူ၏လူများကို ငြိမ်ငြိမ်ကလေးနေရန် လက်ဟန်ခြေဟန်ဖြင့် ပြ၍ . . . ၎င်းကမူ ကျွန်ုပ်၏ဖခင်နှင့် ချစ်တီးကုလားရှိရာသို့ ဣန္ဒြေရရ လျှောက်လာလေတော့၏။

တန်းလျားမှ လူများသည် လူငယ်ကို အားကိုးကြီးစွာဖြင့် ငေးမောကြည့်ရှု၍ နေကြလေ၏။

လူငယ်သည် ကျွန်ုပ်၏ ဖခင်ကြီးနှင့် ချစ်တီးကုလား၏အနီးသို့ ရောက်သောအခါ၌ ခြေကို ခပ်ကျဲကျဲထား၍ရပ်ကာ လွန်စွာစူးရှသော မျက်လုံးဖြင့် ကျွန်ုပ်၏ ဖခင်ကြီးအား . . .

"ဒီမှာ . . . သူဌေးမင်းခင်ဗျား၊ ဒီတန်းလျားကို ဝယ်မလို့လား" ဟု ချိုသာစွာ မေးလိုက်၏။ ကျွန်ုပ်သည် ၎င်း၏စကားကို ဂရုစိုက်၍နားထောင်နေမိလေ၏။ ၎င်း၏ အသံမှာ ပါးစပ်မှလာသော အသံမျိုးမဟုတ်ဘဲ ရင်ခေါင်းမှလာသော အသံမျိုးဖြစ်၏။

ကျွန်ုပ်၏ဖခင်က ၎င်းအား ခြေဆုံးခေါင်းဆုံးကြည့်ရှုပြီးလျှင် . . .


www.burmeseclassic.com

www.burmeseclassic.com


"အေး . . . ဟုတ်တယ်၊ ဝယ်မလို့" ဟု တုံးတိတိ ပြန်၍ဖြေလိုက်လေ၏။

"မဝယ်ပါနဲ့ ခင်ဗျာ" ဟု ထိုလူငယ်က တောင်းပန်သောလေသံဖြင့် ပြန်၍ ပြောလေ၏။ ထိုအခါ ချစ်တီးကုလားက . . .

"ဟဲ့ . . . ကန်လေး၊ နင်နဲ့ဘာဆိုင်တယ်" ဟု ပြောလေ၏။ ကန်လေးဆိုသည်မှာ ကောင်လေးဟု ခေါ်ခြင်းဖြစ်၏။ သို့ရာတွင် မပီသောကြောင့် 'ကန်လေး' ဟုသာ အသံထွက်လေ၏။

"ငါနဲ့ဆိုင်တယ် ချစ်တီး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ မြန်မာလူမျိုးဖြစ်လို့ပဲ၊ ဒီမြေဟာ မြန်မာပြည်ကမြေ ဖြစ်တယ်၊ မင်းနဲ့ ဘာမှမဆိုင်ဘူး" ဟု လူငယ်က ပြန်၍ ပြောလေ၏။

"ငါနဲ့မဆိုင်ဘူး . . . ဟုတ်လား၊ ဘာဖြစ်လို့မဆိုင်ရမှာလဲ၊ ဒီအိမ်ရှင်ဟာ ငါ့ကို ကြွေးမပေးဘူး၊ ဒါကြောင့် ငါသိမ်းထားတာ၊ ငါ့မှာ စာချုပ်ရှိတယ်၊ နင်ကြည့်မလား" ဟု ချစ်တီးက ပြန်၍ပြောလေ၏။

"မင်းဆီကစာချုပ်ကို ငါတို့အသိအမှတ်မပြုဘူး၊ မင်းဟာ မြန်မာတစ်ယောက် မဟုတ်ဘဲ မြန်မာ့မြေပေါ်က ပစ္စည်းတွေကို ပိုင်ဆိုင်ပါတယ်လို့ ဘယ်လိုစာချုပ်မျိုးနဲ့ ရေးထား ရေးထား ယုံဖို့မလိုပါဘူး၊ စဉ်းစားဖို့လဲ မလိုပါဘူး၊ နောက်ပြီး မင်းလို အောက်တန်းကျတဲ့ လူယုတ်မာတစ်ယောက်နဲ့ စကားမပြောချင်ဘူး၊ ဟောဒီက ဦးလေးနဲ့ပဲ ပြောချင်ပါတယ်၊ မင်းတစ်ခွန်းမှ ဝင်မပြောပါနဲ့" ဟု လူငယ်ကပြောလေ၏။ ထိုအခါ ချစ်တီးက . . .

"ငါ့ရဲ့စာချုပ်ကို နင်ကအသိအမှတ်မပြုဘူး ဟုတ်လား၊ နင်က ဘာကောင်လဲ၊ နင် အသိအမှတ်မပြုလဲ ကိစ္စမရှိဘူး၊ ရုံးတော်က အသိအမှတ်ပြုဖို့ပဲ အရေးကြီးတယ်" ဟု ပြောလိုက်ရာ လူငယ်သည် ချစ်တီးကုလား၏ ရင်ဘတ်ကို လက်ဖြင့်ဆောင့်၍ တွန်းလိုက်ရာ ချစ်တီးကုလားသည် ဖင်ထိုင်လျက်သား လဲကျသွားလေ၏။

"နောက်ထပ်တစ်ခွန်းဝင်ပြီးပြောရင် မင်းပါးစပ်ထဲကသွားတွေအားလုံး မြေကြီးပေါ်ကို ကျွတ်ပြီး ကျကုန်မယ်" ဟု လူငယ်က ပြောလိုက်ရာ . . . ချစ်တီးကုလားသည် စကားတစ်ခွန်းမျှမဟရဲတော့ဘဲ ငြိမ်၍ထလာလေတော့၏။ ထိုအခါကျွန်ုပ်၏ဖခင်က-

"ကျုပ်ဟာ ကျုပ် ဝယ်မယ့်ကိစ္စမှာ မောင်ရင်က ဘာကြောင့်ကန့်ကွက်ရတာတုံး" ဟု လူငယ်အား မေးလိုက်လေ၏။

www.burmeseclassic.com

 www.burmeseclassic.com

"ဦးလေးက ဝယ်ပြီးရင် ဒီကလူတွေကို မောင်းထုတ်ပစ်မှာ မဟုတ်လား" ဟု လူငယ်က မေးလိုက်လေ၏။

"ကျုပ်ငွေနဲ့ဝယ်ပြီးရင် ကျုပ်အိမ်ဖြစ်သွားပြီပဲ၊ ကျုပ်သဘောပေါ့ဗျာ၊ ပြောင်းခိုင်း ချင် ပြောင်းခိုင်းရမယ်၊ တစ်အိမ်လုံး ဖျက်ချင်ဖျက်ပစ်မယ်၊ အဲဒါ မောင့်အပူလား" ဟု ကျွန်ုပ်၏ ဖခင်က မေးလိုက်ရာ ဟိုလူငယ်က . . .

"ငွေရှိလို့ လုပ်ချင်တာလုပ်မယ် ဆိုရင်တော့ ရတာပေါ့ ဦးလေးရာ၊ ဒါပေမဲ့ ဒီတန်းလျားမှာနေတဲ့ လူတွေဟာ ဆင်းရဲသားတွေပါ၊ အိမ်မဝယ်နိုင်လို့ အိမ်ငှားနေကြ ရှာတာပေါ့၊ လခကလေးကိုတောင် မှန်အောင် မနည်းကြိုးစားပေးရတာပါ၊ ဒီလူတွေကို မသနားဘဲ ချစ်တီးဆီကဝယ်ပြီး အားလုံးကို မောင်းထုတ်တော့မှာလား၊ မောင်းထုတ် တာလဲ ဟုတ်ပါပြီ၊ သူတို့တွေ တခြားမှာ နေဖို့ထိုင်ဖို့ ပြောင်းဖို့ ရွှေ့ဖို့ကလေးများအတွက် ရော ငွေကလေးဘာလေး မထောက်ပံ့တော့ဘူးလား" ဟု ပြန်၍ မေးလိုက်လေ၏။

"ဒါတွေစဉ်းစားဖို့ ငါ့အလုပ်မဟုတ်ဘူးကွ၊ နေစမ်းပါဦး၊ မင်းက ဒီတန်းလျား မှာနေတဲ့လူလား" ဟု ကျွန်ုပ်၏ ဖခင်က မေးလိုက်ပြန်လေ၏။

"ကျွန်တော်က ဒီမှာနေတာမဟုတ်ပါဘူး၊ ဒီတန်းလျားမှာနေတဲ့ကလေးတွေကို နေ့ခင်းမှာလာပြီး စာသင်ပေးတယ်၊ ညဘက်ကျရင် လူကြီးတွေကို သင်ပေးတယ် အတွက်အချက်နဲ့ အင်္ဂလိပ်စာကလေး သင်ပေးပါတယ်၊ သူတို့ဟာ ဆိပ်ကမ်းမှာ ကူလီ ထမ်းတဲ့လူတွေက ထမ်းတယ်၊ ကားမောင်းတဲ့လူက မောင်းတယ်၊ ဆိုက်ကားနင်းတဲ့လူက နင်းတယ်၊ စျေးရောင်းကြတဲ့လူက ရောင်း၊ တကယ့်ကို သနားစရာကောင်းကြပါတယ် လူရိုးလူအ,တွေလဲဖြစ်ပါတယ်၊ သနားပါဦးလေးရယ်" ဟု လူငယ်ကတောင်းပန်လေ၏။

"ဒီမှာ . . . မောင်ရင်ရဲ့၊ မင်းဉစ္စာက မင်းနဲ့လဲ ဘာမှမဆိုင်ဘဲ ဘာဖြစ်လို့ လာပြီး လူလည်လုပ်ရတာလဲကွယ့်၊ ကိုယ့်ဟာကိုယ် နေစမ်းပါကွာ" ဟု ကျွန်ုပ်၏ဖခင်က ပြောလိုက်လေ၏။

"ကျွန်တော်လူလည်လုပ်ရတာက ဘာမှမသိတဲ့ လူရိုးလူအ,ဆင်းရဲသားတွေကို ဦးလေးတို့လို ငွေရှိတဲ့လူတွေကချည်း လူလည်လုပ်နေလို့ ကြားကဝင်ပြီး လုပ်ပေးရတာ ပါ" ဟု ထိုလူငယ်ကပြောရာ ချစ်တီးကုလားက . . .

"နင်ဘာဆိုင်လဲ ကန်လေး၊ နင် ပိုက်ဆံလိုချင်ရင် နည်းနည်းပါးပါး ငါပေးမှာ ပေါ့" ဟု ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ လူငယ်သည် ချစ်တီးကုလား၏မျက်နှာကို လက်သီးဖြင့် ခွပ်ခနဲထိုးချလိုက်လေတော့၏။

ချစ်တီးကုလားသည် နောက်သို့လဲကျသွားပြီးလျှင် သွားနှစ်ချောင်းကျွတ်၍သွားလေ၏။

"မင်း ဘယ်လိုလုပ်လိုက်တာတုံး"ဟု ကျွန်ုပ်၏ဖခင်ကမေးရာ ထိုလူငယ်က-

"မြင်တဲ့အတိုင်းပဲလေ၊ မြန်မာနှစ်ယောက်စကားပြောနေတဲ့အထဲမှာ ဝင်ရှုပ်လို့ဆုံးမလိုက်တာ" ဟု ပြန်၍ပြောလိုက်လေ၏။

"မင်းကိုဆုံးမဖို့ ပုလိပ်တွေ မကြာခင်ရောက်လာလိမ့်မယ်" ဟု ကျွန်ုပ်၏ဖခင်ကလည်း ပြန်၍ပြောလိုက်လေ၏။

"ဒါက အရေးမကြီးပါဘူး ဦးလေး၊ ဒီအိမ်ကိုဝယ်ပြီး ဒီအိမ်ကလူတွေကို နှင်ပစ်ဖို့မလုပ်ပါနဲ့လို့ နောက်ဆုံးအကြိမ် ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်စကားနားမထောင်ရင်တော့ ဦးလေး ဒုက္ခရောက်လိမ့်မယ်၊ ဦးလေးတစ်ယောက်တည်းရောက်မှာမဟုတ်ဘူး၊ ဆွေစဉ်မျိုးဆက်ဒုက္ခရောက်လိမ့်မယ်" ဟု ထိုလူငယ်ကပြောရာ ကျွန်ုပ်၏ဖခင်က . . .

"ငါ . . . ဒုက္ခရောက်မရောက်တော့ မသိဘူး၊ မင်းတော့ မကြာခင်ဒုက္ခရောက်တော့မယ်" ဟု ပြောဆိုကာ ချာခနဲ လှည့်ထွက်ခဲ့လေ၏။

ကျွန်ုပ်မှာမူ . . . ချစ်တီးကုလားကိုတွဲ၍ တောင်ကုန်းကလေးအောက်တွင်ရပ်ထားသော ကျွန်ုပ်တို့၏မော်တော်ကားရှိရာသို့ ခေါ်လာခဲ့ရလေ၏။ ထို့နောက်ကျွန်ုပ်က ကားကို မောင်းရလေ၏။ ကားမှာ ကျွန်ုပ်တို့၏ကားမဟုတ်ပေ။ ချစ်တီးကုလားအကြွေးဖြင့်သိမ်းထားသော ကားဖြစ်၏။ ကျွန်ုပ်သည် ကားကို ဖြည်းညင်းစွာမောင်းနှင်လေ၏။ ကျွန်ုပ်၏ဖခင်ကမူ စောစောကလူငယ်ကိုစိတ်ဆိုးလျက် တဖျစ်တောက်တောက်ပြောကာ လိုက်ပါလာခဲ့လေ၏။

"ထွီ . . . တောက်၊ မဖြစ်စလောက် ကျောင်းဆရာပေါက်စက ဟန်တလုံးပန်တလုံးနဲ့ ပြောလိုက်တာ၊ သူ့ကိုပဲ ကြောက်ရဦးတော့မလိုဘဲ၊ မောင်ဘိုးမြ ဂိတ်ကိုမောင်းစမ်းကွာ" ဟု ကျွန်ုပ်၏ဖခင်က ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ဂိတ်ဆီသို့ ဦးတည်၍ မောင်းနှင်ရလေ၏။ ဂိတ်သို့ရောက်လျှင် ကျွန်ုပ်၏ဖခင်သည် ဌာနာအုပ်နှင့် ဝင်၍တွေ့ကာ အကျိုးအကြောင်းပြောလေ၏။ ထိုအခါ ဌာနာအုပ်က . . .


www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုရှိတယ် ဦးရယ်၊ အိမ်ရှင်အိမ်ငှားကိစ္စဆိုတာ . . . ကျွန်တော်တို့ ဝင်လို့ မကောင်းဘူး၊ ဦး . . . မကျေနပ်ရင် ရုံးတော်ကနေ တရားစွဲပါ၊ ရုံးက နှင်မိန့်ရရင်တော့ အိမ်ငှားတွေကို ကျွန်တော်တို့နှင်ပေးပါ့မယ်" ဟု ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်၏ ဖခင်က . . .

"ကျုပ် . . . အခု ရာဇဝတ်အုပ်မင်းကိုလာပြီး ပြောတာက အိမ်ရှင်အိမ်ငှား ကိစ္စမဟုတ်ဘူး၊ ချစ်တီးကုလားကို ဘာမှမဆိုင်တဲ့ ကျောင်းဆရာကဝင်ပြီး လက်သီးနဲ့ ထိုးတဲ့ကိစ္စကို လာပြီးတိုင်နေတာ" ဟု ပြောလိုက်ရာ ဌာနာအုပ်က . . .

"ကျွန်တော်တို့ဂါတ်မှာ အလွန်ပဲ အလုပ်များပါတယ်ခင်ဗျာ၊ ခါးခုတ်မှု လုယက်မှု၊ ဒမြမှုတွေ အများကြီး အလုပ်လုပ်နေပါတယ်၊ တစ်ဦးနဲ့တစ်ဦး စကားများ လာပြီး လက်သီးနဲ့ထိုးတာလောက်ကိုတော့ အမှုလာပြီးမလုပ်ကြပါနဲ့လို့ တောင်းပန်ပါ ရစေ" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်၏ဖခင်က . . .

"လက်သီးနဲ့ထိုးတာက ဖူးရုံ ရောင်ရုံတင် ဖြစ်တာမဟုတ်ဘူး၊ သွားနှစ်ချောင်း တောင် ကျွတ်သွားတာ ဌာနာအုပ်မင်းရဲ့" ဟု ပြောရာ ဌာနာအုပ်က . . .

"သွားနှစ်ချောင်းကျွတ်တာ အရေးမကြီးပါဘူး၊ ခင်ဗျား သွားကိုက်ရင်တောင် နုတ်ပစ်ရသေးတာပဲ၊ ကျွန်တော့်ပါးစပ်ထဲက သွားလေးချောင်းတောင် ပြီးခဲ့တဲ့လက သွားပိုးစားတာနဲ့ နုတ်ပစ်ရသေးတယ် . . . ဒီလောက်နဲ့တော့ အမှုမလုပ်ပါနဲ့ဗျာ" ဟု ပြောလေ၏။

ဒီလိုလုပ်ပါ. . . ဌာနာအုပ်မင်းရယ်၊ အမှုမလုပ်ချင်ရင်လဲနေပါ၊ သင့်တော် သလိုတော့ ဒီကောင့်ကိုခေါ်ပြီး ဆုံးမပေးစမ်းပါ၊ ဟောဒီမှာ ငွေနှစ်ရာ၊ ဌာနာအုပ်မင်းကို လာဘ်ပေးတာမဟုတ်ပါဘူး၊ မျှမျှတတစဉ်းစားတတ်တဲ့ ဌာနာအုပ်မင်းရဲ့ နာယက ဂုဏ်ကို ပူဇော်တာပါ၊ နောက်ကိုလဲ ပူဇော်ပါဦးမယ်" ဟု ကျွန်ုပ်၏ဖခင်က ပြော၍ ငွေနှစ်ရာကိုထုတ်ပြီး ဌာနာအုပ်၏ရှေ့ရှိ စားပွဲပေါ် သို့တင်ပေးလိုက်ရာ ဌာနာအုပ်ကြီး သည် ထိုငွေကိုကောက်ယူ၍ အိတ်ထဲသို့ထည့်ပြီးလျှင် . . .

"နေစမ်းပါဦး. . . ဦးရဲ့၊ အဲဒီ ကျောင်းဆရာက ဘယ်မှာနေတာတုံး" ဟု ဌာနာအုပ်က မေးလေ၏။

"နေတာတော့ ကျုပ် မသိဘူး၊ သူက အဲဒီတန်းလျားမှာရှိတဲ့ ကလေးတွေကို စာလာပြီးသင်တာလို့ ပြောတာပဲ" ဟု ကျွန်ုပ်၏ဖခင်က ပြောလိုက်လျှင် . . .

www.burmeseclassic.com

www.burmeseclassic.com 

"အို. . . သိပြီ. . . သိပြီ၊ သူက အိမ်ငှားဆင်းရဲသားတွေဘက်က ရပ်တည်တဲ့ သဘောပေါ့၊ ဒီလိုဆိုရင် ဒီကောင်ဟာ ရိုးရိုးကောင်မဟုတ်ဘူး၊ နိုင်ငံရေးနဲ့ နွှယ်နေတယ်၊ ဗြိတိသျှအစိုးရကို ဆန့်ကျင်ထောင်ထားမယ့် သဘောတောင်ပါနေတယ်၊ ဒါကို ပေါ့ပေါ့ တွက်လို့ မရဘူး၊ ဒီကောင်မျိုးကို ဦးကျိုးသွားအောင် စောစောကတည်းက နှိမ်ထားမှ၊ အကောင်ကြီးလာရင် ဒုက္ခပေးလိမ့်မယ်၊ ဒါဟာ ဆင်းရဲသားတွေကို ဘက်ဂရောင်းယူတဲ့ သဘောပဲ" ဟု ဌာနာအုပ်ကြီးက စိတ်အားတက်ကြွစွာ ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်၏ဖခင်က . . .

"ဒါကို ပြောတာပေါ့ ဌာနာအုပ်မင်းရယ်၊ ဒီကောင်မျိုးလေးတွေကို အစွယ်ချိုး မထားရင် နောင်ကိုခက်လိမ့်မယ်" ဟု ပြန်၍ပြောလျှင် ဌာနာအုပ်ကြီးက . . .

"စိတ်ချပါ. . . ဦး၊ ဒီကောင့်ကို အခုပဲ သွားပြီး ဖမ်းခိုင်းလိုက်ပါ့မယ်" ဟု ကတိပေးပြီးလျှင် ပုလိပ်နှစ်ဦးအား နေရပ်လိပ်စာကိုပြောဆို၍ ထိုလူငယ်အားဖမ်းဆီးရန် စေခိုင်းလိုက်လေတော့၏။

များမကြာမီ၌ပင် ပုလိပ်များသည် ထိုလူငယ်ကို လက်ထိတ်ခတ်၍ ဂါတ်သို့ ခေါ်ဆောင်ခဲ့ကြပြီးလျှင် ဌာနာအုပ်ထံသို့ အပ်နှံလိုက်လေတော့၏။

ဌာနာအုပ်သည် ထိုလူငယ်ကို မြင်လျှင်မြင်ချင်း . . .

"ဟဲ့ကောင်. . . ဗြိတိသျှအစိုးရကို ဆန့်ကျင်ဘက်လုပ်နေတဲ့ လူစားမျိုးလား" ဟု မေးလိုက်လေ၏။

"ကျုပ်ဟာ ဘယ်သူ့ကိုမှဆန့်ကျင်ဘက်မလုပ်ဘူး၊ ဒါပေမဲ့ အင်္ဂလိပ်အစိုးရရဲ့ မဝရေစာလခကို မစားတဲ့အတွက် အင်္ဂလိပ်ရဲ့ ကျွန်လဲမဟုတ်ဘူး၊ ဘယ်သူ့ကျွန်မှလဲ မဟုတ်ဘူး၊ အဲ့ဒီတော့ ကျုပ်ဟာ သခင်လို့ ရဲရဲတင်းတင်းဝန်ခံနိုင်တဲ့ လူတစ်ယောက်ပဲ" ဟု ထိုလူငယ်က ကြံ့ခိုင်ရဲစွာပြန်၍ဖြေလိုက်လေ၏။ ထိုအခါ ဌာနာအုပ်ကြီးသည် လွန်စွာ ဒေါပွ၍ သွားလေတော့သည်။

"မကြာခင်. . . မင်း ငါ့အကြောင်းသိရမယ်" ဟု ကြိမ်းလိုက်ရာ ထိုသူငယ်က-

"ဒီမှာ. . . ဌာနာအုပ်ကြီး၊ ဒီစကားဟာ မြန်မာအဖွင်းချင်းပြောရမယ့်စကား မဟုတ်ဘူး၊ လူမျိုးခြားနဲ့ကျမှ ပြောရမှာ၊ ပြီးတော့ ကျုပ်ကို ဘာဖြစ်လို့လက်ထိတ်ခတ်တယ်၊ ဘာဖြစ်လို့ ဖမ်းဆီးတယ်ဆိုတာလဲပြောပြပါဦး၊ ဥပဒေနဲ့မညီညွတ်ရင်တော့ ခင်ဗျားကို ကျုပ်က တရားစွဲရလိမ့်မယ်၊ အခုအခါမှာ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ဝတ်လုံတော်ရတွေ



www.burmeseclassic.com

www.burmeseclassic.com

အများကြီးပေါ်ပေါက်နေပြီ၊ ဆင်းရဲသားတွေဘက်က အမှုလိုက်ခမယူဘဲ တရားခွင်မှာ ဆောင်ရွက်ပေးနေကြပြီ၊ အသွားမတော်ရင်တစ်လှမ်း၊ အဖမ်းမတော်ရင် တစ်ယောက်တည်းနဲ့ အလုပ်ပြုတ်သွားနိုင်တယ်နော်၊ ကြည့်လဲလုပ်ပါဦး" ဟု လူငယ်က ပြန်၍ ပြောလိုက်ရာ ဌာနာအုပ်ကြီးသည် တရှုံ့ရှုံ့၊ တရှားရှား ဖြစ်သွားလေတော့၏။

ထို့နောက် ဌာနာအုပ်ကြီးသည် ၎င်း၏ဂါတ်စာရေးအား ခေါ်ယူပြီးလျှင် တီးတိုးပြောဆိုလိုက်လေ၏။ ဂါတ်စာရေးလည်း ဌာနာအုပ်ကြီး ပြောဆိုသည်ကို ဂရုစိုက်နားထောင်ပြီးလျှင် . . .

"စိတ်ချပါ ဆရာ" ဟုဆိုကာ ဆလံပေး၍ထွက်သွားလေတော့၏။ ဂါတ်စာရေး ထွက်သွားပြီး များမကြာမီ၌ ကျွန်ုပ်တို့အား ဌာနာအုပ်ကြီးက တစ်နေရာသို့ ခေါ်သွားလေ၏။ ပြီးလျှင် ခုံတန်းရှည်တစ်ခုကို ၎င်းကိုယ်တိုင်ရွှေ့၍ ကျွန်ုပ်တို့အား . . .

"ထိုင်ကြပါ၊ ထိုင်ကြပါ" ဟု ရိုသေစွာ ပြောလေ၏။ ထိုအခါ ကျွန်ုပ်၏ဖခင်က-

"ဘာကိစ္စ ကျုပ်တို့ကို ဒီမှာထိုင်ခိုင်းရတာတုံး ဌာနာအုပ်မင်းရဲ့" ဟု မေးလိုက်လေ၏။ ထိုအခါ ဌာနာအုပ်က ၎င်း၏အိတ်အတွင်းမှ စီးကရက်ဘူးကိုထုတ်၍ ကျွန်ုပ်တို့အား စီးကရက်ဖြင့်ဧည့်ခံ၏။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ဖခင်က မသောက်လိုကြောင်း ငြင်းဆန်သော်လည်း အလကားရလျှက် ဘာမဆိုမငြင်းသော ချစ်တီးကုလားက စီးကရက်တစ်လိပ်ကိုယူ၍ သောက်လေ၏။ ဌာနာအုပ်ကြီးကိုယ်တိုင်လည်း စီးကရက်တစ်လိပ်ကို ဘူးမှနှိုက်၍ ထိုခေတ်ပြည့်တန်ဆာခေါင်းများသောက်သည့်အိုက်တင်ဖြင့် စီးကရက်ကို သောက်ရင်း . . .

"ဒီလိုပါ . . . ဦးရယ်၊ ဦးတို့ကို ဘိုင်စကုတ် ပြချင်လို့ပါ" ဟု ပြောလေ၏။

"ဘိုင်စကုတ် . . . မကြည့်ချင်ပါဘူး ဌာနာအုပ်မင်းရယ်" ဟု ကျွန်ုပ်၏ဖခင်က ပျာပျာသလဲ ငြင်းဆိုလေ၏။ သို့ရာတွင် ဌာနာအုပ်ကြီးက ပြုံးဖြီးဖြီးမျက်နှာဖြင့် . . .

" ဒီလိုပါ . . . ဦးရဲ့၊ ဟောဟိုမှာ လှမ်းပြီးမြင်နေရတဲ့ အခန်းဟာ အချုပ်ခန်းပဲ" ဟု ပြောလိုက်လျှင် ကျွန်ုပ်၏ဖခင်က . . .

"အင်း . . . ဟုတ်သားပဲ၊ အချုပ်ခန်းထဲမှာ တရားခံတစ်ယောက်တောင် ရှိနေပါလား" ဟု ပြန်၍ပြောရှာလေ၏။

"အဲဒီတရားခံဟာ နာမည်ကြီးလူမိုက်တစ်ယောက်ပဲ၊ သူ့နာမည်က ထွန်းတင်လို့ ခေါ်တယ်၊ ဒီအပိုင်မှာတော့ သူ့ကိုလှန်ဝံ့တဲ့ကောင် မရှိဘူး" ဟု ဌာနာအုပ်ကြီးက ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ကျွန်ုပ်၏ ဖခင်က . . .

"အင်းလေ. . . ကျုပ်တို့မှာ ဒီလူမိုက်ကို ဘယ့်အတွက် ဒီမှာထိုင်ပြီး ဖူးမြော်နေမှာတုံး" ဟု ပြန်၍မေးလိုက်လျှင် ဌာနာအုပ်ကြီးသည် သဘောကျလွန်း၍ တဟားဟားနှင့် ရယ်မောလေတော့၏။

"ဒီလိုဦးရဲ့ စောစောကကောင်ကို ကျွန်တော်တို့ ရိုက်လို့မဖြစ်ဘူး၊ ဒီကောင်ဟာ အတော်လူရှုပ်လည်ပုံရတယ်၊ အဲဒီတော့ ကျွန်တော့်ဂါတ်စာရေးကြီးက အချုပ်ခန်းထဲက လူမိုက်ထွန်းတင်ကြီးကို အကျိုးအကြောင်းလာပြီးပြောထားပြီးပြီ၊ ခဏကြာရင် ဟိုကောင့်ကို အချုပ်ခန်းထဲသွင်းလိုက်မယ်၊ အဲဒီအခါမှာ ဒီကောင်ကြီးက ဟိုကောင်လေးကို ရေရေလည်လည် ပယ်ပယ်နယ်နယ် နှိပ်စက်လိမ့်မယ်၊ အဲဒီတော့ ကျွန်တော်တို့တွေအဖို့ တာဝန်လဲကင်းတာပေါ့ဗျာ၊ သူတို့အချုပ်သားတွေ ရိုက်တာဆိုတော့ ကျွန်တော်တို့မှာ အပြစ်မရှိဘူးပေါ့" ဟု ဌာနာအုပ်က ရှင်းပြလေ၏။

"ဌာနာအုပ်မင်း ပြောတာတော့ ဟုတ်ပါပြီ၊ ဒီထွန်းတင်ဆိုတဲ့ ကောင်ကြီးက ဟိုကောင့်ကို နှိပ်စက်ဖို့ မှာထားတယ်ဆိုတာ လက်ခံပါတယ်၊ ဟိုကောင်ကလေးက ဒီအတိုင်း ငြိမ်ပြီးခံနေမတဲ့လား၊ ပြန်မလုပ်တော့ဘူးလား" ဟု ကျွန်ုပ်၏ ဖခင်က မေးလေ၏။

"ပြန်လုပ်ဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ . . . ဦးရယ်၊ ထွန်းတင်ဆိုတဲ့ ကောင်ကိုလဲ ကြည့်ပါဦး၊ တကကယ့်ကို သရဲတစ္ဆေကျနေတာပဲ" ဟုဆိုကာ ဌာနာအုပ်ကြီးသည် အချုပ်ခန်းဆီသို့သွားပြီးလျှင် အချုပ်ခန်းအတွင်းမှ အချုပ်သားကြီးအား . . .

"ဟေ့ . . . ထွန်းတင်၊ မတ်တတ်ရပ်စမ်း" ဟု ခိုင်းလိုက်ရာ အချုပ်သားကြီးသည် မတ်တတ်ရပ်လေ၏။ ထိုအခါ ကျွန်ုပ်၏ ဖခင်က . . .

"ဟာ. . . တယ်ကြီးတဲ့ ကောင်ကြီးပါလား၊ အရပ်ကလဲ ခြောက်ပေလောက်ရှိမယ်ဟေ့၊ ကိုယ်လုံးကြီးကလဲ တုတ်ခိုင်လိုက်တာ လွန်ပါရော၊ ဌာနာအုပ်မင်းပြောတာ မှန်ပါတယ်၊ ဒီကောင်မျိုးကြီးနဲ့တွေ့ရင်တော့ ဟိုကောင်ကလေးဟာ ဘယ်ခံနိုင်ပါ့မလဲ၊ ဟေ . . . ဟေ့" ဟု ကျေနပ်ဝမ်းမြောက်စွာ ရေရွတ်လိုက်လေ၏။ ထိုအချိန်၌မှာပင် ဌာနာအုပ်ကြီးက အချုပ်သားကြီးအား . . .

"ဟေ့ . . . ထွန်းတင်ကြီး၊ ဘယ်လိုလဲကွ" ဟု မေးလိုက်ရာ အချုပ်သားကြီးက-

"ဌာနာအုပ်မင်းဘုရားက . . . ကျွန်တော်မျိုးကို စိတ်မချလို့ မေးနေတာလား၊ ဒါမျိုးတွေ လုပ်လာတာ ကြာပါပြီ ခင်ဗျာ" ဟု ပြန်၍ဖြေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဥာနာအုပ်ကြီးလည်း ကျွန်ုပ်တို့ထံသို့ ပြန်၍ လျှောက်လာလေ၏။

ထိုအချိန်၌မှာပင် ပုလိပ်နှစ်ဦးသည် လူငယ်အား အချုပ်ခန်းဆီသို့ခေါ်လာ၍ ပြီးလျှင် လက်ထိတ်ကိုဖြုတ်၍ အချုပ်ခန်းတွင်းသို့သွင်းကာ တံခါးကို 'ဂျိုင်းခနဲ' ပိတ်၍ သွားလေတော့၏။ လူငယ်လည်း အချုပ်ခန်းတွင်းသို့ ရောက်၍သွားလေ၏။ လူငယ်က ထွန်းတင်ကြီးအား ပြုံး၍ပြလေ၏။ ထွန်းတင်ကြီးက လူငယ်အား စားတော့ဝါးတော့မည့် မျက်နှာဖြင့် ကြည့်ကာ . . .

"ဟေ့ကောင် . . . ပေါ့ဟို ဂန်ဖလားထဲမှာ ငါပေါက်ထားတဲ့ သေးတွေရှိတယ် အဲဒါကိုသောက်စမ်း၊ မသောက်ရင် မင်းခေါင်းကို သံတိုင်နဲ့ ဆောင့်ပစ်မယ်၊ မင်း ငါ့ကို သိသလား၊ လန်ဘားထွန်းတင် ဆိုတာ ငါပဲ၊ ဒီတစ်ပိုင်မှာ ငါ့ကို မော့ကြည့်ဝံ့တဲ့လူ တစ်ယောက်မှ မတွေ့သေးဘူး" ဟု ပြောလိုက်ရာ လူငယ်က . . .

"အချင်းချင်းမနှိပ်စက်ချင်ပါနဲ့ဗျာ၊ ခင်ဗျားလဲ အချုပ်သား၊ ကျုပ်လဲ အချုပ်သား ပါပဲ" ဟု ပြန်၍ပြောလေ၏။

"မင်းက ငါ့ကို တရားဟောမလို့လား၊ ခွေးမျိုး . . . ငါ့သေးကို ငါကိုယ်တိုင် မင်းကိုတိုက်မယ်" ဟုဆိုကာ ထွန်းတင်ကြီးသည် လူငယ်၏ လည်ကုပ်ကို ၎င်း၏ လက်ကြီးဖြင့် ဖမ်း၍ ဆုပ်ကိုင်လေတော့၏။

လူငယ်သည် အလိုက်သင့် ငုံ့ပေးလိုက်ပြီးလျှင် ထွန်းတင်ကြီး၏ ရင်ဝကို တံတောင်ဖြင့် တွက်လိုက်ရာ ထွန်းတင်ကြီးသည် 'အီ' ခနဲ မြည်၍သွားလေ၏။ ထိုအခါ လူငယ်သည် ထွန်းတင်ကြီးလက်ကိုဆွဲ၍ လက်ကို လှန်ချိုးပြီးလျှင် ထွန်းတင်ကြီး၏ တံကောက်ကွေးကို ခြေဖြင့်နင်း၍ ထွန်းတင်ကြီး၏မျက်နှာကို သံတိုင်ဖြင့် စိမ်ပြေနပြေ ဆောင့်လေတော့၏။

ထွန်းတင်ကြီးသည် မျောက်လက်သို့ရောက်သောငှက်ပျောခိုင်ကဲ့သို့ လူငယ်၏ လက်၌ ပြုသမျှကို ခံရလေတော့၏။

လူငယ်သည် ထွန်းတင်ကြီးအား တရွတ်တိုက်ဆွဲ၍ သေးခွက်၌ မျက်နှာကို နှစ်ချည် ဖော်ချည်လုပ်၍ အားရသောအခါ၌ ထွန်းတင်ကြီး၏ နံကြားဆီသို့ ခြေဖြင့် တဗုန်းဗုန်း ကန်လေ၏။ ထွန်းတင်ကြီးမှာ အော်မျှပင်မအော်နိုင်ဘဲ ခံ၍နေရလေ၏။ ထို့နောက် လူငယ်သည် ထွန်းတင်ကြီး၏ ဆံပင်ကို နောက်မှဆောင့်ဆွဲလိုက်ရာ ထွန်းတင်ကြီး၏ မျက်နှာကြီးသည် မော့၍သွားလေ၏။ ထိုအခါ၌ မျက်နှာကြီးတွင်


www.burmeseclassic.com

www.burmeseclassic.com


...ကြိုက် တံတောင်ဖြင့်ထောင်းချလိုက်ရာ ထွန်းတင်ကြီးသည် သတိလစ်မေ့မြောသွား ...သတော့၏။

ဌာနာအုပ်ကြီးသည် ကျွန်ုပ်တို့ရှိရာသို့လျှောက်၍လာလေ၏။ ထိုအခါ ကျွန်ုပ်၏ ...ခင်ကြီးက . . .

"သတိမေ့သွားပြီ" ဟု ပြောလိုက်ရာ ဌာနာအုပ်ကြီးက . . .

"သတိရလာရင် ထပ်ပြီး ဆော်ခိုင်းဦးမယ်" ဟု ပြောလေ၏။

"ဟိုကောင်လေး မေ့တာ မဟုတ်ဘူး၊ ခင်ဗျားကောင်ကြီးမေ့သွားတာ" ဟု ပြောလိုက်ရာမှ ဌာနာအုပ်ကြီးသည် အချုပ်ခန်းကို လှမ်းကြည့်လိုက်လေ၏။ ထိုသို့ လှမ်း၍ကြည့်လိုက်သည့်အချိန်၌ ထွန်းတင်ကြီးသည် ပက်လက်ကြီးလန်၍ မေ့မြော နေပြီဖြစ်၏။ လူငယ်သည် ထွန်းတင်ကြီး၏အိတ်အတွင်းမှ ဆေးပေါ့လိပ်ကိုနှိုက်ယူ၍ အေးချမ်းစွာ ဆေးလိပ်ဖွာရင်း စကြံလျှောက်နေလေ၏။

"ဟာ . . . ဘယ်လိုဖြစ်တာပါလိမ့် . . . ဒီကောင်ကြီးဟာ ပွဲတိုင်းကျော်ကြီး၊ ဒီ ဘာမဟုတ်တဲ့ကောင်လေးကျမှ ခံရတယ်လို့ဗျာ" ဟု ပြောဆိုကာ ဌာနာအုပ်ကြီးသည် အချုပ်ခန်းဆီသို့ ပြေးသွားပြီးလျှင် . . .

"မင်း . . . ဘယ်လိုလုပ်လိုက်တာလဲ" ဟု လူငယ်အား ငေါက်လိုက်လေ၏။

"ဘယ်လိုလုပ်လိုက်တယ်ဆိုတာမြင်ရအောင် ခင်ဗျားက လာမှမကြည့်ဘဲကိုး၊ ဟောဟိုမှာ ခင်ဗျားကြည့်ခိုင်းထားတဲ့ လူသုံးယောက်ကတော့ ကျုပ် ဘယ်လိုလုပ်လိုက် တယ် ဆိုတာကို ကောင်းကောင်းကြီး မြင်ပါတယ်ဗျာ၊ သူတို့ကို မေးကြည့်ပေတော့၊ ဒီမှာ ဌာနာအုပ်ကြီး ခင်ဗျားတို့ဥာဏ် ဒါအကုန်ပဲလား၊ တစ်ဘက်လူဆီက လာဘ်စားပြီး ကျုပ်ကို ဒုက္ခပေးတာတော့ ဟုတ်ပါပြီ၊ ကျုပ် လွတ်သွားတဲ့တစ်နေ့မှာ ခင်ဗျားအတွက် အန္တရာယ်ကြီးလိမ့်မယ်၊ ရပ်တန်းကရပ်ပါ၊ ဟိုလူတွေကိုလဲ ပြောလိုက်ပါ၊ ကျုပ်ကို ရန်မူရင် ကျိန်စာသင့်တာထက် ဆိုးလိမ့်မယ်" ဟု လူငယ်က ပြန်၍ပြောလိုက်လေ၏။

ကျွန်ုပ်သည် ထိုလူငယ်၏ ကျိန်စာသင့်လိမ့်မယ် ဟူသောစကားကို ကြားရသော အခါ၌ လွန်စွာတုန်လှုပ်၍သွားမိလေ၏။ ထိုလူငယ်ကား ပြောသည့်အတိုင်း လုပ်ဝံ့သော သူ ဖြစ်ကြောင်းကိုလည်း ကောင်းစွာရိပ်မိလေတော့၏။

လူငယ်သည် ထိုသို့ပြောပြီးနောက် . . . ကျွန်ုပ်တို့၏ ဖခင်ကိုလည်းကောင်း၊ ချစ်တီးကိုလည်းကောင်း၊ ကျွန်ုပ်ကိုလည်းကောင်း တစ်လှည့်စီ စူးစူးဝါးဝါး ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရင်း၏ကြည့်ပုံမှာ လွန်စွာတုန်လှုပ်ဖွယ် ကောင်းလှတော့၏။ ကျွန်ုပ်၏စိတ်၌ လူငယ်၏ တုန်လှုပ်ဖွယ်ကောင်းလှသော အကြည့်သည် ဖျောက်ဖျက်၍မရအောင် စွဲထင်၍ သွားလေတော့၏။

ဌာနာအုပ်ကြီးသည် လူငယ်အား . . .

"မင်း . . . ကောင်းကောင်းသတိထား" ဟု ပြောလိုက်လေ၏။

"ဒီစကားက မြန်မာအချင်းချင်း ပြောရမယ့်စကားမဟုတ်ဘူးဗျ" ဟု လူငယ်က ပြန်၍ပြောလိုက်ရာ ဌာနာအုပ်ကြီးသည် ချာခနဲလှည့်၍ ထွက်လာခဲ့လေတော့၏။

ထို့နောက် ဌာနာအုပ်ကြီးသည် ကျွန်ုပ်တို့ရှိရာသို့လာပြီးလျှင် . . .

"ညကျရင် ကျွန်တော့်လက်သံကို ဒီကောင်သိရမှာပါ" ဟုပြော၍ ကျွန်ုပ်တို့အား ပြန်ခိုင်းလေတော့၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ပြန်ခဲ့ကြရလေတော့၏။

**အဆိပ် . . .**

နောက်တစ်နေ့နံနက်တွင် ချစ်တီးကုလားသည် ကျွန်ုပ်တို့အိမ်သို့ တိုင်စီကားနှင့် ရောက်၍လာလေ၏။ ကျွန်ုပ်၏ဖခင်သည် ချစ်တီးကုလား၏မော်တော်ကားကို ယမန်နေ့ ညကပင် ယူထားခဲ့သည်ဖြစ်၍ ချစ်တီးကုလားသည် တိုင်စီကို အသုံးပြုရလေ၏။ အိမ်ရှေ့သို့ မော်တော်ကားဆိုက်သည်နှင့်တစ်ပြိုင်နက် ချစ်တီးကုလားက ကျွန်ုပ်အား-

"ဟော့ . . . မောင်ဘိုးမြူ ငါ စီးလာတဲ့ မော်တော်ကားခပေးလိုက်ပါ" ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကားခထုတ်၍ ပေးရလေ၏။

ထို့နောက် ကျွန်ုပ်တို့သုံးဦးသည် မော်တော်ကားဖြင့် ဂါတ်သို့ သွားကြလေ၏။ ဂါတ်သို့ရောက်လျှင် ကျွန်ုပ်၏ဖခင်သည် ဌာနာအုပ်ကြီးအိမ်သို့ တန်း၍ သွားလေ၏။ (ဌာနာအုပ်ကြီး၏အိမ်မှာ ဂါတ်ဝင်းအတွင်း၌ပင် ရှိလေ၏။)

ဌာနာအုပ်ကြီးသည် အိမ်ရှေ့ဖိနပ်ချွတ်တွင် ငူငူကြီးထိုင်နေသည်ကို တွေ့ရ လေ၏။ ကျွန်ုပ်၏ဖခင်သည် ဌာနာအုပ်ကြီးကို တွေ့လျှင်တွေ့ချင်း . . .

"အလို . . . ဌာနာအုပ်မင်း၊ ညက အိပ်ရေးပျက်ထားတယ်ထင်တယ်၊ ဟဲ ဟဲ တစ်ညလုံး ဟိုသတ္တဝါကလေးကိုတွယ်ပြီထင်တယ်၊ ကောင်းပါတယ် ကောင်းပါတယ် ဒီကောင်မျိုးလေးတွေက စောစောကတည်းက ဦးနှိမ်ထားတာ အကောင်းဆုံးပဲ" ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


"တစ်ညလုံးမအိပ်ရတာတော့ မှန်ပါပေတယ်ဗျာ၊ ဒါပေမဲ့ ဟိုကောင်ကလေးကို လုပ်ရလို့မဟုတ်ဘူးဗျို့၊ ကျုပ်မှာ ကံကောင်းလို့အလုပ်မပြတ်တယ်၊ အိမ်တန်းလျားက လူတွေ ညက ဂိတ်ကိုလာပြီး ဝိုင်းကြ အော်ကြနဲ့ဗျာ၊ ရာဇဝတ်ဝန်တောင်လာပြီး ဖြေရှင်းပေးရတယ်၊ အဲဒီကောင်ဘက်ကလဲ မျိုးချစ်ဝတ်လုံတစ်ယောက်ပါလာပြီး၊ ကျုပ်ကို မေးလိုက်မြန်းလိုက်တာဗျာ၊ ကျုပ်တို့တော့ မီးခဲကို ကိုင်မိတာပဲ" ဟု ဌာနာအုပ်ကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်၏ ဖခင်က . . .

"မနေ့က ဌာနာအုပ်မင်း လုပ်တဲ့နည်း ကောင်းပါတယ်ဗျာ၊ အချုပ်ခန်းထဲကို လူမိုက်နှစ်ယောက်လောက် ဖမ်းပြီးထည့်ပေးလိုက်ရင် ဒီကောင်ကို နိုင်ပါတယ်" ဟု ပြောလိုက်ရာ ဌာနာအုပ်ကြီးက . . .

"ခင်ဗျားတို့ ပြန်သွားတဲ့အခါမှာ တာဝန်ခံဘက်က လူမိုက်နှစ်ယောက်ကို ဖမ်းထည့်ပြီး ဒီကောင်နဲ့ လွှတ်ပေးသေးတာပေါ့" ဟု ပြန်၍ပြောလေ၏။

"နှစ်ယောက်နဲ့ တစ်ယောက်ဆိုတော့ ဒီကောင်ဖြင့် မှတ်လောက်သား လောက်ဖြစ်သွားရောပေါ့" ဟု ကျွန်ုပ်၏ ဖခင်က ပြောလေ၏။

"မဟုတ်ဘူးဗျ၊ ကောင်လေးမခံရဘူး၊ ဟိုကောင်နှစ်ကောင် ထတောင် မထနိုင်ဘူး၊ ကောင်လေးက သေသေချာချာ နှိပ်စက်လိုက်တာဗျာ" ဟု ဌာနာအုပ်ကြီးက ပြောလေ၏။

"အလိုလေးဗျာ. . . နှစ်ယောက်နဲ့ တစ်ယောက်တောင် ဒီကောင်က နိုင်သတဲ့လား၊ ဘယ်လိုများပါလိမ့်" ဟု ကျွန်ုပ်၏ဖခင်က မေးလိုက်လေ၏။

"ဒီလိုဗျ၊ ဒီကောင်က နှယ်နှယ်ရရ သတ္တိမျိုးတော့ မဟုတ်ဘူး၊ သွေးသောက်မောင်ဂျင်းဆိုတာ ရှေးခေတ်နာမည်ကြီး စစ်ဗိုလ်တစ်ယောက်ပဲဗျ၊ သွေးသောက်မောင်ဂျင်းက ဆင်းသက်လာတာဆိုပဲ၊ သွေးသောက်မောင်ဂျင်း ဆိုတာကတော့ အိမ်ထောင်မရှိပါဘူး၊ သူ့နှမဘက်က ဆင်းတဲ့မျိုးပဲ၊ လူမှာအမျိုး ကြက်မှာအရိုးဆိုတာ ဒါမျိုးပြောတာဗျ၊ သွေးကောင်းတဲ့မျိုးက ဆင်းသက်လာတာဆိုတော့ မဟုတ်မခံပေါ့ဗျာ" ဟု ဌာနာအုပ်ကြီးက ပြောလေ၏။

"နှစ်ယောက်နဲ့မနိုင်ရင် သုံးယောက်နဲ့လွှတ်ပေးပေါ့ ဌာနာအုပ်ကြီးရယ်၊ ဒီနေ့တစ်ပွဲလောက် ကြည့်ချင်ပါရဲ့" ဟု ကျွန်ုပ်၏ဖခင်က ပူဆာလေတော့၏။

"ကောင်လေးကိုလွှတ်လိုက်ရပြီဗျ၊ ကျုပ်တောင် အဲဒီကိစ္စနဲ့ထုချေလွှာအတောင်းခံနေရပြီ" ဟု ဌာနာအုပ်ကြီးက ညည်းတွားလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကျွန်ုပ်၏ ဖခင်သည် လွန်စွာစိတ်ပျက်၍သွားလေ၏။ ဒေါသလည်း လွန်စွာထွက်လေတော့၏။

"တစ်နည်းမရရင် တစ်နည်းကြံရမှာပေါ့ဗျာ" ဟုပြောဆိုကာ ဌာနာအုပ်ကြီးအား နှုတ်ဆက်၍ ဂါတ်ဝင်းအတွင်းမှ ထွက်လာခဲ့လေတော့၏။

◈◈◈◈◈

ကျွန်ုပ်တို့သည် အိမ်သို့ပြန်ခဲ့ကြလေ၏။ ကျွန်ုပ်တို့ အိမ်ရောက်ပြီးမကြာမီ၌ပင် လပေါင်းများစွာ ပျောက်နေသော ကျွန်ုပ်၏အစ်ကို မောင်ဘိုးထူသည် အိမ်ပေါ်သို့ တက်လာလေတော့၏။ ကျွန်ုပ်၏ဖခင်သည် မောင်ဘိုးထူကိုမြင်လျှင် . . .

"မင်းက အခုမှ ဘယ်ကပေါ်လာရတာတုံး၊ ငါတို့မှာ ဘယ်လိုအကျပ်အတည်း တွေ တွေ့နေတယ်ဆိုတာ မင်းသိရဲ့လား" ဟု မေးလိုက်ရာ မောင်ဘိုးထူက မခိုးမခန့် မျက်နှာထားနှင့် . . .

"အဲဒီအကျပ်အတည်းတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ အဖေလဲ မသိဘူး ဘိုးမြူလဲ မသိဘူး၊ ကျွန်တော်ပဲ ကောင်းကောင်းသိတယ်၊ ကျွန်တော်ဟာ ဘယ်လို အသုံးဝင်တဲ့ အကောင်ဆိုတာ အဖေ အခုမှနားလည်တော့မယ် ဟဲ. . . ဟဲ" ဟုပြောဆို လေ၏။

"ပြောစမ်းပါဦး . . . ပြောစမ်းပါဦး၊ မင်းက ဘာသိလို့တုံး" ဟု ကျွန်ုပ်၏ ဖခင်ကြီးက မေးလိုက်လေ၏။

"သိပါတယ်. . . အဖေရယ်၊ အဖေတို့ဟာ ချစ်တီးကုလားကြွေးနဲ့ သိမ်းထားတဲ့ အိမ်ကိုသွားပြီး ဝယ်ကြတယ်၊ အဲဒီအိမ်ကာလဲ အိမ်ငှားတွေရှိနေတယ်၊ အဲဒီအိမ်ငှားတွေရဲ့ ကလေးတွေကို လာပြီးစာသင်ပေးနေတဲ့ ကျောင်းဆရာတစ်ယောက်နဲ့ အချင်းများ ကြတယ်၊ အဲဒီကျောင်းဆရာကို အချုပ်ထဲသွင်းပြီး လူမိုက်ထွန်းတင်ကြီးနဲ့လွတ်ပေးတယ် အဖေတို့က ထိုင်ပြီးကြည့်နေတယ်၊ ကျောင်းဆရာကဘာမှမဖြစ်ဘဲ လူမိုက်ထွန်းတင်ကြီး သာ မရှုမလှ ခံလိုက်ရတယ်၊ အဲဒီညမှာပဲ လူမိုက်နှစ်ယောက်နဲ့ လွှတ်ပေးပြန်တယ် အဲ့ဒီကောင်နှစ်ကောင်လဲမရှုမလှဘဲ၊ ပြီးတော့ကျောင်းဆရာလဲအချုပ်ကလွတ်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com


အဲဒီအတွက် အဖေဟာ အတော့်ကိုမခံချင်ဖြစ်နေတယ် မဟုတ်လား" ဟု မောင်ဘိုးထူက မေးလိုက်ရာ ကျွန်ုပ်၏ဖခင်ကြီးက . . .

"ဟုတ်တာမှ . . . သိပ်ကိုဟုတ်တာပေါ့ မောင်ဘိုးထူရယ်၊ ငါ့သား တယ်ပြီး တော်ပါလား" ဟု ပြောလိုက်လေ၏။

"အဖေ့သားအကြောင်း အဖေ မကြာခင်သိရမယ်၊ အဲဒီ ကျောင်းဆရာ နာမည်က မောင်ဂျင်းလို့ ခေါ်တယ်၊ မောင်ဂျင်းဆိုတာ ဆူဘိုးအေရဲ့နာမည်ကို ပြန်ယူထားတာ၊ သူ့ဘိုးအေဟာ အင်္ဂလိပ်မြန်မာစစ်ပွဲမှာ အလွန်နာမည်ရခဲ့တဲ့ သွေးသောက်မောင်ဂျင်းလို့ ပြောတယ်" ဟု မောင်ဘိုးထူက ပြောလိုက်ရာ . . .

"ဟုတ်ပြီ၊ ငါ့ကို ဌာနာအုပ်ကြီးက အဲဒီအတိုင်းပြောလိုက်တယ်၊ တယ်တော်တဲ့ ငါ့သား မောင်ဘိုးထူပါလား၊ ဒီနေရာကျတော့ ဘိုးမြူတို့ ညံ့သွားပြန်ရော" ဟု ကျွန်ုပ်၏ဖခင်ကြီးက ဆိုလေ၏။

ထိုအခါ ကျွန်ုပ်၏အစ်ကို မောင်ဘိုးထူက . . .

"အဖေ့ကို ခပ်ပြတ်ပြတ်ပဲမေးရမယ်၊ ကျောင်းဆရာ မောင်ဂျင်းကို လူ့လောကမှာ မရှိအောင် တစ်ခါတည်းလုပ်ပေးမယ်၊ ဒီလိုလုပ်ပေးနိုင်တဲ့လူတွေလဲ ကျွန်တော့်မှာရှိတယ်၊ ဒီကောင် အသက်ရှင်နေလို့ မဖြစ်ဘူး၊ ဒီကောင်အသက်ရှင်နေရင် အဖေတို့ ဒုက္ခရောက်လိမ့်မယ်" ဟု ပြောလေ၏။

"အဲဒီ မောင်ဂျင်းဆိုတဲ့အကောင် မြန်မြန်သေလေကောင်းလေပေါ့ ငါ့သားရယ်၊ တစ်ခုပဲရှိတယ်၊ အဖေတို့ဘက်ကိုပြန်ပြီး ပတ်မလာဖို့တော့ ဂရုစိုက်ရလိမ့်မယ်" ကျွန်ုပ်၏ ဖခင်ကြီးက ပြောရာ . . .

"စိတ်ချပါ အဖေရယ်၊ ကျွန်တော့်မှာ ဒီလိုအလုပ်မျိုးလုပ်တဲ့ တပည့်တပန်းတွေ အများကြီးရှိပါတယ်" ဟု မောင်ဘိုးထူက ပြန်၍ပြောလေတော့၏။

"အေးလေ၊ အဲဒီလိုဆိုလဲ ဂျင်းဆိုတဲ့အကောင်ကို မြန်မြန်သတ်လိုက်စမ်းပါ၊ ဒီကောင်ဟာ လူယုတ်မာပဲ" ဟု ကျွန်ုပ်၏ဖခင်က ပြောလေ၏။

"ဒီလို ပါးစပ်နဲ့ပြောလို့မရဘူးအဖေ၊ အဲဒီကိစ္စအတွက် အပြီးအငြိမ်းအတွက် ငွေတစ်ထောင် ပေးဖို့လိုတယ်" ဟု မောင်ဘိုးထူက ပြောရာ ဖခင်ကြီးက . . .

"ဒီမှာ လူကလေး၊ အဲဒီ မောင်ဂျင်းဆိုတဲ့အကောင်အတွက်ဆိုရင် တစ်ထောင် မဟုတ်ဘူး၊ နှစ်ထောင်ယူသွား၊ ဘိုးမြူ မင်းအစ်ကိုကို ငွေနှစ်ထောင်ထုတ်ပေးလိုက်စမ်း"


www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် ကျွန်ုပ်လည်း မီးခံသေတ္တာကိုဖွင့်ကာ ငွေနှစ်ထောင်ကို ထုတ်ယူ၍ အစ်ကို ဖြစ်သူ မောင်ဘိုးထူအား ပေးလိုက်လေတော့၏။ မောင်ဘိုးထူလည်း ငွေစက္ကူများကို ယပ်တောင်သဖွယ်ယပ်ခတ်ရင်း အိမ်ပေါ်မှဆင်းသွားလေတော့၏။ ဆင်းခါနီးတွင် . . .

"သန်ဘက်ခါကျရင် . . . မောင်ဂျင်းအသုဘကို လိုက်ပို့ဖို့ အဆင်သင့်ပြင်ထား အဖေရေ" ဟု ပြောသွားလေသေးတော့၏။

◈◈◈◈◈

ယခု အောက်တွင်ဖော်ပြလတ္တံ့ဖြစ်သော အဖြစ်အပျက်တို့မှာ ကျွန်ုပ်ကိုယ်တိုင် တိုက်ရိုက်သိကျွမ်းရသည်မဟုတ်ဘဲ နောက်မှသိကျွမ်းရသောအဖြစ်အပျက်ဖြစ်၏။

(မောင်ဘိုးမြ)

တစ်နေ့သ၌ မောင်ဂျင်းသည် တန်းလျား၌ ကလေးများကို စာသင်ပြပေး လေ၏။ စာသင်၍ပြီးသောအခါ၌ နေ့ခင်း တစ်နာရီပင် ထိုးနေပြီဖြစ်၏။

မောင်ဂျင်းလည်း နံနက်စာမစားရသေးသဖြင့် လွန်စွာဆာလောင်သည်ဖြစ်ရာ ကလေးတစ်ဦးအား လက်ဖက်ရည်ဝယ်၍ ခိုင်းလေ၏။ ကလေးသည် ချိုင့်ကလေးကို ဆွဲ၍ လက်ဖက်ရည်ဝယ်ရန် ထွက်သွားလေ၏။

အတန်ကြာသောအခါ လက်ဖက်ရည်ချိုင့်ကလေးနှင့်အတူ ပြန်၍လာလေ၏။ မောင်ဂျင်းသည် လက်ဖက်ရည်သောက်မည်ဟု ချိုင့်ကိုဖွင့်လိုက်လေ၏။

ထိုအချိန်၌မှာပင် တန်လျားတွင်ရှိသော ကြောင်ကလေးတစ်ကောင်သည် ၎င်း၏ခြေထောက်ကို လာရောက်၍ ပွတ်သပ်လေ၏။ ထိုအခါ မောင်ဂျင်းက . . .

"အလို မင်းကလဲ ငါ့လိုပဲ ဆာနေတဲ့ ကောင်ပါလား" ဟုဆိုကာ ခွက်ဟောင်း ကလေးတစ်ခုကို ဆေးကြော၍ ကြောင်ကလေးသောက်ရန်အတွက် လက်ဖက်ရည်ကို အနည်းငယ်ထည့်ပေးလေ၏။ ကြောင်ကလေးလည်း လက်ဖက်ရည်ခွက်ကို အငမ်းမ တပြတ်ပြတ် လျက်လေတော့၏။ ထိုသို့လျက်ပြီး စက္ကန့်ပိုင်းအတွင်း၌ပင် ကြောင်ကလေး သည် ဆန့်ငင်ဆန့်ငင်ဖြစ်၍ အကြောများဆွဲကာ သေဆုံးသွားလေတော့၏။

ထိုအခြင်းအရာကိုကြည့်ပြီးလျှင် မောင်ဂျင်းလည်း မျက်လုံးပြူး၍ သွားလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် မောင်ဂျင်းသည် ကလေးများအား ကြောင်ကို အတော်ဝေးလံသော အမှိုက်ပုံသို့ သွားရောက်ပစ်ခိုင်းလေ၏။ ပြီးလျှင် လက်ဖက်ရည်ဝယ်ပေးသော ကလေးအား ခေါ်ယူ၍ . . .

"လက်ဖက်ရည် ဝယ်ဖို့သွားတုန်း လမ်းမှာဘယ်သူနဲ့ တွေ့သလဲကွ" ဟု မေးရာ ကလေးက . . .

"ဘယ်သူနဲ့မှ မတွေ့ပါဘူးဆရာ" ဟု ဖြေလေ၏။ ထိုအခါ မောင်ဂျင်းက . . .

"အေး . . . အေး ကောင်းပြီ" ဟု ဆိုကာ မသိလိုက်မသိဘာသာ နေလေ၏။

များမကြာမီ၌ပင် ထိုတန်းလျားတွင်နေထိုင်သည့် သက်တင်ဆိုသော ဆိုက်ကားသမားသည် ဆိုက်ကားနှင့်ပြန်၍ ရောက်လာလေ၏။ သက်တင်က မောင်ဂျင်းအား မြင်လျှင်မြင်ချင်း . . .

"ဆရာလေး၊ စာသင်လို့ပြီးပြီလား" ဟု နှုတ်ဆက်လေ၏။

"ပြီးပါပြီဗျာ၊ ကိုသက်တင်ကြီး လာစမ်းပါဦး" ဟု ခေါ်လိုက်ရာ သက်တင် အနီးသို့လာလေ၏။

ထိုအခါ မောင်ဂျင်းသည် လက်ဖက်ရည်ပန်းကန်နှစ်လုံးကိုယူ၍ စောစောက ဝယ်ထားသော လက်ဖက်ရည်ကို ငှဲ့ထည့်ပြီးလျှင် . . .

"ကိုသက်တင်ရေ . . ခင်ဗျားတို့ရပ်ကွက်က သိပ်ပြီးကောင်းတယ်ဗျ၊ လက်ဖက်ရည်တစ်ခွက်ဆိုရင် အများကြီးရတာလား၊ အဲဒီတော့ ကလေးတွေလဲ ကျောင်းဆင်းပေးလိုက်ပြီ၊ ကျုပ်လဲ ညမှာ ခင်ဗျားတို့ကိုသင်ဖို့ သင်ခန်းစာတွေ စီစဉ်နေတာ၊ ခင်ဗျားရောက်လာတာနဲ့ အတော်ပဲ၊ ဟောဒီမှာ လက်ဖက်ရည်ဝယ်ထားတယ်၊ ခင်ဗျားနဲ့ ကျုပ်နဲ့ သောက်ကြတာပေါ့ဗျာ" ဟု ပြောလိုက်ရာ သက်တင်က . . .

"မလုပ်ပါနဲ့ ဆရာ၊ မလုပ်ပါနဲ့၊ ကျွန်တော် လက်ဖက်ရည် မသောက်ချင်ဘူး" ဟု ငြင်းလေ၏။ ထိုအခါ မောင်ဂျင်းသည် သက်တင်၏လက်ကိုဆွဲ၍ သက်တင်အား ထိုင်ခိုင်းပြီးလျှင် . . .

"များများမဟုတ်ပါဘူးဗျာ၊ တစ်ငုံလောက်ပဲ သောက်စမ်းပါ" ဟု ပြောရာ သက်တင်က . . .

"ကျွန်တော်နဲ့ လက်ဖက်ရည်နဲ့ မတည့်ဘူး ဆရာ" ဟု ပြန်၍ဖြေလေ၏။


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်တာဘဲဗျာ၊ စောစောကပဲ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် သောက်နေသေးတယ် မဟုတ်လား၊ ကိုလှဖေကြီး သား မောင်နီကလေးကိုတောင် နိုင်ကထိုင်မုန့် ဝယ်ကျွေးလိုက်သေးတယ်လေ၊ သောက်စမ်းပါဗျ၊ ဒီလက်ဖက်ရည်က ပိုပြီး ချိုပါတယ်၊ ခင်ဗျားတစ်ယောက်တည်း သောက်ရမှာ မဟုတ်ပါဘူး၊ ကျုပ်ပါ သောက်မှာပါ" ဟု မောင်ဂျင်းက ပြောရာ သက်တင်သည် စိတ်အကြံအိုက်ကာ ချွေးစေးများထွက်၍ လာလေတော့၏။

"ဒီမှာ. . . ကိုသက်တင်ကြီး၊ ခင်ဗျား ကျုပ်အကြောင်းသိတယ် မဟုတ်လား ဒီလက်ဖက်ရည်ကိုတော့ ခင်ဗျားမသောက်ချင်ပေမယ့် အတင်းကိုတိုက်ရမှာပဲ" ဟု မောင်ဂျင်းက ပြောရာ သက်တင်သည် ချုံးပွဲချငိုလေတော့၏။

ထိုအခါ တန်းလျားက လူများသည် ဝိုင်းအုံ၍ ကြည့်ရှုကြကုန်၏။

"ကိုသက်တင်ကြီး ဘာဖြစ်လို့ငိုတာလဲ" ဟု ဝိုင်းဝန်းမေးမြန်းကြသည် ဖြစ်ရာ မောင်ဂျင်းက . . .

"လက်ဖက်ရည်ကလေး တစ်ငုံလောက် သောက်ခိုင်းတာ ငိုနေသတဲ့ဗျာ ကြည့်ပြီး လုပ်ကြပါဦး" ဟု ပြောလေ၏။ ထိုအခါ လူများက . . .

"ဒါများငိုစရာလား ကိုသက်တင်ရယ်၊ သောက်လိုက်ပေါ့" ဟု ဝိုင်း၍ပြောကြလေ၏။ မောင်ဂျင်းလည်း လက်ဖက်ရည်ခွက်ကိုကိုင်၍ သက်တင်အား တိုက်မည့်ဟန် ပြုလေ၏။ သက်တင်က ရှိခိုး၍ တောင်းပန်လေ၏။

ထိုအခါ လူများက . . .

"အဆန်းပါလား . . . လက်ဖက်ရည်တိုက်တာကို မသောက်ချင်လို့ ရှိခိုးပြီး တောင်းပန်တာ ဒီတစ်ခါပဲ တွေ့ဖူးတယ်" ဟု ပြောကြကုန်၏။

မောင်ဂျင်းသည် လက်ဖက်ရည်ခွက်ကို ချလိုက်ပြီးလျှင် . . .

"ဟေ့ သက်တင် အမှန်အတိုင်းပြောစမ်း၊ ဒီလက်ဖက်ရည်ကို သောက်လိုက်ရင် မင်း ဘာဖြစ်သွားမလဲဆိုတာ သိတယ်မဟုတ်လား" ဟု မေးလိုက်လေ၏။

"သိပါတယ်. . . ဆရာလေးရယ်၊ ကျုပ် သေမှာပါ" ဟု ပြန်၍ဖြေလေ၏။

"ဘာဖြစ်လို့ သေမှာလဲ" ဟု မောင်ဂျင်းက မေးပြန်လေ၏။

"ဒီလက်ဖက်ရည်ထဲမှာ အဆိပ်တွေပါတယ် ဆရာလေး" ဟု သက်တင်က ပြန်ဖြေလေ၏။


www.burmeseclassic.com

www.burmeseclassic.com


"အဲ့ဒီအဆိပ်တွေ ဘယ်သူထည့်ထားတာတုံး" ဟု မောင်ဂျင်းက မေးပြန်လေ၏။ သက်တင်က မဖြေဘဲ ခေါင်းကိုငုံ့၍ထားလေ၏။

"ဒီမှာ သက်တင်၊ သေသေချာချာနားထောင်၊ ဒီကနေ လက်ဖက်ရည်ဆိုင်ကို သွားဖို့ဟာ အဝေးကြီးကွ၊ ကလေးတစ်ယောက်သွားရင် ဘယ်လောက်ကြာမယ်ဆိုတာ ကျုပ်သိတယ်၊ မောင်နီကလေးကို ကျုပ်က လက်ဖက်ရည်ဝယ်ခိုင်းလိုက်တယ်၊ မောင်နီကလေးဟာ ဒီတစ်ခါ လက်ဖက်ရည်သွားပြီးဝယ်တာ သိပ်ကိုမြန်နေတယ်၊ ဒါနဲ့ သူ့မျက်နှာကို အကဲခတ်ပြီးကြည့်လိုက်တော့ သူ့နှုတ်ခမ်းမှာ ဖြူဖြူအစအနကလေးတွေ တွေ့တယ်၊ အဲဒါ လက်ဖက်ရည်ဆိုင်မှာရောင်းတဲ့ နိုင်ကထိုင်မုန့်ရဲ့ အစအနတွေပဲ၊ ဒီကလေးမှာ မုန့်ဝယ်စားဖို့ ပိုက်ဆံတစ်ပြားမှ မပါရှာဘူး၊ ဒီအချက်ဟာ သံသယ ဖြစ်စရာပဲ၊ အဲဒီတော့ မောင်နီဟာ သူ့ကို နိုင်ကထိုင်မုန့် ဝယ်ကျွေးတဲ့လူနဲ့ လမ်းမှာတွေ့ တယ်ဆိုတာ သေချာနေပြီ၊ ပြီးတော့ ပြန်လာတဲ့အချိန်ဟာလဲ နည်းနည်းစောနေတယ်၊ ဒါဟာ ခြေကျင်လာတာ မဖြစ်နိုင်ဘူး၊ အဲဒါနှစ်ခုကို ပေါင်းစပ်လိုက်ရင် မောင်နီကလေးနဲ့ သိတဲ့ဆိုက်ကားဆရာ ကိုသက်တင်ကို 'ကွက်' ခနဲ သွားပြီးမြင်တယ်၊ ဒါပေမဲ့ ကျုပ်က ဒီလက်ဖက်ရည်ပေါ်မှာ သံသယတော့ဖြစ်တယ်၊ အဆိပ်ခတ်ထားမယ်လို့တော့ အသေ အချာပေါက် မစွပ်စွဲရဲဘူး၊ 'နီဘား' ဆိုတဲ့ ကြောင်ကလေး ကျုပ်ဆီကို အစာလာပြီး တောင်းတယ်၊ အဲဒီကြောင်ကလေးကို လက်ဖက်ရည်နည်းနည်း တိုက်လိုက်တယ်၊ အဲဒီ ကြောင်ကလေး လက်ဖက်ရည်သောက်ပြီး ချက်ချင်းပဲသေသွားရှာတယ်၊ ကဲ သက်တင် ဝါတ်ကိုသွားမလား၊ ဒီလက်ဖက်ရည် သောက်မလား" ဟု မောင်ဂျင်းက မေးလိုက်ရာ သက်တင်သည် ချုံးပွဲချ၍ ငိုလေတော့၏။ ထိုသို့ငိုရင်း . . .

"ငွေငါးရာရလို့ မကြံသင့်တာကို ကြံမိပါတယ် ဆရာလေးရယ်" ဟု ဝန်ခံလေ တော့၏။

"ကောင်းပြီ၊ အဲဒီငွေငါးရာ ဘယ်သူပေးတာတုံး" ဟု မောင်ဂျင်းက မေးလေ၏။

"သူဌေးသား လူရှုပ် မောင်ဘိုးထူ ဆိုတာနဲ့ လူမိုက် လန်ဘားထွန်းတင် ဆိုတာကြီး မနေ့က ကျွန်တော့်ကို လာပြီးပေးပါတယ်၊ ဆရာကလေးရဲ့ အသက်ကို သုပ်ကြံပေးပါတဲ့၊ ငွေငါးရာနဲ့အတူ အဆိပ်ထုပ်လဲ ပါလာပါတယ်" ဟု သက်တင်က ဝန်ခံလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ နားထောင်နေသောသူများသည် 'ဟင်' . . . 'ဟယ်' နှင့် ဖြစ်ကုန်ကြလေတော့၏။ မောင်ဂျင်းသည် သက်တင်အား စေ့စေ့ကြည့်၍ . . .

"ခင်ဗျားတို့ရဲ့ အကျိုးကို ကျုပ်ဟာ ဆောင်ရွက်ခဲ့တယ်၊ ခင်ဗျားတို့ရဲ့ ကလေးတွေကို ကျုပ်ဟာ စာသင်ပေးခဲ့တယ်၊ ခင်ဗျားတို့ကိုလဲ သင်ပေးခဲ့တာပဲ ဒီမျက်နှာကိုမထောက်ဘဲ ကျုပ်ရဲ့အသက်ကို ငွေငါးရာနဲ့ လုပ်ကြံတယ်ဆိုတာ ခင်ဗျားရဲ့ အင်မတန်ကြီးမားတဲ့ ယုတ်မာမှုကြီးပဲ၊ ဒီမှာ . . . သက်တင်၊ မင်းကို အဆိပ်ခတ်ခိုင်းတဲ့ အကောင်တွေကို ပြောလိုက်၊ မောင်ဂျင်းဆိုတဲ့လူဟာ ဒီလိုအဆိပ်ခတ်သတ်လို့ရတဲ့ လူစားမျိုး မဟုတ်ဘူး၊ ဟောဒီမှာကြည့်" ဟု ဆိုကာ မောင်ဂျင်းသည် အဆိပ်ခတ်ထားသော လက်ဖက်ရည်ခွက် နှစ်ခွက်ကို တစ်ခွက်ပြီးတစ်ခွက် မော့ချလိုက်လေတော့၏။ တန်းလျားမှလူများလည်း မျက်နှာများကို လွှဲပစ်ကြကုန်၏။ အုန်းအုန်းကျွက်ကျွက်လည်း ဖြစ်ကုန်ကြလေ၏။

ထို့နောက် မောင်ဂျင်းသည် . . .

"သူဌေးကြီး ဦးပေတလူ မိသားစုက ကျုပ်ကို စိန်ခေါ်တာကိုး၊ ဘုရားသာ တ,ကြပေတော့ ပေတလူတို့ရေ" ဟု ကြုံးဝါးကာ ထိုတန်းလျားမှ အပြီးအပိုင်ထွက်သွားလေတော့၏။

လူများသည် မောင်ဂျင်းအား ဆွဲထားကြရန်ကို သတိမေ့နေကြလေ၏။ အဘယ်ကြောင့်ဆိုသော် . . .

သူတို့သည် သက်တင်ဆိုသူအား ဝိုင်းဝန်းရိုက်နှက်နေကြရသောကြောင့်ဖြစ်၏။

## တယောဆရာ

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး တစ်နှစ်ခန့် ကြာသောအခါ ကျွန်ုပ်တို့အိမ်ရှေ့ မလှမ်းမကမ်းနေရာလောက်တွင်ရှိသော မန်ကျည်းပင်ကြီးအောက်သို့ လူကြီးတစ်ယောက် ရောက်ရှိလာလေ၏။ ထိုလူကြီးသည် အသက်အားဖြင့် ခြောက်ဆယ် နီးပါးခန့်ရှိပြီဖြစ်သည်။ ၎င်း၌ ကြိုးနှစ်ချောင်းတပ်ထားသည့် တရုတ်လူမျိုးများ ထိုးလေ့ရှိသော တယောကလေးတစ်လက်လည်း ပါလာလေ၏။ ထို့အပြင် တစ်တောင်ကျော်ခန့်ရှိ အဝတ်ဖြင့် ချုပ်ထားသော မင်းသမီးရုပ် ဂလေး တစ်ရုပ်လည်း ၎င်းနှင့်

www.burmeseclassic.com

www.burmeseclassic.com


အတူပါလာလေ၏။ ထိုလူကြီးသည် မန်ကျည်းပင်ရိပ်၌ အမောဖြေပြီး ၎င်း၏ အိတ်အတွင်းမှ ငှက်ပျောသီးနှစ်လုံးကိုနှိုက်၍စားပြီးလျှင် သောက်ရေအိုးစင်မှ ရေတစ်ခွက်ကို ခပ်၍ သောက်လေ၏။ ထို့နောက် တယောကို ကြိုးညှိကာ လက်သံ အနည်းငယ် စမ်းလိုက်ပြီးနောက် သီချင်းတစ်ပုဒ်ကို တယောနှင့် သီဆိုလေ၏။

"လာပါပြီလေ. . . တို့လာပါပြီလေ၊ အသက်ဇီဝိန် ခြွေကာရယ်၊ ကာကွယ်လို့ မရနိုင်ပေ၊ သေရမည်မှာ မလွဲပေ။ အဲ့ဒါကြောင့်လေ ပြောလိုက်ချင်သလေ"

"အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနဲ့ဦး။ နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦး"

အဘိုးကြီး၏ သီချင်းသံကြားသောကြောင့် အနီးအပါးတွင်ရှိကြသည့် ကလေးအချို့နှင့် လူကြီးအချို့သည် မန်ကျည်းပင်အောက်သို့ စုပြုံရောက်ရှိလာကြ၏။ ထိုအခါ၌ အဘိုးကြီးသည် ၎င်း၌ပါလာသော အမြင့်တစ်တောင်ခန့်ရှိသည့် မင်းသမီးရုပ်ကလေး၏ ဇလာထဘ်ကိုလှန်၍ ၎င်း၏လက်ကို လျှိုသွင်းလိုက်လေ၏။ ထိုအခါ အရုပ်ကလေးသည် အသက်ရှိသည့်ပမာ အချိုးကျကျ ကပြနေလေတော့၏။

ကျွန်ုပ်သည် ရုပ်သေးပွဲ အမြောက်အမြားကို ကြည့်ရှုသော်လည်း ကျွန်ုပ် ကြည့်ဖူးသော ရုပ်သေးပွဲများမှာ ကြိုးဆွဲမှသာ ကပြနိုင်၏။ ယခု အဘိုးကြီး၏ ရုပ်သေးမှာမူ ကြိုးဆွဲရန်မလိုဘဲ အရုပ်၏ခန္ဓာကိုယ်အတွင်းသို့ လက်ကိုလျှိုသွင်းကာ ကပြသော ရုပ်သေး ပညာဆန်းတစ်မျိုး ဖြစ်လေ၏။

အဘိုးကြီးသည် မင်းသမီးရုပ်ကလေးဖြင့် သီချင်းတစ်ပုဒ် ဆုံးသည်အထိ ကပြပြီးနောက် ၎င်း၏ မင်းသမီးရုပ်ကလေးသည် လက်ချင်းယှက်ပြီး ပရိသတ်ကို ဂါဝရပြုလေ၏။ ထိုသို့ ဂါဝရပြုနေစဉ်ပင် အဘိုးကြီးသည် မိန်းမသံဖြင့် . . .

"ကျွန်မနာမည်က အငြိမ့်မင်းသမီးကလေး 'သန်းခေါင်ကြယ်' လို့ ခေါ်ပါတယ်၊ ဟောဒီ အစ်ကိုကာလသားတို့ကို မှာခဲ့ချင်တာကတော့ ရပ်ရွာထဲက အဘိုးကြီးတွေ မသေပါနဲ့ဦးလို့၊ နောင်နှစ်ခါ တန်ဆောင်မုန်းလကျရင် ကျွန်မ ပြည်တော်ချစ် 'သန်းခေါင်ကြယ်' အငြိမ့်မင်းသမီးကလေး ဒီကိုတစ်ခေါက်လာခဲ့ပါဦးမယ်၊ အဲဒီအခါမှာ ကျွန်မရဲ့ အငြိမ့်ပွဲကလေးကို ကြည့်သွားကြပါဦးလို့ အဘိုးကြီးတွေကို တောင်းပန် ပေးထားကြပါရှင်" ဟု ပြောလိုက်ရာ ဝိုင်းအုံကြည့်ရှုနေကြသော ကလေးများရော လူကြီးများပါ 'ဝါးခနဲ . . . ဟားခနဲ' ပွဲကျသွားကြလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ထူးဆန်းသောရုပ်သေးကို ကပြသည့်အဘိုးကြီးသည် ထိုနေရာမှ ထွက်ခွာသွားလေတော့၏။ ၎င်းမသွားမီ၌လည်း ကြည့်ရှုကြသူများအနက်မှ စေတနာသဒ္ဓါပေါက်သူများက အဘိုးကြီးအား ပိုက်ဆံအကြွေကလေးများကို ၎င်း၏အိတ်အတွင်းသို့ တယုတယထည့်ကာ ပျော်ရွှင်စွာ ထွက်သွားလေတော့၏။

◈◈◈◈◈

အထက်ပါအဖြစ်အပျက်ဖြစ်ပွားပြီး တစ်နှစ်ခန့်ကြာသောအခါ၌ ထိုအဘိုးကြီးသည် ပြန်လည်ရောက်ရှိလာလေတော့၏။

အဘိုးကြီးသည် ထုံးစံအတိုင်း မန်ကျည်းပင်အောက်တွင်ထိုင်၍ သူ၏ရုပ်သေးကို ကပြလေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်၏အစ်ကို မောင်ဘိုးထူ၏ သူငယ်ချင်းများသည် ကျွန်ုပ်တို့အိမ်သို့ အလည်ရောက်ရှိလာကြကုန်၏။ ထိုသို့အလည်ရောက်ရှိလာကြပြီးနောက် မောင်ဘိုးထူအား ပျော်ပွဲစားထွက်ရန် ခေါ်ကြလေ၏။

မောင်ဘိုးထူလည်း ၎င်းတို့နှင့်အတူ လိုက်ပါသွားလေ၏။ မောင်ဘိုးထူတို့လူစုကိုမြင်လျှင် ရုပ်သေးဆရာကြီး၏ ရုပ်သေးကလေးသည် . . .

"အစ်ကိုတို့ . . . ဘယ်သွားကြမလို့တုံး၊ ကျွန်မ အငြိမ့်မင်းသမီးကလေး 'သန်းခေါင်ကြယ်' လဲ လိုက်ပါရစေ၊ ကျွန်မက အစ်ကိုတို့ကို ဖျော်ဖြေမှာပါ" ဟု ပြောလေ၏။

ထိုအခါ မောင်ဘိုးထူ၏ သူငယ်ချင်းများက "ဒီအဘိုးကြီးပါ ခေါ်သွားရရင် ကောင်းမယ်" ဟု ဆိုလေ၏။

ထိုအခါ မောင်ဘိုးထူက . . .

"ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ ဘာဖြစ်လို့ခေါ်ရမှာလဲ" ဟု ပြောလေ၏။

မောင်ဘိုးထူ၏ သူငယ်ချင်းများကလည်း . . .

"ဒီလိုကွ . . . ပျော်ပွဲစားထွက်ကြမှာက ယောကျ်ားတွေချည့်ပဲ မဟုတ်ဘူး၊ မိန်းမတွေလဲပါတယ်၊ အဲဒီတော့ ဒီရုပ်သေးအဘိုးကြီးကို ခေါ်သွားရင် မိန်းမတွေ အပျင်းပြေတာပေါ့ကွာ" ဟု ပြောလေ၏။

"မိန်းမတွေအပျင်းပြေဖို့ ရုပ်သေးအဘိုးကြီး မလိုပါဘူးကွာ၊ ငါတို့ပါသွားမှာပဲ" ဟု မောင်ဘိုးထူကပြောရာ ၎င်း၏သူငယ်ချင်းများက . . .


www.burmeseclassic.com

www.burmeseclassic.com


"ဘာပဲဖြစ်ဖြစ်ကွာ. . . ငါတို့တော့ ခေါ်ခဲ့မယ်" ဟု ဆိုကာ ၎င်းအဘိုးကြီးကို မော်တော်ကားဖြင့်တင်၍ ခေါ်သွားကြလေ၏။ အဘိုးကြီးကားပေါ်သို့ တက်ခါနီး၌ ၎င်း၏ရုပ်သေးရုပ်ကလေးက . . .

"အစ်ကိုတို့နဲ့လိုက်ရတာ 'ကြယ်ကြယ်' တော့ သိပ်ပြီးပျော်တာပဲ" ဟု ပြောလိုက်ရာ ပျော်ပွဲစားအဖွဲ့သည် 'ဝါးခနဲ' ပွဲကျသွားတော့၏။

ထို့နောက် ၎င်းတို့၏မော်တော်ကားကြီးသည် ပျော်ပွဲစားထွက်မည့် အခြားသူများကို ခေါ်ဆောင်ရန်အတွက် ထွက်ခွာသွားကြလေ၏။

◈◈◈◈◈

မောင်ဘိုးထူ၏ ပျော်ပွဲစားအဖွဲ့သည် သာဓုကန်အနီးတွင်ရှိသော ဘန်ဂလိုတစ်လုံး၌ တည်းခို၍ ပျော်ရွှင်ကြလေတော့၏။ သူရာနှင့် ပျော်ကြ၏။ ထို့နောက် ဣတ္ထိယများနှင့် ပျော်ကြ၏။ ပြီးလျှင် လောင်းကစားများနှင့် ပျော်ကြကုန်၏။ ရုပ်သေးဆရာကြီးသည် ၎င်းတို့အလိုရှိသောအခါ၌ ဖျော်ဖြေပေးရလေ၏။ မောင်ဘိုးထူတို့လူစုသည် ညဉ့်နာရီပြန် သုံးချက်တီးအချိန်ထိ မြူးထူးပျော်ပါးကြပြီးလျှင် ကြုံရာနေရာ၌ ပိုးစိုးပက်စက်အိပ်စက်ကြလေတော့၏။ ၎င်းတို့သည် နောက်တစ်နေ့နံနက် (၁၀) နာရီကျော်ကာမှ အိပ်ရာမှအလူးလူးထကြလေတော့၏။ ထိုသို့အိပ်ရာမှထ၍ မျက်နှာသစ်ရန် ရေချိုးခန်းသို့ သွားရောက်သူများထဲတွင် စိန်စိန်သည် ကြေးစားမကလေး ဖြစ်၏။ စိန်စိန်သည် ရေချိုးခန်းတံခါးကို ဆွဲ၍ဖွင့်လိုက်ပြီးနောက် 'အောင်မလေး' ဟု ငယ်သံပါအောင် အော်၍ ဧည့်ခန်းဆီသို့ ပြန်ပြေးလာလေ၏။ ထိုအခါ ကျန်လူများက . . .

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ" ဟု အလန့်တကြားမေးကြရာ စိန်စိန်က-

"ကိုဘိုးထူ. . . ကိုဘိုးထူ" ဟု ပြောဆို၍ ရေချိုးခန်းဆီသို့သာ လက်ဖြင့် ညွှန်ပြလေ၏။ ထို့ကြောင့် ရေချိုးခန်းဆီသို့စုပြုံ၍ သွားရောက်ကြည့်ရှုကြရာ ရေချိုးခန်းနံရံထောင့်တွင် ဒဏ်ရာပေါင်းများစွာဖြင့်သေဆုံးနေသော မောင်ဘိုးထူ၏ အလောင်းကို တွေ့ကြရလေတော့၏။

အလောင်း၏ ရင်ဘတ်တွင် ချိတ်ဖြင့်ထိုးထားသော စာရွက်တစ်ရွက်ကိုလည်း တွေ့ရလေတော့၏။ ထိုစာရွက်၌မူ အလောင်းမှထွက်သော သွေးများဖြင့် ရေးထားသည့်စာကို ထိတ်လန့်ဖွယ်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

သင့်ဟာသင် သေခွင့်မရှိ။ ကျွန်ုပ်တို့
လက်ချက်ဖြင့်သာ သေရလိမ့်မည်။

သန်းခေါင်ကြယ်

ပျော်ပွဲစားအဖွဲ့သည် ထိုစာကို ဖတ်ပြီးနောက် မျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်ကြကုန်၏။ ထို့နောက် မောင်ဘိုးထူကိုသတ်သွားတာ ဟိုရုပ်သေးဆရာကြီးနေမှာပဲ ဟု ထင်မြင်ချက်ပေးကြကုန်၏။ ထို့နောက် ရုပ်သေးဆရာကြီးအား ရှာဖွေကြကုန်၏။

ပျော်ပွဲစားအဖွဲ့သည် ၎င်းတို့ခေါ်လာသော ရုပ်သေးဆရာကြီးကို ရှာဖွေကြရာ အစအနကို မတွေ့ကြရတော့ပေ။ သို့ရာတွင် ဗိုလ်တဲ၏နံရံ၌ မီးသွေးဖြင့်ရေးထားသော အောက်ပါစာကိုမူ ဖတ်ရှုကြရလေတော့၏။

မိတ်ဆွေတို့အား ဆက်လက် ဖြေဖျော်လိုသော်လည်း အခြားသော သူ နှစ်ယောက်အား သတ်ရန် အလုပ်ရှိသဖြင့် မနေ့ညက ဖျော်ဖြေခဲ့သော ဖျော်ဖြေခကိုပင် မယူနိုင်တော့ဘဲ ခရီးထွက်သွားပါပြီ၊ ထိုဖျော်ဖြေခငွေကို မောင်ဘိုးထူ၏ အသုဘစရိတ် အတွက် ကျွန်ုပ်၏ကူငွေအဖြစ် ထည့်ဝင်ပေးပါ။

သန်းခေါင်ကြယ်

ထိုစာကိုဖတ်ပြီးနောက် ပျော်ပွဲစားအုပ်စုသည် အထူးတုန်လှုပ်ချောက်ချား လာကာ လူစုမခွဲဝံ့ဘဲ စုပြုံ၍ ထိုင်နေကြလေ၏။ ထို့နောက်မှ တစ်ယောက်သောသူက သတိရကာ ပုလိပ်ဘက်သို့ အကြောင်းကြားလိုက်လေတော့၏။

ဤသည်ပင် ကျွန်ုပ်၏အစ်ကို မောင်ဘိုးထူဆိုသည့် လူရုပ်လူပွေတစ်ဦး၏ မရှုမလှဇာတ်သိမ်းခန်း ဖြစ်ပေတော့သည်။

◈◈◈◈◈

## အသက်သခင် . . .

မောင်ဘိုးထူ မရှုမလှ အသတ်ခံရသောအခါ၌ ကျွန်ုပ်သည် လွန်စွာတုန်လှုပ် မိလေ၏။ “ငါ့အစ်ကို မောင်ဘိုးထူကိုသတ်ပြီးရင် လူသတ်သမားဟာ ငါ့ကို သတ်တော့ မှာပါလား၊ ငါ့အစ်ကို မောင်ဘိုးထူကိုသတ်တဲ့ လူသတ်သမားဟာ တခြားလူမဖြစ်နိုင်ဘူး


www.burmeseclassic.com

www.burmeseclassic.com


သူတို့ခေါ်သွားတဲ့ ရုပ်သေးဆရာကြီးဆိုတာဖြစ်မှာပဲ၊ အဲဒီရုပ်သေးဆရာကြီးဆိုတာလဲ အခြားလူ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ အိမ်ရှင်အိမ်ငှားနဲ့ပတ်သက်ပြီး ငါတို့နဲ့အချင်းများခဲ့တဲ့ ကျောင်းဆရာ မောင်ဂျင်းဆိုတာ ဖြစ်မှာပဲ၊ ဒါကို ငါ့အဖေ ဦးပေတလူဟာ ရိပ်မိရဲ့သား မဆိုနိုင်ဘူး" ဟု ကျွန်ုပ်သည် တွေးတောမိသည့်အလျောက် ဖခင်နှင့်-နှစ်ယောက်အတူ တိုင်ပင်ရန် စီစဉ်ရလေတော့၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ဖခင်နှင့် ငါးထပ်ကြီးဘုရား၌ ဥပုသ်စောင့်သွားမည်ဟုဆိုကာ ဖခင်ကြီးအား မရမက ခေါ်ယူခဲ့လေ၏။ ငါးထပ်ကြီးဘုရားအနီး ချောင်ကျသောရုပ်တစ်လုံးတွင် သားအဖနှစ်ယောက် ဖျာကလေးတစ်ချပ်ကိုခင်း၍ ထိုင်ကြပြီးလျှင်ကျွန်ုပ်က စ၍ . . .

"အဖေ့ကို ဒီကနေ့ ဥပုသ်စောင့်ဖို့ခေါ်တာက အရေးကြီးတဲ့စကားပြောချင်လို့၊ အဲဒါက ဘာလဲဆိုတော့ အစ်ကိုမောင်ဘိုးထူ အသတ်ခံရတဲ့ကိစ္စပဲ" ဟု ပြောလိုက်ရာဖခင်ကြီးက . . .

"နေဦးကွာ. . . သီလယူပြီးမှ ပြောကြတာပေါ့ကွာ" ဟု ဆိုလေ၏။

ကျွန်တော်က 'တကယ် ဥပုသ်စောင့်ချင်လို့လာတာမဟုတ်ဘူး၊ အိမ်မှာကလဲမောင်ဘိုးထူ အသုဘကိစ္စနဲ့ အဖေ့အမျိုးတွေရော၊ အမေ့အမျိုးတွေရော၊ ရပ်ရွာထဲကလူတွေရော တရုံးရုံးနဲ့ ဖြစ်နေတယ်မဟုတ်လား၊ အဲဒီတော့ လျှို့ဝှက်တဲ့စကား ပြောလို့မရဘူး မဟုတ်လား၊ ဒါကြောင့် ဥပုသ်စောင့်မယ်ဆိုပြီး အဖေ့ကို ဒီမှာခေါ်ခဲ့တာ" ဟုကျွန်ုပ်က ပြောသော်လည်း ကျွန်ုပ်၏ဖခင်ကြီးက . . .

"အေးပါလေ. . . သီလယူတာ ဘယ်လောက်များကြာလို့တုန်းကွာ၊ သီလယူပြီးမှ အေးဇအေးဆေးဆေးပြောကြတာပေါ့၊ ငါတို့သားအဖ ဒီမှာ တစ်နေ့လုံး နေကြမှာပဲ" ဟု ဆိုကာ ကျွန်ုပ်ကိုခေါ်၍ ဆရာတော်ကြီးထံသွားကာ သီလတောင်းလေ၏။ ဆရာတော်ကြီးလည်း သီလပေးပြီးနောက် ကျွန်ုပ်၏ဖခင်ကြီးအား ဆန်စပါးကိစ္စ၊ ရောင်းရေး ဝယ်ရေးကိစ္စများကို အနည်းငယ် မေးမြန်းတော်မူ၏။

ထို့နောက် လောဘကြီးခြင်းကြောင့် ပြိတ္တာဖြစ်ရသော ဇာတ်ဝတ္ထုတစ်ခုကိုဟောပြ၍ ချမ်းသာစွာနေရန် ပြောပြီးလျှင် အခန်းအတွင်းသို့ ဝင်သွားလေ၏။

ထိုအခါကျမှပင် ကျွန်ုပ်တို့သားအဖသည် ကျောင်းပေါ်မှဆင်းလာပြီးလျှင်စောစောကဇရပ်၌ သွား၍ထိုင်ကြလေ၏။ ထိုင်မိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်က . . .


www.burmeseclassic.com

www.burmeseclassic.com



"အဖေ. . . မောင်ဘိုးထူကိုသတ်တာ ဘယ်သူမှတ်သလဲသိလား" ဟု မေးရာ ဖခင်ကြီးက . . .

"ဆိုစမ်းပါဦး . . . လူကလေးရဲ့" ဟု ပြန်၍မေးလေ၏။

"သူတို့ပျော်ပွဲစားတဲ့နေရာကိုခေါ်သွားတဲ့ ရုပ်သေးဆရာကြီးပေါ့၊ ဒီရုပ်သေးဆရာကြီးကို မနှစ်ကလဲ ကျွန်တော်တို့ အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက်မှာ တစ်ခါတွေ့ဖူးသေးတယ်၊ ဒီလူကြီးသတ်တာ သေချာပါတယ်" ဟု ကျွန်ုပ်က ပြန်၍ပြောရာ ဖခင်ကြီးက . . .

"မှန်တာပေါ့ . . . လူကလေးရယ်၊ ဒီလူကြီးသတ်တာ ဖြစ်မှာပေါ့" ဟု အေးတိအေးစက်နိုင်သောလေသံဖြင့် ပြန်၍ပြောလေ၏။

"အဲဒီလူသတ်သမား ရုပ်သေးဆရာကြီးဟာ ဘယ်သူလဲ ဆိုတာ အဖေသိသလား" ဟု ကျွန်ုပ်ကမေးရာ ကျွန်ုပ်၏ဖခင်ကြီးက . . .

"ဆိုစမ်းပါဦး . . . လူကလေးရဲ့" ဟု မေးပြန်လေ၏။

"အဖေတို့ ရှေးလူကြီးတွေဟာ သိပ်ကိုအ,တာပဲ၊ အဲဒါ တခြားလူ ဟုတ်ရိုးလားဗျာ၊ အဖေတို့နဲ့ တစ်ခါ အိမ်ဝယ်တဲ့ကိစ္စမှာ အချင်းများခဲ့ဖူးတဲ့ ကျောင်းဆရာ မောင်ဂျင်းပဲပေါ့၊ မောင်ဂျင်းလဲ လူသတ်မှုနဲ့စက်တိုင်တက်သွားရမယ်၊ ဒါကိုပြောချင်လို့ အဖေ့ကို ဒီခေါ်ခဲ့တာပဲ" ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ ဖခင်ကြီးက . . .

"ဒီရန်က မအေးဘူးကွယ့်၊ ဒီရန်ကိုကာကွယ်ပေးဖို့ လူတစ်ယောက်ကတော့ ရှာရလိမ့်မယ်လို့ အဖေလဲ စဉ်းစားနေတာပဲ" ဟု ပြောလေ၏။

"စဉ်းစားမနေပါနဲ့ . . . အဖေရယ်၊ ပုလိပ်ကိုပြောပြီး မောင်ဂျင်းကို ရှာပြီး ဖမ်းခိုင်းလိုက်ပါ၊ မောင်ဂျင်း ရှိနေသရွေ့ ကျွန်တော်တို့မှာ အသက်အန္တရာယ် စိုးရိမ်ရတယ်" ဟု ကျွန်ုပ်က တိုက်တွန်းလိုက်လေ၏။

ထိုအခါ ဖခင်ကြီးသည် . . .

"ငါတို့ အသက်အန္တရာယ် စိုးရိမ်ရတယ်ဆိုတာ အမှန်ပဲကွယ့်၊ ဒီအတွက်လဲ အဖေတော့ တစ်ခုခုလုပ်ရမယ်ဆိုတာ စဉ်းစားနေပါတယ်ကွယ်၊ အလုပ်တစ်ခုဟာ ရမ်းပြီးလုပ်လို့မဖြစ်ဘူးကွယ့်" ဟု ပြောဆိုလေ၏။

"ကျွန်တော်ပြောသလိုသာ လုပ်စမ်းပါ အဖေရယ်၊ မောင်ဂျင်းကို ပုလိပ်နဲ့ရှာပြီး ဖမ်းပစ်လိုက်စမ်းပါ၊ ဒီရန်ကအေးသွားမှာပါ" ဟု ကျွန်ုပ်ကပြောရာ ဖခင်ကြီးက. . .

www.burmeseclassic.com

"အေးလေ၊ မင်းက ဖမ်းမစေချင်ရင် ဖမ်းရတာပေါ့ကွာ" ဟု ပြန်၍ပြောလေ၏။ ထိုအချိန်မှာပင် ကျွန်ုပ်တို့၏အိမ်မှ ကျွန်ုပ်၏အဒေါ် (ကျွန်ုပ်မိခင်ကြီး၏ညီမ) ဖြစ်သူ ဒေါ်ခင်ညွန့်သည် ကျွန်ုပ်တို့ရှိရာ ဇရပ်ကလေးဆီသို့ အူယားဖားယားရောက်ရှိလာပြီးလျှင် ကျယ်လောင်ကျယ်လောင်ဖြင့် အောက်ပါအတိုင်း ပြောလေ၏။

"ကိုရင်ပေတလူတို့ သားအဖက ဒီမှာအေးအေးဆေးဆေးသီလဆောက်တည်နေကြ၊ အိမ်မှာ ဘာဖြစ်ကုန်ပြီ မှတ်သလဲ၊ မီးလောင်ကုန်ပြီ"

ဖခင်ကြီးသည် ခဲယ်မဖြစ်သူအား စေ့စေ့ကြည့်၍ . . .

"မယ်ညွန့်ရယ်၊ အရေးကြီးတဲ့စကားကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ" ဟု ဆိုလိုက်လေ၏။

ထိုအခါကျမှပင် ဒေါ်ခင်ညွန့်က . . .

"ပုသိမ်က ရှင့်တူကလေး၊ အခုပဲ အိမ်ကိုရောက်လာတယ်၊ ရှင့်ရဲ့အစ်ကိုကြီးတိုပေတဖြူ အသတ်ခံရလို့ဆိုပဲ၊ တစ်ကိုယ်လုံး ဓားနဲ့ထိုးသွားတာ အပ်ချစရာတောင်မရှိဘူးတဲ့၊ အဲ့ဒီအသတ်ခံရမယ့် ညနေပိုင်းက သူတို့အိမ်ရှေ့ကို ရုပ်သေးဆရာတစ်ယောက် ရောက်လာတယ်လို့ပြောတယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က . . .

"အဖေ မောင်ဂျင်းကို မြန်မြန်ဖမ်းမှ ထင်တယ်၊ မဆိုင်တဲ့ လူတွေကိုပါ လျှောက်လုပ်ကုန်ပြီ၊ ဘကြီးဟာ သူနဲ့ဘာဖြစ်လို့တုံး၊ အခုကြည့်စမ်း၊ မဆီမဆိုင်တာတွေ လျှောက်ပြီး သတ်ကုန်ပြီ" ဟု ကျွန်ုပ်က တုန်လှုပ်စွာ ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏ ဖခင်ကြီးက . . .

"မယ်ညွန့် . . . ပြန်တော့" ဟု ဆိုကာ ကျွန်ုပ်၏အဒေါ်အား ပြန်လွှတ်လိုက်လေတော့၏။ ပြီးလျှင် ကျွန်ုပ်အား . . .

"ကဲ . . . လူကလေး၊ အဖေခိုင်းတာကို အတိအကျ လိုက်ပြီးလုပ်စမ်း" ဟု ဆိုလေ၏။ ကျွန်ုပ်ကလည်း . . .

"လုပ်ပါ့မယ် . . . အဖေရယ်" ဟု ကတိခံလေ၏။ ထိုအခါ ဖခင်ကြီးက . . .

"ဈေးကိုသွားစမ်း၊ ငှက်ပျောသီးသုံးဖီး၊ အုန်းသီးတစ်လုံး ကွမ်းသီး၊ ထုံး၊ ဆေးရွက်ကြီးနဲ့ ပိတ်ဖြူငါးတောင် ဝယ်ခဲ့၊ ပြီးတော့ ဘုန်းကြီးကျောင်းမှာဇလုံငှားပြီးတော့ ဟောဒီမှာ ကန်တော့ပွဲတစ်လုံးအမြန်ဆုံးတည်ပေးစမ်း၊ ပြီးတော့ ဇလုံသပ်သပ်တစ်လုံး ဆန်တစ်ပြည်လဲ ထည့်ပေးထား" ဟု ဆိုကာ ကျွန်ုပ်အား ခိုင်းစေလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း ဖခင်ကြီး ခိုင်းစေသဖြင့် ဘုန်းကြီးကျောင်းမှ ထွက်ခဲ့လေတော့၏။ လမ်းတွင် . . .

"အဖေ့နှယ်၊ အရေးကြီးခါမှ ကန်တော့ပွဲတွေ ဘာတွေနဲ့ ဘာများလုပ်ဦး မလို့လဲ" ဟု တွေးတောမိလေ၏။

သို့ရာတွင် ဖခင်ကြီးလုပ်ကိုင်သည့်အဓိပ္ပာယ်ကို ကျွန်ုပ်မသိရှိခဲ့ပါ။ ကျွန်ုပ်သည် ဗဟန်းဘက်သို့သွား၍ ကန်တော့ပွဲထိုးရန်အတွက် ငှက်ပျောသီး၊ အုန်းသီး အပါအဝင် လိုသည်များကို ဝယ်ယူလေ၏။ ထိုအထဲတွင် ဆန်တစ်ပြည်လည်းပါ၏။

ပစ္စည်းများ ဝယ်ယူပြီးနောက် ကျွန်ုပ်သည် ဖခင်ကြီးရှိရာသို့ ပြန်၍လာလေ၏။ ထို့နောက် ပစ္စည်းများကို ဖခင်ကြီးအား အပ်နှံလိုက်ရာ ဖခင်ကြီးသည် ဇလုံတစ်လုံးနှင့် ကန်တော့ပွဲကို ကိုယ်တိုင်ပြုလုပ်လေ၏။

ထို့နောက် အခြားတစ်လုံးတွင် ဆန်တစ်ပြည်နှင့် ငွေတစ်မတ်ကို ထည့်လေ၏။ ပြီးလျှင် ဇရပ်၏ခေါင်းရင်းပိုင်း၌ ကန်တော့ပွဲဇလုံနှင့် ဆန်ဇလုံကို ထားလေ၏။

ထို့နောက် ဘုန်းကြီးကျောင်းမှ ဖျာတစ်ချပ်ကို ငှားရမ်း၍လည်း ခင်းထား လေ၏။ ဖျာပေါ်တွင် ကျွန်ုပ်ဝယ်ခဲ့သော ပိတ်ဖြူငါးတောင်ကိုလည်း သပ်ရပ်စွာ ခင်းထားလေ၏။

ထိုကြောင့် ကျွန်ုပ်က . . .

"ဘာလုပ်တာလဲ . . . အဖေ" ဟု ပြောရာ ကျွန်ုပ်၏ ဖခင်ကြီးက . . .

"တို့အသက်ကို ကယ်ဆယ်မယ့် အသက်သခင် ကျေးဇူးရှင်ကို ငါသွားပြီး ပင့်ခိုင်းထားပြီ၊ ဒီကျောင်းက ကပ္ပိယကြီးကို မင်းသိတယ်မဟုတ်လား၊ စတီးဘရားသား စာရေးကြီးကနေ အလုပ်ထွက်ပြီး ကပ္ပိယ လာလုပ်နေတဲ့ အဘိုးကြီးလေ"ဟု ပြော လေ၏။

"ဦးသူတော်ကြီးကိုပြောတာလား . . . အဖေ" ဟု ကျွန်ုပ်ကမေးရာ . . .

"အေး . . . ဟုတ်တယ်၊ အဲဒီလူကြီးဟာ ရန်ကုန်သား လူလည်ကြီးပေါ့ကွာ အခုတော့ အစွယ်ကျိုးပြီး ကပ္ပိယ လာလုပ်နေတယ်၊ အဖေတွေ့ချင်တဲ့ လူတစ်ယောက် ကို စာရေးပြီး သူ့ကိုရှာခိုင်းလိုက်ပြီ၊ မကြာခင်မှာ ရောက်လာမှာပါ" ဟု ကျွန်ုပ်၏ ဖခင်ကြီးက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး စကားမပြောဘဲ ပုတီးစိပ်ရင်း ကျောင်းအပေါက်ဝသို့ မျှော်၍ ကြည့်မနေလေ၏။ အတန်ကြာသောအခါ၌ ကျောင်းပေါက်ဝတွင် ဦးသူတော်နှင့်အတူ လူတစ်ယောက်ကို တွေ့ရသဖြင့် လှမ်း၍ကြည့်လိုက်ရာ ထိုသူမှာ ကျွန်ုပ်အစ်ကို မောင်ဘိုးထူနှင့် ကျွန်ုပ်၏ဘကြီး ဦးပေတဖြူကို ရက်စက်စွာ သတ်ဖြတ်ခဲ့သော သန်းခေါင်ကြယ် (ခေါ်) ကျောင်းဆရာ မောင်ဂျင်း ဖြစ်ကြောင်း တွေ့ရလေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် အလန့်တကြားဖြစ်ကာ . . .

"အဖေ. . . အဖေ၊ ဟိုမှာ. . . ဟိုမှာ၊ သေမင်း . . . သေမင်း" ဟု ယောင်ယမ်းအော်မိလေ၏။

ထို့ကြောင့် ကျွန်ုပ်ဖခင်ကြီးက . . .

"ငြိမ်ငြိမ်နေစမ်းပါ. . . ငါ့သားရယ်၊ မင်းကလဲ အတော့်ကို သွေးနည်းတဲ့ အကောင်" ဟု ပြောဆိုလိုက်စဉ်၌ပင် မောင်ဂျင်းနှင့် ဦးသူတော်ကြီးတို့သည် ကျွန်ုပ်တို့ ဇရပ်အနီးသို့ ရောက်ရှိလာလေတော့၏။ ထိုအခါ ကျွန်ုပ်၏ ဖခင်ကြီးက . . .

"အပေါ်ကိုကြွပါ ဆရာလေး၊ ဟောဟိုမှာ ခင်းထားတဲ့ အခင်းပေါ်မှာ ထိုင်ပါ" ဟု ပြောလိုက်ရာ မောင်ဂျင်းသည် ဇရပ်ပေါ်သို့ တက်လာပြီးလျှင် ကျွန်ုပ်၏ ဖခင်ကြီး ခင်းထားသော ပိတ်ဖြူအခင်းပေါ်၌ အကျအန တင်ပျဉ်ခွေချိတ်၍ ထိုင်လေ၏။

ထိုအခါ ကျွန်ုပ်၏ဖခင်ကြီးက ကပ္ပိယ ဦးသူတော်ကြီးအား ငွေတစ်ဆယ်ပေး၍ ရှောင်ပေးရန် ပြောလိုက်လေ၏။

ဦးသူတော်လည်း ငွေတစ်ဆယ်ရသဖြင့် ဝမ်းမြောက်ဝမ်းသာနှင့်ပင် ရှောင်ပေးလေ၏။ ကပ္ပိယကြီး ဦးသူတော် မရှိတော့သောအခါ၌ ကျွန်ုပ်၏ ဖခင်ကြီးသည် မောင်ဂျင်းအား လက်အုပ်ချီ၍ . . .

"ဆရာလေးဟာ အသက်အားဖြင့် ကျုပ်သားလောက်ရှိပါသေးတယ်၊ စိတ်ထားလဲ မြင့်မြတ်ပါတယ်၊ သူရသတ္တိနဲ့လဲ ပြည့်စုံပါတယ်၊ အားငယ်သူတွေဘက်က အမြဲတမ်း ပါဝင်ကူညီတတ်တဲ့ သူရဲကောင်းရဲ့ စိတ်နှလုံးမျိုးလည်း ရှိပါတယ်။ ဒီလိုလူမျိုးကို ဦးဟာ နှိပ်စက်ဖို့ ကြိုးစားခဲ့တယ်၊ သေသွားတဲ့ဦးရဲ့သား မောင်ဘိုးထူနဲ့ ဦးနဲ့ပေါင်းပြီး ဆရာလေးရဲ့အသက်ကို အဆိပ်ခတ်ပြီးလုပ်ကြံခဲ့တယ်၊ ကျုပ်ရော ကျုပ်သား မောင်ဘိုးထူရော အင်မတန်ကြီးလေးတဲ့ အပြစ်ကိုကျူးလွန်ပါတယ်၊ ကျုပ်သား မောင်ဘိုးထူကတော့

www.burmeseclassic.com

နောင်တရခွင့်မရှိဘဲ သေသွားရှာပါပြီ၊ ကျုပ်ကတော့ နောင်တကြီးစွာ ရပါတယ် ဒါကြောင့် ကျုပ်တို့သားအဖ ကျူးလွန်ခဲ့တဲ့အပြစ်ကို ခွင့်လွှတ်ဖို့ ဆရာလေးကို ဟော ကန်တော့ပွဲနဲ့ကန်တော့ပြီး တောင်းပန်ပါတယ်" ဟု ဆိုကာ မောင်ဂျင်းအား ဦးသုံးကြိမ် လေ၏။

ထိုအခါ ကျွန်ုပ်လည်း ရန်သူဖြစ်သူအား ဤသို့ရှိခိုး၍ တောင်းပန်ရမည်ကို လွန်စွာဝန်လေးသကဲ့သို့ ရှိလေ၏။

ထို့ကြောင့် ငူငူကြီး ထိုင်နေ၏။ ဖခင်ဖြစ်သူက . . .

"ငါ့သား . . . ဆရာကလေးကို ကန်တော့လိုက်၊ အဖေတို့မှာ အပြစ်ရှိနေတယ်" ဟု ဆိုသဖြင့်သာ ဖခင်စကားကို မလွန်ဆန်နိုင်သောကြောင့် ဦးချလိုက်လေတော့၏။

စိတ်တွင်း၌ကား အောင့်သက်သက်နိုင်လှဘိတော့၏။ ထို့နောက် ကျွန်ုပ်၏ ဖခင်ကြီးက . . .

"ဆရာလေးရယ်၊ အပြစ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပြီးပါပြီ၊ ယခုအခါမှာ ကျုပ်တို့ရဲ့ အသက်ကို လုပ်ကြံမယ့် အင်မတန်အစွမ်းထက်တဲ့ သန်းခေါင်ကြယ်ဆိုတဲ့ ရန်သူတွေဟာ မိုးဦးကျမိုးတွေလို ဟိုက ဒီက ပေါ်ပေါက်လာကြပါပြီ။ ဦးတို့မိသားစုအဖို့ ပြေးစရာမြေမရှိတဲ့အခြေအနေကို ရောက်နေပါပြီ၊ ဦးတို့ရဲ့အသက်ကို ကယ်ဆယ် နိုင်မယ့်လူဟာ ဆရာလေးပဲရှိပါတယ်၊ ဒါကြောင့် ဦးတို့မိသားစုရဲ့ အသက်ကို ဆရာလေး လက်မှာ အပ်နှံပါတယ်၊ ဟောဒီဇလုံထဲမှာထည့်ထားတဲ့ ဆန်တစ်ပြည် ငွေတစ်မတ်ဟာ ဦးတို့ရဲ့ အသက်ဖိုးအဖြစ် ဆရာလေးကို ကန်တော့တာပါပဲ၊ ဦးတို့ရဲ့ အသက်ကို ဆရာလေးက ကယ်ဆယ်ပေးပါ၊ ဆရာလေးမှတစ်ပါး ဤလောကမှာ အားကိုးရာ မမြင်တော့ပါ" ဟု ပြောဆိုကာ ဆန်ဖြင့် ကန်တော့ပြန်လေတော့၏။ ကျွန်ုပ်ကိုလည်း ကန်တော့ခိုင်းပြန်လေ၏။

ကျွန်ုပ်မှာ ဖခင်ကြီးပြုလုပ်သောအဓိပ္ပာယ်ကို နားမလည်အောင်ရှိလေတော့၏။

ထိုအခါ မောင်ဂျင်းသည် . . .

"အခုလို အပြစ်ကို ဝန်ချရုံနဲ့တော့ မပြီးသေးဘူးဗျ၊ တန်းလျားမှာနေတဲ့ လူတွေ ကို ဦးပေတူလူက နှင်ဦးမှာလား" ဟု မေးလေ၏။

"မနှင်ပါဘူးဗျ . . . မနှင်တော့ပါဘူး၊ နှင်လဲမနှင်အပ်ပါ ဟောဒီမှာ" ဟုဆိုကာ အိမ်ဝယ်ထားသောစာချုပ်ကို မောင်ဂျင်းလက်သို့ပေးပြီးလျှင် ထိုအိမ်တန်းလျားကြီးအား



www.burmeseclassic.com

www.burmeseclassic.com


ခန်းဌားနေသူအားလုံး ပိုင်ဆိုင်ခွင့်ရှိကြောင်း စာချုပ်တစ်စောင်ရေးပေး၍ မောင်ဂျင်း တို့အပ်လိုက်လေ၏။ ထိုအခါ မောင်ဂျင်းလည်း . . .

"အခုလို နားလည်မှုရသွားတာ အလွန်ပဲဝမ်းသာပါတယ်၊ ဦးတို့ရဲ့ ရန်သူတွေရဲ့ အဖြစ်အပျက်နဲ့ အခြေအနေကို ကျွန်တော့်ကိုပြောပါဦး" ဟု မောင်ဂျင်းက ပြောရာ ကျွန်ုပ်၏ဖခင်က . . .

"ဒီလို . . . ဆရာလေးရဲ့၊ ကျုပ်ရဲ့ အဖြစ်အပျက်ကို အစအဆုံး ပြောပြမှ ဆရာလေး သဘောပေါက်မှာ၊ ဒီအဖြစ်အပျက်က ကျုပ်နဲ့ ကျုပ်အစ်ကို ကိုရင်ပေတဖြူက နေ လွဲပြီး ဘယ်သူမှသိသေးတဲ့ အဖြစ်အပျက်မဟုတ်ဘူး၊ ကျုပ်ရဲ့သားသမီးတွေလဲ သိကြဘူး၊ ကျုပ်ရဲ့ မိန်းမလဲ မသိသေးဘူး၊ အဲဒီအဖြစ်အပျက်ကို သေသေချာချာ နားထောင်ပြီးမှ ဆရာလေးဘာသာဆရာလေး စဉ်းစားပြီး အကူအညီပေးဖို့ပါပဲ" ဟု ဆိုကာ လွန်စွာရှည်လျား၍ လွန်စွာမှလည်းစိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်အပျက် တစ်ခုကို ပြောပြလေတော့၏။

ထိုအဖြစ်အပျက်ကို ဤမှတ်တမ်းကြီး၌ ကျွန်ုပ်၏ ဖခင်ကြီး ဦးပေတလူ ပြောရသည့်အတိုင်း အသေးစိတ် ရေးသားမှတ်တမ်းတင်အပ်ပေသည်။

◈◈◈◈◈

## ပေတဖြူ ပေတလူညီအစ်ကို ပင်လယ်ဓားပြ ဖြစ်ခဲ့ခြင်း

တစ်ညသ၌ ပင်လယ်ဓားပြများ အသုံးပြုသည့် 'သန်းခေါင်ကြွယ်' အမည်ရှိ သင်္ဘောကြီးတစ်စင်းသည် ပင်လယ်သမုဒ္ဒရာကြီးကိုဖြတ်၍ မထင်မရှားသော ကျွန်းတစ်ကျွန်း၌ ဆိုက်ကပ်လေ၏။ ထို့နောက် 'သန်းခေါင်ကြွယ်' ပင်လယ်ဓားပြ အဖွဲ့ကြီး၏ ဦးစီးဦးဆောင်ဖြစ်သော ဓားပြကြီးသည် ၎င်း၏လူများကို သင်္ဘောပေါ်တွင် ပါလာသော ရတနာပစ္စည်းများကို ကျွန်းပေါ်သို့ သယ်၍ ချခိုင်းလေ၏။ ထိုသို့ သယ်၍ ချခိုင်းပြီးနောက် ပစ္စည်းသေတ္တာများကို စစ်ဆေးလေ၏။ နှစ်ပေါင်းများစွာ တိုက်ခိုက် ၍ စုဆောင်းထားသော ပစ္စည်းများဖြစ်သဖြင့် လွန်စွာမှလည်း များပြားလေ၏။ ပစ္စည်းများကို စစ်ဆေးပြီးသောအခါ၌ ဓားပြခေါင်းဆောင်ကြီးက . . .

www.burmeseclassic.com

 www.burmeseclassic.com

"တဲ . . . ငါ့တပည့်တို့၊ မင်းတို့ရဲ့တာဝန်ကတော့ပြီးပြီ၊ မျက်စိပိတ်ထားခံရတဲ့ ကုလားတို့လူစုကို ချပေးလိုက်" ဟု ပြောသဖြင့် မျက်စိကို အဝတ်စည်း၍ထားသော လူလေးယောက် ချပေးလိုက်ကြလေ၏။

ထိုအခါ ဓားပြခေါင်းဆောင်ကြီးသည် ထိုလူလေးယောက်အား အဝတ်များ ဖြုတ်ခိုင်းပြီးလျှင် . . .

"မင်းတို့လေးယောက်တိုင်ပင်ပြီး ဒီပစ္စည်းတွေကို ဒီကျွန်းကြီးပေါ်မှာ လုံလုံခြုံခြုံ ဝှက်ပေတော့၊ ဝှက်ပြီးရင် မင်းတို့လေးယောက်ရဲ့ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ကုလားက မြေပုံဆွဲပြီး၊ မြေပုံကိုခွဲပြီး တစ်ခုစီဝေပြီးယူထားကြ၊ မင်းတို့အတွက် ကစ်လစာ ရေရယ် ရိက္ခာရယ်၊ လက်နက်ကိရိယာတွေရယ် ထားခဲ့မယ်၊ တစ်လလောက်ကြာမှ ငါတို့လာ ခေါ်မယ်" ဟုဆိုကာ အခြားသောလက်အောက်ငယ်သားများကိုခေါ်ကာ ပင်လယ်ပြင် ကို ဖြတ်သန်း၍ ပြန်ခဲ့ကြလေ၏။

ထိုသို့ ပြန်ခဲ့ကြရာတွင် သင်္ဘောကြီးပေါ်၌ ပျော်ပွဲရွှင်ပွဲများကျင်းပ၍လာခဲ့၏။ ၎င်း၏ ပင်လယ်ဓားပြအဖွဲ့ဝင်တိုင်းသည် ဘေးစောင်းမှုတ်ရသော ပလွေကို မှုတ်တတ်မှ သာလျှင် အဖွဲ့ဝင်အဖြစ် လက်ခံသည်ဖြစ်ရာ ဓားပြတိုင်းလိုလိုသည် ပလွေကောင်းစွာ မှုတ်တတ်ကြလေ၏။ ထိုပလွေသည်ပင်လျှင် ၎င်းတို့၏အဖွဲ့ဝင်ဖြစ်ကြောင်း အမှတ် အသားဖြစ်ပေ၏။ ၎င်းတို့သည် ပလွေများကို မှုတ်၍ ကသူက၏။ အရက်သောက်သူ သောက်၏။ ပျော်ရွှင်စွာဖြင့် ပင်လယ်သမုဒ္ဒရာကို ဖြတ်သန်းခဲ့ကြလေ၏။

ထိုသို့လာရာလမ်းတွင် ၎င်းတို့၏ ဓားပြခေါင်းဆောင်ကြီး ဗိုလ်ကြယ်က

"မင်းတို့ ငါလုပ်တဲ့အဓိပ္ပာယ်ကို သိကြပြီလား " ဟု မေးလေ၏။

ဓားပြများက . . .

"မသိပါဘူး ဆရာကြီး" ဟု သံပြိုင်ဖြေကြလေ၏။

"မင်းတို့စဉ်းစားကြည့်စမ်း၊ အဲဒီကျွန်းကိုရောက်အောင် ဘယ်လောက်သွားရ သလဲ၊ လမ်းမှာကလဲ ဆင်တူယိုးမှားကျွန်းတွေကလဲ အများကြီးပဲ၊ မြေပုံမပါဘဲ သွားရ ဘယ်လောက်ခက်သလဲ" ဟု ဓားပြခေါင်းဆောင်ကြီးက ပြောလေ၏။

ဓားပြများသည် 'ဟုတ်ပါတယ် ဆရာကြီး" ဟု ဝန်ခံကြလေ၏။

"အေး အဲဒါလောက်ခက်တဲ့လမ်းကို တစ်လမ်းလုံးမျက်စိပိတ်ပြီး သင်္ဘော ထဲမှာ ထည့်ပြီးခေါ်လာတဲ့ ကုလားတို့လူစုတွေဟာ လမ်းကိုသိနိုင်ပါ့မလား" ဟု ဓားပြ ခေါင်းဆောင်လုပ်သူက မေးပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"မသိနိုင်ပါဘူးဆရာကြီး" ဟု မားပြများကလည်း ပြိုင်တူဖြေကြလေ၏။

"အေး . . . အဲဒီကျွန်းကိုသွားဖို့ လမ်းမသိတဲ့ကောင်တွေကို ကျွန်းပေါ်မှာ ပစ္စည်းဝှက်ခိုင်းလိုက်ပြန်တယ်၊ ဒီတော့ မင်းတို့ ငါတို့ကလဲ အဲဒီကျွန်းပေါ် ရောက်အောင် သွားနိုင်တယ်ထားဦး၊ ပစ္စည်းဝှက်တဲ့နေရာကို မသိနိုင်ဘူး၊ ပစ္စည်းဝှက်တဲ့ နေရာကို သိမှာက ကုလားတို့လူစု၊ ကျွန်းကိုသိတာက ငါတို့အားလုံး၊ အဲဒီလိုလုပ်လိုက်တဲ့အတွက် ငါတို့အထဲက သစ္စာဖောက်ပြီး ဒီပစ္စည်းကို ယူချင်ရင်တောင် မလွယ်ဘူး၊ မလွယ်တာမှ ငါကိုယ်တိုင် လိုချင်ရင်တောင် မလွယ်တော့ဘူး၊ မင်းတို့ ကျေနပ်ရဲ့လား" ဟု ဓားပြခေါင်းဆောင်ကြီးက မေးလိုက်လေ၏။

"ကျေနပ်ပါတယ် " ဟု ဓားပြများက ပြိုင်တူဖြေကြလေ၏။

ထိုအထဲတွင် ကောင်းကင်နက္ခတ်များကိုနားလည်သော ဓားပြညီအစ်ကိုနှစ်ဦး ပါရှိလာလေ၏။ ၎င်းတို့ ဤသို့အမြင်နက္ခတ်များ နားလည်တတ်ကျွမ်းသည်ကိုလည်း ကျွန်းပေါ်တွင် ရတနာမြှုပ်ရန် ကျန်ခဲ့သော ကုလားဆိုသူမှလွဲ၍ ကျန်သောလူများက မသိစားမိခြင်းမရှိကြချေ။ ၎င်းတို့ညီအစ်ကိုနှစ်ဦး၏အမည်မှာ ကိုပေတဖြူနှင့် ကိုပေတလူ ဟူ၍ဖြစ်ကြလေ၏။ ၎င်းတို့သည် ငယ်စဉ်အခါက ဘုန်းကြီးကျောင်းသားများဖြစ်ခဲ့ကြရာ ၎င်းတို့၏ ဆရာဘုန်းတော်ကြီးက ၎င်းတို့အား ငယ်စဉ်ကပင် အမြင်နက္ခတ်ကြည့်နည်းကို သင်ကြားပေးခဲ့လေ၏။

ကိုပေတဖြူနှင့် ကိုပေတလူတို့သည် နေ့အခါများ၌ တစ်ယောက်သောသူက လက်ယာဘက်တွင်တွေ့မြင်ရသော ကျွန်းများကို မှတ်သား၍ တစ်ယောက်သောသူက လက်ဝဲဘက်တွင်တွေ့မြင်ရသော ကျွန်းများကို မှတ်သားခဲ့လေ၏။ ညအခါများ၌မူ ကောင်းကင်မှ ကြယ်တာရာများကို ကောင်းစွာမှတ်သားခြင်းဖြင့် ပင်လယ်သမုဒ္ဒရာ ခရီးအား စိတ်၌ အလွတ်မှတ်ထားခဲ့ကြလေ၏။

ဤသို့လာခဲ့ကြရာ ငါးရက်မြောက်သောည၌ အခြားသောရွက်သင်္ဘောတစ်စီး ကို လရောင်၌ ကောင်းစွာမြင်တွေ့ရလေ၏။ ထိုရွက်သင်္ဘောမှလည်း မီးတုတ်များပြကာ အချက်ပေး နှုတ်ဆက်လေ၏။ ထိုအခါ ဓားပြခေါင်းဆောင်လုပ်သူက မျှော်စင်သို့ တက်ကာ မှန်ပြောင်းနှင့် ကြည့်ပြီးလျှင် . . .

"နေရာကျပြီဟေ့၊ အဲဒီသင်္ဘောကိုတိုက်မယ်" ဟု သူ၏လူများကို အချက်ပေး လိုက်ရာ သူ၏လူများသည် ပလွေများကို မှုတ်ကြလေသည်။ တစ်ဘက်ရွက်သင်္ဘောမှ


www.burmeseclassic.com

www.burmeseclassic.com

လူများကလည်း ပလွေသံများကိုကြားလျှင် ရန်သူများမဟုတ်” ဟု ယူဆကာ ဗုံတိုများ တီး၍ ကခုန်ကြလေ၏။ ဤသို့နှင့်ပင် သင်္ဘောချင်း ကပ်မိကြလေတော့၏။ ထိုသို့ ကပ်မိသောအခါ၌ ပင်လယ်ဓားပြကြီးသည် သူ၏လူများကို အမိန့်ပေးလိုက်ရာ သူ၏ လူများလည်း တစ်ဘက်ရွက်သင်္ဘောသို့ကူးကာ တိုက်ခိုက်လေတော့၏။ တစ်နာရီနီးပါး တိုက်ခိုက်ပြီးနောက် တစ်ဘက်သင်္ဘောအား လုံးဝအနိုင်ရရှိသွားလေတော့၏။

တစ်ဘက်သင်္ဘောမှာ အကြောင်းတစ်ခုခုနှင့် ထွက်ပြေးလာသော မဟာရာဇာ တစ်ဦး၏ သင်္ဘောဖြစ်လေ၏။ ရတနာရွှေငွေများလည်း ပါလာ၏။ ပင်လယ်ဓားပြများ သည် ပစ္စည်းများကိုယူပြီးလျှင် သင်္ဘောကြီးကို လူများနှင့်တကွ ရက်စက်စွာ မြှုပ်နှံ ပစ်လိုက်လေတော့၏။

ထို့နောက် ပင်လယ်ဓားပြများသည် ဆိပ်ကမ်းတစ်ခုသို့ ကုန်သည်ရွက်သင်္ဘော ဟန်ဆောင်၍ ဆိုက်ကပ်ပြီးလျှင် ရိက္ခာများဝယ်ယူကာ ကုလားတို့လူစု ပစ္စည်းဝှက် နေခဲ့သော ရတနာကျွန်းဆီသို့ ခရီးထွက်ခဲ့ကြလေတော့၏။ ထို့နောက် ကုလားတို့အား သင်္ဘောပေါ် တင်ပြီးလျှင် မျက်စိများကိုအဝတ်ဖြင့်စည်းကာ ခုနစ်ရက်ခန့်သွားရသော ကျွန်းတစ်ကျွန်းဆီသို့ ခေါ်သွားပြီးလျှင် ထိုကျွန်း၌လည်း ရိက္ခာများနှင့်တကွ ပစ္စည်း ဝှက်ရန်အတွက် ရှေးနည်းအတိုင်း မှာကြားခဲ့ပြီးလျှင် ပြန်ခဲ့ကြပြန်၏။

ထိုသို့ပြန်ခဲ့ကြရာ လမ်းခရီးတစ်ဝက်သို့ အရောက်တွင် လေမုန်တိုင်းမိသဖြင့် ၎င်းတို့၏ ‘သန်းခေါင်ကြယ်’ ရွက်သင်္ဘောကြီးသည် ပျက်လေတော့၏။ ပင်လယ်ဓားပြ သင်္ဘောသား အမြောက်အမြား ရေနစ်မြုပ်၍ သေကြလေ၏။ ဓားပြခေါင်းဆောင်ကြီး ပင်လျှင် သေဆုံးသွားရလေတော့၏။ ဓားပြအချို့သည် ပျဉ်ချပ်များကို မှီတွယ်၍ မျောချင်ရာ မျောကြရလေ၏။

ကိုပေတဖြူ နှင့် ကိုပေတလူတို့ ညီအစ်ကိုမှာလည်း ပျဉ်ချပ်တစ်ချပ်ကို နှစ်ယောက်တွယ်လျက် မျောခဲ့ကြရာ နောက်ဆုံးတွင် မြိတ်ကျွန်းစုဘက်သို့သွားသော သင်္ဘောတစ်စီးက တွေ့ရှိသဖြင့် ကယ်ဆယ်သွားရာ အသက်ဘေးမှ လွတ်မြောက် သွားလေတော့၏။

၎င်းတို့ညီအစ်ကိုသည် အသက်ဘေးမှ လွတ်မြောက်သည့် အချိန်မှစ၍ ၎င်းတို့ရောက်ခဲ့ဖူးသော ရတနာကျွန်းမြေပုံကို နှစ်ယောက်တိုင်ပင်၍ ဆွဲကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ဆွဲရင်း ကိုပေတလူက ၎င်း၏အစ်ကို ကိုပေတဖြူအား . . .

"ပေတဖြူရေ၊ ငါတို့ လူတွေလဲ သေကုန်ကြပါပြီဗျာ၊ မသေလို့ ကျန်ရင် နည်းနည်းပဲ ကျန်တော့မှာပါ၊ မှုစရာမလိုပါဘူး၊ ငါတော့ သူတို့လူစုဆီကို ပြန်မသွားတော့ဘူး၊ ကောင်းရောင်းကောင်းဝယ် လုပ်စားမယ်ဗျာ၊ အခွင့်အရေးနည်းနည်းရတာနဲ့ စက်လှေတစ်စီးဝယ်ပြီး ရတနာကျွန်းကို သွားမယ်၊ သူတို့ ဘယ်လောက်ဝှက်ထား ဝှက်ထား တစ်ကျွန်းလုံးကို ပိုက်စိပ်တိုက်ပြီး ရှာမယ်၊ အဲဒီလိုဆိုရင် ရတနာတွေကို ငါတို့ညီအစ်ကိုတွေပဲရမှာ" ဟု ပြောလိုက်ရာ ၎င်း၏အစ်ကို ပေတဖြူကလည်း သဘောတူလေ၏။

ထို့ကြောင့် ၎င်းတို့ညီအစ်ကိုနှစ်ဦးသည် မြိတ်မြို့၊ တနင်္သာရီမြို့များတွင် နေထိုင်ကာ အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်ကြလေတော့၏။ ထိုမြို့များ၌ပင် အိမ်ထောင်ပြု၍ အခြေချလိုက်လေတော့၏။

အတော်အတန် စီးပွားဖြစ်သောအခါ၌ စက်လှေကြီးတစ်စီးကို ပုတ်ပြတ်ငှားကာ ရတနာကျွန်းကို ကြိုးစား၍ ရှာဖွေကြလေတော့၏။ ခက်ခဲစွာ ရှာဖွေပြီးနောက် ရတနာကျွန်းကို တွေ့ရှိကြလေတော့၏။

၎င်းတို့ ဤသို့ရှာဖွေနိုင်ခြင်းမှာလည်း ကောင်းကင်နက္ခတ်တတ်ခြင်းသာလျှင် အကြောင်းရင်း ဖြစ်ပေတော့၏။ ၎င်းတို့သည် မှန်းဆ၍ ရေးဆွဲထားသော မြေပုံကို အသုံးပြုခြင်း၌ လွန်စွာ အခက်အခဲတွေ့သည်ဖြစ်ရာ ကောင်းကင် နက္ခတ်များကို အမှီပြု၍ မြေပုံအသစ်တစ်ချပ် ရေးဆွဲလေတော့၏။

ထိုမြေပုံမှာလည်း ကောင်းကင်နက္ခတ်ကို နားမလည်သူများ ရရှိသွားပါက မည်သို့မျှ အသုံးဝင်မည်မဟုတ်ပေ။ ၎င်းတို့ ညီအစ်ကိုနှစ်ဦးသည် ရတနာကျွန်းပေါ်သို့ ရောက်၏။

သို့ရာတွင် ကုလားတို့လူစုမှာ အဝှက်ကောင်းသောကြောင့် ရတနာများကို မရဘဲ အချည်းနှီး ပြန်ခဲ့ကြရလေ၏။ ထို့ကြောင့် ၎င်းတို့သည် ရတနာပစ္စည်းများ ရှိသည်ကို သေချာပေါက်သိလျက် ထိုပစ္စည်းများမရဘဲ ပြန်ခဲ့ရခြင်းကို ကြိတ်မနိုင်ခဲမရ ဖြစ်ကာ မကြာခဏဆိုသလို ထိုကျွန်းသို့သွားရောက်ရှာဖွေခြင်းဖြင့်သာလျှင် အသက်များ ကြီးရင့်လာလေတော့၏။

ဤနေရာ၌ ၎င်းတို့နှင့်အတူ ပင်လယ်တွင်း၌ သဘောပျက်၍ အတိဒုက္ခရောက်ကုန်သော ပင်လယ်ဓားပြများ၏ အကြောင်းကို ရေးသားဖော်ပြရန် လိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ပင်လယ်ဓားပြသုံးပုံနှစ်ပုံသည် ရေနစ်၍သေခဲ့လေ၏။ တစ်ပုံသေ
သူတို့မှာ အကြောင်းအမျိုးမျိုးဖြင့် အသက်ရှင်ခွင့်ရကြလေ၏။ ထိုသူတို့သည် တစ်
နီးပါးကြာသောအခါ၌ ပြန်လည်စုစည်းမိကြလေတော့၏။

ထိုသို့စုစည်းမိသောအခါ၌ ၎င်းတို့အနက်မှ တောက်ဆိုသော အရည်အချ
ရှိသော ဓားပြတစ်ဦးကို ယာယီအကြီးအမှူးအဖြစ် ခန့်အပ်ကာ သင်္ဘောငှားရမ်း
မဟာရာဂျာ၏ ပစ္စည်းများကိုဝှက်ရန် ကျွန်းတစ်ကျွန်းပေါ်၌ ကျန်ရစ်ခဲ့သော ကုလား
လူစုအား ပြန်လည်ရှာဖွေကြရလေတော့၏။

ခက်ခဲစွာရှာဖွေကြပြီးနောက် ကံအားလျော်စွာ ကုလားတို့ရှိရာကျွန်းကို တွေ့
ရလေတော့၏။ ကုလားတို့လူစုမှာ တစ်နှစ်ကျော်ကျော်ခန့် ကျွန်းပေါ်တွင် နေရသော
ကြောင့် ဆံပင်မုတ်ဆိတ်များ ရှည်လျားကုန်၏။

ရိက္ခာပြတ်ပြီ ဖြစ်သောကြောင့် တောဆိတ်များကိုသတ်၍ စားကြရ
သောက်ရေမှာလည်း မိုးတွင်းအခါ၌ မိုးရွာ၍ ကျောက်ခွက် ကျောက်ဖျာများတွ
တင်ရှိနေသော ရေကိုသာလျှင် စစ်၍ သောက်ကြရလေ၏။

ကုလားတို့သည် ၎င်းတို့အား လာရောက်ခေါ်ကြောင်းသိလျှင် လွန်စွာ
ပျော်ကြလေတော့၏။ ထို့နောက် တစ်ဦး၏အဖြစ်ကို တစ်ဦး ပြန်လည်ပြောဆိုက
ပင်လယ်ဓားပြများနှင့်အတူ လိုက်ပါခဲ့ကြလေ၏။ ဆိပ်ကမ်းများတွင် အဖမ်းအဆ
များနေသောကြောင့် ၎င်းတို့သည် ကျွန်းပေါ်တွင်မြှုပ်ထားသော မဟာရာဂျာတစ်ဦးထံ
တိုက်၍ရရှိထားသည့် ရတနာပစ္စည်းများကိုပြန်၍ ယူမသွားကြဘဲ ထားခဲ့ကြလေ
အခြေအနေကောင်းမှ ပြန်၍ယူရန် အားလုံးသဘောတူကြလေ၏။

ထို့နောက် လမ်းခရီး၌ပင် မူလဓားပြကြီး၏နေရာတွင် 'ကုလား'ကို ခေါင်းဆော
ခန့်ကာ 'သန်းခေါင်ကြယ်' ပင်လယ်ဓားပြအဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းကြလေ
ထိုသို့ဖွဲ့စည်းပြီးနောက် ၎င်းတို့သည် ယခင်ကအတိုင်း ပင်လယ်သမုဒ္ဒရာအတွင်း
တိုက်ခိုက်ဆိုးသွမ်းနေကြပြန်လေ၏။

လေ၊ မိုး ပြင်းထန်သော ရာသီဥတုများ၌မူ နီးရာဆိပ်ကမ်းများ၌ ကပ်က
ရာသီဥတုဒဏ်ကို ခိုလှုံကြလေ၏။ တချို့သော ပင်လယ်ဓားပြများလည်း မိမိတို့
ဇာတိမြို့ရွာများသို့ ပြန်ခွင့်ရကြလေ၏။

ဤသို့နေထိုင်လာခဲ့ရာ တစ်နေ့သောအခါ ပင်လယ်ဓားပြတစ်ဦးသည် မြိတ်မြို့
ကိုပေတလူကို မြင်တွေ့လိုက်ရသည်ဆို၏။ ထိုသို့ မြင်တွေ့လိုက်ရသဖြင့် ၎င်းတို့

www.burmeseclassic.com


ဆရာ ကိုကုလားထံသို့ အကြောင်းကြားလေ၏။ ထိုအခါ ကိုကုလားက ၎င်း၏တပည့် အားလုံးကို စုဝေးစေပြီးလျှင် . . .

"မင်းတို့အားလုံးကို အရေးကြီးတဲ့စကားပြောမယ်၊ အစကတော့ 'ပေတလု' နဲ့ 'ပေတဖြူ' ညီအစ်ကိုနှစ်ယောက် လေမုန်တိုင်းမိပြီး သင်္ဘောပျက်တုန်းက ကိစ္စချော သွားပြီလို့ ထင်တာနဲ့ ဘာမှအရေးမကြီးတော့ဘူးလို့ ထင်ခဲ့တယ်၊ ခုတော့ ဒီညီအစ်ကို နှစ်ယောက် မသေဘဲရှိသေးတယ်ဆိုတော့ ငါတို့အတွက် အရေးကြီးလာပြီ၊ ငါတို့ ဆရာကြီး ဦးကြွယ်လက်ထက်က တိုက်လို့ရတဲ့ ရတနာပစ္စည်းတွေကို ကျွန်းတစ်ကျွန်း မှာ မြှုပ်ခဲ့တယ်၊ တစ်ကျွန်းကတော့ ကိစ္စမရှိဘူး၊ မြှုပ်တဲ့နေရာကိုလဲသိတယ်၊ ရေကြောင်း ခရီးလမ်း မြေပုံလဲရှိတယ်။ အခြေအနေအေးတာနဲ့ သွားယူကြရုံပဲ၊ ဒါပေမဲ့ အဲဒီရတနာ ပစ္စည်းတွေက သိပ်မများဘူး၊ အသေးအဖွဲ့ရှိသေးတယ်၊ ထွက်ပြေးလာတဲ့ မဟာရာဂျာ ဆီက တိုက်လိုက်ရတဲ့ ရတနာပစ္စည်း အနည်းအကျဉ်းလောက်ပဲရှိတယ်၊ ပထမဦးဆုံး ကျွန်းမှာမြှုပ်ပြီးဝှက်ထားတဲ့ ရတနာပစ္စည်းတွေကမှ အဲဆမတန်များတာ၊ အဲဒါကိုရဖို့က ပိုအရေးကြီးတယ်၊ အဲဒီကျွန်းမှာ ဝှက်ထားတဲ့ နေရာကိုတော့ ငါကိုယ်တိုင်ဝှက်ထားခဲ့လို့ မှတ်မိတယ်၊ မြေပုံလဲ လုပ်ထားတယ်၊ ခက်တာက အဲဒီကျွန်းကို ဘယ်လိုရှာရမှာလဲ ဆိုတာတော့ ငါလဲမသိဘူး၊ အဲဒီတုန်းက ငါ့ကို မျက်နှာမှာအဝတ်စည်းပြီး ခေါ်သွားတော့ ဘယ်လိုလုပ်ပြီး ရေကြောင်းလမ်းခရီးကို မှတ်မိမှာလဲ၊ ကျန်တဲ့လူသစ်တွေကတော့ ထားပါတော့၊ အဲဒီတုန်းက ပါတဲ့ 'တေက်' တို့ တစ်တွေကလဲ ဘယ်ကျွန်းဆိုတာ မမှတ်မိတော့ဘူး ဆိုတော့ မခက်ပါလား၊ တယ်လဲ လျှော်တာပဲ၊ ပင်လယ်ဓားပြ လုပ်စားပြီး ဘယ်ကျွန်းကို ဘယ်လိုမှတ်ပြီး ဘယ်လိုသွားရမလဲ ဆိုတာကိုတောင် မသိကြ ဘူးကွာ၊ နမော်နမဲ့နေကြတဲ့ကောင်တွေပဲ၊ ဒါပေမဲ့ ဟိုညီအစ်ကိုကတော့ မင်းတို့လို မဟုတ်ဘူး သိပ်အကင်းပါးတယ်၊ တို့ဆရာကြီး ဦးကြွယ်လက်အောက်မှာ တို့တစ်တွေ အတူနေကြတုန်းကတည်းက အဲဒီပေတလုတို့ ညီအစ်ကိုနှစ်ယောက်ကို ငါ မသင်္ကာဘူး၊ တစ်နေ့နေ့တော့ သစ္စာဖောက်မယ့်အကောင်တွေလို့ ငါ့စိတ်ထဲမှာ ထင်နေမိခဲ့တယ်၊ ပြီးတော့ ဒီညီအစ်ကိုနှစ်ယောက်ဟာ ကောင်းကင် နက္ခတ်တွေကို ကောင်းကောင်း ကြည့်တတ်တယ်ကွ၊ သူတို့အဲဒီလိုနက္ခတ်တတ်မှန်းကိုဘယ်သူမှမသိကြဘူး၊ အဲဒီတုန်းက ငါတစ်ယောက်တည်း သိတယ်၊ တို့ဆရာကြီး ဦးကြွယ်တောင် မရိပ်မိဘူး၊ ငါလဲ


www.burmeseclassic.com

www.burmeseclassic.com

သိပ်အရေးမကြီးဘူးထင်တာနဲ့ ပြောမပြမိခဲ့ဘူး၊ ကောင်းကင်က နက္ခတ်တွေကို ကြည့်တတ်တဲ့ လူတွေဟာ ရေကြောင်းခရီး ကျွမ်းကျင်ကြတယ်ကွ၊ မဟုတ်မှလွဲရော ဒီညီအစ်ကို တို့ဆီကိုလာမပေါင်းဘဲ ခြေရာဖျောက်ပြီး နေနေတယ်ဆိုတော့ ကျွန်းကို သွားတဲ့ မြေပုံကို ဒီကောင်တွေလုပ်ထားကြလိမ့်မယ်၊ အဲဒီကျွန်းကိုသွားပြီး ရှာရင်တောင် ရှာကြလိမ့်မယ်၊ ဒါပေမဲ့ ကျွန်းကိုပဲ ရောက်မယ်၊ ငါတို့ဝှက်ထားတဲ့ ရတနာပစ္စည်း တွေကိုတော့ တွေ့မှာမဟုတ်ဘူး၊ ကျွန်းမှာဝှက်ထားထဲ့ ရတနာမြေပုံက ငါ့ဆီမှာရှိတယ်၊ ဒီတော့ တို့တစ်တွေ အဲဒီညီအစ်ကိုနှစ်ယောက်နောက်ကို မျက်ခြည်ပြတ်မခံဘဲ လိုက်ပြီး သူတို့ဆွဲထားတဲ့ ကျွန်းကိုသွားတဲ့မြေပုံကို ရအောင်ယူရမယ်" ဟု ပြောဆိုကာ ၎င်း၏ လူအချို့အား ကိုပေတလူနှင့် ကိုပေတဖြူတို့ ညီအစ်ကိုနှစ်ယောက်နောက်သို့ လိုက်ခိုင်း လေတော့၏။

၎င်းတို့ညီအစ်ကိုနှစ်ဦးလည်း ပင်လယ်ဓမြများက ၎င်းတို့အားရှာဖွေနေကြောင်း ရိပ်မိလျှင် နေရာပြောင်းရွှေ့ကြရလေတော့၏။ ဤသို့လျှင် မကြာခဏ ဆိုသလို သန်းခေါင်ကြယ်အဖွဲ့သစ်မှ ပင်လယ်ဓမြများက လိုက်လံရှာဖွေခြင်း ခံရသဖြင့် ကိုပေတဖြူနှင့် ကိုပေတလူတို့ ညီအစ်ကိုနှစ်ဦးသည်လည်း တစ်မြို့ပြီးတစ်မြို့ပြောင်းရွှေ့ နေထိုင်ခဲ့လေတော့၏။

နောက်ဆုံးတွင် ပင်လယ်ဓမြများ မျက်ခြည်ပြတ်သွားသဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကာ အခြေချကြရလေတော့၏။ ကိုပေတဖြူမှာမူ မြစ်ဝကျွန်းပေါ်ဘက်တွင် အခြေချ၍ ဇာတ်မြှုပ်နေထိုင်ခဲ့လေ၏။ ဤသို့နေထိုင်ရင်းလည်း ၎င်းတို့၌ရှိသောမြေပုံကို အသုံးပြု၍ ရတနာကျွန်းကို မကြာခဏ သွားရောက်ရှာဖွေခဲ့လေ၏။

ရတနာကျွန်းကား မြေပုံရှိသောကြောင့် အလွယ်တကူပင်တွေ့ပါ၏။ ရတနာ မြှုပ်ထားသော မြေပုံမှာမူ ၎င်းတို့၌မရှိသောကြောင့် ရတနာကို မရဘဲရှိလေ၏။

၎င်းတို့ ညီအစ်ကိုနှစ်ဦးသည် ရွှေဖြစ် ငွေဖြစ်လမ်းကိုလိုက်သော အင်္ဂရိတ် ဆရာသည် တစ်နေ့ ရွှေဖြစ်နိုးနိုးနှင့် သဲသဲမဲမဲကြီး အဆင်းရဲခံသကဲ့သို့ ၎င်းတို့သည်လည်း ဒီတစ်ခေါက်ရနိုးနိုး၊ ဟိုတစ်ခေါက်ရနိုးနိုးနှင့် ရတနာကိုရှာဖွေခဲ့သော်လည်း အချည်းနှီး သာလျှင် ဖြစ်ခဲ့ရလေ၏။

သို့ရာတွင် ၎င်းတို့ညီအစ်ကိုနှစ်ဦးသည် အခြားသောစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ထားသည်ဖြစ်ရာ ထိုလုပ်ငန်းများသည် အောင်မြင်၍ စီးပွားဖြစ်ထွန်းခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ၎င်းတို့နှစ်ဦးကား ရတနာကျွန်းပေါ်၌ စိတ်မကုန်သေးပေ။ အသက်များလည်း တစ်စတစ်စ ကြီးရင့်လာပြီဖြစ်၏။ 'သန်းခေါင်ကြယ်' အဖွဲ့၏ အန္တရာယ်ကင်းရှင်းသောနေ့၌ ထိုရတနာကျွန်းအား သွားဦးမည်ဟု စိတ်၌ ပိုင်းဖြတ်ထားကြသည်တဲ့။

◈◈◈◈◈

## လူစွန့်စား မောင်ဂျင်းကို အကူအညီတောင်းခြင်း

ဦးပေတလူသည် ၎င်း၏အဖြစ်အပျက်ကိုပြောပြပြီးနောက် 'အဲဒါပါပဲ မောင်ဂျင်းရယ်၊ ကျုပ်တို့ဇာတ်မြှုပ်နေတာ ကြာပါပြီ၊ သန်းခေါင်ကြယ်အဖွဲ့က သတင်းရသွားပြီး၊ ကျုပ်တို့အသက်ကို လုပ်ကြံနေကြပါပြီ၊ ကျုပ်သား မောင်ဘိုးထူကို သတ်လိုက်ကြပြီ၊ အခု တောမှာနေတဲ့ ကျုပ်အစ်ကို ပေတဖြူကို သတ်ကြပြန်ပြီ၊ ပြီးရင် ကျုပ်အလှည့်ပေါ့၊ နောက်တော့ ကျုပ်သား ဘိုးမြူကို သတ်လိမ့်မယ်၊ အခုအဲဒီအဖွဲ့ ဒမြခေါင်းဆောင်လုပ်နေတဲ့ ကိုကုလားဆိုတာ သိပ်ပြီးရက်စက်တယ်ဗျ၊ ပြီးတော့ အဲဒီတုန်းက ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ဟာ ကောင်းကင်နက္ခတ်တွေကို ကြည့်တတ်မှန်း ဒီကောင်တစ်ယောက်ပဲ ရိပ်မိထားတယ်၊ ဒီတော့ ကျွန်းကိုသွားတဲ့ မြေပုံကို ကျုပ်တို့ ညီအစ်ကိုလုပ်ထားမှာပဲလို့ ဒီကောင်တွက်မိမှာပဲ၊ ကျွန်းပေါ်က ရတနာဝှက်နေတဲ့ နေရာကိုတော့ ဒီကောင်က သိတယ်၊ ကျုပ်တို့က မသိဘူး၊ ကျွန်းကိုသွားတဲ့ မြေပုံကိုတော့ ဒီကောင်က မသိဘူး၊ ကျန်တဲ့လူတွေကလဲ သိမှာမဟုတ်ဘူး၊ ဒီတော့ ကျုပ်ဆီက မြေပုံကိုတော့ တစ်နည်းနည်းနဲ့ ရအောင်ယူကြလိမ့်မယ်၊ ဒီတော့ မောင်ဂျင်းက ကျုပ်တို့အသက်ကို ကယ်ပါ၊ ဒီအဖွဲ့ကြီးကို ဖျက်ဆီးပစ်ပေးပါ၊ သူတို့ရှိရင် ကျုပ်တို့ဘာသာကျုပ်တို့ ရတနာတွေ ရအောင်ရှာမယ်၊ မောင်ဂျင်းကိုလဲ ဝေစုပေးရမှာပေါ့" ဟု ပြောလေ၏။

- "ဒီအဖွဲ့ကြီးကို တစ်ခါတည်းပျက်အောင် ဖျက်ဆီးပေးမယ်၊ ဦးတို့လဲ ရတနာပစ္စည်းတွေကို သွားပြီးယူပါ၊ ကျွန်တော့်ကိုလဲ ဝေစုမပေးပါနဲ့၊ နောင်တစ်ချိန်မှာ ကျွန်တော်တို့ တိုင်းပြည်ဟာ ကျွန်အဖြစ်က လွတ်အောင်လုပ်ပေးမယ့် မျိုးချစ်အဖွဲ့ကြီးတစ်ဖွဲ့ ပေါ်လာတဲ့အခါမှာ အဲဒီအဖွဲ့ကို ဦးလေးတို့ရတဲ့ပစ္စည်းကို သုံးပုံပုံပြီး တစ်ပုံကို



www.burmeseclassic.com

www.burmeseclassic.com

ရန်ပုံငွေအဖြစ် ထည့်ပါ၊ ကဲ. . . ကျွန်တော် သွားမယ်" ဟု ဆိုကာ မောင်ဂျင်းသည် ဇရပ်ပေါ်မှ ဆင်းသွားလေတော့၏။

တစ်နှစ်ခန့်ကြာသောအခါ၌ မောင်ဂျင်းထံမှ စာတစ်စောင်ရရှိလေ၏။ ထိုစာတွင် မကြာမီအချိန်အတွင်း၌ 'သန်းခေါင်ကြယ်' အဖွဲ့ တစ်ဖွဲ့လုံး ပင်လယ်ကြမ်းပြင်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပြီးနောက် ဦးပေတလူတို့အနေနှင့် ရတနာများကို ကြိုးစား၍ ရှာဖွေသင့်ကြောင်း၊ ရတနာများရရှိပါက သုံးပုံတစ်ပုံကို ၎င်းမှာကြားထားသည့်အတိုင်း လွတ်လပ်ရေးကြိုးပမ်းသူများကို လှူဖြစ်အောင်လှူရမည်ဖြစ်ကြောင်း ပါရှိလေ၏။

ထိုစာရပြီး များမကြာမီ၌ပင် ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့နှင့် လွန်စွာမဝေးသော နေရာလောက်တွင် ပင်လယ်ဒမြသင်္ဘောဟုယူဆရသော 'သန်းခေါင်ကြယ်သစ်' အမည်ရှိသည့် သင်္ဘောကြီးတစ်စီး ပေါက်ကွဲနစ်မြုပ်သွားသည်ဖြစ်ရာ ပင်လယ်ဒမြအားလုံး သေဆုံးသွားကြကြောင်း သတင်းကို ကြားရလေတော့၏။

မောင်ဂျင်းသည် ဦးပေတလူထံမှ ထွက်သွားပြီးနောက် ထိုဒမြအဖွဲ့အတွင်းသို့ ကြိုးစားဝင်ရောက်ခဲ့ဟန် လက္ခဏာရှိ၏။ ပင်လယ်ဒမြသင်္ဘောကြီးကို ၎င်းကိုယ်တိုင်နှစ်မြှုပ်ခဲ့ဟန်တူ၏။

ထိုသို့ နစ်မြုပ်ရာတွင် ၎င်းကိုယ်တိုင်လည်း အသက်ဆုံးရှုံးဖွယ်ရာ ရှိသည်ဟု ယူဆဖွယ်ရာရှိ၏။ ထိုအခါ ဦးပေတလူသည် ရတနာပစ္စည်းများ ရှာဖွေရန် စီစဉ်ပြန်လေ၏။

ထိုသို့စီစဉ်ရာတွင် မြိတ်သို့သွား၍ စက်လှေတစ်စီး ဝယ်ယူမည်ဆို၏။ ထိုသို့ဝယ်ယူစဉ်၌ပင် တစ်စုံတစ်ယောက်သောသူက ချောင်းမြောင်း၍ အဆိပ်လူးမြားဖြင့်ပစ်သောကြောင့် အသက်ဆုံးရှုံးသွားရသည်ဆို၏။

◈◈◈◈◈

ထို့ကြောင့် ဦးပေတလူ၏သား ကျွန်ုပ် မောင်မြူသည် ရန်ကုန်တွင် နေထိုင်ခဲ့သော အိမ်ကို အပြီးအပိုင်ရောင်း၍ ပဲခူးသို့ပြောင်းရွှေ့ကာ တောင်ကုန်းကလေးတစ်ကုန်းပေါ်၌ အိမ်တစ်လုံးဆောက်လုပ်၍ နေထိုင်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ဤနေရာ၌ ကျွန်ုပ် ဖော်ပြရန်လိုသည်မှာ ကျွန်ုပ်၏ ဖခင်ကြီး ဦးပေတလူ အနိစ္စမရောက်မီနှစ်နှစ်ခန့်က ဆန်စပါးကိစ္စနှင့်သွားလာရင်း ပဲခူး၌ အိမ်ထောင်ကျပြီး ဖြစ်ရာ ကျွန်ုပ်သည် ပဲခူး၌ပင် အခြေချ၍ နေထိုင်လေတော့၏။

ပဲခူးသို့မပြောင်းမီလအနည်းငယ်ကပင် ကျွန်ုပ်၌ သမီးကလေးတစ်ဦး ထွန်းကားခဲ့သည်။ ထိုသမီးကလေး၏အမည်ကို မမယ်ဇယ်ဟူ၍ ကျွန်ုပ် အမည်ပေးထားလေ၏။ သမီးကလေး ရှစ်နှစ်သမီးအရွယ်သို့ရောက်သောအခါ၌ ကျွန်ုပ်၏ဇနီးသည် ထိတ်လန့်သော ရောဂါနှင့် ရုတ်တရက် ဆုံးပါးသွားလေတော့၏။

ကျွန်ုပ်လည်း သမီးကလေးကို ဆက်လက်၍မွေးမြူရင်း ဆန်စက်လုပ်ငန်းများကို လုပ်ကိုင်ခဲ့လေ၏။ သမီးကလေး အရွယ်ရောက်သောအခါ၌ ကျွန်ုပ်သည် ဦးပဥ္စင်းကလေး တစ်ပါးနှင့် သိကျွမ်းရင်းနှီးခဲ့လေ၏။

ထိုဦးပဥ္စင်းကလေးသည် ကျွန်ုပ်အား နေ့စဉ်ရက်ဆက် တရားဟော၏။ ကျောင်းသို့ခေါ်၍ တရားထိုင်ခိုင်း၏။ ဤသို့နေလာခဲ့ရာ ကျွန်ုပ်၏ နောက်မှလိုက်၍ ကျွန်ုပ် သွားလာသည်ကို ချောင်းမြောင်းကြည့်ရှုနေသော အဘိုးကြီးတစ်ဦးကို တွေ့ရလေ၏။

ထိုအဘိုးကြီးသည် လွန်စွာအိုမင်းသည်ဖြစ်ရာ ကြေးဖြင့်ပြုလုပ်ထားသော တောင်ဝှေးတစ်ချောင်းကိုထောက်၍ လမ်းသွားရ၏။

ထိုအဘိုးကြီးမှာ မောင်ဂျင်းမြှုပ်ပစ်၍ ပင်လယ်ထဲတွင် မြုပ်သွားရသော ပင်လယ်ဒမြများ၏ခေါင်းဆောင် ဦးကုလား ဆိုသူဖြစ်နိုင်၏။ သူသည် သင်္ဘောမြုပ်ရာ၌ အသက်မသေဘဲ ကျန်ခဲ့ဟန် လက္ခဏာရှိ၏။ သူ ကိုင်ဆောင်ထားသော ကြေးဝါ ပိုက်လုံးတောင်ဝှေး ဆိုသည်မှာ အဆိပ်လူးမြားကို ထည့်၍ မှုတ်ရသော ပြောင်းတံ ဖြစ်ဖွယ်ရာရှိ၏။

ဦးမြ၏ ဖခင် ဦးပေတလူအား အဆိပ်လူးမြားဖြင့် ပစ်သတ်ခဲ့သည် ဆိုသည်မှာ ၎င်း၏ လက်ချက်ပင် ဖြစ်တန်ရာ၏။ ၎င်းဒမြခေါင်းဆောင် ဦးကုလားသည် ရတနာ ပစ္စည်းများကို ကျွန်းနှစ်ကျွန်း၌ ကိုယ်တိုင်ကိုယ်ကြပ် မြှုပ်ခဲ့ရပြီဖြစ်၏။

သို့ရာတွင် ထိုကျွန်းများသို့ သွားရန်လမ်းကိုမူကား ၎င်းအနေနှင့် မှတ်မိခြင်း မရှိပေ။ ၎င်းအား မျက်စိမှိတ်၍ ခေါ်သွားခဲ့ခြင်းကြောင့်ဖြစ်၏။ ရတနာပစ္စည်းများ မြှုပ်ရာ ကျွန်း၌ တစ်နှစ်ခန့် သောင်တင်နေခဲ့ရာ ပင်လယ်ဒမြများက သင်္ဘောဖြင့် သွားရောက်ခေါ်ယူရ၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ခေါ်ယူခဲ့စဉ်ကလည်း ဒမြများသည် ၎င်းအား မျက်စိပိတ်၍ ခေါ်ခဲ့ကြ၏။ ထို့နောက် ထိုဒမြများကပင် ၎င်းတို့၏ခေါင်းဆောင် ဦးကြယ် မရှိသောကြောင့် ၎င်းကိုပင် ခေါင်းဆောင်အရာတင်၍ ဒမြခေါင်းဆောင် ဦးကုလားဟု ခေါ်ဝေါ်ခဲ့ကြလေ၏။

၎င်းဦးကုလားသည် ဦးပေတလူ သေပြီးနောက် ဦးပေတလူ၏သား ဦးမြူကို မျက်ခြည်ပြတ်သွားဟန်ရှိ၏။ ယခုအခါ ဦးမြူ၏သတင်းကို ရသဖြင့် သတ်ဖြတ်လုပ်ကြံရန် လာရောက်ခဲ့ခြင်း ဖြစ်တန်ရာသည်။

စာရေးသူ

◈◈◈◈◈

ဦးပေတလူ၏သား ကျွန်ုပ် မောင်မြူသည် တစ်ညနေ၌ ကျွန်ုပ်နှင့် ခင်မင်နေသော ဦးပဥ္စင်းကလေးကျောင်းသို့ တရားထိုင်ရန်သွားလေ၏။ ကျွန်ုပ်သည် သေဘေးနှင့် နီးကပ်နေပြီဖြစ်ကြောင်းကို ဦးပဥ္စင်းကလေးအား အရိပ်အမြွက်မျှပြောပြရာ ဦးပဥ္စင်းကလေးက . . .

"ဒကာကြီးရယ်၊ အခုမှ သေဘေးနဲ့ နီးတာ မဟုတ်ပါဘူး၊ သတ္တဝါဆိုတာ အမြဲတမ်း သေဘေးနဲ့ နီးနေတာချည်းပါပဲ၊ ပြီးတော့ ဘဝပေါင်းများစွာဖြစ်ပြီး၊ ဘဝပေါင်းများစွာ သေခဲ့ကြပြီးပါပြီ၊ အထူးကြောက်မနေပါနဲ့၊ အသေလွတ်တဲ့တရားကို လိုက်စမ်းပါ၊ ကျုပ်ပြောတဲ့နည်းအတိုင်း ထိုင်စမ်းပါ ဆိုသဖြင့် ကျွန်ုပ်လည်း ဦးပဥ္စင်းကလေး၏ကျောင်းအနီး ဇရပ်ပေါ်၌ တရားထိုင်နေလေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ကျွန်ုပ် တရားထိုင်ရာအနီးသို့ ချဉ်းကပ်လာသည်ကို သိလိုက်ရ၏။ ထိုချဉ်းကပ်လာသူမှာ ကျွန်ုပ်၏ သေမင်း အဘိုးကြီး (ဦးကုလား) ဖြစ်ကြောင်း ကောင်းစွာရိပ်မိ၏။ သို့ရာတွင် ကျွန်ုပ်သည် တရားထိုင်ခြင်းကိုမဖျက်ဘဲ သတ်လိုကသတ်စေတော့ ဟု သဘောထားကာ ထိုင်မြဲထိုင်၍ ထွက်လေဝင်လေကို ရှုမှတ်နေလေ၏။ ထိုသို့ရှုမှတ်နေစဉ်၌ပင် ကျွန်ုပ်၏အနီး၌ အသက်ကိုလုပ်ကြံမည့် လူကြီး ရှိနေကြောင်းကို မေ့လျော့၍ သမာဓိကောင်းစွာ ရပြီးလျှင် ကျွန်ုပ်၏စိတ်သည် အတိုင်းမသိ အေးချမ်းသွားလေတော့၏။ ကျွန်ုပ်သည်


www.burmeseclassic.com

www.burmeseclassic.com



သုံးနာရီနီးပါးမျှ မထူတမ်း ထိုင်ခဲ့ပြီးနောက် မျက်စိကို ဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်၏ ဆိုင်ပေါ်တွင် စာရွက်ကလေးတစ်ရွက် တွေ့ရလေ၏။ ထိုစာရွက်ကို ဖတ်ကြည့်ရာ အောက်ပါစာကို တွေ့ရလေတော့၏။

လူယုတ်မာ ပေတလူသား . . .

သင်ဟာ သူတော်ကောင်းစင်စစ် ဖြစ်တယ်၊
သင့်ကို ကျွန်ုပ် မသတ်လို၊ သတ်လည်း မသတ်ဝံ့
ထို့ကြောင့် ကျွန်ုပ် ပြန်သွားပြီ။

သန်းခေါင်ကြယ်

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် ကျွန်ုပ်၏တရားသည် ကျွန်ုပ်၏အသက်ကို ကောင်းစွာ ကယ်ဆယ်ခဲ့ကြောင်း သဘောပေါက်ခဲ့၏။ ထို့ပြင် ကျွန်ုပ်သည် လူတို့နှင့် မနေသည်ဖြစ်ရာ . . . ဆင်းရဲသော်လည်း လွန်စွာရိုးသားသော ကျွန်ုပ်၏ ရန်မျိုးအောင်ဆန်စက်မှ စက်စာရေးကလေး မောင်ခင်ဦးအား ကျွန်ုပ်၏သမီးနှင့် လက်ဆက်ကာ ကျွန်ုပ်သည် တောသို့ဝင်ပြီတကား။

မောင်မြု

စားကြွင်း။ ။ကျွန်ုပ်သည် ဖခင်၏ပစ္စည်းများဖြစ်သော ပင်လယ်သွား နက္ခတ်တာရာ မြေပုံစာအုပ်နှင့် ၎င်းတို့၏ အသုံးအဆောင်များဖြစ်သော ငွေ၊ ရွှေဒင်္ဂါးအချို့၊ သွေးစွန်းသော ပင်လယ်ဒမြအကျီ၊ ရင်းတိုက်သား တုတ်တစ်ချောင်း၊ ဓားကော့က်တစ်လက် စသည်တို့ကို ကျွန်ုပ်အနေနှင့် ဖျက်ဆီးပစ်ရန် ဝန်လေးလျက် ရှိ၏။ ကျွန်ုပ်၏ ဖခင်ကြီး၏ အသက် အပါအဝင် အသက်ပေါင်းများစွာအဆုံးရှုံးခံ၍ ဖခင်ကြီး သိမ်းဆည်းခဲ့ သော ပစ္စည်းများ ဖြစ်သောကြောင့် . . . ဖျက်ဆီးပစ်ရန် မသင့် ဟု

www.burmeseclassic.com

www.burmeseclassic.com

ယူဆသည့်အလျောက် လုံခြုံစွာသိမ်းဆည်းထားခဲ့ပေသည်။ ဤပစ္စည်း နှင့် မြေပုံကို တွေ့ရှိသူသည် ကျွန်ုပ်ရေးသားသောမှတ်တမ်းကို ဖတ်ရှုပြီး နောက် ကောင်းစွာ စဉ်းစားပါလေ၊ ပစ္စည်းဆိုသည်မှာ များလျှင် လူတို့၏ အသက်ကို အန္တရာယ်ပြုသော သဘော ရှိပေသည်။

ဤတွင် မှတ်တမ်းကြီး ပြီး၏။





www.burmeseclassic.com

www.burmeseclassic.com



# လာကြပြီ

တစ်ညသည်၌ မောင်ခင်ဦးနှင့် မစန်းအေးတို့၏အိမ်သို့ သူခိုးကပ်လေ၏။ ထိုသူခိုးကပ်သည့်ညက မောင်ခင်ဦးနှင့် မစန်းအေးတို့သည် ဇာတ်ပွဲတစ်ခုသို့ သွားရောက်ကြည့်ရှုနေကြလေ၏။

ထိုညက ကပ်သောသူခိုးမှာ နှစ်ယောက်ဖြစ်၏။ တစ်ယောက်သောသူမှာ အရပ်အမောင်း လွန်စွာထွားကျိုင်းသည့် ယောကျာ်းကြီးဖြစ်ပြီးလျှင် ကျန်တစ်ယောက်မှာမူ လွန်စွာနုနယ်သော မိန်းကလေးတစ်ဦး ဖြစ်လေ၏။

ထိုမိန်းကလေးသူခိုးက မောင်ခင်ဦးတို့၏ အိမ်ဝင်းအတွင်းသို့ ခြံနံဘေးရှိ ခွေးတိုးပေါက်မှ ဝင်၏။ ထို့နောက် မီးဖိုဘက်တွင်ရှိသော ပြတင်းပေါက်၏ တံခါးချက်တစ်ခုကိုဖြုတ်၍ တံခါးကိုဖွင့်၏။

ထိုအခါ ထွားကျိုင်းသော ယောကျာ်းသူခိုးကြီးက ခြံစည်းရိုးကို လွှားခနဲခုန်၍ဝင်ကာ ထိုဖွင့်ထားသောပြတင်းပေါက်မှ အတွင်းသို့ဝင်၏။ မိန်းကလေးသူခိုးလည်း အတွင်းသို့ လိုက်၍ဝင်၏။

ထို့နောက် ထိုစုံတွဲ သူခိုးနှစ်ဦးတို့သည် မောင်ခင်ဦးနှင့် မစန်းအေးတို့၏ အိပ်ခန်းသို့ ဝင်ရောက်ကာ ၎င်းတို့အလိုရှိသောပစ္စည်းကို ခိုးဝှက်ရန်အတွက် လက်နှိပ်ဓာတ်မီးငယ်ကလေးကို အသုံးပြုကာ အိပ်ခန်းတစ်ခုလုံးအား ပိုက်စိပ်တိုက်၍ ရှာဖွေနေလေတော့၏။

ထိုစုံတွဲသူခိုးနှစ်ဦးကား တစ်ဦးက ကိုကြောပွတ်ဖြစ်ပြီးလျှင် ကျန်တစ်ဦးကား မမယ်ဇယ်ဖြစ်ကြောင်းကို စာဖတ်သူတို့ ရိပ်မိလောက်မည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ကိုကြာပွတ်နှင့် မမယ်ဇယ်တို့သည် အခန်းတစ်ခုလုံးအား မွှေနှောက်ရှာဖွေသော်လည်း ၎င်းတို့အလိုရှိသောပစ္စည်းကို ရှာ၍မတွေ့နိုင်ဘဲ ရှိလေ၏။

ထို့နောက် ၎င်းတို့သည် ထိုပစ္စည်းရှိမည်ထင်သော အခြားနေရာများသို့ ဆက်လက်၍ ရှာဖွေကြပြန်၏။ သို့ရာတွင် ပစ္စည်းကို ရှာ၍မတွေ့ဘဲ ရှိကြလေ၏။

ဤသို့နှင့်ပင် နာရီသံချောင်း ခေါက်သံနှစ်ချက်ကိုပင် ကြားရလေတော့၏။

"ဘယ်လိုလုပ်မလဲ၊ ရှာလို့လဲမတွေ့ပါလား" ဟု မမယ်ဇယ်က တိုးတိုးကလေး ပြောလိုက်ရာ ကိုကြာပွတ်က . . .

"သိပ်လဲ စိတ်မပူပါနဲ့ မမယ်ဇယ်ရယ်၊ ဒီလောက် အဖိုးတန်တဲ့ပစ္စည်းဟာ လွယ်လွယ်ကူကူတော့ ဘယ်ရမတုံးကွယ်" ဟု ပြောဆိုကာ ဆက်လက်၍ ရှာဖွေနေစဉ် ၌ပင် ခြံဝင်းတံခါးဖွင့်သံကို ကြားရလေတော့၏။

ထိုအခါ မမယ်ဇယ်သည် လွန်စွာထိတ်လန့်၍ သွားလေ၏။

"ဟောတော် . . . ပြန်လာကုန်ကြပြီ၊ ဘယ်လိုလုပ်ကြမတုံး၊ ကျွန်မတို့ဘယ်လို ထွက်ပြေးကြမတုံး" ဟု တုန်ယင်သောအသံဖြင့် ကိုကြာပွတ်၏လက်မောင်းကိုကိုင်၍ လှုပ်ရင်း ပြောလိုက်လေတော့၏။ ထိုအခါ ကိုကြာပွတ်က . . .

"သူတို့ပြန်လာတော့လဲ ကောင်းတာပေါ့ မမယ်ဇယ်ရယ်၊ ကျုပ်တို့ရှာလို့ မတွေ့တဲ့ပစ္စည်းကို သူတို့ကိုပဲ ရှာခိုင်းရတာပေါ့" ဟု ခပ်တိုးတိုးပြန်၍ ပြောလိုက်လေ၏။

"အို . . . ဘယ်ဖြစ်မတုံး၊ သူတို့တွေ့သွားရင် သူတို့က သူခိုးသူခိုးလို့ ဟစ်လိုက်တာနဲ့ ရှင်ရော ကျွန်မရော ဒုက္ခဖြစ်ကုန်မှာ" ဟု မမယ်ဇယ်က ပြန်၍ ပြောလေ၏။

ထိုအချိန်မှာပင် အောက်ထပ်တံခါးဖွင့်သံကို ထပ်မံ၍ကြားရပြန်လေ၏။

"လုပ်ပါဦး . . . ကိုကြာပွတ်ရဲ့၊ ဒီတစ်ခါဖြင့် ခက်ရချည်သေးရဲ့" ဟု ခပ်တိုးတိုးကလေး ညည်းညူရင်း မျက်ရည်များစီးကျလာလေတော့၏။

ထိုအခါ ကိုကြာပွတ်ကြီးက မမယ်ဇယ်၏ ပခုံးကိုကိုင်၍ . . .

"လာခဲ့" ဟုဆိုကာ စောစောက တွေ့ထားခဲ့သော မတ်ရပ်ဗီရိုအလွတ်ကြီး တစ်လုံးရှိရာသို့ခေါ် သွားပြီးလျှင် ဗီရိုတံခါးကိုဖွင့်၍ မမယ်ဇယ်အား ဗီရိုထဲတွင်ထည့်ကာ-

"ဘာမှမကြောက်နဲ့ . . . ကျုပ်တစ်ယောက်လုံးရှိတယ်၊ ငြိမ်ငြိမ်ကလေးနေ" ဟု ပြောဆိုကာ ဗီရိုတံခါးကို ပိတ်ထားလိုက်လေ၏။


www.burmeseclassic.com

ၐင်းကိုယ်တိုင်ကမူ မျက်နှာကြက်ထုပ်တန်းပေါ်သို့ တွယ်တက်ကာ ထုပ်တန်းပေါ်၌ ကပ်၍နေလိုက်လေ၏။

ထိုအချိန်၌မှာပင် မောင်ခင်ဦးနှင့် မစန်းအေးတို့သည် အိမ်ပေါ်သို့ ရောက်လာကြလေတော့၏။ အိမ်ပေါ်သို့ ရောက်သည့်အခါ၌ မောင်ခင်ဦးက . . .

"အေးရယ် . . . ပွဲကကောင်းလျက်သားနဲ့ ဘာဖြစ်လို့ ပြန်ချင်ရတာတုံး" ဟု မေးလိုက်ရာ မစန်းအေးက . . .

"အို . . . မကြည့်ချင်ဘူးဆိုနေမှပဲ၊ ဒါပဲမေးနေတယ်၊ ကိုဦးက ကြည့်ချင်တယ်ဟုတ်လား၊ အေးကသိပါတယ်၊ မင်းသမီးလုပ်တဲ့ ကောင်မက ဟိုမမယ်ဇယ်ဆိုတဲ့ အစိမ်းသေမနဲ့ ဘယ်လောက်တူသလဲ၊ အဲ့ဒါကြောင့် မကြည့်ချင်တာ" ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ခင်ဦးက . . .

"ဩော် . . . ဒါကြောင့်လား၊ စောစောကပြောရောပေါ့ အေးရယ်၊ ကိုဦးက သိပါဘူး၊ မင်းသမီးကလဲ မတူပါဘူးကွယ်၊ တူတယ်ပဲထားပါဦး၊ ကိုဦးက မေတ္တာမရှိလို့ အဆုံးစီရင်ခဲ့ပြီပဲ၊ ရှင်းရှင်းပြောမယ်၊ ကိုဦးအနေနဲ့ ဒီကမ္ဘာလောကကြီးမှာ အေးကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်နိုင်ဘူး၊ ယုံပါ" ဟု ဆိုကာ မစန်းအေး၏ ခါးကိုသိုင်းဖက်၍ ကြင်နာယုယစွာ နမ်းရှုပ်လိုက်လေ၏။

ထိုအဖြစ်အပျက်များကို မမယ်ဇယ်သည် ဗီရိုအတွင်းမှ ပုန်းအောင်း၍နေရင်းသော့ပေါက်မှနေ၍ ချောင်းကြည့်နေသည်ဖြစ်ရာ အလုံးစုံ မြင်တွေ့ကြားသိနေရလေတော့၏။

မမယ်ဇယ်သည် အသားများတဆတ်ဆတ်တုန်လာသည်အထိ ဒေါသထွက်လာ၏။ စောစောက မြင်တွေ့မည်ကိုစိုးသဖြင့် ပုန်းအောင်းနေရသော်လည်း ယခုအခါ၌ ဗီရိုအတွင်းမှ ပြေးထွက်ကာ နှစ်ယောက်စလုံးကို လည်ပင်းညှစ်၍ သတ်ချင်စိတ်များ တဖွားဖွားဖြစ်ပေါ်၍ နေလေတော့၏။

ထို့နောက် များမကြာမီ၌ မောင်ခင်ဦးနှင့် မစန်းအေးတို့သည် နေချင်သလိုနေကုန်၏။ မောင်ခင်ဦးက ခုတင်အနီးရှိ စားပွဲပေါ်မှ အရက်ပုလင်းကိုယူကာ ဖန်ခွက်အတွင်းသို့ အနည်းငယ်ငှဲ့ထည့်ပြီးနောက် မော့လိုက်လေ၏။

ထိုအခါ မစန်းအေးက . . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုဦး . . . မဇယ်ဆိုတဲ့ကောင်မကို တကယ်သတိမရဘူးလား" ဟု မေးလိုက်လေ၏။

ထိုအခါ မောင်ခင်ဦးက . . .

"ဒီ . . . ငထူ ငထိုင်းမကို ကီစွဝ့ုံးတဲ့နေ့ကတည်းက သတိမေ့သွားပါပြီကွယ်" ဟု ပြောလိုက်လေ၏။

ထိုစကားကို ဗီရိုအတွင်းမှ နားထောင်နေသော မမယ်ဇယ်ကြားလျှင် အသားတဆတ်ဆတ်တုန်သည်အထိ ဒေါသထွက်လေတော့၏။

မောင်ခင်ဦးနှင့် မမယ်ဇယ်တို့လည်း အချစ်ရေယာဉ်ကြော မျောကြလေတော့၏။ ထိုအချိန်၌ ထုပ်တန်းပေါ်တွင် ကပ်နေသော ကိုကြာပွတ်သည် ဒအောက်သို့ဆင်းလာပြီးလျှင် ၎င်းတို့အားခြောက်လုံးပြူးနှင့်ချိန်ကာ "လှုပ်မယ်မကြံနဲ့ ကျည်ဆန်တနှစ်ယောက်စလုံးကို ဖောက်သွားလိမ့်မယ်" ဟု ပြောလိုက်ရာ ပိုးစိုးပက်စက်ဖြစ်နေသော စုံတွဲနှစ်ဦးသည် ကိုးရိုးကားရား ဖြစ်သွားကြလေတော့၏။

ထိုအခါ ကိုကြာပွတ်သည် အနီးရှိကြိုးတစ်ချောင်းကိုယူ၍ မောင်ခင်ဦးအားတုပ်နှောင်လိုက်လေ၏။ ထိုသို့တုပ်နှောင်စဉ်၌ပင် မစန်းအေးသည် ကိုကြာပွတ်အလစ်၌ ထ၍ ပြေးလေတော့၏။

ထိုအခါ ဗီရိုအတွင်းမှ မမယ်ဇယ်က ဗီရိုတံခါးကို ဆောင့်တွန်း၍ ခံလိုက်ရာ အရှိန်နှင့်ပြေးလာသော မစန်းအေးသည် ဗီရိုနှင့်တိုက်မိ၍ ပက်လက်လန်၍ လဲကျလေတော့၏။

မမယ်ဇယ်လည်း မစန်းအေး အပေါ်သို့တက်၍ခွကာ လည်ပင်းကိုညှစ်လိုက်လေ၏။ ထိုသို့ညှစ်ရင်း . . .

"ဟဲ့ . . . ကျေးဇူးကန်းတဲ့ကောင်မ၊ အစိမ်းသေမအကြောင်း သိပြီလား" ဟု ကြိမ်းမောင်းသည်ဖြစ်ရာ မစန်းအေးလည်း မိမိအား လည်ပင်းညှစ်နေသူကို ကြည့်လိုက်ရာ မမယ်ဇယ်ဖြစ်ကြောင်း တွေ့ရလျှင် တစ္ဆေသရဲထင်မှတ်၍ ကြောက်လန့်ကာ ဟစ်အော်မည်ပြု၏။

သို့ရာတွင် မမယ်ဇယ်က ပါးစပ်ကို လက်ဖြင့် တစ်အားပိတ်ထားသောကြောင့် မအော်နိုင်တော့ပေ။ ထိုအခါ ကိုကြာပွတ်သည် မစန်းအေးအား ဆွဲ၍ထူလိုက်ပြီးလျှင် "ငြိမ်ငြိမ်နေပါ မစန်းအေး၊ မငြိမ်ရင်တော့ အမြန်သေလိမ့်မယ်" ဟုဆိုကာ မစန်းအေးနှင့်


www.burmeseclassic.com

www.burmeseclassic.com


မောင်ခင်ဦးတို့၏ လည်ပင်းများကို ကြိုးကွင်းလျှော တစ်ခုစီဖြင့်စွပ်ကာ ကြိုးစများကို မမယ်ဇယ်အား ကိုင်ထားစေ၏။ မမယ်ဇယ်လည်း ကြိုးစနှစ်စအား တစ်စစီကို လက်တစ်ဘက်စီ၌ ကိုင်၍ထားလိုက်လေ၏။

"မမယ်ဇယ်ရေ၊ သူတို့နှစ်ယောက်အော်တာနဲ့ ကြိုးစနှစ်စကို တစ်ခါတည်းသာ ဆောင့်ဆွဲလိုက်ပေတော့၊ အဲဒါ နှစ်ကောင်စလုံး အသက်ထွက်သွားလိမ့်မယ်၊ အဲဒီ ကြိုးနှစ်ချောင်းဟာ သူတို့ရဲ့ အသက်နှစ်ချောင်းပဲ၊ သူတို့အသက်တွေဟာ မင်းလက်ထဲ မှာပဲ" ဟု ကိုကြာပွတ်က ပြောလိုက်လေတော့၏။

ထိုအခါ မမယ်ဇယ်က . . .

"အော်မယ်မကြံနဲ့နော်၊ ဂစ်ခနဲ အသက်ထွက်သွားမယ်" ဟု ကြိမ်းလိုက်လေ၏ ထိုအချိန်၌ ကိုကြာပွတ်သည် မစန်းအေးအနီးသို့ကပ်ပြီးလျှင် . . .

"ကဲ . . . မစန်းအေး၊ မင်းတို့နှစ်ယောက်ဖတ်ကြတဲ့ မှတ်တမ်းကြီးဘယ်မှာလဲ" ဟု မေးလိုက်လေတော့၏။ မစန်းအေးကလည်း . . .

"ကျွန်မ . . . မသိပါဘူးရှင်" ဟု ငြင်းလေ၏။

ထိုအခါ မမယ်ဇယ်က . . .

"ဘာမသိရမှာလဲ၊ ညည်းတို့လင်မယား ဒီအခန်းထဲမှာဖတ်ကြတာ၊ ငါမြင်တယ် ကြားလဲကြားတယ်၊ မပြောဘူးလား" ဟု ကြိုးစကိုဆွဲလိုက်ရာ လည်ပင်းသည် အသက် ထွက်လုမတတ် အစ်၍သွားလေတော့၏။

သို့ရာတွင် မစန်းအေးက မပြောဘဲ တင်း၍ခံနေသဖြင့် ကိုကြာပွတ်က . . .

"ဒီကောင့်ကိုမေးမယ် မမယ်ဇယ်၊ ဒီကောင်ကြိုးကို ဆွဲလိုက်စမ်း" ဟု ပြောရာ မမယ်ဇယ်က မောင်ခင်ဦးလည်ပင်းမှ ကြိုးကိုဆွဲလိုက်ရာ မောင်ခင်ဦးသည် လည်ပင်း အစ်၍ မျက်လုံးပြူးသွားပြီးလျှင် . . .

"ပြောပါ့မယ် . . . ပြောပါ့မယ်၊ ဟိုမှာပါ . . . ဟိုမှာပါ" ဟု ငိုယို၍ ပြောမည် လုပ်ရာ မစန်းအေးက . . .

"မပြောပါနဲ့ . . . ကိုဦး၊ အသေခံကြမယ်၊ မပြောဘူး" ဟု ဝင်၍ ဟန့်တား သော်လည်း လည်ပင်းအစ်နေပြီဖြစ်သော မောင်ခင်ဦးက . . .

"အသေမခံပါရစေနဲ့ . . . အေးရယ်" ဟု ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

"မပြောပါနဲ့ . . . ကိုဦးရယ်၊ အေးလောက်တောင် ခံနိုင်ရည်မရှိဘူးလား" ဟု မစန်းအေးက မောင်ခင်ဦးအား ဆူလေ၏။

"မခံနိုင်ဘူး ... ဝူး ... ဝူး ... ဝူး မမယ်ဇယ်ရယ်၊ မင်းနဲ့ငါ လင်မယားပါကွာ ဒါလောက်မရက်စက်ပါနဲ့" ဟု မောင်ခင်ဦးက ပြောလိုက်ရာ မမယ်ဇယ်က ခစ်ခစ် ရယ်လိုက်ပြီးလျှင် . . .

"လင်မယား ဟုတ်လား၊ ဒါကြောင့် မော်တော်ကားနဲ့ ချောက်ထဲ တွန်းချခဲ့တာပေါ့" ဟု မေးလိုက်လေ၏။ ထိုသို့မေးပြီးနောက် ကြိုးစကို ပို၍ဆွဲလိုက်ရာ မောင်ခင်ဦးသည် မခံနိုင်တော့ဘဲ . . .

"ဟိုမှာ. . . ဟိုမှာ မီးဖိုထဲက ဒန်အိုးထဲမှာ" ဟု ပြောလိုက်လေတော့၏။ ထိုအခါ ကိုကြာပွတ်သည် မီးဖိုအတွင်းသို့သွားပြီးလျှင် ဒန်အိုးများကို ဖွင့်ကြည့်ရာ တစ်ခုသော ဒန်အိုးတွင် ဆန်များထည့်ထားသည်ကို တွေ့ရှိပြီး၊ ထိုဆန်များကို လက်ဖြင့် ယက်လိုက်ရာ . . . ၎င်းတို့ အလိုရှိသောမှတ်တမ်းကိုတွေ့ရလေတော့၏။ ထိုအခါ ကိုကြာပွတ်လည်း မှတ်တမ်းစာအုပ်ကိုယူ၍ အိမ်ပေါ်ထပ်သို့ တစ်ဖန်တက်၍လာပြီး လျှင် . . .

"မမယ်ဇယ်၊ ဟောဒီမှာ မင်းအဖေရေးခဲ့တဲ့ ကျိန်စာသင့်နေသော အိမ်ကြီး မှတ်တမ်း၊ ဒီဥစ္စာ မင်းရဲ့ပစ္စည်းပဲ" ဟု ဆိုကာ မမယ်ဇယ်အား မှတ်တမ်းကြီးကို ပြလေတော့၏။ မမယ်ဇယ်လည်း အားရဝမ်းသာဖြင့် မှတ်တမ်းကြီးကို ကြည့်ရှုလေ၏။

မစန်းအေးမှာမူ မှတ်တမ်းကြီးကို လက်လွှတ်ခံလိုက်ရသည့်အတွက်ကြောင့် ကြိတ်မနိုင်ခဲမရဖြစ်ကာ ငိုကြွေးလေတော့၏။ ထိုအခါ ကိုကြာပွတ်က မစန်းအေး၏ မျက်နှာကိုကြည့်၍ . . .

"ဒီမှာ...မစန်းအေး၊ ကျုပ်က ဒီဇာတ်လမ်းကို အကုန်သိတဲ့လူပါ၊ မမယ်ဇယ် က ဘာမှမသိရှာဘူး၊ ဟောဒီ မောင်ခင်ဦးကလဲ ဘာမှသိတာ မဟုတ်ဘူး၊ ဒီမှတ်တမ်း ကြီးရဲ့ အရေးပါပုံကိုသိတာ မင်းရယ် ကျုပ်ရယ်ပဲရှိတယ်၊ အဲဒီတော့ အသက်မသေချင် ရင်၊ အသားမနာချင်ရင် ကျုပ်မေးတာကို ဖြေတော့" ဟု ပြောလိုက်ရာ မစန်းအေးက

"ဘာဖြေရမှာလဲ၊ ရှင်တို့ရသွားပြီပဲ၊ ယူသွားကြပေါ့" ဟု ပြန်၍ပြောလိုက် လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


"တဲဝိုင်းကြီးဘူတာက ရုံပိုင်ကြီးနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်တာတုံး" ဟု ကိုကြာပွတ်က မေးလိုက်လေ၏။

"ဩော်...ရှင်က ဒါတွေလဲ သိနေသကိုး" ဟု မစန်းအေးကပြန်၍ပြောလိုက်လေ၏။

"သိတယ်လေ၊ ကျုပ် ရှာနေတဲ့ သဲလွန်စက အဲဒီရုံပိုင်ဆီမှာ အဆုံးသတ်သွားတာကိုး၊ မင်းဟာ သူနဲ့ပတ်သက်မယ်ဆိုတာ သိတာပေါ့၊ ရုံပိုင်ကြီးဟာ သန်းခေါင်ကြယ်အဖွဲ့ခေါင်းဆောင် ဦးကုလားရဲ့ တစ်ဦးတည်းသောသားပဲ၊ သူ့ဆီမှာ သဲလွန်စရနိုင်မယ်လို့ ငါထင်ခဲ့တာ၊ ဒါပေမဲ့ သူကသေရှာပြီကိုး၊ အဲဒီမှာ ကွင်းဆက်က ပြတ်သွားတာပဲ" ဟု ကိုကြာပွတ်က ပြောလိုက်လေ၏။

ထိုအခါ မစန်းအေးက . . .

"ရှင်သိသလောက် ပြောစမ်းပါဦး၊ ရှင် ပြောပြီးမှ ကျွန်မက ပြောပြရမှာပေါ့" ဟု ပြောလိုက်လေ၏။

"ငါသိသလောက် ပြောရရင်တော့ သန်းခေါင်ကြယ်အဖွဲ့က ဝှက်ထားတဲ့ ပစ္စည်းဟာ နှစ်နေရာမှာ ရှိတယ်၊ တစ်နေရာက နည်းတယ်၊ တစ်နေရာက အလွန်အင်မတန်များတယ်၊ ငါက နည်းတဲ့နေရာက ပစ္စည်းကို ရပြီးပြီ၊ အဲ့ဒီနေရာမှာရှိတဲ့ မှတ်တမ်းတစ်ခုကိုဖတ်ရတော့ အစုလိုက်အပုံလိုက်ကျန်တဲ့နေရာကို ငါလဲ စိတ်ဝင်စားမိတယ်၊ အဲဒီမှတ်တမ်းအရဆိုရင် အစုလိုက်အပုံလိုက် ရတနာပစ္စည်းတွေ ရှိတဲ့နေရာကို ညွှန်ပြနိုင်တဲ့လမ်းကြောင်းနှစ်ကြောင်း ဖြစ်နေတယ်၊ တစ်ကြောင်းကတော့ ဦးပေတလူ၊ ဦးပေတဖြူတို့ ညီအစ်ကိုဘက်ကိုသွားတဲ့လမ်းကြောင်းရယ်၊ ဦးကုလားဘက်ကိုသွားတဲ့လမ်းကြောင်းရယ် နှစ်ကြောင်းပဲရှိတယ်။ အဲဒီလမ်းကြောင်းနှစ်ကြောင်းမှာလဲ ဦးပေတလူတို့ လမ်းကြောင်းဟာ မျိုးဆက်ပြတ်သွားတယ်၊ ဦးပေတလူရဲ့သား ဦးမြူဟာ ရဟန်းဝတ်ပြီး တောထွက်သွားတယ်လို့ သိရတယ်၊ အဲဒီလမ်းကြောင်းကတော့ ပစ္စည်းထားတဲ့ အညွှန်းမရှိတော့ဘူးလို့ ငါထင်ခဲ့မိတာ၊ ကျန်တဲ့ ဦးကုလားဘက်ကလမ်းကြောင်းကတော့ မျှော်လင့်ချက်ရှိသေးတယ်လို့ ထင်ခဲ့မိတာ၊ ဒါပေမဲ့ တကယ်စုံစမ်းလိုက်တဲ့အခါကျတော့ ဦးကုလားရဲ့သားဟာ တဲဝိုင်းကြီးဘူတာက ရုံပိုင်ကြီးဖြစ်နေတယ်၊ အဲဒီရုံပိုင်ကြီးဟာလဲ ဘူတာရုံမီးလောင်လို့ သေသွားရှာပြီလို့သိရတယ်၊ အဲဒီတော့မျှော်လင့်ချက်ဟာ ဝေးသလိုဖြစ်နေတယ်။ ဒါပေမဲ့ . . . ငါက သိပ်ကို ကံကောင်းတဲ့အကောင်၊ မမျှော်လင့်ဘဲ


www.burmeseclassic.com

 www.burmeseclassic.com

မမယ်ဇယ်ဟာ ငါ့ဆီရောက်လာတယ်၊ ပြီးတော့ ဒီအိမ်ကို သူပြန်လာတယ်၊ သူပြန်လာတဲ့ အခါမှာ မောင်ခင်ဦးနဲ့ မင်းဟာ မှတ်တမ်းကြီးတစ်ခုကို ဖတ်နေကြတာကို သူက ကြားခဲ့ရပြီး ငါ့ကို ပြန်ပြောပြတယ်၊ အဲဒီမှတ်တမ်းကြီးဖြစ်တယ်ဆိုတာ မမယ်ဇယ် ကိုယ်တိုင် မသိရှာဘူး၊ ဒါကြောင့် ဒီမှတ်တမ်းကြီးကို မပေးဘူးလို့ ဆုံးဖြတ်ထားပုံရတယ်၊ ဒါကြောင့် မင်းဟာ ဒီမှတ်တမ်းကြီးအကြောင်းကို အရင်ကတည်းက သိထားပုံရတယ်လို့ ငါက စဉ်းစားမိတယ်" ဟု ကိုကြာပွတ်က ပြောလိုက်လေ၏။

"မှန်တာပေါ့ရှင်၊ ဒီရတနာသိုက်ညွှန်းကို လိုချင်တဲ့နေရာမှာ ကျွန်မဟာ ရှင့်ထက် မလျော့ပါဘူး၊ ရှင်ပြောတဲ့ တဲဝိုင်းကြီးဘူတာက ရုံပိုင်ကြီးဟာ ကျွန်မယောကျ်ားပေါ့၊ ကျွန်မယောကျ်ားဖြစ်ရတာက ဒီလိုပါ၊ ပထမ သူဟာ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး၊ ပထမ ကျွန်မယောကျ်ားက ဦးကုလားရဲ့ မယားငယ်က မွေးတာ၊ ကိုပီတာ တဲ့၊ အဲဒီ ကျွန်မ ယောကျ်ား ကိုပီတာဟာ သူ့အဖေ ဦးကုလားဆီမှာ ရတနာသိုက်ညွှန်းရှိတယ်ဆိုတာ ရိပ်မိတယ်၊ အဲဒီ ရတနာသိုက်ညွှန်းကိုလဲ သူ့ကိုမပေးဘဲ မယားကြီးကမွေးတဲ့ သားကြီးကို ပေးခဲ့တယ်လို့ သူကထင်ထားတာ၊ မယားကြီးရဲ့သားဆိုတာက ရုံပိုင်ကြီးလေ၊ ကိုပီတာက ကျွန်မနဲ့ညားတော့လဲ ဒီလိုပဲ ခိုးဆိုးတိုက်ခိုက်နေတာပဲ၊ ထောင်ကျသွားသေးတယ်၊ သူ ထောင်ကျနေတုန်းမှာပဲ သူ့အဖေဦးကုလား သေသွားရှာတယ်၊ အဲဒီတော့ ရတနာ မြေပုံအညွှန်းကို သူ့အဖေ ဦးကုလားဟာ မယားကြီးက မွေးတဲ့သားကို ပေးသွားတယ်လို့ ထင်တာကိုး၊ အဲဒါနဲ့ ကိုပီတာရယ် ကျွန်မရယ်ဟာ မယားကြီးရဲ့သားကို သုံးနှစ်လောက် စုံစမ်းရှာဖွေကြရတယ်၊ နောက်ဆုံးမှာ တဲဝိုင်းကြီးဘူတာမှာ ရုံပိုင်လုပ်နေတယ်ဆိုတာ သိရတော့တာပဲ၊ အဲဒီတော့ ကိုပီတာဟာ ဦးကုလား ငယ်ငယ်က ရိုက်ထားတဲ့ ဓာတ်ပုံ တစ်ပုံက သူ့မှာရှိတာကိုး၊ အဲဒီဓာတ်ပုံကိုယူသွားပြီး ရုံပိုင်ကြီးကိုပြတယ်၊ ပြီးတော့ ရုံပိုင်ကြီးဆီမှာ ဖခင်ဖြစ်သူ ဦးကုလားပေးထားခဲ့တဲ့ မြေပုံညွှန်းကို တောင်းတော့တာပဲ" ဟု မစန်းအေးက ပြောလိုက်လေတော့၏။

ထိုအခါ ကိုကြာပွတ်က . . .

"ရုံပိုင်ကြီးက မြေပုံညွှန်းမပေးတဲ့အတွက် မင်းယောကျ်ားကိုပီတာက ရုံပိုင်ကြီးကို သတ်ပြီး ဘူတာရုံကို မီးရှို့ပစ်လိုက်တယ် ဆိုပါတော့" ဟု ပြောလိုက်ရာ မစန်းအေးက ဘာခစ်ခစ်ရယ်၍ . . .



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်ကလာ ဟုတ်ရမှာတုံးရှင့်၊ ကျွန်မယောကျ်ား ကိုပီတာကို ရုံပိုင်ကြီးက သတ်ပစ်လိုက်တာ၊ ပြီးတော့ ရုံပိုင်ကြီးက သူ့အဝတ်အစားတွေကို ချွတ်ပြီး ကျွန်မယောကျ်ားအလောင်းမှာဝတ်ပေးပြီး ဘူတာကိုမီးရှို့ပစ်လိုက်တာ၊ အဲဒါကြောင့် ရပ်ရွာကရော၊ ပုလိပ်ဘက်ကရော၊ မီးရထားဘက်ကပါ ရုံပိုင်ကြီးသေသွားပြီလို့ ထင်နေကြတာ၊ အမှန်က ရုံပိုင်ကြီး မသေဘူးရှင့်" ဟု မစန်းအေးက ပြောလိုက်လေ၏။

"ဩော်. . . ဒီလိုလား၊ ဒါနဲ့ နေစမ်းပါဦး၊ မစန်းအေးယောကျ်ား ကိုပီတာကို ရုံပိုင်ကြီးကသတ်ပြီး သူက ဘာဆက်လုပ်သတုံး" ဟု ကိုကြာပွတ်က မေးလိုက်လေ၏။

"ရုံပိုင်ကြီးကလဲ သူ့အဖေဆီမှာ ရတနာမြေပုံရှိတယ်ဆိုတာသိတယ်၊ သူ့အဖေသေတဲ့အခါမှာ အဲဒီမြေပုံကို သူ့ကို မပေးခဲ့ဘဲ မယားငယ်တစ်ဦးက မွေးတဲ့သား တစ်ယောက်ကို ပေးခဲ့တယ်လို့ သတင်းသန့်သန့်ရထားတယ်၊ မယားငယ်တစ်ဦးရဲ့သား ဆိုတာက ကျွန်မယောကျ်ားကိုပီတာကို ပြောတာမဟုတ်ဘူး၊ တခြားမယားငယ်သားကို ပြောတာ၊ အဲဒါကို သူက ရှာချင်နေတာ၊ အဲဒီလို ရှာချင်နေတုံးမှာ ကိုပီတာက သူ့ဆီ ရောက်သွားတော့ သူက ကိုပီတာကို သတ်လိုက်တယ်၊ သူ့စိတ်ထဲမှာလဲ ရတနာမြေပုံကို သဲသဲမဲမဲ လိုချင်စိတ်တွေ ပေါ်လာတယ်၊ အဲဒီတော့ သူလဲပဲ သူ့အဖေရဲ့ မယားငယ် သားတစ်ယောက် ဆိုတာကို ရှာတာပေါ့၊ အဲဒီလိုရှာနေတဲ့ အချိန်အတွင်းမှာ ကျွန်မနဲ့ ရုံပိုင်ကြီးနဲ့ တွေ့တော့တာပဲ၊ တွေ့တယ်ဆိုတာ ကျွန်မက-တွေ့အောင်ဖန်တီးရတာပေါ့၊ သူ့ကိုလိုချင်လို့တော့ ဟုတ်ရိုးလားရှင်၊ ပစ္စည်းကို လိုချင်လို့ပေါ့၊ သူကတော့ ကျွန်မဟာ ကိုပီတာရဲ့မိန်းမဖြစ်ကြောင်း မသိရှာဘူး၊ နောက်ဆုံးမှာ သူနဲ့ ကျွန်မနဲ့ ငြိကြ ညားကြ တော့ တာပေါ့ရှင်" ဟု ပြောလိုက်လေ၏။

"နောက်ဆုံးမှာ ကျွန်မယောကျ်ားရုံပိုင်ကြီးဟာ သူရှာနေတဲ့သူကို တွေ့တော့ တာပဲ၊ အဲဒီလူက ဆိပ်ကမ်းမြို့ကလေးတစ်မြို့မှာ ရှုတိုင်းယဉ်ဓာတ်ပုံတိုက်ဆိုပြီး ဓာတ်ပုံ ဆိုင် တစ်ဆိုင်ဖွင့်ထားတဲ့ ဓာတ်ပုံဆရာတစ်ယောက်ပဲ၊ ကျွန်မယောကျ်ား ရုံပိုင်ကြီးဟာ အဲဒီဓာတ်ပုံတိုက်ကိုသွားပြီး ဦးကုလားရဲ့ဓာတ်ပုံကို ဓာတ်ပုံဆရာဆီမှာ တောင်းတော့ တာကိုး" ဟု မစန်းအေးက ပြောလိုက်လေ၏။

"ဓာတ်ပုံဆရာက မပေးတဲ့အဆုံးမှာ မင်းရဲ့ ဒုတိယယောကျ်ား ရုံပိုင်ကြီးက ဓာတ်ပုံဆရာကိုသတ်ပစ်လိုက်တယ်ဆိုပါတော့" ဟု ကိုကြာပွတ်ကြီးက ဝင်၍ထောက် လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလို ဟုတ်ရိုးလားရှင်၊ အဲဒီ ရှုတိုင်းယဉ် ဓာတ်ပုံဆရာက ကျွန်မရဲ့ ဒုတိယ ယောက်ျား ရှုပိုင်ကြီးကို လက်ဦးသွားတယ်ရှင့်၊ သူက ရှုပိုင်ကြီးကို သတ်ပစ်လိုက်တာ ပြီးတော့ ရှုပိုင်ကြီးရဲ့ အလောင်းမှာ သူ့ရဲ့ အဝတ်အစားတွေဝတ်ပြီး ဓာတ်ပုံဆိုင်ကို တစ်ခါတည်း မီးရှို့ပစ်လိုက်တာ၊ အဲဒီမြို့က လူတွေအားလုံးကတော့ ဓာတ်ပုံဆရာ သေ သွားပြီ အောက်မေ့နေကြတာ၊ ဓာတ်ပုံဆရာက မသေဘူးရှင့်၊ သူကလဲ သူ့အဖေ ဦးကုလားရဲ့ ရတနာမြေပုံညွှန်းဟာ ဦးကုလားရဲ့မယားငယ်တစ်ယောက်ဆီမှာရှိတယ်လို့ သတင်းကြားထားတာ သူသတင်းကြားတဲ့ မယားငယ်သားဆိုတာက ရန်ကုန်ဘက်မှာနေ တယ်ဆိုပဲ၊ အဲဒီတော့ အဲဒီဓာတ်ပုံဆရာနဲ့ တွေ့ကြတယ်လေ၊ တွေ့တယ်ဆိုတာက ကျွန်မက တမင်တကာတွေ့အောင်လုပ်ရတာပေါ့၊ ကျွန်မကို သူက ရှုပိုင်ကြီးရဲ့ မိန်းမမှန်း မသိရှာဘူး၊ နောက်ဆုံး ကျွန်မနဲ့တွေ့ပြီး ငြိကြ ညားကြရောပေါ့ရှင်၊ ကျွန်မက သူ့ကို ချစ်လို့တော့ မဟုတ်ပါဘူး၊ ရတနာတွေ လိုချင်တာကိုး၊ ဒီတော့လဲ ရတနာရှာနိုင်တဲ့လူကို ယူရတော့တာပေါ့၊ ဒါ ကျွန်မအဆိုးလား၊ ဒါ ကျွန်မ လွန်သလားရှင်" ဟု မစန်းအေးက ခပ်ပြုံးပြုံးမျက်နှာထားဖြင့် မျက်နှာကိုမော့၍ ပြောလိုက်လေ၏။ ထိုအခါ လည်ပင်းကြိုး ကို ကိုင်ထားသော မမယ်ဇယ်က . . .

"မိန်းမယုတ်" ဟု ပြောဆိုကာ 'ထွီ' ဟု တံတွေးဖြင့် ထွေးလိုက်လေ၏။

"ဒီမှာ မယ်ဇယ်၊ ကိုယ်လိုချင်တာ ကိုယ်ရအောင် လုပ်တာ မှန်တယ်ဟဲ့၊ ငါ့မှာ ယုတ်တာတွေ မြတ်တာတွေ မရှိဘူး" ဟု မစန်းအေးက ပြန်၍ပြောလိုက်လေ၏။

"ကျေးဇူးကန်းမ" ဟု မမယ်ဇယ်က ပြောလိုက်ပြန်၏။

ထိုအခါ ကိုကြာပွတ်က . . .

"မမယ်ဇယ်ရေ ခဏလေး နေပါဦးကွယ်၊ မေးစရာရှိတာလေး မေးပါရစေဦး" ဟု ဟန့်တားလိုက်ပြီးလျှင် . . .

"ကဲ ဆိုစမ်းပါဦး . . . မစန်းအေးရဲ့၊ ဓာတ်ပုံဆရာက ဘယ်လိုဖြစ်တာတုံး" ဟု မေးလိုက်လေ၏။

"ဓာတ်ပုံဆရာကလဲ သူ့အဖေဦးကုလားဆီမှာရှိတဲ့ ရတနာမြေပုံဟာ သူ့အဖေရဲ့ မယားငယ်တစ်ဦးအဖြစ် တရုတ်မတစ်ယောက်ကမွေးတဲ့ သားဆီမှာ ထားခဲ့တယ်လို့ သတင်းရထားတယ်၊ ဒါနဲ့ သူကလဲ အဲဒီတရုတ်မရဲ့သားကို အပြင်းအထန် စုံစမ်းတဲ့


www.burmeseclassic.com

www.burmeseclassic.com

အခါမှာ သယ်န်းကျွန်းဘက်မှာ ကျင်ဝမ်သွားစိုက်ဆိုင်ဆိုတာရှိတယ်၊ အဲဒီ သွားစိုက်ဆိုင်က သွားစိုက်ဆရာ ကျင်ဝမ်ဆိုတာက ကျွန်မယောကျ်ား ခတ်ပုံဆရာ ရှာနေတဲ့သူပဲ၊ အဲဒီတော့ ခတ်ပုံဆရာဟာ ကျင်ဝမ်ဆီ သွားတော့မှာပေါ့" ဟု မစန်းအေးက ပြောလိုက်ရာ ကိုကြာပွတ်က . . .

"ဟိုလဲရောက်ရော ကျင်ဝမ်က ခတ်ပုံဆရာကို သတ်လိုက်ရော ဆိုပါတော့၊ ပြီးတော့ အဲဒီသွားစိုက်ဆရာ ကျင်ဝမ်ကို မစန်းအေးက ယူလိုက်ရောဆိုပါတော့" ဟု ပြောလိုက်လေ၏။

"သွားစိုက်ဆရာကျင်ဝမ်က ခတ်ပုံဆရာကို သတ်ပစ်လိုက်တယ် ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မနဲ့ ကျင်ဝမ်နဲ့တော့ မရပါဘူး၊ အဲဒီနေ့ကစပြီး ကျင်ဝမ့်ကို ကျွန်မရှာလိုက်တာ ဘယ်မှာမှမတွေ့တော့ဘူး၊ တစ်ချက်တည်း အစအနပျောက်သွားတယ်၊ ရှာလို့တွေ့ရင်လဲ ကျွန်မ သူ့ကို ယူဦးမှာပဲ၊ အခုတော့ ဒီကျင်ဝမ်ဆိုတဲ့ တရုတ်ကလဲ ဘယ်ကိုရောက်သွားမှန်း မသိပါဘူးရှင်" ဟု မစန်းအေးက ပြောလိုက်လေ၏။

"မစန်းအေးဉစ္စာကလဲ ရယ်စရာကောင်းလှချည့်လား" ဟု ကိုကြာပွတ်က ပြောလိုက်လေ၏။

ထိုအခါ မစန်းအေးက . . .

"ရယ်စရာကောင်းတာတစ်ခုရှိသေးတယ်ရှင့်၊ လူသတ်မှုတွေဖြစ်တာ သုံးခုရှိပြီ မဟုတ်လား၊ လူသတ်မှုဖြစ်တဲ့နေရာတိုင်းမှာ မီးရှို့ပစ်ခဲ့တော့ မီးကလဲ သုံးခါလောင်တာပေါ့ရှင်၊ ကျွန်မကလဲ အဲဒီမီးလောင်ပြင်ပေါ်မှာ ညဆိုရင် မှန်အိမ်နီကလေး တစ်လုံးနဲ့ ရတနာမြေပုံဝှက်ထားတဲ့နေရာ ရှိလိုရှိငြား သွားသွားပြီး ရှာတယ်၊ တချို့ကလဲ အရေးကြီးတဲ့ ပစ္စည်းတွေ မြေကြီးထဲမှာတူးပြီးမြှုပ်ထားလေ့ရှိတယ်မဟုတ်လား" ဟု ပြောလေ၏။

"အဲဒီလို မီးအိမ်ကလေးနဲ့ ညဘက်ညဘက်မှာ သွားပြီးရှာတော့ ဘာဖြစ်သတုံး မစန်းအေးရဲ့" ဟု ကိုကြာပွတ်က မေးလိုက်လေ၏။

"လူသေပြီးတာကလဲ မကြာသေး၊ အဲဒီနေရာကလဲ မီးလောင်ပြင်ကြီးဖြစ်နေ၊ ကျွန်မကလဲ ညသန်းခေါင်ကျော်လောက်ဆိုရင် မှန်အိမ်နီကလေးနဲ့ ဟိုရှာဒီရှာလုပ်ဆိုတော့ ခြောက်တယ်ဆိုပြီး ကြောက်ကြလန့်ကြသေးတယ်ရှင့်၊ ဒါတွေ ထားလိုက်ပါတော့ရှင်၊ အဲဒီနောက်ပိုင်းမှာ ကျွန်မဟာ စိန်ဘာဘူတစ်ယောက်နဲ့အိမ်ထောင်ကျတယ်၊ အိမ်ထောင်ကျတယ်ဆိုပေမယ့် မယားကြီးအဖြစ်နဲ့ ကျတာမဟုတ်ပါဘူး၊ မယားငယ်


www.burmeseclassic.com

www.burmeseclassic.com

အဖြစ်နဲ့ ကျတာပါ။ အဲဒီ စိန်ဘာဘူကိုလဲ လူဆိုးတစ်ယောက်နဲ့ပေါင်းပြီး ကျွန်မပဲ သတ်ပစ်လိုက်တယ်၊ ပြီးတော့ အဲ့ဒီလူဆိုးနဲ့ ကျွန်မဟာ စိန်ဘာဘူဆီမှာ ပါလာတဲ့ ပစ္စည်းကို တစ်ဝက်စီခွဲယူကြတယ်၊ ပြီးတော့ ကျွန်မဟာ စကော့ဈေးနဲ့ မင်္ဂလာဆောင်... မဂိုလမ်းဘက်မှာ စိန်ပွဲစားလုပ်နေတော့တာပေါ့" ဟု မစန်းအေးက ပြောလိုက်လေ၏။

ထိုအခါ ကိုကြာပွတ်က . . .

"ပြောစမ်းပါဦး . . . မစန်းအေး၊ တော်တော့်ကိုနားထောင်လို့ကောင်းပါတယ်" ဟု ပြောလိုက်ရာ မစန်းအေးက . . .

"ပြောပါ့မယ်ရှင် . . . ပြောပါ့မယ်၊ ကျွန်မကလဲ ဒါတွေပြောချင်နေတာပါ၊ အဲဒီလိုနဲ့ စိန်ပွဲစားလုပ်နေတုန်းမှာ လူရုပ်လူပွေလေးတစ်ယောက်နဲ့ ကျွန်မနဲ့ ဖြစ်ကြပြန်ရော၊ အဲ့ဒီကောင်လေးက ကျွန်မဆီကို သူများအပ်ထားတဲ့ စိန်ရွှေပစ္စည်းတွေကို အပျောက်ရိုက်လိုက်တယ်လေ၊ အဲဒီတော့ ကောင်လေးကတော့ ဘာမှမဖြစ်ပါဘူး ကျွန်မက ထောင်တစ်နှစ်ကျသွားတယ်၊ ထောင်ထဲရောက်တော့ ကျွန်မယောက်ျား သုံးခါတောင် တော်ဖူးတဲ့ ဦးကုလားရဲ့မယားငယ် မိန်းမကြီးတစ်ဦးဟာလဲ ထောင်ကျနေတယ်ရှင့်၊ သူကလဲ အသက်ကြီးလှပါပြီ၊ ကျွန်မ သူနဲ့အတူနေရတယ်၊ အဲဒီတော့မှ ဦးကုလားအကြောင်းကို သေသေချာချာကျွန်မသိရတာကိုး၊ ဦးကုလားဟာ 'သန်းခေါင်ကြယ်' ဆိုတဲ့ ပင်လယ်ဓမြှုဂိုဏ်းခေါင်းဆောင်တစ်ယောက်ဖြစ်တယ်၊ မမယ်ဇယ်တို့ရဲ့ ဘကြီး ဦးထူတို့၊ မမယ်ဇယ်တို့ရဲ့ အဘိုး ဦးပေတလူတို့၊ ဦးပေတလူရဲ့ အစ်ကိုကြီး ဦးပေတဖြူ တို့ကို ဘတ်ပစ်တဲ့လူဟာ ဦးကုလားဆိုတာ သိရတယ်၊ ဦးကုလားဟာ သူတို့ကို ဘာကြောင့်သတ်သလဲဆိုတော့ ရတနာကျွန်းကိုသွားတဲ့မြေပုံကို လိုချင်လို့ပဲ ဆိုတာကိုပါ သိရတော့တယ်၊ အဲဒီဦးကုလားဟာ တယောထိုး အလွန်ကောင်းတယ် ရုပ်သေးကြိုးဆွဲအင်မတန်တော်တယ်၊ ဇာတ်မြှုပ်ပြီးလူကောင်းလုပ်နေတဲ့ ဦးပေတလူ တို့ ဦးပေတဖြူတို့ကို ဦးကုလားဟာ ရုပ်သေးဆရာယောင်ဆောင်ပြီး အနယ်နယ် လှည့်ပြီး ရှာတာပဲ၊ တွေ့တာနဲ့ သတ်တော့တာပဲ၊ အဲဒီဇာတ်လမ်းကို ဦးကုလားရဲ့ မိန်းမကြီးက ကျွန်မကို ထောင်ထဲမှာ ပြောပြတယ်၊ အဲဒီ ဦးကုလားရဲ့ မိန်းမကြီးဟာလဲ ဦးကုလား မရှိတဲ့နောက်ပိုင်းမှာ ဓမြတစ်ယောက်နဲ့အိမ်ထောင်ကျပြီး သူလဲဓမြှုမှာပါလို့ ထောင်ထဲရောက်လာတာ၊ သူကတော့ စုံပါတယ်၊ ဓမြှုရော၊ လူသတ်မှုရောနဲ့ ထောင်ထဲ ကို ရောက်နေတာကြာပါပြီ၊ ယောကျ်ားထောင်မှာ ထောင်မင်းသားဆိုတာမျိုးလို သူလဲ


www.burmeseclassic.com

www.burmeseclassic.com



ထောင်မှင်းသမီးကြီးပေါ့၊ ကျွန်မ မလွတ်ခင် တစ်လလောက်မှာ သံစူးတဲ့ဒဏ်ရာနဲ့ ငန်းဖမ်းပြီးဆုံးသွားရှာတယ်၊ အဲဒီတော့ ကျွန်မထောင်ကထွက်တဲ့အခါမှာ အဲဒီမိန်းမကြီး ပြောသွားတဲ့ ဦးပေတလူရဲ့မျိုးဆက်ကို စုံစမ်းရတာပေါ့ရှင်၊ အဲဒီမှာ ဦးပေတလူရဲ့သား ဦးမြို့ ဆိုတာရယ်၊ ဦးမြို့ရဲ့သမီး မမယ်ဇယ် ဖြစ်တယ် ဆိုတာလဲ သိရရော၊ ကျွန်မမှာ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ရှင်၊ ဘာဖြစ်လို့လဲဆိုတော့ မမယ်ဇယ်ဟာ ကျွန်မနဲ့ ကျောင်းနေဖက်ဖြစ်ဖူးတယ်၊ အဲဒီတော့ သူတို့အိမ်မှာ ကျွန်မလိုချင်တဲ့ ရတနာသိုက် မြေပုံရှိမယ်ဆိုတာ သေချာတာပေါ့၊ အဲဒီမြေပုံရရင် တစ်ဝက်ပြီးသွားပြီ၊ ကျွန်းပေါ်က ရတနာမြေပုံကိုယူဖို့ ကျင်ဝမ်ကိုပဲ ရှာရုံပဲရှိတော့မယ်မဟုတ်လား၊ အဲဒီမှာ ကျွန်မဟာ သူနဲ့ မတွေ့တွေ့အောင်ကြံရတာပါပဲ၊ တွေ့လဲတွေ့ရော၊ အတင်းဝင်ပြီး ပူးရတော့တာပဲ၊ မမယ်ဇယ်ကလဲ သနားတတ်တဲ့လူဆိုတော့ ကျွန်မကိုတွေ့တာနဲ့ အိမ်ကိုခေါ်လာတော့ တာပဲ၊ အိမ်ရောက်တဲ့နေ့ကစပြီး ကျွန်မဟာ အဲဒီကိုခင်ဦးကို မြူဆွယ်ရတော့တာပေါ့ရှင်၊ သူ့ကို မြူဆွယ်ရတာ သိပ်ပြီးမခက်ပါဘူး၊ သူ စိတ်ပျော့တဲ့ ယောကျ်ားမဟုတ်လား စိတ်ပျော့တဲ့လူတွေရဲ့ထုံးစံအတိုင်း သစ္စာလဲမဲ့တယ် မဟုတ်လား၊ အဲဒီတော့ သူဟာ ကျွန်မဘက်ကိုပါလာတော့တာပေါ့၊ သူ လိုချင်တာကို ကျွန်မကမပေးဘူး၊ မမယ်ဇယ် သေမှ ပေးမယ်ဆိုပြီး အဆာကလေး 'ထစ်' ထားလိုက်တယ်၊ အဲဒီအခါမှာ သစ္စာမဲ့တဲ့ ယောကျ်ားဟာ ကျွန်မခိုင်းတာလုပ်တော့တာပေါ့ရှင်၊ ရှင်တို့ရသားတဲ့မှတ်တမ်းကြီးမှာ ရတနာကျွန်းကိုသွားတဲ့ခရီးစဉ် အသေးစိတ်ပါပါတယ်၊ ရှင်တို့ဟာ သွားပြီး ယူကြမှာပဲ မဟုတ်လား၊ ကျွန်မကတော့ဆုံးရှုံးပါပြီ၊ အသက်ပေါင်းများစွာစတေးပြီး မျှော်လင့်ခဲ့တဲ့ မျှော်လင့်ချက်ကြီးလဲပျက်စီးသွားပါပြီ၊ ကျွန်မအစီအစဉ်ဟာ ဒီနေ့မနက်၊ အရုဏ်တက် မှာ ခရီးထွက်ဖို့ပဲ၊ အဲဒီလို ခရီးမထွက်ခင်မှာ ဟောဒီ ကိုခင်ဦးကို ကျွန်မ သတ်ရမယ်၊ သူ့ကို ကျွန်မဆက်ပြီးပေါင်းဖို့ ဘာလိုတော့မတုံး၊ သူ့ကိုသတ်ဖို့လဲ အဆင်သင့်လုပ်ပြီးပါပြီ၊ ဟောဟိုက အရက်ပုလင်းထဲမှာ ကျွန်မ အဆိပ်ထည့်ထားတယ်၊ ဒီအရက် ကုန်ရင် ဟိုအရက်ကို သူသောက်မှာပဲ၊ ဒီညတစ်ညလုံး ပွဲကပြန်လာပြီးတာနဲ့ သူနဲ့ပျော်ပါးမယ်၊ အဲဒီလိုပျော်ပါးတဲ့အခါမှာ ကိုခင်ဦးရဲ့ဝါသနာက မကြာခဏအရက်သောက်လေ့ရှိတယ်၊ ဒီတော့ ဒီအရက်ဟာ အရုဏ်မတက်ခင်ကုန်မှာပဲ၊ ကုန်တာနဲ့ ဟိုပုလင်းကို သူသောက်မှာပဲ အဲဒီမှာ သူဇာတ်သိမ်းပါပြီ၊ ဒါပေမဲ့ ကျွန်မ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာဘူး၊ ဒီကောင်မ 'မမယ်ဇယ်' ကလဲ မသေဘဲ ဘယ်ကဘယ်လိုရောက်လာတာတုံး မသိဘူး၊



www.burmeseclassic.com

အစကတည်းက ဒီကောင်မ ငထူ၊ ငထိုင်းမကို ကျွန်မကိုယ်တိုင် သတ်လိုက်ရင် ဒီလို ဖြစ်လာမှာ မဟုတ်ဘူး၊ ဟို အသုံးမကျတဲ့ 'ခင်ဦး' ကြောင့် ဒီလိုဖြစ်ရတာ၊ ခုတော့ ကျွန်မအစီအစဉ်တွေ ပျက်ကုန်ပြီ၊ သင်းတို့နှစ်ယောက်လုံး သေမှအေးမယ်၊ ငါရမယ့် ရတနာပစ္စည်းတွေကို နင့်လိုကောင်မမျိုးရဲ့လက်ထဲကိုမပေးနိုင်ဘူး"ဟုဆိုကာ မစန်းအေး သည် မမယ်ဇယ်ဆီသို့ တစ်အားကုန်ဝင်၍ ပူးလေတော့၏။ ထိုအခါ မမယ်ဇယ်လည်း ကြောက်လန့်တကြားဖြစ်ပြီးလျှင် လက်ထဲတွင်ကိုင်ထားသော ကြိုးစကို တစ်အားကုန် ဆွဲ၍ဆောင့်လိုက်လေရာ မစန်းအေးလည်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲ၍ ကျသွားလေတော့၏။

ထို့နောက်မစန်းအေး၏ပါးစပ်မှသွေးများကျလာပြီးလျှင် မျက်လုံးများပြူးကျယ် လာကာ အသက်ထွက်၍ သွားလေတော့၏။

ထိုအခါ ကိုကြာပွတ်က . . .

"တော်တော် . . . လောဘကြီးတဲ့ အမျိုးသမီးပဲ၊ လောဘစိတ်နဲ့ ဘာမှမမြင် တော့ဘူး၊ ကိုယ်လည်ပင်းမှာစွပ်ထားတဲ့ ကြိုးကွင်းတောင် သတိမရတော့ဘူး၊ အရူး တစ်ပိုင်းလိုဖြစ်ပြီး 'မမယ်ဇယ်'ကို ဝင်ပူးပြီးသတ်ဖို့ကြိုးစားတာ၊ ဒါပေမဲ့ မမယ်ဇယ်က ကြောက်ကြောက်လန့်လန့်နဲ့ သူ့လည်ပင်းမှာချည်ကွင်းလျှောလုပ်ပြီးချည်ထားတဲ့ ကြိုး ကို ဆောင့်ဆွဲလိုက်တော့ ကြိုးဆွဲချသလိုဖြစ်ပြီး အသက်ထွက်တာပေါ့၊ ဒီလောက် လောဘကြီးပြီး ဒီလောက်သစ္စာမဲ့တဲ့မိန်းမ သေတာပဲကောင်းတယ်၊ ဟိုသစ္စာမဲ့တဲ့ အမျိုးယုတ် ခင်ဦးပဲ ကျန်တော့တယ် မမယ်ဇယ်၊ ဒီကောင့်ကိုလဲအရှင်ထားလို့မဖြစ်ဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ခင်ဦးသည် လွန်စွာတုန်လှုပ်နေပြီဖြစ်၏။

ထို့ကြောင့် . . .

"ကျွန်တော့်ကို မသတ်ကြပါနဲ့ . . . ကျွန်တော့်ကို မသတ်ကြပါနဲ့" ဟု ငိုယိုကာ ဖင်ရွှေ့ ဖင်ရွှေ့ဖြင့် လှေကားဆီသို့ သွားလေ၏။

မမယ်ဇယ်သည် ကြိုးစကိုကိုင်၍ . . .

"ကိုကြာပွတ် . . . လုပ်ပါဦး . . . လုပ်ပါဦး" ဟုဆိုကာ မောင်ခင်ဦးနောက်သို့ လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com


မောင်ခင်ဦးသည် လှေကားအနီးသို့ရောက်သောအခါ၌ ထပ်၍ရွှေ့လိုက်ရာ လှေကားပေါ်မှ အောက်သို့ တလိမ့်ခေါက်ကွေးကျလာတော့၏။

ထိုအခါ လည်ပင်း၌စွပ်ထားသော ကြိုးကွင်းသည် တင်း၍ ဆွဲကြိုးချသကဲ့သို့ ဖြစ်ကာ အော်မျှပင် မအော်နိုင်တော့ဘဲ အသက်ထွက်သွားလေတော့၏။

ထိုအခါ ကိုကြာပွတ်က . . .

"ကဲ . . . မမယ်ဇယ်၊ ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့တော့၊ သစ္စာမရှိတဲ့ ခွေးယောက်ျား 'ခင်ဦး' ကတော့ . . . သူ့တရားသူစီရင်သွားပြီ၊ ဒီကောင့်အလောင်းက ကြိုးကိုတော့ မဖြုတ်နဲ့၊ ဒီအတိုင်းပဲထားခဲ့မယ်၊ 'မစန်းအေး' လည်ပင်းက ကြိုးကွင်းကိုပဲ ဖြုတ်ယူသွားမယ်၊ ဒါမှ ပုလိပ်ဘက်က စုံထောက်တွေ ရောက်လာရင် အတွေးရခက်ပြီး ယုံထင်ကြောင်ထင်ဖြစ်ကုန်ကြမယ်" ဟု ဆိုကာ မစန်းအေး၏လည်ပင်းမှကြိုးကို ဖြုတ်ယူလိုက်လေ၏။ ထို့နောက် မမယ်ဇယ်၏လက်ကိုဆွဲ၍ ကိုကြာပွတ်သည် အိမ်အောက်သို့ ခပ်သုတ်သုတ်ဆင်းကာ မြို့အပြင်ဘက်သို့ ထွက်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဖူးစာရှင် ကိုကြာပွတ်၏ ဇာတ်ကြောင်း

ကိုကြာပွတ်နှင့် မမယ်ဇယ်တို့သည် ပဲခူးမြစ်၏တစ်နေရာသို့ ရောက်ရှိသွားလေ
တော့၏။ ထိုနေရာ၌ အခင့်တွေ့သောလှေတစ်စီးကိုယူကာ မြစ်ညာဘက်ကို ဆန်တက်
လှော်ခတ်သွားလေတော့၏။

အချို့နေရာများတွင်ရပ်နား၍ ထမင်းဟင်းလျာများဝယ်ယူကာ စားသောက်၏။
ဤသို့နှင့်ပင် ကိုကြာပွတ်နှင့် မမယ်ဇယ်တို့၏လှေကလေးသည် တဖြည်းဖြည်းတရွေ့ရွေ့
ဆန်တက်နေလေတော့၏။

ဤသို့ဆန်တက်ရင်း ကိုကြာပွတ်က . . .

"မမယ်ဇယ်၊ မင်းနဲ့ ကျုပ်နဲ့ကတော့ ကြုံဖန်ပြီးရေစက်ဆုံတာပဲ၊ ဖူးစာဖက်တော
ဖြစ်ချင်ဖြစ်သွားဦးမှာ၊ ဟောဒီ မင်းအဖေ ဦးမြူ ရေးထားတဲ့ မှတ်တမ်းကြီးဟာ
အနာဂတ်မှာ ငါတို့လျှောက်ရမယ့်လမ်းကို ရွှေနဲ့ခင်းပြီး စိန်မှုန်ကြဲထားသလိုဖြစ်နေပြ
'သန်းခေါင်ကြယ်' ဂိုဏ်းသားတွေဝှက်ထားတဲ့ကျွန်းရော၊ သွားပုံသွားနည်း အသေးစိတ်
ရော ဒီမှတ်တမ်းကြီးထဲမှာပါတယ်ကွယ့်၊ ဟိုကျရင်ပိုက်စိပ်တိုက်ပြီးရှာကြရုံပဲရှိတော့တာ
ပိုင်ဆိုင်ခွင့်ရရင်တော့ မင်းရော ငါရောဟာ ကမ္ဘာပေါ်မှာရှိတဲ့ မီလျံနာသူဌေးကြီးတွေ
စာရင်းတောင် ဝင်နိုင်တယ်၊ အဲဒီတော့ မင်းကိုငါပြောချင်တာက မင်းလက်ခံမယ်ဆိုရင်
မင်းကို ငါယူမယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ မမယ်ဇယ်က . . . ကိုကြာပွတ်၏စကားကို လမ်းကြောင်းပြေင်းလေ
လိုသဖြင့် . . .



www.burmeseclassic.com

"ဒီမှာ. . . ကိုကြာပွတ်၊ အခု ကျွန်မတို့ ဘယ်ကိုသွားကြမှာတုံး" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"ဒီလိုကွ. . . တကယ်လို့ ပုလိပ်တွေ ခြေရာခံပြီးလိုက်လာရင် လွဲသွားအောင် ဆိုပြီး ရေလမ်းက လာနေတာ၊ တစ်နေရာကျတော့လဲ ကုန်းပေါ်တက်ပြီး ကုန်းလမ်းက သွားကြတာပေါ့၊ တောင်ကမ်းပါးအောက်က ငါ့ရဲ့အိမ်ကလေးဆီကိုသွားမယ်၊ အဲဒီအိမ်နဲ့ မြေကလေးကို အနီးအပါးက လူတွေကို ရတဲ့ဈေးနဲ့ရောင်းခဲ့မယ်၊ ပြီးတော့ ရန်ကုန်ကို ရွှေ့ပြောင်းနေထိုင်မယ်၊ အဲဒီလိုနေထိုင်ပြီးတော့ စက်လှေတစ်စီး ဝယ်မယ်ကွာ၊ အဲဒီ စက်လှေနဲ့ ကုန်ကူးသလိုလုပ်နေပြီး စိတ်ချရတဲ့လှေသမားတွေ့တဲ့အခါမှာ ရတနာတွေ ရှိတဲ့ ကျွန်းကို သွားကြမယ်၊ ပြီးတော့ ရတနာရှာမယ်" ဟု ကိုကြာပွတ်က ပြောလိုက် လေ၏။

"ရန်ကုန်မှာနေတာက ဟုတ်ပါပြီ၊ ဘယ်မှာ နေကြမှာတုံး" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"ဪ. . . မမယ်ဇယ်ကို ကျုပ်က မပြောရသေးပါဘူး။ ရန်ကုန် ကြို့ကုန်း ဘက်မှာ ကျုပ်ရဲ့တိုက်တစ်လုံး ရှိတယ်လေ၊ အဲဒီမှာ နေကြမှာပေါ့၊ ကျုပ် အခုနေတဲ့ တောင်ကမ်းပါးအောက်က တဲကလေးက အပျင်းပြေ လာပြီးနေတာပါ၊ ကျုပ်က ကောင်းကင်နက္ခတ်တွေကိုကြည့်တာ ဝါသနာပါတယ်၊ တစ်ခါတလေ ရန်ကုန်မှာမနေဘဲ ရှမ်းပြည်ဘက်ကိုထွက်လာပြီး အဲဒီတဲကလေးထဲမှာ အချိန်ဖြုန်းလေ့ရှိတယ်၊ ညဆိုရင် အပြင်ဘက်ကိုထွက်ပြီး ကောင်းကင်ကိုကြည့်တဲ့ မှန်ပြောင်းတစ်လက်နဲ့ ကောင်းကင်က ကြယ်တွေကိုကြည့်ရင်း နာကျင်စရာကောင်းတဲ့ အတိတ်အနာဂတ်က အဖြစ်အပျက် တွေကို ဖြေဖျောက်နေရတဲ့ လူတစ်ယောက်ဖြစ်ပါတယ်" ဟု ကိုကြာပွတ်က ပြောလိုက် လေ၏။

ထိုအခါ မမယ်ဇယ်က . . .

"ကိုကြာပွတ်ကလဲ ကျွန်မလိုပဲ နာကျည်းစရာ အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့ လို့လား" ဟု မေးလိုက်လေ၏။

ထိုအခါ ကိုကြာပွတ်က . . .

"ကျုပ်နာမည်က တကယ်တော့ ကိုကြာပွတ်မဟုတ်ဘူးဗျ၊ မြသာတဲ့၊ အင်းလေ တကယ်ပြောရရင် မြသာလဲ မဟုတ်ပါဘူး။ မြသာ ဆိုတာက ကျုပ်ဆရာကြီးက ကျုပ်ကို

www.burmeseclassic.com

www.burmeseclassic.com

ကင်ပွန်းတပ်ပေးထားတာပေါ့၊ ကျုပ်ရဲ့တကယ့်နာမည်ရင်းက တိုင်းကျော် တဲ့၊ ကျုပ်နဲ့ မမယ်ဇယ်ဟာ စီးပွားဖက်တွေဖြစ်ကြတယ်၊ ပြီးတော့လဲ မကြာခင်ယူကြတော့မယ့် ဖူးစာဖက်တွေလဲဖြစ်ကြလေတော့ ကိုကြာပွတ် ခေါ် ကိုမြသာ ခေါ် ကိုတိုင်းကျော်ရဲ့ အကြောင်းကိုတော့ မမယ်ဇယ်ဟာ ခရေစေ့တွင်းကျ သိထားသင့်ပါတယ်၊ ဒါကြောင့် ကျုပ်အကြောင်းကို ကျုပ်ပြောပြမယ်" ဟုဆိုကာ ကိုကြာပွတ်ကြီးသည် လေ့လျှော်ရင်း သူ၏အကြောင်းကို ပြောပြလေ၏။

ညမှာ တိတ်ဆိတ်လှပေ၏။ ထိုညက လလည်း သာနေ၏။ ပဲခူးမြစ်ထဲတွင် မြစ်ညာဘက်သို့ဆန်တက်နေသော လှေကလေးတစ်စင်းသာလျှင်ရှိ၏။ လှေကလေးပေါ်မှ လူကြမ်းကြီးတစ်ယောက်သည် နုနယ်ဖြူဖွေးသောမိန်းမတစ်ယောက်အား ၎င်း၏ စိတ်ဝင်စားဖွယ်ရာ ရင်နင့်ဖွယ်ရာကောင်းသောအဖြစ်အပျက်ရှည်ကြီးကို ပြောပြခဲ့လေတော့သည်။

(မှတ်ချက်။ ။ကိုကြာပွတ်ကြီး၏အဖြစ်အပျက်ကို အစမှအဆုံးတိုင် ဝတ္ထုသဖွယ်ရေးသား၍ ဖော်ပြအပ်ပေသတည်း။)

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



# ထမင်းဆိုင်က ကောင်မလေး

တောမကျ မြို့မကျ မြို့ကလေးတစ်မြို့ရှိ၏။ ထိုမြို့ကလေးသည် ရန်ကုန်နှင့် လွန်စွာနီးကပ်၏။ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းတို့ဖြင့် သွားလျှင်ရ၏။ အလွန်အင်မတန်မှလည်းစည်ကား၏။ ထိုမြို့ကလေးတွင်နယ်ပိုင်ရုံးရှိ၏။ ဆေးရုံကြီးကြီးမားမား ရှိ၏။ ဟိုက်စကူးကျောင်းရှိ၏။ မြို့အင်္ဂါနှင့်လွန်စွာညီညွတ်၏။ လူငယ်သုံးယောက်သည် ထိုမြို့သို့ တစ်နေ့တည်း တစ်ရက်တည်း၌ ရောက်ရှိလာကြ၏။ ၎င်းတို့အချင်းချင်းလည်း သူငယ်ချင်းများ ဖြစ်ကြကုန်၏။ ၎င်းတို့သည် အစိုးရအလုပ်များကို လက်ခံကြပြီးနောက် အလုပ်ဝင်ရန်အတွက် ရောက်ရှိလာကြခြင်းဖြစ်၏။

တစ်ဦး၏အမည်မှာ မောင်တိုင်းကျော် ဟူ၍ဖြစ်ပြီး၊ သူသည် မြို့ပိုင်ကလေး အလုပ်ရသဖြင့် ထိုမြို့သို့လာခဲ့ခြင်းဖြစ်၏။ အခြားတစ်ယောက်မှာ ကျောင်းဆရာ အဖြစ်ဖြင့်ရောက်သော မောင်ကျော်ဝင်းဖြစ်၏။ ကျန်တစ်ယောက်မှာ စာရေးကြီးအဖြစ် ဖြင့် နယ်ပိုင်ရုံးသို့ပြောင်းလာသော မောင်ပြည့်ဖြစ်၏။

၎င်းတို့သုံးဦးသားသည် တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်မြို့တည်းသို့ ပြောင်းရွှေ့လာကြသကဲ့သို့ မြို့အစွန်ရှိ အိမ်ကြီးတစ်အိမ်ကို စုပေါင်း၍ ငှားရမ်းကာ တစ်အိမ်တည်း၌ နေထိုင်ကြလေတော့၏။

ထို့နောက် မော်တော်ကားဂိတ်အနီးရှိ ထမင်းဆိုင်တစ်ဆိုင်၌လည်း အတူတကွ ထမင်းလခပေး၍ စားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ၡင်းတို့သည် နံနက်ပိုင်း၌ နံနက်စာကို ထမင်းချိုင့်ယူ၍ စားလေ၏။ ၡင်း ထမင်းဆိုင်ကလေးမှာ ၡင်းတို့သုံးဦးအတွက် ထမင်းချိုင့်သုံးလုံး အသင့်ထည့်ပေးထားရ၏။

မြို့ပိုင်ကလေး မောင်တိုင်းကျော်ကလည်း သူ၏ရုံးမှ မင်းစေကို ထမင်းဆိုင်တွင် ထမင်းချိုင့်ယူခိုင်းလေ့ရှိ၏။ ကျောင်းဆရာ မောင်ကျော်ဝင်းကလည်း သူ၏ ကျောင်းသားတစ်ယောက်ကို ထမင်းချိုင့်ယူခိုင်း၏။ မောင်ပြည့်ကလည်း ရုံးဒရဝမ်ကြီးကို ထမင်းချိုင့်ယူခိုင်း၏။ ညနေစာကိုမူ ၡင်းတို့သည် ဆိုင်သို့သွား၍ စားကြ၏။ ဤသို့လျှင် တစ်ပတ်ခန့်စားမိပြီးသောအခါ၌ မောင်ပြည့်က ဆိုင်ရှင် အဒေါ်ကြီးအား . . .

"အဒေါ်ရေ . . . မနက်ဖြန် ကျွန်တော့်အတွက် ထမင်းချိုင့် လုပ်မထားနဲ့ ကျွန်တော့်ဘာသာ ကျွန်တော် လာစားမယ်" ဟု ပြောလေ၏။

ကျောင်းဆရာ မောင်ကျော်ဝင်းကလည်း မောင်ပြည့်ကဲ့သို့ပင် . . .

"အဒေါ်ရေ . . . ကျွန်တော်လဲ ကျောင်းသားလေးတွေ ခိုင်းရတာ အားနာပါတယ်၊ အဲဒီတော့ ကျွန်တော့်အတွက်လဲ ထမင်းချိုင့် ထည့်မထားပါနဲ့၊ ကျွန်တော့်ဘာသာ ကျွန်တော် လာပြီးစားပါ့မယ်" ဟုပြောလေ၏။ မောင်တိုင်းကျော်တစ်ဦးတည်းသာလျှင် အခါတိုင်းကဲ့သို့ပင် နံနက်စာကို ထမင်းချိုင့်ယူ၍ စားမြဲစားနေလေ၏။

ထိုအခါ ထမင်းဆိုင်ရှင် အဒေါ်ကြီးက "မောင်တို့နှစ်ယောက်အတွက်တော့ ထမင်းချိုင့်ထည့်ရတဲ့ဒုက္ခငြိမ်းသွားပါပြီ၊ ဟို သူငယ်တစ်ယောက်အတွက်တော့ ကျန်နေသေးရဲ့" ဟု ညည်းညူရာ . . .

ကျောင်းဆရာ မောင်ကျော်ဝင်းနှင့် နယ်ပိုင်ရုံးစာရေးကြီး မောင်ပြည့်တို့က-

"အဒေါ့်ကို သနားတယ်၊ အဲဒါကြောင့် ကျွန်တော်တို့က ဒုက္ခမပေးချင်လို့ ကိုယ်တိုင်လာစားတာပဲ အဒေါ်ရေ" ဟု ပြောကြလေ၏။

အမှန်မှာ ထိုသတ္တဝါနှစ်ဦးသည် ထမင်းဆိုင်ရှင် အဒေါ်ကြီးအား သနားကြခြင်း မဟုတ်၊ ထိုအဒေါ်ကြီး၏ တူမဖြစ်သူ မပန်းနု အားသာလျှင် သနားကြခြင်းဖြစ်သည်။ ၡင်းတို့သည် ပန်းနုကိုယ်တိုင် ခူးခပ်ပေးသည်ကို စားသောက်လိုကြ၏။ ထို့ကြောင့် ထမင်းချိုင့်မယူဘဲ ကိုယ်တိုင်ကိုယ်ကြပ် စားသောက်ကြခြင်းဖြစ်၏။ မပန်းနုက ထမင်း လာရောက်ထည့်ပေးသောအခါတွင် ကျောင်းဆရာ မောင်ကျော်ဝင်းက . . .

"ဒီကနေ့ မပန်းနုချက်တဲ့ ဟင်းချိုကလေးဟာ သိပ်ချိုတာပဲ၊ ကျုပ်ဖြင့် ဆွေမျိုးတောင် မေ့သွားတာပဲ" ဟူ၍ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ မပန်းနုက . . .

"အဲဒီဟင်းချို ကျွန်မချက်တာ မဟုတ်ဘူး၊ အဒေါ်ချက်တာ" ဟု ပြန်၍ပြောရာ

မောင်ကျော်ဝင်းက . . .

"ကျုပ်ကလဲ အားနာပါးနာနဲ့ ချီးမွမ်းရတာပေါ့ဗျာ၊ ဒါတော့ကိုညွှတဲ့ ဟင်းချိုပဲ၊ လက်ဆေးရေကို ဆားခတ်ပြီး သောက်ရင်တောင် ဒီထက်ကောင်းဦးမယ်" ဟူ၍ ပြောလေ၏။

ထိုအခါ မပန်းနုက ၎င်း၏ မရိုးဖြောင့်သော သဘောကို ရိပ်စားမိလေတော့၏။

ရုံးစာရေးကြီး မောင်ပြည့်မှာလည်း ဤနည်းအတိုင်းပင် ဖြစ်၏။

"မပန်းနုရယ်၊ ကျုပ်ဖြင့် ဒီမြို့ကတောင် ပြောင်းရမှာ သိပ်ကိုစိုးရိမ်နေပြီ၊ မပန်းနု လက်ရာကလေးတွေနဲ့ ဝေးရမှာကိုတွေးပြီး ကျုပ်ဖြင့် အိပ်လို့တောင်မပျော်ဘူး၊ ကျုပ်ရဲ့ မျက်နှာကို ကြည့်ပါလား၊ ရောက်ခါစနဲ့တောင် မတူဘူး၊ မျက်တွင်းတွေ ချိုင့်နေတယ် မဟုတ်လား" ဟု ပြောလေ၏။

ထိုအခါ မပန်းနုက . . .

"အိပ်လို့မပျော်ရင် အဒေါ့်ဆီမှာ ဆေးတောင်းသွား၊ သီလရှင်ကြီး ဖော်ပေးထားတဲ့ ဆေးတစ်ဖုံရှိတယ်၊ အဒေါ်က သွေးဆုံးကိုင်ပြီးကတည်းက အိပ်မပျော်လို့ အဲ့ဒီဆေးစားနေရတာ" ဟု ပြန်၍ပြောလေ၏။

၎င်းတို့နှစ်ဦးသည် ဤသို့လျှင် မထိတထိ ပါးစပ်ဖြင့်ပြောဆိုနေရာမှ နောင်တွင် မပန်းနု ထမင်း လာရောက်ပြင်ဆင်ပေးသောအခါ၌ မတော်တဆ ထိသည့်ဟန်ဖြင့် မပန်းနု၏ လက်ကလေးများကို ထိကိုင်ကြလေ၏။ ထို့နောက် တစ်ဆင့်တက်ကာ မပန်းနု အား တစ်ယောက်တစ်လှည့် ပြောင်ပြောင်တင်းတင်းကြီး ချစ်ရေးဆိုကြလေတော့၏။ မပန်းနု၏ အဒေါ်ကိုလည်း ချဉ်းကပ်ကြလေတော့၏။

"အဒေါ်ရေ . . . စိတ်ကူးမလွဲနဲ့နော်၊ အဒေါ့်တူမ ကျောင်းအုပ်ဆရာကြီး ကတော် ဖြစ်မှာ" ဟု မောင်ကျော်ဝင်းက ပြောသကဲ့သို့ မောင်ပြည့်ကလည်း "စိတ်ကူး မလွဲနဲ့နော် အဒေါ်၊ ကျုပ်ကလဲ ဥပဒေပညာကို လိုက်စားနေတယ်၊ မကြာခင် ရှေ့နေကြီး ဖြစ်မှာ၊ အဲဒီတော့ အဒေါ့်တူမအတွက်စဉ်းစားရင် ကျုပ်ကိုထိပ်ဆုံးကထားပြီး စဉ်းစား နော်" ဟု ပြောလေ၏။

ထိုအခါ မပန်းနု၏ အဒေါ်က . . .

www.burmeseclassic.com

"ကျုပ်က စဉ်းစားဖို့မလိုပါဘူး၊ ပန်းနုကစဉ်းစားရမှာပါ၊ သူကသာ ကြိုက်စမ်းပါ စေ၊ ကျောင်းအုပ်ပဲ ဖြစ်ဖြစ်၊ ကျောင်းစောင့်ပဲ ဖြစ်ဖြစ်၊ ရှေ့နေပဲဖြစ်ဖြစ်၊ နောက်နေပဲ ဖြစ်ဖြစ်၊ ကျုပ်က ပေးစားလိုက်မှာ၊ သူ့ဦးလေးမရှိကတည်းက ကျုပ်မှာလဲ တာဝန်က မသေးဘူး၊ ဒါပေမဲ့ ခမျာက တော်ရှာပါတယ်၊ ခုချိန်ထိ ရည်းစားဆိုလို့ ညောင်းရင် နှိပ်ခိုင်းဖို့တောင်မရှိဘူး၊ ကားသမားတွေကလဲ သူ့ကို ပိုးကြ ပန်းကြတာပဲ၊ ကားတစ်စီး တည်းက ဒရိုင်ဘာနဲ့စပယ်ယာဟာ ပန်းနုကိုပြိုင်ပိုးရှင်း ရန်ဖြစ်ပြီး ခွာပြသွားကြတာလဲ မနည်းဘူး၊ စာရေး စာချီတွေလဲ ဒီလိုပဲ၊ ပန်းနုကို လာပြီး ပိုးကြတယ်၊ အဲ့ဒီထဲမှာ မြို့အုပ်တွေ၊ ဝန်ထောက်တွေတောင်ပါသေးရဲ့၊ ဒါပေမဲ့ပန်းနုက အဲဒါတွေကို လက်နှီးစုတ် လောက်တောင် တန်ဖိုးမထားဘူး၊ မောင်ရင်တို့လဲ ကြိုးစားကြည့်ဦး" ဟု ပြောလေ တော့၏။

ထိုသတ္တဝါနှစ်ဦးသည် မပန်းနု၏ ထမင်းဆိုင်၌ ယောက်ယက်ခတ်နေကြ သော်လည်း မြို့ပိုင်ကလေး မောင်တိုင်းကျော်မှာမူ ၎င်း၏ အလုပ်များ၌သာ နစ်မြုပ် နေလေတော့၏။ လယ်သမားများ၏ အမတော်ကြေးကိစ္စများ ဆောင်ရွက်ပေးရ၏။ ဖြေရှင်းပေးရ၏။ တောနယ်များသို့လည်း မကြာခဏဆင်းကာ အလုပ်များ လုပ်ရ၏။ ထို့ကြောင့် ထမင်းဆိုင်သို့ပင် နေ့စဉ်မလာနိုင်တော့ဘဲ ပျက်ကွက်ရသည်က များလေ၏။

တစ်နေ့သ၌ မောင်တိုင်းကျော်သည် အတော်ကြီးမိုးချုပ်၍ ထမင်းဆိုင် သိမ်းခါနီးတွင် မပန်းနုတို့ဆိုင်သို့ရောက်လာ၏။ ထိုအခါ ဆိုင်ရှင်အဒေါ်ကြီးက . . .

"ဟောတော့ . . . ဘာဟင်းမှ မရှိတော့ဘူး၊ မြို့ပိုင်ကလေးကလဲ အခုမှ ရောက်လာတာကိုး" ဟု ပြောရာ မောင်တိုင်းကျော်က . . .

"ဟင်းမလိုပါဘူး . . . အဒေါ် ရယ်၊ ငါးပိနဲ့ တို့စရာရရင်လဲ ဖြစ်ပါတယ်" ဟု ပြောလေ၏။

ထို့ကြောင့် ဆိုင်ရှင်အဒေါ်ကြီးက မပန်းနုအား . . .

"ပန်းနုရေ . . . ငါးပိရည်နဲ့ တို့စရာပဲ ပြင်ပေးလိုက်ပါကွယ်" ဟုပြောရာ မပန်းနု လည်း ငါးပိရည်နှင့် တို့စရာ ပြင်ပေးလေ၏။

မောင်တိုင်းကျော်သည် ဆာဆာနှင့် ငါးပိရည်နှင့် တို့စရာကို အားထား၍ မြိန်ရှက်စွာ စားလေတော့၏။ ထိုအခါ မပန်းနုက အားနာလှသဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com


"ခဏနေပါဦးလား . . . ပန်းနု ဘဲဥလေးကြော်ပေးမယ်လေ" ဟု ပြောရာ မောင်တိုင်းကျော်က . . .

"မကြော်နဲ့တော့ . . . မပန်းနုရေ၊ ကျုပ်က အခုထမင်းစားပြီးတာနဲ့ ခရီးထွက်ရမှာ၊ ကဆင်ရွာဘက်ကသူတွေ ကျောက်ဆေးထိုးမခံလို့ ဒဏ်ရိုက်ဖို့ရှိတယ်" ဟု ပြန်၍ ပြောလေ၏။

"သူ့ဘာသာသူ ဆေးထိုးမခံတာပဲ၊ ကိုတိုင်းကျော်တို့က ဒဏ်ရိုက်သတဲ့လားရှင်" ဟု မေးလေတော့၏။

"ဒီလိုမဟုတ်ဘူး . . . မပန်းနုရဲ့၊ တစ်ခါတလေ ကိုယ့်ဘာသာကိုယ်လုပ်တဲ့ ကိစ္စတွေဟာ အများကို ထိခိုက်တတ်တာလဲ ရှိသေးတယ် မဟုတ်လား၊ အဲဒါကြောင့် အစိုးရက ကျောက်ဆေးထိုးဖို့ နယ်တွေကို ကျောက်ဆေးထိုးဆရာတွေ လွှတ်ပေးတယ်။ ဒါပေမဲ့ . . . တချို့က ကျောက်ဆေးထိုးမခံဘူး၊ ရှောင်နေကြတယ်၊ အဲဒီလူတွေဟာ ကျောက်ရောဂါ ဖြစ်လာကြလိမ့်မယ်၊ သူတို့ဖြစ်လာရင် တစ်ရွာလုံးကို ကူးစက်နိုင်တယ် မဟုတ်လား၊ အဲဒါကြောင့် ကျောက်ဆေးထိုးမခံခြင်းဟာ တစ်ရွာလုံးကို ကျောက်ရောဂါ ဖြစ်အောင် လုပ်တာနဲ့ အတူတူပဲ၊ အဲဒီတော့ သူတို့မှာ အပြစ်ရှိတယ်၊ အဲဒါကြောင့် ဒဏ်ငွေဆောင်ခိုင်းရတာ" ဟု မြို့ပိုင်ကလေးမောင်တိုင်းကျော်က ရှင်းပြလေ၏။ ထိုအခါ ပန်းနုက . . .

"ဒဏ်ချတာတော့ ဟုတ်ပါပြီ၊ ဒဏ်ငွေမဆောင်နိုင်ရင် ဘယ့်နှယ်လုပ်မလဲ" ဟု ထပ်၍ မေးပြန်လေ၏။

"ဒဏ်ငွေမဆောင်နိုင်ရင်တော့ ထောင်ချရတယ်၊ ထောင်ထဲကျတော့ အဲဒီလူဟာ ကျောက်ဆေးထိုးရမှာပဲ၊ အဲဒီတော့ သူတို့လဲ နားလည်သွားမယ်၊ သူတို့ နားလည်သွားရင် ကျောက်ရောဂါ ပပျောက်သွားမယ်" ဟု မောင်တိုင်းကျော်က ပြန်၍ ပြောလေ၏။

"ကိုတိုင်းကျော်ကတော့ အလုပ်တာဝန်အရရော၊ စေတနာအရရော သူတို့ကို ထောင်ချတယ်၊ ဒဏ်ငွေဆောင်ခိုင်းတယ်၊ ဒါပေမဲ့ ရှင်တော့ ဝဋ်လိုက်လိမ့်မယ်" ဟု ပန်းနုက ပြောလေ၏။

"မတတ်နိုင်ဘူးလေ၊ ကျုပ်က ဒီအလုပ် လုပ်မိတာကိုး၊ ဒါပေမဲ့ ကျုပ်သားသမီးများ ကျရင်တော့ ဒီအလုပ်ကို လုပ်မခိုင်းတော့ဘူး၊ ကုန်သည်ပွဲစားပဲ လုပ်ခိုင်းမယ်" ဟု မောင်တိုင်းကျော်ကပြောရာ ပန်းနုက . . .

www.burmeseclassic.com

www.burmeseclassic.com

"ကိုတိုင်းကျော်မှာ သားသမီးဘယ်နှစ်ယောက်ရှိသလဲ" ဟု မေးလေ၏။

"မရှိပါဘူး . . . ရှိလာရင် ပြောတာပါ" ဟု မောင်တိုင်းကျော်က ပြန်၍ဖြေ ပန်းနုက . . .

"ရှင် . . . အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ၊ အခုထက်ထိ သားသ မရသေးဘူးလား" ဟု မေးလေ၏။

"ကျုပ် အိမ်ထောင်မကျသေးပါဘူး" ဟု မောင်တိုင်းကျော်က ပြန်၍ပြော ပန်းနုက . . .

"ဪ. . . ရှင့်ကို အိမ်ထောင်နဲ့လို့ အောက်မေ့နေတာ၊ ရှင့်ကို ကြည့်ရတ ဟိုနှစ်ယောက်နဲ့ မတူဘူး၊ ရှင်က သားကျွေးဖို့ မယားကျွေးဖို့ရှာနေတာ ကျနေတာ အဲတော့်ကိုပင်ပန်းတယ်၊ ဟိုနှစ်ယောက်ကတော့ ကြော့နေတာပဲ" ဟု ပြောလေ၏

"ဪ. . . မောင်ပြည့်နဲ့ မောင်ကျော်ဝင်းတို့ကို ပြောနေတာလား၊ ဟုတ်မ ဟုတ်မှာ၊ သူတို့က သန့်သန့်ပြန့်ပြန့်နေတတ်တယ်၊ လူကောင်းတွေပါ၊ တစ်ယောက်ဆ ကျောင်းဆရာကြီး၊ တစ်ယောက်က စာရေးကြီး၊ စာရေးကြီးကလဲ ရှေ့နေစာမေးပွဲ အလွတ်က ဖြေနေတာ၊ မကြာခင် အောင်မှာ၊ ကျောင်းဆရာကြီးကလဲ မကြာခ ကျောင်းအုပ်ကြီးဖြစ်မယ့်လူပဲ၊ ကျုပ်ရဲ့ သူငယ်ချင်းတွေပါ၊ သူတို့မိဘတွေလဲ မျိုး အလွန်ကောင်းပါတယ်" ဟု ပြောဆိုကာ မောင်တိုင်းကျော်သည် ထမင်းစား၍ ပြီး ဖြစ်သဖြင့် လက်ဆေးလေတော့၏။ ထို့နောက် ဆိုင်ရှင်အဒေါ်ကြီးနှင့် ပန်းနုအ နှုတ်ဆက်ကာ ဆိုင်တွင်းမှ ထွက်သွားလေတော့၏။

နောက်တစ်နေ့တွင် မောင်ပြည့် ထမင်းလာ၍ စားသောအခါ၌ ဆိုင်ရှ အဒေါ်ကြီးက မောင်ပြည့်အား . . .

မနေ့ညက ဆိုင်သိမ်းပြီး အိုးတွေခွက်တွေဆေးတော့မှ မင်းတို့ သူငယ်ချ မြို့ပိုင်ကလေးရောက်လာသေးတယ်၊ ဘာဟင်းမှမရှိတော့ဘူး၊ အဲဒါ ပန်းနုက ငါးပိရေ နဲ့ တို့စရာကျွေးလွှတ်လိုက်တာပဲ" ဟု ပြောလိုက်ရာ မောင်ပြည့်က . . .

"ဒီကောင်က ရာထူးသိပ်မက်တာ၊ ဒါကြောင့် အလုပ်အရမ်းလုပ်နေတာ၊ ရာ ဆိုတာ ရှူးတာပါ အဒေါ်ရယ်" ဆိုကာ မောင်ပြည့်သည် ထမင်းစားပွဲသို့ ဝင်လေ ပန်းနုက ထမင်းဟင်းလျာများ လာ၍ချပေးလေ၏။ ထိုအခါ မောင်ပြည့်က . . .

"ညက တိုင်းကျော် ထမင်းလာစားသွားသေးတယ်ဆို . . . ပန်းနုကို ဘာ ပြောသွားသေးလဲ" ဟု မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဘာမှမပြောပါဘူး၊ သူ့ဘာသာသူ ထမင်းစားပြီးထွက်သွားတာပဲ၊ ကျွန်မက အားနာလို့ ဘဲဥကြော်ပေးမယ်ဆိုတာ မကြော်နဲ့လို့ ပြောတယ်" ဟု ပန်းနုက ပြောရာ မောင်ပြည့်က . . .

"ဒီကောင့်အတွက်များ ကြော်ပေး မနေစမ်းပါနဲ့၊ သူ့အဖို့က ရှေ့မှာလဲ တက်လမ်းမရှိတော့ဘူး။ မြို့ပိုင်ကလေးရာထူးတင်နေမယ့်အကောင်ပါ၊ ဒီကောင်တွေ မျိုးရိုးကလဲလက်လုပ်လက်စားတွေပါ၊ ကြီးကြီးကျယ်ကျယ်ထဲ့ကမရှိပါဘူး" ဟု တိုင်းကျော်အား နှိမ့်ချ၍ ပြောဆိုလေတော့၏။ ကျောင်းဆရာ မောင်ကျော်ဝင်း ရောက်လာသည့် အခါ၌လည်း မောင်ကျော်ဝင်းက . . .

"လူမှာက ရာထူးကြီးတာငယ်တာအရေးမကြီးပါဘူး၊ မျိုးရိုးက အဆင့်အတန်း မြင့်ဖို့လိုပါတယ်၊ ကျုပ်တို့မျိုးရိုးမှာ အားလုံး ရာထူးရာခံတွေရှိကြတယ်၊ ငွေကြေးချမ်းသာ ကြတယ်၊ တိုင်းကျော်တို့ မျိုးရိုးမှာက အားလုံး အနုတ်စုတ် ကုပ်စုတ်တွေချည်းပါပဲ၊ ဒီကောင်တစ်ယောက်သာ မဖြစ်စလောက်လေး ရာထူးကလေး ရထားတာပါ" ဟု ပြောလေတော့၏။

မပန်းနုသည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ၎င်းတို့ ပြောဆိုသည်ကို နားထောင်ခဲ့လေတော့၏။ ဤသို့ ဖြစ်ပျက်ပြီး ရက်အတန်ကြာသော ညတစ်ည၌ မြို့ပိုင်ကလေး မောင်တိုင်းကျော်သည် ထမင်းဆိုင်သို့ ရောက်လာပြန်၏။ ထိုအခါ ပန်းနုက . . .

"ငါးသလောက်ဟင်းတစ်မျိုးပဲရှိတော့တယ်" ဟုပြောရာ မောင်တိုင်းကျော်က-

"ရပါတယ်၊ အဲဒါနဲ့ပဲ စားတာပေါ့" ဟု ပြန်၍ ပြောလေ၏။

ပန်းနုလည်း တိုင်းကျော်အား ထမင်းဟင်း ခူးခပ်ပေးလေတော့၏။ တိုင်းကျော်သည် ဆာလောင်မွတ်သိပ်လာသည်ဖြစ်ရာ ထမင်းကို မြိန်ရှက်စွာစားသောက်လေတော့၏။ ထိုအခါ ပန်းနုက . . .

"ကိုတိုင်းကျော်ရဲ့သူငယ်ချင်းတွေကတော့ အမြဲတမ်း ဟင်းကောင်းနဲ့ စားနေရပါတယ်၊ ကိုတိုင်းကျော်သာ အချိန်မတော်မှ ရောက်ရောက်လာလို့ ဖြစ်သလိုစားနေရတာ" ဟု ပြောလိုက်ရာ မောင်တိုင်းကျော်က . . .

"ကျုပ်က အရေးမကြီးပါဘူးဗျာ၊ နဂိုကတည်းက ဖြစ်သလိုစားသောက်နေတတ်တဲ့ လူပါ၊ ကျုပ်သူငယ်ချင်းတွေကတော့ ကျုပ်လိုမဟုတ်ကြဘူး၊ အမြဲတမ်း မြင့်မြင့်နေလာ

www.burmeseclassic.com

 www.burmeseclassic.com

ကြတော့ ကောင်းကောင်းမွန်မွန်စားရမှဖြစ်မှာ၊ ကျုပ်အတွက် မကျန်ချင်နေပါစေဗျာ သူတို့ကို ဦးစားပေးပြီး ကျွေးပါ၊ ဒီလူတွေက အရည်အချင်းရှိတဲ့လူတွေဗျ၊ မကြာခင် ကြီးပွားကြတော့မှာ၊ ရာထူးရာခံတွေ ရကြတော့မှာ၊ သူတို့မှာ အသောက်အစား အကစား၊ အပျော်အပါးလဲမရှိဘူး၊ ဒီအတိုင်းသာနေသွားရင် မကြာခင် တိုးတက်ကြတော့မှာပါ၊ စိတ်ကောင်း သဘောကောင်းလဲ ရှိကြတယ်ဗျို့" ဟု ပြောရာ ပန်းနုသည် စိတ်အတွင်း၌ကျိတ်၍ . . .

"ဩော်. . . ကိုတိုင်းကျော်ဟာစိတ်ထားကြီးမြတ်ပါကလား၊ ဟိုနှစ်ယောက်က ဖြင့် သူ့ကိုနှိမ့်ချလိုက်တာ၊ သူကဖြင့် ဟိုနှစ်ယောက် မကောင်းကြောင်း မပြောရှာဘူး ယောကျာ်းကောင်း ပီသပါပေတယ်" ဟု တွေးမိကာ . . . မောင်တိုင်းကျော်အပေါ်၌ တိမ်းညွှတ်မိလေတော့၏။

ထို့ကြောင့် ပန်းနုက . . .

"ကိုတိုင်းကျော် တောနယ်တွေဆင်းတဲ့အခါမှာ ထမင်းစားတော့ ဘယ်လိုလုပ်ပြီး စားသတုံး" ဟု မေးလေ၏။

"တောမှာက ထမင်းဆိုင်မရှိဘူး မပန်းနုရဲ့ သူကြီးအိမ်စားရတာ များတာပါပဲ" ဟု မောင်တိုင်းကျော်က ပြောလေ၏။

"သူကြီးသမီးတွေဆိုတော့ ချောမှာပဲနော်" ဟု မပန်းနုက မေးလေ၏။

"သူကြီးတိုင်းမှာ သမီးရှိတာမှ မဟုတ်တာ၊ သမီးရှိတော့လဲ ချောတာလဲ ရှိတာပေါ့၊ ရုပ်ဆိုးတာလဲ ရှိတာပေါ့" ဟု မောင်တိုင်းကျော်က ပြန်၍ပြောလေ၏။

"ကျွန်မ ကြားဖူးတာကတော့ ရွာတွေကိုရောက်လာတဲ့ မြို့ပိုင်ကလေးတွေနဲ့ သူကြီးသမီးတွေနဲ့ ဖြစ်ကုန်ကြတယ် ကြားဖူးတာပဲ" ဟု ပန်းနုက ပြောပြန်လေ၏။

"ဖြစ်ကုန်တာလဲရှိတာပေါ့၊ မဖြစ်တာလဲရှိမှာပေါ့" ဟု မောင်တိုင်းကျော်က ပြောပြန်လေ၏။

"ဒီလိုဆိုရင် ကိုတိုင်းကျော်က ဖြစ်တဲ့အထဲမှာ ပါသလား၊ မဖြစ်တဲ့အထဲမှာ ပါသလား" ဟု ပန်းနုက မေးလေ၏။

"ကျုပ်က မဖြစ်တဲ့အထဲမှာ ပါပါတယ်" ဟု တိုင်းကျော်က ပြောရာ ပန်းနုက-

www.burmeseclassic.com

www.burmeseclassic.com


"ရှင် တော်တော်ရိုးတာပဲနော်" ဟု ပြောလေ၏။

"ရိုးလို့မဖြစ်တာမဟုတ်ဘူး၊ မဖြစ်လို့ကိုမဖြစ်တာမပန်းနုရဲ့"ဟု မောင်တိုင်းကျော်က ပြန်၍ပြောပြန်လေ၏။

ထိုအခါ မပန်းနုက 'ခစ်' ခနဲ ရယ်၍ . . .

"ဒါဖြင့်ရင် ရှင်က ဘယ်တော့ဖြစ်မှာတုံး" ဟု မေးလေတော့၏။

"ဖြစ်တဲ့အခါတော့ ဖြစ်မလားမဆိုနိုင်ဘူး" ဟု မောင်တိုင်းကျော်က ပြောပြန်ရာ ပန်းနုက . . .

"ဖြစ်ရင် ဘယ်သူနဲ့ဖြစ်မှာတုံး" ဟု မေးလေ၏။

"အဲဒါတော့ ကျုပ်လဲ မပြောတတ်ဘူး၊ ကံပဲ၊ သူ့ကံနဲ့ သူ ရမှာ၊ နားလည်တယ် မဟုတ်လား၊ ဖူးစာရေးနတ်ဆိုတာဟာလေ၊ သူက ကျုပ်ကို ဘယ်သူနဲ့ပေးစားမလဲ မဆိုနိုင်ဘူး၊ သူပေးစားတာကို ကျုပ်ယူရမှာပဲ၊ ယူပြီးရင်တော့ သားမှတ်မှတ် မယားမှတ်မှတ် ကြင်ကြင်နာနာ ပေါင်းရမှာပဲ၊ ဒါပဲ၊ နောက်မှ ဆက်ပြီးပြောကြတာပေါ့၊ အမတော်ကြေးမဆပ်တဲ့လယ်သမားတွေ အမှုတွေကို စစ်ဖို့ရှိသေးတယ်" ဟု ဆိုကာ မောင်တိုင်းကျော်သည် ဆိုင်တွင်းမှ ထွက်သွားလေတော့၏။

◈◈◈◈◈

မောင်တိုင်းကျော် ရိုးသလောက် ဟိုသတ္တဝါနှစ်ကောင်က ဆန်း၏။ ပန်းနု ထမင်းချက်နေရာသို့ အမှတ်မဲ့သွားကာ လက်ဆွဲလားဆွဲ၏။ စကားပြောလားပြော၏။ သို့ရာတွင် ပန်းနုက လက်မခံ။ အော်ငေါက်၍လွှတ်၏။ ထိုသတ္တဝါနှစ်ကောင်ကလည်း အလျှော့မပေး၊ ကဲမြဲကဲ၏။ ၎င်းတို့ကဲလေ ပန်းနုအချစ်သည် မောင်တိုင်းကျော်၏ အပေါ်၌ ပိုကဲလေဖြစ်လေတော့၏။ နောက်ဆုံးတွင် ပန်းနုကပင် မောင်တိုင်းကျော်အား မေတ္တာရှိနေကြောင်း လမ်းခင်းပေးရလေတော့၏။ ထိုအခါကျတော့လည်း လူရိုးလူအ မောင်တိုင်းကျော်သည် ပန်းနု၏အချစ်ကို ဝမ်းပန်းတသာ လက်ခံလေတော့၏။

"ကျုပ်ကလဲ မပန်းနုကို ချစ်ပါတယ်ဗျာ၊ အလုပ်တွေကလဲ မအားတာတာ တစ်ကြောင်း၊ ကျုပ်ချစ်တဲ့အကြောင်း မပန်းနုကို ဖွင့်ပြောလိုက်ရင် မပန်းနု စိတ်ဆိုး သွားမှာကိုလဲ စိုးရိမ်ရတယ်၊ ပန်းနုစိတ်ဆိုးရင် ကျုပ်လည်း ထမင်းစားဖို့ ထမင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com

အသစ်ရှာရဦးမယ် မဟုတ်လား၊ ဒီနားမှာကလဲ ကုလားဆိုင်တွေပဲ ရှိတယ်မဟုတ်လား၊ ကျွန်တော်က ကုလားဆိုင်က ထမင်းဟင်းကို သိပ်ပြီးမကြိုက်ဘူး” ဟု တိုင်းကျော်က ပြောလိုက်ရာ ပန်းနုက . . .

“ဒီလိုဆိုရင် ကိုတိုင်းကျော်က ကျွန်မကို ချစ်တာ ထမင်းငတ်မှာကြောက်လို့ ချစ်တာပေါ့” ဟု ပြန်၍ မေးလေတော့၏။

“မဟုတ်ဘူးလေ. . . မပန်းနုရဲ့၊ အမုန်းလဲခံရသေး၊ ထမင်းလဲငတ်သေးဆိုရင် ကျောက်ဆေးမထိုးတဲ့ တောသားတွေလိုဖြစ်မှာပေါ့၊ ဒဏ်ငွေလဲအကျခံရသေး၊ ဆေးလဲ အထိုးခံရသေး ဖြစ်တော့မပေါ့” ဟု တိုင်းကျော်က ပြန်၍ပြောလိုက်ရာ ပန်းနုက . . .

“ကိုတိုင်းကျော် တော်တော်ရိုးတယ်နော်” ဟု ကရုဏာသံဖြင့် ပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ဒရိုင်ဘာကြီး ထပြေးခြင်း

ဤသို့နှင့်ပင် မြို့ပိုင်ကလေး မောင်တိုင်းကျော်နှင့် မပန်းနုသည် ချစ်သူများ အဖြစ်သို့ ရောက်ရှိသွားကြလေတော့၏။ မောင်တိုင်းကျော်ကလည်း မပန်းနုကိုချစ်၏။ မပန်းနုကလည်း မောင်တိုင်းကျော်ကိုမြတ်နိုး၏။ ၎င်းတို့အချစ်သည် ခိုင်မြဲသည်ထက် ခိုင်မြဲလာလေတော့၏။ ဟိုသတ္တဝါနှစ်ကောင်မှာမူ မောင်တိုင်းကျော်နှင့် မပန်းနုတို့ကို ကြည့်ကာ မနာလိုမရှုဆိတ်ရှိကြလေတော့၏။ ထို့ကြောင့် ၎င်းတို့သည် ထမင်းဆိုင် ပြောင်း၍ စားကြလေတော့၏။ ထိုအခါ ထမင်းဆိုင်ရှင် အဒေါ်ကြီးက . . .

"သင်းတို့က ဆိုင်ပြောင်းပြီး စားကြမှာပေါ့၊ ငါ့ဆိုင်မှာ ထမင်းတကယ်စားချင်ကြတာမှ မဟုတ်ဘဲ၊ ပန်းနုကို ပိုးချင်လို့ စားနေကြတဲ့ဟာတွေ၊ ပန်းနုလဲ တိုင်းကျော်နဲ့ ကြိုက်တယ်လဲဆိုရော သင်းတို့လဲ ကုလားဆိုင် ပြေးကြတော့တာပဲ၊ ကုလားဆိုင်က သူတို့ကို ကျွေးမယ်၊ ပဲဟင်းတစ်လှည့်၊ ဘဲဥတစ်လှည့် ကုလားဆိုင်မှာတော့ မြဲမှာပါ၊ အဲဒီဆိုင်မှာက ပိုးစရာ ပန်းစရာလဲမရှိဘူး၊ ပန်းဥလဲမရှိဘူး" ဟု ပြောလေတော့၏။ မောင်တိုင်းကျော်သည် တောနယ်များသို့ ဆင်းသည့်အခါတွင်ဆင်း၏။ မဆင်းသည့် အခါတွင် ထမင်းဆိုင်သို့လာ၍ စား၏။

တစ်နေ့သ၌ ပန်းနုသည် ငါးဖယ်ငါးဆုပ်ဟင်းချက်ရန်အတွက် ငါးဖယ်များကို ဆုံ၌ ထည့်၍ထောင်းလေ၏။ ထိုအခါ၌ အဝေးပြေး ကုန်တင်မော်တော်ကားကြီး တစ်စီးသည် ဆိုင်ရှေ့သို့ ရောက်လာပြီး ကားဒရိုင်ဘာဆင်း၍လာ၏။ ထို့နောက် မျက်နှာသစ်မည်ဟုဆိုကာ ဆိုင်နောက်ဖေးသို့သွားလေ၏။ ဆိုင်နောက်ဖေးသို့ ရောက်လျှင် ငါးဖယ်ငါးဆုပ်ထောင်းနေသော ပန်းနုအနီးသို့ကပ်ကာ . . .

www.burmeseclassic.com

 www.burmeseclassic.com

"ဟဲ့ . . . ပန်းနု၊ နင့်ကိုငါပြောထားတာ အဖြေပေးတော့လေ" ဟု မေးလေ၏။

"နင့် ငါ့ကို ယူမယ် မယူဘူးဆိုတာလေ" ဟု ကားဒရိုင်ဘာက မေးလေ၏။

"ရှင့်ကိုဘယ်နှခါပြောရမလဲ၊ ပြီးတော့ ရှင်နားလည်ထားဖို့က ကျွန်မ ယောက်ျား ယူတော့မယ်" ဟု ပန်းနုကပြောရာ ဒရိုင်ဘာက . . .

"ဘယ်ဖြစ်မတုံး၊ ငါက နင့်ကို ချစ်နေတာပဲ၊ နင်က ချစ်တယ် မချစ်ဘူးဆိုတာ မစဉ်းစားနိုင်တော့ဘူး" ဟုဆိုကာ ပန်းနုအား အတင်းသိုင်းဖက်လေတော့၏။ ပန်းနုက လည်း အတင်းရုန်းကန်၍ . . .

"လွှတ်ပါ၊ ရှင် ခွေးလို မလုပ်ပါနဲ့" ဟုဆိုကာ အတင်းရုန်း၏။ ဒရိုင်ဘာကြီးလည်း အတင်းဖက်၏။ ထိုအချိန်၌မှာပင် မောင်တိုင်းကျော်သည် တောမှ ရောက်ရှိလာပြီး ထမင်းဆိုင်အတွင်းသို့ဝင်လေ၏။ ထို့နောက် ပန်းနုကို တွေ့လိုဇောဖြင့် ဆိုင်နောက်ဖေး သို့ သွားရာ ပန်းနုနှင့် ဒရိုင်ဘာကြီး ထွေးလားလုံးလားဖြစ်နေသည်ကိုတွေ့လျှင် ဒရိုင်ဘာ ၏ ပခုံးကို ဆွဲ၍ မျက်နှာကို လက်သီးဖြင့်ထိုးချလိုက်ရာ ဒရိုင်ဘာကြီးသည် နောက်သို့ လဲကျသွား၏။

ထိုအခါ ပန်းနုက ဒရိုင်ဘာကြီးအား . . .

"အဲ့ဒါပဲ . . . . ကျွန်မယူမယ့်ယောက်ျား" ဟု ပြောလိုက်လေတော့၏။ မောင်တိုင်းကျော်ကလည်း . . .

"ဒီမှာ . . . ကိုယ့်လူ၊ မိန်းမလေးကို ကာယိန္ဒြေပျက်မှုဟာ ထောင်ဒဏ်ရော ငွေဒဏ်ရော နှစ်ရပ်ကျခံရမယ်၊ ပြီးတော့ ပိုင်နက်ကျူးလွန်မှုလဲ ဖြစ်ဦးမယ်၊ အဲဒါက ထောင်ဒဏ်၊ နောက်တစ်ခုက ကျုပ်ဟာ အစိုးရတာဝန်ဝတ္တရားနဲ့ သွားလာနေတာ ကျုပ်နဲ့ရန်ဖြစ်ရင် ဝတ္တရားနှောင့်ယှက်မှုပါ ဖြစ်ဦးမှာ၊ ဒါနဲ့ မေးရဦးမယ်၊ ကိုယ့်လူ ကျောက်ဆေးထိုးပြီးပြီလား" ဟု မေးလိုက်ရာ ဒရိုင်ဘာကြီးက . . .

"မထိုးရသေးပါဘူး" ဟု ယောင်ယမ်း၍ ဖြေလေ၏။

"အေး . . . အဲဒါက ဒဏ်ငွေပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ ကိုယ့်လူက ဘာအလုပ် လုပ်တာလဲ" ဟု တိုင်းကျော်က မေးလိုက်လေ၏။

"လော်ရီကား မောင်းပါတယ်" ဟု ဒရိုင်ဘာကြီးက ပြန်၍ဖြေလေ၏။

"အခုဘာတွေ တင်လာသတုံး" ဟု တိုင်းကျော်က မေးပြန်၏။

"မီးသွေးတွေပါ ဆရာ" ဟု ဒရိုင်ဘာကြီးက ပြန်၍ပြောပြန်၏။

www.burmeseclassic.com

www.burmeseclassic.com


"အေး၊ အဲဒါလဲ သစ်တောခွန်မဆောင်ရင် ငွေဒဏ်ရော၊ ထောင်ဒဏ်ရော ချခံရသေးတယ်ကွ၊ နောက်ပြီးတော့ မင်း အခု ကားရပ်ထားတဲ့နေရာဟာ ကားမရပ်ရတဲ့ နေရာကွ၊ ဒါလိုင်စင်သိမ်းပစ်နိုင်တယ်" ဟု တိုင်းကျော်က ပြောလိုက်ရာ ဒရိုင်ဘာကြီးလည်း ထ၍ပြေးလေတော့၏။ ထိုအခါ ပန်းနုက ရယ်မော၍ . . .

"ကိုတိုင်းကျော်ဥစ္စာကလဲ ကြောက်စရာကြီးပါလား၊ အမှုတွေကလဲ တစ်ခုပြီး တစ်ခု တိုးလာတော့တာပဲ" ဟု ပြောလိုက်ရာ တိုင်းကျော်က . . .

"ဒါတောင် တစ်မှုကျန်သေးတယ်" ဟု ပြောလေ၏။

"ဘာအမှုလဲ ကိုတိုင်းကျော်" ဟု ပန်းနုက မေးလေ၏။

"ဘာအမှုရမလဲ မပန်းနုရဲ့၊ မြို့ပိုင်မင်းကတော်ကို ယီးတီးယားတားလုပ်တဲ့ အမှုပေါ့" ဟု တိုင်းကျော်က ပြောလိုက်ရာ ပန်းနုက . . .

"ယူလဲမယူသေးပဲနဲ့၊ ကတော်တွေ ဘာတွေဖြစ်လို့ပါလား" ဟု ပြောလေ၏။

"ယူမယ် ပန်းနုရေ၊ ကိုတိုင်းကျော် ဒီတစ်ခါ တောဆင်းရမှာ ကြာလိမ့်မယ်၊ အဲဒီကပြန်လာရင် မပန်းနုနဲ့ယူဖို့ တစ်ခါတည်းစီစဉ်တော့မယ်" ဟု ပြောဆိုကာ ပန်းနု၏ ထိုယ်ကလေးကို တစ်အားသိုင်း၍ ဖက်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အသည်းနှလုံးကို အရက်နှင့်စိမ်သူ

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး သုံးလခန့်ကြာသောအခါ၌ လွန်စွာ စုတ်နုတ်သော အဝတ်အစားများကို ဝတ်ထားပြီး လွန်စွာမှလည်း ညစ်ပတ်ပေရေ လှသော လူတစ်ယောက်သည် ကုလားထမင်းဆိုင်တွင်းသို့ ဝင်၍လာကာ ထမင်း မှာလေ၏။

ကုလားများကလည်း ထမင်းဟင်းများ တည်ခင်းပေးလေ၏။ ထိုသူသည် ဟင်းပန်းကန်အတွင်းမှ ဟင်းရည်ကိုဇွန်းဖြင့်ခပ်၍ သောက်ကြည့်လိုက်ပြီးနောက် . . .

"ထပ်တရီး၊ မကောင်းဘူး၊ သိပ်ကိုမကောင်းတဲ့ဟင်းပဲ . . . ပော့ကောင်တွေ မင်းတို့ဆိုင်မှာ လာပြီးစားတာ စားချင်လို့စားတယ် အောက်မေ့လို့လား၊ မဟုတ်ဘူးဟေ့ ပန်းနုက ငါ့ကို မချစ်လို့ အသည်းနှလုံးတွေ ပျက်ကျေပြုန်းပြီး လာစားရတာကွ ငါ့အသည်းနှလုံးတွေလဲ အရက်နဲ့စိမ်ရတာ ဘာလိုလိုနဲ့ ရက်ပေါင်းကိုးဆယ်ရှိခဲ့ပါပြီကွာ အခုလဲစိမ်ရဦးမယ်လေဟေ့" ဟုဆိုကာ ခါးကြားတွင် ထိုးလာသော အရက်ပုလင်းကို ထုတ်၍ မော့လေတော့၏။ ထိုသူ၏ အဖြစ်အပျက်ကို ဆိုင်တွင်းရှိ အခြားသောသူ နှစ်ယောက်က ကြည့်ရှုနေလေ၏။ ထိုသို့ ကြည့်ရှုနေရင်း တစ်ယောက်သောသူက . . .

"အချက်ပဲကွ" ဟု အော်သကဲ့သို့ ကျန်သောသူကလည်း . . .

"တို့ဘက်သားတစ်ယောက်တိုးလာပြီဟေ့" ဟု အော်လေ၏။ ထိုသူနှစ်ယောက် မှာ ကျောင်းဆရာ ကျော်ဝင်းနှင့် စာရေးကြီး မောင်ပြည့်တို့ဖြစ်ကြောင်းကို ဖော်ပြရ



www.burmeseclassic.com

www.burmeseclassic.com 

လိုမည်မဟုတ်တော့ပါ။ အရက်မူး၍ ပန်းနုအတွက် အသည်းနှလုံးကို အရက်နှင့် စိမ်ထားသူ ဆိုသူမှာလည်း အဝေးပြေးကားကိုမောင်းသည့် ဒရိုင်ဘာ ဖြစ်ကြောင်းကို ရိပ်စားမိလောက်ပေပြီ။

ကျော်ဝင်းနှင့် မောင်ပြည့်တို့သည် ဒရိုင်ဘာကြီး၏ စားပွဲဆီသို့ နေရာရွှေ့၍ လာခဲ့ကြသည်။ ထိုအခါ ဒရိုင်ဘာကြီးက . . .

"နေစမ်းပါဦး၊ ကိုယ့်လူတို့က ဘာဖြစ်လို့ ကျုပ်စားပွဲကို ရွှေ့လာကြတာတုံး၊ မိုက်လို့ရွှေ့တာလား . . . ထွီ" ဟု ပြောလိုက်လေ၏။

"မဟုတ်ပါဘူး မိတ်ဆွေရယ်၊ ကျုပ်တို့နဲ့ခင်ဗျားဟာ ကံတူအကျိုးပေးတွေပါဗျာ၊ ကျုပ်တို့လဲ ပန်းနုနှိပ်စက်လို့ ဒီဆိုင်ကိုပြောင်းခဲ့ကြရတာ၊ ပန်းနုနှိပ်စက်တယ်ဆိုပေမယ့် ပန်းနုက ဒီလောက်မဟုတ်ဘူး၊ ပန်းနုနဲ့ ဖြစ်နေတဲ့ မြို့ပိုင် တိုင်းကျော်ဆိုတဲ့ ကောင်က ဒုက္ခပေးလို့ပါ" ဟု ကျော်ဝင်းက ပြောလျှင် အရက်မူးသမား ဒရိုင်ဘာကြီးက . . .

"မြို့ပိုင် . . . မြို့ပိုင်၊ ဟုတ်ပြီ . . . ဟုတ်ပြီ။ ကျုပ်ကိုလဲ ကာယိန္ဒြေပျက်မှုတဲ့၊ ပိုင်နက်ကျူးလွန်မှုတဲ့၊ ကျောက်ဆေးမထိုးတဲ့ အမှုတဲ့၊ ဝတ္တရားနှောင့်ယှက်မှုတဲ့၊ သစ်တောခွန် မဆောင်တဲ့ အမှုတဲ့၊ ကားမရပ်ရတဲ့နေရာ ကားရပ်တဲ့ အမှုတဲ့၊ အမှုကို စုံနေတာပဲဗျာ၊ အဲဒီအမှုအတိုင်းသာ ကျုပ် ထောင်ကျရင်တော့ တစ်သက်တစ်ကျွန်း တောင် ရောက်လိမ့်မယ်ထင်တယ် . . . ထွီ" ဟု ပြောလိုက်လေ၏။

အဲဒီတော့ ဒီလိုလုပ်မယ်ဗျာ၊ ကျုပ်တို့ သုံးယောက်ပေါင်းပြီး ကြံမယ်" ဟု မောင်ပြည့်က ပြောလိုက်ရာ အမူးသမားကြီးက . . .

"ပန်းနုကိုကြံမယ် ပြောတာလား၊ မလုပ်နဲ့ . . . ထွီ" ဟု ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်လေ၏။

"မဟုတ်ပါဘူး ကိုယ့်လူရဲ့၊ ဟိုမြို့ပိုင်စုတ်ကို ပြောတာပါ" ဟု မောင်ပြည့်က ပြန်၍ပြောလိုက်လေ၏။

"မြို့ပိုင်ကို ဘယ်လိုကြံမှာတုံး၊ ချောင်းပြီး ရိုက်မှာလား၊ သတ်ပစ်မှာလား၊ အဲဒါလဲ မလုပ်နဲ့၊ ကျုပ်သဘောမတူဘူး . . . ထွီ" ဟု အမူးသမားကြီးက ပြောလိုက်လေ၏။

"မဟုတ်ပါဘူး ကိုယ့်လူရာ၊ သေသေချာချာ နားထောင်စမ်းပါဦး" ဟု ဆိုကာ မောင်ကျော်ဝင်းသည် အမူးသမားကြီး၏ နားအနီးသို့ကပ်၍ တိုးတိုးပြောလေ၏။ ထိုအခါ အမူးသမားကြီးက . . .

www.burmeseclassic.com

ထွီ. . . ဘာပြောမှန်းလဲ မသိဘူး၊ ခြင်အကောင်တစ်ရာ ပျံသလိုပဲ၊ တဝီဝီနဲ့ နားယားတယ်" ဟု ပြောလိုက်ရာ ကျော်ဝင်းလည်း နောက်သို့ပြန်၍ဆုတ်ရလေတော့၏။ ထိုအခါ မောင်ပြည့်က . . .

"ဒီမှာ. . . ကိုယ့်လူ ပန်းနုကို ယူချင်သလား၊ မယူချင်ဘူးလား၊ ဒါပဲပြော" ဟု မေးလိုက်လေ၏။

"ယူချင်တာပေါ့ ငါ့လူရဲ့ ရမှ မရတဲ့ဥစ္စာ" ဟု အမူးသမားကြီးက ပြောလေ၏။

"ယူချင်ရင် မြို့ပိုင်နဲ့ ပန်းနုနဲ့ မယူဖြစ်ဘဲ ကွဲအောင်လုပ်မယ်၊ သူတို့နှစ်ယောက် ကွဲရင် ခင်ဗျားနဲ့ညားနိုင်တယ်၊ ကွဲအောင်လုပ်တဲ့နည်း ကျုပ်တို့မှာရှိတယ်၊ ဒါပဲ မနက်ဖြန် ဒီနေရာကို အရက်မသောက်ဘဲ . . . လာခဲ့" ဟု မောင်ပြည့်ကပြောလိုက်ရာ အရက်မူး သမားကြီးက . . .

"တကယ်လားဆရာ ပန်းနုကို ကျုပ်က တကယ်ပဲရမှာလား"ဟု မေးလေ၏။

"တကယ်ရမှာ. . . တကယ်ရမှာ၊ ကျုပ်ပြောတဲ့အတိုင်းသာလုပ်၊ တကယ့်ကို ရမှာ" ဟု ပြောလိုက်ရာ အရက်မူးသမားကြီးသည် မြေပေါ်၌ထိုင်ချကာ . . .

"ကျေးဇူးရှင်ကြီးတို့ရယ်၊ ကျုပ် ပန်းနုကို တကယ်ရမယ်ဆိုရင်တော့ ခင်ဗျားတို့ ကျေးဇူးကို တကယ်မမေ့ပါဘူးဗျာ" ဟု ဆိုကာ အဆက်မပြတ်ရှိခိုးလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# တိုင်းကျော်၏ ကြမ္မာဆိုး

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး များမကြာမီ ကျောင်းဆရာ ကျော်ဝင်းသည် ကျောင်းပိတ်ရက်နှင့် ကြုံသဖြင့် မန္တလေးသို့ အပျော်ခရီး ထွက်သွားလေ၏။

များမကြာမီ၌ပင် မန္တလေးသို့ အလည်လိုက်ခဲ့စေလိုကြောင်း၊ မိမိအနေဖြင့် မေမြို့သို့ လည်ပတ်မည်ဖြစ်၍ အဖော်ခေါ်ရကြောင်း သံကြိုးစာတစ်စောင်ကို ပို့လိုက်လေ၏။

ထိုအခါ မောင်တိုင်းကျော်သည် ဆိုင်အတွင်းသို့ ဘေးမလွယ်ပေါက်မှ ဝင်ခဲ့လေ၏။ ထိုအခါ ဆိုင်ရှင် အဒေါ်ကြီးက . . .

"မောင်တိုင်းကျော်လားဟေ့ . . . ဟင်းတော့ ကုန်ပြီကွယ်၊ ရှိတာလေးနဲ့ ခူးခပ်စားပေတော့၊ မင်းညီမ မပန်းနုလဲ မရှိဘူးကွယ့်၊ ဒီနေ့ နေ့ခင်းကပဲ တောကို ကြွေးလေးမှီလေးတောင်းဖို့ လွှတ်လိုက်တယ်" ဟု ဆိုသဖြင့် မောင်တိုင်းကျော်လည်း မိမိဘာသာ ခူးခပ်စားရလေတော့၏။

"အဒေါ် . . . ဒီနေ့ ဟင်းမချက်ဘူးလား" ဟု မောင်တိုင်းကျော်က ထမင်းစားရင်း မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"မနက်ဖြန်ရောင်းဖို့အတွက်တော့ . . . မချက်တော့ပါဘူးကွယ်၊ အဒေါ်လဲ နေမကောင်းဘူး၊ ပန်းနုလဲ မရှိဘူး မဟုတ်လား၊ သုံးလေးရက်တော့ ဆိုင်ပိတ်ထား ရမယ်ကွယ့်၊ တောဆင်းပြီး အကြွေးတောင်းရတယ်ဆိုတာ မလွယ်ဘူး၊ စောင့်ပြီး တောင်းရတယ်၊ သုံးလေးရက်တော့ ကြာလိမ့်မယ်" ဟု အဒေါ်ကြီးက ပြောလိုက် လေ၏။

ထိုအခါ မောင်တိုင်းကျော်က . . .

"ထမင်းချက်ဖို့ လူမရှိရင် ကျွန်တော် လာပြီး ကူချက်ပေးပါ့မယ်၊ ဆိုင်ကို ဘာဖြစ်လို့ ပိတ်မတုံး" ဟု ပြောလိုက်လေ၏။

"ထမင်းချက်တာက . . . အရေးမကြီးပါဘူးကွယ်၊ အဖော်မရှိဘဲ အဒေါ် တစ်ယောက်တည်း ဈေးမရောင်းဝံ့ဘူး၊ ခေတ်ကာလကလဲ မကောင်းဘူးကွယ့်၊ အဒေါ် တို့ကလဲ ကျစ်ကျစ်လျစ်လျစ်နေတတ်မှန်း၊ စားတတ်မှန်းသိတော့ အတွင်းပစ္စည်းကလေး ဘာလေးရှိတယ်ဆိုတာ တချို့က ရိပ်မိတယ်ကွယ့်၊ ဘာပဲဖြစ်ဖြစ် ပန်းနုလာမှပဲ ဖွင့်ပါတော့မယ်ကွယ်" ဟု အဒေါ်ကြီးက ပြောလိုက်လေ၏။

ထိုအခါ မောင်တိုင်းကျော်လည်း ထမင်းစားသောက်ပြီးပြီဖြစ်၍ ပန်းကန် ခွက်ယောက်များကို ကိုယ်တိုင်ဆေးကြောနေလေ၏။

ထိုသို့ဆေးကြောပြီးနောက် တံမြက်စည်းလှဲမည်ဟု တံမြက်စည်းရှိရာသို့သွားရာ လမ်းတွင် ခလုတ်တိုက်မိသဖြင့် ၎င်း၏ ဖိနပ်သဲကြိုးသည် ပြတ်၍သွားလေတော့၏။

ထို့ကြောင့် မောင်တိုင်းကျော်က . . .

"ဒုက္ခပါပဲဗျာ" ဟု ညည်းညူလိုက်ရာ ထမင်းဆိုင်အဒေါ်ကြီးက . . .

"ဘာဖြစ်လို့လဲ မောင်တိုင်းကျော်"ဟု အိပ်ရာအတွင်းမှလှမ်း၍မေးလိုက်လေ၏။

"ဖိနပ်ပြတ်သွားလို့ပါ အဒေါ်ရယ်" ဟု မောင်တိုင်းကျော်က ပြန်၍ပြောလိုက် လေ၏။

ထိုအခါ ထမင်းဆိုင်ရှင် အဒေါ်ကြီးက . . .

"ဖိနပ်ပြတ်သွားလဲ ခုံဖိနပ်တစ်ရံရှိပါတယ်၊ အဲဒါစီးသွားပေါ့၊ မနက်ကျတော့ ကိုမောင်ကြီးဆိုင်က ဖိနပ်တစ်ရံဝယ်စီးလိုက်ပေါ့" ဟုဆိုသဖြင့် မောင်တိုင်းကျော်လည်း

www.burmeseclassic.com

www.burmeseclassic.com 

၎င်း၏ သားရေဖိနပ်ကိုထားခဲ့ပြီးနောက် ထမင်းဆိုင်မှ ခုံဖိနပ်ကိုစီးကာ ပြန်ခဲ့လေတော့၏။

လမ်းတွင် ဒရဝမ်ကုလားနှင့်တွေ့၏။ "ဒရဝမ်ကုလားက 'ပရာဆပ်' ဘယ်က ပြန်လာတာလဲ" ဟု မေးလေ၏။ မောင်တိုင်းကျော်က . . .

"ငါ ထမင်းဆိုင်က ပြန်လာခဲ့တာ၊ ဒါနဲ့ နေစမ်းပါဦး . . . မင်း ကျောက်ဆေး ထိုးပြီးပြီလား" ဟု မေးလိုက်ရာ ဒရဝမ်က . . .

"မထိုးရသေးဘူး . . . ဆပ်" ဟု ရိုသေစွာ ပြန်၍ဖြေလေ၏။

"မနက်ဖြန်ကျရင် မြန်မြန်ထိုးလိုက်၊ နို့မို့ရင် မင်းကိုဒဏ်ငွေချရလိမ့်မယ်" ဟု မောင်တိုင်းကျော်ကပြောရာ ဒရဝမ်ကုလားက . . .

"စိတ်ချပါ . . . ဆပ်၊ နက်ဖြန်ခါ ကျောက်ထိုးဆရာကြီး ဦးလှထွန်းဆီမှာ ထိုးပါ့မယ်" ဟု ကတိပေးပြီးလျှင် ဆယ်နာရီထိုးနေပြီဖြစ်သဖြင့် နာရီသံချောင်းကို ဆယ်ချက်တိတိ ခေါက်လိုက်လေတော့၏။

"ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင်"

ထိုသံချောင်းသံကား မောင်တိုင်းကျော်၏ ဘဝဇာတ်လမ်းတွင် အခန်းတစ်ခန်း ပြောင်းရန်အတွက် လိုက်ကာချ၍ အချက်ပေးလိုက်သော သံချောင်းသံဟု ဆိုနိုင်ပေ၏။ အဘယ်ကြောင့်ဆိုသော် ညစဉ်ညတိုင်း ထမင်းလာ၍ စားနေရသော ပန်းနုတို့ တူဝရီး ရောင်းချသည့် ထမင်းဆိုင်ကလေးသို့ မြို့ပိုင်လေး မောင်တိုင်းကျော်သည် နောက်ထပ် ထိုဆိုင်ကလေးသို့လာရန် အကြောင်းမရှိတော့သောကြောင့် ဖြစ်ပေ၏။

ထိုသံချောင်းသံသည် မောင်တိုင်းကျော်နှင့် ထမင်းဆိုင်ကလေးကို ကတ္တား ချလိုက်သကဲ့သို့ပင် ရှိလေ၏။ မောင်တိုင်းကျော်သည် ၎င်းအိမ်သို့ ရောက်လျှင် မိမိတာဝန်ကျသော အမှုတွဲများကိုဖတ်၏။ မှတ်တမ်းများကို ရေးသား၏။

ဆယ့်နှစ်နာရီကျော်မှပင် အိပ်စက်ခဲ့လေ၏။ နောက်တစ်နေ့ နံနက်တွင် ရုံးပိတ်ရက်ဖြစ်သောကြောင့် . . . နေမြင့်အောင် အိပ်စက်မည်ဟု ဆုံးဖြတ်ကာ မောင်တိုင်းကျော်လည်း နံနက်ရှစ်နာရီထိုးသည်အထိ အိပ်စက်နေလေတော့၏။

ထိုအချိန်လောက်မှာပင် အိမ်တံခါးကိုလာ၍ ခေါက်သံနှင့် "မြို့ပိုင်ကလေး၊ မြို့ပိုင်ကလေး . . . ထပါဦး" ဟု အော်ဟစ်ခေါ်သံများကိုလည်း ကြားရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မောင်တိုင်းကျော်သည် အိပ်ရာမှ ကပျာကယာထ၍ တံခါးကို ဖွင့်ပေးလိုက်ရာ ပုလိ အချို့နှင့် ဌာနာအုပ်ကြီးကို တွေ့ရလေတော့၏။

"ဘာကိစ္စလဲ. . . ဌာနာအုပ်ကြီး" ဟု မောင်တိုင်းကျော်က မေးလိုက်လေ၏။

"ဘာကိစ္စဆိုတာ ကျုပ်တို့ထက် ခင်ဗျားက ပိုပြီး သိပါတယ်၊ ဂါတ်ကျတော့ ရှင်းပြရတာပေါ့၊ ဟေ့. . . လက်ထိတ်ခတ်လိုက်" ဟု ဆိုကာ ဌာနာအုပ်ကြီးသည် မောင်တိုင်းကျော်အား လက်ထိတ်ခတ်ရန် ပုလိပ်တစ်ဦးကို အမိန့်ပေးလိုက်လေတော့၏။

ပုလိပ်တစ်ဦးသည် မောင်တိုင်းကျော်၏လက်ကို 'ချောက်' ခနဲ လက်ထိတ် ခတ်လိုက်လေတော့၏။

ထို့နောက် ဂါတ်သို့ခေါ်သွားကြလေတော့၏။ ဂါတ်သို့ရောက်လျှင် ညက မောင်တိုင်းကျော်နှင့် စကားပြောခဲ့သော ဒရဝမ်ကုလားကို တွေ့ရလေ၏။ ထို့နောက် ယမန်နေ့ညကပြုတ်သွားသော ၎င်း၏သားရေဖိနပ်အပြတ်တစ်ရံကိုလည်း ဌာနာအုပ်ကြီး စားပွဲပေါ်၌ ထူးဆန်းစွာတွေ့ရလေ၏။

"ဘယ်လိုဖြစ်တာလဲ. . . ဌာနာအုပ်ကြီးရယ်" ဟု မောင်တိုင်းကျော်က မျက်စိ ပျက် မျက်နှာပျက်နှင့် မေးလိုက်လေ၏။

ထိုအခါ ဌာနာအုပ်ကြီးက . . .

"ဒီအမှုအရာတွေက ရှိနေပါပြီ ကိုတိုင်းကျော်ရယ် . . .၊ ဒါတွေက မင်းသား ကိုဘတင့်ကြီးလုပ်တဲ့ အမှုအရာမျိုးတွေပါ၊ ခင်ဗျား ညက ဟိုထမင်းဆိုင်မှာ ထမင်း သွားစားတယ်၊ ပြီးတော့ ထမင်းဆိုင်ကအဒေါ်ကြီးကိုသတ်ပြီး ပစ္စည်းတွေယူသွားတယ် အဲ့ဒီထမင်းဆိုင်က ညအချိန်မတော်ကြီး ခင်ဗျားပြန်ထွက်လာတာကို ဟော့ဟို ဒရဝမ် ကုလားက တွေ့တယ်၊ ခင်ဗျား ဘာငြင်းဦးမလဲ၊ ငြင်းချင်ရင် ဒီမှာမငြင်းနဲ့၊ စက်ရှင် တရားသူကြီးရှေ့ကျမှ ငြင်းပေတော့" ဟု ဆိုကာ မောင်တိုင်းကျော်အား အချုပ်ခန်း အတွင်းသို့ သွင်းလိုက်လေတော့၏။

မောင်တိုင်းကျော်၏အမှုသည် တစ်မြို့လုံးအုတ်အော်သောင်းတင်း ဖြစ်သွား လေ၏။ သတင်းစာထဲ၌ ထိုသတင်းပါလာသောအခါ၌မူ တစ်တိုင်းပြည်လုံးသို့ ကြေငြာ လိုက်သကဲ့သို့ ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com


အဖြစ်မှန်မှာ မန္တလေးသို့ ရောက်နေသော ကျောင်းဆရာ ကျော်ဝင်းသည် နံနက်စောစောရထားဖြင့် လိုက်ပါလာပြီးလျှင် ထိုညက တိုင်းကျော်အပြန်တွင် မျက်နှာဖုံးစွပ်ကာ ထမင်းဆိုင်သို့ဝင်လေ၏။

ထမင်းဆိုင်အဒေါ်ကြီးထံမှ အတွင်းပစ္စည်းများကို ဓားထောက်၍ တောင်းလေ၏။ အဒေါ်ကြီးက မျက်နှာဖုံးကို လက်ဖြင့်ဆွဲ၍ချွတ်လိုက်ရာ ကျော်ဝင်း၏မျက်နှာကြီးသည် 'ဘွား' ခနဲ ပေါ်လာလေ၏။

ထိုအခါ အဒေါ်ကြီးက . . .

"ခွေးမျိုး . . . အကြံပက်စက်တဲ့ ခွေးမျိုး" ဟု ဆဲလေတော့၏။

"ဩော် . . . ခင်ဗျားက ကျုပ်မှန်းသိသွားပြီကိုး၊ ခင်ဗျားကိုအရှင်ထားလို့မဖြစ်ပေဘူး" ဟု ပြောဆိုကာ ကျော်ဝင်းလည်း အဒေါ်ကြီး၏ရင်ဝကို ဓားဖြင့်အဆက်မပြတ်ထိုးလေတော့၏။

အဒေါ်ကြီးလည်း အော်မျှပင်မအော်နိုင်တော့ဘဲ အသက်ဆုံးရှုံးရလေတော့၏၊ ကျော်ဝင်းလည်း ပစ္စည်းများကိုယူကာ ပြေးလေ၏။

၎င်းပြေးသောနေရာက အခြားနေရာမဟုတ်။ လော်ရီကားကြီးတစ်စီးဆီသို့ဖြစ်၏။ လော်ရီကားကြီးပေါ်၌ကား . . . ပန်းနုကို တစ်ဖက်သတ် ကြိုက်နေသော မော်တော်ကားဒရိုင်ဘာကြီးသည် ကျော်ဝင်းကို စောင့်မျှော်နေလေ၏။

ကျော်ဝင်း ကားပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက်တည်း ဒရိုင်ဘာကြီးလည်း ကားကို မန္တလေးဘက်သို့ ဦးတည်၍ မောင်းနှင်လေတော့၏။

"ဘယ်လိုလဲ နေရာကျခဲ့ရဲ့လား" ဟု ဒရိုင်ဘာကြီးက မေးလေ၏။

"နေရာကျပါတယ်ဗျာ၊ အဒေါ်ကြီးတော့ ကျုပ်လက်ချက်နဲ့ သေရှာပြီ" ဟု ပြောရာ ဒရိုင်ဘာကြီးက . . .

"ဘာဖြစ်လို့ သတ်ပစ်ရတာတုံး၊ ပန်းနုကိုမရရင် နေပါစေဗျာ၊ ဟိုလူသတ်ဒီလူသတ်တော့မလုပ်ပါနဲ့" ဟု ပြောလေ၏။ ထိုအခါ ကျော်ဝင်းလည်း တစ်စုံတစ်ရာပြန်လည်ပြောဆိုခြင်းမရှိဘဲ ငြိမ်၍သာလိုက်ခဲ့လေ၏။

နံနက်မိုးလင်းခါနီးတွင် ထိုလော်ရီကားကြီးသည် သာစည်သို့ရောက်လေ၏။

ထိုအခါ ကျော်ဝင်းသည် ဒရိုင်ဘာကြီးအား . . .

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား . . . ရှမ်းပြည်နယ်ကို ဆက်သွားမှာ မဟုတ်လား၊ ကျုပ် မလိုက်တော့ဘူး၊ ကျုပ်က မန္တလေးကိုသွားမှာ၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့၊ ခင်ဗျားနဲ့ ပန်းနုကိစ္စလဲ စိတ်အေးအေးထားပါ၊ ရကို ရပါစေမယ်၊ နေဦးနေဦး ရှမ်းပြည်နယ်ဘက်မှာ သိပ်ပြီးချမ်းတာ၊ အရက်တစ်လုံး လက်ဆောင်ပေးလိုက်ဦးမယ်" ဟု ဆိုကာ . . .

ကျော်ဝင်းသည် အရက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ အရက်တစ်လုံးဝယ်၍ ဒရိုင်ဘာကြီးအား လက်ဆောင်ပေးလိုက်လေတော့၏။

၎င်းကမူ သာစည်လော်ကယ်ဖြင့် မန္တလေးသို့စီးနင်းလိုက်ပါကာ ဣန္ဒြေမပျက်နေထိုင်လိုက်လေတော့၏။ ဒရိုင်ဘာကြီးသည်း ကားကိုဆက်လက်၍မောင်းနှင်သွားကာ ရှမ်းပြည်နယ် နယ်စပ်သို့ရောက်လျှင် စတင်၍ အအေးဒဏ်ကိုခံရလေတော့၏။

အောင်ပန်းသို့ရောက်ခါနီး၌မူ အအေးဒဏ်ကို ဆက်လက်၍မခံနိုင်တော့သဖြင့် ကျော်ဝင်း ဝယ်ပေးသော အရက်ပုလင်းကို ကားမောင်းရင်း မော့လေတော့၏။

ထိုသို့မော့လိုက်ပြီး တစ်ခဏ၌ပင် ၎င်း၏မျက်လုံးများသည် ပြာဝေ၍ အကြောများလည်း ဆွဲလာကာ စတီယာတိုင်ကို မထိန်းနိုင်တော့ဘဲ ချောက်ထဲသို့ ကျသွားလေတော့၏။

အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဆိုမူ မောင်ကျော်ဝင်းသည် ဒရိုင်ဘာကြီးအား အရက်ပုလင်း လက်ဆောင်ပေးရာ၌ အရက်ထဲတွင် အဆိပ်များခတ်ခဲ့သောကြောင့် ဖြစ်ပေ၏။

မောင်တိုင်းကျော်၏အမှုကိုမူ မကြာခဏရုံးတင်၍စစ်လေ၏။ ကျော်ဝင်းလည်း မန္တလေးမှပြန်လာကာ အချုပ်အတွင်းမှ မောင်တိုင်းကျော်အား သွားရောက်၍ တွေ့ဆုံလေ၏။

"ဖြစ်မှဖြစ်ရလေ. . . သူငယ်ချင်းရယ်၊ ငါ့မှာတော့ တစ်နေ့ မင်းလိုက်လာနိုးနဲ့ မန္တလေးမှာ စောင့်လိုက်ရတာကွာ၊ ငါ့ဆီကို မင်းလိုက်လာရင် ဒီလိုဖြစ်မှာမဟုတ်ဘူး" ဟု ပြောလေ၏။

ဤသို့နှင့်ပင် မောင်တိုင်းကျော်၏အမှုကို အကြိမ်ကြိမ် စစ်ဆေးပြီးနောက် စက်ရှင်တရားသူကြီးက လူသတ်မှုတို့မည်သည် သေစားသေရန် အမိန့်ချအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ယခုအမှု၌ကား တရားခံ ငတိုင်းကျော် သတ်သည်ဟု ထွက်ဆိုမည့် မျက်မြင်သက်သေမရှိ ထို့ကြောင့်သံသယဖြစ်ဖွယ်ရှိသည်။ တရားဥပဒေ၏ ထုံးစံအတိုင်း သံသယ၏အကျိုးကို တရားခံငတိုင်းကျော် ခံစားခွင့်ရှိပေသည်။ ထို့ကြောင့် ငတိုင်းကျော်အား သေစားသေစေ အပြစ်ဒဏ်ပေးရမည့်အစား၊ တစ်သက်တစ်ကျွန်းကျခံရန် အမိန့်ချမှတ်လိုက်သည်ဟု ဆုံးဖြတ်လိုက်လေတော့၏။

မောင်တိုင်းကျော်သည် တစ်သက်တစ်ကျွန်းသို့မရောက်မီ ရန်ကုန်ထောင်၌ပင် တစ်နှစ်ကျော်ကျော်ခန့်နေရပေပြီ၊ ထိုနောက်တွင်ကား 'ဖော်ကျွန်း' အမည်ရှိ ပင်လယ်ကူး သင်္ဘောကြီးဖြင့် ၎င်းအား တစ်သက်တစ်ကျွန်းသို့ လိုက်ပါရသည့်နေ့တွင် ပန်းနုနှင့် ကျော်ဝင်းတို့၏ မင်္ဂလာဆောင်သောနေ့ကြီးလည်းဖြစ်ပေ၏။ ထိုနေ့၌ ကျော်ဝင်းသည် ကျောင်းအုပ်ကြီးရာထူးကိုလည်း တိုးမြှင့်ရရှိလေတော့၏။

အမှန်တကယ် လူသတ်မှုကိုကျူးလွန်ခဲ့သောကျော်ဝင်းသည် ၎င်းအလိုရှိသော မိန်းမချော မိန်းမလှကလေး ပန်းနုကိုလည်း ရ၏၊ ရာထူးလည်း တက်ရ၏။ မည်သည့်ပြစ်မှုကိုမှ မကျူးလွန်ခဲ့သော မောင်တိုင်းကျော်မှာမူ ချစ်သူပန်းနုကိုလည်း ဆုံးရှုံးခံရ၏။ တစ်သက်တစ်ကျွန်းသို့လည်း အပို့ခံရ၏။ ကံတရားဟူသည် ဆန်းကြယ်ပေစွတကား။



www.burmeseclassic.com

www.burmeseclassic.com



## ယူနီယံဂျက်အလံအောက်မှ စကားဝိုင်းကလေး

တစ်နေ့သ၌ မောင်တိုင်းကျော်သည် အခါတိုင်းကဲ့သို့ပင် အလုပ်တာဝန်ကျရာ နေရာသို့ သွားရောက်၍ အလုပ်ဝတ္တရားများကို ပင်ပန်းကြီးစွာ ပြုလုပ်ဆောင်ရွက်ရလေ၏။

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း ၎င်းတို့အားအုပ်ချုပ်သော အကြီးအကဲတာ မောင်တိုင်းကျော်ရှိရာသို့ ရောက်လာပြီးလျှင် . . .

"ဟေ့ကောင် . . . တိုင်းကျော်၊ ဟောဒီမှာ ကျွန်းမင်းကြီးရုံးက လာပြီးခေါ်တဲ့ လူတွေနဲ့ လိုက်သွားပေတော့" ဟု ပြောရာ တိုင်းကျော်က . . .

"ဘယ်လိုဖြစ်တာတုံး . . . ဆရာတို့ရယ်" ဟု ထိတ်လန့်တကြား မေးလိုက်လေ၏။

ထိုအခါ အလုပ်တာဝန်ကို ကြီးကြပ်ရသော အလုပ်ခေါင်းဘုတ်တိုင်က . . .

"ဟေ့ကောင် . . . ကြောက်မနေပါနဲ့ကွ၊ နေရာပြောင်းမလို့ ခေါ်တာပါ ငါထင်တာကတော့ မင်းကို အပြင်ထုတ်ပြီး ခိုင်းလိမ့်မယ်ထင်တယ်" ဟု ပြောလေ၏။

မောင်တိုင်းကျော်လည်း ဘုတ်ကိုင်ကို အရိုအသေပေး၍ ကျွန်းမင်းကြီးရုံးမှ လာခေါ်သော ဝန်ထမ်းများနောက်သို့ လိုက်ပါသွားရလေ၏။

ကျွန်းမင်းကြီးရုံးသို့ ရောက်သောအခါ၌မူ မင်းကြီး၏ရုံးရှေ့ အလံတိုင်ကြီး အောက်တွင် ဆောင့်ကြောင့်ထိုင်၍ တစ်စုံတစ်ခုကို စောင့်မျှော်နေသော ကျွန်းသား အစိတ်ခန့်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com 

ဝန်ထမ်းများသည် တိုင်းကျော်အား ထိုလူများနှင့် အတူရောရှ၍ထိုင်ခိုင်းလေ၏။ တိုင်းကျော်လည်း ထိုင်ရလေ၏၊ တိုင်ထိပ်ဖျားတွင် လွှင့်ထူထားသော အလံကြီးသည် တဖျပ်ဖျပ်အသံမြည်လျက် လှုပ်ခါနေလေ၏။ တိုင်းကျော်၏ စိတ်သည်လည်း "ဘယ်လို ဒုက္ခများတဲ့ နေရာကို ပို့ဦးမလို့လဲ မဆိုနိုင်ဘူး" ဟု တွေးတောရင်း လှုပ်ခါနေလေ၏။

ကျွန်းသားများသည် တိတ်ဆိတ်စွာ ထိုင်နေကြလေ၏။ ထိုအချိန်၌ ကျွန်းသား တစ်ဦးက အခြားသော အသိကျွန်းသားတစ်ဦးကို . . .

"ဟေ့ . . . ဖိုးမောင်၊ ဒီအလံတိုင်ထိပ်ဖျားက အလံကြီးကို လိုချင်တယ်ကွာ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဖိုးမောင်ဆိုသူက . . .

"ဘာလုပ်မလို့လဲ စံတင့်ရဲ့ ညကျရင် ခြုံအိပ်မလို့လား" ဟု ပြန်၍ မေးလိုက် လေ၏။

"မင်း . . . တော်တော်စိတ်ကူးရိုင်းသေးတဲ့ကောင်ပဲဖိုးမောင်ရယ်၊ ဘယ်ကလာ ခြုံအိပ်ရမှာတုံး၊ နည်းနည်းချင်းဖြဲပြီး ချေးကုန်းချင်လို့ပါကွာ၊ အခုဟာက တုတ်ကို အသုံးပြုရ၊ သစ်ကိုင်းခြောက်ကိုအသုံးပြုရနဲ့ နေရာမကျဘူး" ဟု စံတင့်က ပြန်၍ ပြောလိုက်ရာ ဖိုးမောင်က . . .

"မင်းလဲ . . . သစ်ခုတ်တဲ့စခန်းမှာ ဟိုဆရာကြီးနဲ့ အတူနေခဲ့ရကတည်းက ဒီလိုအပြောအဆိုမျိုးတွေ တတ်လာတာပဲ၊ ဒါနဲ့ နေစမ်းပါဦးကွ၊ အဲ့ဒီဆရာကြီး ဘယ်ရောက်သွားပြီလဲ" ဟု မေးလိုက်လေ၏။

"ငါ့အထင်တော့ တောစခန်းမှာပဲ ရှိဦးမယ်ကွ" ဟု စံတင့်က ပြန်၍ပြောလိုက် လေ၏။

"အဲဒီဆရာကြီးက လူပျော်ကြီးကွနော်" ဟု ဖိုးမောင်က ပြောလေ၏။

"လူပျော်ကြီး မဟုတ်ဘူးမောင် . . . လူတော်ကြီး၊ လူတော်ကြီး၊ တကယ့်ကို တော်တဲ့ ဆရာကြီးကွ၊ သူမသိတာလဲ ဘာမှမရှိဘူးကွ၊ ဗဟုသုတစုံလိုက်တာလဲ မပြောနဲ့ တော့ကွာ၊ ဒီလူကြီးနဲ့ နေရတဲ့ရက်အတွင်းမှာ ငါဖြင့် တစ်သက်တစ်ကျွန်းကျနေတယ် ဆိုတာကိုတောင် မေ့သွားတယ်" ဟု စံတင့်က ပြန်၍ပြောလေ၏။

"သူ့နာမည်ကလဲ ခပ်ဆန်းဆန်းပဲကွ" ဟု ဖိုးမောင်က ပြောပြန်လေ၏။

"ဆန်းတာပေါ့ . . . ငါ့လူရာ၊ ဒီနာမည်မျိုး လူတစ်သိန်းမှာ တစ်ယောက်ရှိမယ် မထင်ပါဘူး" ဟု စံတင့်က ပြန်၍ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"လုပ်စမ်းပါဦး ကိုယ့်လူရဲ့၊ သူ့ကို ဆရာကြီး . . . ဆရာကြီးလို့ပဲ ခေါ်နေရတာနဲ့ သူ့နာမည်ကိုတောင် မေ့သွားပြီ၊ ဘယ်သူတဲ့" ဟု ဖိုးမောင်က ပြောလိုက်ရာ စံတင့်က . . .

"မမေ့အောင် ဒီလိုမှတ်ထား၊ ဟပ်ချိုး" ဟု နှာချေပြလိုက်ပြီးလျှင် . . .

"ဆိတ်ဖွား" ဟု အော်လိုက်လေ၏။

ထိုအခါ ဖိုးမောင်က . . .

"ဟုတ်ပြီ . . . ဟုတ်ပြီ၊ ဆိတ်ဖွား . . . ဆိတ်ဖွား၊ ဆရာကြီး ဦးဆိတ်ဖွားဟား . . . ဟား . . . ဟား" ဟု ရယ်မောလိုက်လေ၏။

၎င်းတို့နှစ်ဦး ပြောဆိုနေသည်ကို မလှမ်းမကမ်းမှ အားစိုက်၍ နားထောင်နေသော ကျွန်းကျတစ်ဦးက . . .

"ဩော် . . . ကိုယ့်လူတို့ပြောနေတာ ဦးဆိတ်ဖွားအကြောင်းကိုး၊ ဒီလူကြီးအကြောင်း ခင်ဗျားတို့ မကြားဘူးလား" ဟု မေးလိုက်လေ၏။

"မကြားပါဘူး . . . မိတ်ဆွေရယ်" ဟု ဖိုးမောင်နှင့် စံတင့်က ပြိုင်တူဖြေဆိုလိုက်ရာ ထိုသူက . . .

"ပြီးခဲ့တဲ့နှစ်က ကျုပ်နဲ့အတူ နေရသေးတယ်ဗျ၊ အဲဒီလို နေနေတုန်းမှာ ကျုပ်တို့နှစ်ယောက်က လမ်းဖောက် ကျောက်ထုတဲ့လုပ်ငန်းမှာအလုပ်ကျတယ်လေဗျာ၊ အဲဒီလမ်းကို ကျွန်းမင်းကြီးကိုယ်တိုင် တစ်နေ့မှာ လာပြီးကြည့်တာဗျ၊ အဲဒီလိုလာကြည့်ရော . . . ကျုပ်တို့လူကြီးက ကျွန်းမင်းကြီးကို အင်္ဂလိပ်စကားနဲ့ လှမ်းပြီးပြောတယ်ဗျ၊ ဆယ်မိနစ်လောက်ကြာတယ်၊ ကျွန်းမင်းကြီးက ငြိမ်ပြီးနားထောင်နေတယ်၊ ပြီးလဲပြီးရော၊ ကျွန်းမင်းကြီးရဲ့မျက်နှာဟာ နီလာတော့တာပဲဗျို့၊ အဲဒီလိုနီလာရာက နေပြီးတော့ ကျွန်းမင်းကြီးဟာ 'ဖူး' လို့ တစ်ချက်အော်ပြီး ရှေ့ဆက်မသွားတော့ဘဲ နောက်ကို ပြန်လှည့်သွားတော့တာပဲ၊ ဒါနဲ့ ကျုပ်က ဦးဆိတ်ဖွားကြီးကို ခင်ဗျားဟာဘာတွေသွားပြီး ပြောလိုက်တာတုံး၊ ကျွန်းမင်းကြီးကတော့ 'ဖူး' လို့ အော်ပြီး ဒေါပွသွားပြီလို့ပြောတော့ သူက ကျုပ်ကိုရှင်းပြတယ်" ဟု ထိုသူက ဆိုလေ၏။

ထိုအခါ ဖိုးမောင်နှင့် စံတင့်တို့က . . .

"လုပ်စမ်းပါဦး မိတ်ဆွေရဲ့၊ ဆရာကြီးက ဘယ်လိုရှင်းပြသတုံး" ဟု မေးမြန်းကြလေ၏။

"ဘာဖြစ်လို့ ကျွန်းကြီးကိုအလှပြင်ပြီး လမ်းတွေဖောက်နေမှာတုံးတဲ့၊ ဒီအင်္ဂမာကြီးမှာ နယ်ချဲ့အရင်းရှင်စနစ်ကို လူသားတွေဟာ အော့နှလုံးနာကုန်ကြပြီတဲ့ . . .၊ နယ်ချဲ့

www.burmeseclassic.com

www.burmeseclassic.com


အရင်းရှင်စနစ်ဟာ သံကြိုးကွင်းဆက်လို ကမ္ဘာကြီးကို တစ်ပတ်ပတ်ပြီး တုပ်နှောင်မလို့ ကြိုးစားနေတာကို ကမ္ဘာသားတိုင်းဟာ သိပါတယ်တဲ့ . . .၊ အဲဒီတော့ ဆင်းရဲသား အလုပ်သမား လူတန်းစားဟာ မကြာခင် နှစ်အနည်းငယ်အတွင်းမှာ အဲဒီသံကြိုးကို ဖြတ်တောက်ပစ်ကြလိမ့်မယ်တဲ့၊ အဲဒီအခါမှာ နေမဝင်တဲ့ ဗြိတိသျှ အင်ပါယာကြီးဟာ လုံးဝနေဝင်သွားလိမ့်မယ်တဲ့၊ ခင်ဗျားတို့အလံကြီးဟာလဲ အမှိုက်ပုံးထဲကို ရောက်သွားလိမ့်မယ်တဲ့၊ အဲဒါကြောင့် အပင်ပန်းခံပြီး ကျွန်းကြီးကို ပြင်စေပါနဲ့တဲ့၊ ကျွန်းကြီးဟာ ကျွန်းအနေနဲ့ လှနေပါတယ်တဲ့၊ အဲဒီအခါမှာ ကျွန်းမင်းကြီးက သင် ဘယ်သူလဲလို့ ဦးဆိတ်ဖွားကြီးကိုမေးတယ်၊ ဦးဆိတ်ဖွားကြီးက ကျွန်ုပ်ဟာ ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွား ဖြစ်တယ်လို့ ပြန်ပြီးပြောလိုက်သတဲ့၊ အဲဒီလိုလဲ ဖြေလိုက်ရော ကျွန်းမင်းကြီးက 'ဟေး' လို့ တစ်ချက်အော်ပြီး ပြန်သွားတော့တာပဲ မိတ်ဆွေတို့ရယ်၊ ပြန်သွားပြီး ဘာမှမကြာပါဘူး၊ ကျွန်းပုလိပ်တွေ လိုက်လာပြီး ကျုပ်တို့လူကြီးကို ဖမ်းသွားတော့တာပဲ၊ အဲဒီလို ဖမ်းသွားပြီးတော့ ကျွန်းမင်းကြီးရုံးနောက်မှာရှိတဲ့ မြေတိုက်ထဲမှာ အရှုးဆိုပြီး ပိတ်လှောင်ထားတာ တစ်နှစ်ရှိပါပကော" ဟု ထိုသူက ရှင်းပြလေ၏။

ထိုအခါ ဖိုးမောင်နှင့် စံတင့်တို့က . . .

"သနားစရာဗျာ" ဟု ပြောဆိုလိုက်လေ၏။

တိုင်းကျော်သည် ထိုသူတို့ပြောဆိုနေကြသည်ကို တမင်တကာနားထောင်ခြင်း မပြုပါဘဲလျက် ကြားနေရလေ၏။

တစ်သက်တစ်ကျွန်းကျခံနေရသည့်အခါမျိုး၌ပင်လျှင် မျက်နှာဖြူကျွန်းမင်းကြီးအား ပမာမခန့်ပြန်လည်ပြောဆိုဝံ့သော ထိုအရူးခေါ်ခံရသည့်လူကြီးအား စိတ်အတွင်းမှ ကြိတ်၍ချီးကျူးမိသေးတော့၏။

ထိုအချိန်၌မှာပင် ကျွန်းမင်းကြီးရုံးမှ တာဝန်ရှိသူတစ်ဦး ထွက်လာပြီးလျှင် အမည်ခေါ်၍ အုပ်စုနှစ်စု ခွဲလိုက်လေ၏။

အုပ်စုတစ်စုကိုမူ လမ်းဖောက်လုပ်ငန်းအတွက် ပို့လိုက်လေ၏။ ကျန်တစ်စုကိုမူ သစ်ခုတ် [illegible] လုပ်ငန်းသို့စေလွှတ်ရန်ဖြစ်၏။ ထိုလုပ်ငန်းတွင် တိုင်းကျော်လည်းပါ၏။

တာဝန်ရှိသူသည် သစ်ခုတ်လုပ်ငန်းသို့သွားရမည့်သူများအား ညွှန်ကြားချက်များ ပြောဆိုနေလေ၏။ ယခု သွားရောက်လုပ်ကိုင်မည့်နေရာသည် ငှက်ဖျားရောဂါ

www.burmeseclassic.com

www.burmeseclassic.com

အလွယ်တကူဖြစ်နိုင်သော နေရာဖြစ်ကြောင်း၊ ထို့ကြောင့် ရေကိုကျိုချက်၍သောက်ရန် လိုအပ်ကြောင်း၊ နှစ်ယောက်တစ်တွဲ တဲကလေးများထိုး၍ နေထိုင်ရမည်ဖြစ်ကြောင်း တဲမှာလည်း မိမိတို့ကြိုက်နှစ်သက်သလို ထိုး၍မရ၊ ပုံစံနှင့်တကွ အတိုင်းအတာနှင့်ဟူ ညွှန်ကြားလိုက်မည်ဖြစ်ကြောင်း၊ ညွှန်ကြားသည့်အတိုင်း လုပ်ရမည်ဖြစ်ကြောင်း စားအိုးစားခွက်များ ပေးထားပြီးလျှင် ဆယ့်ငါးရက်တစ်ခါ ရိက္ခာလာ၍ပေးမည်ဖြစ် ကြောင်း၊ ဆယ့်ငါးရက်အတွင်း သတ်မှတ်ထားသောလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးမည် ဖြစ်ကြောင်း၊ အကယ်၍ လုပ်ငန်းမပြီးပါကလည်း အပြစ်ပေးမည်ဖြစ်ကြောင်း ပြောဆို၍ ထိုကျွန်းကြီး၏ အစွန်အဖျားတစ်နေရာဆီသို့ မော်တော်ကားတစ်တန်၊ ခြေကျင်တစ်တန် ဖြင့် ခေါ်သွားလေတော့၏။

တိုင်းကျော်လည်း စိတ်ပျက်လက်ပျက်ဖြင့် လိုက်ပါသွားရလေတော့၏။ ထိုတော သို့ ရောက်လျှင် ကျွန်းကျများကို ငါးများ ခုတ်ခိုင်းပြီးလျှင် တဲအိမ်များ ဆောက်လုပ် ခိုင်းလေတော့၏။

တဲအိမ်မှာ နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ နေနိုင်ရန်ဖြစ်၏။ တစ်အိမ် နှင့်တစ်အိမ်လည်း တစ်ခေါ် လောက်ဝေး၏။ တိုင်းကျော်အဖို့ကံဆိုးသည်မှာ နှစ်ယောက် တစ်တွဲ နှစ်ယောက်တစ်တွဲ ပြုလုပ်ရာတွင် ဆယ့်တစ်ယောက် ဖြစ်နေသောကြောင့် တိုင်းကျော်အဖို့ အတွဲမရဘဲ တစ်ယောက်တည်း တဲထိုးရလေ၏။ တစ်ယောက်တည်း ရေခပ်ရလေ၏။ တစ်ယောက်တည်း ချက်ပြုတ်စားသောက်ရလေ၏။

ထို့အပြင် . . . နှစ်ယောက်စာလုပ်ငန်းကို တစ်ယောက်တည်း လုပ်ရမည်ဟူ အမိန့်ချမှတ်သွားလေ၏။

ထို့ကြောင့် သစ်ပင်များထုတ်ရာတွင် တခြားသူများ ငါးမန်းလွှကြီးကိုကိုင်ကာ ဟိုဘက်တစ်ယောက် ဒီဘက်တစ်ယောက်ထိုင်၍ တရှင်းရှင်းတိုက်ဖြတ်ကြ၏။ ပျင်းလျှင် တစ်ဦးကိုတစ်ဦး ပုံတိုပတ်စ ပြောဆိုကြ၏။ ရှေးဟောင်းနှောင်းဖြစ် ပြောဆိုကြ၏။

တစ်ဦးအလုပ်လုပ်နေလျှင် ကျန်တစ်ဦးက စားသောက်ရန်အတွက် ချက်ပြုတ် ခြင်း၊ ရေခပ်ခြင်း အလုပ်ကိုလုပ်ပေးနိုင်၏။

တိုင်းကျော်မှာမူကား ထိုသို့မဟုတ်။ တစ်ယောက်တည်း အလုပ်လုပ်ရ၏။ လူတစ်ဖက်ခန့်ရှိ သစ်ပင်ကြီးများကို ပုဆိန်ကြီးဖြင့် ပင်ပန်းကြီးစွာပေါက်ရ၏။ ပြတ်လု ပြတ်ခင်ဖြစ်သော အခါကျမှပင် ကြိုးဖြင့်ဆိုင်း၍ သက်စွန့်ဆံဖျား လှဲရ၏။

www.burmeseclassic.com

www.burmeseclassic.com


ပြီးလျှင် အကိုင်းများကို ပုဆိန်ဖြင့်ပင် ခက်ခဲစွာခုတ်ယူရ၏။ ထိုသို့ခုတ်ပြီးလျှင် ထမင်းကိုချက်ရ၏။ သောက်ရေအတွက် ဝေးလံသောနေရာသို့ ပင်ပန်းကြီးစွာ သွား၍ ခပ်ရ၏။ အတွဲရှိသောသူတို့မှာမူ ရှဉ့်များ၊ ဖွတ်ပတတ်များ၊ ငါးများကို တစ်ယောက်က ရှာဖွေ၍ ကျန်တစ်ယောက်က အလုပ်လုပ်ပေးထားသောကြောင့် ပင်ပန်းစွာ အလုပ်လုပ်ရသော်လည်း စားသောက်သောအခါ၌ မြိန်ရှက်စွာစားသောက်ခွင့်ရှိ၏။ တိုင်းကျော် အဖို့မှာမူကား သူတစ်ပါးထက် နှစ်ဆအလုပ်လုပ်ရ၍ စားသောက်သောအခါ၌လည်း ညံ့ဖျင်းသော အစားအသောက်ကိုသာ စားရလေ၏။

ထို့ကြောင့် တိုင်းကျော်က . . .

"ဩော် ငါ့နှယ်နော်၊ ကံမကောင်းလို့ တစ်သက်တစ်ကျွန်းကျတဲ့ လူတွေထဲမှာတောင် ငါကပိုပြီးကံဆိုးနေပါသေးသလား" ဟု ညည်းညူရင်း မိမိ၏အဖြစ်ကိုတွေးမိကာ မကြာခဏ မျက်ရည်ဝိုင်းလာလေသော့၏။ သို့ရာတွင် "ယောကျ်ားပဲလေ" ဟု အားတင်းကာ ဒုက္ခကို ခါးစည်း၍ ခံနေရလေ၏။

ဤသို့နှင့်ပင် ခြောက်လခန့်ထိုနေရာ၌နေထိုင်ခဲ့ပြီး တစ်ညသ၌ တိုင်းကျော်သည် ၎င်း၏ တဲကလေးအတွင်း၌ နှစ်ခြိုက်စွာ အိပ်စက်လေ၏။

အတော်အတန် ညဉ့်နက်သောအခါ၌ တိုင်းကျော် အိပ်စက်လျက်ရှိသော ဝါးကြမ်းခင်းကလေးသည် "တကျွတ်ကျွတ်" မြည်သဖြင့် တိုင်းကျော်လည်း အိပ်ရာမှ ခုတ်တရက်လန့်နိုးကာ အနီးတွင်ရှိသောသစ်ခုတ်သည့်ပုဆိန်ကြီးကိုကောက်၍ကိုင်ကာ-

"ဘယ်သူလဲ" ဟု အလန့်တကြား မေးလိုက်လေ၏။

ထိုအခါ တစ်စုံတစ်ယောက်က . . .

"အေးအေးဆေးဆေးအိပ်စမ်းပါ ငါ့လူရယ် . . .၊ ရန်မူမယ့်လူ မဟုတ်ပါဘူး၊ ငါ့လူနဲ့အတူတွဲပြီး အလုပ်လုပ်ရမယ့်ကျွန်းသားပါ" ဟု ထိုသူက ပြန်၍အေးဆေးစွာ ပြောလိုက်လေ၏။

ထိုအခါ တိုင်းကျော်က . . .

"အလုပ်လုပ်ဖို့ရောက်လာတဲ့ကျွန်းသားကလဲ အချိန်မတော်ညကြီး ရောက်လာသေတဲ့လားဗျာ" ဟု ပြန်၍ပြောလိုက်ရာ ထိုသူက . . .

"ကျွန်းပေါ်မှာ နေ့တွေညတွေမရှိဘူးကိုယ့်လူ၊ ခိုင်းချင်တဲ့အချိန်ခိုင်းပြီး ပို့ချင်တဲ့ အချိန်ပို့တာပဲ၊ အေးအေးဆေးဆေး အိပ်စမ်းပါ ငါ့လူရယ်၊ အင်မတန်ဝေးလံတဲ့

www.burmeseclassic.com

www.burmeseclassic.com

သစ်ခုတ်ပုဆိန်ကြီးကို ဘာဖြစ်လို့ ကိုင်မြှောက်ထားရတာတုံး၊ ပင်ပန်းပါတယ် ငါ့လူရာ ကျုပ်ကို ဒီပုဆိန်ကြီးနဲ့ခုတ်မလို့လား၊ ကျုပ်က သစ်ပင်မှမဟုတ်ဘဲ ဟဲ. . . ဟဲ. . . ဟဲ အိပ်စမ်းပါ၊ အိပ်တယ်ဆိုတာ စရိတ်အသက်သာဆုံးနဲ့ ဇိမ်ခံရတာမျိုးကွ" ဟု ထိုသူက ပြန်၍ပြောလိုက်လေ၏။

"ခင်ဗျားဘယ်သူလဲ" ဟု တိုင်းကျော်က မေးလိုက်လေ၏။

"နာမည်ပြောလို့ ဘာလုပ်မှာလဲကွ၊ မင်းလဲသိတာမှမဟုတ်ဘဲ၊ မနက်ကျတော့ အလင်းရောင်လာရင် မင်းကိုလဲ ငါတွေ့ရမယ်၊ ငါ့ကိုလဲ မင်းတွေ့ရမယ်၊ အိပ်စမ်းပါကွာ အိပ်စက်ခြင်းရဲ့ ငြိမ်းချမ်းခြင်းကို မနှောင့်ယှက်စမ်းပါနဲ့" ဟု ထိုသူက ပြန်၍ပြောလိုက်ရာ တိုင်းကျော်က . . .

"မလိုချင်ဘူး . . . ၊ ထွေလီကာလီတွေ လုပ်မနေနဲ့၊ ခင်ဗျားနာမည် ပြောစမ်း မပြောရင် ပုဆိန်နဲ့ ခုတ်ချလိုက်မယ်" ဟု ကြိမ်းဝါးလိုက်ရာ ထိုသူက . . .

"မင်းက ဘယ်သူလဲတော့ မသိဘူး၊ မှောင်ကြီးထဲမှာဆိုတော့ ငါလဲမမြင်ရဘူး ဒါပေမဲ့ အတော့်ကိုတုံးတဲ့အကောင်ပဲ၊ ဒီလိုတုံးလို့လဲတစ်ကျွန်းကျခံရတာပဲ" ဟု ထိုသူက ပြောလိုက်လေ၏။

"ဒါဖြင့်ရင် ခင်ဗျားကကော ဘာဖြစ်လို့ တစ်ကျွန်းရောက်လာရတာတုံး" ဟု တိုင်းကျော်က ပြန်၍မေးလိုက်ရာ ထိုသူက . . .

"ငါက ချွန်လို့ရောက်လာတာကွ" ဟု ပြန်၍ဖြေလေ၏။

"ခင်ဗျားနာမည် ပြောပါ" ဟု တိုင်းကျော်က ထပ်၍မေးလိုက်လေ၏။

"မင်းနဲ့စကားပြောဖို့ . . . ခေါင်းမြီးခြုံထားတဲ့စောင်ကိုဖွင့်ရတာနဲ့ ငါ့ခေါင်းကို လေစိမ်းတိုက်ပြီး နှာတောင်မွန်လာပြီကွာ၊ ဟပ်ချိုး . . . ဟပ်ချိုး . . . ဆိတ်ဖွား ငါ့နာမည်ဆိတ်ဖွားတဲ့ဟေ့ . . . တွံ့ သင်ငတုံး ဘဝဆုံးတဲ့ တစ်ကျွန်းသားသည်၊ ဂဏ္ဍာဟိ မသေမချင်းမှတ်လေလော" ဟု ထိုသူက ပြန်၍ပြောလိုက်လေတော့သတည်း။

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com



# ပရော်ဖက်ဆာ ရောက်လာခြင်း

တိုင်းကျော်သည် သစ်ခုတ်ပုဆိန်ကြီးကိုချ၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ ထို့နောက် အိပ်မပျော်ဘဲ ငုတ်တုတ်ထပြီး ထိုင်နေလေ၏။

ဤသို့နှင့်ပင် တဖြည်းဖြည်း အရုဏ်တက်သောအချိန်သို့ ရောက်လာလေ၏။ ၎င်းနှင့်အတူ အလုပ်လုပ်မည့် ကျွန်းသားကြီး ဆိတ်ဖွားဆိုသူကား စောင်ကို ခေါင်းမြီးခြုံလျက် နှစ်ခြိုက်စွာ အိပ်စက်လျက် ရှိနေသေး၏။

တိုင်းကျော်၏စိတ်တွင် ကျွန်းမင်းကြီးရုံးရှေ့တွင် လူစုထားစဉ်က ဖိုးမောင်ဆိုသူနှင့် စံတင့် ဆိုသူတို့ပြောသည့် ဟပ်ချိုးဆိတ်ဖွားဆိုသည့်လူကြီးမှာ ဤလူကြီးပင် ဖြစ်လိမ့်မည်ဟု တွေးနေလေ၏။

ဤလူကြီးမှာ နှယ်နှယ်ရရလူကြီးမဟုတ်၊ အင်္ဂလိပ်လူမျိုး ကျွန်းမင်းကြီးကိုပင် ပမာမခန့်ပြန်၍ ပြောဝံ့သောလူကြီးဖြစ်ကြောင်းကိုလည်း သိရှိခဲ့ပြီဖြစ်ရာ ဤလူကြီး ရောက်လာခြင်းအတွက် မိမိအဖို့ နစ်နာစရာမရှိကြောင်း ရိပ်စားမိလေတော့၏။

အရုဏ်ဦး၏ နေရောင်ခြည်သည် တိုင်းကျော်တို့၏ တဲကလေးပေါ်သို့ ဖြာ၍ ကျနေလေ၏။ ထိုအခါကျမှပင် ခြုံစောင်ထဲမှ လူကြီးသည် စောင်ကိုဖွင့်၍ ထလာပြီးလျှင် . . .

"ဂွတ် (ဒ်) မောနင်း မိုင်ကွန်းပရိတ်၊ ကောင်းသော နံနက်ခင်းပါ။ ကျွန်ုပ်ရဲ့ သွေးသောက်ရဲမက်ကြီး၊ ဘာဖြစ်လို့ မအိပ်ဘဲနဲ့ ငုတ်တုတ်ကြီး ထိုင်နေရတာတုံး" ဟု ပြောလေ၏။

www.burmeseclassic.com

"ဟုတ်တယ်. . . ဦးဟပ်ချိုး" ဟု တိုင်းကျော်က စကားစလိုက်ရာ ထိုသူက. . .

"ဘယ်ကလာ ဟပ်ချိုးရမှာတုံး၊ ငါ့နာမည် ဆိတ်ဖွားပါ၊ နေဦး . . . နေဦး၊ ငါ့မှာ ဆန်နည်းနည်းနဲ့ အသားခြောက်နည်းနည်း ပါလာတယ်၊ ဆန်ပြုတ်ကလေး ဘာလေး ပြုတ်ပြီး ဘရိတ်ဖတ်လုပ်ကြတာပေါ့" ဟု ဆိုကာ ဦးဆိတ်ဖွား ဆိုသူသည် တိုင်းကျော်၏တဲအတွင်းမှ အိုးတစ်လုံးကိုယူ၍ ဆန်များထည့်ပြီးလျှင် မီးမွေး၍ထမင်းအိုး တည်လေ၏။ ထို့နောက် ၎င်းသည် မျက်နှာသစ်ခြင်း၊ အာလုတ်ဆေးခြင်းများကို ပြုလုပ်လေ၏။

ထိုသို့ ပြုလုပ်ပြီးနောက် မီးဖိုခန်းအနီးတွင် ထိုင်ကာ ၎င်းကိုယ်တိုင် ပြုလုပ်ထားဟန်ရှိသော ဆေးလိပ်ကြီးတစ်လိပ်ကို အားရပါးရရှိုက်ဖွာလေ၏။ တိုင်းကျော်သည် ထိုလူကြီးကို မျက်တောင်မှုပင်မခတ်ဘဲ တစိမ့်စိမ့်ကြည့်လေ၏။

ထိုလူကြီးကား အရပ်လွန်စွာမြင့်၏။ ပခုံးလွန်စွာကျယ်၏။ ၎င်း၏မျက်နှာထား မှာ လူအပါအဝင် သက်ရှိသတ္တဝါအားလုံးနှင့် တောတောင်ရေမြေအားလုံးကို မည်သည့်အရာကိုမျှ အလေးမထား၊ ပမာမခန့် ပြုလုပ်ဝံ့သော မျက်နှာထားမျိုးရှိ၏။

၎င်း၏ဆံပင်တို့သည် ဆွတ်ဆွတ်ဖြူနေပြီဖြစ်၏။ ၎င်း၏အသားအရေမှာမူ လူငယ်တစ်ဦးကဲ့သို့ ကျစ်လျစ်မာကျောလှ၏။ ထိုလူကြီးသည် ၎င်း၏လွယ်အိတ်ကြီး အတွင်းမှ အသားခြောက်တစ်မြှောင်းကို မီးဖိုထဲသို့ ထိုးထည့်လိုက်၏။

များမကြာမီ၌ပင် ထိုအသားခြောက်သည် စားချင့်စဖွယ် ရနံ့ကို ပေးလေတော့၏။ ဤသို့နှင့်ပင် ထိုလူကြီးတည်ခဲ့သော ဆန်ပြုတ်အိုးသည် ကျက်၍သွားလေတော့၏။ ထိုအခါ ဆားအနည်းငယ် ခတ်ပြီးလျှင် မီးဖိုပေါ်မှ ချလေတော့၏။

ပြီးလျှင် မီးဖိုအတွင်းမှ အသားခြောက်ကိုထုတ်၍ တိုင်းကျော်အား ပစ်ပေးပြီးလျှင် ဇွန်းတစ်ချောင်းကိုယူ၍ . . .

"ဟေ့ကောင်. . . ဘာငေးနေတာလဲ၊ လာလေကွာ ဆန်ပြုတ်သောက်ရအောင်၊ မင်းနဲ့ငါနဲ့ တွေ့ဆုံတဲ့ . . . မိတ်ဆက်ပွဲ အခမ်းအနားပေါ့ကွာ" ဟု ပြောလိုက်မှပင် တိုင်းကျော်လည်း ထိုလူကြီးအနီးသို့ သွား၍ထိုင်လေ၏။

ထိုလူကြီးသည် အိုးထဲမှ ဆန်ပြုတ်များကို မြိန်ရည်ရှက်ရည်ခပ်၍သောက်ပြီး လျှင် အသားခြောက်ကိုကိုက်ရင်း တိုင်းကျော်အား ဇွန်းကို ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com 

တိုင်းကျော်လည်း ဇွန်းဖြင့် ဆန်ပြုတ်ကိုခပ်၍ သောက်လေ၏။ ထို့နောက် အသားခြောက်ကို စားလေ၏။ ထိုလူကြီးသည် အသားခြောက်ကို အားရပါးရဝါးရင်း-

"မင်းနာမည် ဘယ်သူတုံး" ဟု မေးလိုက်လေ၏။

"တိုင်းကျော်လို့ ခေါ်ပါတယ်" ဟု တိုင်းကျော်က ပြန်၍ဖြေရာ ထိုလူကြီးက-

"မှန်တာပေါ့ကွာ၊ တိုင်းပြည်ကိုကျော်ပြီး တစ်သက်တစ်ကျွန်း ရောက်လာပြီပဲ ဟဲ. . . ဟဲ. . . ဘာမှစိတ်မပျက်နဲ့၊ ဒီကျွန်းပေါ်မှာ တစ်သက်လုံး ငရဲခံနေရမယ်၊ သေရင်လွတ်မယ်" ဟု ပြောလိုက်လေ၏။

"အခု ဆရာကြီး ပြောတာတွေဟာ စိတ်ပျက်စရာတွေ မဟုတ်ဘူးလား" ဟု တိုင်းကျော်က ပြန်၍မေးလိုက်လေ၏။ ဦးဆိတ်ဖွားကြီးက ဆန်ပြုတ်ကို ကုန်း၍ သောက်ရင်း . . .

"စိတ်ပျက်ရင်ထွက်ပြေးပေါ့ကွ၊ ငါတော့ ဒီကျွန်းကိုရောက်တာ ခြောက်နှစ်ရှိပြီ၊ ထွက်ပြေးဖို့ ခိုးပြီး လှေထွင်းတာ လှေခြောက်စင်း ရှိပြီ၊ ဖောင်ဖွဲ့တာလဲ တစ်ဒါဇင် ကျော်သွားပြီ၊ ကျွန်းပုလိပ်တွေကမိလို့ ငါ့အကြံတော့ အထမမြောက်သေးဘူး၊ ဒါပေမဲ့ ငါတော့ လက်မလျှော့သေးဘူး၊ ထပ်ပြီးလုပ်ဦးမှာပဲ၊ ကျွန်းပုလိပ်တွေကလဲ မိုးတွင်းရောက် လာရင် အစစ်အဆေး နည်းနည်းလျှော့တယ်ကွ၊ လှိုင်းတွေလေတွေ ထန်တော့ ထွက်ပြေးပါဆိုတာတောင် ဘယ်သူမှမပြေးဝံ့ကြဘူး မဟုတ်လား၊ ငါက အဲဒီအချိန်ကို ရွေးပြီး ပြေးမှာ" ဟု ဦးဆိတ်ဖွားကြီးက ပြောလိုက်လေ၏။

ဒီလောက် လှေသေးသေးကလေးနဲ့ ပြေးရင် ပင်လယ်ထဲမှာ သေမှာပေါ့' ဟု တိုင်းကျော်က ပြောလိုက်လေ၏။

"သေတာပဲကွာ၊ ပင်လယ်ထဲမှာသေသေ၊ ကုန်းပေါ်မှာသေသေ အတူတူပါပဲ ကွာ၊ နောက်ပြီးထွက်ပြေးဖို့ကြိုးစားတာက လွတ်လပ်တဲ့အရသာကိုလိုချင်လို့ ဆိုတာလဲ ပါတယ်၊ အဲ့ဒါထက်အရေးကြီးတာက လွတ်မြောက်မှုကိုရအောင် ကြိုးပမ်းရတဲ့ ကြိုးပမ်းမှု ကို ငါကပိုပြီးနှစ်သက်တယ်၊ လှေထွင်းရတယ်ဆိုတာက မလွယ်ဘူးကွ၊ သူတို့ခိုင်းထားတဲ့ အလုပ်လဲ ပြီးအောင်လုပ်ရသေးတယ်၊ ပြီးတော့ ခိုးကြောင်ခိုးဝှက်လုပ်ရတာ လက်နက် ကိရိယာကလည်း ပြည့်စုံတာမဟုတ်ဘူး၊ အဲ့ဒါထက်အရေးကြီးတာကတော့ လှေပြီး ထွင်းတဲ့နေ့ကစပြီး အစားကိုလျှော့စားရတယ်ကွ၊ ပင်လယ်ထဲမှာစားဖို့ရိက္ခာကျန်အောင်

လေကွာ” ဟုဆိုကာ ဦးဆိတ်ဖွားသည် ကျွန်းမှ ထွက်ပြေး လွတ်မြောက်ရန်အတွက် ခိုး၍လှေထွင်းရသောလုပ်ငန်းအသေးစိတ်ကိုပြောပြရာ တိုင်းကျော်သည် အံ့ဩစွာဖြင့် နားထောင်နေလေသည်။

ထိုလူကြီးသည် ခြောက်နှစ်တာကာလအတွင်း၌ လှေခြောက်စင်းနှင့် သစ်ဖောင်တစ်ဒါဇင်ကို ခိုး၍ပြုလုပ်ခဲ့သည်ဆို၏။

ထိုလူကြီး အပင်ပန်းခံနိုင်သောဇွဲကား ကြီးမားလာပေ၏။ အခြားသောအရာတို့ကို ထားဘိဦး၊ လှေခိုး၍ထွင်းရန်အတွက် လိုဏ်ခေါင်းတူးရသောအလုပ်တစ်ခုတည်းနှင့်ပင် လူသာမန်တို့လိုက်၍မမီသော ဇွဲမျိုးရှိကြောင်း သိသာလောက်ပေပြီ။

လိုဏ်ခေါင်းကို အလျင်တူးရ၏။ ထို့နောက် ခိုး၍ထွင်းမည့် သစ်လုံးကြီးကို လိုဏ်ခေါင်းအတွင်းသို့ထည့်ရ၏။ ညအချိန်မတော်သူတစ်ပါးအိပ်စက်ချိန်၌ လိုဏ်ခေါင်းအတွင်းသို့ဝင်ကာ လှေကိုထွင်းရ၏။

တိုင်းကျော်သည် ဦးဆိတ်ဖွားကြီးကိုကြည့်ကာ ဤလူကြီးကား ဇွဲသတ္တိလည်းရှိ၏။ လူကောင်လည်း ကြီး၏။ လူကောင်ကြီးသလောက် ညဏ်ပညာလည်း ကြီးပုံရလေ၏။ ထိုလူကြီးနှင့် ကိုယ်ရောစိတ်ပါ ပေါင်းသင်းကာ ဤကျွန်းကြီးမှ လွတ်မြောက်ထွက်ပြေးရန် ကြံလျှင် သင့်လျော်ပေမည်။

ကံမကောင်း၍ ပင်လယ်ထဲတွင်နစ်မြုပ်၍အသက်ဆုံးရပါလျှင်လည်း ပွဲထဲတွင်လူရွှင်တော်များ ပြောသကဲ့သို့ “စောစောသေရင် စောစောအိပ်ရတာပေါ့” ဆိုသည့်အတိုင်း ဖြစ်ပေလိမ့်မည်ဟုဆုံးဖြတ်ကာ တစ်သက်တစ်ကျွန်းကျလာသော ၎င်း၏အဖြစ်အပျက်ကိုပြောပြရာ ဦးဆိတ်ဖွားကြီးက သေချာစွာနားထောင်၍နေလေတော့၏။

တိုင်းကျော်သည် မိမိပြောဆိုသောစကားများကို ဤမျှအထိ စိတ်ရှည်လက်ရှည်နားထောင်ဖော်ရသော လူစားမျိုးဆို တစ်ကြိမ်တစ်ခါမျှတွေ့ဖူးခြင်းမရှိရကား တစ်ထိုင်တည်းနှင့်ပင် ထိုလူကြီး၏ကိုယ်ချင်းစာတရားရှိပုံကို သဘောပေါက်သွားလေတော့၏။

ဦးဆိတ်ဖွားသည် တိုင်းကျော်စကားဆုံးသည့်အခါ၌ . . .

“ဟကောင်ရ . . . မင်းအတ္ထုပ္ပတ္တိ နားထောင်ရတာကလဲ ... ဖတ်နေရသလိုပါပဲလား၊ တကယ်သတ်တဲ့လူက ... မှမဖြစ်ဘ ... မှ ... ပုပ်ရတဲ့မင်းက

တစ်သက်တစ်ကျွန်း ရောက်လာတော့တာကိုး . . .၊ တရားခံက ဘယ်သူမှတ်သတုံး၊ မင်းသူငယ်ချင်း ကျော်ဝင်းကွ၊ ဒီကောင်သတ်တာ၊ ဒီကောင်က ဘာဖြစ်လို့သတ်သလဲ သိလား၊ ရည်းစားလုဖက်ကွ၊ ကျော်ဝင်းတစ်ယောက်တည်းလုပ်တာတော့ မဟုတ်ဘူး ဟေ့၊ ပေါင်းပြီး ကြံကြတာကွ သိလား၊ မောင်ပြည့်လဲ ပါမယ်ကွ၊ ထားပါတော့ကွာ" ဟု ပြောလိုက်လေ၏။

"ဖြစ်နိုင်ပါ့မလားဆရာကြီးရယ် . . .၊ အဲ့ဒီအချိန်မှာ ကျော်ဝင်းက မန္တလေး ရောက်နေတယ်", ဟု တိုင်းကျော်က ပြောလိုက်ရာ . . .

"ဒီလိုလေကွာ. . . မန္တလေးက မနက်ရထားစီးလိုက်ရင် ညနေဘက် ရန်ကုန် ရောက်တာပဲ၊ လူသတ်မှုကျူးလွန်ပြီးတော့ ညရထားနဲ့ပြန်လိုက်သွားရင် မန္တလေးကို မနက်အစောကြီး ပြန်ရောက်တာပေါ့၊ ဒါကို ငါ ဘာကြောင့် စဉ်းစားမိသလဲဆိုတော့ မင်းသူငယ်ချင်း ကျော်ဝင်းက ပြင်ဦးလွင်ကိုသွားလည်ရအောင် မန္တလေးကိုလိုက်ခဲ့ပါ ဆိုတဲ့ သံကြိုးစာ အဲ့ဒီနေ့ပဲ ပို့လိုက်တယ်မဟုတ်လား၊ ဒါဟာ အလကားလုပ်တာ မဟုတ်ဘူးကွ၊ အခင်းဖြစ်ပွားတဲ့အချိန်မှာ သူဟာ မန္တလေးမှာရှိနေတယ်လို့ သက်သေပြ အလံတိုင်ပေးချင်တာပဲ၊ အဲ့ဒီတစ်ချက်တည်းနဲ့ကို ဒီကောင်ကို ငါမသင်္ကာဘူး၊ မင်းကို လူယုံသတ်တာပဲ" ဟု ဦးဆိတ်ဖွားက ပြောလိုက်သည့်အခါ၌ တိုင်းကျော်သည် မိမိ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်စဉ်းစားကြည့်ရာ လယ်ပြင်မှာ ဆင်သွား သကဲ့သို့ ထင်ရှားစွာ သိမြင်ရလေတော့၏။

တိုင်းကျော်သည် ထိုအဖြစ်အပျက်ကို မေ့ထားလိုက်ပြီးနောက် . . .

"ဆရာကြီး . . . အခု ဘယ်စခန်းကနေ ဒီကိုပို့လိုက်တာတုံး" ဟု မေးလိုက်ရာ ဦးဆိတ်ဖွားကြီးက . . .

"ကျွန်းမင်းကြီး ရုံးခန်းနောက်က မြေတိုက်ထဲက ပို့လိုက်တာပေါ့၊ အဲ့ဒီအထဲမှာ တစ်နှစ်ကျော်ကျော်ပိတ်ထားလိုက်တာ . . . ကျက်သရေမင်္ဂလာမရှိတဲ့ ငါ့ဆံပင် အမည်းတွေဟာ အလွန်ကျက်သရေမင်္ဂလာရှိတဲ့ ဘော်ငွေရောင်ဆံပင်တွေကို ဖြစ်သွား တော့တာပဲဟေ့. . . ဟား ဟား ဟား ဟား၊ အသားခြောက်နည်းနည်းထပ်ယူပြီး ဆန်ပြုတ်နည်းနည်းထပ်သောက်လိုက်ပါဦး" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

 www.burmeseclassic.com

တိုင်းကျော်လည်း ဆန်ပြုတ်ကို အနည်းငယ်ထပ်၍ သောက်လေ၏။ ထိုသို့ သောက်ရင်း . . .

"ဒါနဲ့ ဆရာကြီးရဲ့ ဇာတိမျိုးရိုးက ဘယ်လိုတုံး၊ ဘယ်လိုအမှုမျိုးနဲ့ တစ်သက်တစ်ကျွန်းကျရတာတုံး" ဟု မေးလိုက်ရာ ဦးဆိတ်ဖွားက . . .

"ငါ့ရဲ့ဇာတိပုညဂုဏ်မာနကို မေးတာလား၊ ငါ့ကို နှယ်နှယ်ရရပုဂ္ဂိုလ်ထဲက မထင်နဲ့နော်၊ ငါက ရာဇာမျိုးကွ၊ ဘယ်လိုရာဇာလဲ သိသလား" ဟု ပြောလိုက်လေ၏။

"မသိဘူး . . . ဘယ်လိုရာဇာလဲ ပြောပါဦး" ဟု တိုင်းကျော်က မေးလိုက်ရာ ဦးဆိတ်ဖွားက . . .

"သုဘရာဇာ" ဟု ပြန်၍ ဖြေလိုက်လေ၏။

"သုဘရာဇာ ဟုတ်လား" ဟု တိုင်းကျော်က အံ့ဩသောမျက်နှာဖြင့် ပြန်၍ မေးလိုက်လေ၏။

"ဟုတ်ပါတယ် ငါ့လူရ . . . သုဘရာဇာပါ၊ တောင်ငူနတ်ကြီးတံတားအနားက သင်္ချိုင်းကုန်းမှာနေတာ သုဘရာဇာဆိတ်ဖွားဆိုတာ ငါပေါ့၊ တစ်နေ့မှာ ငါ့ရဲ့သင်္ချိုင်းကုန်းကို ထူးဆန်းတဲ့ မသာတစ်လောင်း ရောက်လာတယ်၊ အဲ့ဒီမသာရဲ့ နာမည်က မောင်သံဟိတ်လို့ခေါ်တယ်၊ အဲ့ဒီမသာဟာ ငါလဲ ကျင်းတူးပြီး မြေမြှုပ်မယ်လုပ်ရော၊ အသက်ပြန်ပြီး ရှင်လာတယ်ဟေ့၊ အဲ့ဒါနဲ့ ငါက သူ့ကို မောင်သံဟိတ် နာမည်ကနေ "မြိုင်ရာဇာတာတေ" လို့ နာမည်ပြောင်းပေးလိုက်တယ်၊ ပြီးတော့ ဒီကောင်ကို လူသတ်မှု ကျူးလွန်တတ်အောင် ငါ သွေးထိုးပေးလိုက်တာ၊ ဒီကောင်လဲ လူသတ်မှုဖြစ်ပြီး ကြိုးစင်တက်သွားရတယ်၊ ငါလဲ ထောင်ကျရတယ်၊ ထောင်ကလွတ်တော့လဲ ဒီလိုပဲ သူများကိစ္စတွေမှာ ဝင်ပါနေရင်းကနေ အမှုတွေဆိုတာ မနည်းပါဘူးကွာ . . .၊ နောက်ဆုံးတော့ တစ်သက်တစ်ကျွန်းရောက်လာတယ်ဆိုပါတော့၊ ထောင်ထဲမှာတော့ ထောင်သားတွေက ကော ထောင်မှူး၊ ထောင်ပိုင်နှင့် ထောင်ဆရာဝန်တွေကပါ ငါ့ကို ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားလို့ ခေါ်ကြတယ်ကွ၊ မြန်မာပြည်မှာရှိတဲ့ ထောင်တွေအားလုံးမှာ ပရော်ဖက်ဆာဆိုရင် ငါ့ကိုခေါ်တယ်လို့ နားလည်ကြတယ်" . . . ဟု ဦးဆိတ်ဖွားက ပြောလိုက်ရာ တိုင်းကျော်က . . .

www.burmeseclassic.com


"ဟုတ်တယ်. . . ပရော်ဖက်ဆာလို့ပဲ ခေါ်မယ်၊ ဒါနဲ့ နေပါဦး၊ စောစောက မောင်သံဟိတ်ဆိုတဲ့ လူအကြောင်းက စိတ်ဝင်စားစရာပဲ ပြောစမ်းပါဦး" ဟု ဆိုလေ၏။

"အလုပ်လုပ်ရင်း ပြောကြတာပေါ့ကွာ" ဟုဆိုကာ ပရောဖက်ဆာ ဒေါက်တာဆိတ်ဖွား ခေါ်သည့် လူကြီးသည် တိုင်းကျော်အားခေါ်၍ သစ်ခုတ်ရန် တောထဲသို့ သွားလေ၏။

ထို့နောက် သစ်ပင်ခုတ်ရင်း ဖြတ်ရင်းနှင့် ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ခေါ် ဦးဆိတ်ဖွားက မောင်သံဟိတ်အကြောင်းကို ပြောပြလေ၏။

တိုင်းကျော်သည် စိတ်ဝင်စားစွာ နားထောင်ခဲ့လေသည်။

မှတ်ချက်။ ။မောင်သံဟိတ်၏အကြောင်းကို ဆားပုလင်းနှင်းမောင် နှင့် မြိုင်ရာဇာတာတေ စာအုပ်၌ ကျွန်ုပ်ရေးသားဖော်ပြခဲ့ပြီး ဖြစ်လေသည်။ အသေးစိတ်ဖတ်ရှုလိုသူများ ထိုစာအုပ်ကို ဖတ်ရှုကြပါကုန်။



www.burmeseclassic.com

www.burmeseclassic.com



## ကြိမ်းဝါးပြီ

တိုင်းကျော်သည် မိမိအဖြစ်ကို တွေးမိတိုင်း လွန်စွာ စိတ်နာမိလေတော့၏။ ထို့နောက် မိမိအသက်နှင့် ခန္ဓာကိုယ် အိုးစားမကွဲသေးပါက မိမိရန်သူများအပေါ်၌ လက်စားချေလိုစိတ်များလည်း တဖွားဖွားပေါ်ပေါက်လျက် ရှိလေတော့၏။ မည်သို့ မည်ပုံ လက်စားချေမည်ကိုလည်း တွေးတောမိလေ၏။

ထို့ကြောင့် သစ်ပင်ကြီးတစ်ပင်ကို ဆိတ်ဖွားကတစ်ဖက် ငှင်းကတစ်ဖက် ငါးမန်းလွှကြီးဖြင့် တရှိန်းရှိန်း တိုက်ဖြတ်နေရင်း အံကိုကြိတ်လိုက်လေ၏။

ထို့နောက် တောက်တစ်ချက်ခေါက်လိုက်ရာ တစ်ဖက်မှ ဆိတ်ဖွားက . . .

"ဟေ့ကောင်. . . တိုင်းကျော်၊ သူတို့ကို လက်စားချေတာက နောက်ကွ၊ ဒီက အလျင်လွတ်ဖို့ ကြိုးပမ်းရဦးမယ်" ဟု ပြောလိုက်ရာ တိုင်းကျော်သည် လွန်စွာ အံ့အား သင့်၍ သွားလေတော့၏။

"ကျုပ်စိတ်ထဲမှာ လက်စားချေချင်စိတ်တွေ ပေါ်နေတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာတုံး" ဟု မေးလိုက်လေ၏။

"မင်းရဲ့ တောက်ခေါက်သံက နေနှင့်ကြဦးပေါ့ကွာလို့ အဓိပ္ပာယ်ရတယ်" ဟု ဆိတ်ဖွားက ပြန်၍ပြောလိုက်လေ၏။

"ပရော်ဖက်ဆာကြီးပြောတာ မှန်ပါတယ်ဗျာ၊ ကျုပ်ကတော့ ဒီကောင်တွေကို လက်စားချေချင်တာပဲ၊ ဒီတော့ ကျွန်းပေါ်ကနေလွတ်အောင် ဘယ်လိုလုပ်မလဲ" ဟု တိုင်းကျော်က ပြန်၍မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"မင်းနဲ့ငါ လှေခိုးထွင်းမယ်လေကွာ၊ ရိက္ခာစုကြမယ်ကွာ၊ မိုးတွင်းကျတော့ ထွက်ပြေးကြဘာပေါ့၊ ပင်လယ်ထဲမှာ လှေမြှုပ်လို့ သေတော့လဲ ပြီးတာပေါ့ကွာ၊ မသေခဲ့လို့ရှိရင်တော့ မြန်မာပြည်ပြန်ရောက်ရင် နာမည်ပြောင်း ရုပ်ဖျက်ပြီးနေလိုက်ပေါ့၊ အဲဒီကျတော့ မင်းရဲ့မိတ်ဆွေဟောင်းတွေကိုရှာပြီး မင်းလုပ်ချင်တာ လုပ်ပေတော့၊ အဲဒီအထိတော့ ငါနဲ့မဆိုင်ဘူး၊ ငါနဲ့ဆိုင်တာက မင်းနဲ့ငါနဲ့ ပေါင်းပြီး ဒီသမုဒ္ဒရာကြီးကို ဖြတ်ဖို့ပဲ၊ မင်းသဘောတူမယ်ဆိုရင် ဒီနေ့ရက်ရာဇာပဲ၊ နက်ဖြန်မှ သဘောတူမယ် ဆိုရင်လဲ မနက်ဖြန်ဟာ ရက်ရာဇာ၊ တကယ်လို့ သန်ဘက်ခါမှ သဘောတူမယ်ဆိုရင်လဲ သန်ဘက်ခါကလဲ ရက်ရာဇာပဲကွ" ဟု ဆိတ်ဖွားက ပြောလိုက်ရာ တိုင်းကျော်က . . .

"ဘယ်လိုလဲဆရာကြီး၊ ခင်ဗျားဥစ္စာက ရက်ရာဇာချည်းပါပဲလား" ဟု မေးလိုက်လေ၏။

"ရာဇာလုပ်တဲ့ကိစ္စပဲကွာ၊ အမြဲတမ်းရက်ရာဇာချည်းပဲပေါ့၊ ငါဟာ သုဘရာဇာ တစ်ယောက်ဆိုတာ မင်းမေ့သွားပြီထင်တယ်" ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

ထိုအခါ တိုင်းကျော်သည် လှေကြီးတစ်စင်းကို ထွင်း၍ နှစ်ယောက်သား ထွက်ပြေးကြသည်ကို မျက်စိထဲ၌ မြင်ယောင်လာသည်အထိတွေးမိလေ၏။ ထို့နောက် ချောမောစွာ ကမ်းတစ်ဖက်သို့ ဆိုက်ကပ်သွားပုံကိုလည်း မြင်ယောင်လာပြန်၏။

ပြီးလျှင် ရုပ်ဖျက်၍ နာမည်ပြောင်းကာ မြို့ပေါ်၌လျှောက်၍သွားနေပုံကိုလည်း တွေးမိပြန်၏။

ထို့ကြောင့် . . .

"သိပ်ကို နေရာကျတာပဲ ဆရာကြီး၊ တွေးကြည့်တာနဲ့ ကျုပ်ဖြင့် အတော့်ကို ပျော်နေပြီဗျ၊ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ရောက်တာနဲ့ အဲဒီနေ့မှာကို ဗေဒင်ပုဏ္ဏား တစ်ယောက်ကိုခေါ်ပြီး နာမည်သစ်မှည့်ပစ်မယ်ဗျာ" ဟု တိုင်းကျော်က ပြောလိုက်ရာ ဆိတ်ဖွားက . . .

"မလုပ်နဲ့ကိုယ့်လူ မလုပ်နဲ့၊ နာမည်ပြောင်းတယ်ဆိုတာ စောစောပြောင်းထား ရတယ်၊ အနားကပ်ပြီးမှ ပြောင်းလိုက်ရင် ကိုယ်ပြောင်းထားတဲ့ နာမည်သစ်ကို ကိုယ်ကိုယ်တိုင်က မမှတ်မိဘူးကွ၊ အဲဒါကြောင့် စောစောကပြောင်းပါ ငါ့လူရေ" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ဒီလိုဆိုလဲ အခုကတည်းက နာမည်ပြောင်းမယ်ဗျာ၊ ဘယ်လိုနာမည်မျိုး ပြောင်းရပါလိမ့်" ဟု တိုင်းကျော်က ပြောလိုက်လေ၏။ ထိုအခါ ဆိတ်ဖွားက . . .

"ဒီကျွန်းကြီးဟာ တကယ်တော့သာယာလှပတဲ့ကျွန်းကြီးကွ၊ ငါတို့က အပြစ်ဒဏ် ကျခံရတဲ့လူတွေမို့ ဒီကျွန်းကြီးကို မုန်းနေကြတာ၊ အဲဒီလိုမဟုတ်ဘဲနဲ့ သင်္ဘောလေး တစ်စီးနဲ့ ပစ်ကနစ်ထွက်ဖို့လာခဲ့ကြတယ်ဆိုရင်တော့ ဒီကျွန်းကြီးရဲ့ သာယာပုံ၊ လှပပုံကို ခံစားနိုင်လိမ့်မယ်ကွ၊ ဒီကျွန်းကြီးမှာ မြရောင်စိမ်းစိုနေတဲ့ သစ်တောကြီးတွေရှိတယ်၊ စိုပြည်လန်းဆန်းတဲ့ မြက်ခင်းကြီးတွေရှိတယ်၊ တောပန်းတွေ ဝေဆာနေတယ်၊ တောငှက်တွေက တွန်ကျူးနေတယ်၊ စိမ်းပြာရောင် ပင်လယ်ကြီးက ပတ်ဝိုင်းထားတယ်၊ ဘယ်လောက်များ လှသလဲကွာ၊ ဒီကျွန်းကြီးဟာ ငါ့မျက်စိထဲမှာ ငါ့နှလုံးသားထဲမှာ ခံစားရတဲ့အတိုင်း နာမည်ပေးရရင် 'မြကျွန်းသာ' ကြီးပါကွာ၊ ဒီတော့ မင်းနာမည်ကိုလဲ အဲဒီ 'မြကျွန်းသာ' ကြီးနဲ့ ဆက်စပ်ပြီး ပေးရမှာ" ဟု ဆိတ်ဖွားက ပြောလိုက်ရာ တိုင်းကျော်က . . .

"လုပ်စမ်းပါဦး ဆရာကြီးရယ်" ဟု အလောတကြီး မေးလိုက်လေ၏။

"ဒီတော့ကွာ 'မြကျွန်းသာ' ဆိုတဲ့ စာလုံးသုံးလုံးထဲက အလယ်က ကျွန်းဆိုတဲ့ စာလုံးကိုဖြုတ်ပြီး 'မြသာ' ဆိုတဲ့ နာမည်ကို ယူမယ်ကွာ၊ ကိုင်း . . . ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင် သန္ဓေစင်သည် မည်တွင်သညာ ခေါ်စရာကား 'မောင်မြသာ' အသက်တစ်ရာ့နှစ်ဆယ်ကျော်ရှည်စေသော်" ဟူ၍ ဆိတ်ဖွားကပြောလိုက်ရာ တိုင်းကျော် သည် သဘောကျလွန်း၍ တဟားဟား ရယ်မောကာ . . .

"မောင်မြသာတဲ့ဟေ့၊ တစ်ရာ့နှစ်ဆယ်ကျော်တောင် ရှည်မယ်တဲ့ဟေ့၊ အဲ့ဒီလို များ အသက်တွေရှည်ရင်တော့ မြသာအကြောင်း ကောင်းကောင်းကြီး သိကြမယ်ဟေ့၊ ဟား ဟား ဟား ဟား ဟား . . .' ဟု အသံနက်ကြီးဖြင့် ကြိမ်းဝါးရယ်မောလိုက်ရာ ၎င်း၏အသံသည် ပဲ့တင်ထပ်သွားသည်ဖြစ်ရာ သစ်ပင်များပေါ်၌ နားနေကြသော ငှက်များပင် လန့်ဖျပ်၍ ပြိုင်တူထကာ ဝုန်းခနဲ ပျံတက်သွားကြလေတော့သတည်း။

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိအား မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း

တိုင်းကျော်တဖြစ်လဲမောင်မြသာသည် ၎င်း၏ဆရာကြီးဆိတ်ဖွားအား တစ်နေ့ထက် တစ်နေ့ တိုး၍တိုး၍ ကြည်ညိုလေတော့၏။ ဆိတ်ဖွားသည် ပင်ပန်းစရာကောင်းသော လုပ်ငန်းများကို ၎င်းကလုပ်ကိုင်၍ သက်သာသော လုပ်ငန်းများကိုမူ မောင်မြသာအား စေခိုင်းလေ၏။ အစားအသောက်စားရာ၌လည်း မောင်မြသာကို ဝအောင်စားစေလျက် ၎င်းကမူ လျှော့၍စားလေ၏။ အနားယူစရာရှိလျှင်လည်း မောင်မြသာကိုအနားယူစေ၍ မောင်မြသာ၏လုပ်ငန်းတာဝန်များကို ပြုလုပ်ဆောင်ရွက်ပေးလေ၏။ တစ်နေ့သ၌ ဆိတ်ဖွားက မောင်မြသာအား ရာဇဝင်နှင့်စပ်သောစကားများကို မေးမြန်း၏။

မောင်မြသာက . . .

"ကျောင်းတုန်းက သင်ဖူးပါရဲ့ဗျာ၊ အခုတော့ မေ့ကုန်ပြီ" ဟု ပြန်၍ပြောလေ၏။

တစ်ဖန် ဆိတ်ဖွားက ပထဝီဘာသာရပ်နှင့်ပတ်သက်သော အကြောင်းအရာများကို မေးပြန်ရာ မောင်မြသာက . . .

"ကျောင်းတုန်းက သင်ဖူးပါရဲ့ဗျာ၊ အခုတော့မေ့ကုန်ပြီ" ဟု ပြန်၍ပြောလေ၏။

ထို့နောက် ဆိတ်ဖွားက လောကဓာတ်ဘာသာနှင့်ပတ်သက်သော အကြောင်းအရာများကို မေးပြန်ရာ မောင်မြသာက . . .

www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းတုန်းက သင်ဖူးပါရဲ့ဗျာ၊ အခုတော့ မေ့ကုန်ပြီ" ဟု ဖြေလိုက်ရာ ဆိတ်ဖွားက . . .

"မင်းဥစ္စာကလဲ ကျောင်းတုန်းက သင်ဖူးတယ်၊ အခုတော့ မေ့ကုန်ပြီချည်း ပါပဲလား၊ မေ့ပစ်မယ့်ဟာပဲကွာ၊ ဘာဖြစ်လို့ သွားပြီးသင်ခဲ့ရတာတုံး" ဟု ပြန်၍ပြောလေ၏။ ထိုအခါ မောင်မြသာက ရယ်မော၍ . . .

"ဆရာဆိတ်ဖွား ပြောမယ်ဆိုရင်လဲပြောစရာပါပဲဗျာ၊ ကျုပ်ကလဲ အကုန်လုံးကို မေ့ပစ်တော့တာပါပဲ" ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဆိတ်ဖွားက . . .

"ဒီလိုကွ မောင်မြသာရ၊ မင်းကို ငါက ဖြစ်စေချင်တာက ကျွန်းက လွတ်ရုံ သက်သက်မဟုတ်ဘူး၊ လောကမှာ ကြီးကြီးပွားပွားနဲ့ လူတိုင်းလူတိုင်းက ဆရာကြီး၊ ဆရာကြီးဆိုပြီး ရိုသေခန့်ညားတဲ့ ဆရာကြီးတစ်ဆူ ဖြစ်စေချင်သေးတယ်၊ အခု မင်းဥစ္စာက ဘာမဆိုမေ့ပစ်ကုန်တဲ့ကောင်ဆိုတော့ ဆရာကြီးဖြစ်ဖို့ထားလို့ တပည့်ကြီးဖြစ်ဖို့တောင် မလွယ်လှဘူး၊ နောက်ပြီး မင်းမှာ သနားစရာကောင်းတဲ့ အချက်တစ်ချက် ရှိသေးတယ်၊ ကောလိပ်က ထွက်ပြီးကတည်းက မြို့အုပ်ကလေးရာထူးကို ဝင်လုပ်လိုက်တယ် ဆိုတော့ မင်းဟာ ဘာမှတတ်မယ့်ကောင်စားမျိုး မဟုတ်ပါဘူး၊ မင်းလိုပဲ ကောလိပ်ကထွက်ပြီး မြို့အုပ် ဝင်ပြီးလုပ်တဲ့ မောင်မင်းတင်ဆိုတဲ့ ကောင်လေး တစ်ယောက် ငါတွေ့ဖူးသေးတယ်၊ မင်းလိုပဲ ဘာမှမတတ်ဘူးကွ၊ ရှုးပေါ်ပေါ်နဲ့၊ အေး တစ်ခုတော့ရှိတယ်၊ ဒီပြင်နေရာသာမတတ်တာမောင်ရေ့ လာဘ်တော့ကောင်းကောင်း စားတတ်တယ်ကွ၊ ဒါပေမဲ့ သနားစရာ မောင်ရေ့၊ အဲဒီကောင်လေး မရှိရှာတော့ပါဘူး၊ လေဖြတ်လို့ သေရှာပြီကွ၊ ဒါတွေထားလိုက်ပါတော့ကွာ၊ အရေးကြီးဆုံးကတော့ မင်းကို ပညာသင်ပေးရမယ်၊ အဲဒီတော့ ကောလိပ်မှာ မင်းကျောင်းနေဖူးတယ်ဆိုတာတောင် မေ့ပစ်လိုက်တော့ကွာ၊ ဒီကနေ့ အသစ်ပြန်ပြီး စကြရအောင်" ဟု ပြောလိုက်လျှင် မောင်မြသာက . . .

"လုပ်ပါ ဆရာရယ် . . . လုပ်ပါ၊ ကျုပ်ကတော့ တပည့်ခံဖို့ အဆင်သင့်ပါပဲ" ဟု ပြန်၍ ပြောလိုက်လေ၏။

ထို့နောက်တွင် ၎င်းတို့နှစ်ဦးသည် ငါးမန်းလွှကြီးကို တစ်ယောက်တစ်ဘက် ကိုင်၍ သစ်ပင်ကြီးတစ်ပင်ကို တရှိုးရှိုးဖြတ်နေလေတော့၏။ ထို့နေ့အဖို့ မိုးချုပ်သည် တိုင်အောင် အလုပ်လုပ်ကြပြီးလျှင် အလုပ်သိမ်းကြလေ၏။ အလုပ်သိမ်းသောအခါ၌

www.burmeseclassic.com


ထမင်းဟင်းချက်ပြုတ် စားသောက်လေ၏။ ထိုသို့ ချက်ပြုတ်စားရင်း ဆိတ်ဖွားက မောင်မြသာအား ပညာသင်ကြားပေးလေ့ရှိလေ၏။

"ဒီလိုကွ မောင်မြသာရဲ့ လူတစ်ယောက်ဟာ နီတိကို ကောင်းကောင်းတတ်ရမယ်၊ ရောင်းရေးဝယ်တာ သင်္ချာအတတ်ကိုလဲ ကောင်းကောင်းတတ်ရမယ်၊ ယဉ်ကျေးမှုနဲ့ဆိုင်တဲ့အတတ်ကိုလဲ တတ်ရမယ်၊ ဆေးအတတ်ကိုလဲ တတ်ရမယ်၊ သတ်ပုတ်တဲ့အတတ်ကိုလဲ တတ်ရမယ်၊ မင်းကိုသင်ပေးရမှာပဲ၊ ဒါပေမဲ့ အဲဒါတွေတတ်ဖို့ဆိုတာက မှတ်ဉာဏ်ကောင်းဖို့လိုတယ်၊ မင်းကြည့်ရတာ မှတ်ဉာဏ်နည်းပုံရတယ်၊' ဒါကြောင့် ထမဆုံး မင်းကိုလေ့ကျင့်ပေးရမှာကတော့ မှတ်ဉာဏ်ကောင်းအောင်လေ့ကျင့်ပေးဖို့ပဲ" ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"လုပ်ပါ. . . ဆရာဆိတ်ဖွားရယ်" ဟု မောင်မြသာက ပြောလေ၏။

"ဒီလိုကွ၊ လူမှာက မှတ်မိတဲ့သဘောသုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးက ဘယ်လိုလဲဆိုတော့ တစ်ယောက်ယောက်က အစဖော်ပေးလိုက်ရင် မှတ်မိတယ်၊ နောက်တစ်မျိုးက ကိုယ့်ဟာကိုယ် တဖြည်းဖြည်း ပြန်စဉ်းစားရင် မှတ်မိတယ်၊ နောက်ဆုံးတစ်မျိုးကတော့ တစ်ခါသိထား တစ်ခါနားလည်ထားရင် ဘယ်တော့မှကို မမေ့တော့ဘူး၊ တစ်ခါတည်း မှတ်မိနေတယ်၊ အဲဒီသုံးမျိုးကို တစ်ခုစီ ရှင်းပြရဦးမယ်၊ ဥပမာ ဆိုပါတော့ကွာ၊ နှစ်ပေါင်းများစွာသိထားတဲ့ အကြောင်းအရာတစ်ခုကို ကိုယ့်ဟာကိုယ်စဉ်းစားရင် ဘယ်လိုနည်းနဲ့မှ မပေါ်ဘူး၊ တစ်ယောက်ယောက်ကနေပြီး . . . ဒီလိုလေဗျာ၊ အဲဒီတုန်းက ခင်ဗျားက ဘယ်လိုပြောတယ်မဟုတ်လား၊ အဲဒါနဲ့ ကျုပ်မိန်းမကတောင် ခင်ဗျားကို ဘယ်လိုပြန်ပြောလိုက်သေးတယ်လေ ဆိုပြီး အစဖော်ပေးလိုက်ရင် မေ့နေတဲ့လူဟာ ပြန်သတိရပြီး၊ ဩော် ဂကျုပ်သိပြီ သိပြီဆိုပြီး အကြောင်းအရာတစ်ခုလုံးကိုဖြစ်စေ၊ အဖြစ်အပျက်တစ်ခုလုံးကိုဖြစ်စေ အခုကို ဖြစ်နေတဲ့အတိုင်း ပြန်ပြီးမှတ်မိသွားတာမျိုးကို တွေ့ဖူးကြုံဖူးတယ် မဟုတ်လား၊ အဲဒါတွေက တစ်ယောက်ယောက်က အစဖော်ပေးမှ မှတ်မိတဲ့ မှတ်မိခြင်းမျိုးဖြစ်တယ်၊ ဒုတိယတစ်မျိုးကတော့ ငယ်ငယ်တုန်းက ကျက်မှတ်မိဖူးတဲ့ စာတွေဆိုပါစို့၊ ဒီအတိုင်းဆိုရင် မေ့နေတယ်၊ တဖြည်းဖြည်းချင်း ကိုယ့်ဟာကိုယ် ပြန်ပြီး စဉ်းစားတဲ့အခါမှာ ပြန်ပြီးသတိရလာတယ်၊ ဥပမာ သီချင်းတွေကျက်ထားတယ်ဆိုပါစို့ ဒီအတိုင်းဆို မေ့နေတာပဲ၊ တဖြည်းဖြည်း ပြန်ပြီးစဉ်းစားလိုက်ရင် ပြန်ပြီးပေါ်လာတယ်၊ နောက်ဆုံးတစ်မျိုးကတော့ တစ်ခါသိဖူး၊ တစ်ခါနားလည်ဖူး၊ တစ်ခါတတ်ကျွမ်းဖူးရင်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှမမေ့တဲ့ဥစ္စာပဲ၊ ဥပမာ စက်ဘီးစီးတဲ့အတတ်တို့၊ ရေကူးတဲ့အတတ်တို့လို ဟာမျိုးတွေပေါ့၊ မေ့ကုန်တယ်လို့ကိုမရှိဘူး၊ ဘယ်လောက်ပစ်ထားပစ်ထား ပြန်ပြီး လုပ်လိုက်တဲ့အခါမှာ ရတာပဲ၊ အဲ့ဒီတော့ သုံးမျိုးသုံးစား မှတ်မိတယ်ဆိုတာကိုတော့ နားလည်ပြီ မဟုတ်လား၊ ဒါနဲ့ပတ်သက်လို့ ငါ့အနေနဲ့ ပြောချင်တာတစ်ခုရှိတယ်၊ လောကဓာတ်ဆရာတွေကတော့ . . . ဦးနှောက်က မှတ်တယ်လို့ ဆိုကြလိမ့်မယ်၊ ငါ့အယူအဆကတော့ ဦးနှောက်က မှတ်တာမဟုတ်ဘူး၊ မှတ်သားခြင်းဟာ ဦးနှောက်နဲ့ မဆိုင်ဘူး၊ ဘယ်ကမှတ်တယ်လို့တော့ ငါလဲ အတိအကျမပြောနိုင်ဘူး၊ မှတ်နိုင်စရာ တစ်ခုက မှတ်ထားတယ်လို့ပဲ အတိုချုပ်မှတ်ထားကွာ၊ အဲဒီမှတ်နိုင်စရာတစ်ခုဆိုတာကို ငါမသိတာတော့ မဟုတ်ဘူး၊ ငါ့အနေနဲ့တော့ သိပါတယ်၊ ဒါပေမဲ့ မင်းကို ရှင်းပြဖို့ ခက်နေတယ်၊ အဲဒီတော့ . . . မှတ်တယ်ဆိုတာ မှတ်နိုင်တာတစ်ခုက မှတ်ထားတယ်၊ ဦးနှောက်က မဟုတ်ဘူး၊ ဒါပဲ၊ ပုရွက်ဆိတ်ကလေးတွေကို ကြည့်စမ်း၊ သူတို့အိမ်ကလေး တွေကို သူတို့ ပြန်တတ်တယ်ဆိုတဲ့ အရာဝတ္ထုတွေကို သူတို့သိတယ်၊ ဆိုလိုတာကတော့ မှတ်မိတယ်ပေါ့ကွာ၊ ဒါပေမဲ့ သူတို့မှာ ဦးနှောက်မရှိပါဘူး၊ ဦးနှောက်ရှိမှမှတ်ရမယ်ဆိုရင် ပုရွက်ဆိတ်ဟာ အိမ်ပြန်တတ်တော့မှာ မဟုတ်ဘူး . . . ကဲပါကွာ၊ အခု ငါပြောတဲ့ သုံးမျိုးကို သဘောပေါက်ပြီမဟုတ်လား မောင်မြသာ” ဟု ဆိတ်ဖွားက ပြောလိုက်ရာ မောင်မြသာက . . .

“မှတ်မိပါပြီဆရာသမား”ဟု ရိုသေစွာပြန်၍ဖြေရင်း ထမင်းအိုးကို ဝါးယောက်မ ဖြင့် မွှေလိုက်လေတော့၏။

ထို့နောက် ဆိတ်ဖွားက . . .

“မှတ်မိနိုင်ခြင်းသုံးမျိုးကို ပြောပြီးတဲ့အခါမှာ မှတ်နည်းသုံးမျိုးကို ပြောပြရဦး မယ်ကွ၊ မှတ်နည်းသုံးမျိုးကတော့ အတည့်မှတ်နည်း၊ ပြောင်းပြန်မှတ်နည်း၊ ဆက်စပ် မှတ်နည်းရယ်လို့ သုံးမျိုးရှိတယ်ကွ၊ အတည့်မှတ်နည်းဆိုတာက တူတာကိုပေါင်းပြီး မှတ်တာပေါ့ကွာ၊ အသားဖြူတဲ့ မောင်ဖြူနဲ့ သူ့လိုပဲ အသားဖြူတဲ့ မောင်ဘကို တွဲပြီး မှတ်တာမျိုးပေါ့၊ ပြောင်းပြန်မှတ်နည်းကတော့ အသားဖြူတဲ့မောင်ဖြူကို အသားမည်းတဲ့ မောင်မည်းနဲ့တွဲပြီး မှတ်တာမျိုးပေါ့၊ ဆက်စပ်ပြီး မှတ်တာကတော့ အကြောင်းအရာ နှစ်ခုကို ဆက်စပ်ပြီး မှတ်တာမျိုး” ဟု ပြောလိုက်ရာ မောင်မြသာက . . .

အဲဒီနောက်ဆုံးမျိုးကို ကျွန်တော်နားမလည်ဘူးဆရာသမား” ဟုပြောလိုက်ရာ ဆိတ်ဖွားက . . .

www.burmeseclassic.com

"တစ်ခါက လူတစ်ယောက်ရှိတယ်ကွ၊ အဲဒီလူက သိပ်ပြီးမြင်းလောင်းတယ်၊ သူ့မိန်းမကလဲ အဲဒီလို မြင်းလောင်းတာကို နည်းနည်းမှ မကြိုက်ဘူး၊ မကြိုက်တာကလဲ မြင်းပွဲမှာ ငွေကုန်လို့ မကြိုက်တာမျိုး မဟုတ်ဘူး၊ သူ့ယောကျ်ားက မြင်းပွဲမှာချည်း စိတ်က ရောက်နေလေတော့ သူ့အပေါ်မှာ စိတ်မဝင်စားဘူးမဟုတ်လား၊ အဲဒါကို မကြိုက်တာ၊ အဲဒါကလဲ မြင်းပွဲမှာ ပိုက်ဆံတွေ ရှုံးပစ်တာထက် အရေးကြီးတဲ့ကိစ္စမျိုး မဟုတ်လားကွ . . .၊ အဲဒီတော့ အဲဒီတော့ မကြာခဏ လင်မယားချင်းစကားများတယ်၊ နောက်ဆုံးမှာ သူ့ယောကျ်ားဟာ သူ့ကိုစိတ်မဝင်စားဘူး ဆိုတဲ့ အကြောင်းပြချက်နဲ့ ရုံးတော်မှာ ကွာရှင်းခွင့်တောင်းတယ်၊ တရားသူကြီးက အဲဒီအမှုကို စစ်ဆေးတယ်၊ ဘယ်လိုစစ်ဆေးသလဲဆိုတော့ "မောင်မင်းမိန်းမက သူ့ကို မောင်မင်းက စိတ်မဝင်စားဘူး၊ ဒါကြောင့် ကွာရှင်းခွင့်ပေးပါလို့ ရုံးတော်မှာလျှောက်ထားတယ်၊ အဲဒါ ဟုတ်ပါသလား" လို့ တရားသူကြီးက မေးလိုက်တယ်၊ အဲဒီအခါမှာ အဲဒီလူက မဟုတ်ပါဘူး တရားသူကြီးမင်း၊ ကျွန်တော့်မိန်းမက လိမ်လည်ပြီး တိုင်ကြားခြင်းဖြစ်ပါတယ်" လို့ ပြောတာကိုး။ အဲဒီတော့ တရားသူကြီးက ဒီလိုဆို မောင်မင်းကို မေးမယ်၊ မိန်းမကို စိတ်ဝင်စားတယ် မဝင်စားဘူးဆိုတာ ဒီမေးခွန်းမေးလိုက်ရင်သိသာပါတယ်၊ အဲဒီတော့ မောင်မင်းဖြေစမ်း၊ မောင်မင်းမိန်းမနဲ့ မောင်မင်း မင်္ဂလာဆောင်တဲ့ရက်ဟာ ဘယ်ရက်လဲ" လို့ တရားသူကြီးက မေးလိုက်တယ်။ တစ်ရုံးလုံးကလဲ ငြိမ်ပြီး ဘာများဖြေမလဲလို့ နားထောင်နေကြတယ်၊ အဲဒီတော့ မြင်းပွဲကိုဝါသနာပါတဲ့အဲဒီလူက ဘယ်လိုဖြေလိုက်သလဲဆိုတော့ 'မှတ်မိပါတယ် တရားသူကြီးမင်း၊ အဲဒီနေ့က ကျွန်တော်တွဲပွဲရုံးတဲ့နေ့ပဲ၊ ဖေးဘရိတ်မြင်းတွေအားလုံး ပက်လက်လန်ပြီး၊ ဘူကောင်မြင်းဖြစ်တဲ့ ငွေနက်ကျော် ပန်းဝင်တဲ့နေ့ပါ" လို့ ဖြေလိုက်တာကိုး၊ အဲဒီလူ့အဖြေကြောင့် ရုံးပေါ်ကလူတွေလဲ 'ဝေါခနဲ' ပွဲကျသွားအယ်၊ ဣန္ဒြေအင်မတန်ကြီးတဲ့ တရားသူကြီးမင်းတောင် ပြုံးစိစိ ဖြစ်သွားတယ်" ဟု ပြောလိုက်ရာ မောင်မြသာသည် သဘောကျလွန်း၍ တခစ်ခစ် ရယ်၍ နေလေ၏။ ထိုသို့ ရယ်ပြီးနောက် . . .

"ကြံကြံဖန်ဖန် ဆရာကြီးရယ်" ဟု ပြောလိုက်၏။

"အေး . . . ဆက်စပ်ပြီးမှတ်တဲ့နည်းဟာ အဲ့ဒီလိုပဲ ကြံကြံဖန်ဖန်ဆက်စပ်ပြီး မှတ်ရတယ်ကွ၊ ဒါကြောင့် . . . မှတ်နည်းသုံးမျိုးကို အလကားလေး လုပ်ထားတယ် အဲ့ဒါကလေးကို အလွတ်ကျက်ထားပေါ့ကွာ -

www.burmeseclassic.com

www.burmeseclassic.com

အတည့် ပြောင်းပြန်

ဆက်စပ်ဟန်

မှတ်ရန်နည်းသုံးနည်း" ဟူ၍ ဆိတ်ဖွားက ရှုတ်ဆိုပြလိုက်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ထမင်းကျက်သော အခါ၌ ထမင်းစားကြလေ၏။ ထမင်းစားရင်းနှင့်လည်း ဆိတ်ဖွားက မှတ်ဉာဏ်နှင့်ပတ်သက်သော လေ့ကျင့်ခန်းများကို မောင်မြသာအား သင်ကြားပို့ချလေ၏။

"ဒီလို မောင်မြသာရဲ့၊ ငါတို့ဘုရားရှဲသာသနာမှာ မှတ်ဉာဏ်အလွန်ကောင်းတဲ့ ရဟန်းတစ်ပါးရှိတယ်၊ အဲ့ဒီရဟန်းကို ဘုရားသခင်ကိုယ်တိုင်က မှတ်ဉာဏ်ကောင်းတဲ့ အတွက် 'သတိမန္တတေဒဂ်' ပေးတော်မူတယ်၊ ကမ္ဘာပေါ်မှာလဲ မှတ်ဉာဏ်ကောင်းတဲ့ လူတွေ အများကြီးပဲကွယ့်၊ ပင်ကိုက မှတ်ဉာဏ်ကောင်းတဲ့ လူအတွက်တော့ မလိုဘူး ပေါ့ကွာ၊ ဒါပေမဲ့ မင်းတို့လို မှတ်ဉာဏ်မကောင်းတဲ့ လူတွေကတော့ မှတ်ဉာဏ်ကောင်း လေ့ကျင့်ခန်းတွေ အများကြီးလိုတယ်၊ အဲ့ဒါကဘာလဲဆိုတော့ မှတ်မိအောင် မှတ်ဉာဏ် ငါးမျှားချိတ်တွေ၊ အင်္ဂလိပ်လိုတော့ မင်တယ်(လ်)ဟု(စ်)လို့ ခေါ်တာပေါ့ကွာ။

ဒီချိတ်တွေ လုပ်ထားရတယ်။

"အဲဒီချိတ်တွေက မေ့သွားမယ့်ဟာတွေကို ပြန်ပြီးချိတ်ဆွဲယူတဲ့ သဘော အဲဒါကဘာယ်လိုလုပ်ရသလဲဆိုတော့ တစ် နှစ် သုံး လေးဂဏန်းတွေကို သင်္ကေတ လုပ်ပြီး မှတ်ထားတဲ့သဘောပဲ၊ အဲဒီသင်္ကေတတွေက ခုနှစ်သက္ကရာဇ်တွေ၊ နေ့ရက်တွေ အရေအတွက်တွေ အကုန်လုံးဖြစ်ကုန်တော့တာပဲ၊ အဲဒီတော့ မင်းအတွက် ကိုယ်ပိုင် ချိတ်တွေ လုပ်ပေးမယ်"

မောင်မြသာသည် ဆိတ်ဖွားပြောသည်ကို သေချာစွာ မှတ်သားလေ၏။ ထို့နောက် ဆိတ်ဖွားက . . .

"ကဲ မင်းကို ငါမေးမယ်၊ မနက် အိပ်ရာက ထထချင်း ဘာလုပ်သလဲ" ဟု မေးလိုက်လေ၏။

"ဆရာသမားကလဲဗျာ၊ သွားတိုက် မျက်နှာသစ်တာပေါ့" ဟု မောင်မြသာက ဖြေလိုက်လေ၏။

"အေး ကောင်းပြီ၊ သွားတိုက်တော့ ဘာနဲ့တိုက်သလဲ" ဟု ဆိတ်ဖွားက မေး လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟာ ဆရာလဲ မီးသွေးနဲ့တိုက်နေတာ မြင်လျက်သားနဲ့" ဟု မောင်မြသာက ဖြေလေ၏။

"အေး ကောင်းပြီ၊ မီးသွေးဘယ်နှခဲလဲ" ဟု ဆိတ်ဖွားက မေးလိုက်လေ၏။

"ဘယ်နှခဲဖြစ်ရမှာလဲ ဆရာရဲ့၊ တစ်ခဲပေါ့၊ နှစ်ခဲပူးကြီး တိုက်လို့မှ မရတာ" ဟု မောင်မြသာက ပြောလေ၏။

"အေး ကောင်းပြီ၊ တစ်လို့ဆိုတာနဲ့ မီးသွေးလို့ မှင်းရဲ့အာရုံထဲမှာမြင်ပေတော့၊ မမြင်ရင်လဲ မြင်အောင်လေ့ကျင့်ထား၊ တစ်ဆိုတာ မီးသွေး၊ မီးသွေးဆိုတာ တစ် ဒါပဲ" ဟု ဆိတ်ဖွားက ပြောလေ၏။

"ဆရာဟာ အဆန်းပါပဲလား" ဟု မောင်မြသာက ပြောလေ၏။ ထို့နောက် ဆိတ်ဖွားက . . .

"သွားတိုက်ပြီးတော့ ဘာလုပ်သလဲ" ဟု မေးလိုက်လေ၏။

"သွားတိုက်ပြီးတော့ . . . ဘာလုပ်ရမှာလဲ၊ မျက်နှာသစ်တာပေါ့ဗျာ" ဟု မောင်မြသာက ပြောလေ၏။

"မျက်နှာသစ်တာ ဘာနဲ့သစ်သလဲ" ဟု ဆိတ်ဖွားက မေးပြန်လေ၏။

"မျက်နှာသစ်တာ ရေနဲ့သစ်တာပေါ့" ဟု မောင်မြသာက ဖြေလေ၏။

"ရေကို ဘာနဲ့ခပ်သလဲ" ဟု ဆိတ်ဖွားက မေးပြန်လေ၏။

"ရေကို ခွက်နဲ့ ခပ်တာပေါ့ဗျ" ဟု မောင်မြသာက ပြန်၍ ဖြေလေ၏။

"ကောင်းပြီ၊ ရေခွက်ဟာ ရေခပ်တဲ့အခါမှာ ဖော့ပြီး ခပ်သလား၊ နှစ်ပြီး ခပ်ရသလား" ဟု ဆိတ်ဖွားက မေးပြန်လေ၏။

"ဟာဗျာ နှစ်ပြီး ခပ်ရတာပေါ့" ဟု မောင်မြသာက ပြန်၍ ဖြေလေ၏။

"အေး ကောင်းပြီ၊ နှစ်ဟာ ရေခွက်ပဲ၊ ကောင်းကောင်းမှတ်ထား၊ ရေခွက်ဆိုတာနဲ့ 'နှစ်' လို့ တစ်ခါတည်း နားလည်ထားပေတော့ ကြားလား" ဟု ဆိတ်ဖွားက ပြောလေ၏။

ဤသို့နှင့်ပင် ဆိတ်ဖွားသည် မောင်မြသာအတွက် မှတ်ဉာဏ်ချိတ်ပေါင်း တစ်ရာကျော်ကို လေ့ကျင့်ပေးခဲ့လေ၏။ တစ်လမပြည့်မီ၌ပင် မောင်မြသာ၏ မှတ်ဉာဏ်သည် ကောင်းစွာတိုးတက်ခဲ့လေ၏။

တစ်နေ့သ၌ ဆိတ်ဖွားက မောင်မြသာအား မှတ်ဉာဏ်ကို စမ်းသပ်လိုသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

"မောင်မြသာရယ်၊ ငါ့ရဲ့ ကျွန်းသားနံပါတ်ကြီး ပျောက်သွားတယ်ကွာ၊ ငါလဲ မမှတ်မိတော့ဘူး" ဟု ညည်းညူလိုက်ရာ မောင်မြသာက . . .

"ဟာ ဆရာကလဲ ဆရာ့နံပါတ်က ဇာရာဏာသီလေ" ဟု ပြောလေ၏။

"ဇာရာဏာသီမှာတောင် သွားရှာရမှာလား" ဟု ဆိတ်ဖွားက မေးလိုက်ရာ မောင်မြသာက . . .

"ဘယ်ကလာ ဟုတ်ရမှာတုံး၊ ဆရာလုပ်ပေးထားတဲ့ ချိတ်တွေလေ၊ ဇာရာဏာသီ ဆိုတာက ၅၈၉၆ ပေါ့ ဆရာရယ်" ဟု ပြောလေ၏။

ထိုအခါ ဆိတ်ဖွားက . . .

"ဒီလိုဆိုရင် ကျွန်းသားလှဖေရောကွာ" ဟု မေးလိုက်၏။

"လှဖေက ဂျူဗလီဟောပါ ဆရာရယ်" ဟု မောင်မြသာက ဖြေလေ၏။

"သာတင့်ကောကွာ" ဟု ဆိတ်ဖွားက မေးပြန်ရာ . . .

"သာတင့်က 'မံအူမလယ်' ပါ ဆရာရယ်" ဟု ပြန်၍ဖြေရုံမျှမက မောင်မြသာ သည် -

ဂနီက သဘော်ကြက်ဆူ
မောင်မူက အူ အနာပေါက်
မောင်ပေါက်က ထောက်ကြံ့နှစ်ပင်
ဘခင်က ကြင်နာသူပါ

မောင်ပါက ပဲပလာတာ စသည်ဖြင့် ကျွန်းသားပေါင်း ငါးဆယ်ကျော်၏ နံပါတ်ကို အလွတ်ဆိုပြလေတော့၏။

ထိုအခါ ဆိတ်ဖွားက . . .

"မင်းအခု အလွတ်ရသလို ကျွန်းမင်းကြီးရုံးက စာရေးကြီးလဲ အလွတ်မရဘူး ကျွန်းမင်းကြီးလဲ အလွတ်မရဘူး . . .၊ ဒီတစ်ကျွန်းလုံးမှာ မင်းတစ်ယောက်တည်းပဲ ရှိလိမ့်မယ်" ဟု ပြောလေတော့၏။

ထို့နောက် ဆိတ်ဖွားသည် မောင်မြသာအား လက်ဆစ်တွက်ခြင်းအတတ်၊ သချာအတတ်တို့ကို သင်ကြားပေးလေ၏။ ထို့နောက် ရာဇဝင်အတတ်၊ နီတိအတတ်၊ နက္ခတ်အတတ်တို့ကို သင်ကြား၏။ ထို့ပြင် လက်ဝှေ့အတတ်၊ သိုင်းအတတ်တို့ကို ဖြတ်လမ်းနည်းဖြင့် သင်ကြားလေ့ကျင့်ပေးခဲ့ပြန်၏။ ထို့သို့သင်ကြားပေးခဲ့ရာ တစ်နှစ်တာ အချိန်သို့ ရောက်ရှိခဲ့လေတော့၏။ ထိုအခါ၌ မောင်မြသာက . . .

www.burmeseclassic.com

www.burmeseclassic.com


"ဆရာကိုဆိတ်ဖွားနဲ့နေလိုက်ရတဲ့ တစ်နှစ်တာဟာ . . . ကျွန်တော့်အတွက် အလွန်ကိုအဖိုးတန်တဲ့အချိန်ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပညာဗဟုသုတတွေအများကြီး ရခဲ့တယ်၊ ဒါကြောင့်လဲ **ပဏ္ဍိတာနဉ္စ သေဝနာ** ပညာရှိနဲ့ မှီဝဲဆည်းကပ်ရခြင်းသည် လည်းကောင်း လို့ မင်္ဂလသုတ်မှာ ဆိုထားတာကိုး" ဟု ပြောလေတော့၏။

"ပညာရှိနဲ့ မှီဝဲဆည်းကပ်ပြီးရင် ပင်လယ်သမုဒ္ဒရာကြီးနဲ့ မှီဝဲဆည်းကပ်ကြဦး စို့ကွယ်၊ ပထမအလုပ်ကတော့ မြေကျင်းကြီးတူးမယ်၊ အဲဒီအထဲမှာ သစ်လုံးကြီးတစ်လုံး သွင်းထားမယ်၊ လူလစ်ရင် မြေကျင်းထဲဆင်းပြီး လှေထွင်းမယ်။ ငါတို့နှစ်ယောက် တစ်နှစ်လုံး စုဆောင်းလာတဲ့ ရိက္ခာတွေကလဲ မနည်းဘူး ရှိနေမှာပဲ" ဆိတ်ဖွားက ပြန်၍ပြောလေတော့၏။

ထို့နောက်တွင်ကား ၎င်းတို့နှစ်ဦးသည် သိုသိပ်စွာနှင့် မြေကျင်းကြီးကို တူးလေ၏။ မြေစာများကို နည်းနည်းချင်း ပင်လယ်ထဲသို့ ချလေ၏။ ထို့နောက် ၎င်းတို့သည် သစ်လုံးကြီးတစ်လုံးကို မြေကျင်းထဲသို့ထည့်ကာ လှေကြီးတစ်စင်း ဖြစ်သည် အထိ တဖြည်းဖြည်းချင်း ထွင်းကြလေတော့၏။

ခြောက်လခန့်ကြာသောအခါ၌ မြေကျင်းထဲမှ သစ်လုံးကြီးသည် လှေကြီးဖြစ်၍ သွားလေတော့၏။

"ဆရာသမား၊ လှေကြီးတစ်စင်းတော့ ဖြစ်သွားပြီ၊ လှေရဲ့ရာဇတိုင်မှာ ယိုးဒယား ကနုတ်ပန်းလေး အလှအပ ထွင်းလိုက်ချင်သေးတယ်" ဟု မောင်မြသာက ပြောရာ ဆိတ်ဖွားက . . .

မလုပ်ပါနဲ့ ငါ့လူရာ၊ အလှအပ မလိုပါဘူးကွာ၊ လိုရာခရီးကို ရောက်ဖို့သာ ပဓာနပါကွာ" ဟု ပြောလေ၏။

ထို့နောက်၎င်းတို့နှစ်ဦးသည် မိုးဦးကျအချိန်ထိစောင့်မျှော်နေကြလေ၏။ ထိုသို့ စောင့်မျှော်ရင်း၌လည်း ၎င်းတို့သည် ရိက္ခာကို ဆက်လက်စုဆောင်းကြ၏။ ဆိတ်ဖွားက မောင်မြသာအား နီတိများကို ဆက်လက်၍ သင်ကြားပေးလေ၏။ ဆိတ်ဖွားက မောင်မြသာအား နှုတ်တိုက်ချ၍ပေးသော နီတိပေါင်းများစွာရှိ၏။

"မောင်မြသာ၊ မင်းကို ငါ သင်ပေးခဲ့တာ နီတိပေါင်း သုံးသောင်းကျော်ပြီ၊ အခုထပ်ပြီးသင်ပေးမယ့်နီတိကတော့ တမီလ်လူမျိုးတို့ရဲ့ နီတိဖြစ်တယ်၊ အဲဒီနီတိကျမ်း ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က တမီလ်ဘာသာနဲ့ ရေးထားခဲ့တာ ဖြစ်တယ်၊ အဲဒီနီတိကျမ်းရဲ့နာမည်က 'သိဂုကုရယ်လ်' လို့ ခေါ်တယ်၊ အဲဒီကျမ်းကို ရေးခဲ့တဲ့ ပညာရှိကတော့ အိန္ဒိယပြည်တောင်ပိုင်း မဒရပ်နယ်မှာရှိနေတဲ့ ထေရုဗလုဗာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ပညာရှိပဲ၊ အဲဒီနီတိကျမ်းမှာက ဂုဏ်၊ ပြည့်စုံခြင်း၊ ချစ်ခြင်းမေတ္တာဆိုပြီး အပိုင်းကြီး သုံးပိုင်းခွဲထားတယ်၊ နီတိပေါင်း ထောင့်သုံးရာသုံးဆယ်ရှိတယ်၊ ပထမဆုံးသင်ရမယ့် နီတိကတော့ သူတစ်ပါးရဲ့စိတ်ကိုသိခြင်း ဆိုတဲ့ ခေါင်းစဉ်အောက်က နီတိတွေပဲ၊ အဲဒါက ဘာလဲဆိုတော့ . . .

"တစ်ပါးသူရဲ့စိတ်၌ မည်သို့မည်ပုံရှိသည်ကို မပြောဘဲ သိနိုင်သူအား နတ်ကဲ့သို့ ရှိသေကိုင်းရှိုင်းသင့်၏ တဲ့ကွ၊ အဲဒီတော့ သူတစ်ပါးရဲ့အတွင်းစိတ်ကို သိအောင် လေ့လာဖို့ဟာ ဘယ်လောက်အရေးကြီးသလဲ၊ မျက်စီအစုံနဲ့ သူတစ်ပါးရဲ့စိတ်ကို ထိုးထွင်းပြီး မသိနိုင်ဘူးဆိုရင် အဲ့ဒီမျက်စိဟာ ဘယ်နေရာမှာအသုံးကျတော့မှာလဲကွ၊ ဒီနီတိနှစ်ခုဟာ ဆက်သွယ်မှုရှိတယ်၊ တစ်ခုက သူတစ်ပါးရဲ့အတွင်းစိတ်ကို သိဖို့ ပြောထားတယ်၊ ကျန်တစ်ခုက အဲဒီလိုသိဖို့ မျက်စိကိုပဲ အသုံးချရမယ် လို့ ညွှန်ပြထားပြန်တယ်၊ ဟောကြည့်ဦး၊ နောက်တစ်ခုက မှန်သည် အနီးရှိအရာဝတ္ထုများရဲ့အရိပ်ကို ထင်နိုင်ဘိ သကဲ့သို့ စိတ်တွင်း၌ မည်သို့မည်ပုံရှိနေသည်ကို မျက်နှာ၌ အရိပ်ထင်လေ၏တဲ့၊ ကဲ အဲဒီတော့ မျက်နှာကို ပထမ အကဲခတ်ရမယ်လို့ ဆိုပြန်တယ်၊ မျက်နှာကဲ့သို့ သိမှတ်ဖွယ် ရာများ ပြည့်လျှံနေသည့်အရာသည် အဘယ်မှာရှိအံ့နည်း၊ မျက်နှာသည် စိတ်၏ရှေ့ပြေး နိမိတ် ဖြစ်၏။ မျက်နှာသည် စိတ်၏ရွှင်လန်းမှု၊ အမျက်ထွက်မှုကို အကဲခတ်နိုင်၏ လို့ ထပ်ပြီးဆိုပြန်တယ်၊ မှူးမတ်တို့သည် ဘုရင်၏မျက်နှာကိုမြင်ရုံနှင့် ဘုရင်၏အတွင်းစိတ် ကို သိပါက ထိုမှူးမတ်တို့သည် မခန်းခြောက်သော ပင်လယ်ကြီးနှင့် တူသတဲ့ကွ၊ မျက်စိကလေးတစ်ချက် လှုပ်ရှားသည်ကို အကဲခတ်နိုင်သော မှူးမတ်များရရှိထားသည့် ဘုရင်အား အခြားသောဘုရင်တို့က ရှိသေခန့်ညားကြရတယ်တဲ့ကွ၊ အဲဒီတော့ မျက်နှာ ကို အကဲခတ် ဆိုတဲ့နေရာမှာ မျက်စိကို ပိုပြီး အကဲခတ်လို့ ပြောတာပေါ့ကွာ" ဟု ဆိတ်ဖွားက ရှေးဟောင်းတမီလ်လူမျိုး နီတိတစ်ထောင်ကျော်ကို စတင်၍ ဖွင့်ဆို သင်ကြားပေးလေတော့၏။

◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com



## တိုင်းကျော်တို့ ဆရာတပည့် ပြေးကြပြီ

တိုင်းကျော်ခေါ် မြသာနှင့် ဆိတ်ဖွားတို့သည် ကျွန်းမှ ထွက်ပြေးကြရန်အတွက် လှေတစ်စီးကို ခိုး၍ထွင်းခဲ့ကြလေ၏။ ထို့အပြင် ရိက္ခာကိုလည်း စုဆောင်းခဲ့ကြလေ၏။ ထိုသို့ပြုလုပ်၍ အဆင်သင့်ဖြစ်သောအခါ မိုးတွင်းအချိန်ကို စောင့်ကြလေ၏။ မိုးအခါ၌ ကျွန်းပုလိပ်များသည် အစောင့်အနေနည်းကြလေ၏။ မိုးအခါ ညတည၌ တိုင်းကျော်နှင့် ဆိတ်ဖွားတို့သည် ၎င်းတို့၏လှေကြီးကို ရေသို့ချကာ ကျွန်းမှ ထွက်ပြေးကြလေတော့၏။

ထိုသို့မပြေးမီ၌လည်း ဆိတ်ဖွားသည် တောဆိတ်တစ်ကောင်ကို သတ်ကာ ၎င်းတို့၏ အဝတ်အစားဟောင်းများကို တောဆိတ်၏သွေးများဖြင့် လိမ်းကျံ၍ ရေစပ်၌ ထားခဲ့လေ၏။

ထို့ကြောင့် ကျွန်းပုလိပ်များက ကျွန်းသားနှစ်ယောက်သည် ရေစပ်သို့အသွား၌ မိကျောင်းစားခံရကြောင်း ယူဆ၍ ကျွန်းမင်းကြီးထံ အဆင့်ဆင့်အစီရင်ခံလိုက်သည် ဖြစ်ရာ ကျွန်းမင်းကြီးကိုယ်တိုင် စစ်ဆေးကြည့်ရှုပြီးနောက် တိုင်းကျော်ခေါ် မြသာနှင့် တိုဆိတ်ဖွား၏အမည်ကို ကျွန်းစာရင်းတွင် မင်နီတား၍ ဖျက်ပစ်လိုက်လေတော့၏။

၎င်းတို့သည်လှေငယ်ကလေးဖြင့် ပင်လယ်ကို၊ သမုဒ္ဒရာကြီးကို အကြောက် အလန့် ကင်းမဲ့စွာ ဖြတ်သန်းကြလေ၏။ ညအခါများ၌ ကြယ်တာရာများကို ကြည့်၍ ခရီးသွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ မြသာ၊ ဟောဟိုကြယ်ကလေးတစ်လုံးဟာ သန်းခေါင်ဆိုရင် ပေါ်လာပြီကွ၊ အဲဒီကြယ်ကလေးကိုမှတ်ပြီး သွားကွ၊ ဟောဟိုကြယ်စုကလေးတွေကိုလဲ မှတ်ထားကွ" ဟု ကိုဆိတ်ဖွားက ပြောလေ၏။

"စိတ်ချပါဆရာရယ်၊ ဆရာပြထားလို့ နက္ခတ်ပညာကိုလဲ ကောင်းကောင်းကြီးတတ်နေပါပြီ၊ ဆရာ အေးအေးဆေးဆေး အိပ်ပြီး လိုက်ခဲ့ပါ" ဟု မြသာက ပြောလေ၏။

သို့ရာတွင် ကိုဆိတ်ဖွားမှာ အေးအေးဆေးဆေး မလိုက်နိုင်ရှာပါ။ ၎င်းတို့ပင်လယ်ခရီး လေးရက်မြောက်နေ့တွင် လေမုန်တိုင်း တိုက်လေတော့၏။

၎င်းတို့၏ လှေကလေးသည် လှိုင်းလုံးကြီးများနှင့်အတူမြောက်၍ တက်သွား၏၊ ပြန်၍ကျ၏။ ၎င်းတို့နှစ်ဦးသည် လှေကို မြဲနိုင်သမျှမြဲအောင် ဆုပ်ကိုင်ထားကြ၏။ သို့ရာတွင် ၎င်းတို့၏လှေကလေးသည် နောက်ဆုံး၌ လှိုင်းဒဏ်ကိုမခံနိုင်ရှာဘဲ အစိတ်စိတ်အမြွာမြွာကွဲကြေ၍သွားလေတော့၏။ ၎င်းတို့လည်း ပင်လယ်ထဲတွင် လက်ပစ်ကူးခတ်ရလေတော့၏။ ထိုသို့ကူးခတ်ရာတွင် ကိုဆိတ်ဖွားသည် ပျဉ်ချပ်ကလေးတစ်ချပ်ကိုရ၏၊ မြသာမှာမူ လက်လွတ်ဖြစ်၍နေ၏။ ပျဉ်ချပ်မှာလည်း နှစ်ယောက်တွယ်၍ မရ၊ တစ်ယောက်စာသာလျှင်ဖြစ်၏။ ကိုဆိတ်ဖွားသည် မြသာအနီးသို့ရောက်သောအခါ-

"ဟေ့ မြသာ၊ မင်းမှာက မင်းရဲ့ ရန်သူတွေကို လက်စားချေဖို့ တာဝန် ကျန်သေးတယ်ကွ၊ ဒီတော့ မင်းက သေလို့မဖြစ်သေးဘူး၊ ရော့ပျဉ်ချပ်" ဟု ဆိုကာ မြသာအားပျဉ်ချပ်ကိုပေး၍ ၎င်းကမူ လက်လွတ်ကူးလေ၏။ ထိုအချိန်မှာပင် လေပြင်းမုန်တိုင်းကပြင်းထန်စွာ တိုက်ခိုက်လိုက်ပြန်ရာ ၎င်းတို့ဆရာတပည့်နှစ်ဦးသည် တကွဲစီ ဖြစ်သွားကြလေတော့၏။

မြသာသည် ပျဉ်ချပ်ကို စွဲမြဲစွာဖက်ထားခဲ့ရာ နှစ်ရက်နှင့်တစ်ည ပင်လယ်ရေစီးကြောင်း တစ်ခုထဲတွင် မျောပါခဲ့ပြီး ကျွန်းတစ်ကျွန်း၏အစပ်၌ သွား၍တင်လေတော့၏။

မြသာသည် သတိလစ်မေ့မျောနေ၏။ သတိရသောအခါ၌ ကျွန်းပေါ်တွင် ရေရှာရာ မိုးရေများ တင်နေသော ကျောက်ခွက်ကျောက်ဖျာများကို တွေ့သဖြင့် ရေသောက်ခွင့် ရလေတော့၏။ ထို့ကြောင့် အတော်အတန် အားရှိသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com


မြသာသည် ခွန်အားပြည့်အောင် နားနေပြီးနောက် အစာရှာဖွေလေ၏၊ အစပထမတွင် အခက်အခဲရှိသော်လည်း နောက်ပိုင်းတွင် နည်းလမ်းကိုတွေ့ရှိလေ၏၊ ၎င်းတွေ့ရှိသော နည်းလမ်းမှာ နွားကြိုးများကို ကျော့ကွင်းပြုလုပ်၍ ကျွန်းပေါ်ရှိ သားကောင်များကို ရှာဖွေစားသောက်သော နည်းဖြစ်၏။ တောကောင်များရလျှင် မီးကင်၍ စားသောက်၏။

ဤသို့လျှင် ကျွန်းပေါ်၌ နေထိုင်၍ တစ်ကျွန်းလုံးမှာအနှံ့အပြား သွားလာကာ သစ်သီးခူးခြင်း၊ အမဲလိုက်ခြင်းအလုပ်များကိုလုပ်ကိုင်ခဲ့ရာ တစ်နေ့သ၌ ကျောက်ဂူပေါက် တစ်ခုကို တွေ့လေ၏။ ထိုဂူပေါက်တွင် သစ်ပင်များစိုက်၍ ဂူပေါက်ကို ပိတ်ဆို့ထားဟန် လက္ခဏာရှိသောကြောင့် တိရစ္ဆာန်အဆီဖြင့် မီးတုတ်များပြုလုပ်ကာ ဂူပေါက်အတွင်းသို့ ဝင်ရာ ဂူထဲတွင် အိပ်စက်ရန်နေရာနှင့်တကွ ရတနာပစ္စည်းများကို တွေ့ရသည့်အပြင် ဆိတ်သားရေချပ်ကိုအသုံးပြု၍ ပင်လယ်ဒမြတစ်ဦး ရေးထားသော မှတ်တမ်းနှင့် ပစ္စည်းစာရင်းကို တွေ့ရလေတော့၏။ ဤမှတ်တမ်းကို ရေးသားထားသော ပင်လယ်ဒမြ၏ အမည်မှာ ကုလားဟူ၍ ဖြစ်၏။

ထိုကုလားသည် ဤကျွန်းပေါ်သို့ မျက်စိပိတ်၍ ခေါ်လာခဲ့ပုံ ဤကျွန်းမှ ခုနစ်ရက်ခရီး နေရာတွင်လည်း ဤထက်အဆပေါင်းများစွာများပြားသောရတနာပစ္စည်း များကို ၎င်းအနေနှင့် ဝှက်ပေးရပုံ၊ ၎င်းတို့အား တစ်လကြာလျှင် ပြန်၍ ခေါ်မည်ဟု ပြောသွားသော "သန်းခေါင်ကြယ်" ပင်လယ်ဒမြအဖွဲ့မှာ တစ်နှစ်ကြာသည်အထိ ၎င်းတို့အား လာ၍မခေါ်သေးပုံတို့ကို အသေးစိတ် ရေးထားလေ၏။

ထို့အပြင် ပင်လယ်ဒမြမှတ်တမ်း၌ ၎င်းတို့၏အဖွဲ့ဝင်များစာရင်းကို အတိအကျ ရေးမှတ်ထားလေ၏။ ထိုသို့ ရေးမှတ်ထားရာတွင် ပင်လယ်ဒမြ ပေတလူနှင့် ပေတဖြူ ဆိုသူ၏ နာမည်များ၌ ကြယ်ပွင့်အမှတ်အသား ပြထားပြီးလျှင် -

၎င်းပေတလူ ပေတဖြူမှာ ညီအစ်ကိုဖြစ်ကြောင်း . . .၊ ၎င်းတို့နှစ်ဦးသည် ပင်လယ်ဒမြများအထဲတွင် အကင်းပါးသူများဖြစ်သောကြောင့် တစ်နေ့နေ့တွင် ရတနာ ပစ္စည်းအတွက် သစ္စာဖောက်လိမ့်မည်ဟု မိမိယူဆကြောင်း၊ ၎င်းတို့သည် အကင်းပါး သူများဖြစ်သောကြောင့် ရတနာကျွန်းသို့သွားရာလမ်းခရီးကိုလည်း ကောင်းစွာမှတ်မိကြ လိမ့်မည် ဖြစ်ကြောင်းများကိုပါ ရေးသားထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် မိမိသည် အခြားလူရိုင်းများနေထိုင်ရာ ကျွန်းများကို ရောက်ပေါက်ဖူး သည်ဖြစ်ရာ လူရိုင်းတို့သုံးစွဲသောဆိပ်လူးမြားပစ်ပုံနှင့် ဆိပ်လူးမြားကိုပင် သိရှိခဲ့ခြင်း သည် ယခုအခါ၌ လွန်စွာအသုံးဝင်ပုံနှင့် ဆိပ်လူးမြားကို မှတ်ပြောင်းနှင့် မှတ်ရဖွယ် အသေးစိတ်ကို ရေးသား မှတ်တမ်းတင်ထားလေ၏။

မောင်မြသာသည် ဝါးလုံးတစ်လုံးကို ဆိပ်လူးမြားပင်ကိုရှာဖွေကာ အမဲလိုက် လေ၏။ ထို့နောက် ရတနာပစ္စည်းများကိုထုတ်ယူကာ အခြားသောနေရာ၌ သိမ်းဆည်း သို့ဝှက်၍ ထိုရတနာပစ္စည်းများအနက်မှ အဖိုးတန်သော ကျောက်မျက်ရတနာများကို မိမိကိုယ်၌ သို့ဝှက်ကာ အသင့်ဆောင်ထားလေတော့၏။

မောင်မြသာသည် ထိုကျွန်း၌ အချိန်အတော်ကြာနေခဲ့ပြီးနောက် ပင်လယ်ကူး သင်္ဘောတစ်စင်းကို တွေ့သဖြင့် ၎င်းပြုလုပ်ထားသော ဆိတ်သားရေအလံကို လှုပ်ယမ်း ပြသည်ဖြစ်ရာ ထိုသင်္ဘောပေါ်မှ ကပ္ပိတန်သည် မှန်ပြောင်းနှင့်ကြည့်ရှုရာ၌ဆုံမိသဖြင့် သင်္ဘောကိုရပ်ကာ သင်္ဘောသားလေးယောက်အား လာရောက်ကယ်ဆယ်ကာ သင်္ဘော ပေါ်သို့ တင်ဆောင်သွားပြီးလျှင် မြန်မာပြည်နှင့်အနီးဆုံး ဆိပ်ကမ်းမြို့တစ်မြို့၌ ချထား ပေးခဲ့လေတော့၏။

မောင်မြသာလည်း ထိုမြို့၌ ၎င်းတွင်ပါလာသောကျောက်တစ်လုံးကိုရောင်းချရာ ကျောက်ဝယ်သူက မောင်မြသာ၏ စုတ်နုတ်နုံချာသော အဝတ်အစားများကိုကြည့်၍ ဈေးနှိမ်၍ ဝယ်သည့်တိုင်အောင် ငွေတစ်သိန်းကျော်ရရှိခဲ့လေတော့၏။ မောင်မြသာ၏ စုတ်နုတ်နုံချာသော အဝတ်အစားများဟုဆိုရာ၌ လွန်စွာစုတ်နုတ်နုံချာလှသည်မဟုတ်ပေ။ သင်္ဘောကပ္ပိတန် စွန့်ကြဲလိုက်သော အကျီ၊ ဘောင်းဘီ တစ်ပတ်ရစ်များသာ ဖြစ်၏။

မောင်မြသာသည် ငွေတစ်သိန်း ရပြီးသောအခါ၌ ကောင်းမွန်သန့်ပြန့်သော အဝတ်အစားများကို ဝယ်ယူကာ မြန်မာပြည်ဘက်သို့ လိမ္မာပါးနပ်စွာ ကူးခဲ့လေ၏။ ကျောက်ရောင်း၍ ရရှိသော ငွေတစ်သိန်းကိုလည်း ပစ္စည်းများချည်း ဝယ်ယူခဲ့လေ၏။ မိမိတိုင်းပြည်သို့ ပြန်ရောက်သည့်အခါ ထိုပစ္စည်းများကို ရောင်းချရာ၌ အမြတ်အစွန်းများ ရရှိသေးတော့၏။ ထို့နောက် မောင်မြသာသည် ၎င်းချစ်သူ မပန်းနုရှိရာ မြို့ကလေးသို့ သွားရောက်ပြီးလျှင် မပန်းနုကိုစုံစမ်းရာ မပန်းနုမှာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်း နှင့် အိမ်ထောင်ကျခဲ့သည်မှာ ကြာပြီဖြစ်၍ ကလေးများပင် အတော်ကြီးနေပြီဖြစ်၏။ ထို့ကြောင့် မောင်မြသာသည် ၎င်း၏သူငယ်ချင်းများအနက် မောင်ကျော်ဝင်း

www.burmeseclassic.com


အကြောင်းကို သိရပြီးနောက် မောင်ပြည့်၏အကြောင်းကို စုံစမ်းရာ မောင်ပြည့်သည် ယစ်ထုပ်ကြီးဖြစ်ကာ အလုပ်ပြုတ်သွားခဲ့ကြောင်း၊ ယခုအခါ၌ လမ်းတွင်တွေ့သမျှလူများထံမှ ပိုက်ဆံတစ်ပြားနှစ်ပြားကို တောင်းရမ်း၍စားသောက်နေရ၏။ အရက်ဆိုင်တကာလှည့်၍ ခွက်ကျန်များ မော့နေရ၏ဟု ကြားသဖြင့် မောင်မြသာလည်း ရုပ်ဖျက်ကာ မောင်ပြည့်ကို ရှာဖွေရာ အရက်ဆိုင်တစ်ဆိုင်၌ အခြားသော အရက်သမားများက အော်လိုက် ငေါက်လိုက်နှင့် ခိုင်းစေသည်ကို လုပ်ကိုင်ပေးနေရပြီးလျှင် အရက်ခွက်ကျန်ကို သောက်နေရရှာသော မောင်ပြည့်ကို တွေ့ရလေ၏။

ထိုအခါ မောင်မြသာသည် အရက်တစ်လုံး မှာယူသောက်ပြီးနောက် မောင်ပြည့်အား ခေါ်ယူတိုက်ကျွေးရာ မောင်ပြည့်သည် လွန်စွာကျေးဇူးတင်သဖြင့် မောင်မြသာ၏ခြေထောက်ကို နှိပ်ပေးလေ၏။ ထိုအခါ မောင်မြသာက . . .

"မနှိပ်ပါနဲ့ဗျာ၊ ခင်ဗျားကို ကျုပ်က သနားလို့ တိုက်တာပါ၊ ဒါနဲ့ နေပါဦး၊ မိတ်ဆွေရဲ့အရက်ဆိုင်က လူတွေက ပြောကြတယ်၊ ခင်ဗျားဟာ ဆွေကြီးမျိုးကြီးထဲကလို့ ဆိုပဲ၊ ခင်ဗျားကိုယ်တိုင်လဲ စာရေးကြီးတစ်ယောက်ဆိုဗျ၊ အဲ့ဒီကနေ ဘယ်လိုဖြစ်ပြီး ဒီအဖြစ်မျိုး ရောက်ရတာတုံးဗျ" ဟု မေးရာ မိမိအကြောင်းကို ဖွင့်ဟပြောချင်လှသော မောင်ပြည့်သည် ပြောခွင့်ရပြီဖြစ်သဖြင့် အားရဝမ်းသာနှင့် ပြောလေတော့၏။

"ကျုပ်ဒီလိုဖြစ်တာကဘာဟုတ်သေးတုံးဗျာ၊ ကျုပ်ထက်ကံဆိုးတဲ့လူတစ်ယောက်ရှိသေးတယ်၊ ဒီကောင့်နာမည်က တိုင်းကျော်လို့ ခေါ်တယ်။ ဒီကောင် တစ်သက်တစ်ကျွန်းကျသွားရှာတယ်။ သူလဲတစ်သက်တစ်ကျွန်းကျရော၊ သူ့ရည်းစားကို ကျော်ဝင်းက ယူလိုက်တယ်၊ တိုင်းကျော်ဆိုတဲ့ကောင်ဟာ သိပ်ပြီး ရိုးတဲ့ကောင်ဗျ၊ ထမင်းဆိုင်ရှင်မိန်းမကြီးကိုသတ်တဲ့အမှုနဲ့ ကျွန်းကျသွားရှာတာ။ တကယ်သတ်တဲ့လူက ကျောင်းဆရာကျော်ဝင်းပါဗျာ။ အဲ့ဒီကျော်ဝင်းရဲ့အဖော် မော်တော်ကားဒရိုင်ဘာကြီးလဲ ရှမ်းပြည်နယ်ဘက်မှာ ချောက်ထဲကျပြီး သေလေရဲ့၊ အဲ့ဒါလဲ ကျောင်းဆရာကျော်ဝင်း လက်ချက်ဖြစ်မှာပဲ"

မောင်ပြည့်သည် ဤသို့လျှင် အစချီ၍ ပြောလေ၏။ ၎င်းအနေနှင့် တိုင်းကျော်ကိုလည်း မှတ်မိခြင်းမရှိတော့ပေ။ တိုင်းကျော်သည် ၎င်းသိလိုသည့် အချက်များကို

www.burmeseclassic.com

www.burmeseclassic.com

မောင်ပြည့်အား အရက်တိုက်၍ မေးလေ၏။ မောင်ပြည့်လည်း မူးမူးနှင့် ဖြေလေတော့၏။ ထို့နောက် မောင်မြသာက . . .

"မိတ်ဆွေရယ် ကျုပ်မေးတာက ခင်ဗျားအကြောင်းပါ၊ ခင်ဗျား စာရေးကြီးဘဝကနေ ဘယ်ပုံဘယ်နည်း ဒီဘဝရောက်လာတယ်ဆိုတာ ဖြေစမ်းပါ" ဟု မေးလိုက်လေ၏။

"ဒီလိုဗျ၊ ကျုပ်က ဘီးလစ်စာရေးကြီးဖြစ်တဲ့အခါမှာ အမတော်ကြေးငွေတွေကိုင်ရတယ်၊ အဲ့ဒီအခါမှာ ကျောင်းဆရာကျော်ဝင်းဟာ ကျုပ်ကို ဖဲကစားတတ်အောင်သင်ပြီး၊ ကျုပ်လဲဖဲစွဲရော ဉာဏ်သမားတွေများတဲ့ဝိုင်းကြီးဝိုင်းကောင်းတွေကို လျှောက်ပြီးပို့တော့တာပဲဗျို့၊ ကျုပ်လဲ အစိုးရငွေတွေ ဖဲရှုံးပစ်ပြီး၊ ထောင်လဲ တစ်နှစ်ကျတယ်၊ အလုပ်လဲ ပြုတ်သွားပြီး ဒီဘဝရောက်လာတာပဲ" ဟု မောင်ပြည့်က ဖြေလေ၏။

"ဪ ဒါနဲ့ ခင်ဗျားတို့ သူငယ်ချင်း ကျွန်းကျသွားတယ်ဆိုတဲ့လူ ဘယ်သူဗျ၊ တိုင်းလုံးကျော် ဟုတ်သလား" ဟုမောင်မြသာက မေးလိုက်လေ၏။

"တိုင်းလုံးကျော် မဟုတ်ပါဘူးဗျ၊ တိုင်းကျော်ပါ" ဟု မောင်ပြည့်က ဖြေလေ၏။

"အဲ့ဒီတိုင်းကျော်က အခု ကျွန်းမှာပေါ့နော်" ဟု မောင်မြသာက မေးပြန်ရာ မောင်ပြည့်က . . .

"ဒီကောင် ကံဆိုးပါတယ်ဗျာ၊ ကျုပ်အသိ ကျွန်းဆရာဝန်တစ်ယောက်နဲ့တွေ့လို့ မကြာသေးခင်က မေးကြည့်သေးတယ်၊ တိုင်းကျော်ဆိုတဲ့ကောင် ရေစပ်မှာ အလုပ်လုပ်နေတုန်း မိကျောင်းစားလို့သေသွားရှာပြီတဲ့" ဟု ပြောလိုက်လေ၏။

"ဒါနဲ့ နေစမ်းပါဦးဗျ၊ ခင်ဗျားတို့ကိုဒုက္ခပေးတဲ့ ကျောင်းဆရာကျော်ဝင်းဆိုတာ ဘယ်ရောက်သွားပြီလဲ" ဟု မောင်မြသာက မေးလိုက်ရာ -

"ကျောင်းအုပ်ကြီးဘဝနဲ့ ကျွန်းမာရေးကိုအကြောင်းပြုပြီး ပင်စင်ယူလိုက်ပြီဗျ၊ ဒီကောင် ဘယ်လိုကနေဘယ်လို ပွပေါက်တိုးထားသလဲမသိဘူး၊ အောင်ပန်းဘက်မှာ ခြံတွေဘာတွေ ဝယ်ထားတယ်။ သူ့မိန်းမ မပန်းနုကတော့ တောင်ကြီးမှာနေတယ်၊ အောင်ပန်းမှာလဲ မယားငယ်တွေ ဘာတွေ ရှိပုံရတယ်ဗျ၊ တောင်ကြီးနဲ့ အောင်ပန်းကူးနေတာပဲဟု" မောင်ပြည့်က ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်မြသာက . . .

"ပြီးတာတွေလဲ ပြီးပြီလို့ သဘောထားလိုက်ပါဗျာ၊ ကိုယ့်အကြောင်းနဲ့ကိုယ် ဖြစ်ကြတာပါ၊ တရားနဲ့ဖြေပေါ့ဗျာ၊ ရော့ရော့၊ ခင်ဗျားဈေးသုံးဖို့ငွေတစ်ရာ" ဟု ဆိုကာ ငွေတစ်ရာကို မောင်မြသာသည် မောင်ပြည့်အား ပေးလိုက်ရာ မောင်ပြည့်သည် -

"ကျေးဇူးကြီးလှပါပေတယ်ဗျာ" ဟု ဆိုကာ မောင်မြသာအား ထိုင်၍ ရှိခိုးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ကြာပွတ်နှင့် ရိုက်သတ်ခြင်း

တိုင်းကျော်ခေါ် မောင်မြသာသည် ၎င်းနှင့်ပါလာသော ကျောက်မျက်ရတနာများကို ထုခွဲရောင်းချလိုက်ပြန်ရာ ငွေခြောက်သိန်းကျော် ရရှိလေ၏။ ထို့ကြောင့် ကြို့ကုန်းဘက်တွင် ခြံနှင့်တိုက်တစ်လုံးကိုဝယ်ယူကာ ၎င်း၏ ဆရာကြီး ဆိတ်ဖွားသင်ပေးလိုက်သော နက္ခတ်ပညာများကို စာအုပ်စာတမ်းများ၏ အကူအညီဖြင့် ဆက်လက် ဆည်းပူးရင်း ကျွန်းတွင် ဖတ်ရှုခဲ့ရသည့် ပင်လယ်ဒမြအဖွဲ့ကို လွန်စွာ စိတ်ဝင်စား၍ နေလေ၏။ ထို့ကြောင့် ၎င်း၏ခြံကိုပင် "သန်းခေါင်ကြယ်" ဟု အမည်ပေးထားလိုက်လေ၏။

ထိုသို့ အမည်ပေးထားခြင်းမှာ "သန်းခေါင်ကြယ်" အဖွဲ့ဝင် တစ်ဦးဦးက တွေ့ရှိသွားပါကလည်း ၎င်းအပေါ်၌ သံသယဖြစ်စေရန်ဖြစ်၏။ အကယ်၍ သံသယဖြစ်ရန် ရန်သူအဖြစ်နှင့် လာပါကလည်း တိုက်ခိုက်၍ "သန်းခေါင်ကြယ်" ပင်လယ်ဒမြအဖွဲ့၏ သဲလွန်စကိုယူမည်။ မိတ်ဆွေအဖြစ်နှင့် လာပါကလည်း ဆက်သွယ်မည်ဟု ထောင်ချောက်ဆင်၍ ထားလိုက်ခြင်းဖြစ်၏။

ထို့နောက် ငွေကုန်ကြေးကျခံကာ "သန်းခေါင်ကြယ်" အဖွဲ့အကြောင်း၊ ရတနာကျွန်းသို့သွားရာလမ်းမြေပုံကို သိသည်ဟု ယူဆရသော ဦးပေတာလူ၊ ဦးပေတာဖြူတို့၏ မျိုးဆက်လည်း ပြတ်သွားပြီ ဖြစ်ကြောင်း၊ ထိုရတနာကျွန်းပေါ်တွင် ရတနာပစ္စည်းများကို မြှုပ်ခဲ့သည့် ဦးကုလား၌ မြောက်မြားစွာသော မယားများရှိခဲ့ရာ ထိုမယားများမှ

သားတစ်ယောက်စီ ဖွားမြင်သည်ဆို၏။ ထိုဦးကုလားသည် ထိုသားများကို ရတနာကျွန်းမြေပုံကိုခွဲစိတ်၍ပေးခဲ့သည်ဆို၏။ ထို့ကြောင့် ၎င်းအနေနှင့် ၎င်းရောက်ရှိခဲ့သောကျွန်းမှ ရတနာပစ္စည်းများကို သွားရောက်ယူငင်ရန်အလုပ်မှာ များစွာမခဲယဉ်းသော်လည်း ၎င်းအနေနှင့် မရောက်ဖူးသော၊ ဆိတ်သားရေမှတ်တမ်းကြီးတွင် ဖတ်ရှုသာဖတ်ခဲ့ဖူးသော ရတနာကျွန်းကြီးကိုပို၍စိတ်ဝင်စားခဲ့လေ၏။ သို့ရာတွင် ၎င်းစိတ်ဝင်စားခဲ့သော ရတနာကျွန်းကြီးမှာ သဲလွန်စပျောက်သွားပြီဖြစ်သဖြင့် မောင်မြသာသည် ထိုကိစ္စကို လက်လျှော့လိုက်ရလေတော့၏။

သို့ရာတွင် ၎င်းအနေနှင့် လက်မလျှော့သော ကိစ္စကား ရှိ၏။ ထိုကိစ္စကား အခြားမဟုတ်။ ၎င်းအား ဒုက္ခပေးခဲ့သော ကျောင်းဆရာကျော်ဝင်းအား လက်စားချေရန် အလုပ်ပင်ဖြစ်၏။

ထို့ကြောင့် မောင်မြသာသည် တောင်ကြီးမြို့သို့တက်သော တောင်တက်လမ်း၏ ထောင်ချောက်ကမ်းပါးဘက်ရှိ ကွင်းပြင်ကြီး၌ ခြံတစ်ခြံဝယ်ယူကာ ထိုခြံ၌နေထိုင်၍ ကျောင်းဆရာ ကျော်ဝင်း၏ အသွားအလာကို လေ့လာမှတ်သားနေလေ၏။

မောင်မြသာသည် ကြို့ကုန်းနှင့် ထိုနေရာကလေးကို အိမ်ဦးနှင့် ကြမ်းပြင်သဖွယ် ချဉ်းချဉ်သန်းချည် လုပ်၍နေလေ၏။ ဤသို့လျှင် မုဆိုးသည် သားကောင်ကို ချောင်းသကဲ့သို့ ကျော်ဝင်းအား မြသာက ချောင်းနေခဲ့ရာ . . .

တစ်ညသ၌ ကျော်ဝင်းကံနိမ့်၍ မြသာက ကံသာသောအလှည့်သို့ ရောက်ရှိခဲ့လေတော့၏။

တစ်ညသ၌ မောင်မြသာသည် တောင်အတက် ကွေ့တစ်ခု၌ မော်တော်ကားနှင့် အောင်ပန်းမှပြန်လာသည့် ကျော်ဝင်းကို စောင့်၍နေလေ၏။ ၎င်း၏လက်ထဲတွင်လည်း ကြာပွတ်ကြီးတစ်ချောင်းကို ကိုင်၍ထားလေ၏။ ထိုကြာပွတ်မှာ အထူးစီမံပြုလုပ်ထားသော ကြာပွတ်ဖြစ်သဖြင့် ကြာပွတ်ကြိုး၌ ဆူးများ ပါလေ၏။

ည (၁၂) နာရီလောက်တွင် ကျော်ဝင်းသည် အော်စတင်ကားကလေးကို မောင်း၍ ပြန်လာခဲ့ရာ တောင်အတက် ကွေ့တစ်ခုသို့ရောက်လျှင် ကားအရှိန်ကို လျှော့လေ၏။ ထိုသို့လျှော့လိုက်သည့်ခဏ၌ပင် ၎င်း၏မော်တော်ကားရှေ့သို့ သစ်ငုတ်ကြီး တစ်တုံး ကျလာလေ၏။ ကျော်ဝင်းလည်း ကားကို ရပ်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် တစ်စုံတစ်ယောက်သည် ၎င်း၏လည်မျိုကိုဓားဖြင့်ထောက်၍ အောက်သို့ဆင်းခိုင်းလေ၏။ အောက်သို့ရောက်သောအခါ၌ ကျော်ဝင်းအား ကြိုးဖြင့် တုပ်လိုက်လေ၏။

ထိုအခါ ကျော်ဝင်းက . . .

"လူကိုတော့ ရန်မမူပါနဲ့ဗျာ၊ ခင်ဗျားလိုချင်တာ ယူသွားပါ" ဟု ပြောလိုက်ရာ မောင်မြသာက . . .

"ကျုပ်လိုချင်တာ ယူရမယ်ဟုတ်လား၊ ကျုပ်လိုချင်တာ တခြားပစ္စည်း မဟုတ်ဘူးဗျ၊ ခင်ဗျားအသက်ပဲ လိုချင်တာ၊ ကျုပ် ဘယ်သူလဲ ကြည့်စမ်း" ဟု ဆိုကာ ၎င်း၏ မျက်နှာကို မီးခြစ်ခြစ်၍ ပြလိုက်လေ၏။ ကျော်ဝင်းလည်း မမှတ်မိဘဲ ရှိလေ၏။

"ဩော် . . . ကိုယ့်လူက မမှတ်မိဘူးလား၊ ကိုယ့်လူ ဒုက္ခပေးလို့ တစ်သက်တစ်ကျွန်းကျသွားတဲ့ တိုင်းကျော်လေ၊ အခုတော့ နာမည်ပြောင်းထားတယ်၊ ကျုပ်နာမည် မြသာတဲ့၊ ကျုပ်ဆရာကြီးက မှည့်ပေးလိုက်တာ၊ အခုတစ်ခါ ကျုပ်ဘာသာကျုပ် နာမည်ထပ်ပြီး ပြောင်းရဦးမယ်၊ ကျုပ်နာမည် ကြာပွတ်တဲ့" ဟု တိုင်းကျော်ခေါ် မြသာက ပြောလိုက်ရာ ကျော်ဝင်းလည်း လွန်စွာကြောက်ရွံ့၍ . . .

"သူငယ်ချင်း ကိုတိုင်းကျော်၊ အဲ . . . အဲ ကိုကြာပွတ်၊ ဟိုတုန်းကဟာတွေ မေ့ပစ်လိုက်ပါဗျာ၊ မှတ်မထားပါနဲ့" ဟု တောင်းပန်လေ၏။

သို့ရာတွင် မောင်မြသာသည် အော်ဟစ်ခြင်းမပြုနိုင်ရန်အတွက် ကျော်ဝင်း၏ ပါးစပ်အတွင်းသို့ အဝတ်တစ်ခုကို လုံးထွေး၍ ထိုးထည့်လိုက်ပြီးဖြစ်၏။ ထို့နောက် ကြာပွတ်ဖြင့် တရွှမ်းရွှမ်း ရိုက်လေတော့၏။ ပါးစပ်မှလည်း မေး၏။ လက်မှလည်း ရိုက်၏။ ကြာပွတ်သံသည် တစ်နာရီခန့် တရွှမ်းရွှမ်း မြည်နေလေ၏။ နောက်ဆုံးတွင် ကျော်ဝင်းသည် အသက်ပင် ပါသွားလေတော့၏။

ထိုအချိန်မှစ၍ ၎င်းကိုယ်၎င်း "ကိုကြာပွတ်" ဟူ၍ ကင်ပွန်းတပ်လိုက်လေတော့၏။

ကိုကြာပွတ်သည်ကား ရှေ့မှသစ်ကုံးကြီးကို ဖယ်လိုက်၏။ ကျော်ဝင်း၏ ပါးစပ်အတွင်းမှ အဝတ်ကိုထုတ်လိုက်၏။ ချည်နှောင်ထားသောကြိုးများကို ဖြုတ်လိုက်၏။ ထို့နောက် တောင်ချောက်ကမ်းပါးကြီး၏ မလှမ်းမကမ်းတွင်ရှိသော ၎င်း၏သစ်လုံးအိမ်ကလေးသို့ပြန်ကာ ကျေနပ်စွာ အိပ်စက်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့ မိုးလင်းသောအခါ ကျော်ဝင်း၏အလောင်းကို သက်ဆိုင်ရာမှ လာရောက်ကြည့်ရှုပြီးလျှင် ဤသူကား ဤနေရာ ကားပျက်၍ ကားကိုဆင်း၍ပြင်မည်။ ထိုအချိန်တွင် ကျားသစ်တစ်ကောင်ရောက်ရှိလာပြီး ၎င်းအားကုတ်ခြစ်မည်။ ထို့ကြောင့် ဤသူမှာ ကျားသစ်ကုတ်၍ သေခြင်းဖြစ်သည်ဟု ဆုံးဖြတ်ချက်ချကာ လူသေမှုဖြင့် အမှုပိတ်လိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ခရီးထွက်ဖို့ ပြင်ကြပြီ

ကိုတိုင်းကျော် ခေါ် ကိုမြသာ ခေါ် ကိုကြာပွတ်သည် ၎င်း၏ အတ္ထုပ္ပတ္တိကို မမယ်ဇယ်အား အထက်ပါအတိုင်း ပြောပြခဲ့ပြီဖြစ်၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ရှမ်းပြည်နယ်သို့ပြန်လာပြီးလျှင် ရှမ်းပြည်နယ်ရှိ သစ်လုံးအိမ်ကလေးနှင့် ခြံကို ရောင်းပစ်လိုက်လေတော့၏။

၎င်းတို့ ခရီးထွက်နေစဉ်အတွင်း ၎င်းတို့၏ ခွေးကလေးမှာလည်း မြွေကိုက်၍ သေဆုံးသွားပြီဖြစ်ကြောင်းကို အနီးအပါးမှ ပြောလေ၏။

ထိုခွေးကလေးသည် ၎င်းတို့ခရီးထွက်နေစဉ်အတွင်း၌လည်း အနီးရွာ၌ပင် လှည့်လည်နေထိုင်ခဲ့သည်ဟူ၏။

ကိုကြာပွတ်နှင့် မမယ်ဇယ်တို့သည် ရန်ကုန်မြို့သို့ အပြီးအပိုင် ပြောင်းရွှေ့ ခဲ့လေတော့၏။ ထိုသို့ပြောင်းရွှေ့ပြီးနောက် ကြို့ကုန်းဘက်တွင်ရှိသော ကိုကြာပွတ်၏ "သန်းခေါင်ကြယ်" ဟု နာမည်ပေးထားသော ခြံဝင်းကြီးအတွင်း၌ပင် နေလေ၏။

ထိုအိမ်ကြီးသို့ရောက်လျှင် မမယ်ဇယ်သည် ကိုကြာပွတ်၏ စာအုပ်ဗီရိုကို ကြည့်ရှုကာ . . .

"ရှင်က တော်တော့်ကို စာဖတ်တာပဲနော်" ဟု ပြောလိုက်လေ၏။

"အလျှင်က စာဖတ်ဝါသနာ မပါပါဘူး မမယ်ဇယ်ရဲ့၊ ကျုပ်ပြောခဲ့သလိုပေါ့ ကျုပ်ဆရာ ကိုဆိတ်ဖွားက ကျုပ်ကို စာဖတ် ဝါသနာပါအောင် လေ့ကျင့်ပေးလိုက် တယ်လေ" ဟု ကိုကြာပွတ်ကြီးက ပြန်၍ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် စင်များတွင် ဆေးရည်စိမ်ထားသော အကောင်အမျိုးမျိုး တီရစ္ဆာန် အမျိုးမျိုး၏ ပုလင်းများကိုကြည့်ကာ မမယ်ဇယ်က . . .

"ရှင်က အဲဒီလိုအကောင်တွေ ပိုးမွှားတိရစ္ဆာန်တွေလေ့လာဖို့ကော စိတ်ဝင်စား သလား" ဟု မေးလိုက်လေ၏။

"အဲဒါတွေကို စိတ်ဝင်စားတာမဟုတ်ဘူး၊ ကျုပ်က အဆိပ်အကြောင်း လေ့လာ နေတာ၊ သစ်ပင်တွေက ရတဲ့အဆိပ်၊ တိရစ္ဆာန်တွေက ရတဲ့အဆိပ်၊ လူတွေဖော်စပ်တဲ့ အဆိပ်၊ အဲဒါတွေကို လေ့လာနေတာ" ဟု ကိုကြာပွတ်ကြီးက ပြန်၍ပြောလိုက်လေ၏။

ထို့နောက် မမယ်ဇယ်သည် ကိုကြာပွတ်နှင့်အတူ ကိုကြာပွတ်၏ အိမ်ကြီး အပေါ်ထပ်ဆီသို့တက်ခဲ့ရာ အပေါ်ထပ်တွင်ရှိသော နံရံအားလုံး နက်ပြာရောင်များ သုတ်၍ ကောင်းကင်တွင်ရှိသော ကြယ်နက္ခတ်တာရာများကို ရေးဆွဲထားကြောင်း တွေ့လျှင် . . .

"ရှင်ဟာ နက္ခတ်ပညာကို အတော့်ကို ဝါသနာပါတယ်နော်" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"အစက ဝါသနာမပါပါဘူး မမယ်ဇယ်၊ ဆရာ ကိုဆိတ်ဖွားနဲ့ နေတုန်းက ဆရာ ကိုဆိတ်ဖွားက ကျုပ်ကို အဲဒါတွေ သင်ပေးခဲ့ဖူးတယ်၊ အဲဒီတော့ ကျုပ်လဲ အဲဒါတွေကို နားလည်တတ်ကျွမ်းသွားတာပေါ့၊ အဲဒီနောက်ပိုင်းမှာတော့ ကျုပ်လဲပြောခဲ့ပြီးပါပကော လား၊ ကျုပ်မှာ အဖော်ဆိုလို့မရှိဘူး၊ မိုးပေါ်က ကြယ်တွေဟာ ကျုပ်ရဲ့အဖော် ဖြစ်လာ တော့တာပဲ၊ အဲဒီတော့လဲ ကျုပ်ဟာ အဲဒီပညာဘက်ကို စိတ်အာရုံက ရောက်သွားတယ်၊ ဒီမှာနေတဲ့အခါလဲ မိုးပေါ်က ကြယ်တာရာတွေကြည့်တယ်၊ ဟိုရှမ်းပြည်နယ်က သစ်လုံး အိမ်ကလေးကို ရောက်တဲ့အခါမှာလဲ ကောင်းကင်ကိုကြည့်တဲ့ မှန်ပြောင်းကလေး တစ်လက် ယူသွားပြီး ကြယ်တွေကိုကြည့်တယ်၊ လာ. . . လာ ကျုပ် ဒီမှာနေတဲ့အခါမှာ ညတိုင်း . . . ညတိုင်း ကြယ်တွေကို ကြည့်တဲ့နေရာကလေး ပြမယ်" ဟု ဆိုကာ ကိုကြာပွတ်သည် အပေါ်ထပ်မှနေ၍ လသာဆောင်ဆီသို့တက်သောတံခါးကို မ, ၍ ဖွင့်လေ၏။ တံခါးမှာ အတော်အတန်လေး၏။

ကိုကြာပွတ်သည် တံခါးကို ဖွင့်ပြီးနောက် တံခါးပြန်မကျစေရန်အတွက် မင်းတုံး ထိုးလိုက်လေ၏။

"ရှင်လုပ်ထားတဲ့ တံခါးကြီးကလဲ လေးလိုက်တာ" ဟု မမယ်ဇယ်က ပြောလိုက် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အလျှင်တုန်းက ကျုပ်တစ်ယောက်တည်း နေတာလေ၊ ကျုပ်အတွက်ပဲ စဉ်းစားပြီး လုပ်ထားတာ၊ အဲဒီတုန်းက ကျုပ်ရဲ့စိတ်ကူးထဲမှာ မမယ်ဇယ် ဆိုတာ မပါသေးဘူး၊ အခု မမယ်ဇယ်ရောက်လာပြီဆိုတော့ ဒီတံခါးကို မမယ်ဇယ် ဖွင့်နိုင်အောင် ပြင်ပြီး လုပ်ရဦးမှာပေါ့" ဟု ကိုကြာပွတ်က ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် လသာဆောင်သို့ တက်ကြလေ၏။

"အလျှင်တုန်းက ရှင်တစ်ယောက်တည်း ကြယ်ကို ကြည့်တယ်မဟုတ်လား၊ နောက်ဆိုရင် ရှင်နဲ့ ကျွန်မ နှစ်ယောက်ကြည့်ရမယ်၊ ပိုပြီးကောင်းတာပေါ့ရှင်" ဟု မမယ်ဇယ်က ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် အောက်ထပ်ဆီသို့ ဆင်းလာကြလေ၏။ ထိုသို့ဆင်းလာစဉ် မမယ်ဇယ်က . . .

"ဒီလှေကားဟာ အောက်ကိုဆင်းတာလား" ဟု မေးလိုက်လေ၏။

"အောက်ကိုဆင်းတဲ့ လှေကား မဟုတ်ဘူး၊ ဒါက အထပ်ခိုးဆီကို သွားတာ၊ အဲဒီအထပ်ခိုးကနေပြီးတော့ အောက်ကိုဆင်းတဲ့ လှေကားဝှက်ကလေးတစ်ခု ရှိသေးတယ်" ဟု ကိုကြာပွတ်က ပြောလေ၏။ ထို့နောက်၎င်းတို့နှစ်ဦးသည် ထပ်ခိုးပေါ်တွင် သွားလာနေကြလေ၏။ ထိုသို့သွားလာနေရင်း အထပ်ခိုးနံရံ၌ ချိတ်ထားသော ပိုက်လုံး တစ်လုံးကို မမယ်ဇယ်က လက်ဖြင့်လှမ်း၍ ကိုင်လိုက်ရာ ကိုကြာပွတ်က . . .

"မလုပ်နဲ့ . . . မလုပ်နဲ့၊ အဲဒါ သေမင်း . . . သေမင်း" ဟု ပြောလိုက်လေ၏။

"ဘယ်လို သေမင်းလဲ ကိုကြာပွတ်ရဲ့" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"ကျွန်းသားလူရိုင်းတွေ အသုံးပြုတဲ့ မှုတ်ပြောင်းလေ" ဟု ဆိုကာ ပြောင်းကို ယူ၍ ကိုကြာပွတ်သည် ပါးစပ်ဖြင့် မှုတ်ပြလိုက်ရာ၊ ပြောင်းအတွင်းမှ အရာဝတ္ထု တစ်ခု သည် 'ဝှီ' ခနဲ ထွက်၍ အထပ်ခိုး၏ တိုင်တစ်တိုင်ကို ထိမှန်လေ၏။

"အဲဒါ လူတစ်ယောက်ဆိုရင် ထိတာနဲ့ သေပြီမှတ်ပေတော့၊ သူ့ထုံးစံက ပစ်ပြီး တာနဲ့ ပြောင်းထဲကို မြားအသစ်တစ်စင်းထည့်ထားရတယ်၊ ဒါမှ ကိုယ်ပစ်ချင်တဲ့အခါမှာ အဆင်သင့် ဖြစ်မှာပေါ့" ဟု ဆိုကာ ကိုကြာပွတ်သည် ပုလင်းကလေးတစ်လုံးကိုယူ၍ ထိုပုလင်းအတွင်းမှ မြားတံကလေးတစ်ချောင်းကို ပြောင်းအတွင်းသို့ ထည့်လိုက်လေ၏။

ထိုအခါ မမယ်ဇယ်က . . .

"မြားတံကလဲ ဆူးကလေးတွေပါလား" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်. . . အဲဒါ အပင်တစ်မျိုးက ဆူးတွေပဲ၊ သိပ်ကို အဆိပ်ပြင်းတယ်၊ အဲဒီအပင်က အစေးဟာလဲ အဆိပ်ပဲ" ဟု ကိုကြာပွတ်က ပြောလျှင် မမယ်ဇယ်က. . .

"ကျွန်မ မှုတ်ကြည့်ဦးမယ်" ဟု ဆိုကာ ပြောင်းကိုပါးစပ်ဖြင့် ငုံလိုက်လေ၏။ ထို့နောက် 'ဟူး' ခနဲ မှုတ်လိုက်ရာ မြားတံကလေးသည် ကြမ်းပြင်ပေါ်သို့ သွားစိုက်လေ၏။

ထိုအခါ ကိုကြာပွတ်က . . .

"ဒီပြောင်းကိုမှုတ်တဲ့အခါမှာ နှာခေါင်းကနေ လေကိုတဝကြီး ရှူလိုက်ရတယ်၊ ပြီးတော့ အသက်ခဏ အောင့်ရတယ်၊ နောက်ဆုံးမှာ ဝမ်းဗိုက်ထဲမှာရှိတဲ့ လေတွေ ကုန်သွားတဲ့အထိ 'ဗျူး' ခနဲ မှုတ်လိုက်ရတယ်၊ ဒါက မြားထွက်အောင် မှုတ်တဲ့နည်း ပြောတာ၊ ကိုယ်ထိချင်တဲ့ အရာဝတ္ထုကိုထိအောင် ချိတ်တဲ့နည်းကတော့ အဲဒီအရာဝတ္ထု နဲ့ ကိုယ့်နှာခေါင်းနဲ့တည့်အောင်ချိန်ရတယ်၊ နှာခေါင်းနဲ့တည့်ရင် မြားဟာ တည့်တည့် မတ်မတ်သွားပြီး ထိတော့တာပဲ" ဟု ပြောလိုက်ရာ မမယ်ဇယ်သည် ပြောင်းအတွင်းသို့ မြားတစ်စင်းထည့်ကာ ထပ်ခိုး၏ တိုင်တစ်တိုင်ကို နှာခေါင်းဖြင့် ချိန်၍မှုတ်ကြည့်ရာ မြားတံသည် ထိုတိုင်၌ တည့်တည့်မတ်မတ် သွား၍စိုက်လေ၏။

ထို့ကြောင့် ကိုကြာပွတ်က . . .

"မမယ်ဇယ် သိပ်ပြီးတော်တယ်၊ ကျုပ်တောင် အဲဒီလောက်တည့်အောင်မနည်း လေ့ကျင့်ရတာ" ဟု ချီးမွမ်းလိုက်လေတော့၏။

ထို့နောက် ၎င်းတို့သည် အထပ်ခိုးမှ အပေါ်ထပ်ဆီသို့ပြန်၍ တက်ကြလေ၏။ ထို့နောက် မမယ်ဇယ်သည် ဟိုသည်ကြည့်လိုက်ရာ စားပွဲပေါ်တွင် တင်ထားသော နေနာရီနှင့် ရေနာရီကို တွေ့ရလေ၏။

"ဒီနာရီတွေက ဘာလုပ်တာလဲ" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"အချိန်သိပ်ပြီး တိကျတယ်ကွယ့်၊ ကျုပ်ကျွန်းပေါ်မှာနေတုန်းက အဲဒီနာရီတွေပဲ အသုံးပြုခဲ့တာ" ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့သည် အပေါ်ထပ်မှနေ၍ အောက်ထပ်သို့ ဆင်းလာကြလေ၏။

"အိမ်ကြီးက အကျယ်ကြီးပဲနော်" ဟု မမယ်ဇယ်က ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အကျယ်ကြီးပါပဲ၊ ရတနာပစ္စည်းတွေရရင် ဒီထက်ကြီးတဲ့ အိမ်ကြီးတစ်လုံး ဆောက်ရဦးမယ်" ဟု ကိုကြာပွတ်က ပြောလိုက်လေတော့၏။

ထို့နောက် ၎င်းတို့သည် ခရမိုးချိုးကာ ထမင်းဟင်းချက်ပြုတ်၍ စားသောက်ကြလေ၏။ ထမင်းစားရင်း မမယ်ဇယ်က . . .

"ရတနာတွေရှိတဲ့ကျွန်းကို ဘယ်တော့သွားမလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ ကိုကြာပွတ်က . . .

"ဒီလိုမမယ်ဇယ်ရဲ့ မင်းရဲ့အဖေ ဦးမြူရေးထားတဲ့ မှတ်တမ်းကြီးမှာ ရတနာရှိတဲ့ ကျွန်းကို သွားပုံသွားနည်းအသေးစိတ် ပါပါတယ်၊ ဒါပေမဲ့ ခက်နေတာက ကျွန်းကို ရောက်ရုံနဲ့ မပြီးသေးဘူး၊ ကျွန်းက အလျားသုံးမိုင် အနံနှစ်မိုင်ရှိတယ်လို့ ဆိုထားတယ်၊ စတုရန်းမိုင် ခြောက်မိုင်တောင်ရှိတာ ရတနာပစ္စည်းဟာ အဲဒီကျွန်းကြီးပေါ်မှာရှိတာလဲ သေချာပါတယ်၊ ဒါပေမဲ့ ကျွန်းရဲ့ဘယ်နေရာမှာရှိတယ်ဆိုတာက သိဖို့လိုသေးတယ် ကွယ့်" ဟု ပြောလိုက်လေ၏။

"အဲဒါ ဘယ်လိုလုပ်မလဲ" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"ဒီလိုကွယ့် မမယ်ဇယ်ရဲ့ ကျွန်းပေါ်မှာ ရတနာတွေ ဝှက်ထားတဲ့ နေရာကို သိတာက ဦးကုလားကွယ့်၊ အဲဒီဦးကုလားက ကျွန်းကိုမသိဘူး၊ ကျွန်းပေါ်မှာ မြှုပ်ထားတဲ့ နေရာကိုတော့ အတိအကျသိတယ်၊ အဲဒီမြေပုံက သူ့မှာရှိတာ၊ သူကလဲ အဲဒီမြေပုံကို လေးပိုင်းပိုင်းပြီး သူ့ရဲ့မယားလေးယောက်က မွေးတဲ့ သားလေးယောက်စီကိုခွဲပြီးပေးခဲ့ပုံ ရတယ်၊ အဲဒီလေးယောက်အနက် သုံးယောက်ဟာ မစန်းအေးနဲ့ညားဖူးတဲ့ မစန်းအေးရဲ့ ယောက်ျားတွေပဲ၊ နောက်ဆုံးလူဖြစ်တဲ့ သွားစိုက်ဆရာတစ်ယောက်ပဲ မစန်းအေးနဲ့ မညားလိုက်တာ၊ ကျုပ်တွေးမိတာက အဲဒီကျင်ဝမ်ဆိုတဲ့ကောင်ဆီမှာ မြေပုံလေးခုစလုံး ရှိနေပြီ။ ဒါပေမဲ့ သူက ဘာလိုနေသလဲဆိုတော့ ဘယ်ကျွန်းမှာရှိတယ်ဆိုတာ သူမသိဘူး ဘယ်ကျွန်းမှာရှိတယ်၊ အဲဒီကျွန်းကို ဘယ်လိုသွားရတယ်ဆိုတာ ကျုပ်တို့ဆီမှာရှိတာ၊ ဒီတော့ ကျင်ဝမ်ဟာ တစ်နည်းနည်းနဲ့ ကျုပ်တို့ဆီကို ရောက်လာနိုင်တယ်၊ အဲဒီအခါမှာ သူ့ဆီက မြေပုံရရင် ကိစ္စကပြီးပြီ၊ ဒီလိုမဟုတ်ဘဲ ကျုပ်တို့ဆီက မြေပုံ သူရသွားရင်လဲ သူ့အတွက် ကိစ္စက ပြီးပြီ၊ ဒီနေရာမှာ ဘယ်သူကရမယ်ဆိုတာတော့ စောင့်ကြည့်ရမှာပဲ" ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့လျှင် ကိုကြာပွတ်နှင့် မမယ်ဇယ်တို့သည် ရတနာ့ပစ္စည်းများအကြောင်းကို ပြောဆိုပြီးနောက် မမယ်ဇယ်က ထမင်းစားပွဲကိုသိမ်း၍ ပန်းကန်ခွက်ယောက်များကို ဆေးကြောလေ၏။ ထိုသို့ဆေးကြောရင်း . . .

"ကျွန်မက ဘယ်အခန်းမှာ အိပ်ရမှာလဲ" ဟု မမယ်ဇယ်က မေးလိုက်လေ၏။

"မမယ်ဇယ်က အထပ်ခိုးမှာအိပ်လေ၊ ကျုပ်က အောက်ထပ်မှာအိပ်မယ်" ဟု ကိုကြာပွတ်က ပြောလိုက်လေ၏။

ပန်းကန်ဆေးပြီးသောအခါ၌ မမယ်ဇယ်လည်း အထပ်ခိုးပေါ်သို့ တက်သွားလေ၏။ကိုကြာပွတ်သာလျှင် အောက်ထပ်၌ ကျန်ခဲ့လေတော့၏။ ညဉ့်အတော်နက်သည့်တိုင်အောင် ကိုကြာပွတ်သည် မအိပ်သေးဘဲ ရတနာကျွန်းသို့ မည်သို့မည်ပုံသွားရောက်ရမည်ကို စဉ်းစားနေလေ၏။

◈◈◈◈◈

ဤသို့လျှင် ကိုကြာပွတ်နှင့် မမယ်ဇယ်တို့သည် ကြို့ကုန်းအိမ်ကြီး၌ နေထိုင်ခဲ့ကြလေ၏။ ကိုကြာပွတ်သည် ပြန်လည်ရောက်ရှိကြောင်းသိလျှင် နွားနို့ကုလားသည် နွားနို့ပို့မြဲ ပြန်၍ပို့၍ သတင်းစာသမားမှာမူ ကိုကြာပွတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သတင်းစာကို ပုံးထဲတွင်လာ၍ ထည့်မြဲထည့်ထားလေ၏။

တစ်ညသ၌ မမယ်ဇယ်သည် အထပ်ခိုးပေါ်တွင်တက်၍ အိပ်စက်နေပြီဖြစ်၏။ ကိုကြာပွတ်သာလျှင် အောက်ထပ်၌ထိုင်၍ စက်လှေဝယ်ယူရန် ကုန်ကျမည့်စရိတ်ကိုလည်းကောင်း၊ သွားရမည့်ခရီးအကွာအဝေးကိုလည်းကောင်း စိတ်တွက်ဖြင့် တွက်၍နေလေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ၎င်းအနီးသို့ ရောက်ရှိလာပြီး . . .

"ငြိမ်ငြိမ်ကလေး နေနော်၊ ဒီဥစ္စာ သေနတ်လို့ ခေါ်တယ်၊ မှန်ရင် ပွဲချင်းပြီး သေတတ်တယ် ကြားလား" ဟု ပြောလိုက်လေ၏။

ကိုကြာပွတ်လည်း ထိုသူအား မော့၍ကြည့်လိုက်လေ၏။ ထိုသူသည် သစ်သားလက်ကိုင်တုတ်တစ်ချောင်းကို လက်တစ်ဖက်၌ ကိုင်၍ထား၏။ အခြားသော လက်တစ်ဖက်၌ သေနတ်ကို ကိုင်၍ ထားလေ၏။

"နေစမ်းပါဦး၊ ကျုပ်ကို ဒမြတိုက်မလို့လား" ဟု ကိုကြာပွတ်က ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ရိုးရိုး ဒမြတိုက်ရိုးလားဗျ၊ မြေပုံဒမြ . . . မြေပုံဒမြ၊ ကျုပ်စုံစမ်းနေတာ ကြာပါပြီ၊ ကျုပ်လိုချင်တဲ့ မြေပုံကလေး ခင်ဗျားဆီမှာရှိတယ်၊ ခင်ဗျားရထားတာလဲ မကြာသေးဘူး၊ ကျုပ်အကုန်သိပြီးပါပြီ၊ ဒါတွေသိအောင် လေ့လာလိုက်ရတာ ကျုပ်ဖြင့်မောနေတာပဲ၊ အကုန်လုံးလဲသိရော ခင်ဗျားကိုလဲ မိရော၊ ဟဲ . . . ဟဲ . . . ဟဲ ဟောဒီမှာတွေ့လား၊ ဓာတ်ပုံကလေး လေးပုံ၊ လူတစ်ယောက်တည်းရဲ့ ဆင်တူဓာတ်ပုံကလေးတွေ၊ ဒီလူကို ရောသိလား၊ သေသေချာချာကြည့်ပါဦး၊ ဘယ်လောက်ရှေးဆန်သလဲ" ဟု ပြောဆိုကာ သေနတ်သမားသည် ရင်း၏အိတ်အတွင်းမှ လူတစ်ဦး၏ ဓာတ်ပုံဆင်တူအား မော့၍ ကြည့်လိုက်လေ၏။ ထိုသူသည် ခြေထောက်တစ်ဖက် အနည်းငယ်နိမ့်၍ နေကြောင်း ကိုလည်း သတိပြုမိသည့်အပြင် ထိုသူမှာ တရုတ်ကပြားတစ်ဦး ဖြစ်ကြောင်းလည်း သိလေ၏။

"နေစမ်းပါဦး . . . သေနတ်နဲ့ လူရဲ့ ကိုယ့်လူနာမည်က ကျင်ဝမ်မဟုတ်လား၊ အလျှင်က သွားစိုက်ဆရာဝန်လေ" ဟု ကိုကြာပွတ်က ပြောလိုက်လေ၏။

ထိုသူက . . .

"ခင်ဗျားလဲ အတော့်ကိုစုံစမ်းထားပြီပဲ ဟုတ်ပါ့ဗျာ၊ သွားစိုက်ဆရာကျင်ဝမ်ပါပဲ" ဟု ဆိုကာ ထိုသူသည် ကုလားထိုင်၌ ဝင်၍ထိုင်ကာ သူ၏တုတ်ကို နံရံ၌လှမ်း၍ ထောင်ထား လိုက်လေ၏။ သေနတ်ပြောင်းကမူ ကိုကြာပွတ်အား ချိန်မြဲချိန်၍ ထားလေ၏။

ကိုကြာပွတ်သည် ဓာတ်ပုံများကို လှမ်းကြည့်လိုက်ပြန်၏။ ခေါင်းပေါင်း အပြောက်ကို အကျအနပေါင်းထားသည့် ရှေးလူကြီးတစ်ဦး၏ပုံဖြစ်ကြောင်း သိရလေ၏။ ထိုအခါ ကိုကြာပွတ်သည် ထိုဓာတ်ပုံများကိုဆွဲယူ၍ မှောက်ကြည့်လိုက်ရာ မတော်တဆ စွန်းထင်နေသော မင်စက်၊ မင်ပြောက်များ၊ ညစ်ပတ် ပေရေ၍ ဖြစ်ပေါ်နေသော အကွက်များကို တွေ့ရလေ၏။ ထိုအခါ ကိုကြာပွတ်က "မဟုတ်မှလွဲရော၊ ဦးကုလားရဲ့ ဓာတ်ပုံ ဖြစ်လိမ့်မယ်၊ ဦးကုလားဆိုတဲ့ လူဟာ အတော့်ကို ဉာဏ်ပြေးတာကိုး၊ ဟောဒီ မင်စွန်း၊ မင်ပြောက်တွေ ချေးကွက်တွေဟာ မတော်တဆဖြစ်ထားတာတွေ မဟုတ်ဘူး တမင်တကာ လုပ်ထားတာတွေ၊ ဒါတွေဟာ ရတနာ၅မြုပ်ထားတဲ့ မြေပုံပဲ၊ ဒီလို ပိပိရိရိ လုပ်ထားလို့လဲ မစန်းအေးယောက်ျား ကိုပီတာရော၊ တဲဝိုင်းကြီးဘူတာရုံက ရုံစိုးကြီး ရော၊ ရှုတိုင်းယဉ် ဓာတ်ပုံတိုက်က ဓာတ်ပုံဆရာရောဟာ မြေပုံရဲ့လေးပုံတစ်ပုံကို ရနေ ပါလျက် မြေပုံမှန်း မသိရှာကြဘူးကိုး . . .၊ ဒါပေမဲ့ ကံအားလျော်စွာ ဒီဓာတ်ပုံတွေကို

www.burmeseclassic.com


ဖျောက်ဖျက်မပစ်ဘဲ တစ်ယောက်ကို တစ်ယောက်သတ်ပြီး ယူလာလိုက်ကြတာ၊ နောက်ဆုံးမှာ ခင်ဗျားဆီကို ခါတ်ပုံ ၃ ပုံ စုပြီးလာပေးသလိုဖြစ်နေပြီ၊ ခင်ဗျားမှာရှိတဲ့ ပုံတစ်ပုံနဲ့လဲပေါင်းရော ပြည့်စုံတဲ့ မြေပုံတစ်ချက် ဖြစ်သွားတာပေါ့၊ ခင်ဗျားကတော့ သူတို့အထဲမှာ အကင်းအပါးဆုံးပဲ၊ အခု ခင်ဗျားဆီမှာ ရတနာမြှုပ်ထားတဲ့ မြေပုံတော့ ပြည့်စုံသွားပြီ၊ ဒါပေမဲ့ အဲဒီကျွန်းကိုသွားဖို့ ရေကြောင်းခရီးမြေပုံက လိုနေသေးတာကိုး၊ အဲဒီရေကြောင်းခရီးမြေပုံက ကျုပ်ဆီမှာရှိတယ်" ဟု ကိုကြာပွတ်က ပြောလိုက်ရာ သေနတ်သမားက "တယ်သိပါလား ဒီလိုနားလည်တဲ့လူနဲ့ အလုပ်လုပ်ရတာ ကောင်းပါတယ်၊ ဟုတ်ပါတယ်၊ ကျုပ်အဖေ ဦးကုလားရဲ့ ပုံတွေပါပဲ၊ ဒီပုံလေးပုံက တစ်နေရာစီ တစ်ယောက်စီမှာ၊ ဒါတွေပြန်ပြီးစုရတာ မလွယ်လှဘူး . . . ကိုယ့်လူရဲ့ ကျုပ်ကတော့ ကံကောင်းသူပေါ့ဗျာ" ဟု ပြောလိုက်လေ၏။

"ခင်ဗျားကတော့ ရှုတိုင်းယဉ်ဓါတ်ပုံဆရာဆီက သတ်ပြီးယူလိုက်တာ မဟုတ်လား" ဟု ကိုကြာပွတ်က ပြောလိုက်ရာ သေနတ်သမားက . . .

"ဟုတ်ပါ့ ကိုယ့်လူရယ်၊ အဲဒီတော့ ကျုပ်လိုချင်တာက ခင်ဗျားဆီကပစ္စည်းပဲ၊ ခင်ဗျားလဲ မစန်းအေးတို့ကို သတ်ပြီး ယူခဲ့ပြီမဟုတ်လား" ဟု မေးလိုက်လေ၏။

ထိုအခါ ကိုကြာပွတ်က မတ်တတ်ရပ်လိုက်လေ၏။ ထို့နောက် ကိုကြာပွတ်၏ ရင်ဝတည့်တည့်သို့ သေနတ်ပြောင်းချိန်ကာ နေရာရွှေ့လိုက်လေ၏။

"အကြောင်းကြောင်းလုပ်လို့မရဘူး၊ ထုတ်ပေးရင် ခင်ဗျားအသက်ကို စဉ်းစား မယ်၊ နို့မို့ ခင်ဗျားကိုသတ်ရမယ်၊ ဒီအိမ်ထဲမှာ ခင်ဗျားဝှက်ထားတဲ့ မြေပုံကို ရှာရမယ်၊ ဒါ့ပြင် ဒီအိမ်ကြီးကိုမီးရှို့ပစ်ရမယ်၊ အလုပ်တွေသိပ်ပြီးများတယ်၊ အိမ်နီးနားချင်းတွေလဲ အနှောင့်အယှက်ဖြစ်တယ်ဗျ၊ ကဲပါ ဘယ်မှာလဲ တစ် နှစ်" ဟု အမှတ်စဉ်မှတ်လိုက် လေ၏။

ထိုအခါ ကိုကြာပွတ်က . . .

"ကိုယ့်လူ လိုချင်တာကိုပေးရင် ကျုပ်အသက်ကို မသတ်ဘူးလား" ဟု မေးလိုက် လေ၏။

"မသတ်ဘူး" ဟု သေနတ်သမားက ပြောလိုက်လေ၏။

ထိုအခါ ကိုကြာပွတ်က . . .

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်မယုံဘူး" ဟု ပြောဆိုကာ နေရာရွှေ့လေ၏။ သေနတ်သမားလဲ ကိုကြာပွတ်နှင့် မျက်နှာချင်းဆိုင်မိစေရန်အတွက် လိုက်၍နေရာရွှေ့လေ၏။ ထို့နောက်-

အူကြောင်ကြောင်မလုပ်နဲ့၊ ဟေ့ . . . ကြာပွတ် သေပေတော့" ဟု ဆိုကာ မောင်းဖြုတ်မည်အလုပ်တွင် သေနတ်သမား၏ ဦးခေါင်းပေါ်တည့်တည့်မှ 'ဒုန်း' ဟု အသံတစ်ချက် ကြားလိုက်ရပြီးနောက် သေနတ်သမားသည် အော်မျှမအော်နိုင်တော့ဘဲ လဲကျသွားကာ မချိမဆံ့ဝေဒနာကို စက္ကန့်အနည်းငယ်ခံစားပြီးနောက် အကြောများ ဆွဲကာ အသက်ထွက်၍ သွားလေတော့၏။

မမယ်ဇယ်သည် အထပ်ခိုးမှ ပြေး၍ဆင်းလာပြီးလျှင် . . . အလောင်းကြီးကို တစ်လှည့် ကိုကြာပွတ်ကို တစ်လှည့်ကြည့်ကာ . . .

"ကိုကြာပွတ်လိုချင်နေတဲ့မြေပုံကလေး လာပြီးပို့တာပါ၊ သူ့နာမည် ကျင်ဝမ်တဲ့၊ သွားစိုက်ဆရာဝန်တစ်ယောက်ပါ" ဟု ကိုကြာပွတ်က ပြောဆိုကာ ကျင်ဝမ်၏အလောင်းမှ ဓာတ်ပုံလေးပုံကို နှိုက်ယူ၍ နောက်ကျောကိုကြည့်လိုက်ရာ ဆံပင်ချည်ထွေးကဲ့သို့ ရှုပ်လှသော မြေပုံလေးချပ်ကို တွေ့ရလေ၏။ ထိုအခါ ကိုကြာပွတ်သည် ဓာတ်ပုံလေးပုံကို ဆက်စပ်လိုက်ပြီးနောက် . . .

"ဟောဒါ မြေပုံအပြည့်အစုံပဲ မမယ်ဇယ်၊ ခရီးထွက်ဖို့ပြင်ပေတော့" ဟု ပြောလိုက်ရာ မမယ်ဇယ်လဲ မကြာသေးမီကမှဝယ်ယူထားသော ၎င်း၏အဝတ်အစား အချို့ ထည့်ထားသည့် သားရေသေတ္တာကလေးတစ်လုံးကို အထပ်ခိုးပေါ်မှ ယူချခဲ့လေ ၏။ ကိုကြာပွတ်ကြီးလဲ ၎င်း၏သေတ္တာတစ်လုံးကိုယူခဲ့ပြီးနောက် ထို "သန်းခေါင်ကြယ်" အိမ်ကြီးမှ အပြီးအပိုင် ထွက်သွားကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ဆားပုလင်းနှင်းမောင်ကို ပြန်ခေါ်ရပြီ

"မိုးပေါ်မှာကြယ်တလုံး" ဟု ကျွန်ုပ်အမည်ပေးထားသော လွန်စွာရှုပ်ထွေးသည့် အမှုကြီးကို ကျွန်ုပ်မိတ်ဆွေ စုံထောက်ကြီး ဆားပုလင်းနှင်းမောင်က အောင်မြင်စွာ ဖော်ထုတ်၍ တရားခံများကိုလည်း ဖမ်းဆီးပေးခဲ့ပြီဖြစ်၏။

တရားခံများ၏ စစ်ချက်များကိုလည်း ရေးသားမှတ်တမ်းတင်ပြီး ဖြစ်၏။ ထိုအဖြစ်အပျက်ကြီးဖြစ်ပွားပြီး ရက်အနည်းငယ်အတွင်း၌ ဦးကိုကိုကြီး၊ ဆားပုလင်း နှင်းမောင်နှင့် ကျွန်ုပ်တို့သုံးဦးသည် အင်းစိန် စီအိုင်ဒီရုံးသို့ အတူတကွလာခဲ့ကြလေ၏။ လမ်းတွင် ဦးကိုကိုကြီးက ဆားပုလင်း နှင်းမောင်အား . . .

BURMESE CLASSIC

"အိုင်ဆေး၊ ကိုကြာပွတ်နဲ့ မမယ်ဇယ် တည်းကုန်းဘက်ကို ပြေးမယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ" ဟု မေးလိုက်လေ၏။

"ဒီလိုလေဗျာ၊ ကြို့ကုန်းအိမ်ကြီးမှာ ဖြစ်ပွားတဲ့ လူသတ်မှုကို သွားကြည့်ပြီး ကတည်းကိုက တရားခံဟာ ကျွန်းတစ်ကျွန်းနဲ့ ပတ်သက်နေတယ်ဆိုတာ ကျုပ်အာ့နေနဲ့ တွေ့ပြီးသားပဲ၊ အဲဒီတော့ပြေးမယ်ဆိုရင် ကျွန်းကိုပဲပြေးလိမ့်မယ်လို့ ကျုပ်က တွက်ထားမိတယ်၊ ဒါကြောင့် ပင်လယ်ပြင်ကိုသွားနိုင်တဲ့ ပင်လယ်ဆိပ်ကမ်းမြို့တွေက ကျုပ်ရဲ့ လူတွေဆီကို သံကြိုးရိုက်ပြီး အကြောင်းကြားထားပြီးပြီဗျ၊ ပြီးတော့ပင်လယ်ဆိပ်ကမ်းမြို့ မဟုတ်ပေမယ့် ပင်လယ်ပြင်ကို ထွက်လို့ရတဲ့ ရွာကြီးတွေဘက်မှာရှိတဲ့ ကျုပ်လူတွေ ဆီကိုလဲ အကြောင်းကြားထားပြီးပြီ၊ မြို့ကြီးတွေဆီမှာ ရှိတဲ့ ကျုပ်လူတွေဆီက

www.burmeseclassic.com

www.burmeseclassic.com

ဘာမှအကြောင်းပြန်ကြားချက် မရခဲ့သေးဘူး၊ အဲဒီတော့ တရားခံဟာ မြို့ဘက်ကို မသွားဘဲ မထင်ရှားတဲ့ရွာတွေဘက်က ထွက်လိမ့်မယ်လို့ဆိုတာ ကျုပ်သဘောပေါက်ပြီးသားပါ၊ နောက်ဆုံးမှာ တညင်းကုန်းက ကိုစံဖေ ရောက်လာတော့ ပိုပြီးထင်ရှားသွားတာပေါ့" ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားသာ ကျုပ်တို့ဆီမှာမရှိရင် ဒီအမှုဟာ လုံးဝ မပေါ်နိုင်ဘူး ကိုနှင်းမောင်" ဟု ချီးကျူးလိုက်လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သုံးဦးသည် စကားတပြောပြောနှင့်လာခဲ့ကြရာ စီအိုင်ဒီသို့ ရောက်ရှိခဲ့ကြလေတော့၏။ စီအိုင်ဒီသို့ရောက်လျှင် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က ကျွန်ုပ်တို့အား တွေ့လိုသည်ဆိုသဖြင့် ကျွန်ုပ်တို့လည်း ၎င်း၏ရုံးခန်းဆီသို့ သွားကြလေသည်။

မစ္စတာကရစ်ပင်သည် ဆားပုလင်း နှင်းမောင်ကိုမြင်လျှင် . . .

"ဂွတ်ဒ်မောနင်း ဆားပုလင်းနှင်းမောင်၊ မုံရွာကပြောင်းဖို့ အမိန့်စာ ထပ်ပြီးရောက်လာပြီ၊ ကျွန်ုပ်ကိုတောင် ဘာဖြစ်လို့ ပြောင်းမပစ်သေးသလဲလို့ ထုဓ်ချလွှာတောင်းနေပြီ" ဟု မစ္စတာကရစ်ပင်က ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်က . . .

"ကောင်းပါပြီ မစ္စတာကရစ်ပင်၊ အခုမနက် ရထားနဲ့ပဲ ကျုပ်မုံရွာကို သွားပါတော့မယ်" ဟု နှုတ်ဆက်ကာ . . . စုံထောက်မင်းကြီး၏ရုံးခန်းမှ ထွက်လာပြီးလျှင် ကွမ်းခြံဘူတာသို့ လိုက်၍ပို့ကြလေ၏။ ဘူတာရုံသို့ရောက်လျှင် ကိုနှင်းမောင်သည် ရထားလက်မှတ်ဝယ်၍ ရထားထွက်မည့်အချိန်ကို စောင့်ရင်း ကျွန်ုပ်တို့နှင့်အတူ စကားပြောနေလေ၏။

ထိုအချိန်၌မှာပင် ရထားသည် ထွက်ရန် ဥသြဆွဲလေ၏။

ထိုအခါကို နှင်းမောင်က . . .

"ကဲ သွားမယ်ဗျို့" ဟု ကျွန်ုပ်တို့အားနှုတ်ဆက်၍ တစ်ဖက်သို့လှည့်လိုက်ရာ မည်သည့်အချိန်က ရောက်ရှိလာမှန်းမသိသော ပြာတာကလေး မောင်ညိုသည် ကိုနှင်းမောင်လက်ကို ဖမ်းဆွဲလိုက်ပြီးလျှင် . . .

"ဘယ်သွားမလို့လဲ ဆရာ ကိုနှင်းမောင်ရဲ့၊ ယောဒီမှာ မင်းကြီးက စာပေးလိုက်တယ်၊ စာရရချင်း စီအိုင်ဒီရုံးကို ပြန်လာပါတဲ့" ဟု ဆိုကာ စာတစ်စောင်ထို

www.burmeseclassic.com

www.burmeseclassic.com


ပေးသဖြင့် ဆားပုလင်း နှင်းမောင်လည်း ထိုစာကိုဖတ်ပြီးနောက် ကျွန်ုပ်၏လက်သို့ ပေးလိုက်လေ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ခေါင်းချင်းဆိုင်၍ ထိုစာကို ဖတ်ကြလေ၏။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စုံထောက်မင်းကြီး ကရစ်ပင်၏ စာမှာ အောက်ပါအတိုင်း အဓိပ္ပာယ်ရလေ၏။

BURMESE CLASSIC

ဆားပုလင်းနှင်းမောင်

ကျုပ်ဆီကို အခုပဲ စာတစ်စောင်ရောက်တယ်၊ အဲဒီစာက လူဆိုးတွေဆီက ရေးလိုက်တဲ့စာပဲ၊ ဒီလူဆိုးတွေဆိုတာက ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား ဆိုတာရယ် . . .၊ မြကျွန်းသာပေါ်မှာ နေတဲ့ မျောက်သုံးကောင်ဆိုတာရယ်ဖြစ်တယ်၊ သူတို့တစ်တွေဟာ မကြာခင်မှာ အမှုတွေ ကျူးလွန်ပါတော့မယ်တဲ့၊ စုံထောက်အဖွဲ့ မျက်စိများကို ဒေါက်ထောက်ပြီး ကြည့်နေဖို့ အကြောင်းကြားပါတယ်တဲ့၊ ဒါကြောင့် ဆားပုလင်းနှင်းမောင်ပြန်လာဖို့ ကျွန်ုပ်အနေနဲ့ အနူးအညွတ်တောင်းပန်ပါတယ်။

မစ္စတာကရစ်ပင်
စုံထောက်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

ထိုစာကို ဖတ်ပြီးနောက် ကျွန်ုပ်က . . .

"ဘယ်လိုလဲအိုင်ဆေး" ဟု ဆားပုလင်းနှင်းမောင်အားမေးလိုက်ရာ ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်စီးဗာရက်ကိုထုတ်၍ မီးညှိရှိုက်ဖွာရင်း . . .

"ကျုပ်နဲ့ ဉာဏ်ကစားဘက်တွေ ရောက်လာကြပြီကိုး" ဟု ပြောဆိုကာ အင်းစိန်စီအိုင်ဒီဘက်သို့ မခိုးမခန့်ပြုံးသော မျက်နှာထားဖြင့် ခြေဦး လှည့်လိုက်လေတော့သတည်း။

မင်းသိခ

www.burmeseclassic.com